www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်
နက္ခတ္တရောင်ခြည်













လောကီပညာရသစုံမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



# နက္ခတ္တရောင်ခြည်

## လောကီပညာရေးသစ်မဂ္ဂဇင်း


နာယကကြီး

ဒေါက်တာ အောင်နိုင်
M.B.B.S (Ygn)
ဒ-ဘ-စ(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A, A.T.C.M
(Wuhan), D.M.A
Senior Fellowship of Aryuvedic
Medicine(India)

သာသနာ့အကျိုးဆောင်
ဇောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
ဒေါ်ဝတ်ရည်ဆွေ
B.Sc(Bot),Dip.T.Med
ဦးဝင်းထိန်ကျော်
B.A(Philos),Dip.T.Med.,
T.L.R.M (INDIA)

အနောက်တိုင်း ဆေးကဏ္ဍ
အယ်ဒီတာ
ကိုကိုမောင်

စာတည်းချုပ်
ဦးကျော်မိုးသိန်း၊
တာဝန်ခံစာတည်း
ဓမ္မဒေဝ
နယ်လှည့်အယ်ဒီတာ
အောင်ဇ(LL.B)၊ ကိုစိုးဆန်း၊
သန်းထွန်း(ဘားအံ)
ပါဠိ အယ်ဒီတာ
✻ ဦးစံတင့်
(စတုနိကာယကောဝိဒ၊ ဝိနယဓရ၊ ဓမ္မာစရိယ)
✻ ဦးသန်းအောင်ဆွေ
[ဓမ္မာစရိယ (မဟာဝဏ္ဏိဒ် မြန်မာဂုဏ်ထူး)
ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ
(နိကာယဝိပုလ)]
ဥပဒေအကြံပေး
ဦးထွန်းစိန်
B.A(Myanmar), H.G.P, R.L(Advocate)
ပန်းချီဒီဇိုင်းပညာရှင်
ကိုတင်ဦး၊
တင်တင်နွယ်
မျက်နှာဖုံးပန်းချီ
မြတ်မင်းဟန်
ဖြန့်ချိရေးမှူး
ယဉ်ကျေးဝေ
ကွန်ပျူတာစာစီ
ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း



ရွှေတောင်ကုန်းစေတီအနီးမှ
ထူးခြားညောင်ပင်ကြီး၏
ညောင်ပင်သာ သစ်တံခါးကြီးမှာ…
☛ ၈၁-၉၂



ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(ခ)ဦးကျော်မိုးသိန်း(၀၀၇၃၉)
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊
၂၀၉၊ ၂၉ လမ်း ရန်ကုန်မြို့၊
အတွင်းနှင့် မျက်နှာဖုံးရိုက်
ဦးကျော်မင်းစိုး(၀၇၃၅၆)၊ စိုးမဏ္ဍာပုံနှိပ်တိုက်၊
အမှတ် ၁၇/က၊ ၅၆-လမ်း၊ ၂-ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊
မန္တလေးဖြန့်ချိရေး
နဂါးစာပေ
ရှမ်းတောင်တန်းဖြန့်ချိရေး
မိလ္လနာစာပေ (တောင်ကြီး)
ဝင်္ဂနီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
ကျော်ကျော်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ၊ ၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊
☎- ၀၁ ၂၄၂၂၈၄

ကြော်ငြာဌာနမှူး - ကိုတင်မောင်ဆွေး
မင်္ဂလာ ခရီးသွားရေးကြော်ငြာလုပ်ငန်း

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ
အမှတ် ၃၅၀
တန်ဖိုး - ၂၁၀၀ ကျပ် (ဖြန့်ချိဈေး)
အုပ်ရေ
၁၀၀၀
☎-၀၁ ၂၄၂၂၈၄




F.1B. September, 2015.

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဤနိဗ္ဗိတဗုဒ္ဓရုပ်ပွားတော်၏ ဦးခေါင်းတော်မှ
ကိုယ်တော်အနှံ့ ရုပ်ပွားတော်ပေါင်း
(၉၉၉) ဆူဖြင့် တန်ဆာဆင်ပြီး...

တ-၉

ထူးခြားသည့် ဤကျောက်ချက်တုံးအား
ရှိသည့်နေရာက
လုံးဝရွှေ့ပြောင်းမခံဟု ဆိုသည်...

တ-၃၈



## ဗေဒနှံ့ခြင်းရောင်ခြည်


အကြောအမျှကု မြန်မာတိုင်းရင်းသမားတော်ကြီး
ဦးမင်းအောင်နှင့် တွေ့ဆုံခြင်း [ကသာသင်းမွှေး] ၂၀၁

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊
သုဝဏ္ဏမြို့ သရဖူတိုင်းရင်းဆေးကုခန်း
ဆရာမဒေါ်အေးမူ (တဆ-၀၃၃၄၅)၏ အဆုတ်ရောဂါ
ကာကွယ် စောင့်ရှောက်နည်းများ
[မြောင်းမြ မောင်ယဉ်တင့်] ၂၀၉


## ပညာပေးရောင်ခြည်


နဝလောကုတ္တရာ ဂိုဏ်းတော်ကြီး၏ မြေမှော်ပညာနှင့်
အဆိပ်ကုထုံးကျမ်း(၂)
[ရဲရဲထွန်း-ဟသာတ] ၂၁၂

မိတ်ဆွေဖြစ်သွားမည့် ဖဲချပ်များ(၅) [ဟန်ဝင်းနိုင်] ၂၁၄


## လက္ခဏာရောင်ခြည်


သူ ဘယ်လိုလူစားလဲ [သန်းပညာ] ၁၅

လက်ဖဝါးပြင်ပေါ်ကမှဲ့များ
[ဦးကိုကိုအေး-ကြို့ပင်ကောက်] ၁၈၁

ပြည်ပနိုင်ငံခြားမှာ နေထိုင်လုပ်ကိုင် အကျိုးပေး
နိုင်သော သင်္ကေတ
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၈၉

လက္ခဏာပဟေဠိ အဖြေညီကြစို့ ၁၉၃

ချစ်မှုရေးရာ လက္ခဏာ [ဦးသော်ခင်-ဟသာတ] ၁၉၉


## လမ်းညွှန်ရောင်ခြည်


မြို့ဟောင်းအတွင်းမှ မြစိမ်းတောင်သာသနာ့နယ်မြေ
[အရပ်ဆရာသိန်း-လှပွတ္တာ] ၃၃

မြို့နတ်မောက်မှ ဖူးမဝနိုင်သည့် ရွှေနတ်ကယ်(၀)
[သန်းသန်းဆင့်-ပျဉ်းမနား] ၁၁၃

ထိုင်းနိုင်ငံရှိ နာမည်ကြီးမြန်မာဘုန်းတော်ကြီးကျောင်း
[ကောင်းမြင့်မြတ်စိန်] ၁၂၁

သံပုရာခုံကျေးရွာမှာ မြေမှော်ပညာသင်လို့လျှင်
[စိုးလင်းအောင်-မြန်အောင်] ၁၄၀

သတင်းပေးလိုက်မည် ညာတင်ကုတ်ဓာတ်စစ်
တစ်ဆူရှိသည် [ခင်ခင်ဝင်း-မော်ရဝတီ] ၁၆၆




www.burmeseclassic.com

www.burmeseclassic.com


○ အထူးဆောင်းပါးရောင်ခြည် ○

ဆရာတော် ဦးကောသလ္လနှင့် ဝင်းစိန်တောရ
သာသနာ့မြေ(၁) [နယ်လှည့်စာသမားတစ်ဦး] ၂၅
ကျောက်ဆည်နယ် အရှေ့ခြမ်းမှ ခါတ်တော်တောင်
လိုဏ်ဂူနန်းသို့ (၂) [ထက်မင်းကျော်စွာ] ၄၁
ကျိုက်သန်လန်စေတီ တောင်ဘက်စောင်းမှ
ထူးခြားသော ရတနာ့ဘုံမြင့်ကျောင်းတော်(၂)
[စံထွန်းသာ] ၅၇
ကျောက်ဖြူမြို့ ကျက်သရေဆောင်
ကျောက်တစ်လုံးဘုရား(၂) [ခရီးသည် သုတေသီ] ၆၅
ကောလင်းမြို့ အနောက်တောင်ချင်မှ
နတ်ချွင်တောင် သာသနာ့စခန်းသို့(၅) [စံထွန်းသာ] ၇၃
မော်လမြိုင်နယ်မှ ကွမ်းယင်းအရှင်နှင့်
တောင်ပင်ယယ် ဘုရားဖူးခရီးစဉ်(၃) [ဟူကျင်းဖီ] ၁၁၃
ရွှေဒါးမဟာဇောဓိစေတီနှင့် ဆရာတော်
အရှင်သုန္ဒရအား ကြည်ညိုဖွယ် ပူဇော်မှုမရှိ(၂)
[ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၁၂၉

✌ ကိုယ်တွေ့ရောင်ခြည် ✌

ထူးတာတွေ့တော့ ပြောပြချင် [ရဟန္တာနှင့် တွေ့သော်
လည်း ရဟန္တာမှန်းမသိ] [မောင်ကံ-တံတားရွာ] ၃၀
ကျွန်တော် တွေ့ဆုံခဲ့ဖူးသော အင်းပိဋ္ဋကဆရာကြီး
[ဦးစိန်-သေတ္တာ မြို့တံ] ၂၃၃
ကျန်းမာရေးဝန်ထမ်းဘဝ အတွေ့အကြုံများ
[ကံကြမ္မာဆိုးနှင့် ကြုံခဲ့ရသော အမျိုးသမီးတစ်ဦး၏
ထူးခြားဆန်းကြယ်သော ဆုတောင်း] [နေဇော်-နဂ္ဂဟာ] ၂၄၆
တေးဆို၍မအိပ် ပရိတ်ပဋ္ဌာန်းရွတ်ဖတ်မှ အိပ်ပျော်
သည့် ကလေးတစ်ဦး [သံသရာခရီးသည်တစ်ဦး] ၂၆၂
တစ်ခါက [သီလ-ရေတံခွန်တောင်] ၂၉၄

✳ ကျင့်စဉ်ရောင်ခြည် ✳

အောင်အိုးကို တည်လေ အောင်နိမိတ်ကိုထွန်းစေ
[အောင်လှသန်း-မင်းဘူး] ၂၂
လာဘ်လာဘရွှင်လန်းစေဖို့ရာ
[အောင်နန္ဒစံ-ကျိုက်လတ်] ၁၇၇





တက်တော်တောင် လိုဏ်ဂူထဲရှိ
ကျောက်စရွှတ်နှင့် စေတီငယ်တို့ ဂုဏ်သို့ သဘာဝအရ
ဆန်းကြယ်စွာ တွေ့ရသည် ... စာ-၄၅



နတ်ချွင်တောင် သာသနာ့စခန်း
လိုဏ်ဂူအတွင်းရှိ
ကျောက်သလွန်ကို ထူးခြားစွာ တွေ့ရသည် စာ-၇၃






www.burmeseclassic.com

www.burmeseclassic.com




အကြောင်းရှိလို့ ဖြစ်ရတဲ့ သင်္ခါရမှန် သမျှ
ပျက်ခြင်းသဘောရှိတယ်
အားလုံးကို ကယ်ရို ရတာမဟုတ်ဘူး ☛ စာ-၂၅

ဇောင်တော် သော့တွင်းဟုခေါ်သည်
လောကဓံအဆိုးတရားများ ကြုံတွေ့၍
သမ်းဝမျောက်နေပါက ဤသော့တွင်းတွင် တိုင်တည်၍...
☛ စာ-၇၆



## ● အစီအရင်ရောင်ခြည် ●

ကျိုက္ကမီရေလယ်ဘုရားမှ ဆေးဖက်ဝင် ပုံသကူရေ
[စံထွန်းသာ] ၁၇
သွားရည်ကျနေသော ကလေးများအတွက်
စတီနည်းတစ်နည်း [ချစ်ဆိုင်] ၂၁
မဟာဘုတ်ချိန့်ခွင်နှင့် လက်ဆောင်ယတြာ(၅) [သန်းပညာ] ၇၁
အတွက်တိုးဖို့ စပါးပင် လင်ပေးစားကြစို့နှင့်
စိုက်ခင်းလုံခြုံဖို့ စပါးလင်နှင့် စီရင်ကြစို့
[ဦးစိန်-တိုးချောင်ကြီး] ၉၅
ရှားစောင်းနှစ်အစီအရင် [စံထွန်းသာ] ၁၂၅
အနိဋ္ဌနှင့်ဣဋ္ဌတို့၏သဘော ကိုယ်တွေ့နှင့်ပြောပါရစေ
[ညွန့်ဝင်း-နတ်တလင်း] ၁၆၅

## ❒ အဂ္ဂိရုပ်ရောင်ခြည် ❒

မင်းလေးပါးကျွေးနည်း [တင်လှ-ဆမ(ငြိမ်း)၊ ပုသိမ်မြို့] ၁၂၄
အာဟာရနတ်သုဓ္ဓါ(သို့မဟုတ်)
ဆားဓာတ်တန်ခိုးအမျိုးမျိုး [သမ္ဗုဂ္ဂ] ၁၈၃
ပိဋကရှင်ပြောသည့် တစ်ပင်လုံးပြဒါး [ရဲမျိုးသူ-ဗောဓိမြိုင်] ၁၈၆
ပြဒါးဓာတ်ကို ချုပ်သတ်နိုင်သည့်
နဝင်းဆေးကြီး ကောက်ယူပုံနှင့် ဖော်စပ်ပုံ
[အောင်သန့်-ပုသိမ်ကြီး] ၁၉၄

## ✱ ဂါထာမန္တန်ရောင်ခြည် ✱

စကျွပါလအဘသုံး၏မန္တန်တော် [လှယ်ကောင်းအောင်] ၅၅
ဆေးစွမ်းပိုထက်မြက်စေသည့် ဆေးကြူးဂါထာတော်ကြီး
[ငြိမ်းသော်တာ] ၁၆၆
ကကြီး-ခခွေး ခေါ် ဗျည်း(၃၃)လုံး ဘုရားရှိခိုး
[ရွှေဘုန်း-မုန့်လုံး] ၂၀၇

## ✱ ဆေးနည်းကိုရောင်ခြည် ✱

ကွမ်းရွက်ရဲ့ ဆေးစွမ်း [မနှင်းဆီ-နေပြည်တော်] ၈၆
မှိုအဆိပ်တောက်သော် [နတ်မောက် ကောင်းမွန်မြင့်] ၁၈၂
ဆီးကျောက်တည်ရောဂါအတွက် တခေါ်ရည်
[တင်အောင်မိုး-ကသ-၄၄၊ သစ်တောကျောင်း] ၁၇၆
သွေးတိုးအတွက် သပြေရွက်
[တင်အောင်မိုး-ကသ-၄၄၊ သစ်တောကျောင်း] ၁၉၈

## ◆ ဆေးဗေဒရောင်ခြည် ◆

မျက်စိဒဏ်ရာထိခိုက်မိလျှင် [သန်းဆွေ-ရွှေဘို] ၂၃
အကျိတ်အဖုများအတွက် ဆေးတစ်လက် [မြင့်မိုရ်မင်း] ၁၆၈
ရာသီပေါ်သီးနှံ ပီလောပီနံနှင့် အဆိပ်သင့်မှု
အန္တရာယ်နှင့် စားသုံးနည်း [ဦးမင်းဖေ-ရွှေနဝင်း] ၁၇၂
ဆေးနာနတ်သီး ဖော်စပ်စားသုံးနည်း [ခွန်စိုင်းဝမ်း] ၂၂၂



www.burmeseclassic.com

www.burmeseclassic.com


**✻ ဝတ္ထုရတနာရောင်ခြည် ✻**

ထူးဆန်းသော ဘယက်တွင်း [မင်းနန္ဒရှိန်] ၂၂၈
အိပ်မက်ဆန်းနှင့် ကလဲ့စား(၂) [ဝသုန် သက်လွင်] ၂၄၉
ထူးထွေဆန်းပြားသော ပင်လယ်သမုဒ္ဒရာထဲမှ ကျွန်းနံ့သာ [မောင်လင်းနိုင်] ၂၈၉

**★ စိတ်ရွှင်အင်းရောင်ခြည် ★**

သူရိယနေမင်းနှင့် စိတ်မှ ဖြစ်သော စိတ်စက်ကွင်း [ရဲမျိုးသူ–ဗောဓိမြိုင်] ၄၆

**✝ ထူးခြားသတင်းရောင်ခြည် ✝**

ဂမုန်းနိမိတ် ကောင်းကျိုးဟိတ် [နတ်မောက် လှမြင့်သစ်] ၁၆၄

**✂ ဗဟုသုတရောင်ခြည် ✂**

သရက်သီးနှင့် ဖူးရင်းသီး မှည့်မှည့်စားရအောင် [ခင်ထွန်း] ၂၅၆

**✝ ထူးခြားပစ္စည်းရောင်ခြည် ✝**

ထူးခြားသည့် ကျောက်ဆူးကျောက်မောင်းခွက်တုံး [ကိုသက်ရှည်] ၃၈
ထူးဆန်းသည့် ကျောက်ဖြစ်ရုပ်ကြွင်းကလီစာ [သာထက်ဇော်–မကွေး] ၁၃၇
ဂမ္ဘီရကျောက်ကဏန်း [မျိုးမျိုး–မွန်] ၃၀၁

**✻ ကုထုံးရောင်ခြည် ✻**

လေဖြတ်ခံထားရသူများအတွက် လက်နှင့်ခြေ လေ့ကျင့်ခန်းများ(၂) [တင်ထွန်းအောင်–ရေနံချောင်း] ၇၈

**✻ အမျိုးသမီးအလှရောင်ခြည် ✻**


ဗန်းမော်ငါးချဉ် ပြုလုပ်နည်း [အောင်ဆန်းလင်း–ဘီအေ] ၁၇၀
သင်္ဘောဖိုပွင့် မခါးအောင်ပြုတ်နည်း [ခင်းကျိုက်တောင်တန်း–မောင်လွမ်းဝေ] ၂၄၀

**○ သုတေသနရောင်ခြည် ○**

အုန်းပင်အောက်မှာ ပိန်းပန်းပင်ရှိနေရင် [မောင်ရင်ထွေး–မအူပင်] ၆၉
အိပ်နေရင်း လမ်းထလျှောက်သူနှင့် သူ့ပယောဂ အဖြေညှိပေးကြပါရန် [ထီလာကျော်] ၁၆၉
မိသားစုထဲမှာ ဩဇာအရှိဆုံးဟူသော အယူအဆ [မောင်ဗဟိန်း–အင်းတော်] ၁၇၄

**○ မြစ်ချောင်းမြို့ဒေသ ပင်ဒေသဖြစ်ရောင်ခြည် ○**

ပြည်မြို့မှာချောက်များ ပုတ္တာဒိုဒေသမှ မရှောခေါ် အဆိပ်ဖြေဆေးနှင့် သူ့အစ်အရင် [မောင်နွယ်သန်း] ၁၄၅
တောင်ငံတက်တဲ့ တပင်ရွှေထီး [ဘိုဘိုအောင်–သိမ်ဖရပ်] ၁၇၉
ချင်းစိမ်းနှင့် မိသလင် ဆေးဖက်ကာယ်ဝင် [ဦးမင်းဇင်–ရွှေနဝင်း] ၁၉၆

စွန်းလွန်းဆရာတော်ကြီး ဦးကာဝိ
တရားကမ္မဋ္ဌာန်း ကျင့်ကြံအားထုတ်ရာ
မြေလိုဏ်ဂူကို...
စာ–၅၁


ဆရာတော်အား ဖူးတွေ့ရစဉ်က
ဘယ်နည်းနဲ့ အားထုတ်ပါသလဲဟု
မေးလျှောက်သောအခါ...
စာ–၁၂၉





www.burmeseclassic.com

www.burmeseclassic.com



ဤ
ပလ္လင်
ပေါ်
သို့
မည်သည့်
အကြောင်း
နှင့်မျှ
တက်ရောက်ခြင်း
မပြုရဟု...
စာ-၅၈



ကျွမ်းယင်း
အရှင်
ကျောင်းတော်
အတွင်းမှ
ဗသုန္ဓရေ
နတ်မင်း
ရုပ်တု
ဖြစ်သည်...
စာ-၁၁၃



ကျိုက္ကမီ
ဆံတော်ရှင်က
ပုံသဏ္ဌာ
သောက်တော်ရေ
လာပင့်တာပါ
ဘိုးဘေး
အဆက်ဆက်
သမားစဉ်
ဆေးတစ်လက်ပါ...
စာ-၁၃၉


✲ တိရစ္ဆာန်ရောင်ခြည် ✲

ကျွဲနွားများ အနာပိုးကျလျှင် [ကိုကိုအောင်-မြကန်သာ] ၁၅၀

ကြည်ညိုခြင်းရောင်ခြည်

နိမ္မိတတစ်ထောင်ဘုရားသို့ [နိုင်မင်းညို] ၉

✻ အောင်မြေရောင်ခြည် ✻

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏
အောင်မြေနှင့် ရှိုးပူဇော် ဂါထာတော်များ(၃၀)
[စိပ်ပုတီးကျောင်းတောင် ရေသွန်းရွှေတောင်ကုန်းဘုရား]
[အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၈၉

စပါးတောင်ရှိ သာသနာ့အောင်မြေ စုပုံတောင်(၁)
[မောင်မောင်စိုး-ထားဝယ်] ၉၇

✧ ထီဗေဒရောင်ခြည် ✧

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် ထီဆုကြီးများ
ဆွတ်ခူးနိုင်ဖို့ [ထက်မင်းကျော်စွာ] ၂၇၂

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ထီအတွက်
ရွေးချယ်ပါ ဤ၀ဏ်နမ်း [ဆရာ ရဲထက်-သုတေသီ] ၃၀၂

✣ စိုက်ပျိုးရေးရောင်ခြည် ✣

ရောင်စုံပွင့်သည့် နှင်းဆီပင်လေးများ စိုက်ကြည့်ပါ
[မိုးကျော်ကျော်-ရတနာမြေ၊ ချောင်းကြီး] ၂၈၈

✪ အင်းဆေးရောင်ခြည် ✪

စွယ်စုံအစွမ်းထက်သည့် သရဏဂုံစမအင်း
[အောင်ပေါ်စံ-ဓမ္မဝိယ] ၁၁၀

ဓမ္မပဒေသာ ဆေးခေါ် အင်း [ဆရာမင်းရဲလွှ] ၁၄၉

✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎

စွန်းလွန်းဆရာတော်ကြီးနှင့် အတိတ်ဘဝက
ကျေးညီနောင် ဖြစ်ခဲ့သည့် သတိပဋ္ဌာန်ဆရာတော်
ဦးလောကတိဿ၏ ဘဝပုံရိပ်များ(၅)
[ထက်မင်းကျော်စွာ] ၄၉

ဒီပါမြေဆရာတော် အရှင်နန္ဒာသီရိနှင့်
ကုသိုလ်တော်စေတီနှစ်ဆူ(၂) [ခရီးသည် သုတေသီ] ၈၁

✤ ထူးခြားဆန်းကြယ်ရောင်ခြည် ✤

ကချင်ပြည်နယ် ရှူးဖွတ် ရွှေမှော်က ဖြစ်ရပ်ဆန်းကြယ်
[ကောင်းမြင့်မြတ်စိန်] ၂၂၅

ထူးဆန်းသောအိမ်မက်နှင့် ဖြစ်ရပ်ဆန်းများ[ဆရာစော-ယော] ၂၃၇

ဆရာကြီးဦးစိန်ဆိုင်နှင့် ထူးခြားသောအိုးကလေး(၁)
[စလင်း ဦးကျော်] ၂၆၉

ရွှေရောင်ဓာတ်လုံးလေး၏ နောက်ဆုံးနေ့ [ဖြူလေးကျော်] ၁၆၉

တောကြီးအတွင်းမှ အလင်းရောင်ထွက်နေသော
ထူးဆန်းသော ကျောက်တုံးများ[ဦးသန်းစိုး-ချောင်းနက်] ၂၇၈




www.burmeseclassic.com

www.burmeseclassic.com

## အမေးအဖြေရောင်ခြည်


သစ်ညီနောင်များနှင့် ပတ်သက်၍ သိရှိလိုသူတော်သိပညာ
ရှင်များမှ ဖြေကြားပေးကြပါရန် *[နတ်မောက် လှမြင့်သစ်]* ၁၈၅
သူ့အရပ် သူ့ဒေသမှာ ဝိဇ္ဇာဆရာကြီးများ ရှိခဲ့ကြပါသည်၊
သိရှိသူများ၊ အနွယ်တော်များမှ ဆက်လက်
ဖော်ထုတ်ပေးစေချင် *[ကန္တီရွာခွေးရှူးကိုက်ဆရာကြီး*
*ဦးဘိုးဆော့]* *[တင်လှ-ဆမ(ငြိမ်း)]* ၁၉၀


## နေ့စဉ်သုံး ဗေဒင်လမ်းညွှန်ရောင်ခြည်


၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအတွက်
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ *[ဟူဂျင်းဇီ]* ၁၄၃
၂၀၁၅ခုနှစ်၊ စက်တင်ဘာလအတွက်
လာဘ်လာဘရွှင်လန်းစေဖို့ *[နက္ခတ္တသုတေသီ]* ၁၈၄
၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအတွက်
နေ့ကောင်းရက်သာ ရွေးချယ်ပါ *[သုခစုစံ-ကျိုက်လတ်]* ၂၀၀
၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအတွက်
ခုနစ်ရက်သားသမီး ဟောစာတမ်း *[ဆရာ ရောင်ခြည်]* ၂၂၀


## မြန်မာ့ရိုးရာပညာရောင်ခြည်


မြန်မာ့ဗေဒင်နှင့် မွေးကိုက်ခြင်းအဟော
*[မောင်ဟောဝန်-ဆင်ဖြူကျွန်း]* ၁၀၃
ခရီးသွားရှောင်ရန် ဖီလာရက်တွက်နည်း
*[ကောင်းခန့်-သခွတ်မြေ၊ ပက်လက်]* ၁၉၂


## ကျန်းမာရေး ဓာတ်စာရောင်ခြည်



၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအတွက်
ကျန်းမာရေးအကြံပေးချက်များ *[ဆေးသုတေသီ]* ၂၆၄


## ဝိဇ္ဇာဓရရောင်ခြည်


ကျွန်ုပ်နှင့် ဆရာအရှင် ပုဂ္ဂိုလ်ထူးများ(၁)
*[အောင်ရွှေမြတ်-စစ်ကိုင်းတောင်]* ၁၅၃
ဘုန်းဘုရား ဘိုးပေါက်ဆိန် ဦးဝိဇ္ဇာဓရ
*[ရွှေမှော်မြေ မောင်ကြည်သိန်း]* ၂၁၇


## ပရလောကရောင်ခြည်


စိုက်ခင်းထဲက နာနာဘာဝ
*[ဒဏ္ဍာရီ-စက်မှုလယ်ယာ၊ ဆင်ဖြူကျွန်း]* ၂၄၁
လူကြားထဲ၌ အထင်ကရနေသော သိုက်နန်းမှ
ပရလောကသား *[မျိုးတင့်-ညောင်လေးပင်]* ၂၅၇
ရေတာကြီးမှဥစ္စာစောင့်တို့အကြောင်း *[စောမိသွင်-ရန်ကုန်]* ၂၇၃
မှတ်တရရောက္ခ တော်ချင်ဦး *[ဦးစိုး-မတ္တရာ]* ၂၈၁
ရွာတို့ စောင့်ရှောက်သော ရွာတော်အရှင်ကြီးနတ်
*[ညီလေးငယ်-လယ်တော်]* ၂၈၅
နာနာဘာဝဆိုတာ ကြောက်စရာလား၊ နိုင်းစရာလား
*[မိုးဇော်အောင်]* ၂၉၇
နတ်ဝှက်ခံခဲ့ရသည့် ဖြစ်ရပ်ဆန်း *[အောင်-ကယားမြေ]* ၃၀၃


ရွှေနတ်အယ်တောင်ပေါ်ရှိ
မောင်တော်ဦးဘုရားကို
ဤသို့ ဖူးမြော်ခွာ မူးတွေ့ရသည်... ◄ စာ-၁၀၅



ပိကျောင်းဘုရားဓေတီ အနောက်ဘက်မှန်
ထိုင်တော်မူဘုရား၏ အရှေ့မျောက် ကြယ်သုံးမြှောင်ပေါ်တွင်
(၁၈) ပေခန့်ရှိသော ပိကျောင်းကြီးတစ်ကောင်ကို...
◄ စာ-၉၉





နတ်တွေ
အများကြီးပဲ
စောင့်ပေး
နေကြတာ...
စာ-၁၅၃ ►






www.burmeseclassic.com

www.burmeseclassic.com

# နိမ္မိတတစ်ထောင်ဘုရား
## သို့ . . .

နိုင်မင်းသိ

ဘုရားပေါ်ပြီး တစ်လခန့်အကြာမှ နိမ္မိတဘုရားတစ်ထောင် တစ်ဆူပေါ်တော်မူကြောင်း သိခဲ့ရပါတယ်။ သွားမယ်လို့ ကြိုးစားတိုင်း အကြောင်းအမျိုးမျိုးကြောင့် မရောက်ဖြစ်ခဲ့ပါ။

ဒါပေမယ့် ဒီတစ်ခေါက်တော့ ရုံးချုပ်က ပေးအပ်လိုက်တဲ့တာဝန်က ညောင်ရွှေမြို့နယ်ထဲဆိုတော့ ဘုရားပေါ်တဲ့အရပ်နဲ့ နီးကပ်တာမို့ မရောက်ရောက်အောင် သွားဖူးမယ်ဆိုပြီး သန္နိဋ္ဌာန်ချလို့ အရောက်သွားဖြစ်ခဲ့တာပါ။

ဘုရားတည်ရှိရာ အရပ်ကတော့ **ရှမ်းပြည်နယ် တောင်ပိုင်းက ညောင်ရွှေမြို့နယ် အရှေ့ဘက်ကမ်း** ကုန်းလမ်းအတိုင်းသွားသွား၊ မော်တော်ဆိပ်ကနေ စက်လှေနဲ့သွားသွား ကုန်းလမ်း ,ရေလမ်း နှစ်လမ်းသွားရင် ရောက်တဲ့ နောင်တောကျေးရွာအုပ်စု နောင်တောရွာမှာလို့ သိရတယ်။

ညောင်ရွှေမြို့ကနေ (၁၈)မိုင်ခန့် ကွာဝေးတယ်လို့ ဆိုတယ်။ ရေမိုင်ဆိုရင်တော့ (၁၉)မိုင်ခန့် သွားရပါတယ်။

စာရေးသူကတော့ စီးတော်ယာဉ်ဖြစ်တဲ့ မော်တော်ဆိုင်ကယ်နဲ့ အရောက်သွားခဲ့ပါတယ်။ လမ်းတစ်လျှောက် ကျေးရွာများအလိုက်မှာတော့ အောင်မြင်ဖြစ်ထွန်းနေတဲ့ နဂါးမောက်စိုက်ခင်းများ၊ သားတိုးကြက်တွေ မွေးတဲ့ရွာ၊ မှိုမွေးမြူရေးလုပ်ကိုင်တဲ့ရွာ၊ ပရဟိတ အခမဲ့ ပညာသင်ကျောင်းဖွင့်လှစ်တဲ့ရွာ၊ ဘုန်းတော်ကြီး ပညာသင်ကျောင်းရှိတဲ့ရွာ၊ အင်းလေးကန်



နိမ္မိတတစ်ထောင် ဆင်းတုတော်

ကြီးကို အမှီပြုလို့ အထင်ကရဖြစ်ခဲ့ညားနေတဲ့ ဟိုတယ်ဇုန်ကြီးနဲ့ ဆောက်လက်စပုံစံမျိုးစုံ ဟိုတယ်တွေကိုပါ စာချစ်သူတို့ မြင်ကြရမှာဖြစ်ပါတယ်။

ကံတွဲရွာခင်း ကျောက်ချောလမ်းအဆုံး ဆက်သွားရင် အင်းတောင်ဘက်က ရှေးသမိုင်းဝင် စေတီများစွာနဲ့ နာမည်ကြီး စံကားအင်းကြီးဆီ ရောက်ပါလိမ့်မယ်။ စံကားအင်းပေါ်ကနေ မော်ဘီတံတားဆိုတာ ရှိပါတယ်။

အဲဒီကနေမှတစ်ဆင့် တောင်ကြီး

www.burmeseclassic.com



▲ နိမ္မိတဘုရား လက်ယာခြမ်း



▲ လက်ဝဲဘက်မှ ရိုက်ကူးချက်

ကျောက်တလုံးကြီး၊ ဆီဆိုင်၊ ပင်လောင်း၊ ဖယ်ခုံအင်း၊ လွိုင်ကော်နဲ့ ရွှေမြို့တော် နေပြည်တော်ဆီ လှမ်းနိုင်တဲ့ လမ်းခွဲတွေ အများကြီးရှိတာပါ။

စံကားမရောက်ခင် လမ်းအနောက်ဘက် လေးဖာလုံခန့် ဝင်လိုက်ရင် ရှေးမိရိုးဖလာ လက်မှုပညာတွေ များစွာရှိပြီး ငါးရက်တစ်ဈေးနဲ့ နာမည်ကျော်ကြားတဲ့ **နန်းပန်ဈေး**ကို ရောက်ပါလိမ့်မယ်။

နန်းပန်ဈေးရောက်မှ တောင်ဘက် မိုင်ဝက်ခန့်ဝေးတဲ့ နောင်တောရွာကို ဆက်သွားရတာပါ။

နောင်တောကျေးရွာအုပ်စုက ရွာပေါင်း (၂၄)ရွာရှိပြီး နောင်တောရွာဆိုတာ အင်းကြီး(၄)ရပ်မှာ တစ်ခုအပါအဝင် ဖြစ်တယ်လို့ ဆိုပါတယ်။

အင်းလေးကန်ကြီးရဲ့ အဓိကအရပ်လေးမျက်နှာကို ဆိုလိုရင်း ဖြစ်ပါလိမ့်မယ်။ အဲဒီအရပ်ကြီးတွေကတော့ နောင်တောရပ်၊ ရွာမရပ်၊ နန်းပန်ရပ်နဲ့ ရွာကြီးရေသာရပ်များ ဖြစ်ကြောင်း ဘုရားဂေါပက လူကြီးများက ရှင်းပြလို့ ဗဟုသုတအဖြစ် သိခဲ့ရတယ်။

စာရေးသူ ရောက်သွားချိန်မှာ ရန်ကုန်နဲ့ တောင်ကြီးက ဘုရားဖူး ရဟန်းသံဃာများနဲ့ ဒကာ,ဒကာမများ ရောက်နေခိုက်မို့ လိုအပ်မယ့် ဓာတ်ပုံမှတ်တမ်းလေးတွေ လိုက်ရိုက်ပြီး ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာ ဖြစ်ပါတယ်။


ညှော့ပါးပြီဆိုမှ ဆရာတော်ဆီ ဝတ်ဖြည့်ရင်း လာရင်း လျှောက်လိုက်ပါတယ်။ လက်ရှိကျောင်းထိုင် ဆရာတော်ကြီးရဲ့ ဘွဲ့အမည်ကတော့ ဘဒ္ဒန္တပညာသီရိဖြစ်ပြီး **သက်တော်(၆၆)နှစ်၊ ဝါတော်(၂၉)ဝါရှိကြောင်း** သိရပြီး ခမည်းတော်ဦးမြင့်၊ မယ်တော် ဒေါ်မယ်နှစ်ဦးလုံး ကေလာကျေးရွာ ဇာတိတွေ ဖြစ်ပါတယ်။

ပထမဥပဇ္ဈာယ် ဆရာတော်ကတော့ ရွာကြီးရေသာ၊ ဘုရားကျိန်းကျောင်းက အရှင်အာစရဖြစ်ကာ၊ ဒုတိယဆရာတော်ကတော့ ကေလာဆရာတော်ကြီး ဦးဇဝနဖြစ်ကြောင်း မြွက်ကြားပါတယ်။


စာရေးသူလဲ အချိန်ရခိုက် လက်ရှိဖူးတွေ့နေရတဲ့ နိမ္မိတတစ်ထောင် ရုပ်ပွားတော် ဘယ်ကနေ ဘယ်လိုရောက်လာပြီး ယခုလို နောင်တောဘုန်းတော်ကြီးကျောင်းမှာ ကိန်းအောင်း

www.burmeseclassic.com





နိမ္မိတတစ်ထောင်ဘုရားသို့ အသွားလမ်းခွဲ



မွှေ့လျော် စံမြန်းနေတယ်ဆိုတာကို မေးလျှောက်လိုက်ပါတယ်။

ဆရာတော်ကြီးမှ လွန်ခဲ့တဲ့ နယုန်လဆန်း(၂)ရက်နေ့ သောကြာနေ့၊ နေ့လယ်(၁၂)နာရီလောက်မှာ ကယားပြည်နယ်၊ အနောက်ဘက်တောင်တန်းကြီးပေါ်မှ ပဒေါင်တိုင်းရင်းသားတစ်ဦးနဲ့ ပအိုဝ်းတိုင်းရင်းသားတစ်ဦး၊ ကျောင်းပေါ်တက်လာပြီး အဝတ်ထုပ်တစ်ထုပ်ကို လာရောက် ဆက်ကပ်တယ်လို့ မိန့်ပါတယ်။

ဒါနဲ့ ဆရာတော်ကြီးက အသာအယာ ဖြေကြည့်တော့မှ ရွှံ့မြေအလူးလူး ကပ်ငြိနေတဲ့ **ဆင်းတုတော်တစ်ဆူဖြစ်နေတာ တွေ့ရတယ်လို့** ဆိုတယ်။

ဒါနဲ့ ဘေးနားက ဂေါပကတွေကို ရေနဲ့စင်ကြယ်စွာ ဆေးကြောခိုင်းလိုက်မှ ကြည်ညိုဖွယ်ရာ ဆင်းတုတော်တစ်ဆူဖြစ်နေပြီး အဆိုပါ ဆင်းတုတော်ရဲ့ ခန္ဓာကိုယ်ပတ်ပတ်လည် တစ်ခုလုံးမှာ လက်မဝက်ခန့်ရှိတဲ့ ဗုဒ္ဓမြတ်စွာဘုရား ရုပ်ပွားတော်လေးများ အဆူဆူကို တစ်ပါတည်း ထွင်းထုပူဇော်ထားကြောင်း အံ့ဩဖွယ် တွေ့ကြရတယ်။


သေသေချာချာ စစ်ဆေးတိုင်းထွာကြည့်တော့မှ ဆင်းတုတော်ရဲ့ အရွယ်အစားတော်မှာ ဉာဏ်တော်အမြင့်(၁၂)လက်မရှိကာ အောက်ခြေ ခန္ဓာကိုယ်အလျားတော်၊ ဒူးတော်တစ်ဖက်တစ်ချက်မှာ (၁၅)လက်မရှိကြောင်း တွေ့ရပြီး အဆိုပါ နိမ္မိတဗုဒ္ဓရုပ်ပွားတော်မြတ်ရဲ့ ဦးခေါင်းတော်မှ ကိုယ်တော်အနှံ့ အရွယ်အစားသေးငယ်ပြီ တူညီသော ရုပ်ပွားတော်မြတ် စုစုပေါင်း (၉၉၉)ဆူဖြင့် တန်ဆာဆင်

www.burmeseclassic.com




◆ ရခိုင်ပြည်နယ် ရေထဲမှ ရရှိသည့် ရုပ်ပွားတော်ကြီး

◆ ကျောင်းထိုင်ဆရာတော်ကြီး



◆ စံကျောင်းတော်အဝေးမြင်ကွင်း



ပူဇော်ထားသဖြင့် ပင်ကိုမူလ ရုပ်ပွား တော်နှင့်ထည့်ပြီး ရေတွက်ပါမူ အဆူရေ ပေါင်း (၁၀၀၀)တိတိရှိကြောင်း ဖူးတွေ့ ကြရတယ်။

အဆိုပါ ဆင်းတုတော်ကဲ့သို့ပင် ပုံစံ အားဖြင့် တူညီမှုရှိပြီး ဉာဏ်တော်အမြင့် ကွာခြားသော ရုပ်ပွားတော်မြတ်တစ်ဆူ ကို ညောင်ရွှေမြို့နယ် အုပ်ချုပ်ရေးမှူး မိသားစုမှ ယခုနောင်တောဘုန်းတော် ကြီးကျောင်း၌ပင် အပူဇော်ခံထား ကြောင်း ဖူးတွေ့ရပါတယ်။

ထိုနိမ့်တရုပ်ပွားတော် ဧပါတော်မူ သည်မှာလည်း ယခုလိုပင် ထူးဆန်းလှ တယ်လို့ ဆိုပါတယ်။ ရခိုင်ပြည်နယ် တွင် ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေး တဲ့ တံငါသည်တစ်ဦးမှ ပိုက်ကွန်ပစ်ရာ မှ ကွန်နဲ့ငြိပြီး သပ္ပါယ်လှစွာသော စကြာမုနိရုပ်ပွားတော်ကို ရေထဲမှ ရရှိခဲ့ ကြောင်း သိရပါတယ်။

ဒီနေရာမှာ ပိုစိတ်ဝင်စားဖို့ကောင်း တဲ့အကြောင်းအရာတစ်ခုကို ထပ်ပြီး တွေ့ပြန်တာပါပဲ။ အဲဒါကတော့ စာရေး သူ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ် (၃၄၁) စာမျက်နှာ (၂၅)မှာ ဖော်ပြခဲ့ဖူး တဲ့ အံ့မခန်း ထူးဆန်းဖွယ် ရှေးဟောင်း ဂမ္ဘီရဖလားတစ်လုံး အကြောင်း ဆောင်းပါးနဲ့ ၂၀၁၅ ခုနှစ်၊ နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်း အမှတ်(၃၄၄) စာ မျက်နှာ(၁၂၉)မှာ ဆရာမ သီတာဆန် (မော်လမြိုင်)ရဲ့ ကျိုက်ထီးရိုးမှာ တွေ့ခဲ့ ရတဲ့ "သံစဉ်ထူးခြား ဂမ္ဘီရကြေးဖလားရှ အဘိုး" ဆောင်းပါးမှာ ပါရှိတဲ့ ကြေး ဖလားလို ပုံစံတူတစ်လုံးကိုပါ နိမ့်တ တစ်ထောင် ရုပ်ပွားတော်နဲ့ အတူပါ တည်း တွေ့ခဲ့ရတာပါ။


ဒီနေရာမှာ စာရေးသူ တစ်ခု စဉ်းစားမိပါတယ်။ ဒီလို ကြေးဖလာ

www.burmeseclassic.com



● စံကျောင်းတော်ကြီးအတွင်း

● အင်ဝလေးကန်ကြီး မြင်သည့် အနောက်မြောက်မှ မြင်ရသည့် ဘုရားကျိုးကျောင်း



လေးတွေ စာရေးသူတို့ တိုင်းပြည်မှာ အရေးအတွက် ဘယ်လောက်တောင် နိုင်လဲ၊ ဘယ်ကနေ ဘယ်လို ရောက်လာတာလဲ၊ ဒါမှမဟုတ် ဘယ်ကာလ၊ ဘယ်သူ့လက်ထက်မှာ အထူး ရေပန်းစားခဲ့တာလဲ ဘယ်လိုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေက ဘယ်လိုရည်ရွယ်ချက်နဲ့ သွန်းလုပ်ခဲ့တယ်ဆိုတာကိုပါ။ ဒီကိစ္စကို အချိန်များရခဲ့ရင်ဖြင့် ရေဆုံးရေဖျားလိုက်ကြည့်ဖို့ ဆုံးဖြတ်မိပါတယ်။

ယခုလက်ရှိ နောင်တော် ဘုန်းတော်ကြီးကျောင်းမှာလဲ အဆိုပါ ကြေးသပိတ်တော်ရဲ့အသံကို ကြားရသူတချို့က ပဋ္ဌာန်းဆက်များကို တမ်းတ သတိရ ပူဆွေးကြောင်း ပြောပြတာကို ကြားခဲ့ရပါတယ်။

နေရာဒေသ အနှံ့အပြားမှ ရာထောင်ချီသော ဘုရားဖူး ဧည့်သည်များ ရောက်ရှိဖူးမြော် ကြည်ညိုလျက်ရှိရာ ပဋ္ဌာန်းဆက်နီးသော ပုဂ္ဂိုလ်များ ကိုယ်တိုင် ကြုံတွေ့နေရကြောင်း၊ ဤသည်မှာလဲ ကြေးသပိတ်တော်ရဲ့ ထူးခြားချက်တစ်ခုပင် ဖြစ်ကြောင်း ဆရာတော်မှ မြွက်ကြားပါတယ်။

ထူးခြားစွာဖြစ်ပေါ်ခဲ့တဲ့ အဖြစ်အပျက်များကတော့ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၅)ရက်နေ့ ညောင်ရွှေမြို့နယ်၊ စံကားအင်းကျေးရွာမှ ဖနီးမောင်နှံနဲ့ ဘုရားဖူးဧည့်သည်တစ်စုတို့ ပါလာတဲ့ ကင်မရာနဲ့ ဓာတ်ပုံရိုက်ယူပြီး ဘုရားဆင်းတုတော်မှ ရောင်ခြည်တော်များ ကွန့်မြူးတာကို လူအများ မျက်ဝါးထင်ထင် ဖူးတွေ့ရကြောင်းအပြင် ပြီးခဲ့တဲ့ မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်နေ့ ၂၀၁၅ ခုနှစ် မတ်လ (၄)ရက်နေ့မှာတော့ ထူးခြားတဲ့ အဖြစ်တစ်ခု ဖြစ်ခဲ့တယ်လို့ သိရတယ်။

တောင်ကြီးက ဘုရားဖူးဧည့်သည် မိသားတစ်စုမှ နိမ္မိတတစ်ထောင် ရုပ်ပွားတော်ကို ဓာတ်ပုံရိုက်ယူအပြီး ပြန်အကြည့်မှာ ဆင်းတုတော်ရဲ့ လက်ယာဘက် ရင်ဘတ်တော်မှာ ရဟန္တာကိုယ်တော်တစ်ပါး ပုံတော် ထင်ထင်ရှားရှား တွေ့လိုက်ရပါတယ်။

နံဘေးနားဆီမှာ ဆင်းတုတော် အပေါ် ရောင်ပြန်ဟပ်စေမယ့် မည်သည့် ဓာတ်ပုံ၊ မည်သူ တစ်ဦးတစ်ယောက်မှ မရှိကြောင်းကို ဘုရားဂေါပကမှ ပြောပြပါတယ်။

နိမ္မိတစံကျောင်းတော်ကို တန်ခိုးကြီးဘုရားများဖြစ်တဲ့ ဖောင်တော်ဦးဘုရားများ နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် (၁)ရက်၊ နံနက်(၇)နာရီ မိုင်းပျိုးဘုရားစံဌာနမှ ကြွချီလာကာ တစ်ရက်နဲ့တစ်ညကိန်းဝပ်စံပယ်တဲ့ စံကျောင်းတော်ကြီးအနီးမှာ ကပ်လျက် တည်ရှိနေတာကိုပါ လာရောက် လေ့လာရင် တွေ့ရမှာ ဖြစ်ပါတယ်။


ယခုအခါမှာတော့ ရုပ်ပွားတော်မြတ်ကို သီးသန့်စံကျောင်းတော် ဆောက်လုပ်ပူဇော်လျက်ရှိရာ ရပ်နီးရပ်ဝေးမှ အလှူရှင်များ နိုင်ငံတော်

www.burmeseclassic.com



● ယောင်တော်ဦးဘုရားမုံတွင်ရုပ်ပွားတော်များ ဘုရားကျွန်းကျောင်း

● ယောင်တော်ဦးဘုရားကျွန်း စံကျောင်းတော်



ဩဝါဒါစရိယ သံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ မြို့နယ်နဲ့ ကျေးရွာအုပ်စု ဆရာတော်ထေရ် အရှင်မြတ်ကြီးများရဲ့ ဩဝါဒကို ခံယူလျက် စံကျောင်းတော်ကြီးကို ဆောက်လုပ်ပူဇော်လျက် ရှိနေတာကို မြင်တွေ့ခဲ့ရတယ်။

ဒီလို ထူးခြားဖြစ်စဉ်တွေနဲ့ ဆန်းကြယ်နေတဲ့ ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ်၊ နောင်တောကျေးရွာ အုပ်စု နောင်တောရွာက နိမ့်တတစ်ထောင်ရုပ်ပွားတော်ကို ဖူးမြော်ကန်တော့ရင်း စံကျောင်းအနောက်ဘက် အင်းလေးကန်ကြီးထဲ တောင်မြောက် ဥဒဟို ပြေးလွှားခုတ်မောင်းနေတဲ့ စက်လှေလေးများရဲ့ တတုတ်တုတ် အသံလေးများကို လှပတဲ့ ကျေးလက်ဂီတသံစဉ်လေးများအဖြစ် အတူနားထောင်ခံစားကြည့်ကြရင်း ဘဝအမောတွေ ခေတ္တခဏ ပြေပျောက်ဖို့ အလည်တစ်ခေါက် လာရောက်လှည့်ပါလို့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာချစ်သူအားလုံးကို ဖိတ်ခေါ်ရင်း ဒီခရီးသွား ဆောင်းပါးကို နိဂုံးချုပ်လိုက်ပါတယ်။

**နိုင်မင်းညို**



www.burmeseclassic.com

www.burmeseclassic.com

# သူ ဘယ်လိုလူစားလဲ

ကြည့်ပါ။

- **အင်္ဂါဂြိုဟ်ခုံကစတဲ့ ဥာဏ်လမ်းကြောင်းကို တွေ့ရတယ်။ (က)**

ဒါကတော့...

စိတ်ဓာတ်ပိုင်းဆိုင်ရာ ခံစားမှု ပြင်းထန်မှုကို ပြတယ်။ လက်ရုံးကို အားကိုးမယ်။ သည်းခံနိုင်စွမ်းနည်းပြီး ခက်ထန်တဲ့ အပြုအမူတွေ ဖြစ်လွယ်တယ်။ စိတ်နောက်ကိုယ်ပါ ပြုမူတတ်တဲ့ အကျင့်စရိုက်တွေ ရှိနေမယ်။

- **လက်သန်းရဲ့ ထိပ်ပိုင်း(အများ)သည် အတွင်းဘက်သို့ ယိမ်းယိုင်နေတယ်။ (ခ)**

ဒါကတော့...

စိတ်ခံစားမှုကို ထင်ထင်ရှားရှား မဖော်ပြပါဘူး။ သူသည် ဘယ်လိုစိတ်မျိုးရှိနေသလဲဆိုတာ ပြောရခက်မယ့် အခြေအနေမျိုးပါ။

အနေအေးသလိုမျိုး တွေ့ရတတ်ပေမယ့် ပွင့်လင်းမယ့် သရုပ်သဏ္ဍာန်ကို ထင်ထင်ရှားရှား မတွေ့နိုင်ပါဘူး။

ဆက်ဆံရေးကောင်းသယောင် တွေ့ရပေမယ့် ဒါတွေသည် အခြေအနေအရ ပြောင်းလဲနိုင်တဲ့အတွက် ခန့်မှန်းရခက်တဲ့စိတ်ကို ပိုင်ဆိုင်ထားကြောင်းပါပဲ။

ကဲ ဒါဆိုရင်...

သူ... ဘယ်လိုလူစားလဲဆိုတာ သိနိုင်လောက်ပါပြီ။

တကယ်တော့ သူသည်...

'အပြင်ပန်းကြည့်ရင် အနေအေးသယောင်ထင်ရပေမယ့် ပေါက်ကွဲလွယ်တဲ့သူတစ်ဦးပါပဲ။

***အေးပါစေ အောင်ပါစေ***

သန်းပညာ



www.burmeseclassic.com


# ကျန်းမာပါစေဆေးတိုက်မှမြန်မာ့ဆေးစွမ်းကောင်းများ ထုတ်လုပ်ဖြန့်ချိလျက်ရှိပါသည်။



TMR 011801(1215)



TMR 011800(1215)



TMR 011825(1215)




TMR 011826(1215)

ကျန်းမာပါစေ


www.burmeseclassic.com

www.burmeseclassic.com



◆ ကျိုက္ခမီရေလယ်ဘုရား အဝေးမြင်ကွင်း

ကျိုက္ခမီရေလယ်ဘုရားမှ

# ဆေးပေါက်ဝင် ပုံသကျွရေ

စံလွန်းသာ

ဓါင်ရေ(အမြင့်ဆုံးဒီရေ) ကျစအချိန် ဖြစ်သော်လည်း ကျိုက္ခမီဆံတော်ရှင် ရေလယ်ဘုရားဝန်းကျင်တွင် ရေအမြင့် ာ မှိုမောက်ဝန်းရံနေကာ ရင်ပြင်တော် မှ ချိုင့်ခွက်၍ ရေမတင် ပကတိ ခြောက်သွေ့သန့်ရှင်းစွာ တည်ရှိနေ သည်။

အထက်ပတ်လမ်း တံတားပေါ်တွင် မျက်စိမြုပ်ရုံသာရှိသော ရေပြင်ကို တ်ကာ ကုန်းတော်ရင်ပြင်သို့ တက် ရောက်ပြီးနောက် တောင်ဘက်အရပ် ဆီမီးနံ့သာတိုင် ဆက်ကပ်လျက် ရုပ်ပွားတော်မြတ်အား ပူဇော်ကန်တော့ သည်။

မှလက တောင်ဘက်မျက်နှာပြုကာ ရုပ်ပွားတော်အား အရပ်ရှစ်မျက်နှာ မည်မျှပင်ထား၍ ပူဇော်စေကာမူ တောင်ဘက်သို့ လှည့်မြဲ ဖူးတွေ့ရ သဖြင့် ပတ်လည်တွင် တင်ပျဉ်ခွေ ရုပ်ပွားရှစ်ဆူပြည့်အောင် ထပ်မံသွန်း လုပ် ပူဇော်ထားကြောင်း ဘုရားသမိုင်း မှတ်တမ်းအရ သိရှိရသည်။

***တောင်ဖွားဖွားအောက်ရှိ ထားဝယ် ရှင်မုဋ္ဌီး ရုပ်ပွားတော်သီသို့ တစ်ချိန်က ရှင်မုဋ္ဌီး ရုပ်ပွားတော်သည်လည်း ကျိုက္ခမီဘက် မြောက်အရပ်ရှုရှုသို့ မျက်နှာတော်မူပြီ လျက် ရှိသည်ဟုဆိုပေသည်။***

သီလယူ၊ ကမ္ဘဋ္ဌာန်းတောင်းပြီး နောက် ရင်ပြင်တော်ကို လက်ယာရစ် လှည့်ကာ ဗုဒ္ဓဂုဏ်တော်များပွားများ လျက် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်း သည်။ ကမ္မဋ္ဌာန်းသိမ်းသော် ဝေနေယျ အားလုံးသို့ အမျှဝေ မေတ္တာပို့ ရှင်တော် မြတ်အား ပူဇော်ကန်တော့သည်။

ထို့နောက် ကျိုက္ခမီရေလယ်ဘုရား ကမ်းခြေနေဝင်ချိန်ရှုခင်း (Sun Set)ကို ခံစား၍ အမျိုးသားအဆောင် အနောက်ဘက်စကြံသို့ ထွက်ခဲ့သည်။ ***(အမျိုးသမီးများ ဝတ်ပြုဆောင်မှလည်း နေဝင်ချိန်ကို ကောင်းစွာ ရှုမြင်နိုင်ပါ သည်။)***


ယင်းတွင် ကိုကျော်တင့်ကို မမျှော် လင့်ဘဲ ဆုံတွေ့ရသည်။ မွန်ပြည်နယ်၊ မြို့နယ် မြို့တစ်မြို့တွင် တိုင်းရင်းဆေး တိုက်ကြီးဖွင့်လှစ်ကာ အောင်မြင် နေသော တိုင်းရင်းဆေးသမားတော် တစ်ဦးဖြစ်သည်။ မိမိနှင့်အတူ (၆၀)တန်း ဝင်အရွယ်များဖြစ်ကြသည်။

'ဘယ်ကနေ မျက်စိလည်ပြီး



www.burmeseclassic.com

www.burmeseclassic.com



◄ ဒီရေကျချိန် ကျိုက္ကမီဘုရားကျောင်းတော်



ကျိုက္ကမီရေလယ်ဘုရားရုပ်ပွားတော် ►

ရောက်လာတာလဲ၊ မတွေ့ကြတာ (၁၅)နှစ်လောက်ရှိပြီနော်'

'ကဒါတ်ထောက် ဝါးကျောင်း ဆရာတော်အကြောင်း ဆောင်းပါးရေးဖို့ ရောက်နေတာပါ။ ကြုံတုန်း ကျိုက္ကမီ နေဝင်ချိန်(Sun Set)ကလေးလဲ တွေ့ဖူးရအောင် လာကြည့်တာလေ၊ ဆရာကော ဘုရားဖူးရုံပဲလား'

'ဘုရားလဲ ဖူးရင်း လိပ်ဥလဲ တူးရင်းပေါ့ ဆရာရယ်'

'လိပ်ဥလဲ တူးရင်းဆိုတော့ တတိယအရွယ်ရဲ့ ပထမဝေဒနာများလား'

'မဟုတ်ရပါဘူး နှလုံးသားသူငယ်ပြန်တဲ့ ကိစ္စမဟုတ်ပါဘူး။ ကျိုက္ကမီဆံတော်ရှင်က ပုံသကူသောက်တော်ရေ လာယူတာပါ။ ဘိုးဘောအဆက်ဆက် သဟာစဥ် ဆေးတစ်လက်ပါ'

**[ကိုကျော်တင့်သည် သမားတော် မျိုးရိုးဖြစ်၍ မင်းတုန်းမင်း လက်ထက် နန်းတွင်းသမားတော် တစ်ဦးဖြစ်သူ ဆရာခဲ၏ "တီ"တော်စပ်၏။ (သူ၏ အဘိုးဆရာကြိုင်သည် ဆရာခဲ၏ မြေး ဖြစ်သည်။) ၁၉၇၀ ပြည့်လွန်နှစ်များတွင် ဆရာဦးတင်ညွန့် (နီး ပဒေါ)ထံ မှန်ရွေးဟောင်းပေမှလာ ဂါထာမန္တန်များ လေ့လာသင်ယူရာ၌ ဆုံစည်းရာမှ ခင်မင်ရင်းနှီးခဲ့ကြခြင်း ဖြစ်သည်။]**

## အာပေါသရုပ်မှ ဆေးအကူ

ဤအစီအစဉ်မှာ အာပေါဓာတ်၏ သရုပ်ကို အထောက်အပံ့ယူထားခြင်း ဖြစ်သည်။ အာပေါဓာတ် အကူအပံ့ရရှိခြင်းသည် အေးချမ်းသာယာခြင်း၊ ဆေးဝါးကုသမှု ထက်မြက်ထိရောက်ခြင်း၊ မင်္ဂလာအခါပေးခြင်း၊ အပဓာတ် ရိုက်ခြင်း၊ ချစ်ခင်ခြင်း၊ စည်းလုံးခြင်း၊ ကျန်းမာရေး စသည်တို့အတွက် အထူးအကျိုးပေးကြောင်း ဗေဒတ္တနယကျမ်းတွင် ဖွင့်ဆိုထား၏။

ကျိုက္ကမီရေလယ် ဆံတော်ရှင်စေတီကား ရေပတ်လည်ဝန်းရံ၍ အာပေါသရုပ် ပြည့်ဝကောင်းမွန်သော ဌာန၌ ကိန်းဝပ်တော်မူသည့်အပြင် မဟာသက္ကရာဇ် ၁၁၁ ခုနှစ်တွင် မြတ်စွာဘုရားရှင် နေသန့်စင်တော်မူခဲ့သည့် နေရာဌာနဖြစ်သည်။

ထိုနှစ်တွင်ပင် ကပ္ပိလရသေ့နှင့် ကြပ်မိုင်းမင်းသား(၁၀)ပါးတို့ ရရှိသော ဆံတော်(၁၁)ဆူကို ဌာပနာပြု၍ စေတီတည်ခဲ့သဖြင့် **"ကေဒသဆံတော်ရှင်"** စေတီဟု ဘွဲ့မည်တွင်ခဲ့သည်။ (၁၁)မီးငြိမ်းစေရန် ကောင်းမွန် ထူးကဲ… လှသော နိမိတ်ဖြစ်သည်။

သာသနာ ၂၃၇ ခုနှစ်တွင် ဒေဝါနံ… ပိယတိဿမင်းကြီး သီဟိုဠ်ကျွန်း(သီရိ… လင်္ကာ) သက်နီးသား ရုပ်ပွားတော်(၄) ဆူကို အဓိဋ္ဌာန်ဖြင့် မျှောလိုက်ရာ တစ်ဆူ… မှာ ကျိုက္ကမီရေလယ်ဘုရား ဂန္ဓကုဋိ… ကျောင်းဆောင်နှင့် မနီးမဝေးတွင် ရပ်… တန့်နေတော်မူ၏။

အကျင့်သီလနှင့် ပြည့်စုံသော… မုဆိုးမတစ်ဦးက ချည်မျှင်ဖြင့် ရစ်ပတ်… လျက် အဓိဋ္ဌာန်ပြု ပင့်ဆောင်ရာ ပါ… လာသဖြင့် ဂန္ဓကုဋိကျောင်းဆောင်… ပူဇော်ထား၏။


ထိုရုပ်ပွားတော်သည် အခြားဘာ… များသို့ မျက်နှာလှည့်ထားသော်… တောင်ဘက်သို့သာ ပြန်လည်… မျက်နှာမူမြဲဖြစ်သော ရုပ်ပွားတော်… ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





◆ အမျိုးသမီးတော်မြတ်စောင်းမှ ဖူးမြော်ရသော ဓမ္မစကြာရာပြည်ဘုရား

◆ ကပ်လှူထားသည့် သောက်တော်ရေဘူး

အထက်ပါ အကြောင်းများကြောင့် ရောက်ပြည့်ဝသော ကျိုက္ကမီဆံတော်ရှင်အား ကပ်လှူထားသည့် သောက်တော်ရေ (ရေသန့်ဘူး)များကို စွန့်ယူကာ ဆေးဖော်၊ ဆေးတိုက်ရာတွင် ထည့်သွင်း အသုံးပြုခြင်းဖြင့် ပိုမို၍ ဆေးစွမ်းထက်မြက်ကာ ကုသမှု အောင်မြင်ကြောင်း ကိုကျော်တင့်က ပြောပြသည်။

## စွန့်ယူခြင်း

သောက်တော်ရေ၊ ရေသန့်ဘူးများကို ဓယောင်းတိုင်၊ အမွှေးတိုင်၊ တံခွန်ကုက္ကား မုလေးပွားများနှင့် တွဲဖက်ကာ ပူဇော်ပွယ်ပစ္စည်းအဖြစ် ကုန်းတော်ရှိဆိုင်တွင် ရောင်းချလျက်ရှိရာ ဘုရားဖူးများက လွယ်လင့်တကူ ဝယ်ယူကပ်လှူ ကာသိုလ်ပြုတတ်ကြသည်။

ပြန်လည်စွန့်ယူသူ ရှိသကဲ့သို့ ဘုရားရှင်အား ရည်မှန်းကား အပြီးအပိုင်းကပ်လှူသွားကြသည်လည်း ရှိကြ၏။

ထိုသို့ အပြီးအပိုင် ကပ်လှူသွားသော ရေသန့်ဘူးများကို ဘုရားရှင်အား တိုင်တည်ပြီးနောက် ဂေါပကအဖွဲ့ထံ ခွင့်တောင်းကာ စွန့်ယူနိုင်ပါသည်။

'ကိုယ့်သဘောနဲ့ ကိုယ် မစွန့်လေနဲ့ ဆရာ၊ ကုန်းတော်အနှံ့ စောင့်ကြည့်ကင်မရာတွေ တပ်ထားတာမို့ ခိုးမှု ဖြစ်သွားလိမ့်မယ်၊ တောင်းယူရင် ပေးကြပါတယ်'

ဟု ကိုကျော်တင့်က အမျော်သဘော ပြောကြားသတိပေး၏။

'အေးဗျ… ကျွန်တော်လဲ ရေတတ်သလိုရှိတာနဲ့ ရေတစ်ဘူးလောက် စွန့်ယူမလို့ဘဲ။ နောက်ဘက် လှည့်ကြည့်လိုက်တော့ "ဘုရားဖူးများသောက်ရန်" စာတန်းနဲ့ ရေအိုးစင်တွေ့တာနဲ့ သွားသောက်ဖြစ်တယ်။

ရေအိုးစင်နားမှာ ကုန်းတော်အနှံ့ ချောင်ကြားမကျန် တီဗွီမြင်ကွင်းအစုံ မြင်ရတော့မှ "တော်ပါသေးရဲ့"လို့ သက်ပြင်းချမိပါတယ်။ ရေသန့်ဘူးတွေ ကိုယ်တိုင် ဝယ်ကပ်ပြီး ပြန်စွန့်လို့ကော မရဘူးလား'

'မဟုတ်ဘူးလေ… အဲဒါက အတ္တအကျိုးပါတယ်၊ ဘာအကျိုးမှ မမျှော်ကိုးတဲ့ ဘုရားကပ်လှူတဲ့ ပုံသဏ္ဌာန်ရေဘူးက ပိုပြီး သန့်စင်တာပေါ့'


'ဘယ်နေ့မဆို စွန့်ယူလို့ရသလား ဆရာ'


'ရပါတယ်။ ဒါပေမယ့် အကူအပံ့

◆ ရှင်မယ်တော်ရုပ်တု



www.burmeseclassic.com





◆ အနောက်ဘက်ကျွန်းသို့ နေလုံး တောင်ဝင်ရောက်ချိန်
ကျိုက်ထော်အောင် ဘိုးဘိုးရုပ်တု ◆

အစီအစဉ်ကလေးတွေ ဆောင်ရွက်ရင် ပိုကောင်းတာပေါ့'

## အကူအညီ အစီအစဉ်

ဝိဇ္ဇာဓရနယ ဆေးပညာမှာ ဘယ် နေရာမှ မကျန်ရစ်ရအောင် **"အရှေ့ နေထွက်၊ အနောက်နေဝင်၊ မြောက် ရှုဝ်၊ တောင်တံငါကွန်အတွင်း ရှိရှိ သမျှ လို့လည်းသာ ပယောဂ အလုံး စုံ"**လို့ ဆိုကြတယ် မဟုတ်လား။ လောကတခွင် ရေမြေပြင်အနံ့လို့ ဆိုတာ ပါပဲ။ ဒီတော့...

**တောင်ဘက်နယ်နိမိတ်ခြစ်တဲ့ တံခါး ကွန်တိုင်ကြွယ်ရိုးရာ မျက်နှာတူညီတဲ့ ကျိုက္ကမီရုပ်ပွားတော်မှာ ခုနစ်ရက် သားသမီး ကျန်းမာစေကြောင်း ဆု တောင်းရပါတယ်။ ကိုယ်အတွက်၊သူ တစ်ပါးအတွက်ဆိုရင် စနေနာရှင်ရဲ့ နေ့နံကို ထုတ်ဖော်လျှောက်ထားပေ။**

မြောက်အရပ်ကတော့ ဘုရားရှင်ရဲ့ နောက်ကျောဘက်မှာ ရှိတာကြောင့် အနန္တဘုန်းရှိမှီပြီး အထူးပြု ရည်ညွှန်း စရာ မလိုတော့ပါဘူး။ ပြီးရင် ကုန်း တော်စောင့် ဘိုးဘိုးကို ဂုဏဝယ အလေးထားပြီး ဂါရဝပြု အမျှဝေ မေတ္တာပို့ပေးရပါတယ်။

နောက်ပြီး တောင်အရပ်၊ အမျိုး သမီး ဝတ်ပြုဆောင်မှာရှိတဲ့ **အဏ္ဏဝါ စောင့် နဂါးမယ်တော်**ကိုလဲ ဒီအတိုင်း ဂါရဝပြု အမျှဝေ မေတ္တာပို့မေတ္တာခံယူ ပါတယ်။ ဒါဆိုရင် တောင်မြောက် အရပ်ညွှန်း(Vertical)အတွက် အစီ အစဉ် ပြီးပါပြီ။

**အရှေ့အနောက် Horizontal အရပ်ညွှန်းအတွက်ကတော့...**

အရှေ့မှနေထွက် အနောက်နေဝင် ဆိုတဲ့အတိုင်း နေလုံးကြီးဟာ အရှေ့ အရပ်ကစလို့ တဖြည်းဖြည်း မြင့်တက် လာပြီး မွန်းတည့်တာနဲ့ ပြန်ကျလာ မယ်။ နောက်ဆုံးမှာ အနောက်ဂေါယာ ကျွန်းသီဝင်ပြီး စုံးစုံးမြုပ်ပျောက်ကွယ် သွားမယ်။ ဒီလိုပဲ...

ရောဂါဝေဒနာ စတင်စွဲကပ်ပြီး ဆေး မတွေ့ရင် တဖြည်းဖြည်း ရင့်လာမယ်။ အဲဒီလို စွဲကပ်လာတဲ့ ရောဂါ ဝေဒနာ တွေ နေလုံးကြီး စုံးစုံးမြုပ်သွားသလို ပျောက်ကင်းသွားအောင် ရည်မှန်းပြီး နေဝင်ချိန်ကို စောင့်ရပါတယ်။

နောက်ပြီး ရောဂါအမှီပြုရတဲ့ ကုမုဒြာကြာ နေဝင်သွားချိန်ကစလို့ အားယူပြီး လရောင်ဆန်းချိန်(လထွက် ချိန်)မှာ ပွင့်လန်းရသလို...

ရောဂါ အမှီပြုရတဲ့ ဒီအစီအစဉ်မှာ လဲ **နေဝင်ချိန်ကို အသုံးပြုရပါတယ်။** ဒါကြောင့် **နေဝင်လထွက်တဲ့ လပြည့် နေ့လို အချိန်မျိုးမှာ ပြုလုပ်ရင် ပြီး သင့်လျော်ပါတယ်။**

နေလုံးကြီး အနောက်စွန်းမှာ တင်နေချိန်ကစပြီး ဘုရားဂုဏ်တော် တွေ ရွတ်ဖတ်ပူဇော်ရပါတယ် ပြီးရင်...

"ဒီနေလုံးကြီး စုံးစုံးမြုပ်ပျောက်ကွ သွားသလို ကာယကံရှင်ဆီမှာ စွဲကပ် နေရတဲ့ ရောဂါဝေဒနာတွေဟာလဲ လုံ ပျောက်ကင်းသွားပါစေ"

လို့ ဆုတောင်းပြီး ရေကို စွန့်ယ တယ်'

ဤသို့လျှင် ကြားသိရသဖြင့် တော် တောင်အရပ်ဆီမှ ကျိုက ရုပ်ပွားတော်အား ဝင်ဖူးပူဇော် တောင်း၍ ကုန်းတော်စောင့်ဘိုး



www.burmeseclassic.com

www.burmeseclassic.com

နဂါးမယ်တော်တို့အားလည်း သွားရောက်ဂါရဝပြု မေတ္တာပို့ အမျှဝေခဲ့သည်။

ယင်းနောက်တွင် ကိုကျော်တင့်နှင့်အတူ အနောက်ဘက် ပင်လယ်ပြင်အတွင်းရှိ မီးပြကျွန်းသို့ နေဝန်းမေးတင်ကာ ငုပ်လျှိုးသွားသည်အထိ မြတ်စွာဘုရား ဂုဏ်တော်များ ရွတ်ဖတ်ပူဇော်သည်။

နေလုံး ကွယ်ပျောက်သွားသောအခါ...

'အနန္တမေတ္တာရှင် မြတ်စွာဘုရားရှင်တော်၏ ယဟာကရုဏာတော် အဟုန်ကြောင့် ဤရေစင်ကို သုံးဆောင်ရသူထံတွင် ခံစားဖိစီးနေသည့် (၉၆)ဖြာသော ဝေဒနာတို့သည် ပင်လယ်ရေပြင်အောက်သို့ စုံးစုံးမြုပ်သွားသည့် နေဝန်းပမာ ကင်းစင်ပျောက်ပါစေသား'

ဟူ၍ ဆုတောင်းဖြစ်သည်။

ယင်းနောက်တွင် ဂေါပကအဖွဲ့ လုံခြုံရေးဝန်ထမ်းတစ်ဦးအား အကျိုးအကြောင်း ပြောပြသောအခါ သိမ်းဆည်းထားသော ရေသန့်ဘူးငယ်သုံးဘူးကို ယူပေးသည်။ ပူဇော်ငွေကို လက်မခံပါဟုပြောရာ အလှူခံသေတ္တာတွင်းသို့ ထည့်သွားပါဟု ဆိုလေသည်။

အခွင့်ကြုံကြိုက်၍ ကျိုက္ကမီဆံတော်ရှင် ရေလယ်ဘုရားဖူး ရောက်ခဲ့ပါလျှင် မိမိအတွက်သော်လည်းကောင်း၊ မိသားစုဝင် သို့မဟုတ် မိတ်ဆွေများအတွက်သော်လည်းကောင်း ကျန်းမာရေး စောင့်ရှောက်ခြင်း (အာယုဒါယ) ကုသိုလ်ပြုနိုင်ကြစေရန် ရည်သန်တင်ပြရပါသည်။

*[တိုင်းရင်းဆေးဆရာ ကိုကျော်တင့်အား ကျေးဇူးတင်ရှိပါသည်။]*

**စံထွန်းသာ**

သရေ(သွားရည်)ကျနေသော

# ကလေးများအတွက်

**စထိန့်ညွှန်းတစ်နည်း**

ပန်းတောင်းမြို့နယ်၊ ဆင်တဲရွာတွင် ဆိုက်ကားနင်းနေသော လူတစ်ယောက်၏ ကလေးမှာ သရေ(သွားရည်)များကျနေသည်မှာ အင်္ကျီရင်ဘတ်ကြီးတစ်ခုလုံး စိုရွှဲနေ၏။ မြင်မကောင်းအောင်ကိုပင် စိုရွှဲနေ၏။

တစ်နေ့သောအခါ အဆိုပါ ဆိုက်ကားဆရာလင်မယားနှင့်အတူ ကလေးကိုပါခေါ်ပြီး ကျွန်ုပ်နေအိမ်သို့ ရောက်လာ၏။ ရောက်လာပြီးလျှင် ဤကဲ့သို့ ကလေးများ သရေ(သွားရည်)ကျနေလျှင် ဘယ်လို ကုသရမလဲဟု လာပြီး အကြံဉာဏ်တောင်းပါသည်။


ကျွန်ုပ်က ဆေးဆရာမဟုတ်ပါ။ သို့ဖြစ်၍ ကျွန်ုပ်က မသိပါကြောင်း၊ သို့သော် တတ်ကျွမ်းနားလည်သူများအား စုံစမ်းပေးမည်ဖြစ်ကြောင်း ပြော၍ ပြန်လွှတ်လိုက်ပါသည်။

သို့ဖြင့် ကိုယ့်ထမင်းကိုယ်စားပြီး သူများအပေါ် ကူညီလိုသော စိတ်ရင်း စေတနာဖြင့် ဟိုမေးဒီမေးဖြင့် လိုက်လံစုံစမ်းခဲ့ရာ တစ်နေ့တွင် ကျွန်ုပ် တာဝန်ထမ်းဆောင်နေသော ကစစ(၁၆)ဆင်တဲ၏ အလုပ်ရုံတွင် ညစောင့်တာဝန် ယူထားသူ ဦးတင်စိုးအား မေးမြန်းမိရာ သူက...

'ပျားစွဲထားတဲ့ သစ်ကိုင်းဗျာ၊ အဲဒီအကိုင်းရဲ့ သစ်သားစကိုသွေးပြီး ပါးတစ်လျှောက် လူးပေးပါ။ ပြီးရင် အဲဒီသစ်ကိုင်းရဲ့ သစ်သားစတစ်စကို ကလေးရဲ့ လည်ပင်းမှာ ဆွဲထားပေးပါ။ လက်တစ်ဆစ်လောက်ဆိုရင် ရပြီ'

ဟု ပြောလေသည်။ ကျွန်ုပ်ကလည်း အဆိုပါ ဆိုက်ကားဆရာအား သွားပြီး ပြောပြခဲ့ပါသည်။

သုံးလခန့်ကြာပြီးနောက် ဆိုက်ကားဆရာအား အခြေအနေကို မေးမြန်းရာ ယခုထိ ရှာမရသေးဟု ဆိုပါသည်။ ကျွန်ုပ်ကလည်း အားမလိုအားမရ ဖြစ်လာကာ...



'ခင်ဗျားကလဲဗျာ ခင်ဗျားလောက် တစ်နေကုန်တစ်နေခန်း လမ်းလျှောက်သွားနေတဲ့သူ ရှိသေးရဲ့လား၊ အပေါင်းအသင်းတွေကလဲ ထောင်သောင်း ချီနေတာပဲ'

ဟု ပြောလိုက်ရာ ဆိုက်ကားဆရာလည်း 'မကြာခင် ရတော့မှာပါဗျာ'ဟု ပြောလေသည်။

မည်သို့ပင်ဖြစ်စေကာမူ အဆိုပါ ကလေးသူငယ်များ ယခုကဲ့သို့ သရေ (သွားရည်)ကျနေပါက ဦးတင်စိုးပြောပြသော ဆေးနှင့် အစီအရင်များအပြင် **သိရှိသူများက မည်ကဲ့သို့သော လောကီကျွှရ အစီအရင်များဖြင့် ပြုလုပ်ပေးသင့်ကြောင်းကို** စေတနာရှေ့ထားပြီး ရေးသားဖော်ထုတ်ပေးကြပါရန် တင်ပြလိုက်ပါသည်။

**မှတ်ချက် ။ ။ ဆိုက်ကားဆရာ၏ အမည်ကို ချန်လှပ်ထားခဲ့ပါကြောင်း...။**

*စာဖတ်သူများအား လေးစားစွာဖြင့်...*

**ချစ်ဆိုင်**

www.burmeseclassic.com

# အောင်အိုးကိုတည်လေ

## အောင်နိမိတ်ကို ထွန်းစေ

အောင်လှသန်း
(မင်းဘူး)



လောကီနယ်ပယ် လူ့လောက၌ လူအမျိုးမျိုး စိတ်အထွေထွေ ရှိကြပါသည်။

သို့သော် ကျန်းမာရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်တို့၌ အောင်မြင်လို စိတ်ကား အတူတူပါ။

အောင်မြင်လိုသူသည် လိုချင်တာကိုယူ ထိုက်ထိုက်တန်တန်ပေး၊ ကံ၊ ဉာဏ်၊ ဝီရိယ အားထုတ်မှုကို ပေးရတော့မည်။

ဉာဏ်တူလျှင် ကံကို ကူရပေမည်။ ကံကို ကူမည်ဆိုလျှင် အောင်အိုးကို တည်ရပေမည်။

မှတ်မိပါသေးသည်။ လွန်ခဲ့သော နှစ်(၂၀)ကျော်ကာလက ဗိုလ်ကြီး တင်ဝင်း (အငြိမ်းစား)နှင့် ကျွန်တော်တို့ ထွန်းသဘော်ပိုင်ရှင်တစ်ဦးမှ သူ၏ ထွန်းသဘော် မင်းဘူးဆိပ်ကမ်း၌ ဆိုက်ကပ်ရပ်နားနေစဉ် ညနေစာ ထမင်းစား ဖိတ်ပါသဖြင့် ထွန်းသဘော်လေးပေါ်သို့ ရောက်ရှိခဲ့သည်။

ဝါဆိုဝါခေါင် ရေကြီးချိန်ဖြစ်၍ ထွန်းသဘော်လေးသည် လှိုင်းနှင့်အတူ တငြိမ့်ငြိမ့်နှင့်...။

ရေယာဉ်ဦးခန်း၌ ကျွန်တော်တို့အား ဧည့်ခံပါသည်။ ကျွန်တော်တို့အား ဧည့်ခံသော ဦးခန်းအမြင့်စင်ပေါ်တွင် မြတ်စွာဘုရားရုပ်ပွားတော် သီတင်းသုံးနေသော ကျောင်းဆောင်နှင့် ပန်းစုံလျှူဒါန်းထားသော ပန်းအိုးတစ်လုံးကို တွေ့မြင်ရသည်။

ထွန်းသဘော် ပိုင်ရှင်မှ...

'ကျွန်တော် အောင်အိုး တည်ထားတာပါ။ အောင်အိုးကို စွဲစွဲမြဲမြဲ တည်တဲ့အတွက် ကျွန်တော် ထွန်းသဘော်လေးတစ်စီးကနေ အခုဆိုလျှင် နှစ်စီးပိုင်လာပါပြီ။ ကျွန်တော့် ဘဝ သဘော်အကူ စာရေးလေးက ရခဲ့တာပါ။ ဗိုလ်ကြီးတို့ကိုလဲ အောင်အိုး တည်စေချင်ပါတယ်'

ဟု ပြောသောအခါ ကျွန်တော်မှ...

'အောင်အိုး လှူဒါန်းထားတဲ့ ပန်းတွေက ဘာပန်းတွေလဲဗျာ'

ဟု မေးလျှင် ထွန်းသဘော်လေး ပိုင်ရှင်မှ အောင်အိုးကို စင်ပေါ်မှချတဲ့ပြီး...

'ဟောဒါက သပြေညွန့်ပါ။ ဒါက မြေဇာ ပါ။ ဒါက မာလကာညွန့်နဲ့ ဩဇာညွန့်ပါ။ ဒါက ဇီး(ဆီး)ညွန့်ပါ'

ဟု ရှင်းပြပါလေသည်။

ကျွန်တော်လည်း အောင်အိုး လှူဒါန်းထားသော ပန်းတို့ကို ဉာဏ်မီသလောက် အတွေးကို ဆန့်ကြည့်မိပါသည်။

၁။ သပြေ

ပြေသောအသီးဖြစ်၍ သီးပြေပင်ဟုခေါ်သည်။ အောင်ပါစေ သပြေညိုဆိုတဲ့ပန်းရယ်နဲ့ ရေချမ်းကိုလောင်း အလက်ာစာစုသည် အောင်မြင်လိုသူ အတွက် လမ်းညွှန်ချက်ဖြစ်သည်။

သပြေသည် အောင်ဖေယျတုနဲ့ ထုတိမင်္ဂလာတည်ရန် ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းမှာ အောင် နိမိတ်ကို ထွန်းစေပါသည်ဟု...။

၂။ မြေဇာ

ကမ္ဘာဦးအစက ပေါ်လာသော ရေမှော်ပင်မျိုးပါ။ အလွန်မာကြောပါသည်။ နေပူလေပူဒဏ်ကို ခံနိုင်ရည် ရှိပါသည်။

လူသား၏ ဖွားနေ့များကို ကြည့်ပါဦး။ တနင်္ဂနွေမှ စနေထိ နေ့(၇)နေ့ ရှိပါသည်။ သို့သော် ဗုဒ္ဓဟူးနေ့ မွန်းတည့်နောက်ပိုင်း ဖွားမြင်သူကို ရာဟုဖွားဟု သတ်မှတ်ကောက်ယူပါသည်။

ထိုအခါ လူသားကို ရာဟုဖွားပါ ထည့်သွင်းရေတွက်ပါက နေ့(၈)နေ့ ဖွား သဘောသက်ရောက်ပါသည်။

မြေဇာကို အက္ခရာပညတ်၊ သင်္ချာ ပညတ်ကောက်ပါက(မြေ ၅ + ဇာ ၃) (၈)ဂဏန်းရပါသည်။ ထို့ကြောင့် မြေဇာသည် (၈)နေ့ဖွား လူသားတို့ ကိုယ်စားပြုပါသည်ဟု...။

တစ်နှစ် (၁၂)လကို နေ့(၅)နေ့နှင့် မြှောက်ပါက (၃၆)ရပါသည်။ ဒါကို (၃၆)ပါးရောဂါဟု ဆိုပါ။



www.burmeseclassic.com

www.burmeseclassic.com

(၉၆)ပါးရောဂါဆိုသည်မှာ ကံကြောင့်ဖြစ်သောရောဂါ (၃၂)ပါး၊ စိတ်ကြောင့်ဖြစ်သော ရောဂါ (၃၂)ပါး၊ (ဥတု+အာဟာရ)ကြောင့် ဖြစ်သောရောဂါ (၃၂)ပါး ပေါင်း (၉၆)ပါးဖြစ်၍ လူသားကိုယ်စားပြု (၈)ဂဏန်းမြေဖြာသည် အကြွင်းမရှိ ချေဖျက်နိုင်သည်ဟု...။

၃။ ဩဖြာ

ကမ္ဘာဦးအစ ဗြဟ္မာကြီးများ ကိုယ်ရောင်ကွယ်ပသွားသောအခါ နေထွက်ပေါ်လာ၏။

နေကို တနင်္ဂနွေ ပညတ်ပြီး အက္ခရာအားဖြင့် (အ)ဂဏန်း၊ သင်္ချာအားဖြင့် (၁)ဂြိုဟ်စဉ်ကား ဂဠုန်ဟု ပညတ်ဖွဲ့ပါသည်။ **[အအာဂုဏ်ဦးစြေ]**

သရ(၈)လုံးရှိရာ (အ)အသုံး အဆုံးပေဟု ကျမ်းလာစကားအရ ဩဖြာဓာတ်သည် အကြွင်းမဲ့အဆုံး အောင်ဓာတ်ကို ပွင့်လန်းစေသည်ဟု...။

၄။ မာလကာညွှန့်

မင်္ဂလာညွှန့်ဟု ပညတ်ယူပါသည်။ မာလကာကို အက္ခရာပညတ်စဉ်ဓာတ်အစဉ်ကောက်ပါကကြာသပတေး ၅+ ဗုဒ္ဓဟူး ၄ တနင်္လာ ၂ ရ၍ (တနင်္လာ–ကြာသပတေး) ဂဇ္ဇေမြေဓာတ် (ဗုဒ္ဓဟူး ဝဲသေ)ရေဓာတ်ရပါသည် အောင်အိုးတည်သူအား မြေခံရေခံ ခိုင်မာစေသည်ဟု...။

၅။ ဇီး(ဆီး)ညွှန့်

ဇီးဆူး ဇီးချွန်သကဲ့သို့ အောင်အိုးတည်သူ၏ ကံကိုချွန်စေရန်ဟု ယူဆရသော် **(ဤနေရာ၌ ဆူးလှည်းမောင်း၍ ငြီစွန်းသည်ဟု မယူဆပါရန်)**

ကျွန်တော် အထက်ပါ အောင်အိုးကိုတည်၍ ဂုဏ်တော်အဓိဋ္ဌာန်ကျင့်စဉ်ဝင်ပြီး မေတ္တာပို့ အမျှဝေ သူတစ်ပါး၏ ကုသိုလ်ပုညသခါရကို အလေးထား၍ သာဓုခေါ် ကျင့်စဉ်ဝင်ခဲ့၍ အောင်ဘာလေထီဆု(၂)ကြိမ် ပေါက်ခဲ့ဖူးပါသည်ဟု ငယ်စဉ်က အတွေ့အကြုံတစ်ခုကို တင်ပြလိုက်...

(ဓာတ်ကို စောင့်ရှောက်သူအား ဓာတ်က ပြန်လည်စောင့်ရှောက်ပါသည်။)

**အောင်လှသန်း *(မင်းဘူး)***

## မျက်စိဒဏ်ရာ

### ထိခိုက်မိလျှင်



လူတို့တွင် မျက်စိသည် တန်ဖိုးအရှိဆုံး / အသုံးဝင်ဆုံး ဖြစ်သည်။ ထိုမျက်စိသည် တစ်ခါတစ်ရံတွင် ထင်မှတ် မမျှော်လင့်ဘဲ ဒဏ်ရာအနာတရ ဖြစ်တတ်ကြသည်။

ကျွန်တော်သည် မူလတန်းကျောင်းအုပ်တစ်ဦး ဖြစ်ပါသည်။ နေ့လယ်ကျောင်းဆင်းချိန်တွင် ကျောင်းမှ ကလေးသူငယ်များသည် ကျောင်းနံဘေးကန်မှ ရွှံ့ပျော့များရုံးကာ တစ်ဦးနှင့်တစ်ဦး ပစ်ခတ်ကစားကြရာမှ ကျောင်းသားတစ်ဦး၏ မျက်စိကိုထိမှန်ပြီး လက်သန်း လက်သည်းခွံအရွယ် သွေးနီကွက် ဖြစ်သွားပါသည်။

ယင်းကို မည်ကဲ့သို့ ကုသရမည်ကို စဉ်းစားသောအခါ အဘိုးအဘွားများ ပြောခဲ့သောနည်းတစ်နည်းကို သတိရပါသည်။ ယင်းမှာ **ကျွဲ၏ဦးချိုဖြစ်ပါသည်။**

ကျွဲချိုကို ရေနှင့် ကျောက်ပျဉ်ပေါ်တွင်သွေး ၍ တစ်နေ့လျှင် သုံးခါလောက် မျက်ခွံပေါ်မှ ကွင်း၍ လိမ်းပေးရပါသည်။ မျက်စိအတွင်းသို့ မထိရပါ။

ထိုကဲ့သို့ လိမ်းပေးသောအခါ နှစ်ရက်,သုံးရက်အကြာတွင်သက်သာ ပျောက်ကင်းသွားပါသည်။

ရွာတစ်ရွာမှ လှည်းဖြင့် ခရီးသွားစဉ် ဝါးကိုင်းအသေးဖြင့် ရိုက်မိ၍ တစ်နှစ်မျှ ဒဏ်ရာရနေသူကိုလည်း ဤနည်းဖြင့် ကုပေးခဲ့ပါသည်။

ယခုအခါတွင် ကျွဲချိုမှာ ဝယ်၍ပင် မလွယ်ကူပါ။ စာရေးသူငယ်စဉ်က ကျွဲချိုဘတ် ခွလေးခွတို့ ပေါလှပါသည်။

ယင်းမရပါက ကျွဲချိုဆီ၊ ကျွဲချိုဆံထိုးတို့ကို ရှာဖွေ၍ လိမ်းပေးပါက ပျောက်ကင်းပါသည်။

ဒဏ်ကြေသွားသည်ဟု ပြောရမလားမသိပါ။ တစ်ခါတစ်ရံတွင် မိမိလက်ဖြင့်သော်လည်းကောင်း၊ အခြားသူ၏ လက်ဖြင့်သော်လည်းကောင်း ထိခိုက်မိသော် ယင်းကဲ့သို့ ကုသနိုင်ပါသည်။

ရှေးဘိုးဘွားများ ပြောပြထားခဲ့သောနည်း ဖြစ်ပါသည်။ စာဖတ်သူများ မျက်စိထိခိုက်ခြင်းမှ ကင်းဝေးကြပါစေ...

**သန်းဆွေ (ရွှေဘို)**

www.burmeseclassic.com



# ကျားမှန်လျှင် အားသန်ရအောင်
# ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"တိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ဝင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် တိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညှိုးပန်းသေရောဂါ)၊ လိင်ခေါင်းရောဂါ၊ သေငန်းသေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အတူပဲသွားကြရအောင်"

❀ ❀ ❀ ❀ ❀

"တိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ဧည့်သည်ပါလာတာကိုး၊ ထဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ တိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ထဲ. . . တိုမင်းဝေ ဒီရောဂါကြောင့်တော့ အိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ တိုက်ညှိကြည့်မှသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟဿမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုတ်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ကြောတ်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ သေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချို ရောဂါရှိသူများ၊ (၁၀) လိင်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညှိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညှိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) ခါးပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိ မေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် တိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုတ်လွှတ်ခြင်း၊ သုတ်အားနည်းခြင်း၊ သုတ်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

| ဆေးထုတ်လုပ်ပင်ရင်း | ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန |
|---|---|
| အမှတ် (၂၅၁၉/ခ) ဗညားဒလလမ်း၊ | အမှတ် (၁)၊ ကျိုက္ကဆံဘုရားလမ်းထောင့် |
| (၃၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ |


www.burmeseclassic.com

www.burmeseclassic.com

ဆရာတော် ဦးကေသရနှင့်

# ဝင်းစိန်တောရ

သာသနာမြေ (၁)

နယ်လှည့် စာသမားတစ်ဦး

'အစ်ကိုကြီးရေ... ဗျိုင်းနှစ်ကောင် ဝင်းစိန်ဆရာတော်ကြီးတော့ နေ့ခင်း (၂)နာရီ (၅၇)မိနစ်မှာ ပျံတော်မူသွားပြီး ရှာပန အခမ်းအနားအတွက် ဆရာတော်ကြီးတွေနဲ့ တိုင်ပင်နေတုန်းပဲ'

ဝင်းစိန်တောရတွင် အမြဲနေထိုင်၍ ဆရာတော်ကြီးအား ဝေယျာဝစ္စ ကုသိုလ်ပြုနေသည့် မိတ်ဆွေ ဦးကြူအောင်က **၂၆-၄-၂၀၁၅ နေ့ညတွင်** သတင်းပေးအကြောင်း ကြားလာခြင်း ဖြစ်၏။

ဆရာတော်ကြီးအား (၁၀-၅-၂၀၁၅)ရက်နေ့တွင် ထိုင်းနိုင်ငံ၊ မဟာချုလာလောကဓာန်း ဗုဒ္ဓတက္ကသိုလ်မှ သာသနာပြုဆိုင်ရာ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ ဆက်ကပ်ရန်ရှိကြောင်းလည်း ပြောပြသည်။


ကျောက်တစ်လုံးဆရာတော် သို့မဟုတ် သုသာန်ဆရာတော်ဟုလည်း ခေါ်တွင်ကြသည်။ **မုဒုံမြို့နယ်၊ မြိုင်တုန်းကျေးရွာအနီး၊ ဗျိုင်းနှစ်ကောင်ရွာနှင့် ဝင်းစိန်တောရတွင် သီတင်းသုံးနေတော်မူသော ဆရာတော်ကြီး ဦးကေသရသည်** သက်တော်(၉၄)နှစ်အဝင် (ဝါတော် ၄၄ ဝါ)တွင် ဘဝနတ်ထံ ပျံလွန်တော်မူခြင်းဖြစ်သည်။

## ဆရာတော်၏ လက်ဆောင်

၁၃၄၂ ခုနှစ်ခန့်တွင် မုဒုံမြို့နယ်၊ ကျောက်တစ်လုံးတောင် ငွေလိုဏ်ဂူတွင် သီတင်းသုံးတော်မူသော ဆရာတော် ဦးကေသရထံမှ မျက်စိတစ်လုံး အနီးမှတ်ခွဲ လက်နှစ်လုံးခန့်ကို စွန့်လှူရရှိခဲ့သည်။

**"မင်း လိုရာသုံး"**ဟု မိန့်တော်မူသဖြင့် ကိုယ်နှင့်မကွာ ဆောင်ထားရာ






ပျံတော်မူသီး ဖူးမြင်ရသော ဆရာတော် ဦးကေသရ

နှစ်အတန်ကြာ၍ စစ်ကိုင်းမြို့၊ စိန်ကုန်းရပ်နေ ခြေခဏာဆရာမ ဒေါ်ခင်ဌေးမြင့်နှင့် တွေ့ဆုံစဉ် မေးမြန်းကြည့်၏။

'မုတင်ဆောင် တောရဆရာတော်တစ်ပါး စွန့်လှူတာပါ။ ဘာကောင်းသလဲ၊ ဘယ်လို သုံးရသလဲဆိုတာတော့ မသိရပါဘူး'

'ဘေးအန္တရာယ်ကင်းတယ်၊ ကာယကောင်းတယ်၊ အဲဒီအတွက် သင့်ဆိုင်ရာ အစီအရင်တွေရှိပါရဲ့၊ ပင်းမှာ



www.burmeseclassic.com

www.burmeseclassic.com

တရားအဆောင် ရှိပြီးသားမို့ ဆောင်လဲ ရတယ်။ မဆောင်လဲ ဘာမှ ဖြစ်စရာ မရှိဘူး'

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကြောင့် ဘေးအန္တရာယ်ကြီးမားစွာ ကြုံဆုံရဖွယ်မရှိဟု ဆိုလိုခြင်းဖြစ်ဟန် တူပါသည်။ သို့နှင့် ထူးဆန်းပစ္စည်းများကို စိတ်ဝင်စားသည့် မိတ်ဆွေရင်းတစ်ဦးအား ပေးလှူဖြစ်ခဲ့သည်။

မျက်စိတစ်လုံးအုန်းမှာ ယခုအခါ မိမိထံတွင် မရှိတော့သော်လည်း ယင်းနှင့်အတူ စွန့်လှူသော လက်ဆောင်တစ်ခုကား ယခုတိုင် မပျောက်မပျက် တည်ရှိဆဲဖြစ်သည်။ ထိုလက်ဆောင်ကား…

'မရှိမရှုပ် ရှိလျှင် ရှုပ်၏

မပျက်ပွားများ ထိုတရားကို မှတ်သားနာယူ သတိမူလော့၊

အာရုံမသေတာ မြို့ကျွမှာ

ရုပ်သေတော့ သုသာန်

နာမ်သေမှ နိဗ္ဗာန်၊

စိတ်ကို ပိုင်မှ ရုပ်ကို နိုင်မည်။

တရားရှိလျှင် အပူမရှိ အပူရှိလျှင် တရားမရှိ၊

ကိုယ်သာလျှင် ကိုယ့်တဝရဲ့ ပဲ့ကိုင်၊

နေဝင်ချိန်နီးပြီ တွေ့အောင်ကြည့် မြဲအောင်ကိုင်၊ မာအောင်ထု။

တစ်ယောက်ဆို တရား နှစ်ယောက်ဆို စကား သုံးယောက်ဆိုရင် အလကား'

ဟူ၍ ဖြစ်လေသည်။

ဆရာတော်သည် ကျောက်တစ်လုံးတောင်ခေါ် နဂါးမောက်တောင်အနီးတွင် ကျောက်ထုတ်လုပ်ငန်းမှ မိုင်းခွဲလေ့ရှိသဖြင့် ဆူဆူညံညံ ရှိလေရာ တိတ်ဆိတ်၍ လူသူအရောက်အပေါက်နည်းသော မြိုင်ကုန်းရွာအရှေ့ နှစ်မိုင်ခန့်အကွာရှိ ဘဲလူးတောင်ကြားသို့ သွားရောက်၍ တရားရှုမှတ်လေ့ရှိ၏။

ထိုနေရာ၌ ထုံးဖုတ်သော ထုံးဖိုများသာရှိ၍ လူသူပြတ်လပ်လှသဖြင့် တစ်ဖက်နိုင်ငံသို့ နွားကုန်ကူးလေ့ရှိသည့် နွားမှောင်ခိုသမားတို့သာ တစ်ခါတစ်ရံ ဖြတ်သန်းသွားတတ်ကြလေသည်။

ဆရာတော်သည် ညအခါတွင် ဝန်းကျင် ကျေးရွာများရှိ သုသာန်များ၌ ဓုတင်ဆောက်တည်လေ့ရှိရာ မုဒုံမြို့နယ်နေ ကိုထွန်းက ညမှောင်စပြုချိန်တွင် စက်ဘီးနောက်ခုံတွင် တင်ကာ သွားလိုရာ သုသာန်များအနီးသို့ ပို့ဆောင် ကုသိုလ်ယူလေသည်။

## ဘဲလူးတောင်မှာ တစ်ညတာ

တစ်ညနေတွင် ဘဲလူးတောင်ကြားသို့ ကိုထွန်းနှင့်အတူ ဆရာတော်အား သွားရောက်ဂါရဝပြုသည်။ နေဝင်၍ မှောင်စပျိုးသည်အထိ ဆရာတော်က နေရာမှမထဘဲ စကားပြောဆိုနေပြီးနောက်…

'ဒီနေ့ သချိုင်းမသွားတော့ဘူး ဒီမှာ လုပ်စရာရှိတယ်။ မင်းတို့လဲ ဒီမှာပဲ အိပ်သွားကြပေါ့။ မနက်လင်းမှ ပြန်ကြ'

ဟု မိန့်တော်မူသည်။

ခြောက်သွေ့သော တပေါင်း တန်ခူးကာလဖြစ်လေရာ မြေညီကွက်လပ်၌ပင် ထင်းတုံး ခေါင်းအုံး၍ အိပ်ကြသည်။ ဆရာတော်က သက်န်းတစ်ထည် လွှမ်းပေးလျက် "**ဘယ်မှ မသွားကြနဲ့**"ဟု မှာကြားထွက်ခွာသွားသည်။

ထိုစဉ်က မြိုင်ကုန်းရွာမှ ထိုနေရာသို့ လမ်းမပေါက်ပါ။ ထုံးဖိုများကို ကွေ့ပိုက်ကာဖြင့် ကျင်းချိုင့်ကမူများအား ကျော်ဖြတ်သွားရသည်။ အပင်မရှိ။ ထုံးငွေ့များကိုသာ ရှူရှိုက်ရသဖြင့် နေပူပူတွင် အတန်ငယ် ပင်ပန်းရ၏။

သို့ဖြစ်ရာ ခရီးပန်းသည်နှင့်အတူ ညနေက တစ်ပါတည်း သယ်ဆောင်လာသော ကောက်ညှင်းကျည်တောက်များ၏ တန်ခိုးကြောင့် အိပ်ပျော်သွားရာမှ စင်စင်လင်းမှပင် နိုးကြတော့သည်။

နှစ်ဦးသား လူးလဲထက သင်္ကန်းခေါက်ရန်ပြင်စဉ် ဝန်းကျင်မှ သွေးသံတရဲရဲနှင့် လူတစ်စုကို မြင်ရသဖြင့် အံ့ဩစွာ မေးမြန်းကြည့်သည်။

'ခင်ဗျားတို့နှယ် ဒီလောက် ဆူဆူညံညံ ထုထောင်းရိုက်နှက်နေတာ မကြားဘူးလား'

ညအိပ်စခန်းချသော နွားကုန်သည်တို့အား ဓားပြများက ရိုက်နှက်ညှင်းပန်းကာ နွားများနှင့် ငွေကြေးများ လုယက်ယူသွားကြကြောင်း သိရသည်။

ယခင်ကာလများက ဆရာတော်ထံတွင် အိပ်စက်ဖူးကြသော်လည်း တောရချောင်တွင် အဆင်ပြေသလို မိမိတို့ ဘာသာကွေးကြသည်သာ ဖြစ်၏။ ယခုမှာမူ သင်္ကန်းခြုံလွှမ်းကာ တခုတ်တရ မိန့်ကြားသည်ကို သတိပြုမိတော့သည်။

ဆရာတော်သည် ဤဖြစ်စဉ်ကို ကြိုမြင်၍ ကာကွယ်ပေးခြင်း ဖြစ်ပေမည်။ သို့သော် ထိုလူစုမှာ သနားစရာဟု တွေး၍ လျှောက်ထားကြည့်သော အခါ…

'ဟဲ့ အပေါင်(ပေါင်မြို့မှ အကာဟု ဆိုလိုခြင်းဖြစ်သည်) အကြောင်းရင်းရှိလို့ ဖြစ်ရတဲ့ သံသရာမှန်သမျှ ပျက်ခြင်းသဘော ရှိတယ်။ အားလုံးကို ကယ်လို့ရတာမဟုတ်ဘူး'

ဟု မိန့်မြွက်တော်မူလေသည်။

## ဝင်းမိန်တောရမှ အာ[illegible]ရဒါန

ယင်းနောက်တွင် ဘဲလူးတောင်ကြား





www.burmeseclassic.com

www.burmeseclassic.com

ကို **"ဝင်းစိန်တောရ"**ဟူ၍ အမည် သော စေတီပုထိုးသာသနိက အဆောက်အအုံများဖြင့် စည်ကား ထင့်တယ်အောင် ဆောင်ရွက်တော်မူ သည်။ မိမိကား မိရိုးဖလာ ဈေးသည် အဖြင့် အစဉ်အမြဲ မရောက်ဖြစ်သော် သည်း တစ်လတစ်ခါ၊ နှစ်လတစ်ခါ ဆိုသလို မကြာခဏတော့ ရောက်ဖြစ် သည်။

တစ်နေ့တွင် နေ့လယ်ဆွမ်းဘုဉ်းပေး ချိန်၌ ရောက်သွားသဖြင့် ရှိခိုးဦးချ ပြီးနောက် အခြားဒါယကာ ပရိသတ်နှင့် အတူ ထိုင်နေလိုက်သည်။

ရဟန်းအိုတစ်ပါးက ဟင်းခွက်တွင် နှစ်ဖြင့် တို့ကာနှံ့ကာ စူးစမ်းနေသည် ကို တွေ့ရသော ဆရာတော်က **"ဘုန်းကြီးဆိုတာ လှူတာ စားရ တယ်"**ဆိုလျက် ဇတ်ကနဲနှိုက်ကာ ထိုရဟန်း၏ ဆွမ်းထမင်းပန်းကန်သို့ လောင်းထည့်ပေးလိုက်သည်။

ဆရာတော်သည် သက်သတ်လွတ် စားသူ မဟုတ်သော်လည်း ဆွမ်းဟင်း ကောင်းမကောင်း ဝေဖန်မိန့်ကြားလေ့ မရှိပါ။

သပိတ်တစ်လုံး သင်္ကန်းသုံးထည် သာ ကိုယ်ပိုင်ထား၍ ဆွမ်း၊ ထမင်း၊ ဟင်းအစ သိုလှောင်သိမ်းဆည်းထား ခြင်း မရှိဘဲ ရောက်လာသူတို့အား အကုန် စွန့်လှူပစ်သည်သာဖြစ်၏။

ထိုစဉ်က သာမညဆရာတော်ကြီး က သက်သတ်လွတ်ဟင်းလျာဖြင့် လာသမျှ ပရိသတ်ကို အလျှံပယ် ကျွေးမွေးစွန့်လှူသကဲ့သို့ ဝင်းစိန် ဆရာတော်ကြီးသည်လည်း လာသမျှ ပရိသတ်ကို သားငါးဟင်းလျာစုံဖြင့် စုံစေလောက်အောင် စွန့်လှူကျွေးမွေး တော်မူရာ ပျံတော်မူချိန် ကာလအထိ ပင် ဖြစ်၏။



◆ ဆောင် တောင်ချောက်ဆည်က အရှင်ဆကာသရ

မိမိ၏ မိတ်ဆွေတစ်ဦးက ဝင်းစိန် တောရသို့ လစဉ် ဝက်သားပိသာချိန် (၈၀) ပေးပို့လှူဒါန်းကြောင်း သိရှိရ ၏။

ဆရာတော်၏ မွေးနေ့ ပူဇော်ပွဲကို နှစ်စဉ် ပြာသိုလဆုတ်(၁၀)ရက်နေ့တွင် ကျင်းပလေ့ရှိရာ တပည့် ဒါယကာများ က မဏ္ဍပ်များထိုးကာ သားငါးဟင်း လျာစုံဖြင့် လာသမျှပရိသတ်ကို ထမင်း ကျွေးမွေးလှူဒါန်းကြရာ စတုဒိသာ မဏ္ဍပ်ပေါင်း (၂၀)ဝန်းကျင်မျှ ရှိသည် ကို တွေ့ရလေသည်။

ထမင်း၊ဟင်းသာမက မုန့်ဟင်းခါး၊ ခေါက်ဆွဲကြော်၊ ကြာဆံကြော်၊ ရေခဲ မုန့်၊ ဖာလူဒါ၊ သကြန်ထမင်း (သရက် သီးစိမ်းနှင့် ငါးခြောက်ထောင်းကြော်) စသည်တို့လည်း ဖွယ်ဖွယ်ရာရာ ကျွေး မွေးကြသည်။

နံနက်(၉)နာရီကျော် (၁၀)နာရီခန့် ဆရာတော်ကြီး သိမ်တက်၊ သိက္ခာထပ် မင်္ဂလာပြုပြီးချိန်မှ စတင်ကာ ညနေ စောင်းသည်အထိ အဆက်မပြတ် ကျွေးမွေးကြခြင်း ဖြစ်လေသည်။

## အရိယာဆွမ်းကပ်လှူပွဲ

ဆရာတော်၏မွေးနေ့ နံနက်စော စောအချိန်၌ မွေ့ရုံကြီးအတွင်း ဘုရား ဆောင်အနီး၌ စားပွဲဝိုင်းများ အပြည့် ခင်းကာ ဆွမ်းခဲဖွယ်ဘောဇဉ် ချိုချဉ် ရသာများ ဖျော်ရည်များ ပြင်ဆင် တည်ခင်း၍ အရိယာဆွမ်း ကပ်ကြ သည်။

ဆရာတော်ကြီးနှင့်အတူ သာသနာ ပြုလုပ်ငန်းတွင် ပါဝင်ကူညီကြသည့် အထူးထူးသော ပုဂ္ဂိုလ်အပေါင်း၊ နတ် ဒေဝတာ သိကြားဗြဟ္မာ အပေါင်းတို့ အား ဆွမ်းကပ်လှူခြင်းဖြစ်သည်။

ဆရာတော်ကြီးကိုယ်တိုင် ဆွမ်း ဝိုင်းများအနီးတွင် သီတင်းသုံး ထိုင် တော်မူကာ စောင့်ကြပ်ပေးသည်။

ရုပ်ဖြင့် ထင်ရှားမမြင်ရသော်ငြား လည်း ခဲဖွယ်ဘောဇဉ် သစ်သီး စသည် တို့မှာ တစ်စုံတစ်ဦးက ယူငင်စားသုံး ဘုဉ်းပေးသကဲ့သို့ တဖြည်းဖြည်း လျော့ ပါးသွားသည်ကို မြင်ရသည်ဟု ကဗွီယ တစ်ဦးဖြစ်သူ ဦးပုနောင်က ပြောပြခဲ့ သည်။

## သိက္ခာထပ် မင်္ဂလာ

အရိယာဆွမ်းကပ်ပွဲ ပြီးသောအခါ **ကောင်းကင်နဂါးအဖွဲ့ ဂါထရွတ်ပြခြင်း (ပေါင်မြို့ ကြိန့်တိတ်ဘုံဘုရား ကျောင်းမှ ဂါထရွတ်ပြသည်။)** ကျောင်း သူလေးများ၏ ပန်းပွားအကနှင့် ဘင်ခရာအဖွဲ့ ဂါရဝပြုခြင်း (မော်လမြိုင်မြို့ အထက်တန်းကျောင်း များမှ ဂါရဝပြုသည်။) စသည်တို့ကို ခံယူ၍ အဆောင်မင်္ဂလာငွေကြေး (အန်ပေါင်း)များ စွန့်လှူတော်မူသည်။

ယင်းနောက်တွင် မွန်ပြည်နယ်ဖွား သရုပ်ဆောင်အချို့ ခြံရံလိုက်ပါ၍ ဘုန်းတော်ကြီးဦးသီလ သီတင်းသုံး



www.burmeseclassic.com

www.burmeseclassic.com

သမုတ်တော်မူခဲ့သည့် ခဏ္ဍာသိမ်သို့ ကြွရောက်လေသည်။ ***(မွေးနေ့ ပွဲတော်တွင် ဒေသခံ ပိုးကရင် နံ့ယိမ်းအဖွဲ့များ၊ ရှစ်ရှင်ဖွီဒီယို သရုပ်ဆောင်များလည်း လာရောက် ဂါရဝပြုပူဇော်လေ့ ရှိကြသည်။)***

ခဏ္ဍာသိမ်၌ သိက္ခာထပ်မင်္ဂလာပြုသောအခါ ပစ္စယာနုဂ္ဂဟ ပုဂ္ဂိုလ်များမှာ မြန်မာနိုင်ငံတလွှားမှ စီးပွားရေးလုပ်ငန်းရှင်များသာမက ထိုင်းနိုင်ငံမှ လုပ်ငန်းရှင်များလည်း ကုသိုလ်ပြုလာရောက်ကြသည်ကို မြင်တွေ့ခဲ့ရပေသည်။ သိမ်မှ ပြန်အကြွတွင် အာဟာဒါန လှူဒါန်းပွဲကြီးကို ကျင်းပ လှူဒါန်းခြင်း ဖြစ်သည်။

ယင်းနေ့တွင် ဘုန်းကြီးကျောင်း (၁၀၀)မှ ကျောင်းထိုင်ဆရာတော်များအား ပင့်ဖိတ်၍ ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ခြင်း၊ သံဃာ၊ သီလရှင် အပါး(၁၀၀၀)ကျော်အား လှူဒါန်းခြင်း၊ စာသင်တိုက်များသို့ ဆန်အိတ်ပေါင်း(၉၀၀)ကျော် ထောက်ပံ့လှူဒါန်းခြင်း...

သက်ကြီးဘိုးဘွားများအား ဝတ္ထုငွေ (အသက်အရွယ်အရ ငါးသောင်း၊ တစ်သိန်း စသည်ဖြင့်) ထောက်ပံ့လှူဒါန်းခြင်း၊ ကြွလာသော ပရိသတ်အား ငွေစက္ကူ(ငါးထောင်တန်၊ တစ်သောင်းတန်)များ ဖြန့်ကြဲ၍ ရွှေမိုးငွေမိုးရွာသွန်းခြင်း စသည့် ဒါနများလည်း ပြုတော်မူသည်။

စတုဒိသာမဏ္ဍပ်များမှ ကျွေးမွေးသည့်အပြင် ဝင်းစိန်တောရ၊ ဂေါပကအဖွဲ့မှလည်း ထမင်းနှင့် ကြက်သားဟင်းများကို ဖော့ဘူးဖြင့် ထုပ်ပိုးကာ လှူဒါန်းဝေငှပေးလေ့ရှိရာ နှစ်စဉ်ဆန်တင်းတစ်ရာခန့် ချက်ပြုတ်ရကြောင်း သိရှိပေသည်။

ဝင်းစိန်တောရ ဆရာတော်ကြီး ဦးကေသရအား ရှေးဦးယခင် တပည့်ဒါယကာတစ်ဦးအဖြစ် လည်းကောင်း၊ ပေါင်မြို့ ကြန့်တိတ်ဘုံဘုရားကျောင်း ဘာသာရေး တာဝန်ခံအဖြစ်လည်းကောင်း တွေ့ဆုံ ဂါရဝပြုပူဇော်ခဲ့ရသည်များအနက် အချို့ကို မိတ်ဆက်တင်ပြခြင်း ဖြစ်ပါသည်။

ရှေ့ဆက်၍ ဆရာတော်၏ ဘဝဖြစ်စဉ်အချို့ကို ကြည်ညိုသဒ္ဓါ ပွားနိုင်ကြစေရန် တင်ပြပါမည်။

ရှေးဦးစွာ သုသာန်ဆရာတော်ဟု ခေါ်တွင်ထင်ရှားလာခြင်းနှင့် နေရာ အနှံ့ ကြွရောက်ပါရမီဖြည့် စဉ်က ဖြစ်စဉ်အချို့ကို အစီးသဘောဖြင့် ဖော်ပြပါမည်။

ဆရာတော်သည် အသက်(၅၀) အရွယ်တွင် မော်လမြိုင်၊ ဈေးကြီးရပ်၊ ဇောတိကာရုံကျောင်း၌ ရဟန်းဝတ်ခဲ့သည်။

## သုသာန်ဆရာတော်

ရဟန်းဖြစ်စ တစ်ဝါအတွင်း ဇောတိကာရာမကျောင်းဝင်း သိမ်အနီးရှိ တစ်ပါးစာ တဲကျောင်းတွင် သီတင်းသုံးကာ သုသာန်ဓုတင် ဆောင်တော်မူသဖြင့် သုသာန်ဆရာတော်ဟု ခေါ်တွင်ကြ၏။ ထင်ရှားကျော်ကြားမှု မရှိသေးပေ။

ထိုစဉ် ဇောတိကာရာမကျောင်း၏ ဒါယကာရင်း ဦးကွန်ဘက ငွေသိန်း (၄၀)ကျပ် အလိမ်ခံရမှုကို လာရောက်လျှောက်ထားရာ သနားကရုဏာ သက်မိသဖြင့် စာရေးကြီးကုန်းသုသာန်တွင် ဓုတင်ဆောင်၍ သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား စူးစိုက်မေတ္တာ ပို့သပေးသည်။

မကြာမီတွင် ဦးကွန်ဘ အလိမ်ခံရသော ငွေများ ပြန်လည်ရရှိပေရာ သုသာန်ဆရာတော်ဟု လူသိများကျော်ကြားခဲ့ခြင်း ဖြစ်လေသည်။

## ပါရမီဖြည့်စဉ်

ဇောတိကာရာမတွင် တစ်ဝါနေပြီးနောက် မုယောင်းသုသာန်၌ နှစ်ဝါ သီတင်းသုံးကျင့်ကြံရာ ပရလောကသားများ နှောင့်ယှက်မှုများစွာ ခံရကာ မေတ္တာဖြင့်သာ အောင်နိုင်လျက် သူတို့၏ အကူအညီများကို ပြန်လည်ရရှိခဲ့သည်။

ထိုစဉ်က ဒါယိကာမ ဒေါ်အေးသီက ဆွမ်းဝေယျာဝစ္စတာဝန် ယူခဲ့သော်လည်း ထိုမှထွက်ကာ နေရာအနှံ့ ခြေကျင်ကြွ၍ သုသာန်များတွင် ကျင့်ကြံအားထုတ်ရာ၌ ဆွမ်းမရသဖြင့် ဖင်ပြွန်းရွက်များကိုသာ အားပြုခဲ့ရသည်။

တိစီဝရိက် ဓုတင်ဆောင်ပုဂ္ဂိုလ်ဖြစ်ကာ စွန့်ပစ်ထားသော သင်္ကန်းလည်း မတွေ့ရသဖြင့် စုတ်ပြတ်ညစ်ပေနေသော သင်္ကန်းဝတ်ရုံဖြင့် ဆရာတော်အား ဆွမ်းလောင်းသူ မရှိခဲ့ပေ။

သထုံမြို့တွင်မူ ယင်ကောင်များအုံခဲနေသည့် မုန့်ခွက်တစ်ခု ရသဖြင့် ခရီးစဉ်တစ်လျှောက် အကောင်းဆုံး ဆွမ်းအာဟာရ ဖြစ်ခဲ့သည်။

နောက်ဆုံးဌာနဖြစ်သော ဘီလူး ကျွန်းတွင် အားထုတ်စဉ်ကလည်း သစ်ရွက်သစ်ညွန့်များသာ ဘုဉ်းပေး ရကာ မော်လမြိုင်သို့ ပြန်ခါနီးတွင် ရွာအစွန် အိမ်တစ်အိမ်မှ လောင်းလှူ သော ဆွမ်းထမင်း အနည်းငယ်ကို မကျက်တကျက် ကန်စွန်းရွက်ကြော် ... ယနေ့တိုင် အမှတ်ရကြောင်း မကြ... ခဏ မိန့်ကြားတော်မူသည်။

ဝတ္ထုငွေကြေးကို ကိုင်ဆော...

www.burmeseclassic.com

သာယာမှု မရှိသည်ဖြစ်၍ မော်လမြိုင်သို့ အကူးတွင်လည်း ဒုက္ခတွေ့ရ၏။ ခြေကျင်လျှောက်၍ မရသော မြစ်ပြင်ကျယ်ကို သင်္ဘောဖြင့်သာ ကူးရမည်တွင် သင်္ဘောခ မရှိသောကြောင့် ဖြစ်သည်။

ကြံရာမရသည့်အဆုံးတွင် နတ်မော် သင်္ဘောဆိပ်ရှိ မုန့်ဟင်းခါးဆိုင်၌ အလုပ်ခံရာ (၁၅)ပြားရသဖြင့် စီးနင်းခွင့်ရလေသည်။**(သင်္ဘောခမှာ ထိုစဉ်က (၁၀)ပြား ဖြစ်သည်။)**

ဆရာတော် မကြာခဏ ပြောပြလေ့ရှိသည်ကို အချီးဖော်ပြခြင်း ဖြစ်ပါသည်။ ဆက်လက်၍ ထေရုပ္ပတ္တိအကျဉ်းကို ကြည့်ညိုကြပါစို့။

## ထေရုပ္ပတ္တိအကျဉ်း

ဆရာတော်လောင်းလျာကို မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ လက်တက်ကျေးရွာနေ ဦးနိုင်ဖေ+ဒေါ်တရုတ်မတို့မှ **မြန်မာသက္ကရာဇ် ၁၂၈၃ ခုနှစ်၊ ပြာသိုလဆုတ်(၁၀)ရက် တနင်္လာနေ့ ည(၉)နာရီ၌** မွေးဖွားခဲ့၏။

မွေးဖွားချိန်သည် ခြောက်သွေ့သော ဆောင်းရာသီ ဖြစ်သော်လည်း ကောင်းကင်တစ်ခွင် ထစ်ချုန်း၍ သွန်းစီးများလက်ကာ မိုးကြီးလေကြီး ရွာသွန်းတိုက်ခတ်ခဲ့သည်။

အချင်းစလွယ်သိုင်းလျက် မွေးဖွားသောရာ မြေပြင်သို့ လွတ်ကျ၍ ခန္ဓာကိုယ်တစ်ခြမ်း ပိန်သွား၏။ ထို့ကြောင့် **"မောင်ပိန်"**ဟုလည်း ချစ်စနိုးခေါ်ကြ၍ ငယ်မည်မှာ မောင်ချစ်သိန်းဖြစ်၏။ မွေးချင်း(၈)ဦးအနက် တတိယမြောက်ဖြစ်သည်။

အသက်(၁၃)နှစ် အရွယ်တွင် လက်တက်ရွာ ကျောင်းသစ်၌ သာမဏေပြုသည်။ သုံးဝါနေ၍ ရှင်လိင်



◆ ဝင်းဗိုလ်သောဘရာဇင် ဖျိုင်းနှစ်ကောင်မှုနိုင်း

ပြန်သည်။ ရပ်ရွာကိစ္စများ၌ တက်ကြွစွာ ပါဝင်၍ ရပ်ကွက်အငြိမ်တွင် လူကြိုက်များသည့် လူရွှင်တော် ဖြစ်ခဲ့သည်။

ဖက်ဆစ်ဂျပန် ခေတ်ကာလတွင် ရဲဘော်သုံးကျိပ်တို့ကို အားပေးထောက်ပံ့၍ အပျော်တမ်းကာကွယ်ရေးတပ်ဖွဲ့ဝင် ဖြစ်ခဲ့သည်။

အသက်(၂၃)နှစ် အရွယ်တွင် ရဟန်းဘောင်သို့ ဝင်ရောက်၍ မုဒုံမြို့ သိမ်ကျောင်း စာသင်တိုက်၌ ပရိယတ္တိစာပေများ သင်ယူသည်။

ထိုအချိန်တွင် သွားလေသူ ဖခင်ကိုယ်စားဦးစီးရသော အစ်ကိုကြီး ဦးဖိုးရိန်မှာ လယ်ယာလုပ်ငန်းကို မလုပ်ကိုင်နိုင်တော့သဖြင့် ပရိသုဒ္ဓိပြုကာ လယ်ယာလုပ်ကိုင်ရသည်။

အသက်(၃၀)နှစ် အရွယ်တွင် လက်တက်ရွာသူ ဒေါ်ချစ်တော်နှင့် အကြောင်းပါ၍ သားသမီး(၅)ဦး ထွန်းကားသည်။ သမီးနှစ်ဦး မွေးပြီးနောက် မော်လမြိုင်သို့ ပြောင်းရွှေ့ကာ မြင်းလှည်းအိမ်၊ ရေစည်တွန်းလှည်း စသည်ပြုလုပ်ရသော လက်သမား အလုပ်ဖြင့် အသက်မွေးသည်။

သားအထွေးဆုံး မောင်ဘိုဆန်းကို မွေးပြီးနောက် အသက်(၅၀) အရွယ်တွင် မော်လမြိုင်မြို့၊ ဈေးကြိုရပ် ဇောတိကာရာမကျောင်း ခဏ္ဍသိမ်၌ ဆရာတော် ဦးသောဘိတကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ရောက်၏။

ရဟန်းဖြစ်ပြီး (၇)ရက်ပြည့်သောအခါ သိမ်အနီး တစ်ပါးစာ တဲကျောင်းကလေးဖြင့် သီတင်းသုံးကာ သုသာန်ဓုတင် ဆောက်တည်ခဲ့သည်။

အနီးဝန်းကျင်ရှိ ရပ်ကွက်ကျေးရွာ သုသာန်များတွင် ကျင့်ကြံ၍ တစ်ဝါပြည့်သောအခါ မော်လမြိုင်–ကျိုက်မရော ကားလမ်းရှိ မယောင်းသုသာန်သို့ ကြွရောက်သီတင်းသုံးသည်။

ထိုတွင် နှစ်ဝါနေပြီးနောက် မြန်မာနိုင်ငံအောက်ပိုင်းအစွန်း ကော့သောင်မြို့မှ အထက်ဆီသို့ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့တိုင်အောင် ခြေကျင်ကြွ၍ တရားကျင့်ကြံသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**နယ်လှည့်စာသမားတစ်ဦး**

www.burmeseclassic.com



# ထူးကာတွေ့ကော

မောင်ကံ (တံတားဦး)

## ပြောချင်ပြချင်

ကျွန်တော်သည် **၁၉၉၅ ခုနှစ်တွင်** ချင်းပြည်နယ်၊ ဟားခါးမြို့၌ အုပ်ချုပ်ရေးမှူးတာဝန် ထမ်းဆောင်ပါသည်။

ဟားခါးမြို့တွင် ဘုန်းတော်ကြီးကျောင်း(၂)ကျောင်းရှိရာ မြို့ဟောင်းရပ်ကွက်၊ မြေနိမ့်ပိုင်းတွင်ရှိသော ကျောင်းကို **အောက်ကျောင်း**ဟု ခေါ်ပြီး ပြည်တော်သာရပ်ကွက်၊ တောင်ကုန်းထိပ်တွင်ရှိသော ကျောင်းကို **အပေါ်ကျောင်း**ဟု ခေါ်ပါသည်။

အပေါ်ကျောင်းတွင် စာသင်တိုက်ရှိကာ စာသင်သား သံဃာအပါး(၂၀)ခန့် ရှိပါသည်။ အောက်ကျောင်းတွင်မူ ကျောင်းထိုင် ဆရာတော်ကြီးနှင့် ခန်းနေသံဃာ(၁)ပါး၊ ကိုရင်(၂)ပါးသာ ရှိပါသည်။

ဆရာတော်ကြီးမှာ လော[...] သာဝတ္တိဇာတိဟု သိရပြီး ရဟန်းငယ် ဘဝကပင် ဟားခါးမြို့သို့ လာရောက်[...] သီတင်းသုံး သာသနာပြုနေကြောင်း[...] ယခု သက်တော်(၇၀)ခန့်ရှိပြီးဟားခါး[...] မြို့သို့ရောက်သည်မှာ နှစ်(၄၀)ကျော်[...] ပြီဖြစ်ကြောင်း ဗမာ၊ ချင်း၊ ဂေါ်ရခါး[...] စသည့် လူမျိုးပေါင်းစုံတို့မှ ကိုးကွယ်[...] ကြောင်း တွေ့ရပါသည်။

ကျွန်တော်သည် ဆရာတော်ကြီး[...] ကျောင်းသို့ လူ့ဒါနိုးမှုကိစ္စကြောင့်ဖြစ်[...] စေ၊ သာသနာရေးကိစ္စကြောင့်ဖြစ်စေ[...] မပျက်ရောက်ရှိပါသည်။

ဆရာတော်ကြီးသည် လွန်စွာ[...] နူးညံ့သိမ်မွေ့ပြီး မြိုးမြိုက်စွာ ကျင့်[...] နေထိုင်ပါသည်။ စိတ်ဆိုးခြင်း၊ ဒေါ[...]

---

ရဟန္တာနှင့် တွေ့သော်လည်း

ရဟန္တာမှန်းမသိ

---

တစ်ခါက ရှင်သာရိပုတ္တရာ မထေရ်မြတ်ကို ဒကာ(၁)ဦးက ကျောင်းတော်သို့ လာရောက်၍ ဆွမ်းစားပင့်ရာ မထေရ်မြတ်က ခွင့်ပြုတော်မူပြီး ဆွမ်းစားပင့်သူကို သပိတ်ကိုထမ်းစေပြီး ဆွမ်းကပ်မည့် နေရာသို့ လမ်းလျှောက်လာကြပါသည်။

ဆွမ်းစားပင့်သူ ဒကာသည် လွန်စွာ ရိုးသားသူဖြစ်ကာ မထေရ်မြတ်၏ နောက်မှလိုက်၍ လမ်းလျှောက်လာရင်း မထေရ်မြတ်ကြီးအား...

'အရှင်ဘုရား ဤလောကတွင် ရဟန္တာဆိုသည်မှာ ရှိပါသလား'

ဟု မေးရာ မထေရ်မြတ်က...

'ရှိပါသည် ဒကာ'

ဟု မိန့်ပါသည်။

ထိုအခါ ဆွမ်းဒကာက...

'ရှိပါလျှင် မည့်သည့်နေရာ၌ ရှိပါသနည်း'

မေးရာ မထေရ်မြတ်က...

'ရဟန္တာတို့မည်သည် မိမိရဟန္တာဖြစ်သည်ဟု ပြောရိုးမရှိ၊ ဥပမာ ရဟန္တာနဲ့ စကားပြောနေသူပင် မိမိနဲ့စကားပြောနေသူမှာ ရဟန္တာပါတကား'

ဟု မသိနိုင်ဟု မိန့်တော်မူရာ ဆွမ်းဒကာ သဘောမပေါက်သည်ကို သိသည့် မထေရ်မြတ်ကြီးက...

'အကြင်ပုဂ္ဂိုလ်သည် ရဟန္တာနောက်မှ သပိတ်ကို ပိုက်၍ လိုက်နေသော်လဲ ငါ၏ရှေ့မှသွားနေသူသည် ရဟန္တာပါတကား'

ဟု မသိနိုင်ဟု မိန့်ပါသည်။ ထိုသို့ မိန့်သော်လည်း ဆွမ်းဒကာသည် သဘောမပေါက်ပါ။

ထိုနည်းတူ ကျွန်တော်သည်ကား...

* * *



www.burmeseclassic.com

www.burmeseclassic.com

ခြင်း လုံးဝ မရှိပါ။

ဘာသာရေး ပွဲတော်နှင့် ပတ်သက် ၍ ကျွန်တော်က စိတ်ကျေနပ်မှုမရှိ သွင် ဌာနဆိုင်ရာများ၊ ရ–ယ–ကများ ကို ဆူသည့်အခါ ဆရာတော်ကြီးက...

'အကာရယ် သူတို့လဲ တတ်နိုင်သလောက် လုပ်ကြတာပါပဲ အပြစ်မမြင်ပါနဲ့၊ ဒေါသဟာ လူကို အကျိုးမပေးပါဘူး'

ဟု ဆိုဆုံးမသဖြင့် လိုက်နာခဲ့ရပါ သည်။

ကျွန်တော် ဟားခါးမြို့တွင် (၃)နှစ် နီး တာဝန်ထမ်းဆောင်နေစဉ်ကာလ အတွင်း ဆရာတော်ကြီးနှင့်ပတ်သက် ၍ ထူးခြားမှု တစ်စုံတစ်ရာ မတွေ့ ခဲ့ရပါ။ ရဟန်းကိစ္စ ပြီးမြောက်သည်ဟု လည်း မထင်ခဲ့ပါ။

ကျွန်တော် ဟားခါးမြို့မှ အခြား သသို့ ပြောင်းရွှေ့တာဝန် ထမ်း ဆောင်နေချိန်တွင် ဂျာနယ်၊ မဂ္ဂဇင်း ကို **ဟားခါးမြို့ အောက်ကျောင်း ဆရာတော်ကြီး ပျံလွန်တော်မူ၍ မီးသဂြိုဟ်ရာတွင် ဓာတ်တော်များ ကျကြောင်း။** ဆရာတော်ကြီးမှာ ရဟန္တာဖြစ်နေကြောင်း ဖတ်ရှုရသည့် အခါ ကျွန်တော်သည် ရဟန္တာနှင့် ကြာတန်ကြာ တွေ့ခဲ့ပါလျက် ရဟန္တာ မှန်း မသိခဲ့ပါလားဟု စိတ်မကောင်း ဖြစ်ရပါသည်။

**ဒုတိယအကြိမ် ရဟန္တာနှင့် တွေ့ပုံ** ကို ဆက်ပြပါမည်။ ကျွန်တော်လှိုင်ကော် မြို့တွင် **၂၀၀၈ ခုနှစ်၌** တာဝန်ထမ်း ဆောင်နေစဉ် **လှိုင်ကော်မြို့တောင် ဘက် ငွေတောင်ရွာ၏ နောက် ကျောတွင် ထီးပွင့်ကန်ဟုခေါ်သော** ရောက်သည့် ရေကန်(၁)ကန် ရှိပါ သည်။

ထိုရေကန်ထဲမှာ သဲများသည် ထီး ပုံသို့ အပွင့်များ ပွင့်နေကြပါ သည်။

အပွင့် ငယ်လေးဖြစ်ရာမှ တဖြည်းဖြည်းကြီးလာရာ လင်ပန်း အကြီးစားခန့်အထိ ဖြစ်လာပါသည်။ အကြီးအသေး (၁)နှစ်ပတ်လုံး ရှိပါ သည်။ ရုပ်မြင်သံကြား အစီအစဉ်တွင် လည်း တွေ့မြင်နေရပါသည်။

ထိုရေကန်လေးဘေးတွင် တောရ ကျောင်းဆောက်တည် သီတင်းသုံးနေ သော **သက်တော်(၆၀)ကျော်အရွယ် ဆရာတော်(၁)ပါး ရှိပါသည်။** ကျွန်တော် ထီးပွင့်ကန်သို့သွားတိုင်း ဆရာတော်ကို ဝင်ရောက်ဖူးမြော်ပါ သည်။

ဆရာတော်သည် စကားများများ မပြော၊ တရားအမှတ်ဖြင့်သာ သီတင်း သုံးနေကြောင်း တွေ့ရပါသည်။ ကျွန်တော်နှင့်တကွ ဆရာတော်ထံ ရောက်ဖူးသူအားလုံး ဆရာတော် ရဟန်းကိစ္စ ပြီးမြောက်ပြီဟု မသိခဲ့ ကြပါ။

ဆရာတော် ပျံလွန်တော်မူပြီး နောက် မီးသဂြိုဟ်ကြပါသည်။ မီး သဂြိုဟ်ပြီး **မီးလောင်ပြင်ကိုကြည့်ရာ ဓာတ်တော်များ အရွယ်အစားမျိုးစုံ ကျနေသည်ကို တွေ့ရမှသာ တပည့် အပေါင်းတို့သည် ဆရာတော် ရဟန္တာ ဖြစ်နေကြောင်း သိရပါတော့ သည်။**

ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး မိန့်ကြားသကဲ့သို့ ရဟန္တာနှင့် စကား ပြောနေသော်လည်း ရဟန္တာဟုမသိနိုင် ဆိုသည်မှာ လွန်စွာမှ မှန်လှပါသည်။ နိုင်ငံတော်အတွင်း တပည့်ဒါယကာ များ မသိနိုင်သည့် ရဟန္တာ အများ အပြား ရှိနေမည်ဟု ယုံကြည်ပါသည်။

**မောင်ကံ(တံတားရွာ)**

မည်သူမဆို ပါဝင် ရေးသား နိုင်ပါသည်...

စာမူပို့လိုက...

ဦးကျော်မိုးသိန်း
စာတည်းမှူး
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၀၉ (မြေညီ)
၂၉-လမ်း (အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁ ၂၅၂၈၄၅



www.burmeseclassic.com

www.burmeseclassic.com


# ထာဝစဉ်ကျန်းမာပြီး ရင်တွင်းလန်းချင်ရင် အင်ကြွင်းပန်း သွေးတိုးကျဆေးကိုသောက်ပါ

အမှတ်တံဆိပ်



မှတ်ပုံတင် ၁၀၁၈ (ပိုင်) ၀၀၂၄၃၃ လိုင်စင် ၀၀၇၈ (တိုး)

ထစဝထ (တနယ်စင်း) ၀၂၀/၀၆ဧ

"ကိုမင်းကျော်ပါလား . . . . မတွေ့တာကြာပြီ"

"ဆရာကိုယဉ်တင့်နဲ့ ဆရာကိုဇော်ရဲနိုင်တို့ကို . . စိတ်ထဲကတွေ့ချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာ . . . ကံကောင်းတာပဲဗျို့"

"ကျွန်တော်တို့ဘာအကူပေးရမလဲပြောပါဦး"

"တခြားတော့မဟုတ်ပါဘူး . . . . ဆရာတို့က တိုင်းရင်းဆေးသုတေသီတွေဆို တော့ . . . သွေးတိုးရောဂါခံစားနေရတဲ့ ကျွန်တော့်ကို သွေးတိုးကျဆေးကောင်း တစ်လက် . . . ဆေးလမ်းညွှန်ပေးဖို့ပါ"

"ကိုမင်းကျော်သွေးတိုးက . . . ဘယ်အဆင့်မှာရှိနေပြီလဲ"

"အပေါ်သွေးအောက်သွေး ၁၆၀ နဲ့ ၉၀ ရှိတယ် . . . နိုင်ငံတကာဆေးတွေသောက်တာ . . . တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာပဲ . . . "

"မပေါ့နဲ့ကိုမင်းကျော် . . . သွေးတိုးကျဆေးကောင်းကောင်းသောက်ဖို့လိုအပ်နေပြီး . . .

"ဒါဆို . . . ကျွန်တော်ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ လမ်းညွှန်ပေးပါဦး"

ကိုမင်းကျော်ပြောသလိုတိုက်တိုက်ဆိုင်ဆိုင်ပဲ. . . အခုလဲ ကျွန်တော့်မိတ်ဆွေ . . . တိုင်ရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော် ထုတ်လုပ်တဲ့ ***အင်ကြွင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးပါ လာတယ် . . . ဆရာမဒေါ်ဝင်းဝင်းဇော် . . . က သမားတော်ကြီးတွေဆီမှာ နှစ်ပေါင်းများ စွာနည်းနာခံယူပြီး၊ ဆေးကုသက် (၁၅) နှစ်အတွင်း . . . သွေးတိုးရောဂါရှင် ပေါင်းများစွာကိုကုသအောင်မြင်ခဲ့တဲ့ဆေးဖြစ်တဲ့အတွက် . . . သွေးတိုးရောဂါရှင်တွေရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်လိုက်တဲ့ ***အင်ကြွင်းပန်း*** အမှတ်တံဆိပ် သွေးတိုးကျဆေးပဲ"

"ဆရာတို့ကိုတွေ့ချင်နေတာနဲ့တွေ့လိုက်ရလို့ကံကောင်းသလို . . . ကျွန်တော်ခံစားနေရတဲ့ သွေးတိုးရောဂါအတွက် ဆေးလည်းပါလာတယ်ဆိုတော့ . . . ကံကောင်းပြီးရင် . . . ကံကောင်းတာပဲဗျို့"

" ဒါနဲ့တစ်ခုလောက်မေးမယ် . . . ခင်ဗျား နိုင်ငံတကာသွေးတိုးကျဆေးတွေစားပြီး . . . အစားအသောက် အနေအထိုင် ဆင်ခြင်ရဲ့လား"

" ရှောင်ကြဉ်ရမယ့်အစားအစာနဲ့စားသောက်ရမယ့်အစားစာတွေခွဲခြားမသိလို့ . . . အသိမိတ်ဆွေ တစ်ယောက်ကစားချင်တာစား . . . ဒီဆေးဆောင်ထားဆိုတာနဲ့ သူပြောတဲ့ဆေးက . . . "

" ကျွန်တော်ပြောမယ်ကိုမင်းကျော် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့သမုဋ္ဌာန်တရား (၄) ပါးကို၊ လွန်, ယုတ်, လွဲမှားပြုဖန်များရင် . . . မဖြစ်သေးတဲ့ရောဂါတွေဖြစ်လာပြီး . . . ဖြစ်နေတဲ့ ရောဂါလဲ သံသရာလည်နေမှာပဲ . . . အုန်းနို့ခေါက်ဆွဲနဲ့ ဒံပေါက်ထမင်းစားပြီးဆေးစားလဲ . . . ရောဂါမတိုးချင်သာနေမယ် . . . သက်သာပျောက်ကင်းမှာ မဟုတ်ဘူး . . . အပ်နဲ့ ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ထွင်းရမယ့်ကိန်းဆိုက်လိမ့်မယ် ...

" ဟုတ်ပါတယ်ဆရာ ကျန်းမာရေး အသိနဲ့ကျန်းမာရေးသတိမရှိလို့သွေးတိုးရောဂါထဲမှာသံသရာလည်နေတာ ပါ "

" ပြောနေတာနဲ့လိုရာ မရောက်ဘူးခုပါလာတဲ့ ***အင်ကြွင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးကို တစ်နေ့ (၂) ကြိမ် သောက်ရင် . . . အပေါ်သွေးအောက်သွေး ၁၂၀ နဲ့ ၈၀ ကြားမှာ ရှိစေတဲ့မြန်မာဆေးစွမ်းကောင်းတစ်လက်ပဲ . . . အဲဒီဆေးကသွေးတိုးရောဂါကြောင့် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်စားမဝင်ခြင်း၊ ဖက်ကြောတက် နောက်ကြောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခြေဖျားအေးခြင်း၊ ဆီးဝါ, ဆီးနည်းခြင်း၊ ဆီး၊ ဝမ်း လေချုပ်ခြင်းတို့ကိုသက်သာပျောက်ကင်းစေပြီး၊ သွေးတိုးကိုပုံမှန်ဖြစ်အောင်ထိန်းပေးနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲ . . . ရွေးချယ်မှုမှန်ကန်ဖို့တော့လိုတယ် ကိုမင်းကျော် . . . သွေးတိုးရောဂါကို ပုံမှန်ထိန်းပေးနိုင်တဲ့ဆေးဖြစ်လို့ . . . နှစ်ထပ်ရှိမှမှတ်မိမယ်ဆိုရင် . . . ထပ်ပြောလိုက်မယ် . . . **ထာဝစဉ်ကျန်းမာပြီးရင်တွင်းလန်းချင်ရင် . . အင်ကြွင်းပန်း အမှတ်တံဆိပ်သွေးတိုးကျဆေးကိုသောက်ပါ။ . . . . .** "

ပင်ရင်း 'ဝင်း' ဆေးတိုက်

ဖုန်း – ၀၁ ၅၉၀၅၇၈

ဖြန့်ချိရေး – အောင်သိဒ္ဓိဆေးဆိုင်




www.burmeseclassic.com

www.burmeseclassic.com


မြို့ဟောင်းအတွင်းမှ

ဘုရဟံ သရာသိန်း (လပ္ပဋ္ဋာ)

# မြစိမ်းတောင် သာသနာ့မြေ



◆ အနုစိတ်လက်ရာများနှင့် တန်ဆောင်တော်ကြီး



မြဲတိုက်စေတီတော်ကြီး ◆

**"ဘုရားနီ"**သို့ လမ်းညွှန်ဆိုင်း ...တပ်ထားသော လမ်းခွဲမှသွား... မြစိမ်းတောင် သာသနာ့မြေသို့ ...လမ်းဖြစ်သည်ဆို၏။ **လပ္ပဋ္ဋာ** ...**ရှားသော ဘုရားဖူးကားများ၊** ...**ယာဉ်များ** ဤလမ်းမှ အသွားများ ...ထိုကုန်းကို **ဘုရားနီကုန်း**ဟု ...သည်ဆို၏။

...တော်တွင် တည်လက်စ စေတီ ...ဆူ တည်နေသည်။ **ကပ်ကာ** ...ဖြစ်သည်ဆို၏။ တတိယကမ္ဘာ ...သည် တား၍မရနိုင် မထိခိုက်ရန် ...သာရသည့်အတွက် ကပ်ကာ ...တော်အဖြစ် တည်ခဲ့နေသည်ဟု ...ကြသည်။

...တစ်ဝိုက်တွင် ဘုရား ...ဆောင်းများ ဆောက်လုပ်လှူဒါန်း ...ကြသည်။ ထိုကပ်စေတီတော်မှ ... ဆက်သွားကြသည်။ ဘုရား စေတီများနှင့် ဘိုးတော် သိကြား နတ်နန်းတော်ကြီးမှာ တွေ့ရသည်။

ပြည်လုံးချမ်းသာ ရပ်တော်မူ ဘုရား တန်ဆောင်းတော်ကြီးကိုလည်း တွေ့ရသည်။ ထိုတစ်ဝိုက်တွင် ပေ(၂၀၀) တန်ဆောင်းတော်ကြီးသည်ကား မပြီးသေး။ မြို့ဟောင်း၏ မင်းဆက်(၈၄) ဆက်တို့အား ပွဲများပေးပြီး ခင်းကျင်းရန် ဤပေ(၂၀၀)တန်ဆောင်းကို ရည်ရွယ်တည်ဆောက်သည်ဆို၏။

လောက်ဖျားမင်း အပါအဝင် မင်းပေါင်း(၈၄)ဆက်နှင့် ပတ်သက်သော အဆောက်အအုံ နောက်တစ်လုံးမှာလည်း ကြိုးကြာတန်ဆောင်းဖြစ်သည်။ ဤတန်ဆောင်းများ၊ ဘုရားများတို့မှာ သမိုင်းကြောင်းအရ လိုက်၍ တည်ဆောက်ထားကြပုံရသည်။ အနီးကပ်၌ မရှိသည်ကို တွေ့ရသည်။

ဤဘုရားများ၊ တန်ဆောင်းများနှင့် (၂)ဖာလုံခန့် ရှေ့ဆက်သွားလျှင် **နန်းတော်ကုန်းသို့** ရောက်သည်။ နန်းတော်ကုန်းညီလာခံ ပလ္လင်နေရာတွင် (ကုန်းအမှတ်-၁) ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန ဦးစီးဌာနမှ ဆိုင်းဘုတ်ထူထားပြီး စည်းကာထားသည်။ ပလ္လင်နေရာတွင် အနည်းငယ် တူးထားပြီး အုတ်ချပ်များ ပေါ်နေသည်။

မြို့ဟောင်းနေရာ ပတ်ဝန်းကျင်သည် ကုန်းသာကျေးရွာအုပ်စုတွင် ပါဝင်သည်။ တောင်ကုန်းများ၊ တောင်ကမူများ အလွန်များသည်။ ရှေ့ဆက်သွားရာ ပုဂံဆောင် တန်ဆောင်းတော်ကြီးမှာလည်း အလွန်ခံ့ညားစွာ တည်





www.burmeseclassic.com

www.burmeseclassic.com





◆ သက်တော်(၉၁)နှစ်ဝါတော်(၇၁)ဝါ သက်တော်ရှည်

မြစိမ်းတောင်ဆရာတော်ကြီး

ရှေးဟောင်းစေတီတော်အနီးမှ အမျိုးသွေးသရက်ပင်တော် ◆

◆ အုတ်ရိုက်စက်မှ အုတ်ပြတ်သုတ်ခနပ်



ဆောက်ထားသည်။ ဘေးတွင် ကျောင်းဆောင် တစ်ဆောင်ကိုလည်း တွေ့ရသည်။

မြို့ဟောင်း ပတ်ဝန်းကျင်သည် ကျယ်ပြန့်ပုံရသည်။ ဘုရားဟောင်းများလည်း ပြန်လည်ပြုပြင်တည်ဆောက်ထားသည်။

နေရာအနှံ့တွင် ဘုရားစေတီများ အလွန်များသည်။ နေရာဒေသ အဆောက်အအုံ တန်ဆောင်းများမှာလည်း အလွန်များသည်။ အောက်ဒေသမှ အောက်ပုဂံဟု ခေါ်လောက်သည် ထင်သည်။

ကားဖြင့် ရှေ့ဆက်သွားကြရာ မြစိမ်းတောင် သာသနာ့နယ်မြေနှင့် နီးလာကြောင်း သိရသည်။ **မြတ်ဂိုစေတီတော်မြတ်ကြီး**အား အဝေးမှ လှမ်းမျှော်၍ ဖူးမြင်ရသည်။ သာသနာ့နယ်မြေအဝင်တွင် မြစိမ်းတောင် သာသနာ့နယ်မြေမုခ်ဦးအား ခံ့ညားစွာ တွေ့ရသည်။


ဘုရားဖူးကားများ၊ ဆိုင်ကယ်မျာ
ဝင်ထွက်နေကြသည်။ ရောက်ရှိသူနှ
ပြန်သူ တဖွဲဖွဲ စည်ကားနေသည်
မုခ်ဦးအနီးတွင် နဂါးဘုရားကို ဖူးတွေ
ရသည်။ တစ်ဖက်တွင် တန်းစီဆော
ထား၍သော နတ်နန်းဆောင် အမျာ
အပြားကို တွေ့ရသည်။

ကုန်းတော်ရောက်လျှင် ဘုရာ
ဆောင်များ၊ တန်ဆောင်များ၊ နတ်န
ဆောင်များ၊ စေတီများကို နေရာအ
တွေ့ရသည်။ သာသနာ ဖွံ့ဖြိုးစည်
နေသော **မြောင်းမြို့ မြစိမ်းတော**
**သာသနာ့နယ်မြေ**တွင် ဘုရားဖူးမျာ
နေ့စဉ် စည်ကားနေသည်။

မြတ်ဂိုစေတီတော်အနီးတွင် က
ရပ်သည်။ စေတီတော်အား ဖူးမြေ
ကြည်ညိုကြသည်။ ဆက်၍ မြ
တောင်ဆရာတော်ကြီး
သော ကျောင်းဆောင်သို့
ရောက်ပြီး ဆရာတော်ကြီးအ

www.burmeseclassic.com





◄ မြို့လည်မှုံမဲ့ထားသော ရှေးဟောင်းဘုရား

ရွှေစေတီဘုရား ►

◄ သိမ်ဝင် ရွှေနူဟာကန်တော်



...ကြည့်ညိုကြသည်။

ဆရာတော်ကြီးသည် သက်တော် ...နှစ်၊ ဝါတော်(ရ၁)ဝါရှိပြီ ဖြစ်သည်။ ...တော်ရှည် ဆရာတော်ကြီးဖြစ် ...။ ဆရာတော်ကြီးမှာထိုင်၍ စကား ...နေနိုင်သော်လည်း အောက်စီဂျင် ... အကူတပ်၍ အသက်ရှူနေရ ...။ အစားအစာ မစား၊ အရည် ... သောက်ရသည်။

...သော် သာသနာ့ပုဂ္ဂိုလ်ထူးများ ...တူ မျက်နှာတော် ကြည်လင်သည်။ စကားပြော မပြတ်ပြောနိုင်သည်။ အေးအေးချမ်းချမ်းထိုင်၍ စကားပြောနိုင်သည်။

ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုကြသူအများမှာ ကြည်ညိုခြင်း၊ လေးစားရိုသေခြင်းနှင့်အတူ ဝမ်းနည်းသလို ခံစားရသည်။ သက်တော်ရာကျော် ရှည်ပါစေဟု ဆုတောင်းမိကြသည်။ ဘုရားဖူးသူများ ဘုရားဖူးပြီး ဆရာတော်အား လာရောက်ဖူးမြော်သူများ မပြတ်တမ်းစည်ကားလှသည်။

ကုန်းတော်တစ်ဝိုက်တွင် ဘုရားတန်ဆောင်းများ၊ စေတီများ နေရာတိုင်း စည်ကားနေသည်။ မြတိဂုံစေတီတော်ကြီးအား မြုံ့၍ ထပ်မံတည်မည့် အစီအစဉ်ရှိကြောင်း ပြောပြသည်။ အနီးတစ်ဝိုက် တန်ဆောင်းများနှင့် မလွတ်သဖြင့် ဖျက်ပေးရမည်ဖြစ်ကြောင်း သိရသည်။

ဤစေတီတော်ကြီးအား မြုံ့၍ တည်ပြီးက အဝေးမိုင်တော်တော်များများမှပင် လှမ်း၍ ဖူးတွေ့နိုင်မည်ဖြစ်သည်။

ဘုရားကုန်းတော် တစ်ဝိုက်တွင် စက်ယန္တရား သံချိုသံကွေး RCတိုင်ကြီးများ ပြုလုပ်နေပြီဖြစ်သည်။ မြေသယ်ယာဥ်များ အရန်သင့် ရှိနေပြီဖြစ်သည်။

စေတီတော်ကြီးတည်ရန် အုတ်များ သိန်းသန်းချီပြီး ရိုက်ထုတ်နေကြသည်။ စေတနာသဒ္ဓါတရား ထက်သန်စွာ



www.burmeseclassic.com

www.burmeseclassic.com



ရွှေယောင်ဘုရား



ရပ်တော်မူဘုရားကြီး



ရွှေယောင်ကျိန်းတော်ဘုရား


လုပ်အားအလှူ ပြုနေကြသူ အများအပြားကိုလည်း တွေ့ရသည်။

စက်ဖြင့် ရိုက်ထုတ်ရာတွင် ခရီးတွင်လှသည်။ တစ်ဖက်က စက်ဖြင့် ညှစ်ထုတ်လိုက်သော မြေတောင့်မြေတုံးအား တစ်ချက်တွန်းထုတ်လိုက်လျှင် အုတ်(၁၀)ချပ် ထွက်သည်။

တွန်းထုတ်လိုက်သော ရွှံ့အုတ်များကို လက်တွန်းလှည်းဖြင့် သယ်ပြီး အရိပ်အောက်မှ ထုတ်၍ နေပူတွင် လှန်းရသည်။ နေလှန်းကွက်သို့ တွန်းလှည်းဖြင့် ပို့ပြီးလှမ်းရသည်။


ခြောက်သွားသော အုတ်များကို နေလှန်းကွက်မှ လှည်းဖြင့် မီးကျွေးရန် မီးဖိုကွက်သို့ သယ်ရသည်။ မီးဖိုကွ[...]တွင် အုတ်ဖိုများဖို၍ မီးထိုးရသ[...] သတ်မှတ်ထားသောရက် မီးကျွ[...] မီးဖြင့် ကျက်စေပြီးမှ အနီ[...] အုတ်ချပ် ဖြစ်သွားတော့သည်။

အုတ်စက်မောင်း အုတ်ရိုက်[...] မြေအုတ်သယ် အရိပ်တွင် လှ[...] နောက် နေပူတွင် လှမ်းရသည်။ [...]



ဘုံကိုးဆင့်ရွှေယောင်၊ တန်ဆောင်းတော်ကြီး

နဂါးယဉ်တော်ကြီး ကန်တော်



www.burmeseclassic.com

www.burmeseclassic.com

အုတ်ဖိုသို့ အုတ်ဖိုမီးထုတ်ခြင်း စသော အလုပ်များ လုပ်ကိုင်နေကြသူ လူငယ် မိန်းကလေး၊ ယောက်ျားလေးများ ကိုရင်များ၊ သီလရှင်များ အားလုံးတို့ သည် လုပ်အားအလှူရှင်များဖြစ်ကြောင်း သိရသည်။

နေ့စား၊ လစား၊ အလုပ်သမားများမပါ အားလုံး စေတနာလုပ်အားပေးသူများဖြစ်သည်။ နေလှန်းထားသော လယ်ကွင်းတွင် သိန်းပေါင်းများစွာ အုတ်ချပ်များကို တစ်မျှော်တစ်ခေါ် လှန်းထားသည်။


ဤသာသနာ့နယ်မြေသို့ ရောက်သူတော်တော်များများ လုပ်အားဝင်လှူကြသည်။ နေ့စဉ် အချိန်နှင့် ထမင်းအာဟာရ ကျွေးမွေးသည်။

တစ်ဖက် တောင်ကြောများတွင် စေတီများ၊ တန်ဆောင်များ၊ နတ်နန်းများ စုံလင်လှသည်။ သိဒ္ဓိအမျိုးမျိုးကို အောင်နိုင်သော **နာဂရာဇဒေဝီသုဓာ** နဂါးမယ်တော်ကြီး နန်းဆောင်ကြီးမှာလည်း ခံ့ညားလှပါသည်။ အနီးတွင် နဂါးကန်တော်ရှိသည်။ ကန်တွင် နဂါးရုပ်နှစ်ရုပ်ကို တွေ့ရသည်။

ဘုရားကျောင်းဆောင်များ၊ တန်ဆောင်းများ၊ ဇရပ်များအပြင် နတ်ကွန်းနတ်နန်းများ စုံလင်လှသည်။ အရပ်လေးမျက်နှာ ကြည့်လိုက်တိုင်း ဘုရားကျောင်းကန် စေတီပုထိုးများ ပြည့်နေသည်။

ဆောက်လက်စ အဆောက်အအုံများတွင် အလွန် လက်ရာမြောက်လှသော အနုပညာအနုစိတ် အမြောက်အမြားဖြင့် တန်ဆာဆင်ထားသော တန်ဆောင်းတော်ကြီးကိုလည်း တွေ့ရသည်။ **မြစိမ်းတောင် ဘိုးဘိုးကြီး နတ်နန်း၊ မြစိမ်းရောင်မယ်တော်ကြီး**






◆ ဘိုးတော်သိကြား နတ်နန်း

◆ မြစိမ်းတောင် ဘိုးဘိုးကြီးနတ်နန်း

◆ ဘိုးတော်သိကြား နတ်နန်းမှ ပွဲတင်ထားပုံ



**နန်း** စုံလှသည်။

**ရွှေစည်းခုံစေတီတော်၊ အမ္ဗရက္ခ သရက်ပင်တော်၊ ကမ္ဘာ့အလင်းရောင်တန်ဆောင်းကြီး**တို့နှင့် အလွန် စုံလင်ပြည့်စုံသော မြစိမ်းတောင် သာသနာ့နယ်မြေသည် ဘုရားဖူး အပန်းဖြေ လေ့လာသူများအတွက် သမိုင်းဝင် အောက်ပုဂံဒေသအဖြစ် ပေါ်ထွန်းနေပြီ ဖြစ်သည်။ ဘုရားဖူးကားများ မပြတ်တမ်း စည်ကားနေပြီ ဖြစ်ကြောင်း လမ်းညွှန်လိုက်ရပါသည်။

**အရဟံ ဆရာသိန်း**
**(လပွတ္တာ)**



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားသည့်

# ကျောက်ထူး ကျောက်ဆောင်ခွက်တုံး

ကိုသက်ရှည်

ကျွန်တော် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှာ ထူးထူးခြားခြား ဖြစ်ရပ်ဆန်း ဖြစ်ရပ်မှန်တို့အား စာရေးသားနေသည်ကို ကိုညိုချော သိနေသည်။ သို့နှင့် တစ်နေ့ နေ့လယ်ခင်း အိမ်လည်လာရင်း ကိုညိုချောက...

'ကြပ်စု ကျုပ်ခမူကြီးတောင်ဘက် နားက ကျောက်ခွက်ကြီးသွားပြီး လေ့လာပါလား၊ ထူးခြားတာ တစ်ခုတော့ တွေ့ရလိမ့်မယ်'

ဟု ပြောပါသည်။

ကျွန်တော်က...


'ကျောက်ခွက်ကြီးက ဘာတွေ ထူးခြားနေလို့လဲ၊ ကျုပ်ခမူကြီးကို ပြောတာလား။ အဲဒီကျုပ်ခမူကြီးက ရေတိုက်စားလို့ ပဲ့ကုန်ပြီ မဟုတ်လား'

'မဟုတ်ဘူး၊ ကျုပ်ခမူ တောင်ဘက် ကျောက်တန်းပေါ်မှာရှိနေတာ ငါက အဲဒီကျောက်ခွက်ကြီး အိမ်သယ်ယူပြီး သောက်ရေအိုးတင်ဖို့ ယူမယ် စိတ်ကူးနေတာ...

အဲဒီ ကျောက်ခွက်ကြီးကို ငါလဲ အိမ်သယ်ဖို့ မောင်ရဲမောင်ကို ပြောမိတော့ ဒီကျောက်ခွက်တုံးကို သူလဲ အိမ်သယ်ယူမယ် စိတ်ကူးရှိလို့ သယ်ဖို့ လုပ်တာ အသယ်မခံဘူးတဲ့'

'မင်းပြောတာ အဲဒီကျောက်ခွက်တုံး သေချာရဲ့လားကွာ၊ သူက ဥယျာဉ်ခြံထဲက ကျောက်ပြားကိုလဲ အိမ်သယ်ယူဖို့ ကြိုးစားဖူးတယ်။ အခုပြောတဲ့ ကမ်းနားက ကျောက်ခွက်တုံးကိုလဲ သယ်ဖို့ လုပ်ဖူးတယ်ပြောတယ်'

'ဥယျာဉ်ခြံက ကျောက်ပြားက ပိုင်းထမ်း



မြစ်ကမ်းစပ်အနီး ကျောက်ထူး ကျောက်ဆောင်ခွက်တုံး

တော့ ကြွတော့ ကြွတယ်။ ဝေးဝေး သယ်မရဘူး။ ဒီကျောက်ခွက်က ရွှေ့လို့ကို မရတာ'

ဟု ပြောပါသည်။

ကိုရဲမောင်က...

သူ မသေခင်က ကျုပ်ခမူ အရှေ့ဘက် မြစ်ကမ်းပါးအား တူးဖြိုကာ ဖြက်ဒုတစ်ထွာ တစ်မိုက်ရှိသည့် ကျောက်ဖျာချပ်ကြီးများအား သံတူးရွင်းနှင့်တူး ချိုးဖဲ့ကာ အိမ်ရောက် လှည်းနှင့်တစ်မျိုး တလိမ့်တုံးထိုးကာ သယ်ယူထားသည့် ကျောက်ပြားအများပင် ရှိသည်။

အစ်ကိုဖြစ်သူ ကိုစံမောင်အား တူးပေးသည့် ကျောက်ဖျာကြီးများမှာ လှည်းနှင့်ပင် မတင်နိုင်၊ နွားတစ်ရှဉ်းကြိုးနှင့် ခက်ချီကာ ကျောက်ပြားအောက် တလိမ့်တုံးထိုးကာ အိမ်ရောက် ဆွဲယူရသည့် ကျောက်ပြား(၂)ချပ်၊ (၃)ချပ် တွေ့ရသည်။

ကိုရဲမောင်ကတော့ ကျောက်ပြား ကျောက်ခဲချောချော ကောင်းကောင်း တွေ့လိုကတော့ မြစ်ကမ်းစပ်တွေလည်း အိမ်ရောက်အောင် သယ်ယူသည်ကို တွေ့ရသည်။

ယခုနောက်ပိုင်း ကမ်းပါးထိပ် ယာရှင်က ကျောက်လွှာအား ယူက ကမ်းပါးပြိုမည်ဖြစ်၍ လုံးဝ အယူမခံတော့။ ကျောက်လွှာက မြစ်ကမ်းစပ် မြေအောက်တွင် အလွှာလိုက် ရှိနေသည်ကို တွေ့ရသည်။

ကျောက်ခွက်တုံးရှိသည့် နေရာကလည်း အရင် ကျောက်ဖျာကြီးများ တူးသည့် ကမ်းပါးနှင့် မဝေးလှ၊ ပေ(၂၀၀)ပဲရှိမည်။ ကျောက်ခွက်တုံးက ဆောင်းနွေရာသီ ရေဝတီမြစ်ရေနည်းချိန် တပေါင်းတကူး၊ ကဆုန်လတို့မှာ မြင်တွေ့နိုင်ပြီး မြစ်ရေကြီးချိန် ဝါဆို ဝါခေါင်လ ကျောက်တုံးရှိရာ နေရာ ရေအနက် (၁၀)တောင်၊ (၁၂)တောင် အနက်ရှိသည်။

ကျောက်အား ကျွန်တော် ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com

သွားရောက်လှေလှော ဓာတ်ပုံရိုက်ယူရင်း လှေလှောကြည့်မိပါသည်။

ထိုကျောက်ခွက်တုံးတွင် အခြားကျောက်ခဲများထက် အရွယ်အစား ကြီးမားသည်ကို တွေ့ရသည်။ တစ်တုံးတည်း ထီးထီးမြင်တွေ့ရသလို တည်ရှိသည့်နေရာက ကျပ်တာပြင် ကျောက်တန်းပေါ်တွင် မူလသဘာဝက ကျပ်တာပြင်အား ရေတိုက်စားကာ ကျောက်လွှာပေါ် နောက်ထပ် ရေတိုက်စားပြီး ပေါ်နေခြင်း ဖြစ်သည်။

ကျောက်ခွက်တုံးကား ချောချောမွေ့မွေ့ မဟုတ်ဘဲ ထိပ်ဝကားလျက် ခွက်နေသည်။ အပေါ်ဘက်မျက်နှာပြင်မှာ လုံးပတ်ပို၍ ကြီးကာ အောက်ဘက်ရောက်လျှင် လုံးပတ်ကား တစ်ထွာ၊ တစ်ပေနီးပါး သွယ်လျလျက် မြင်တွေ့ရသည်။

ကျောက်တုံး ပတ်ပတ်လည်မှာက ကျောက်တက်ကျောက်ရှ အချွန်အတက်တို့ ထူလပျစ်နှင့် မတော်တဆ ထိမိတိုက်မိလျက်ပင် ထိလွယ်ရှလွယ် ငြိလွယ်သည့် ကျောက်အမျိုးအစား၊ အခိုက်အမျက်များသည်။ ကျောက်ရှကျောက်ဆူးချွန်အတက်တို့ အထပ်ထပ် တွေ့ရသည်။

ကျောက်ခွက်တုံးအား သယ်ယူဖို့ ဆိုထားနှင့် အနီးအနား ဖြတ်သွားဖြတ်လာရင်းနှင့် ထိမိတိုက်မိလျှင်ပင် အနာတရ ဖြစ်နိုင်သည်။ မြစ်ရေထဲ နစ်မြုပ်နေချိန် ပိုက်၊ လက်ပစ်ကွန်တို့ ထိုကျောက်တုံးအား ပစ်မိငြိမိလျှင်လည်း ပိုက်ကွန်တို့ စုတ်ပြဲကာ သွားနိုင်သည်။

အနီးနားမှာ လှေသင်္ဘောတို့ ဆိုက်ကပ်လို့ မရ၊ ကျောက်ချွန်ကျောက်တက်များရှိ၍ ထိမိတိုက်မိလျှင် လှေသင်္ဘောတို့ နစ်မြုပ်နိုင်သည့် နေရာ ဖြစ်သည်။

သို့သော် ထိုနေရာအနီး သွားလာကြသည့် လှေသင်္ဘော တစ်စင်း တလေမှပင် ယခင်ထိခိုက်နစ်မြုပ်တာ တစ်ကြိမ်တစ်ခါမှ မကြုံတွေ့ရသေးပါ။

ကျောက်တုံးမှာ ကျောက်ချွန် ကျောက်တက် ကျောက်ရှ အမျိုးအစား ဖြစ်ကာ ဧရာဝတီမြစ်ကမ်းစပ်တွင် တည်ရှိကာ မြစ်ရေကြီးချိန် ရေအောက် နစ်မြုပ်လိုက်၊ မြစ်ရေနည်းချိန် နွေရေ၊ ဆောင်းရေကာလ ကုန်းပေါ် ပေါ်လိုက်နှင့် ရှေးနှစ်ပေါင်းပရိစ္ဆေဒ ကြာမြင့်ချိန်ကပင် ဖြစ်ပေါ်နေသည့် ကျောက်တုံး တစ်တုံးလည်းဖြစ်သည်။

မြစ်ရေကြောင်း ရေစားလာသည်နှင့် ကျောက်တုံးမှာ ထီးထီး မြင်တွေ့နေရခြင်းဖြစ်ကာ နွေကာလ၊ ဆောင်းကာလ မြစ်တွင်း လှေသင်္ဘောပေါ်မှ လှမ်းကြည့်လျှင်ပင် မြင်တွေ့နိုင်သည်။ ကမ်းစပ်နှင့် အကွာဝေးမှာ ၄ တောင်၊ ၅ တောင် အကွာတွင် တွေ့ရသည်။

ကျောက်ခွက်တုံးမှာ အခြားကျောက်တုံးကျောက်ခဲများနှင့် မတူ ထူးခြားစွာ မြင်တွေ့ရသလို မြေအောက်တုမ္မိရုတ်၊ ရေအောက်တုမ္မိရုတ် အစောင့်အရှောက် အခြားသော အစွဲတစ်ခုခု ကျောက်တုံးတွင် ရှိနေမည်ကား မလွဲပင်ဖြစ်သည်။

ကိုရဲမောင် အိမ်တိုက်ယူမည် ဆိုသည့်အချိန်က ကျောက်တုံးမှာ ရွှေ့ဖို့ မဆိုထားနှင့် နေရာကပင် မရွှေ့ရလို့ နောက်လည်း ယူဖို့သယ်ဖို့ လက်လျှော့ခဲ့ရသည့် ကျောက်တုံးဖြစ်သည်။

ကျောက်ခွက်တုံး အရှည်နှစ်တောင်နီးပါးရှိကာ ထိပ်ဝ လူ့တစ်ဖက်ခွဲစာ ကျယ်၍ အရင်းဘက်မှာ လူလက်နှစ်ဘက် တစ်ပတ်စာ သွယ်လျက်ရှိသည်။

ကျောက်ခွက်တုံးအား သယ်ယူဖို့ မဆိုထားနှင့် မျက်မြင်ပစ္စက္ခ အမြင် ကျောက်တုံး အနီးနားတစ်ဝိုက် လက်ပစ်ကွန် မျှောပိုက် ငါးမျှားတံတို့ ပစ်မိငြိ မိလျှင်ပင် ပိုက်ကွန်တို့ စုတ်ပြဲကျန်ရစ်မည့် ကျောက်ရှ အချွန်အတက်တို့နှင့် ထိမိ ငြိမိကာ ပေါက်ပြဲ စုတ်ပြတ်နိုင်သည့် ကျောက်တုံး ဖြစ်သည်။

ကျောက်တုံး ဘေးပတ်ပတ်လည်မှာ ကျောက်ချွန်ကျောက်ရှ ဆူးအတက်တို့နှင့် မညီမညာ မြင်တွေ့ရသည်။ ကျောက်ခွက် မျက်နှာပြင်မှာလည်း ကျောက်ရှ အချွန်အတက်တို့နှင့် မညီမညာ မောင်းခွက်တုံးသဏ္ဌာန် ကျောက်ခွက်အဝအားမြင်တွေ့ရသည်။

ကိုညိုချောက အိမ်သယ်ယူပြီး သောက်ရေအိုးစင် တင်ဖို့ စိတ်ကူးခဲ့သည်ကလည်း ကျောက်ခွက်အဝလည်း သောက်ရေအိုးတစ်လုံးစာ ခွက်လျက်ရှိနေသောကြောင့်လည်း ဖြစ်သည်။ **ထူးခြားသည့် ကျောက်ခွက်တုံးအား နေရာက လုံးဝရွှေ့ပြောင်း မရဟု ဆိုသည်။**

ကျောက်တုံးကျောက်ခွက် မျက်နှာပြင်တို့မှာ ကျောက်ချွန်ကျောက်တက် ကျောက်ရှတို့နှင့် မညီမညာ မြင်တွေ့ရသော်လည်း ကျောက်တုံးမှာ မောင်းခွက်တုံး တစ်တုံးသဏ္ဌာန် မြင်တွေ့ရသောကြောင့် **ကျောက်မောင်းခွက်တုံး**ဟု အမည် ကင်မွန်းတပ် လိုက်ရပါတော့သည်။

**ကျောက်မောင်းခွက်တုံး တည်ရှိသည့်နေရာမှာ ကြပ်စုရွာ မြစ်ရေချိုးဆိပ်မှ တောင်ဘက် တစ်ဖာလုံအကွာ မြစ်ကမ်းစပ်တွင် ဆောင်းနွေ မြစ်ရေကျချိန် မြင်တွေ့နိုင်ပါသည်။**

**ကိုသက်ရှည်**



www.burmeseclassic.com

www.burmeseclassic.com

▶ ကြော်ငြာဆောင်းပါး ◀

။ မှတ်ပုံတင် - ၁၁၁၄ y ၁၁၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တအထလတိုး (၁၃၁၂) ။

နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်

" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "




" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်၊ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ စူး၍ အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်-(၅၂/၃၅၆)ယမောဇီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၀၀၆၃၂

**ပြောင်းခြ တောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com



◆ လိုဏ်အဝ လေလာဆောင်

ကျောက်ဆည်နယ် အရှေ့ခြမ်းမှ

ထက်မြင့်ကျော်စွာ

# ဓာတ်တော်တောင် လိုဏ်ဂူဆီသို့ (၂)

**ယခင်လမှ အဆက်**

...သင်းနောက်တွင် ဝန်းကျင်ကျေးရွာ...များမှ ဒါယကာများ၊ တပ်မတော်သား...များ ဝန်ထမ်းများ၊ ကျောင်းဆရာ...ဆရာမများနှင့် ရပ်ဝေးဒါယကာများ...ပေါင်းကူသိုလ်ပြုသဖြင့် ကျောင်း၊...ဇရပ်၊ ဓမ္မာရုံ၊ သိမ်တော်များ...သည့် သာသနိက အဆောက်အအုံ...များ တစ်စတစ်စ တိုးတက်လာသည်။

ထို့ပြင် ဂူတွင်းရှိ ပျက်စီးလျောင်း...တော်မှ ရုပ်ပွားတော်ကြီးကိုလည်း အသစ်တစ်ဖန် မွမ်းမံပူဇော်ခဲ့ကြသဖြင့် သပ္ပါယ်ကြည်ညိုဖွယ်ရာ ပွင့်ထွန်းတော်မူလာလေသည်။

သောက်သုံးရေကိုလည်း တောင်ခြေ **ကတိုးရေထွက်**(ရေစိမ့်စမ်း)မှ ရေပိုက်သွယ်တန်းကာ အင်ဂျင်ဖြင့် နှစ်ဆင့်မောင်း၍ တောင်ပေါ်အရောက် တင်ယူ သိုလှောင်ထားနိုင်ခဲ့သည်။


ယခုအခါ ဆရာတော် ဦးအာစိဏ္ဏသည် သက်တော်(၆၀)အတွင်းသို့ ချင်းနင်း ဝင်ရောက်လာပြီဖြစ်ကာ ကျန်းမာရေး ချို့ယွင်းမှုကြောင့် မန္တလေးသို့ ကြွရောက်ကာ ဆေးဝါးကုသမှု ခံယူနေကြောင်း ကြားသိရပေသည်။

## ဓာတ်တော်လိုဏ်ဂူသို့

ဦးတေဇောသာရ ဦးဆောင်မှုဖြင့် လျောင်းတော်မူ ရုပ်ပွားတော် ကိန်းဝပ်တော်မူရာ ဓာတ်တော်လိုဏ်ဂူသို့ သွားရောက်ကြည်ညို ဖူးမြော်ကြသည်။

တောင်တော်၏ အနောက်ဘက် တောင်မကြီး၏ ခါးပန်းတွင် လိုဏ်ဂူ

www.burmeseclassic.com



◆ လိုဏ်တွင်းသို့ စီးမိုးမြင်ရပုံ



◆ ပိဋကမောက်ချွန်စေတီ

တည်ရှိသည်။ အတက်လှေကားအဆုံး လိုဏ်ဂူဝ၌ ခြသေ့နှစ်ကောင် ရံထားသည်။

ခြသေ့်များကို ကျော်ဖြတ်သွားသော အခါ လိုဏ်ဂူအဝင်ဝအတွင်း တစ်ဆင့် နိမ့်၍ လိုဏ်တွင်းမြင်ကွင်းကို စီးမိုးရှုမြင်နိုင်သည့် လေသာဆောင်သဖွယ် မြေညီအင်္ဂတေ ခင်းထားသည်။

ထိုမှ အရှေ့ဘက် တောင်ထိပ်တွင် မှန်ပြစေတီကို ထုံးသင်္ကန်းအဖွေးသားဖြင့် ဖူးမြင်နိုင်သည်။

လေသာဆောင်တွင် ပြင်ပလေ တဖြူးဖြူးနှင့် လိုဏ်အတွင်း အအေးဓာတ်တို့ ရိုက်ခတ်၍ ပင်ပင်ပန်းပန်း တက်လှမ်းခဲ့ရသမျှ ဒုက္ခများကို မေ့ပျောက်စေပါသည်။

လေသာဆောင် အစွန်းတစ်နေရာ၌ အပါယ်ဘေးမှ ကင်းဝေးစေသော ဆုံးမစာ ဩဝါဒပါတီမောက် ဓမ္မစေတီ ကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် စိုက်ထူပူဇော်ထားသည်။

အနှစ်ချုပ်အနေဖြင့် **မကောင်းမှု ရှောင် ကောင်းမှုဆောင်၊ စင်အောင် စိတ်ကိုထား ဗုဒ္ဓတိုင်းသာ မိန့်ခဲ့တာ သုံးဖြာဥာဏ်စကား။**

ခန္တီမူလ၊ မာန်ကိုချ၊ ဒေါသ[illegible] မေတ္တာလွယ်၊ မကောင်းမှုများ [illegible] ပယ်ခွာ။ ကောင်းမှုအပေါင်း စု[illegible] ကြပါ။ မိမိစိတ်ရှင်း သန့်ရှင်း[illegible]





www.burmeseclassic.com

www.burmeseclassic.com



◆ ကျောက်စက်ရှိမျှော်စင်

ဤသုံးပါး ဘုရားသာသနာဟူ၍ သည်းကောင်း အင်္ဂလိပ်ဘာသာဖြင့်...
OVĀ DA PĀTIMOKKHA GĀ THĀ DHAMMACETIYA STONE INSCRIPTION OF EXHORTAION VERSES
(BRIEF SUMMARY OF BUDDHISM)
ဟူ၍ ခေါင်းစီး တပ်ထားလေသည်။
လေသာဆောင်မှ အောက်ခြေ လိုဏ်ဂူအတွင်းသို့ လှမ်းကြည့်ပါက လျောင်းတော်မူ ရုပ်ပွားတော်တစ်ဆူလုံးကို လှမ်းပြုဖူးမြော်ရသည်။

လက်ယာဘက်ရှိ ကျောက်လှေကားထစ်များအတိုင်း ဆင်းသွားသောအခါ အေးစိမ့်သော ခံစားမှုကို သိသာစွာ ရရှိသည်။

လိုဏ်ဂူအမိုးတွင် ကျောက်စက်ပန်းဆွဲများမှ ကျောက်စက်ရေများ အစက်စက် ကျဆင်းနေသည်ကို တွေ့ရသည်။

ထူးခြားသည်ကား လိုဏ်အထက် တောင်မကြီးပေါ်သို့ မိုးရေဖြိုင်ဖြိုင် သွန်ဖြိုးရွာချသော မိုးရာသီကာလများတွင် ကျောက်စက်ရေ ကျဆင်းမှု သာမန်မျှသာ ရှိသော်လည်း မိုးရေပြတ်လတ်သော ဆောင်းနှင့် နွေရာသီကာလများတွင်ကား ကျောက်စက်ရေများ ပိုမို ကျဆင်းလေ့ရှိကြောင်း သိရပေသည်။

လျောင်းတော်မူ ရုပ်ပွားတော်မှာ မြောက်အရပ်သို့ ခေါင်းပြုနေသည်။ ပရိနိဗ္ဗာန (သို့မဟုတ်) ကုသိနာရုံ လျောင်းတော်မူဖြစ်သည်။ မျက်လုံးတော်များဖွင့်လျက်ရှိရာ သမ္မာပတ်ဝင်စားရန် ရည်ညွှန်းပူဇော်ခြင်းဖြစ်ဖွယ်ရှိလေသည်။

## နောက်ခံဖြစ်စဉ်တော်

မြတ်စွာဘုရားရှင်သည် (၄၅)ဝါတိုင်တိုင် ကျွတ်ထိုက်ကုန်သော ဝေနေယျတို့ကို ကိုယ်တော်တိုင် အပင်ပန်းခံတော်မူ၍ အမြို့မြို့သော အရပ်သို့ ဒေသစာရီ ကြွသွားတော်မူရာ ဂန္ဓာလရာဇ်အရပ်မှသည် မြင်စိုင်းအရပ်သို့ ကြွတော်မူပြီးလျှင် ဓာတ်တော်တောင်၌ သီတင်းသုံးတော်မူလေသည်။

ခိုမင်း၊ ကျေးမင်း၊ ဆင်မင်း၊ စိုင်ငယ်ညီနောင် စသည်တို့က ပန်းသစ်သီးများ ပူဇော်ကြသကဲ့သို့ ထိုအရပ်နေ ပျူကမ်းရန် လူမျိုးများလည်း ဖူးမြော်၍ တရားတော်နာယူကြရသည်။

ဂေါတမဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူသောအခါ အဇာတသတ်မင်းကို အမှီပြု၍ အရှင်မဟာကဿပအမှူးရှိသော ရဟန္တာ(၅၀၀)တို့ ပထမသင်္ဂါယနာတင် ကြပြီးနောက် ဇမ္ဗူဒိတ်ကျွန်းသို့ သာသနာတော် စည်ပင်ပြန့်ပွားစေရန် ဘုရားရှင်ဒေသစာရီ

www.burmeseclassic.com





▲ မြင်းရှည်တိုင်

◄ ဆင်ချည်တိုင်နှင့်စေတီ

ကြွတော်မူခဲ့ရာ အရပ်တိုင်း၌ ဝါကပ်တော်မူကြ၏။

ဓာတ်တော်တောင်သို့ ဝါကပ်ဆိုရန် ရောက်လာသော အရှင်မဟာကဿပသည် သလွန်တော်ပေါ်၌ လက်ယာနံတောင်ဖြင့် မြောက်သို့ ခေါင်းပြုကာ ပရိနိဗ္ဗာန်စံဝင်ဟန် ရုပ်ပွားတော်ကို ရဟန္တာအရှင်မြတ်တို့ တန်ခိုးဖြင့် ဖန်ဆင်း၍ နန္ဒာလိုဏ်ကဲ့သို့ တင့်တယ်စေရန် နတ်သိကြားတို့ အကူအညီဖြင့် ပြုလုပ်စေသည်။

ဂူအဝတွင် စရည်းပင်ကို စိုက်၍ နတ်ပန်းသဏ္ဍာမဥျှဟု ခေါ်တွင်စေ၏။ ကုတာနှင့် မာယာအမည်ရှိ နတ်နဂါးမောင်နှံလည်း လာရောက်ကြကာ ရဟန္တာမထေရ်မြတ်များထံ ဥပုသ်သီလ ဆောက်တည်ကြကာ မြတ်ဘုရားရုပ်ပွားတော်အား ထာဝရ ကြည်ညိုစွာ ဖူးတွေ့နိုင်စေရန် နဂါးပြည်မှ ဥမင်ပြုကာ ရေကြောကို ဖန်တီးကြ၏။

ထိုအရပ်တွင် မြေပြင်မှ ရေမှ[...] စိမ့်ထွက်မြဲ ရှိနေရာ ကုတာနတ်န[...] ဖန်တီးသည်။ ကုတာရေထွက်မှ ယ[...] အခါ ကတိုးရေထွက်ဟု ခေါ်ဝေါ်လ[...] ရှိ၏။

**(ရှင်မဟာကဿပ စိုက်ပျိုး[...] သော စရည်းပင်သည် လိုဏ်ဂူ[...] တွင် တည်ရှိခဲ့ရာ ၁၃၃၀ ပြည့်[...] တွင်မှ ခြောက်သွေ့ပြိုလဲသွာ[...] သည် ဆို၏။ ထိုစရည်းပင် နေရာ[...] လေသာဆောင်နှင့် ပါတီမောက်[...] စေတီကို တည်ထားကြောင်း သိ[...] ၏။)**

မာယာနတ်နဂါးမ ဖန်တီးသ[...] ရေထွက်မှာ ယခုအခါ သပြေ[...] ဟု ခေါ်တွင်၍ ရေထွက်(ရေစိမ့်[...] အပေါ်မှ စေတီတည်ထားလေသ[...] တောစောင့် တောင်စောင့် အာက[...]

www.burmeseclassic.com



◆ ကျောက်မျှော်

နတ်များ၊ ဝိဇ္ဇာဓော်ကျီ၊ နတ်သိကြား အပေါင်းကလည်း ဘုရားရှင် ကြွတော်မူစဉ် ရေသပ္ပါယ်သော ရေကန်ကို သာသနာငါးထောင်ပတ်လုံး တည်တံ့စေရန် ရတနာစီခြယ်၍ ဖန်ဆင်းမွမ်းမံထားလေရာ လိုဏ်ဂူအထက် တောင်ထိပ်တွင် ယခုတိုင် တည်ရှိ၏။

**(ဦးတေဇောသာရအား မေးလျှောက်ရာ အတက်ခရီး ခဲကတ်လှသည်။ ဒေသခံများပင် လူတိုင်းရောက်ဖူးကြပေ။ မိုးလေကင်းသော ရာသီကာလတွင် ဆိုင်းကြိုးများဖြင့် တက်ရောက်ပါမှ ထိုရေကန်သို့ ရောက်နိုင်သည်ဟု မိန့်ကြားတော်မူသည်။)**

---

ပုဂံဥမင်

---

ထို့နောက်တွင် ဆွမ်းဘုဉ်းပေးရန် အချိန်သင့်နေသဖြင့် ဦးပဥ္ဇင်းက ဆွမ်းစားကျောင်းသို့ ပြန်ဆင်းသွားသည်။

လျောင်းတော်မူ ရုပ်ပွားတော်၏ ခြေရင်း မနီးမဝေးတွင် ပုဂံဥမင်အဝ ရှိကြောင်း ညွှန်ပြတော်မူခဲ့သည့်အတိုင်း သွားရောက်လေ့လာကြည့်သည်။

ဂူဝကို မမြင်ရ၊ ကျောက်တုံးကြီးများအကြား အနည်းငယ် လစ်ဟာနေသည်ကိုသာ တွေ့ရ၏။ ပြောင်ချောနေသည့် ကျောက်စောင်းများအရ ဥမင်အဝကို မှန်းဆလျှိုဝင်ရသည်။

ခြေနှစ်ချောင်းဖြင့် စတင် ဝင်ရောက်ရသည်။ ကိုယ်လုံး ပိန်လျသည့် ဆိုင်ကယ်လုလင်က ဦးစွာဆင်း၍ ကင်မရာအိတ်ကို လက်ဆင့်ကမ်းကာ မိမိက နောက်မှဝင်သည်။

ခန္ဓာကိုယ်ကို လူးလွန့်၍ ကွေ့ဝိုက်နေသော လမ်းအတိုင်း လူနှစ်ရပ်မျှ ဆင်းမိသောအခါ ကျောက်စွန်းကြားမှ တင်ပျဉ်ခွေ ရုပ်ပွားတော်သုံးဆူကို တစ်စိတ်တစ်ဒေသမျှ ဖူးမြော်ရသည်။ (အလင်း ရောင်မရှိပါ။ လက်နှိပ်ဓာတ်မီး ဆောင်သွားရ၏။) ဉာဏ်တော်(၂)ပေခန့် ရှိပေမည်။

'ဦးလေး အောက်ထိ မရောက်သေးဘူး။ ပြန်တက်မှ ကောင်းမယ် ထင်တယ်။ အသက်ရှူ ကျပ်လာသလိုပဲ'

'အေး ငါလဲ အသက်ရှူမဝသလိုဖြစ်တယ်။ အိပ်ရေးကြောင့်လို့ ထင်နေတာ။ ဒါဆိုရင်လဲ ပြန်တက်ကြတာပေါ့'

အတက်ခရီးတွင်လည်း ခြေလက်များဖြင့် ထောက်ကာကန်ကာ ဦးခေါင်းဖြင့် ပြန်တက်ခဲ့ရသည်။ ဆိုင်ကယ်လုလင်မှာ မကြာခဏ အသံပြုရသည်။

---

**ရွှေလ ဆက်ဖတ်ပါရန်**

---

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

သုရိယနေမင်းနှင့်

# စိတ်မှဖြစ်သော စိတ်စက်ကွင်း

ရဲမျိုးသူ
(ဇောတိမြိုင်)

လူ့ဘဝဝယ် ကြုံရဆုံရနိုင်ခြင်း လူတိုင်းတွင်ရှိသည်။ အကြောင်းအရင်းခံ စိတ်ဝင်စားဖွယ်ဖြစ်၏။ လောကီအတတ်ပညာဟုလည်း ပြောနိုင်၏။ စိတ်မှဖြစ်သော စိတ်စွမ်းအားကို အသိဉာဏ်ရှိသူတိုင်း မျှော်လင့်ကြပေသည်။ မမြင်ရသော အရာကို မြင်ချင်ကြရာဝယ် ကောင်းကင်စကြဝဠာအတွင်း အရောင်အဆင်း အလင်းတန်းတို့ကို မြင်သောသူတို့ ရှိသလို၊ မမြင်သောသူတို့ ရှိပြန်၏။

အကြောင်းရင်းခံကား သမထ အတတ်သာလျှင် ဖြစ်၏။ စာပေဗဟုသုတတစ်ခု ဆိုရသော် လူတို့၏ ဦးနှောက် ဉာဏ်ဖွံ့ဖြိုးခြင်းအတွက် နေမှလာသော မျှတသော အပူနှင့် အလင်းကို စနစ်တကျ အကျိုးရှိစွာ အသုံးချခြင်းပင်ဖြစ်သည်။

အတုမရှိသော ဗုဒ္ဓဘုရားရှင်ပင်လျှင် သမထ ဝိပဿနာ တရားမြတ်တို့ကို ကျင့်ကြံခဲ့သည် ဖြစ်ပေသည်။ ဂုဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ အကြောင်းအစုံ ပြီးပြည့်စုံခဲ့ရသည်မှာလည်း သမထအကျင့်မြတ်ကြောင့်လည်းပါ၏။

တန်ခိုးဆိုသော အရာသည် ဖုံးကွယ်ဝှက်၍ ပညာအရာသာ ဖော်ထုတ်အပ်ကြောင်း ကျေးဇူးတော်ရှင် မဟာဇောတိမြိုင်ဆရာတော်ကြီး ဆိုဆုံးမ သြဝါဒကို နာယူမှတ်သားဖူးသည်။

ပညာရှိ မည်သူတို့သည် တတ်သိလိမ္မာခြင်းဖြင့် လျှို့ဝှက်ဖုံးကွယ်ခဲ့သော အသိပညာတို့ ရှိခဲ့ပေသည်။ ပမာပြရပါမူ ဝိဒေဟရာဇ်မင်းကြီးနှင့် ပညာရှိသုံခမိန်(၅)ဦးတို့ အသိဉာဏ်နှိုင်းယှဉ်သကဲ့သို့ ရှိ၏။ ထိုပညာရှိ (၅)ဦးကား ဘုရားအလောင်း မဟောသဓာ၊ ပက္ကုသအမတ်၊ ကာမိန္ဒအမတ်၊ ဒေဝိန္ဒအမတ်၊ သေနကအမတ်တို့သာ ဖြစ်ပေသည်။

အသိကြီးခြင်း တူသော်လည်း ဉာဏ်ပညာကြီးခြင်း ကွာခြားလှ၏။ လူတို့၏သဘော တတ်သိလိမ္မာခြင်းကို ထင်မြင်စေလိုခြင်းလည်းဖြစ်၏။ ထို့ကြောင့် အမေးပုစ္ဆာပြု၏။

အဖြေရှာထုတ်ခြင်းတွင် အမှားနှင့် အမှန် ဝေဖန်စိစစ်ခြင်း မတူညီနိုင်ခြင်းကို သိရှိနားလည်ပေလိမ့်မည်။ အကြောင်းနှင့်အကျိုး ဆက်စပ်မှုက အမှန်ပင် ဖြစ်လေသည်။

လူ့ဘဝ လူ့ချမ်းသာ၊ နတ်ဘဝ နတ်ချမ်းသာ ဆိုသော ဆုတို့ကို လက်ရှိလူသားများ တညီတညွတ်တည်း လိုချင်သောစိတ် ရှိကြပေသည်။သို့သော် ပါရမီဆိုသော အကြောင်းခံ ရှိသူတို့အဖို့ လူချမ်းသာ နတ်ချမ်းသာထက် ပါရမီဆုကို ရယူပိုင်ဆိုင်ချင်ကြပေသည်။

ကျင့်စဉ်မှန်၊ စိတ်ထားမှန်ဖြင့် နိဗ္ဗာန်ဆုကိုသာ လို၏။ လောဘ၊ ဒေါသ မောဟ ထူပြောလှသည့် လူ့ဘဝ,နတ်ဘဝ,တိရစ္ဆာန်ဘဝတို့အား ထူးဆန်းစွာ ရေးရပါသော် နတ်ပြည်နှင့် လူ့ပြည် ကွာခြင်းကဲ့သို့ရှိ၏။

ဆန်းပြားရခြင်းကား လူ့သဘော လူ့မနော တိကျခြင်း မရှိသော်လည်း နတ်တို့၏ အသိအမြင်က အတိအကျ ရှိ၏။ ထိုသို့ ကွာခြားရသော အာရုံခံစားမှုသည် အဘယ်ကြောင့်ဖြစ် သနည်း။ ပုံမှန်အသိဉာဏ်ရှင်တို့က ရှာမှီးကြသော်လည်း တွေ့ကြုံရန် ခက်ခဲလှပေသည်။

အမျိုးမျိုး အသိယှဉ်၍ နှိုင်းဆချိန် တိုး၏။ ပူးပေါင်းကာ ကြံဆ၏။ သို့သော် အဖြေက ဝေးသူဝေး နီးသူနီး ဖြစ်နေ ပြန်၏။ လမ်းမှန် လမ်းမှား ခွဲကာ သည်တွင် အမှန်မမြင်သူတို့က ဒုနှင့် ဒေး။

စိတ်မှဖြစ်သော စိတ်စက်ကွင်းက

www.burmeseclassic.com

စိတ်အသိ၏ နိဒါန်းဖြစ်၏။ သို့သော် ထိုနိဒါန်းက လက်ရှိ လောကီလူသားတို့အတွက် အလွန် အသုံးဝင်လှသည်ဟု ယူဆနိုင်ပေသည်။ ထိုစိတ်စက်ကွင်း ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် ဖြစ်တည်သော လူသားတို့အဖို့ နေမှ ရရှိသော မျှတသော အပူနှင့် အလင်းဓာတ်ကို မျက်စိအာရုံဖြင့် စုပ်ယူကာ အလင်းစက်ကွင်း ဖြစ်လာခြင်းပင်ဖြစ်ပေသည်။

အတွေးအခေါ် ပညာရှင်ကြီးတို့က သီအိုရီသဖွယ်၊ အလင်းမှ စွမ်းအင် ထုတ်ပေးခြင်းဖြင့် လူ၏ ဦးနှောက် အာရုံကို နှိုးဆွကာ အတွေးအမြင်များကို တိုးတက်စေခြင်း ဖြစ်ပေသည်ဟု ဆိုပေသည်။ ထို့ကြောင့် အသိဉာဏ် တိုးတက်လိုသူတိုင်း လေ့ကျင့်အပ်ပါသည်။

## ကျင့်ကြံခြင်း

လူသားသဘာဝ စိုးရိမ်စိတ်၊ ထိတ်လန့်စိတ် ကန့်သတ်ချက်တို့ ရှိနေတတ်သဖြင့် ပေါ့ပါးလွယ်ကူသော နည်းကို ဖော်ပြရပါမူ လူသားသဘာဝ အမျိုးမျိုး ကျင်လည်ရှုန်းကန်ရခြင်း ရှိနေပြန်၍ မိမိအားလပ်ချိန်ကို မူတည်ကာ **နေထွက်ချိန်၊ နေဝင်ချိန် မျှတသော အချိန်တွင် သက်သာသော ကိုယ်နေဟန်ထားဖြင့် နေမင်းကြီးအား မျက်စိမှိတ်လျက်ဖြစ်စေ၊ မျက်စိဖွင့်လျက်ဖြစ်စေ မိမိအားလပ်ချိန်တိုင်း နေ့စဉ်ပုံမှန်မပြတ် ကြည့်ရှုခြင်း ဖြစ်သည်။**

ကြိုတင်သိရန်ကား အလင်းဝင်ရောက်ခြင်းတွင် ဝင်ချင်သလိုဝင်၊ ထွက်ချင်သလိုထွက် ထိန်းချုပ်ရန် ခက်ခဲနေပေလိမ့်မည်။ အကျင့်မှအသိအမှတ် ကူးပြောင်းရန် တဖြည်းဖြည်းချင်း စိတ်စက်ကွင်း ပိုင်ဆိုင်လာပေလိမ့်မည်။

လူ့လောက၏ သဘောသဘာဝအရ ကျောက်သင်ပုန်း၊ ကျောက်တံဖြင့် ခြစ်ချင်သလိုခြစ်သော ကလေးငယ်မှ ပညာရှင်ကြီး ဖြစ်လာသည့်နှယ် သက်သာသော အနေအထားမှ အလင်း၏ သဘောတရားကို ကြိမ်ဖန်များစွာ ကျင့်ကြံလာသဖြင့် ကသိုဏ်းဝန်း တည်ဆောက်နိုင်သော မျက်စိဖြစ်လာသည်။

ထိုအတူ မျက်စိနှင့် အာရုံတို့ တွဲဖက်ကာ ငြိမ်သက်မှု ဖြစ်စေရန်အတွက် တင်ပျဉ်ခွေ အနေအထားဖြင့် ဉာဏ်အသိအရ တဖြည်းဖြည်း ပြောင်းလဲပေလိမ့်မည်။

အလင်းရောင် ဖြိုးဖြိုးလက်ကာ ထိန်းသိမ်းရန် ခက်နေရာမှ အလင်းစုပ်ယူမှုကို စနစ်တကျ ပဲ့ကိုင်နိုင်လာ၏။ ထိုပဲ့ကိုင်ခြင်းမှသည် လည်ပတ်နေသော အလင်းစိတ်စက်ကွင်းကို တည်ဆောက်နိုင်ခြင်းလည်းဖြစ်၏။

ရုပ်ပိုင်းဆိုင်ရာ အမြင်သဘောအရ ကိုယ်တိုင်မြင်ရ၏။ တစ်ပါးသူ မမြင်ရ။ မြင်နိုင်သူ၊ သိနိုင်သူတို့က သမထ အတတ် တတ်သော ကသိုဏ်းရှင်များသာ ဖြစ်ပေသည်။

ထိုအဆင့် ရရှိသူ၏ စိတ်သဏ္ဌာန်ဝယ် **နေဝင်နေထွက် မိမိမျက်စိနှင့် ဆုံရသော နေမင်း၏ အလင်းရောင်သည် အပြာနုရောင် ပြောင်းကာ မိမိစိတ်ဝယ် နေလုံးကြီး လည်ပတ်နေသည်ကို တွေ့ရပေလိမ့်မည်။**

ထိုအဆင့်မှ တဖြည်းဖြည်း သင်ယူခြင်းဖြင့် ထိုင်လျက်၊ ထလျက်၊ လမ်းလျှောက်လျက်၊ အိပ်လျက် ကသိုဏ်းစိတ် စက်ဝန်းကို ပိုင်ဆိုင်ရတော့ပေသည်။ ယုံကြည်ခြင်း၊ အာရုံစူးစိုက်ခြင်း၊ ပုံမှန်လေ့ကျင့်ခြင်းတို့အတွက် ရလဒ်ကောင်းရမည်က မလွဲဧကန် ဖြစ်ပေလိမ့်မည်။

## တိုးတက်သော
## အသိဉာဏ်နှင့်
## လိုက်မီသူ

လောကီလူသားတို့အတွက် မဖြစ်မနေ လိုအပ်သည်က ဆရာသာ ဖြစ်ပေသည်။ ဉာဏ်စဉ် နခြင်း၊ ရင့်ခြင်း အသိတို့လည်း ဖြစ်လာနိုင်၏။ ထိုပေါက်၍ ထိုလက်မှတ်ပျောက်ခြင်း၊ ဥပမာအရဆိုပါလျှင် ပါရမီပါသူအတွက် လမ်းဖွင့်ပေးခြင်းလည်း ဖြစ်သည်။

အချို့က ပါရမီပါသော်လည်း လူ့ဘဝ ကုန်ဆုံးသည်အထိ မသိ။ ဉာဏ်၏ သဘောအရ အလိုလို ထိုးဖောက်ကာ ဉာဏ်သွားသူတို့ မည်မျှတောင် ရှိနေမည်နည်း။ အကြောင်းနှင့်အကျိုး ဆက်စပ်နေမှု အတိတ်ဘဝဉာဏ်နှင့် ပစ္စုပ္ပန်ဉာဏ် ချိတ်ဆက်နေသူတို့အဖို့ကား အကျိုးအနန္တ။

ထိုစိတ်စက်ကွင်း (ခ) အလင်းစက်ကွင်းကား စိတ်အာရုံနှင့် မျက်စိအာရုံဝယ် ပိုင်ဆိုင်ခြင်းမှ အဆင့်ဆင့် တက်လှမ်းကာ ဆရာရှင်တို့၏ နည်းလမ်းကို ရရှိခဲ့ပါမူ တိုးတက်ခြင်းသည် ဤဘဝသာမက သံသရာအထိ အကျိုးကျေးဇူး ကြီးမည်ကား အမှန်ပင် ဖြစ်လေသည်။

**ရဲမျိုးသူ(မောစီဖြိုင်)**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နှန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီး နောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ် တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမ ဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ဝ၅၁ဝ YR ဝဝဝ၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂ဝဝ၈ တဆထလ တိုး(ဝ၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

**ပျောက်ကင်းစေသော ရောဂါများ**

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနု ချောမွတ်ပြီး မကြေ့ဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူး ခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျိုးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်း စေပါသည်။

## သမားအို

## လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ဝ၃ဝ၅ YR ၃ဝ၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂ဝဝ)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကိုသိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ကျောက်ကပ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကာ ပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ဝ၃၁၁ YR ဝဝ၃ဝ၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုးတို့ကို** သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော "**သတ္တဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူ ကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ၊ ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။


**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ- ဝ၂၉၁၇) ဖုန်း-ဝ၉-၄၉၂၆၄၄ဝ၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉ဝ၆၁ဝ အပြင် မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်ချမ်းသာစေတီ

စွန်းလွန်းဆရာတော်ကြီးနှင့် အတိတ်ဘဝ ကျေးညီနောင်ဖြစ်ခဲ့သည့်

# သတိပဋ္ဌာန်ဆရာတော် ဦးလောကတိဿ

လက်စခင်ကျော်စွာ

## ၏ ဘဝပုံရိပ်များ (၅)

ယခင်လမှ အဆက်

သပဘုရားရှင်သည် ဒေသစာရီ တော်မူလာရာ ဤကုန်းတော် တွင် ကျေးသားခေါင်းဆောင် တော်ကျေးက သစ်သီးခိုင်ကို ဆက်ကပ်ခဲ့သည်။

ရှင် လက်ခံတော်မူသောအခါ ဆောင်ညီတော်ကျေးထံ ပုံသန်း အလှူကို အမျှဝေပေးသည်။

ပဋ္ဌာနုမောဒနာသာဓု ခေါ်ဆိုရသော ညီငယ်ကျေးသည် ဂေါတမမြတ်စွာ ဘုရား သာသနာတွင် ဦးလောကတိဿ ဖြစ်လာ၍ နောင်တော်ကျေးမှာ စွန်းလွန်း ဆရာတော်ဦးကဝိ ဖြစ်လာခဲ့သည်။ *(မြတ်ထေရ်မှန်၏ ဘဝဖြစ်စဉ် စာမျက်နှာ ၅၂၊ ၉၀၊ ၉၃)*

ထို့ကြောင့် ဤစေတီကို တည် ဆောက်၍ ၁၃၄၁ ခုနှစ်၊ တန်ဆောင် မုန်းလပြည့်နေ့ (၃–၁၁–၇၉)နေ့တွင် ထီးတော်တင်လှူ ပြီးစီးခဲ့သည်။


ထိုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် ဦးလောကတိဿနှင့် တပည့် ယောဂီ များသည် စွန်းလွန်းဆရာတော် ရုပ်ကလာပ်အား ပူဇော်ကန်တော့ လျက် တပည့်များကို ဆရာတော်ကြီး ၏ ရုပ်ကလာပ်တော်အား မ,ချီခိုင်းရာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်သော်သည်း





www.burmeseclassic.com

www.burmeseclassic.com





◆ သီရိမင်္ဂလာစေတီ

◆ ရွှင်သာမှ ဆရာတော်ရှင်တော့ တန်ဆောင်း

ခါးတော်မှ ချီး၍ရအောင် ပျော့ပျောင်းနေကာ ခါးတော်အောက်မှ ရဟန္တာဓာတ်တော်တစ်ဆူ ရရှိခဲ့၏။

ထိုဓာတ်တော်အား ဤသစ္စာဖလစေတီတွင် ဌာပနာပြု ပူဇော်ခဲ့သည်။ *(မြတ်ထေရ်မွန်၏ ဘဝဖြစ်စဉ် စာမျက်နှာ-၅၂)*

စေတီထီးတော်တင်ပွဲတွင် ကျေး(ကြက်တူရွေး)အရှင် ကိုးကောင်ကို ဘေးမဲ့လွှတ်စေခဲ့သည်။ ထိုနေ့မတိုင်မီညကပင် ကျေးပေါင်းများစွာသည် စေတီအနီး သစ်ပင်များတွင် ခိုနားအိပ်စက်ကြ၏။

ကြက်တူရွေး ရှားပါးသော မြင်းခြံဒေသတွင် ဤသို့ မြင်ကြရသဖြင့် ဦးလောကတိဿက...

'ကြည့်... ကျေးသားတွေလဲ ထီးတင်ပွဲရောက်လာကြသကိုး။ ဓာတ်သက်ဝင်တာကြောင့် ဝိသေသ ပြတာပဲ'

ဟု မိန့်တော်မူလေသည်။

## သောင်းထိုက်ကုန်း

သစ္စာဖလစေတီအား ဖူးမြော်ပြီးနောက် ချောင်းကူးတံတားအတိုင်း တစ်ဖက်ကမ်းသို့ သွားရောက်ကြသည်။ ဦးလောကတိဿမောင်ရင်ပေါ်ချောက်သို့ ရောက်ရှိခါစတွင် အာရုံတွင် ပေါ်လာသည့်အတိုင်း သောင်းထိုက်ကုန်းဟု မှည့်ခေါ်ခဲ့သည်ဟု သိရသည်။

တံတားအဆုံး ချောင်းကမ်းနဖူးတွင် "ရွှခင်းသာ"ဟု ကမ္ပည်းထိုးကာ တောင်ဝှေးကိုင် မတ်ရပ်ရဟန်းတော်ရုပ်တု သွန်းလုပ်ထားသည်။

ဦးလောကတိဿပုံတော် ဖြစ်သည်ဆို၏။ ယင်းရုပ်တုနှင့်အတူ မော်ကွန်းကျောက်စာတိုင် စိုက်ထူထားသည်ဟု **"မြတ်ထေရ်မွန် စာအုပ်၊ စာမျက်နှာ ၅၁"**တွင် ဖော်ပြထားသော်လည်း ကျောက်စာကို မတွေ့ခဲ့ရပေ။

ကျောက်စာတိုင်နှင့် ဤပုံတော်ကို ၁၃၃၃ ခုနှစ်၊ နတ်တော်လဆန်း (၁၄) ရက်၊ ဗုဒ္ဓဟူးနေ့တွင် စိုက်ထူခဲ့ကြောင်း ရေးသားထားလေသည်။

ရွှခင်းသာမှ အရှေ့ယွန်းယွန်းသို့ ထွက်ခွာလာရာ ဦးဘသောင်း။ ဒေ... ညွန့်ကောင်းမှု **အောင်ချမ်းသာ...** နှင့် ပရမာလှူ၊ လက်ချမ်းကော... **"သီရိမင်္ဂလာစေတီ"**တို့ကို ဖူး... ရ၏။

ဤစေတီနှစ်ဆူကို ၁၃၂၅ ... တွင် တစ်ပြိုင်နက်တည်း ... ဆောက် ထီးတင်လှူခဲ့သည်ဟု ... သည်။

ဤစေတီနှစ်ဆူ ပွင့်ထွန်းသော... ဆရာတော် ဦးလောကတိ... **စွန်းလွန်းဆရာတော်ကြီး ဦး... သည် ၁၂၈၂ ခုနှစ်၊ သီတင်းကျွ... ဆုတ်(၁၃)ရက် အင်္ဂါနေ့ ည(၁၀)... အချိန်တွင် ရဟန်းကိစ္စ ပြီးစီး... မြင်ခဲ့ရာ နတ်ဒေဝတာအ... သောင်းထိုက်စကြဝဠာမှ ... ရောက်ရှိလာ၍ ဖူးမြော်ပူဇော်... ကုန်းတော်ဖြစ်ကြောင်း** မိန့်... လေသည်။ *(မြတ်ထေရ်မော်၊ စာ...*

သီရိမင်္ဂလာစေတီတော် ဒါ... မောင်နှံသည် ကောင်းမှု ... တွင် သူတို့ဆန္ဒဖြစ်သော ပြည်... ပြန်ချီးကို အောင်မြင်စွာ သွား... နိုင်ခဲ့သည်ဟု သိရသည်။





www.burmeseclassic.com

www.burmeseclassic.com

ဒီမိုမင်္ဂလာစေတီ ကုန်းတော်မှ ဆင်းတစ်ဖက်ရှိ သစ္စာကျူးရင့်စေတီ ဆင်ရှားစွာ ဖူးတွေ့ရသည်။ အနီး ဖူးမြော်စဉ် ချုံနွယ်များ ကာဆီး သဖြင့် ဤနေရာမှသာ မှတ်တမ်း ပုံရိုက်ကူးဖြစ်သည်။


ထိုကုန်းမြင့်ထက်တွင် ရပ်တည် ဆရာတော် ဦးလောကတိဏ္ဏ မောင်ရင်ပေါ်ချောက်၌ သာသနာ အတွက် သစ္စာအဓိဋ္ဌာန် ပြုခဲ့ခြင်း ကြောင့် "သစ္စာကျူးရင့်စေတီ"တွင် "သစ္စာရှင်ခေါ် လေးရာဘက် စေတီ"ဟုလည်း ခေါ်တွင်ကြောင်း ...

## ...ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းလိုဏ်ဂူ

...နောက်တွင် မောင်ရင်ပေါ် ...သို့ ပြန်လာကာ "**သစ္စာဇလ စေတီ**"အနီးရှိ ကွန်ကရစ်လမ်း ...အတိုင်း လျှောက်လာခဲ့ရာ ...နေအထားသည် ပြင်စည်နှင့် ...မြို့ကြားရှိ ရွှေမင်းဝံစေတီ ...တော်နှင့် ဆင်တူနေသည်ကို ...ခဲ့သည်။


...ရှုတ်နိုင်ငံ မဟာတံတိုင်း အစိတ် ...တစ်ခုပမာ ခံစားရသည်။ လမ်း ... တံတားငယ်တစ်ဖက်တွင် ...ကလက်စ အုတ်တန်ဆောင်း ...ဆောင်နှင့် မြေလိုဏ်ဂူအဝင် ...ကို မြင်ရသည်။

**...ဆရာတော်ကြီး ဦးကဝိ ...ကမ္မဋ္ဌာန်း ကျင့်ကြံအားထုတ် မြေလိုဏ်ကို** အင်္ဂတေများဖြင့် ...မှ မွမ်းမံကာ ကြာရှည်တည်တံ့ ...ထိန်းသိမ်းထားခြင်းဖြစ်သည်။ ...အလှူရှင် ဦးအေး၊ ဒေါ်ထွေးစိန် ...ကာလကြာရှည် ယိုယွင်းမှုအရ



◆ သစ္စာကျူးရင့်စေတီအားအပေါ်မြင်ကွင်း

◆ ဆရာတော်ဦးကဝိ တရားထူး ပေါက်မြောက်ရာလိုဏ်ဂူ



ထပ်မံပြုပြင်ကြသော ဦးလှအောင်၊ ဒေါ်ရှည်မွန်တို့၏ အလှူမှတ်တမ်း ကမ္ပည်းများ တွေ့ရသည်။

အတွင်းသို့ ငုံ့လျှိုးဝင်ရသည်။ ဆရာတော်ကြီး ဦးကဝိသည် ဤလိုဏ်ဂူတွင် တရားထူး ရရှိတော်မူခဲ့သော အောင်မြေဌာနဖြစ်သည်။ ကြမ်းပြင်ကို ပျဉ်ပြားခင်းထား၍ အဝင်ဝတံခါးပေါက် လက်ဝဲဘက်တွင် ကုန်းမို့ထက် စေတီ တစ်ဆူနှင့် ဆရာတော်ဦးကဝိ၏ ဓာတ်ပုံတို့ကို ပူဇော်ထားသည်။

ဂူနံရံတွင် ခြလမ်းကြောင်းများစွာ တွေ့ရသော်လည်း ပျဉ်ကြမ်းခင်းမှာ ယိုယွင်းပျက်စီးမှုမရှိ တောင့်တင်း ခိုင်မာဆဲဖြစ်သည်။ ဂူတွင်း၌ လေဝင် လေထွက် မျှတ၍ အေးသောရာသီ တွင် နွေးထွေး၍၊ ပူသောရာသီ ဥတု တွင် အေးမြမှုရှိကြောင်း သိရသည်။

မြန်မာတွင်မက ကမ္ဘာကပါ ရဟန္တာ ပုဂ္ဂိုလ်အဖြစ် လေးစားကြည်ညိုကြ သော ဆရာတော်ကြီး ဦးကဝိ တရား ထူး ပေါက်မြောက်အောင်မြင်သော နေရာပေတကားဟူ၍ ဝမ်းမြောက် ကြည်နူးစွာဖြင့် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း



www.burmeseclassic.com

www.burmeseclassic.com





◆ ဆရာတော်ဦးကဝိ ကျူရှာန်ရှ အနီးရှိဒါတား ကျူရှာန်ရှုအာဝ ◆

ကို စီးဖြန်းပြီးနောက် မေတ္တာပို့ အမျှပေး ဝေဖြစ်ခဲ့သည်။

## လောကတိတ္ထာအမတ လွမ်းစေတီ

လိုဏ်ဂူအောင်မြေမှ ကျောင်းသို့ ပြန်လာရာ ဆရာတော် ဦးဝါယမက နံနက်စာ ထမင်း တည်ခင်းကျွေးမွေးရန် ကပ္ပိယများအား မိန့်ကြားသည်။

ယင်းနောက်တွင် ဆရာတော်အား နှုတ်ဆက်ကန်တော့ရာ ဦးလောကတိတ္ထာလွမ်းစေတီနှင့် မိမိအတွက် ကြိုတင်ဆောက်လုပ်ထားသော ပြာသာဒ်ဆောင်အား ကြည့်ညိုလေ့လာသွားရန် မိန့်တော်မူသည်။

မောင်ရင်ပေါ်ချောက် အဝင်မုခ်ဦးအနီး လက်ဝဲဘက်တွင် "**လောကတိတ္ထာအမတလွမ်းစေတီ**" ရှိသည်။ ဦးလောကတိတ္ထာသည် ၁၃၆၁ ခုနှစ်၊ တပေါင်းလဆုတ်(၁၂)ရက် ည(၁၀)နာရီတွင် သတိပဋ္ဌာန်ကျောင်း၌ ပျံလွန်တော်မူခဲ့သည်။

ရုပ်ကလာပ်တော်ကို (၅)ရက်ကြာ ပူဇော်ထားကာ မောင်ရင်ပေါ် ချောက်သို့ ပင့်ဆောင် ဂူသွင်းစဉ် **မြေငလျင် သုံးကြိမ်လှုပ်ခတ်ခဲ့သည်။**

ရုပ်ကလာပ်ကို ဂူသွင်း၍ စေတီတည်ထားရန် ဆရာတော် ရှိစဉ်ကပင် ကြိုတင် မိန့်ကြားခဲ့ခြင်းဖြစ်သည်။ အကြောင်းအမျိုးကြောင့် မိမိအပေါ် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားကျူးလွန်မိပါက ဝန်ချတောင်းပန်ပါလျှင် ပြေပျောက်နိုင်သည်။

ထိုသို့ ဝန်ချတောင်းပန်နိုင်ရန် မိမိ၏ ရုပ်ကလာပ်စေတီကို စီစဉ်ရကြောင်း မိန့်ကြားခဲ့သည်။

ဆရာတော်သည် သမထအားကောင်း၍ အနာဂတ်၌ ဖြစ်ပျက်မည့်ကိစ္စများကို ကြိုတင် သိမြင်တော်မူသည်။

ရတနာသိင်္ဂီကျောင်းတွင် သီတင်းခဲ့ဖူးသည့် ရတနာသိင်္ဂီဆရာတော် ဦးပဏ္ဍဝက...

'ဆရာတော် ဦးလောကတိတ္ထာဟာ သမထ သိပ်သန်တယ်။ အမြင်သိပ်သန်တယ်'

ဟု မိန့်ကြားခဲ့သည်။ သမထအာရုံ အမြင်ဖြင့် မိန့်ကြားသည်များကို တပည့်ဒါယကာအများ ပြစ်မှားမိတတ်ကြသည်။

ဆရာတော် ကိုယ်တိုင်ပင်လျှင်...

'ငါ့ အရင်ဘဝက ပန်တွာဘုရင်မရဲ့ အား

အထားရဆုံးစည်ကြီးကို ထိုးဖောက် ဖျ... ဖူးတယ်။ အဲဒီအပြစ်ကြောင့် ဇါဟာ ဒီ... မှာ တပည့်အကျိုးပေး နည်းရတာပဲ'

ဟု မိန့်ကြားဖူးလေသည်။

သို့ဖြစ်လေရာ လောကတိ... အမတစေတီကို ဦးနာရဒနှင့် ဦးဝါ... တို့ ဦးဆောင်၍ ၁၃၆၂ ခုနှစ်၊ တပေါ... လဆုတ်(၁၁) ရက်နေ့တွင် ... ဆောက်ထီးတင်နိုင်ခဲ့သည်။

စေတီတည်ဆဲ တပေါင်းလပြည့်... ည(၈)နာရီအချိန်တွင် စေတီမှ အ... တန်းများထွက်ပေါ်၍ သတိပ... ကျောင်းနှင့် ကူးလူးယှက်သ... သည်ကို မြင်ကြရသည်ဆို၏။

လွမ်းစေတီမှာ သတိပဋ္ဌာန်ကျေ... ဝင်းရှိ ပန်းပေါင်းစေတီနှင့် ပုံစံတူ... ပထမပစ္စယံအခြေ၌ အဝင်ထ... မျက်နှာမူထားသော မြတ်စွာဘု... ကျေးသားတို့ကို မြင်တွေ့ရသည်...

ဆရာတော်ဦးကဝိကို ရည်... ပူဇော်ခြင်းဖြစ်သည်။ လိုဏ်အ...



www.burmeseclassic.com

www.burmeseclassic.com





◆ ဝိယမလုံ့လ အမတပြာသာဒ်

◀ မောင်ရင်ပေါ်ချောက် ဆရာတော် ဦးဝိယမ(သက်တော်-၉၈)နှစ်

အလယ်ဗဟိုတွင် ဆရာတော်၏ အုတ်ဂူရှိ၍ နံရံတွင် ဩဝါဒများ ကမ္ဗည်းတင်ထားလေသည်။

ဤစေတီ၏ လက်ဝဲဘက်တွင် မောင်ရင်ပေါ်ချောက် ဆရာတော် ဦးဝါယမ ကြိုတင် ပြင်ဆင်ထားသည့် **"ဝါယမလုံ့လ အမတပြာသာဒ်"**ကို ကမ္ဗည်းနှင့်တကွ တွေ့ရသည်။ **"အသက်မကုန်သေးတော့ အလုပ်လဲ မကုန်သေးဘူး"**ဟူသော ဆရာတော်၏ မိန့်ကြားသံကို ကြားယောင်မိပေသည်။

ယင်းနောက်တွင် မနီးမဝေးခန်းဆောင်ရှိ ဦးကဝိ၊ ဦးလောကတိဿ၊ ဦးဝါယမ ဆရာတော်သုံးပါး ရုပ်တုများအား ဂါရဝပြုကာ မောင်ရင်ပေါ်ချောက်မှ ပြန်ခဲ့လေသည်။

မြင်းခြံမြို့ အနီးတစ်ဝိုက်ရှိ ဆရာတော်ဦးလောကတိဿနှင့် ဆက်စပ်သော နေရာအချို့ကို မှတ်တမ်းပြုတင်ပြပြီး၍ နိဂုံးအဖြစ် ဆရာတော်၏ ထူးခြားမှုအချို့ကို တင်ပြပေးလိုက်ပါသည်။

## ဦးစန္ဒောဘာသ၏ အတွေ့အကြုံ

၁၃၄၀ ပြည့်နှစ်၊ နယုန်လတွင် လားရှိုးမြို့၌ ဗွန်းလွန်းဝိပဿနာရိပ်သာ ဖွင့်လှစ်ရန်ကိစ္စအတွက် ဦးစန္ဒောဘာသ ဦးဆောင်၍ မြင်းခြံ၊ သတိပဋ္ဌာန်ကျောင်းသို့ ရောက်လာကြသည်။

တစ်နေ့တွင် ဦးစန္ဒောဘာသသည် ဆရာတော် ဦးလောကတိဿနှင့်အတူ ဒေါ်ကွန့်ကျောင်းတိုက်အတွင်း ရှင်းလင်းရာ သေတ္တာငယ်အတွင်းမှ ဆရာတော်ကိုယ်တိုင် လက်နှိပ်စက်ဖြင့် ရိုက်ထားသော စာရွက်တစ်ရွက်ကို တွေ့ရသည်။

ထိုစာရွက်တွင်...

* **၁၃၁၅ ခုနှစ် ပထမဝါဆိုလပြည့်ကျော် (၂)ရက်၊ တနင်္လာနေ့မှ** စတင်၍ တရားအားထုတ်ခဲ့ရာ (၁၈)ရက်ပြည့်မြောက်သည်။
* **၁၃၁၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၄)ရက်၊ ဗုဒ္ဓဟူးနေ့** ပထမစခန်းပြီးသည်။
* **၁၃၁၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်(၁)ရက်၊ တနင်္လာနေ့က** ဒုတိယစခန်း ပြီးသည်။
* **၁၃၁၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်(၁၃)ရက်၊ စနေနေ့** တတိယစခန်း ပြီးသည်။
* **၁၃၁၅ ခုနှစ်၊ ဝါခေါင်လဆန်း (၁၀)ရက် ကြာသပတေးနေ့** စတုတ္ထစခန်း ပြီးသည်။

ဟု တွေ့ရသဖြင့် အံ့သကိုင်၍ အိတ်ကပ်တွင်းထည့်မည်ပြုစဉ် ဆရာတော်က...

**"ဦးပဥ္စင်း အဲဒီစာရွက် ပြန်ပေဦး။ အခုပေးထားလို့ မဖြစ်သေးဘူး"**ဟု ဆို၍ ပြန်လည် သိမ်းဆည်းလေသည်။

နံနက်အရုဏ်ဆွမ်း ခေါက်ဆွဲပြုတ် ဘုဉ်းပေးသောအခါ ဆရာတော်၏ ပါးစပ်မှ တစ်ခါတစ်ရံ မြည်သံများ ကြားရသဖြင့် ဦးစန္ဒောဘာသက **"သေဒိယနဲ့လဲ မညီဘူး"**ဟု စိတ်တွင်းမှ ကဲ့ရဲ့မိသည်။

ဆရာတော်က ဆွမ်းဘုဉ်းပြီးသောအခါ ဦးစန္ဒောဘာသဘက်သို့ လှည့်၍ **"ဦးပဥ္စင်း ဆွမ်းဘုဉ်းရလဲ ခုကွဲ မဟုတ်လား။ တပည့်တော်ကတော့ ဘာရယ်လို့ မဟုတ်ပါဘူး။ ခိုက်ထဲ**



www.burmeseclassic.com

www.burmeseclassic.com



◆ မြသာဂ်အဆင်ဝ

**မြန်မြန်ရောက်သွား ပြီးတာပဲဆိုပြီး ဘုဦးပေးလိုက်တာ''**ဟု မိန့်လေသည်။ ဦးစန္ဒောဘာသ ချက်ချင်းပင် သဘောပေါက်၍ ရှိခိုးတောင်းပန်ရလေသည်။ ***(မြတ်ထေရ်မှန် စာ-၁၂၄)***

## ဦးသန့်အား ကြိုတင်မိန့်ကြားခြင်း

၁၃၁၇ ခုနှစ်တွင် ဆရာတော်သည် တောင်ငူမြို့တွင် တရားဟောပြီးနောက် ရွှေတိဂုံဘုရားဖူးရန် ရန်ကုန် ရွှေတောင်တန်းလမ်း၊ သင်္ဂဟပွဲရုံပိုင်ရှင် နေအိမ်တွင် ခေတ္တ သီတင်းသုံးခိုက် ယောဂီများကို သင်ကြားပြသပေးသည်။

ထိုစဉ်အခါ ပွဲရုံပိုင်ရှင်နှင့်အတူ မိတ်ဆွေတစ်ဦးလည်း ဆရာတော်ကို ဖူးမြော်ရန် လိုက်ပါလာသည်။ ပဋ္ဌသန္ဓာရစကားဆိုရင်း ထိုဒါယကာ၏ အမည်ကို မေးရာ...

'တပည့်တော် မောင်သန့်ပါ'

'ဘာများ လုပ်သလဲ'

'တပည့်တော် ကုန်သည်ကြီးများ အသင်းဥက္ကဌပါ ဘုရား'

'အကာကြီး မကုန်သေးဘူး ဒီထက်ကြီးတာတွေ သယ်ရဦးမယ်၊ ကမ္ဘာနဲ့ချီပြီး သယ်ရဦးမယ်၊ ချွန်မထားနဲ့နော်၊ ကုန်အောင်သယ်၊ ကုန်အောင်သယ်'

ဟု မိန့်တော်မူခဲ့သည်။

**နောင်သော် ဦးသန့်သည် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်တာဝန်ကို ထမ်းဆောင်ရလေသည်။**

## နက္ခတ်ဖမ်းပွဲ

၁၃၃၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် **မြင်းခြံ သတိပဋ္ဌာန်ကျောင်းဝင်းအတွင်း၊ ဝိဇ္ဇာဓော်ကို မဟိဒ္ဓိရှင်အပေါင်းနှင့် လူယောဂီတို့ နက္ခတ်သဘင်ဆင်ယင် ကျင်းပမည်ဖြစ်ကြောင်း၊** ရက္ခန်းစင်တောင် ဆရာတော် ဦးသြဘာသက ဦးလောကတိဿကို ကြိုတင်လျှောက်ထားသည်။

တန်ဆောင်းမုန်းလပြည့်နေ့ ည(၁၁) နာရီအချိန်ကွင် နက္ခတ်သဘင် စတင်ကျင်းပသည်။ ကျောင်းဝင်းအတွင်း နက္ခတ်ဖမ်းမည့် နေရာ၌ သဲဖြူခင်း၍ ရာဇမတ် ကာထားသည်။

ငှက်ပျောပင်တစ်ပင်ကို စိုက်ထူထားကာ ယောဂီအမျိုးသမီးနှစ်ဦးက ပိတ်ဖြူဖြင့် ဆွဲထားပေးရသည်။ ငှက်ပျောပင်ခြေရင်းတွင် မဲဇလီဖူးများကို ဖက်စိမ်းဖြင့်ထုပ်၍ ထားရှိသည်။

ရက္ခန်းစင်တောင် ဆရာတော် ဓာတ်စီးမည့် ယောဂီဦးအေးကို မျက်နှာတွင် အဝတ်ဖြင့် ပိတ်စည်းပြီးလျှင် ဝါးဖြင့် ပြုလုပ်ထားသော ဆေးမားကို ကိုင်စေသည်။ ငှက်ပျောပင်အနီးတွင် ရေဇလုံတစ်လုံး ရေဖြည့်၍ ချထားသည်။

အချိန်ရောက်သောအခါ မျက်နှာစည်းထားသည့် ဓာတ်စည်း ပုဂ္ဂိုလ်သည် အရှေ့ကောင်းကင်မှ ပေါ်လာသော (ဝိသာခါနက္ခတ်) ကြယ်တစ်လုံးကို လက်ညှိုးထိုး၍ ရေဇလုံ ၌ ကြယ်ရိပ်ပေါ်လာသောအခါ **''(ဝိသာခါနက္ခတ်)၏ကြယ်ကို ဖမ်းပြီပါတော့မယ်''** ဆိုလျက် ဝါးမားကို ငှက်ပျောပင်၌ ထိုးစိုက်လိုက်သည်။

ရေဇလုံတွင် အပ်ချည်မျှင်တန်းထားသောနေရာ၌ ဝိသာခါနက္ခတ် ရပ်တန့်သွား၏။ ခဏအကြာတွင် ''ပြန်လွှတ်ပါတော့မယ်''ဆိုကာ ဝါးမားကို ငှက်ပျောပင်မှ ပြန်ဆွဲထုတ်သည်။ ကြယ်ကလေးလည်း ပြန်လည် ရွေ့လျား၍ ရေဇလုံတွင်းမှ ပျောက်ကွယ်သွားသည်။

ထို့နောက် နောက်ထပ် နက္ခတ်နှစ်လုံး စုစုပေါင်း သုံးလုံးကို သုံးကြိမ်တိတိ ဖမ်းပြပြီးနောက် ဝါးမားဖြင့် ငှက်ပျောပင်ကို ထိုးဖြတ်သည်။ ပိတ်ဖြူဆွဲထားသော ယောဂီအမျိုးသမီးနှစ်ဦးက ငှက်ပျောပင်ကို မြေမကျအောင် ဖမ်း၍ ဆရာတော်အား ကပ်လှူသည်။ ဆေးဝါးအဖြစ် သုံးစွဲရန်ဖြစ်သည်။

ရွှေလ ဆက်ဖတ်ပါရန်

**ထက်မင်းကျော်(မှ)**



www.burmeseclassic.com

www.burmeseclassic.com



# စကျွဲပါလ ဘာဘာသျှံ၏

မန္တနီတော်

အင်းတော်ကြီးဒေသကို သွားရန် အကြောင်းဖန်လာ၏။ သွားစရာ အကြောင်းက မည်မည်ရရ မရှိပေ။ သွားဆိုတော့ သွားရတော့မည်။ ခရီးသည်မို့ သင့်တော်ရာမှာ နားခိုရင်း ဦးပဥ္စင်းတစ်ပါးနှင့် ဆုံရ၏။

ထိုဘဝက အရင်တုန်းက ရဲဝန်ထမ်း၊ အရက်သမားဘဝ ရောက်ခဲ့ရသူဟု ပွင့်လင်းရင်းနှီးစွာ ပြောပြနေ၏။

အချစ်ရေး ကံမကောင်း၍ အရက်စွဲရသူ။ သူက ရမည်းသင်းဇာတိ။ ခုသီတင်းသုံးနေတာကလည်း ရမည်းသင်းမြို့။

ဝန်ထမ်းဘဝ တောင်သာနယ် မုံ့ခင်ကြီးရဲစခန်း ဘုရားကြို ဘုရားပျက်တွေကြားမှာ တာဝန်ကျနေသည်။ မှုးမှုးနှင့် အိပ်ပျော်နေစဉ် နဖူးကို တောင်ဝှေးနှင့် လာခေါက်ကာ...

'မင်း လူဘဝနဲ့ နေရင်တော့ ဘဝကူးရ တော့မှာ'

သည်စကားကြောင့် သူ တုန်လှုပ်သွား၏။

အိပ်မက်ထဲက ပုဂ္ဂိုလ်၏ပုံက ရသေ့ဝတ် ခေါက်ခြာခေါင်းထား၏။ အသားညိုညို ကျောက်ပေါက်မာပါ၏။ ဆက်၍...

'မင်း ဘာလုပ်ချင်လဲ'

ပထမ သုရာရည်သောက်ပြီးတော့ ပျော်ပါးနေကြသည့် နတ်သမီး,နတ်သားပုံတွေကို ပြ၏။

ဒုတိယ ဝတ်ဖြူစင်ကြယ်ပုံကို ပြ၏။ တတိယ ရသေ့ပုံကို ပြ၏။ စတုတ္ထ ရဟန်းဝတ်ပုံနှင့် ပြ၏။ စတုတ္ထပုံကို သူ သဘောတူလိုက်၏။

အဲဒီနောက် သူက အရက်ဖြတ်သောအခါ အရက်ကြောင်ကာ ရူးသွပ်သွားခဲ့၏။ လမ်းတွေပေါ် (၁)လခွဲလောက် ခြေကျင်လျှောက်သွားနေ၏။ ယူနီဖောင်းဝတ်ကြီးနှင့် ဖြစ်၏။ နောက် အလုပ်ထွက်ခဲ့၏။

သာဝတ္ထိစမတောင်အနီးကို ရောက်သွားခဲ့သည်။ ကိုရင်ကြီးဝတ်နှင့် (၂)ဝါ နေခဲ့သည်။ တရားအလုပ် လုပ်သည်။ ပုတီးစိပ်သည်။

ထိုစဉ်က အောင်မင်္ဂလာတောင်တော်မှာ ရဟန်းသရဲများ၊ ရဟန်းဘီလူးကြီးများစွာ မြင်ခဲ့ရသည်။

ထိုတောင်သည် နဂါးသိုက်များရှိ၏။ လပြည့်လကွယ်ညများတွင် ကန်တော်မှာ ရေထဲ ပျော်မြူးကြတာ တွေ့ခဲ့ရသည်။ ထိုနေရာ ကောင်းကောင်း မနေပါက ကြာကြာမနေနိုင်ကြပေ။

ထိုနေရာများသည် ပုဂံခေတ်ကတည်းက လူတွေ နေလာကြသည့် လက္ခဏာတွေ ရှိခဲ့ပါသည်။

ထိုစဉ် အိပ်မက်ထဲမှ ဂါထာတစ်ပုဒ်ကို ရသေ့ဝတ်ခေါက်ခြာနှင့် ပုဂ္ဂိုလ်က လာ၍ နှုတ်တိုက်ချထားပေးခဲ့သည်။

ဩော်င်း...
ဂေါ်ဒေပုထ အဂေါ်ဒေပျော
ဂေါ်ဒိဂေါ်ဒိထ ဂေါ်ဒေပုး
ဉုံ...
ဂေါ်ဒေဂေါ်ဒေထ ဂေါ်ဒိပု
အဂေါ်ဒေပျော သဗ္ဗဂေါ်ဒေပျော
နမော နမတ္ထု မေတုသျှ
ဒေဝဂေါ်ဒေပျော။ ။

ထိုပုဂ္ဂိုလ်သည် တောင်ဝှေးကို ဝှေ့ယမ်းကာ ဂါထာကို ချပေးနေ၏။ လွယ်အိတ်အညိုရောင်ကိုလည်း လွယ်ထား၏။

**"ဘာလဲ"**ဟု မေးသောအခါ **"စကျွဲပါလ(ဘာဘာသျှံ)၏ နှုတ်ကပါဋ်တော် ဂါထာတော်ကြီး"**ဟု ပြောကာ ပျောက်ကွယ်သွားပါသည်။

သူကတော့ ထိုဂါထာကို ဘယ်တော့မှ မမေ့တော့ပေ။ အမြဲ ရနေပါတော့သည်။

**"ဘာဘာသျှံ"** ဤပုဂ္ဂိုလ်သည် နေပြည်တော် တပ်ကုန်းမြို့၏ အရှေ့တောင်ထောင့် ရွှေကြက်တောင်မှာ သာသနာပြုနေ၏။

တန်ခူးလတွင် ထိုတောင်သည် ဒုလ္လဘစခန်းပွဲများရှိနေ၏။ မိုးကုတ်ဆရာတော်နည်းအတိုင်း ပြသနေသည့် တရားစခန်းပွဲများပါ ရှိနေပါသည်။ ဘာဘာသျှံ၏ ဂူလည်း ရှိနေပါသည်။

ဂါထာတော်ကို ရွတ်ဖတ်ပါက အကြားအမြင် ရပါသည်။ လာဘ်လာဘပေါ်ပါသည်။ အန္တရာယ်ကင်းပါသည်။

ထိုဂါထာတော်လေးကို ရရန် အင်းတော်ကြီးဒေသထိ ရောက်ခဲ့ရပါသည်။ လမ်းစရိတ်ပြတ်နေ၏။ ပြန်စရိတ်ကို မရှာရဘဲ အသိမဟုတ်သည့် သူက လာပေးလာ၏။ နောက်တွင် ခမောက်တောင်ကို ရောက်ခဲ့ရပြန်သည်။

**မှတ်ချက်။ ။ဦးပဥ္စင်း ဦးသောဘိတ ရမည်းသင်းမှဟု ပြောပြပါသည်။ ရဲကြီး ဟုလည်း ခေါ်ကြပါသည်။**

**လွယ်ကောင်းအောင်**



www.burmeseclassic.com


www.burmeseclassic.com

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးဝါးမှတ်ပုံတင်
၀၃၀၆ Y ၀၆၆၅၃
လိုင်စင်–၃/၂၀၀၄၊
တဆထလ (၁၂၅၁)]

မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင် ရှာ"**ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဉ်ကဖတ်ပြီး ပြုံးခဲ့မိပါတယ်။



အလေးအနက် မထားမိရိုး အမှန်ပါ။ ဒါပေမယ့် ပန်းသတင်းလေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရဖန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး၊ အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှိုးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ် ရင်ခေါင်း အတွင်းသားမြွှာနှစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဌာန်တည်ရှိပါတယ်။ လူ့ခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး၊ တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျစ်ခဲပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေးဖက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း၊ မောခြင်း၊ကျပ်ခြင်းတို့ဟာ သီတန္ဓဥတု ဝိရောဓိပစ္စယကြောင့် ဖြစ်လာရခြင်းပါ။ အချိုအဆိမ့် အဆီးအစေးများသော အစာအာဟာရများ လွန်ကျူးစွာ စားသုံးခြင်း၊ အရက်အမျိုးမျိုး ဆေးလိပ်၊ စီးကရက်တို့ သောက်သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း၊ ဖိစီးမှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေပူ မီးပူခံပြီး ရေချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့တွင် နေ့ထိုင်မှုများခြင်း စတဲ့ အကြောင်းအချက်များဟာ နှလုံးရောဂါ ဖြစ်ပွားလာရခြင်းရဲ့ အဓိကအချက်များ ဖြစ်ပါတယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာ လှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊သွေးအားနည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံးစူး၍ အောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း စသည့် ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ကလေးငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝမ်းလေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်းစေပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြောင့်မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ်တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်မာပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတင်းကောင်း ပါးလိုက်ပါတယ်။

ပင်ရင်း
**တန်ခိုးရှင် ဆေးတိုက်**
အမှတ်–(၁၉၂)၊ ဈေး(ဂ)လမ်း၊ (၁)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၂၅၃၂၂၆

မြောင်းမြ မောင်ယဉ်ငြိမ်း

www.burmeseclassic.com

www.burmeseclassic.com

ကျိုက်သန်လန်စေတီ တောင်ဘက်စောင်းမှ ထူးခြားသော

# ရတနာသုံမြိုင်ကျောင်းတော် (၂)

စံလွင်ဦးသာ

ယခင်လမှ အဆက်

ဘုရားခန်းကြမ်းပြင်တွင် ထု
ဘက်မခန့်ရှိသည့် ပန်းဖော်မှန်ချပ် စီခင်းထားသည်။ အတွေ့အမြင် သွားပြီဖြစ်သည့် ရှေးဟောင်း ခင်း မှန်ချပ်များဖြစ်ကာ ဆက်ခံ ဆရာတော် သံဃာတော်များ သိမ်း စောင့်ရှောက်မှုကြောင့် ထုံးနီးပါး ပကတိအခြေအနေ လေ့လာ မြင်တွေ့နိုင်လေ သည်။

မနောက်ဘက်တွင် သီဟာသန ကြီးကို ပလ္လင်တံကဲ သစ်ထွင်း ရာ နတ်ရုပ်များ အပြည့်တန်ဆာ ထားသော နံရံနှင့်တကွ ခမ်းနားစွာ တွေ့ရသည်။ ပလ္လင်အခြေတွင် တော်မြတ် အလှူခံသော သေတ္တာ သွားရောက်၍ အလှူငွေထည့်ဝင် လ္လင်တံကဲထိပ်မှ ခြူသံ တချွင်ချွင် နေသည်ကို ကြားရသည်။

တော်ခန်းမအတွင်း ခြေချသည် မြည်လျက်ရှိသဖြင့် တိတ်ဆိတ် ဝင်ရောက်ခြင်း မပြုနိုင်စေရန် ထားသည့် လုံခြုံရေးအချက်ပေး ဖြစ်ကြောင်း ကျောင်းသားဘဝက ဆောင်နည်းပြ ဦးမျိုးသိန်းက ပြောပြ သည်။

ရုပ်တော်မြတ်အား ရှိသေစွာ ကန်တော့လျက် မိမိတို့အလို လောကီ လောကုတ္တရာ ဆုတောင်း တိုင်တည်ဆုတောင်း၍ လှူဒါန်း




တံခါးမှ နတ်ရုပ်



www.burmeseclassic.com

www.burmeseclassic.com



▲ သီဟာသနပလ္လင်



▲ ပုရွက္ကနှင့် ဝိဇ္ဇာဝင်ကဲ့ရုပ်ကြွ

လေ့ရှိကြောင်း သိရသည်။

အမျိုးသမီးများမှာကား ဤသို့ လျှုဒါန်းပြီးနောက် ကျောင်းဝင်း အရှေ့တောင်ထောင့်ရှိ မိဖုရားတက်လှေကားသို့ သွားရောက်ကာ ဘဝအခြေအနေ တိုးတက်မြင့်မားစေရန် တိုင်တည် အဓိဋ္ဌာန်လေ့ရှိသည်။ စိန်တုံးမိဖုရား အသုံးပြုခဲ့သည့် တော်သုံးလှေကား ဖြစ်လေရာ အဓိဋ္ဌာန်ပြည့်ကြသည် ဆိုကြသည်။

ပလ္လင်နောက်ခံနံရံရှိ တံခါးရွက်တွင် ထွင်းထားသော သူငယ်ရုပ်များမှာ အတောင်များ တပ်ဆင်ထားသဖြင့် လူပုံတော်ဖြစ်ဟန်ရှိသည်။ ဤရုပ်တုများတွင်မူ လက်ဝဲဘက်မှ လူပုံရုပ်မှာ မျက်နှာဖော်ထား၍ လက်ယာဘက်

▼ မိဖုရားတက်လှေကား



တွင် မျက်နှာဖုံးထားလေသည်။

ဤပလ္လင်ပေါ်သို့ မည်သည့် အကြောင်းကြောင့်မှ တက်ရောက် ခြင်း မပြုရဟု သိရသည်။

ကျောင်းသား၊ သားမယားငယ်များ ... မိန်းမလည်းသဖြင့် ပလ္လင်ပေါ် ... အမှိုက်အမျှင်များ သန့်ရှင်းကြ ... ဝင် မိနေ၍ အိမ်ရာတွင် အခါလည် ...



www.burmeseclassic.com

www.burmeseclassic.com





◆ မင်းတုန်းမင်းနှင့် စိန်တုံးမိဖုရား

◆ စိန်တုံးသီလရှင်

◆ ပလ္လင်အနီးမှ လူရုပ်တော်များ









www.burmeseclassic.com

www.burmeseclassic.com



▲ ကျောင်းတိုင်မှ ဝေဿန္တရာသရုပ်ဖော်

▼ အလယ်တိုင်ရုပ်ကြွဘာခံရ



www.burmeseclassic.com

www.burmeseclassic.com



● သုံးထပ်မြင့် ရုပ်ကြွတစ်ခု

(ဇာဂနီမှု) လူမကိုမ်စေကြရသည် ဆို ထသည်။

ပလ္လင်ခန်းမနံရံ၌ မင်းတုန်းမင်းနှင့် မိန့်တုံးမိဖုရား ပန်းချီပုံများ ချိတ်ဆွဲထားသည်ကို တွေ့ရသဖြင့် မှတ်တမ်းပြု ဖော်ပြပေးလိုက်ပါသည်။

ခန်းမနှင့် ဘုရားဆောင်ကြား အဝင်ဝတွင် လက်ရာမြောက်သော သစ်ထွင်းတံကဲတစ်ခုရှိကာ ဇာတ်တော်များ သရုပ်ဖော်ထားသည်။ ပခုက္ကူမြို့ သီဟိုဠ်ရှင်တံကဲ၊ ရွှေတန့်တစ်တံကဲများကဲ့သို့ လက်ရာမြောက်လှသဖြင့် နိုင်ငံခြားသားခရီးသွားများ လာရောက်လေ့လာလေ့ရှိကြောင်း သိရသည်။

ထိုတံကဲမှ ဝိဓုရဇာတ်တော်လာ မြင်းစီးပုဏ္ဏကနှင့် ဝိဓုရအမတ် ရုပ်ကြွပုံကို ရိုက်ကူးဖော်ပြထားပါသည်။

## စကြံ့မှ ရုပ်လုံးများ

ထို့နောက် ခန်းမအပြင်ဘက် စကြံ့ပတ်လည်ရှိ ရုပ်လုံးများကို လေ့လာကြသည်။ တိုင်ထိပ် အမိုးတန်းထောင့်တွင် ခြူးပန်းခြူးနွယ်များနှင့် မြန်မာမှု လက်ရာပန်းပုလုံးများ တန်ဆာဆင်ထားသည်။ ဇာတ်တော် သရုပ်ဖော်ပုံများအပြင် **"မရွှေဥကျားချီခန်း"** ကဲ့သို့ မြန်မာ့ဒဏ္ဍာရီ သရုပ်ဖော်ပုံများလည်း ပါဝင်သည်။

ရုပ်လုံးများမှာ ချစ်ခင်နှစ်သက်ဖွယ် မျက်စိပသာဒ ဖြစ်သည့်အပြင် ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို အချိုးကျ ပေါ်လွင်အောင် ထုဆစ်ထားသဖြင့် နိုင်ငံခြားဧည့်သည်များ အထူးပင် စိတ်ဝင်စား နှစ်ခြိုက်ကြသည်ဟု သိရှိရသည်။

ခန်းမအပြင်ဘက်မှ မြင်ရသော တံခါးရွက်နှစ်ခုတွင် အထက်၌ လောကနတ်ရုပ်၊ အလယ်တွင် လူပုံရုပ်နှင့် အောက်တွင် ဝိဇ္ဇာရုပ်များ နှစ်ခုစီ ထွင်းလုပ်ထားလေသည်။

## ရောဂန္တရဒီပနီ သန္ဓေတည်ရာ ကျောင်းတော်

၁၂၇၀ ပြည့်နှစ်တွင် လယ်တီ ဆရာတော်ကြီးသည် ကျိုက်သန်လန် ကုန်းတော်တောင်ဘက် အလံတိုင်ဘုရားအနီးရှိ ဝါဆိုကျောင်းတွင် သီတင်းသုံးတော်မူစဉ် မြန်မာနိုင်ငံတစ်ဝန်း ပလိပ်ရောဂါကြောင့် သတ္တဝါများ ဆင်းရဲရပြီဟူသော သတင်းစကားကို ကြားသိရလျှင် မိမိ သီတင်းသုံးရာ ဝါဆိုကျောင်း၏ မြောက်ဘက် မဝေးလှသော ကျိုက်သန်လန် တောင်ခြေရတနာဘုံမြင့်ကျောင်းသို့ သွားကာ

www.burmeseclassic.com



◆ တံသိအပြင်မှ ထူးခြားသောအရုပ်များ

တော် ဂါထာစသည်တို့ကို ထည့်သွင်းလျက် အခန်း(၁၃)ခန်းပါရှိသည့် **ရောဂန္တရဒီပနီကျမ်းကို** လယ်တီဆရာတော်က တာဝန်ခံယူ ရေးသားသည်။

လယ်တီဆရာတော်သည်ဝါဆိုကျောင်းတွင် ဝါကပ်ဆိုကာ ၁၂၇၀ ပြည့်နှစ်၊ တော်သလင်းလဆုတ် (၁)ရက်နေ့တွင် ရောဂန္တရဒီပနီကျမ်းကို ရေးသား ပြီးစီးခဲ့သည်။ ***(လယ်တီဆရာတော် ဘဝဖြစ်တော်စဉ်၊ ဦးအောင်မွန်ရေး၊ စာမျက်နှာ- ၆၁၅ မှ ၆၁၈)***

## တိုက်တွန်းအပ်ပါသည်

ရတနာဘုံမြင့် ကျောင်းသည်ကား သီပေါမင်း ပါတော်မူပြီးခါစ ၁၂၄၈ ခုနှစ်ကာလမြန်မာ့ဗိသုကာ ပညာအဆင့်အတန်းကိုမူလအခြေ အနေအတိုင်း လေ့လာနိုင်သည်။

ထို့ပြင် ရောဂန္တရကပ်ဘေး လွတ်မြောက်စေခဲ့သည့် ရောဂန္တ ဒီပနီကျမ်း သန္ဓေတည်ရာထူးမြတ် သော ဌာနလည်း ဖြစ်သည့်အပြင် မော်လမြိုင်ဒေသ၏ သမားရိုးကျ ပုံစံမဟုတ်ဘဲ ထီးဟန်နန်းဟန်နှ အမျိုးသား ယဉ်ကျေးမှု အနုပညာ များထူးခြားပေါ်လွင်အောင် ဆော လုပ်ထားသည်ဖြစ်ရာ မော်လမြို သို့ရောက်ပါက ဝါယမစိုက်ထုတ် သွားရောက်သင့်ကြောင်း တိုက် တွန်းအပ်ပါသည်။

**(အကြံပေးတော်မူသည့် အရှင် ပဏ္ဍိတနှင့် ကူညီရှင်းပြပေးသော အရှင်နေမိန္ဒတို့အား ကျေးဇူး စွာဖြင့် ဂါရဝပြုအပ်ပါသည် အရှင် တို့ဘုရား...)**

**စံထွန်းသာ**

ဝဇီရာ,ရာမဆရာတော် အရှင်ပညာသီရိအား ဖူးမြော်သည်။

အရှင်ပညာသီရိသည် လယ်တီဆရာတော်ထက် (၁၆)နှစ် ကြီးရင့်သည်ဖြစ်ရာ မိမိထက် သက်တော် ဝါတော်ကြီးရင့်၍ အတွေ့အကြုံ ဗဟုသုတ များပြားလှသော ဆရာတော်ကြီး အရှင်ပညာသီရိထံ ချဉ်းကပ်ကာ ပလိပ်ရောဂါ ပျက်သုဉ်းရေးအတွက် အားကိုးအားထားပြုလျက် လျှောက်ထားတိုင်ပင်တော်မူခဲ့သည်။

ဆရာတော်နှစ်ပါး တိုင်ပင်ပြီးနောက် ပလိပ်ရောဂါ၊ ဝမ်းရောဂါတို့မှ လျှောက္ခာ ပျောက်ငြိမ်းစေတတ်သော ပရိတ်



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအဝုဝ် ကင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃





ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံ …ဆိုင်နည်းစာမူ ရေးသားနေစဉ် "ဟာ …ရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား" …သော အသံရှင်ကြောင့် ရေးလက်စ …ကို အသာချထားပြီး ပြန်လည် ခရီးဦး … နှုတ်ဆက်လိုက်သည်။

'ဩော်… ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ …အချိန်တွေ့တွေ့ တက်ကြွလန်းဆန်း …စာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ… ဟဲ… ဟဲ'

'ဟဲ… ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီး … အခု စာရေးဆရာကြီးကို အကူအညီ …တောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ။ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ …မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိ …တို့ အလုပ်ထဲကို အာရုံစူးစိုက်တာတို့၊ …ဆိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာ …ရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည် …ဘူး။ နောက်ကြောတက်၊ ဖက်ကြောထိုးလာတယ်။ အမြဲ …လိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရော …ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ …ရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာ …တောင်းတာ'

'ဩော်သည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကို။ …ဒီလေး သုံးဆောင်ပါဦး'

'ကျေးဇူးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီး …င်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေ သူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံ့ခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့ တခြား ဝ,ဝလာတယ်။ ဖက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထ လေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နှင်းနှိပ်ပေး ရတယ်။ သူ့ကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်း မာဘူး ဖြစ်နေခဲ့တာပါဗျာ'

[illegible]

www.burmeseclassic.com




'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ၊ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နံ့ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ၊ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဖက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဖနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများနဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိအာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး,ခေါင်းအုံ့,ခေါင်းကိုက်ခြင်း၊ မျက်ခုံး,မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြောတက် ဖက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်,သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ်ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူခိုး အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေက အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး, ဝမ်း,လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေ တဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေး ဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်း ဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေ မှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော်ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံ ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာမင်း မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'


မင်ရင်း–ဖြန့်ချိရေး

**စကြာမင်း**

တိုင်းရင်းဆေးတိုက်

အမှတ်-စ/၆၆၆ သုဝဏ္ဏလမ်းမကြီး

သုဝဏ္ဏမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။

ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၈၆၁




www.burmeseclassic.com

www.burmeseclassic.com





◆ ဥမင်တံခါးဝမှ လှနတ်၊ ဘီလူးရုပ်တုများ

ကျောက်ဖြူမြို့ ကျိုက်သရေဆောင်

[illegible]

# ကျောက်တစ်လုံးဘုရား (၂)

◆ ဥမင်တံခါးဝမှ နတ်ရုပ်များ



ယခင်လမှအဆက်


ကုန်းဘော်ထက်ဝယ်

ကျောက်တစ်လုံးဘုရားဟု ကမ္ဗည်း ...ထားသော မုခ်ဦးအတွင်း ဝင် ...က်သွားသောအခါ လက်ယာ ...တွင် ကျောက်တန်းရှည်ကြီးနှင့် ...င် အရုံတံတိုင်းရှည်တို့ကို မြင်ရ ...

...က်ယာဘက်အစွန်၌ ခြသေ့်နှစ် ...င်ရံ စောင်းတန်းလှေကားရှိ၍ ...အဆုံး ရင်ပြင်ထက်၌ ...က်နံရံကို ထွင်းထားသည့် ...ဋိတိုက်တော်နှင့် လှပသည့် ...တဲ ပန်းတမော့လက်ရာများကို လှမ်းမြင်ရသည်။

လိုဏ်ဂူအဝ နှစ်ပေါက်နှင့် ၄ အထက် ပြာသာဒ်သုံးခု တင်ထားသော ဂန္ဓကုဋိလိုဏ် မျက်နှာကြက် [illegible]

www.burmeseclassic.com






◆ လိုဏ်ခန်းကျယ်တစ်ခုမှ ရုပ်ပွားတော်များ

◆ ဥမင်အဝမှ နဂါးရုပ်များ

◆ တင်ပျဉ်ခွေရုပ်ပွားနှင့် ပိဋကတော်များ



◆ ရှိန်တိုင်ချင်သောရှိရာ ပလ္လင်တော်ကဲ့သို့ရာတစ်ခု

◆ ထေယျွာရနတ်ရုပ်





www.burmeseclassic.com

www.burmeseclassic.com



◆ ကျောင်းတော်မှ ရုပ်ပွားနှင့် ပါဒစေတီ



◆ မင်းတော်ဘုရား တစ်ဆူ



◆ နဂါးရုံရုပ်ပွား တစ်ဆူ

…သိရိယစန္ဒမဟာရာဇာ ဘုရင်မင်းတရားကြီး… ကောင်းမှုတော် သက္ကရာဇ် ၈၉၈ ခု… ကမ္ပည်းထိုးထားသည်။ …တွင်၌ တင်ပျဉ်ခွေရုပ်ပွားတော်… ဖူးတွေ့ရကာ ရုပ်ပွားပလ္လင်တို့… ကျောက်ဆောင်နှင့် တဆက်… တည်းဖြစ်ကြောင်း သိရှိရ…သည်။

…ဘုရင် ကုသိုလ်ပြုစဉ်က ဤ…ဂူတစ်ခုသာ ဖြစ်သော်လည်း …ခေတ် ကုသိုလ်ရှင်များက …တောင်ကြီး၏ ကျန်သော …အပိုင်းတွင် အသီးသီး ထွင်း…ကြရာ ယခုအခါ ကျောက်…အပြည့် ရုပ်ပွားလိုဏ်ဂူများ… ဖူးတွေ့နိုင်ပေသည်။

…ရာစုမှာ ၁၂၀၀ ပြည့်နှစ် အလွန်… ပူဇော်ထားကြခြင်းဖြစ်ကြောင်း …သည်။ လိုဏ်ဂူနံရံရှိ ကမ္ပည်း …တစ်ခုမှာ အောက်ပါအတိုင်း …သည်။

"ဗုဒ္ဓသာသနာ စိရံတိဋ္ဌတု" ၁၂၄၇ ခုနှစ်၊ ဝါခေါင်လဆန်း(၃)ရက်နေ့ ကျောက်ဖြူမြို့၊ ပိုက်ဆိတ်ရပ်နေ ဘုရားတကာ ကိုသေအောင်လှ၊ ဘုရားဒကာမ မိမာနီးလှုခို မောင်နှံနှစ်ယောက်တို့သည် ကိုးကွယ်ထားအပ်သော ဥဒ္ဒိဿစေတီတော်မြတ်၏ ကောင်းမှုသည် အရဟတ္တဖိုလ်နိဗ္ဗာန်ကို ရောက်အောင် ရွက်ဆောင်သည် ဖြစ်စေသတည်း။

သီပေါမင်း ပါတော်မမူမီ သုံးလခန့်အလိုတွင် တည်ထား ကုသိုလ်ပြုခြင်းဖြစ်သည်။ ယင်းအနီးတွင် မုခ်ဝ(၄)ခုနှင့် လိုဏ်ဂူ(၁)ခုရှိကာ မုခ်ဝင်တံခါး၊ ပုဏ္ဏားကွယ်များ၌ ဇော်ဂျီရုပ်၊ နတ်ရုပ်၊ ဘီလူးခေါင်းဆောင်းရုပ်၊ နဂါးခေါင်းဆောင်းရုပ်များ အစီအရင် ထွင်းထုထား၏။

လိုဏ်အတွင်း လေးထောင့်အုတ်ဖိနပ်နှင့် လေးထောင့်ပစ္စယံ နှစ်ဆင့်ခံခေါင်းလောင်းမှောက် စေတီငယ်တစ်ဆူ စံပယ်တော်မူသည်။

လိုဏ်ဂူနံရံပတ်လည်တွင် တင်ပျဉ်ခွေရုပ်ပွားတော်များနှင့် မတ်ရပ်တော်များ စီတန်းပူဇော်ထားသည်။ ထုလုပ်မှုလက်ရာမှာ ရတနာပုံခေတ် လက်ရာဟန်နှင့် ဆင်တူသည်ကို တွေ့ရလေသည်။

ကျောက်ဆောင် တစ်လျှောက်ထွင်းထုထားသော လိုဏ်ဂူများ၏ မျက်နှာစာတွင် လျှောက်လမ်းစကြံခင်းထားရာ လက်ယာဘက်မှ တဖြည်းဖြည်း မြင့်တက်လာကာ လက်ဝဲဘက်တွင် ညီညာပြေပြစ်သည်။


လက်ယာဘက်အစွန်းရှိ မင်းဗာဘုရင်ကောင်းမှု လိုဏ်ဂူမှ လက်ဝဲဆီသို့ တဖြည်းဖြည်း မြင့်တက်လာသော လျှောက်လမ်းတစ်လျှောက် နှောင်းခေတ် ကုသိုလ်ရှင်တို့၏ လိုဏ်ဂူများ နေရာမလပ် အစေ့အစပ် ရှိနေခြင်းက ထွန်းလင်းစည်ပင်လာသည့် သာသနာတော်၏ပြယုဂ် ဖြစ်နေပေသည်။

လိုဏ်ဥမင်အဝ တစ်ဖက်တစ်ချက်စီတွင် တံခါးစောင့်ရုပ်များ ထုဆစ်…



www.burmeseclassic.com

www.burmeseclassic.com





◄ နေရဟန်ကျောင်းတော်မှ ရုပ်ပွားတော်စု

◄ ကျောက်ဆောင်ထက် စေတီငယ်

ထုလုပ်ထားသည်ကိုလည်း တွေ့ရကာ လူရုပ်၊ နတ်ရုပ်၊ ဘီလူးခေါင်းဆောင်း၊ နဂါးခေါင်းဆောင်း စသည် စုံလင်စွာ မြင်တွေ့ရသကဲ့သို့ မြွေနဂါးနှစ်ကောင် အမြီးယှက်၍ တစ်ဖက်စီရံထားသော မုခ်တံခါးဝများလည်း တွေ့ရသည်။

လက်ဝဲဘက်အစွန်း မရောက်မီတွင် ကျောက်ဆောင် (လိုဏ်ဂူအမိုး)ထက် ခြသေ့နှစ်ကောင်ရံသော စေတီငယ် တစ်ဆူကို တည်ဆောက်ပူဇော်ထားသည်။ ရှေးနှစ်တစ်ရာကျော်ခန့်ကာလက ကောင်းမှုဖြစ်သည် ဆိုပေသည်။

လိုဏ်ဂူများအတွင်း၌ မကိုဋ်မုစလွယ် ဆင်မင်းဝတ်ဘုရား၊ မုစလိန္ဒာနဂါးရုံဘုရား၊ ယာလက်ဝါးတွင် ခေါင်းတင်၍ သက်သောင့်သက်သာ စံပယ်တော်မူသော **နေရဟန်ကျောင်းတော်မှ ရုပ်ပွားတော်(ရွှေတော်မှောက်တွင် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန် အဂ္ဂသာဝကနှစ်ပါး ရုပ်တုတော်များလည်း တွေ့ရ၏။) ခြေတော်ရာ ပါဒစေတီများ (ကျောင်းတော်မှ ရုပ်ပွားတော်နှင့်လည်းကောင်း၊ တင်ပျဉ်ခွေ ရုပ်ပွားတော်နှင့်လည်း၊ ယှဉ်တွဲဖူးတွေ့ရတတ်သည်။)** စသည် စုံလင်စွာ ဖူးမြော်နိုင်သည်။

စစ်ကိုင်းဥမင်သုံးဆယ် ရုပ်ပွားတော်များပမာ လိုဏ်ခန်းကျယ်တွင် အစီအရီ ပူဇော်ထားသော တင်ပျဉ်ခွေရုပ်ပွားတော်များလည်း တွေ့ရ၏။

ယင်းအပြင် ဖွားတော်မူခန်း၊ တောထွက်ခန်း၊ ဘုရားဖြစ်ခန်း၊ တရားဦးဟောခန်း၊ ပရိနိဗ္ဗာန်ပြုခန်း စသည့် ဗုဒ္ဓဝင်ရုပ်လုံးများလည်း တွေ့မြင်နိုင်၍ လိုဏ်ခန်းနံရံ၌ ဝသုန္ဒရေနတ်သားရုပ်၊ နဂါးခေါင်းဆောင်းရုပ်၊ သိကြားရေသွန်းရုပ် စသည်တို့ကိုလည်း မုခ်ငယ်ထွင်း၍ သရုပ်ဖော်ထားသည်။

ရုပ်တုရုပ်ပွား မရှိတော့သော ပလ္လင်ရှည်တစ်ခု၏ နောက်ခံ တံကဲမှာ ရခိုင်တိုင်းရင်းသားရိုးရာ ပန်းတော့လက်ရာ အဖြစ် လေ့လာနိုင်သဖြင့် မှတ်တမ်းပြု တင်ပြလိုက်ပါသည်။

ကျောက်ဖြူမြို့မှ ကျောက်တစ်[illegible] ဘုရားသည် မင်းဗာဘုရ[illegible] ဘေးကင်းရန်ကျော် ကုသိုလ်[illegible] ဖြစ်သည်သာမက ဆက်လက်မွ[illegible] ကြသော ကုသိုလ်များက [illegible] အဆက်ဆက် ဝတ်စားဆင်ယ[illegible] နေထိုင်မှု၊ ထုံးလေ့ အသုံးအဆော[illegible] များ ထင်ဟပ်လျက်ရှိသည်။

သို့ဖြစ်ရာ လွန်ခဲ့သော နှစ်[illegible] လေးရာကျော် သက္ကရာဇ် ၈၉၂ ခု[illegible] စတင်သော ရခိုင်တိုင်းရင်း[illegible] လေ့ဆိုင်ရာ ပြတိုက်ကလေးသ[illegible] ဖြစ်တည်နေပေသည်။

ထို့ကြောင့် ရခိုင်ပြည်[illegible] ကျောက်ဖြူမြို့သို့ ရောက်ခဲ့ပါ[illegible] မြို့ဦးရှိ ကျက်သရေဆောင် ကျော[illegible] တစ်လုံးဘုရားသို့ သွားရောက်ကြ[illegible] ကုသိုလ်ပြုနိုင်ကြစေရန် တိုက်တ[illegible] တင်ပြရပါသည်။

( ခရီးသည်သုတေသ[illegible] )

www.burmeseclassic.com

www.burmeseclassic.com

# အုန်းပင်အောက်မှာ

## ပိန်းပန်းပင် ရှိနေရင်

မောင်ရင်မွေး
(မအူပင်)



'ဘုန်း ခွမ်'

'ကုန်ပါပြီတော် ကျွန်မ ပိန်းပန်းပင် ဆွေ'

အုန်းသီးကြွေကျသံ ပန်းအိုးကွဲသံ တို့နှင့် မရှေးမနှောင်း ကျွန်တော့်အမျိုး သမီး၏ အလန့်တကြား အော်လိုက်သံ တို့ကြောင့် ရေးလက်စ စာမူအတွက် အတွေးတွေပင် လွင့်ထွက်သွားရပါ သည်။

ထိုကဲ့သို့ အုန်းသီးများ ပိန်းပန်းပင် များပေါ်သို့ ကြွေကျနေသည်မှာ လည်း အကြိမ်မနည်းတော့ပြီ ဖြစ် သည်။

ထိုအုန်းပင်မှ အုန်းသီးတို့ ကြွေကျ တိုင်းလည်း ကျွန်တော်မှာ ကြွေကျလာ သော အုန်းသီးတို့ကို ကောက်ယူ [illegible]လာကြည့်ဖြစ်ခဲ့ပါသည်။

အုန်းသီးများက ခြောက်၍ ရင့်မှည့် ကာ ကြွေကျခြင်းလည်းမဟုတ်၊ ကြွက် နှင့် အခြားတိရစ္ဆာန်တို့ ကိုက်ဖြတ် ဖျက်ဆီး၍ ကြွေကျခြင်းမျိုးလည်း မဟုတ်သည်ကို တွေ့ရပါသည်။

ကြွေကျလာသော အုန်းသီးများ သည် စားသုံး၍ မရခင် အချိန်မတန်မီ အညှာမှ ကျွတ်၍ ကြွေကျခြင်းမျိုးတွေ ဖြစ်နေပါသည်။

ထိုအုန်းပင်မှ အုန်းသီးနှင့် ပိန်းပန်း ပင်မှ ပန်းပွင့်တို့ကို ကျွန်တော်တို့ မိသားစုက စိုက်ပျိုးထားသော်လည်း အသုံးမရ၊ ရောင်းချသုံးစွဲမရ ဖြစ်ခဲ့ရ ပါသည်။

ထိုအုန်းပင်နှင့် ပိန်းပန်းပင်တွေက အိမ်ရှေ့တွင်ရှိပါသည်။ အိမ်နောက်ဖေး ခြံစပ်တွင်လည်း ထိုအုန်းပင်နှင့်အရွယ် တူ အသီးများတင်နေသော အုန်းပင် တစ်ပင်လည်း ရှိပါသည်။

ထူးခြားသည်က အိမ်ရှေ့ရှိ အုန်းပင် မှ အုန်းသီးများက ပိန်းပန်းပင်များပေါ် သို့ တဘုန်းဘုန်း တဒိုင်းဒိုင်း ကြွေကျ နေသော်လည်း အိမ်နောက်ရှိ အုန်းပင် မှ အုန်းသီးများက အချိန်မတန်မီ ကြွေကျခြင်းမရှိဘဲ ခူးယူစားသောက် ရောင်းချချိန်တန်မှ ရောင်းချရပါ သည်။

တစ်နေ့ နေ့လယ် ကျွန်တော် အလုပ် နားရက်၌ ကျွန်တော်နှင့် ဝါသနာတူ လောကီပညာ လိုက်စားသော ကိုအောင်မင်း ကျွန်တော့်အိမ်သို့ ရောက်ရှိနေချိန်၌ ''ဘုန်း ဘုန်း ခွမ်''ဟု မြည်သံနှင့် အုန်းသီးနှစ်လုံး ဆင့်၍ ပန်းအိုးပေါ် ကျသွားပါသည်။

ကျွန်တော်က အုန်းသီးကြွေကျပြီး ပန်းအိုးကွဲသွားခြင်းကို ဂရုမစိုက်သော် လည်း ကိုအောင်မင်းက အိမ်ပေါ်မှ ခေါင်းထောင် ကြည့်နေသောကြောင့် ကျွန်တော်က ကိုအောင်မင်းကို…

'ကိုအောင်မင်းရေ အဲဒီအုန်းပင်က အုန်းသီးကြွေကျတာ ထုံးစံလို ဖြစ်နေ ပြီ။ သုံး,လေးနှစ်ရှိပြီဗျ။ ဒီအုန်းပင်က အုန်းသီးကို ခူးမစားရ၊ ခူးမရောင်းရနဲ့ ပန်းအိုးတွေ ကွဲတာလဲ မနည်းတော့ ဘူး။ ဒီအုန်းပင်ကို ခုတ်ပစ်ဖို့တောင် ကျွန်တော် စဉ်းစားထားတယ်'

ကျွန်တော့်စကား ဆုံးသည်နှင့် ကိုအောင်မင်းက ကျွန်တော့်ကို အိမ် ပေါ်မှ အောက်သို့ ခေါ်ဆင်းလာပြီး အုန်းသီးကြွေကျသော အုန်းပင် အောက်သို့သွားကာ ကြွေကျသော အုန်းသီးတို့ကို ကောက်ယူကြည့်ပြီး…

'ကိုကံရှိန်ရေ ခင်ဗျား အုန်းသီးတွေက ထူးဆန်းတယ်ဗျ။ ခြောက်လို့ ကြွေတာလဲ မဟုတ်၊ ကြွက်နဲ့ အခြားတိရစ္ဆာန်တွေ ကိုက်ဖြတ်ဖျက်ဆီးလို့ ကြွေတာလဲ မဟုတ် ဘူးဗျ။ အညှာကနေကျွတ်ပြီး ကြွေကျတာ ဗျ'

'ဟုတ်တယ် ကိုအောင်မင်းရေ ကျွန်တော်လဲ အဲဒါကိုပဲ စဉ်းစားမရ ဖြစ်နေတာဗျ'

ကျွန်တော်လည်း ကိုအောင်မင်း စကားကို ထောက်ခံပြီး ထိုဖြစ်ရပ်ကို စဉ်းစားမရကြောင်း ပြောလိုက်၍ ကိုအောင်မင်းက အုန်းပင်ပေါ်မှ အုန်း သီးများကိုကြည့်လိုက် အုန်းပင် အောက်ရှိ ပိန်းပန်းပင်များကို ကြည့် လိုက် လုပ်နေရင်းမှ…

'ဟုတ်ပြီ ကိုကံရှိန်ခင်ဗျား အုန်းပင်က အုန်းသီးတွေ အချိန်မတန်မီ ကြွေကျရတာ တခြားကြောင့် မဟုတ်ဘူးဗျ။ ခင်ဗျားရဲ့ အုန်းသီးတွေက မိတ်ဆက်အလိုမရှိခံနေရ



www.burmeseclassic.com

www.burmeseclassic.com

လို့ပဲဗျ'

'ကျွန်တော့်အုန်းသီးတွေက မိတ်ဓာတ် အလိုက်ခံနေရလို့ ကြွေကျတာ ဟုတ်လား၊ ကိုအောင်မင်း စဉ်းစား ပြောပါဦးဗျား၊ အခုဖြစ်ပျက်နေတာက သတ္တဝါ မဟုတ်ဘူး၊ အပင်ဗျ အပင်'

ကိုအောင်မင်း၏ ပြောစကားကို ကျွန်တော်က ငြင်းဆန်လိုက်၍ ကိုအောင်မင်းက ကျွန်တော့်ကို...

"ဒီမှာ ကိုကံရှိန် ခင်ဗျား သိမှာပါ၊ ကျွန်တော်တို့ လေ့လာလိုက်စားနေတဲ့ လောကီပညာမှာ ရန်ဓာတ်၊ မိတ်ဓာတ်တို့ ဆိုတာတွေလေ ခင်ဗျား အုန်းသီးတွေ ပိန်းပန်းပင်ပေါ် ကြွေကျနေတာနဲ့ ပတ်သက်လို့ ကျုပ် မိတ်ဓာတ်လက်ာတစ်ခု ရွတ်ပြလိုက်ရင် ခင်ဗျား ရှင်းသွားမှာပါ။

တခြားတော့ မဟုတ်ဘူးဗျ "အောင်–ပ၊ ကု–လား၊ ဆွေ–သား၊ တော်–ရင်း၊ မိတ်ဖက်ခြင်း"ဆိုတဲ့ အတိုင်းပေါ့၊ ခင်ဗျားရဲ့ အုန်းပင်နဲ့ ပိန်းပန်းပင်က အောင်–ပဆိုတဲ့ မိတ်ဓာတ်ကျနေတယ်။

ဒါကြောင့် အုန်းပင်ပေါ်က အုန်းသီးတန်ခိုးနွဲ့ကို ပိန်းပန်းပင် ကြာသပတေးနံက မိတ်ဓာတ်နဲ့ ညို့ငင်ထားလို့ ခင်ဗျားအုန်းသီးတွေ အချိန်မတန်မီ ကြွေကျရတာပဲဗျ၊ အဲဒီတော့ ပိန်းပန်းပင်တွေကို နေရာ ရွှေ့လိုက်ပါဗျာ'

ကိုအောင်မင်း ရှင်းပြချက်ကို ဒီတစ်ကြိမ်တွင် လောကီပညာ လိုက်စားနေသော ကျွန်တော့်အဖို့ ငြင်းဆန်စရာအကြောင်း မရှိ၍ ခေါင်းညိတ်လက်ခံလိုက်ရပါတော့သည်။

ကိုအောင်မင်း ယူဆပြောဆို ရှင်းပြပြီးနောက် အုန်းသီးများ တဘုန်းဘုန်း တဒိုင်းဒိုင်း ကြွေကျသော အုန်းပင်အောက်ရှိ ပိန်းပန်းပင်များကို အခြားနေရာတွင် ရွှေ့ပြောင်းထားလိုက်ပါသည်။

ယခုတော့ အုန်းသီးကြွေကျသံ၊ ပန်းအိုးကွဲသံနှင့် ကျွန်တော့်အမျိုးသမီး၏ အလန့်တကြားအော်သံတို့ကို မကြားရတော့ဘဲ ပိန်းပန်းပင် လာဝယ်သူနှင့် အုန်းသီး လာဝယ်ရူးသူတို့ကို ကျွန်တော့်အိမ်၌ မကြာကြာ တွေ့နေရပြီ ဖြစ်ပါသည်။

**မောင်ရင်ထွေး(မန္တပင်)**

**စာမျက်နှာ (၇၁)မှ အဆက်**

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | (၆) | ၀ |

၆–ကြွင်း မဟာဘုတ်

**၀–ကြွင်းမဟာဘုတ်အရ...**

- ဒံပေါက်ထမင်း
- ထောပတ်ထမင်း
- နို့ထမင်း

စသည်တို့ကို အာဟာရဒါန လက်ဆောင်အဖြစ်ပေးလိုက်ပါ။

* * *

**အေးပါစေ အောင်ပါစေ၊**

**သန်းပညာ**

**စကားချပ်**

**လက်ဆောင်ယတြာ(၅)သည် ဘဂ်အိမ်ရှိ ဂြိုဟ်ရဲ့နံသင့် မည်သည့် ပစ္စည်းကိုမဆို ကြံဆယူပြီး ပေးနိုင်ပါတယ်။**

**သို့ရာတွင် ဤစာစုကို ပြုစုရာ၌ အစီအစဉ်တကျ ဖြစ်စေရန်နှင့် အလို့ငှာ ယတြာများကို စားသောက်ဖွယ်ရာများဖြင့် ဖော်ပြထားခြင်း ဖြစ်ပြီး ဥပမာပေးနည်း ပေးထားခြင်း ဖြစ်ပါကြောင်း...။**

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | (၀) | ၁ |

၀–ကြွင်း မဟာဘုတ်

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်နှင့်

လက်ဆောင်ယတြာ(၅)

သန်းပညာ





**မဟာဘုတ်အရ...**

လက်ဆောင်ယတြာ (၅)သည် **သည့်တပန်း လက်အောက်ငယ်သားများအတွက်** ဖြစ်ပါတယ်။ **မဟာဘုတ်ဇာတ်ကြိုပ်ရဲ့ နံသင့်ပစ္စည်းတစ်ခုကို** လက်ဆောင်ပေးရမှာဖြစ်ပါတယ်။

**၁-ကြွင်းမဟာဘုတ်အရ...**

- အုန်းနို့ခေါက်ဆွဲ
- အုန်းထမင်း
- အုန်းပြုန်ပေါင်း

သည်တို့ဖြင့် အာဟာရဒါန လက်ဆောင်ပေးပါ။

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | (၁) | ၂ |

၁-ကြွင်း မဟာဘုတ်

**၂-ကြွင်းမဟာဘုတ်အရ...**

- ခေါက်ဆွဲကြော်
- ကြာဆံကြော်
- ကန်စွန်းရွက်ကြော်

စသည်တို့ကို အာဟာရဒါန လက်ဆောင်ပေးပါ။

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | (၂) | ၃ |

၂-ကြွင်း မဟာဘုတ်

**၃-ကြွင်းမဟာဘုတ်အရ...**

- ဆီထမင်း
- ဆန်ပြုတ်
- အစိမ်းကြော်

စသည်တို့ကို အာဟာရဒါန လက်ဆောင်ပေးပါ။

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | (၃) | ၄ |

၃-ကြွင်း မဟာဘုတ်

**၄-ကြွင်းမဟာဘုတ်အရ...**

- လက်ဖက်ထမင်း
- မျှစ်ကြော်
- ရှမ်းခေါက်ဆွဲ

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | (၄) | ၅ |

၄-ကြွင်း မဟာဘုတ်

**၅-ကြွင်းမဟာဘုတ်အရ...**

- ပဲထမင်း
- ပဲသီးကြော်
- ဖရုံသီးဟင်း

စသည်တို့ဖြင့် အာဟာရဒါန လက်ဆောင်ပေးပါ။

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | (၅) | ၆ |

၅-ကြွင်း မဟာဘုတ်

**၆-ကြွင်းမဟာဘုတ်အရ...**

- သီးစုံဟင်း
- သခွားသီးသုပ်
- အသုပ်စုံ

စသည်တို့ကို အာဟာရဒါနအဖြစ် လက်ဆောင်ပေးလိုက်ပါ။

www.burmeseclassic.com

ORGANIC PRODUCTS
FROM KANDARAWADDY ORGANIC HERB FARM

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၂/၂၁၁၂၂တဆဆလ/တိုး(၁၀၂၄)

ပင်ရင်း ကိန္နရီ အမှတ်တံဆိပ် ကန္တာရဝတီဆေးတိုက် အမှတ်-၃၄၁၊ စနေသိဒ္ဓိလမ်း၊ (၈)ရပ်ကွက်
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း ၀၉ ၅၀၄၀၃၈၉၊ ၀၉ ၄၂၀၀၀၃၀၈၅




## ကြက်လည်ဆံ ဆီးဆေးပြား
**အပြား ၁၀၀ပါ ဗူးကြီး**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 007860 (1114)






## ကြက်လည်ဆံ ဆီးဆေးပြား
**အပြား ၄၀ပါ ဗူးငယ်**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 007860 (1114)





## မင်းမကိုင်
**သွေးချို ဆီးချိုကျဆေး**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012254(0916)





## ရင်ငြိမ်းအေး
**နှလုံးဆေး**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012014(0516)




ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၆၇/၀၆၁၃



www.burmeseclassic.com

www.burmeseclassic.com



◆ ကျောက်သလွန်

စံလွှမ်းသာ

ကောလင်းမြို့ အနောက်တောင်ခွင်မှ

# နတ်သျှင်တောင်

# သဟာသနာစခန်းသို့ (၅)

ယခင်လမှ အဆက်

...သကို ပေါ်လွင်စေသည်။ ...မြေမထိ၊ ရေမထိ အောင်မြေ ...ညွှန်းဆိုချက်နှင့် လျှော်ကန်စွာ ...ဖြစ်သည်။

...ဟာန်ရုပ်ပွားတော်ကို ထု ...ကွယ်သူသည် အဝတ်၊ ပုဆိုး ...ဆာအမျိုးမျိုး ပေါ်များ ...ယင်းတို့ကို ပိုးမွှား၊ ခြပုန်း၊ ...သုခိုအမျိုးမျိုး အဖျက်အဆီးမှ ...စေသည်။

အင်္ဂုတ္တရနိကာယ်နှင့် ဝိနယပိဋက များ၌ ဟောကြားတော်မူသည့် သင်္ကန်း အလှူ၊ ကထိန်လျှာအလှူ၏ အကျိုး များကိုလည်း ခံစားနိုင်သည်။ ဥမ္မာဒန္တီ ဇာတကတွင် အဝတ်ပုဆိုးလှူသည့် အကျိုးကြောင့် ဆုတောင်းသမျှ ပြည့်ဝ ကြောင်းပါရှိ၏။

နေရာကျဉ်း၍ မြင့်သော ကျောက် တောင်ထွတ်၌ ရှိသဖြင့် ပုံသဏ္ဍာန် ပေါ်ရုံမျှ ကြီးစားရိုက်ကူး တင်ပြလိုက်ပါ သည်။ မိုးဒဏ်၊ နေဒဏ်၊ လေဒဏ် ကင်းဝေးစွာဖြင့် အားထုတ်နိုင်သော အောင်မြေ၊ ကမ္မဋ္ဌာန်းလိုဏ်ဂူ ဖြစ်ပေ သည်။

**မှန်ရာကို သစ္စာဆိုကာ ဘာဝနာ ကုသိုလ် များများပြုပြီး ထီးတော်မင်း ပဟာ အောင်မြင်ကြီးမှာပြီး ရာဇဝင်ကို ရရှိနိုင်ကြသည်။**


---

## သော့တွင်း

---

အဓိဋ္ဌာန်အောင်မြေ ကျောက် တောင်မှ ပြန့်လည် ဆင်းသက်ကာ မြောက်ဘက်တောင်ကုန်းဆီသို့ ခရီး ဆက်ခဲ့ရာ ဦးအောင်ဆန်းက ကုန်း တော်အဝင် ကျောက်လှေကားအဘိုး

www.burmeseclassic.com



◆ အောင်မြေထီးနှင့် ဘုရား

သလွန်မြေမှ ဇော်ကဲ၀တာဝိဦးမုံ ◆

◆ အောင်မြေလိုက်





တစ်နေရာကို လက်ညှိုးညွှန်ပြသည်။

ကျောက်တုံးပေါ်၌ သော့တွင်း သော့ပေါက်သဏ္ဍာန် အနက်တစ်ထွာခန့် ချိုင့်ခွက်နေသည်။ **"တောင်တော် သော့တွင်း"**ဟု ခေါ်ကြသည်။ လောက မျက်နှာစာအသီးသီး၌ လောကဓံ အဆိုးတရားများ ကြုံတွေ့ရင်ဆိုင်နေရကာ ဖြေရှင်းရန်အ... လမ်းစပျောက်နေပါက ဤသော့... တွင် တောင်တော်ပိုင် ဘိုး... အမတော်အား တိုင်တည်၍ သ... ဂါထာတော် ရွတ်ဖတ်ပူဇော်လေ့... သည်။

အသက်အောင့်၍ (၉)ခေါက်... ရသည်။ (၉)ခေါက် မတ... (၃)ခေါက်စီ (၃)ကြိမ်... ၍ ရွတ်... သည်။





www.burmeseclassic.com

www.burmeseclassic.com



◆ ထီးတော်မှ ရုပ်ပွားတော်

**သော့တွင်း (သောကြာ+စနေ= ၂၁ + ၁၀ = ၃၁) ပညတ်အရ**ပြုပြီးသမ္ဗုကသိုလ်အဖွဲ့ကို (၃၁)ဘုံသားတို့အား အမျှဝေ မေတ္တာပို့သခြင်းဖြင့် ကြုံဆုံရသော ပြဿနာ အခက်အခဲတို့ ပြေရှင်းရန် နည်းလမ်းသော့ချက်ကို တွေ့ရှိနိုင်ကြသည်ဟု မှတ်သားရသည်။

## ဆေးကျောက်ပျဉ်

သော့ချက် ကျောက်တုံး၏ အနောက်ဘက် အနည်းငယ်မြင့်သော နေရာတွင် ဆေးကျောက်ပျဉ် ရှိသည်။ နတ်သျှင်တောင်သည့်အထက် ပုပ္ပါးတောင်ဟု ခေါ်ဝေါ်၍ ရှေးအခါက ဝိဇ္ဇာဇော်ဂျီတပသီ



◆ အမေတော်၏ ဘိုးတော်ရုပ်

◆ အမေတော်၏ ဘိုးတော်ရုပ်တု






www.burmeseclassic.com

www.burmeseclassic.com



◆ သောဘွင်း


◆ ထေထေကျောက်ပုံ





www.burmeseclassic.com

www.burmeseclassic.com



● ဘိုးတော်၏ ကျောက်လယ်ကွက်များ

တို့ ဆေးကြူး၊ ဆေးရှာ၊ ဆေးကြိတ် ခဲ့ကြသည်။

ယခုတိုင်လည်း အစွမ်းထက်မြက်သော ဆေးပင်များစွာ ရှိသည်။ အထူးဝါယမစိုက်ထုတ်၍ ရှာဖွေနိုင်က လုပ်ရတ်ဝင် ရှားပါးဂမုန်းများလည်း တွေ့ရှိနိုင်ကြသည်ဆို၏။

ဤဆေးကျောက်ပျဉ်ကား ဝိဇ္ဇာဇော်ဂျီတို့ ဆေးကြူး၊ ဆေးကြိတ်သော ကျောက်ပျဉ်ဖြစ်သည်။

စားကောင်းသော (စား၍ရသော) သစ်ရွက်,သစ်ညွန့်,သစ်ဥများ မိမိသောက်သုံးနေကျ ဆေးဝါးများကို ဤကျောက်ပျဉ်ပေါ်တင်ကာ ဆေးစွမ်းထက်မြက်စေရန် နတ်ဒေဝတာတို့အား တိုင်တည်သုံးစွဲပါက ရောဂါဝေဒနာများ သက်သာ ပျောက်ကင်းသည်ဟု ယုံကြည်ကြပေသည်။

## ကျောက်လယ်ကွက်များ

ဆေးကျောက်ပျဉ်မှ မြောက်ဘက်တောင်ကုန်းသို့ အုတ်လှေကားအတိုင်း တက်ခဲ့ကြရာ တောင်ထိပ်အရောက်တွင် အနောက်မြောက်ထောင့်ဆီသို့ နိမ့်လျှောသွားသည့် ကျောက်ဖျာကြီးပေါ်၌ လယ်ကန်သင်းများကဲ့သို့ အကွက်၊ အကန့်များ ဖြစ်တည်နေသည်ကို တွေ့ရသည်။ "**ဘိုးတော်နတ်မင်း၏ လယ်တော်မင်္ဂလာ ကုန်းတော်**"ဟု အမည်ပေးထားသည်။

နတ်သျှင်တောင်ဝန်းကျင်ရှိ တောင်သူလယ်သမားတို့သည် မိုးခေါင်ရေရှားရာသီဥတု ဖောက်ပြန်ခြင်းကြောင့်ဖြစ်စေ၊ ပျက်စီးခြင်းကြုံရပါလျှင်ဖြစ်စေ ဤနေရာသို့ လာရောက်ကာ ဘိုးတော်နတ်မင်းအား တိုင်တည် ဆုတောင်းကြသည်။

ရတနာသုံးပါး ဦးထိပ်ထား၍ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့ ပွားများကြသည်။ ရတနာသုံးပါးဂုဏ်ကျေးဇူးနှင့် ဘိုးတော်၏ ကရုဏာတော်တို့ကြောင့် လယ်ယာသီးနှံ ဖြစ်ထွန်းနိုင်ကြသည် ဆိုလေသည်။

ကျောက်လယ်ကွက်များကို ထုံးကျောက်တောင် လိုဏ်ဥမင်များ အတွင်း၌လည်း တွေ့ရတတ်သည်။ နတ်ထွင်းသည့် ကန်သင်းပမာ အကွက်လိုက်၊ အကန့်လိုက်ဖြင့် ပကတိ လယ်ကွက်နှင့်တူလှသည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**စံထွန်းသာ**

www.burmeseclassic.com

# လေဖြတ်ခံထားရသူများ အတွက်

## လက်နှင့်ခြေ လေ့ကျင့်ခန်းများ (၂)

တင်လွန်းအောင်
(ရေနံချောင်း)


ယခင်လမှ အဆက်

သင်၏ ဘေးဘက်ပဲမှာ ရှိပါစေ။

### ပခုံးအတွင်း/အပြင် လှည့်လည်ခြင်း

❖ ပုံစံအနေအထား (၃)မျိုးဖြင့် လေ့ကျင့်ပါ။
❖ (၁၀)ကြိမ် ပြုလုပ်ပါ။

* * *



လေ့ကျင့်ခန်း

၁။ လေဖြတ်ထားသောလက်မှ လက်မကိုအပေါ်၊ လက်သန်းကို အောက်တွင်ထား၍ လက်နှစ်ဖက်မှ လက်ချောင်းချင်းယှက်ပြီး ဆုပ်ကိုင်ပါ။

■ လေဖြတ်သော လက်ကို ထိန်းမ, ထားရန် သင်၏ကောင်းသောလက်ကို လက်ကောက်ဝတ်မှ မထားပါ။

၂။ တံတောင်ဆစ်အား (၉၀)ဒီဂရီ ကွေးညွတ်လျက် သင်၏ လေဖြတ်သော လက်အား သင်၏နံဘေးဘက်တွင်ထားပါ။

၃။ ဝမ်းဗိုက်ပေါ်မှဖြတ်လျက် သင်၏ လက်ဖျံကို ဖြည်းဖြည်းရွှေ့ယူပါ။

၄။ သင်၏ လက်ဖျံကို ခန္ဓာကိုယ်မှ ဝေးရာသို့ ဖြည်းဖြည်း ရွှေ့ဆွဲယူပါ။ သင်၏ တံတောင်ဆစ်ကတော့

### တံတောင်ဆစ်ကွေးခြင်း/ဆန့်ခြင်း

❖ ပုံစံအနေအထား (၃)မျိုးဖြင့် လေ့ကျင့်ပါ။
❖ (၁၀)ကြိမ် ပြုလုပ်ပါ။

လေ့ကျင့်ခန်း

၁။✦ လေဖြတ်ထားသော လက်မှ လက်မကို အပေါ်၊ လက်သန်းကို အောက်တွင်ထား၍ လက်နှစ်ဖက်မှ လက်ချောင်းများယှက်ပြီး ဆုပ်ကိုင်ပါ။

✦ လေဖြတ်သောလက်ကို ထိန်းမ, ထားရန် သင်၏ ကောင်းသော လက်ကို လက်ကောက်ဝတ်မှ မ, ထားပါ။

၂။ သင်၏ လက်မောင်းများအား စတင်၍ ဖြောင့်ဖြောင့်ထားလိုက်ပါ။

၃။ ထို့နောက် သင်၏ တံကောင်ဆစ်များကို ဖြည်းဖြည်းချင်းကွေးပါ။ ပြီးလျှင် သင်၏ တံတောင်ဆစ်များကို တန်းတန်းဖြောင့်ဖြောင့် ပြန်ချပါ။

* * * ⟶

### လက်ဖဝါး မှောက်ခြင်း၊ လှန်ခြင်း

❖ ပုံစံအနေအထား (၃)မျိုးဖြင့် လေ့ကျင့်ပါ။
❖ (၁၀)ကြိမ် ပြုလုပ်ပါ။

လေ့ကျင့်ခန်း

၁။◉ လေဖြတ်ထားသော့ လက်မှ လက်မကိုအပေါ်၊ လက်သန်းကို အောက်တွင်ထား၍ လက်နှစ်ဖက်မှ လက်ချောင်းချင်းယှက်ပြီး ဆုပ်ကိုင်ပါ။

◉ လေဖြတ်သောလက်ကို ထိန်းမ, ထားရန် သင်၏ ကောင်းသော လက်ကို လက်ကောက်ဝတ်မှ မ, ထားပါ။

၂။ လေဖြတ်သော လက်ကို ကောင်းသော လက်ဖဝါးဖြင့် မျက်နှာချင်းဆိုင်အပ်၍ ထောင်လိုက်ထားပါ။

၃။ လေဖြတ်သော လက်ကို ဆုပ်ကိုင်ထားသည့် ကောင်းသော လက်ဖဝါးကို ဖြည်းဖြည်းချင်း လှဲချပါ။

၄။ ထို့နောက် လေဖြတ်သော လက်ကို ဆုပ်ကိုင်ထားသည့် ကောင်းသော လက်ဖဝါးကို ထောင်လိုက်ပြန် ထောင်ပါ။






www.burmeseclassic.com

www.burmeseclassic.com

ဆုပ်ကိုင်ထားသော လက်တို့ကို ထောင်(ဒေါင်)လိုက် ထောင်လိုက်၊ ပြန်လှဲလိုက်ဖြင့် (၁၀)ကြိမ် လေ့ကျင့်ပါ။

* * *




ပခုံးဆန့်ထုတ်ခြင်း

❖ ပုံစံအနေအထား (၃)မျိုးဖြင့် လေ့ကျင့်ပါ။

❖ (၁၀)ကြိမ် ပြုလုပ်ပါ။

* * *



လေ့ကျင့်ခန်း

* လေဖြတ်ထားသော လက်မှ လက်မကို အပေါ်၊ လက်သန်းကို အောက်တွင်ထား၍ လက်နှစ်ဖက်မှ လက်ချောင်းချင်းယှက်ပြီး ဆုပ်ကိုင်ပါ။

* လေဖြတ်သောလက်ကို ထိန်းမ, ထားရန် သင်၏ ကောင်းသော လက်ကို လက်ကောက်ဝတ်မှ မ,ထားပါ။

၂။ သင်၏ လက်မောင်းများကို ရှေ့ဘက်သို့ ဆွဲထုတ်၍ အပေါ်ဘက် မျက်နှာကြက်ဆီသို့ မြှောက်ပါ။ တံတောင်ဆစ်များကို ဖြောင့်ပါစေ။ လက်မများကို ထောင်ပါစေ။


၃။ မူလ အနေအထားသို့ လက်များကို ဖြည်းဖြည်းချင်း ပြန်၍ နှိမ့်ချပါ။

## ပခုံးကို ဆန့်ထုတ်ခြင်း၊ ဆွဲယူခြင်း


❖ ပုံစံအနေအထား (၃)မျိုးဖြင့် လေ့ကျင့်ပါ။

လေ့ကျင့်ခန်း

* * *



၁။ သင်၏ တံတောင်ဆစ်၊ လက်ဖျံ၊ လက်ကောက်ဝတ်တို့၏ ထောက်ကန်အားဖြင့် ကလေးငယ်ကို ပိုက်၍ လွှဲသိပ်သကဲ့သို့ လေဖြတ်သော လက်ကို မ,၍ ပိုက်ထားပါ။



၂။ သင်၏ လက်မောင်းများကို ခန္ဓာကိုယ်မှ ဝေးရာသို့ ပခုံးအမြင့်အထိ ဖြည်းဖြည်းချင်း တွန်းရွှေ့ပါ။

၃။ ခန္ဓာကိုယ် လှုပ်မသွားစေရန် ထိန်းလျက် သင်၏ လက်မောင်းများကို တစ်ဖက်မှ တစ်ဖက်သို့ ဖြည်းဖြည်းချင်း လွှဲပါ။[၁၀–ကြိမ် လွှဲပါ]

## လက်ကောက်ဝတ်အား ကွေးခြင်း၊ ဆန့်ခြင်း

❖ ပုံစံအနေအထား (၃)မျိုးဖြင့် လေ့ကျင့်ပါ။

❖ [၁၀–ကြိမ်] လေ့ကျင့်ပါ။

လေ့ကျင့်ခန်း

* * *

ရှေ့လဆက်ဖတ်ပါရန်

**တင်ထွန်းအောင်**


**(ရေနံချောင်း)**



www.burmeseclassic.com


www.burmeseclassic.com

注册 商標



ရိုဝိ- ကျားရတနာဆေးသည် တရုတ်ပြည် ရှေးခေတ် ဧကရာဇ်မင်း နန်းတွင်းတွင် အသုံးပြုသော ဆေးတော်မြတ်ဖြစ်သည်။









# 龍鳳寶

## ရိုဝိ- အမျိုးသားအားဆေး ကျားရတနာဆေး

**မြန်မာတိုင်းရင်းဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။**

နဂါးဇာမဏီရတနာ (လုံဖုန့်ပေါင်)

(ယောကျာ်းသုံးအဆင့်မြင့်အားဆေး) မှတ်ပုံတင်အမှတ် TMR-009365 (1014)

ရိုဝိ- ကျားရတနာဆေး (မူလအမည်၊ နဂါးကျားအားမာန်ဆေးလုံး)သည် တရုတ်ပြည် ရှေးခေတ်ဧကရာဇ်မင်း နန်းတွင်းတွင် အသုံးပြုသော ဆေးတော်မြတ်ဖြစ်သည်။ ၎င်းသည် ဘုရင်မှ မောင်းမမိဿံများ၊ ချောမောလှပသည့် မိဖုရားတို့နှင့် ကာမပျော်ပါးရာတွင် သီးသန့်အသုံးချရန် ဖြစ်သည်။

ဤလျှို့ဝှက်ဆေးနည်းသည် ယနေ့အထိ စဉ်ဆက်မပြတ် ဆက်ခံလာသည်မှာ အနှစ်(၃၀၀)ကျော်ရှိပြီ ဖြစ်ပြီး လူ့လောက၏ နတ်သိကြားဆေးဟု တင်စားခြင်းခံရပေသည်။ ဤဆေးကို ရေရှည်မှီဝဲသုံးစွဲပါက အသက်ရှည်၍ အစဉ်နုပျိုစေပါမည်။ မန်ချူးမင်းဆက် ဧကရာဇ် ချန်လုံသည် ကာမစည်းစိမ်ပျော်စံ၍ အသက်(၈၉)နှစ်အထိ နေထိုင်နိုင်ခဲ့ခြင်းမှာ ရိုဝိ-ကျားရတနာဆေးကို ရေရှည်မှီဝဲသုံးစွဲခြင်းကြောင့် ဖြစ်သည်။

**အဓိကကုသမှု ။** ယောကျာ်း ကျောက်ကပ်အားချို့တဲ့၍ သုက်ရည်နည်းခြင်း။ ပန်းညှိုး၍ မထိန်းနိုင်ဘဲ သုက်လွှတ်စောခြင်း။

**အာနိသင် ။** ကာမရာဂစိတ် ပိုစေ၍ နုပျိုလာစေမည်။ ကျောက်ကပ်အားပေး၍ လူသန်စွမ်းကာ အသက်ရှည်စေသည်။

ဖြန့်ချိရေး- ဦးမြင့်ဆွေ၏သားများ- မြန်မာဆေးမျိုးစုံဆိုင်၊ C-264(D)ရုံ၊ မြေအောက်ထပ်၊ သိမ်ကြီးဈေး။ ဖုန်း-၂၅၄၃၂၅၊ ၇၀၉၇၀၉။ ❖ဆိုင်အမှတ်(၂၈) ဈေးကြီး။ မော်လမြိုင်မြို့။ ဖုန်း ၀၃၂-၂၃၁၁၄။ ❖ဒေါ်ဆယ်ဆေးတိုက်-အမှတ်(၆၉၉)၊ တရုတ်တန်း၊ ပြည်မြို့။ ဖုန်း-၂၁၂၆၂။ ❖မဥ္ဇူရီမြန်မာဆေးဆိုင်-(၂၉)လမ်းနှင့်(၈၄)လမ်းထောင့်၊ မန္တလေး။ ❖မြန်နန္ဒာဆေးဆိုင်-အမှတ်(၁၀)၊ မင်းလမ်း။ ဗိုင်းကနိုင်းတောင်၊ ပဲခူးမြို့။ ဖုန်း-၂၂၁၀၆။ ❖မောင်မျိုးဆေးဆိုင်-၄၅/ကျောင်းလမ်း။ မြောက်ဥက္ကလာ။ ❖ကန့်ကော်ရုံ၊ အမှတ်(၈၁/၈၂/၈၃)၊ လားရှိုးမြို့မဈေး။ ဖုန်း-၀၈၂-၂၂၁၁၆။ ❖နေလကြယ်ဆေးတိုက်-(၆)လမ်း၊ တောင်ကြီး။ ဖုန်း-၀၅၄-၂၁၈၃၉။ ❖အခန်း(ဂ) အဝေးပြေးဂိတ်ဝင်း၊ ကင်မလင်းကျွန်း၊ ပုသိမ်မြို့။ ဖုန်း-၂၁၄၂၁။ ❖ကိုသိန်းရွှေ-အမှတ်(၁၈၇)၊ ရွှေပြည်သာဈေး၊ ပုသိမ်မြို့။ ❖ရွှေစွန်ညိုစတိုး-ဒေါ်ခင်စန်းရီ(၃၁/အေ)၊ ကုန်သည်လမ်း၊ ပုသိမ်မြို့။ ဖုန်း-၂၁၇၁၅။ ❖ရောစ်-အမှတ်(၅၂/၈)၊ ကုန်သည်လမ်း၊ ပုသိမ်မြို့။ ❖ဇော်ထွန်းဦး-ည/၁၃၅၊ ဦးကြီးခမ်းလော်လမ်း၊ ဦးကြီးခမ်း၊ တောင်ကြီးမြို့။ ဖုန်း-၀၈၁-၂၃၀၂၅။ ❖မြတ်မွန်ဆေးဆိုင်၊ မြစ်ကြီးနား။ ဖုန်း-၀၇၄-၂၂၅၉၅။ ❖ဝါးခယ်မမြို့ အမှတ်၆၂/၆၃ ဈေးရုံ(ဂ)၊ ဈေးရပ်ကွက်-ဦးကျော်လင်း။ ❖အမှတ်(၁၂၂)၊ ရာဇာလမ်း၊ ပိန်းကန်ရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၂၄၄၃၀၄၊ ❖စကားဝါဆေးနှင့် ဆေးပစ္စည်းဆိုင်-အမှတ်(၇)၊ မြင်းခြံမြို့။ ဖုန်း-၀၆၆-၂၁၄၄၁။ ❖Topကုန်မာဆိုင်- လားရှိုးလမ်း(နာရီစင်အနီး) ပြင်ဦးလွင်မြို့။ ဖုန်း-၀၈၅-၂၁၂၅၈ ❖ဒေါ်ဆယ်ဆေးတိုက်-အမှတ်(၆၉၉)၊ တရုတ်တန်း၊ ပြည်မြို့။ ဖုန်း-၂၁၂၆၂၊ ၀၈၅-၂၁၂၅၆။ ❖ဦးစိန်သန်း+ဒေါ်နီနီဝင်း-ဆေးပဒေသာ၊ ရတနာမာရ်တောင်ရပ်၊ စိတ္တသုခဂေဟာ၊ ရတနာမာရ်တောင်ဘုရားအနီး၊ မိတ္ထီလာမြို့-ဖုန်း ၂၁၃၉၂။ ဦးအောင်မြင့်နှင့်သားသမီးများ(ဆေးပစ္စည်းဆိုင်)အမှတ် (မ/၁၂၂)၊ ဘုရားတောင်ဘက်လမ်း၊ အရှေ့ပြင်ရပ်၊ မိတ္ထီလာ-ဖုန်း-၂၂၀၄၂။ တက်နေဝန်းမြန်မာ့ဆေးလုပ်ငန်း-ဈေးအရှေ့ဘက်၊ နေပြည်တော်လမ်း၊ စစ်ကိုင်း။ ဖုန်း-၀၇၂-၂၂၀၀၊ ထွန်းသောင်စတိုး-ဖုန်း-၂၁၆၉၇။ ဆောင်းဟေမာန်ဆေးပစ္စည်း၊ မြို့မ ၆၃၊ အင်းဝသာဏ်ရွှေ၊ မြစ်ကြီးနား။ ဖုန်း-၂၂၁၀၆။ ❖ပျဉ်းမနားမြို့၊ ပွဲကတော်ဆေးဆိုင်၊ အမှတ်(၁၁၁)၊ (၇)လမ်း။ မင်္ဂလာရပ်ကွက်-ဦးထင်ဦး+ဒေါ်မြသန်း။ ❖ဦးကျော် ကွန်ပျူတာဆိုင်-ဗိုလ်ချုပ်လမ်း၊ ဝမ်ကောင်းရပ်၊ တာချီလိတ်မြို့။ ဖုန်း-၅၁၂၂၃၊ ပဲခူးတိုင်း။ သာယာဝတီမြို့၊ ဈေးအတွင်း-ဒွိညီနောင်ဆေးဆိုင်။ ❖ ကရုဏာဆေးဆိုင်-၃၂/အားကားဒေါင့်၊ သထုံဝတ်တားလမ်း။ မော်လမြိုင်မြို့။ ဖုန်း-၀၃၂-၂၂၇၃၂။ ❖ရောထွန်းစတိုး(မြန်မာ့ဆေးမျိုးစုံနှင့်အလှကုန်ဆိုင်)ရုံ(၁)၊ လိုင်း(အေ)၊ ❖ဆိုင်အမှတ်-(၂၈)ဈေးကြီး။ မော်လမြိုင်မြို့။ ဖုန်း-၀၃၂-၂၃၁၁၄။ ❖ကိုအောင် (ဆေးတိုက်) ထုံတိုလ်စိမ်း၊ ဆိပ်ငယ်ရပ်၊ မြိတ်မြို့။ ဖုန်း-၀၃၆-၄၁၆၀၄။

**ပင်ရင်းဖြန့်ချိရေး - ရိုဝိဆေးတိုက်အမှတ်(၁၄)၊ ပထမထပ်၊ ထီးတန်း(၂)လမ်း၊ ကမ်းနားလမ်း၊ သီရိမင်္ဂလာဈေးအနီး၊ ဟုမ်းလမ်းမတိုင်ဆင်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀ ၉၈၆၀၆၊ ၀၉-၅၀၅ ၈၁၀၈၊ ၀၉-၃၂၀၀ ၁၈၇၂**



www.burmeseclassic.com

www.burmeseclassic.com

# ဒီပါမြေ ဆရာတော်

အရှင်နန္ဒသီရိနှင့် ကုသိုလ်တော် စေတီနှစ်ဆူ (၂)

သိန်းသည်အုံတော်ဆို



◆ ပုပ္ပားတောင်နောက်ခံ၌ အဘအောင်မင်းခေါင်နှင့် ဦးနန္ဒသီရိတို့ပုံ

**ယခင်လမှ အဆက်**

ပွါးတောင့်တွင် အဘအောင်မင်း ခေါ်င်နှင့် တွေ့ဆုံရပုံများလည်း ပါဝင် ခြင်း မရှိပေ။ ထို စာအုပ်စာတမ်းများ ...ထုတ်ဝေစဉ်က အခွင့်မသာ၍ ...ည်း ဖြစ်နိုင်ပါသည်။

...တက်ရှိဆရာတော် ဦးတေဇသည် ...ည်း ယင်းအချိန်ကာလကို မသိ ...ဖြင့် မိန့်ကြားနိုင်ခြင်း မရှိချေ။ ... ဒီပါမြေဆရာတော်အဖြစ် ...တင်ယူရစဉ် အကြောင်းကိစ္စ ရှိပါက ...တော် ဦးနန္ဒသီရိအား အိပ်မက် ...မြော်ရင်းလျက် မိန့်ကြား လမ်းညွှန် ...တော်မူသည်ဟု သိရလေသည်။

**ဦးနန္ဒသီရိ၏ ထေရုပ္ပတ္တိအကျဉ်း**

ဆရာတော်လောင်းလျာကို စစ်ကိုင်း ... မြောင်မြို့နယ်၊ ပေါက်ချောင်း ...ရွာနေ ဦးဘိုးရှောင်၊ ဒေါ်ချင်းတို့ ...မြန်မာသက္ကရာဇ် ၁၂၇၈ ခုနှစ်၊ ...တန်ခူးလပြည့်ကျော် (၁၂)ရက် ...နေ့နံနက်တွင် ဖွားမြင်သည်။ ...ချင်း (၆)ဦးအနက် စတုတ္ထသား ... ငယ်မည် မောင်ပေါ်ဟု တွင် ...

(ပေါက်ချောင်း ကျေးရွာသည် ...မင်း လက်ထက်က ...တ်အရာတွင် နေလအသွင် ...တော်မူသည့် အဂ္ဂမဟာ ...ရ ကဝိဓဇ မဟာဓမ္မရာဇာဓိ ...ရုဘွဲ့တံဆိပ်တော်ရ သင်္ဃာ ...တော်ကြီး၏ မွေးဇာတိရွာ ဖြစ်လေသည်။)

မောင်ပေါ် အသက်(၇)နှစ်အရွယ် တွင် ပေါက်ချောင်းရွာ ဖောင်တော်ဦး ကျောင်း ဆရာတော် ဦးကေလာသထံ ပညာ စတင်သင်ယူသည်။ (၁၄)နှစ် အရွယ်တွင် ရှင်သာမဏေဝတ်ရာ ရှင်နန္ဒသီရိ ဘွဲ့မည်ရ၏။

သာမဏေဖြစ်ပြီးနောက် စာသင် စာချ နာမည်ကြီးသော စစ်ကိုင်းတောင် ရိုး ရတနာရုံသီ ရေကန်ချောင်ဆရာ တော် အရှင်ဉာဏိန္ဒာဘိဝံသထံ ပိဋကတ်ကျမ်းများ သင်ယူတော်မူ သည်။

သာမဏေဘဝကပင်လျှင် ကိုယ်

www.burmeseclassic.com

ကျင့်သီလ ကောင်းမွန်၍ သည်းခံခြင်း ခန္တီဂုဏ်နှင့် ပြည့်စုံခဲ့သည်။

၁၂၉၈ ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် ရတနာရုံသီရေကန်ချောင် ခဏ္ဍသိမ်၌ ဆရာတော် အရှင်ဉာဏိန္ဒာဘိဝံသအား ဥပဇ္ဈာယ်ပြုကာ ရဟန်းအဖြစ်သို့ ရောက်ရှိသည်။


ရဟန်း (၂)ဝါရချိန်တွင် ရေကန်ချောင်ဆရာတော်၏ မိန့်ကြားချက်အရ မန္တလေးမြို့၊ အနောက်ပြင်ရှိ ချမ်းသာကြီး အနောက်တိုက်ဆရာတော် ဦးလက္ခဏာထံတွင် ဋီကာကျော် စာဝါလိုက်ခဲ့သည်။

ဒုတိယကမ္ဘာစစ် ဖြစ်ချိန်တွင် စစ်ကိုင်းတောင်ရိုးသို့ ပြန်လာကာ ထိုစဉ်က ပြိုပျက်နေသည့် ရှင်ဖြူရှင်လှဘုရားငုတ်တို၏ အနောက်မြောက်ထောင့် ကမ်းပါးယံကို ရှင်းလင်း၍ ချောင်သစ် တည်သည်။

မန္တလေးမြို့မှ ပွဲစားကြီးဒေါ်မြိုင်နှင့် မောင်ဖြစ်သူ ပွဲစား ဦးလှမောင်၊ ဒေါ်သန်းဌေး မိသားစုတို့က ဆောက်လုပ် လှူဒါန်းကြသည်။ လေးကျွန်းဒီပါ တစ်ကမ္ဘာလုံး ငြိမ်းချမ်းသာယာစေရန် ရည်ရွယ်လျက် **"ဒီပါမြေချောင်"**ဟု ဆရာတော်ကိုယ်တိုင် သတ်မှတ်၍ ကမ္ပည်းစာတိုင် စိုက်ထူခဲ့သည်။

ဒီပါမြေချောင် ဆရာတော်ကလေး ဦးနန္ဒာသီရိသည် ထိုစဉ်က သက်တော်ငယ်ရွယ် နုပျိုသော်လည်း အရွယ်နှင့် မမျှအောင် နာယကဂုဏ် ခြောက်ပါးနှင့် ပြည့်စုံခြင်း၊ ကာန္တိယသံဝရသီလရှိခြင်း၊ ဒါယကာ၊ ဒါယိကာမများနှင့် ဆက်ဆံရာတွင် အဂတိလေးပါး မလိုက်စားခြင်း...

အချိန်ကို အလဟဿ မဖြစ်စေဘဲ စာပေလေ့လာခြင်း၊ ကမ္မဋ္ဌာန်းဆောက်တည်ခြင်း၊ စေတီယင်္ဂဏဝတ်ပြုခြင်း



ဆရာတော်၏ အဓိဋ္ဌာန်ခန်း

ပရိသတ်ပူဇော်၊ မေတ္တာပို့ခြင်းတို့ကို အချိန်ဇယားလိုက် ဖြည့်ဆည်း နေထိုင်တော်မူသဖြင့် ရဟန်းရှင်လူ အများ ကြည်ညို သဒ္ဓါပွား လေးစားခြင်း ခံရ၏။

၁၃၀၇ ခုနှစ်တွင် ဒီပါမြေချောင်ကို စာသင်တိုက်အဖြစ် ဖွင့်လှစ်သည်။ စာသင်တိုက်ဖွင့်ပြီး (၄)နှစ်အကြာတွင် စာသင်တိုက်ကို ညီတော် ဦးသုဇာတနှင့် သီတင်းသုံးဖော်တို့အား လွှဲအပ်၍ ပခုက္ကူစာသင်တိုက်ကြီးများသို့ သွားကာ ပရိယတ္တိစာပေများ ဆက်လက်ဆည်းပူးသည်။

ပခုက္ကူ၌ လေးနှစ်ကြာ စာပေ
ယူပြီးနောက် ဒီပါမြေချောင်သို့ ပြန်
၍ ရဟန်းငယ်,သာမဏေတို့အား စာ
ပို့ချတော်မူသည်။


ဒီပါမြေစာသင်တိုက်သည်
အောင်သံယာ အများဆုံး၊ အောင်
အကောင်းဆုံးဟု ကျော်ကြား
အစိုးရ ပထမပြန် ငယ်,လတ်,ကြီး
ဓမ္မာစရိယများ ပေါ်ထွန်းစေခဲ့
ဆရာတော် ဦးနန္ဒသီရိသ
ရဟန်းသိက္ခာ(၂၆)ဝါအရ ၁၃၂၄ ခု
၁၃၄၅ ခုနှစ်အထိ ဘုရားအို ကျေ






www.burmeseclassic.com

www.burmeseclassic.com



◆ ကိုးဆူတန်းစေတီများ

◆ အဓိဋ္ဌာန်ခန်းတွင်းမှ ဆောင်



www.burmeseclassic.com

ပျက် သာသနိက အဆောက်အအုံများ ကို ပြုပြင် တည်ဆောက်ခဲ့သည်။

ဆရာတော် အသစ်တစ်ဖန် ပြုပြင် တည်ဆောက်ခဲ့သော ဘုရားစေတီများ မှာ ရှင်ဖြူရှင်လှဘုရားမှ အစပြုကာ စစ်ကိုင်းနှင့် အင်းဝတို့တွင် (၁၄)ဆူ ရှိ သည်။

ထို့အပြင် စစ်ကိုင်း၊ အမရပူရ၊ ရန်ကင်းတောင်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်တို့ရှိ စေတီ အများအပြားကိုလည်း ရွှေထီး တော် တင်လှူပူဇော်ခဲ့သည်။

ဤသို့ သာသနပြုလုပ်ငန်းများ လုပ် ဆောင်နေဆဲ ၁၃၄၇ ခုနှစ်၊ တန်ဆောင် မုန်းလဆန်း(၁)ရက်နေ့ နံနက်(၁၀) နာရီ (၅၅)မိနစ်တွင် တစ်ဘဝ ခန္ဓာဝန် ချပ်ငြိမ်းတော်မူသည်။

**ဆရာတော် သက်တော်ထင်ရှား ရှိစဉ်က ပြည်ဝရိုင်း သုံးဆယ်မြို့အရှေ့ ဘက်ရှိ မြစိမ်းတောင်ဦးရှိ သာသနာပြု ဆရာတော် အရှင်ဓမ္မိကာသည် ဒီပါမြေ ချောင်သို့ လာရောက်ကာ ဦးနန္ဒသီရိ ထံ တပည့်ခံ၍ ပညာသင်ယူခဲ့ကြောင်း မြစိမ်းတောင်ဦးရှိ မှတ်တမ်းများအရ သိရလေသည်။**

## တရားကျောင်ဂူနှင့် စင်္ကြံဆောင်

ဆရာတော်ဦးတေဇက ကျောင်း အောက်ထပ်သို့ ခေါ်ဆောင်သွားကာ ဆရာတော် ဦးနန္ဒသီရိ တရားကျင့်ကြံ အားထုတ်ခဲ့သည့် လိုဏ်ဂူကို ညွှန်ပြ ပေးသည်။

တောင်နံရံကို ထွင်းဖောက်ထား သောဂူဖြစ်၍ တင်ပျဉ်ခွေ ရုပ်ပွားငယ် တစ်ဆူနှင့် ကြေးသောက်တော်ရေခွက် များ တွေ့မြင်ရသည်။ ဆိတ်ငြိမ်၍ နွေးထွေးသော လိုဏ်ဂူဖြစ်သည်။

ယင်းအနီးတွင် ဆရာတော်ကြီး စင်္ကြံလျှောက်လေ့ရှိသည့် စင်္ကြံဆောင် ရှည်ကြီးရှိသည်။



**ဒီပါမြေဆရာတော် ဦးနန္ဒသီရိ၏ ဆံတော်များ**

**သာသနာပြုလုပ်ငန်းတွင် အရေးကြီး သော ကိစ္စများ ကြုံတွေ့ရပါက ဤ လိုဏ်ဂူတွင်း အဓိဋ္ဌာန်ဝင်ကာ ဂုဏ်ရိယာ ပုတ် မှူတာဝေရန် စင်္ကြံကြွလေ့ရှိကြောင်း သိရသည်။**

## ဗိမာန်စံကျောင်း

ထို့နောက် ဒီပါမြေချောင်မှ ထွက် ကာ ရှင်ဖြူရှင်လှစေတီ မှခ်ဦးအနီးရှိ လှေကားမှတက်၍ ဆရာတော်ဦးနန္ဒ သီရိ၏ ရုပ်ကလာပ်တော် ပူဇော်ထား သည့် ဗိမာန်စံကျောင်းသို့ သွားရောက် ဂါရဝပြု ဖူးမြော်သည်။

စံကျောင်းအတွင်း မှန်စီအုတ်... အထက်၌ ဆရာတော်၏ မပုပ်မ... သော ရုပ်ကလာပ်တော်ကို မှန်... သွင်း ပူဇော်ထားသည်။

မှန်ခေါင်းမှာ အမိုးဖွင့်ထား၍ နံ... မှ မှန်ခန်းတစ်ထပ် ကာရံထားသ... ဦးတေဇက မှန်ခန်းတံခါးကို ဖွင့်လှ... ၍ ခြေတော်ရင်းမှ မှတ်... ပြု ပူ... ခွင့်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



◆ ဒီပါမြေ(တောင်ငူ)ဆရာတော် ဦးတေဇ

ဆရာတော်ဦးနန္ဒသီရိ ပျံလွန်တော်မူပြီးနောက် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်သည်...

- ဆေးစိမ် စိမ်ထားခြင်း မရှိဘဲ ပုပ်ပျက်ခြင်း မရှိ။
- သွားတော်များ ယခုတိုင်ပင် တည်ရှိ၏။
- ဆံတော်များ ရှည်ထွက်၏။
- ခြေသည်း လက်သည်းများလည်း ရှည်ထွက်၏။
- အဓိဋ္ဌာန်ပြု၍ လုပ်ငန်းကိစ္စ အကြံအစည်များ ဆောင်ရွက်ပါက ထူးခြားစွာ အောင်မြင်မှု ရှိကြောင်း သိရလေသည်။

ဆရာတော်ကြီးသည် စစ်ကိုင်း ထူပါရုံစေတီကို ပြုပြင်တည်ဆောက်ဆဲကာလ ၁၃၃၀ ပြည့်နှစ်တွင် ထူပါရုံ စေတီအနီးရှိ အင်းဝခေတ် ပိဋကတ်အကျော် ဆရာတော် အရှင်မဟာရဋ္ဌသာရ သီတင်းသုံးခဲ့သည့် ရတနာဗိမာန် ရွှေကျောင်းတော် မြေနေရာကြီးကို ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနက ဆရာတော်ကြီးအား သာသနာပြုလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ဆက်ကပ်လှူဒါန်းခြင်း ခံခဲ့ရသည်။

ဆရာတော်က ယင်းနေရာကို ပြုပြင်ရှင်းလင်း၍ ပရိယတ္တိ စာသင်တိုက်ကြီး ထူထောင်ကာ တပည့်ရင်းဖြစ်သူ ဓမ္မာစရိယ အရှင်ဉာဏောဘာသအား ကြီးကြပ်စေခဲ့သည်။

ဆရာတော်ဦးနန္ဒသီရိသည် ထိုရတနာဗိမာန် ရွှေကျောင်းတော်တွင် သီတင်းသုံးတော်မူစဉ် ၁၃၄၇ ခုနှစ်တွင် ပျံလွန်တော်မူရာ ရုပ်ကလာပ်တော်အား ဂူစံကျောင်းသို့ ပင့်ဆောင်ပူဇော်ထားခြင်းဖြစ်ကြောင်း သိရသည်။

စံကျောင်းအတွင်း ရုပ်ကလပ်တော်ခြေရင်း၌ ဆရာတော်ကြီး၏ ရုပ်တုတော်ကို ပူဇော်ထားသည်။

ဗိမာန်စံကျောင်း၏ နောက်ကျောဘက်တွင် ကိုးဆူတန်းစေတီများ ကိန်းဝပ်တော်မူကြသည်။ ဆရာတော်ကြီး တည်ဆောက်ပူဇော်သည့် စေတီများအား နဝင်းကျေ နဝင်း ကိုက်စေရန် စီစဉ်ပူဇော်လေ့ရှိကြောင်း သိရသည်။

**ကိုးဆူတန်းစေတီများ အနီး၌ ဒုတိယ ဒီပါမြေဆရာတော် ဦးသုဇာတ၏ အရိုးဂူစေတီ တည်ရှိသည်။**

ပထမ ဒီပါမြေဆရာတော် ဦးနန္ဒသီရိပြီးနောက် ဦးသုဇာတ၊ ဦးကောဝိဒ တို့က ဒုတိယနှင့် တတိယ ဆရာတော်များအဖြစ် ထိန်းသိမ်းတာဝန်ယူတော်မူခဲ့ကြသည်ဟု သိရပေသည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**ခရီးသည်သုတေသီ**

www.burmeseclassic.com

# ကွမ်းရွက်ရဲ့ ဆေးစွမ်း

ဈေးရောင်းသော မိတ်ဆွေ အမျိုးသမီးတစ်ယောက် အင်္ကျီလက်ပြတ်ဝတ်ထားသည့်အတွက် သူ၏ ချိုင်းကြားထဲမှ အနာက ပန်းသီးလုံးအသေးစားကဲ့သို့ နီရဲ စူထွက်နေသည်ကို စာရေးသူ အမှတ်တမဲ့ မြင်လိုက်ရပါသည်။

စာရေးသူက...

'မစန်းမြေ့ရဲ့ လက်မောင်းရင်းက အနာက အညှော်မိလို့ ငန်းမန်းတွေတက်ပြီး ယောင်နေတာမို့လား'

လို့ မေးလိုက်တော့...

'ဟုတ်တယ်အစ်မရေ ဆေးထိုးရမလား၊ ဘာလုပ်ရမလဲလို့ စဉ်းစားနေတာ လူကလဲ ဖျားချင်နေပြီ'

လို့ ပြန်ဖြေပါတယ်။ အဲဒါနဲ့ ဆေးနည်းပေးလိုက်ပါတယ်။

ပေးလိုက်တဲ့ဆေးနည်းက **ကွမ်းရွက်ကို ညက်အောင်ဝါးပြီး အနာဝမှာ အုံထားလိုက်ပါ။ ညအိပ်ရင်ပြုတ်မကျအောင် ပတ်တီးနဲ့ စည်းပြီးထားပါ။ နောက်တစ်နေ့ နံနက်လင်းတာနဲ့ အဲဒီကွမ်းဝါးပြီး အုံထားတဲ့ အနာပေါ်က ကွမ်းဖတ်တွေက ကျွတ်ကျွတ်ခြောက်သွားပြီး အနာနုရင် ပိန်ကပ်သွားပြီး အနာရင့်ရင့် ပြည်ထွက်လာကာ အရောင်လျော့သွားလိမ့်မယ်လို့ ပြောပြခဲ့ပါတယ်။**

နောက်(၃)ရက်လောက် ကြာတော့ စာရေးသူ သူ့ဆိုင်ကို ဈေးဝယ်သွားတဲ့အခါ မစန်းမြေ့က ''အစ်မပြောတာ ဟုတ်တယ် အစ်မရေ၊ ကျွန်မ လက်မောင်းရင်းက အနာက ကွမ်းရွက်ဝါးအုံတာနဲ့ ဆေးမထိုးရဘဲ ပျောက်သွားတယ်လေ''လို့ ပြောပါတယ်။

တစ်ခါတလေ နည်းမသိတော့ ခက်ခဲပြီး ပေါက်ဆိန်နဲ့ ပေါက်ထုတ်ရမလိုဖြစ်နေတဲ့ အနေအထားမျိုးကို နည်းသိရင် အလွယ်လေး အပ်နဲ့ ထွင်လို့ ရတဲ့အခြေအနေကို ပြောင်းလို့ရသလိုပါပဲ။


ဆေးနည်းတိုနဲ့လဲ လူ့အသက်ကို ကယ်လို့ ရပါတယ်။ လူတချို့က ရောဂါဖြစ်လာရင် ငွေကုန်မှ ပျောက်မယ်လို့ ထင်ထားတတ်ကြပါတယ်။

စာရေးသူကိုယ်တိုင် သွားဖုံးတွေ ယောင်သလိုဖြစ်ပြီး အစာဝါးတဲ့အခါတိုင်း သွားတွေ နာနေတာနဲ့ အစားမစားချင်လောက်အောင် ဒုက္ခရောက်ခဲ့ပါတယ်။

အဲဒါနဲ့ တစ်ဆက်တည်း ပိုးစားခံထားရတဲ့ သွားပေါက်ရှိနေတဲ့ သွားတွေကလဲ အစာဝင်သွားတာနဲ့ ကျင်ကိုက်လာပါတယ်။ မိတ်ဆွေတစ်ယောက်က...

'အညှော်မိလို့ သွားဖုံးယောင်တာ ကွမ်းယာစားလိုက်၊ ကွမ်းယာမစားချင်ရင် ကွမ်းရွက်တစ်မျိုးတည်းကိုပဲ ဝါးစားလိုက်'

လို့ ပြောပါတယ်။



အဲဒါနဲ့ မိတ်ဆွေပြောတဲ့အတိုင်း ဘာမှမပါဘဲ ကွမ်းရွက်ချည်း ဝါးစားလိုက်ပါတယ်။ စပ်ရှားရှားနဲ့ အရသာ မကောင်းပေမယ့် (၃)ချပ်လောက် စားလိုက်တော့ သွားဖုံးယောင်တာ သွားကိုက်တာက ပျောက်သွားပါတယ်။

အဲဒီနောက်ကို သွားနာတဲ့ရောဂါပေါ်လာမယ့် အခြေအနေဖြစ်လာရင် ကွမ်းရွက်ကို ကြိုပြီး ဝါးထားလိုက်ပါတယ်။ သွားကိုက်တဲ့ရောဂါ လုံးဝမဖြစ်တော့ပါဘူး။

စာရေးသူတို့ရုံးက ဒေါ်ပပဝင်းက သွားတွေ မကြာခဏကိုက်ပြီး သွားနုတ်ရတဲ့ အခြေအနေရောက်နေတော့ အဲဒီနည်းကို ပေးလိုက်ပါတယ်။ ဒေါ်ပပဝင်းက...

'သွားကိုက်တော့ ပျောက်ပါတယ် အန်တီရေ...ဒါပေမယ့် ကွမ်းယာစွဲသလို ဖြစ်နေပြီလို့ ပြောပါတယ်'

ကွမ်းမစွဲအောင် ကွမ်းရွက်ချည်းစားရင်ရပါတယ်။ ကွမ်းရွက်အသုံးဝင်ပုံကို ရေးရရင် စာရှည်သွားမှာစိုးလို့ စာရေးသူရဲ့ကိုယ်တွေ့ ဆေးနည်းနဲ့ မိတ်ဆွေပေးတဲ့ ဆေးနည်းလေးကို စာဖတ်သူတို့ထံ လက်ဆင့်ကမ်းလိုက်ရပါတယ်။

**မနှင်းဆီ(နေပြည်တော်)**



www.burmeseclassic.com

www.burmeseclassic.com

# အဆီကျ အလှပို ဆီး,ဝမ်း မှန်စေလိုလျှင်

(ဆေးပညာဆောင်းပါး)

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ပေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား ကိုပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု ပြီးတစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် အစား နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း မပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို မှိုင်းရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ ဘာသည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ ကြတော့တာပေါ့ရှင်။

ကြာတော့ လှုလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက ထပ်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ. . ။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးသုံးသူတွေ

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေစိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေ့ါပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေ့ါ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေလေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့် ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ မှည့်ခြောက်ထွက်ခြင်း၊ သွေးစေတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလို အပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေ့ါပါးလန်းဆန်း တက်ကြွ စေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်း ဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မ သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနု ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချု တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြ တဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆ

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလ
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၄၄၁၁၉၇

www.burmeseclassic.com

# စစ်ကိုင်းတောင်စွန်း သမိုင်းဝင်စေတီများ


## ၏ အောင်မြေနှင့် ဂုဏ်ပူဇော်ဂါထာတော်များ (၁၁)

…ရွှေမြတ်
(…ကိုင်းတောင်)



◆ ရွှေကျောင်းကုန်း တည်ရှိရာ ညောင်ပင်သာ ဦးပုည၏ ကျောင်းတော်ရာ အဝင်မုခ်ဦး

ရွှေတောင်ကုန်းစေတီတော်မြတ်ကြီးအား မှုမြင်ရပုံ ◆



**…စ်ပုဏ်းကျောင်းတောင်**

**…ညွန်းရွှေတောင်ကုန်းဘုရား**

…ဂါထာတော်

**…ဓာတဿ ဘဂဝတော အရဟ…**
**… သမ္မာသမ္ဗုဒ္ဓဿ။**

*[၃-ကြိမ် ရွတ်ဆိုပါ။]*

…တံ အဝဒေဝီယာ၊
…တောင်ကုန်းဝှယ စေတီယံ။
…ညု ဓာတု သံယုတ္တံ
…ံ ဝန္ဒာမိ အာဒရံ။

…သော ပါဠိအသံထွက်

| | |
|---|---|
| …ညု | =သပ်ဗင်ညု |
| …ယုတ္တံ | =သံယုတ်တံ |
| …ဒါမိ | =ဝန်ဒါမိ |

…ပြန်

**…ဒေဝီယာ၊** အင်းဝမိဖုရား …ထိပ်ပန်း'' သည်။

**…တံ၊** တည်ထားကိုးကွယ်အပ်သော။

**သဗ္ဗညုဓာတုသံယုတ္တံ၊** မြတ်စွာ ဘုရားရှင်၏ ဓာတ်တော်များနှင့် ဝါ သဗ္ဗညုတ မြတ်စွာဘုရားရှင်၏မွေတော် ဓာတ်တော်များ ပါဝင်သော။

**ရွှေတောင်ကုန်းဝှယ စေတီယံ၊** ရွှေတောင်ကုန်း ဘွဲ့အမည်ရှိသော စေတီတော်မြတ်ကို။

**အဟံ၊** ''……''ဟု နာမသမုတ် အကျွန်ုပ်သည်။

**[မှတ်ချက် ။ ။ ''……''နေရာတွင် ရွတ်ဆိုကန်တော့သူ၏အမည် ထည့်ပါ။]**

**အာဒရံ၊** လေးမြတ်ကြည်ညို ရိုသေလျှစွာ။

**ဝန္ဒာမိ၊** ဘယ လာဘ စသည် အဖြစ် မညစ်မညူး ကြည်နူးသဒ္ဓါ ရှိခိုး ဦးချ ကန်တော့ပါ၏ ဘုရား။

ဘုရားတည်နှစ်

သက္ကရာဇ် ၁၀၆၀ ပြည့်နှစ်။

ဘုရားဒကာ

သီရိမဟာသူရ သုဓမ္မရာဇာဘွဲ့ခံ စနေမင်း၏ မိဖုရားကြီး မင်းထိပ်ပန်း။

တည်နေရာ

စစ်ကိုင်းမြို့ ရေဝတီမြစ်ကမ်းအနီး မြေဝတီရပ်ကွက် ညောင်ပင်သာ ကျောင်းတော်ဝင်းအတွင်း။

ပွဲတော်ရက်

နှစ်စဉ် ဝါဆိုလပြည့်နေ့။

အောင်မြေ

ရွှေဘုံသာဆုတောင်းပြည့် လိုဏ်အတွင်း ရုပ်ပွားတော်ရှေ့တည့်တည့်။





www.burmeseclassic.com

www.burmeseclassic.com



ရွှေတောင်ကုန်းစေတီတော်မြတ်ကြီးအရှေ့တော်၌ တည်ရှိသော ရွှေဂုံသာ
ဆုတောင်းပြည့်စေတီတော်နှင့် ရည်မှန်းအာရုံတော်




ရွှေဂုံသာဆုတောင်းပြည့်စေတီတော်
မြတ်၏ လိုဏ်အတွင်းမှ ရှုမော
အင်းဝခေတ် ရုပ်ပွားတော်

ရွှေဂုံသာဆုတောင်းပြည့်စေတီအတွင်း
ပေါင်မိုးမျက်နှာကျက်ရှိ နံရံဆေးရေး

ညောင်ပင်သာဦးပုညကျောင်းတော်ရာ
လင်းလွန်းတောပင်




ရွှေဂုံသာမြတ်စွာဘုရား၊ စံပယ်တော်မူရာ
ရွှေဂုံသာဆုတောင်းပြည့်စေတီ မုခ်အဝင်






www.burmeseclassic.com



◆ စိမ်းပုတီးကျောင်းတော်အနီးမှ
အောင်တိုင်းမြောက်စေတီတော်




◆ စိမ်းပုတီးကျောင်းတော်အနီးမှ
ကြိုတိုင်းအောင်စေတီတော်



◆ ညောင်ပင်သာကျောင်းတော်ရာမှ
ရှစ်မျက်နှာစေတီတော်

◆ ဆရာတော် အရှင်အသင် သီတင်းသုံးတော်မူသော သမိုင်းဝင်စိမ်းပုတီးကျောင်း



...င့်အရောက်
...ကိနုန်းရှင်များ။
...ချက်

...အခါသမယက ရွှေတောင်ကုန်း ...တော်မြတ်သည့် အလွန် ထင်ရှား ...စောတော်မူသော စေတီတော် ... ဖြစ်လေသည်။

...ကိုင်းမြို့၏ အနောက်တောင် ...သော ရှေးအခေါ် **အစိမ်အရပ်** ...ဟာရမှာ မြေဝတီရပ်ကွက်ရှိ ...ီမြစ်ဘေးတွင် တည်ရှိလေ...

...တီရွာဦးမှာ **"သမိုင်းဝင် ...စိတစ်ကြီး"** တည်ရှိလေ၏။ ...ရပ်ကွက်၏ ရွာအဆုံးတွင် ... စာဆိုတော်ကြီး ဦးပုည ...သုံးတော်မူရာ ကျောင်းတော်ရာ ...လေသည်။

...ကျောင်းတော်ရာမှာ ညောင်ပင် ...ညအား မန္တလေး ရွှေမြို့တော် ...ည်ထောင်ပြီး (၂)နှစ်အကြာ ... ၁၂၂၃ ခုနှစ်တွင် အစိမ်ရပ်ကွက်နေ ဦးရွှေအောင်+ ဒေါ်လှောက်တို့က ညောင်ပင်သာကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ပေသည်။

ညောင်ပင်သာ ကျောင်းတော်ကြီးသည် ညောင်ပင်ကြီးရာ ဗိုင်းပတ်ပေါက်ရောက်နေလေရာ ဥယျာဉ်ကြီးသဖွယ် ဖြစ်နေခြင်း...


စစ်ကိုင်းမြို့ သမိုင်းဝင် ညောင်ကိုးညောင်စာရင်းဝင် ဖြစ်နေခြင်း...

စာသင်သား တပည့်ပေါင်းများစွာအား စာပေပို့ချခဲ့လေရာ စာချ အလွန်တောင်းခြင်း...

မှတ်တမ်းဝင် တေးထပ်၊ ကဗျာ၊ လင်္ကာများ ရေးသားခဲ့ခြင်းတို့ကြောင့် ညောင်ပင်သာ ဦးပုညဟု ကျော်စောခဲ့လေသည်။

ထိုကျောင်းဝင်းအတွင်းဝယ် **အင်းဝမီဖုရားကြီး မင်းထိပ်ပန်း**က စေတီတော်နှင့်အတူ ကျောင်းတော်ကြီး

www.burmeseclassic.com






◆ ရွှေတောင်ကုန်းစေတီ အနီးမှ ထူးခြားညောင်ပင်ကြီး၏
ညောင်ပင်သာ သစ်တော်အိုကြီးဖြစ်ပေါ်ရပုံ

◆ ညောင်ပင်သာဦးမူညကျောင်းတော်ရာမှ အရုပ်သိမ်တော်

ညောင်ပင်သာကျောင်းတော်ရာအတွင်းမှ
ကုသိုလ်ရှင်များ၏ နှလုံးရုံမြတ်စွာဘုရား

တစ်ပြိုင်တည်း လျှုဒါန်းခဲ့သောကြောင့်လည်း ကျောင်းနှင့်စေတီ ဘွဲ့မည်တွဲလျက် ရှိနေခဲ့လေ၏။


ထိုစဉ်က **"ရေသွန်းဘုရားနှင့်ရေသွန်းကျောင်း"**ဟု တွဲဆက်ခေါ်ခဲ့လေ့ရှိခဲ့ရာမှ စိပ်ပုတီးကျောင်းဟူ၍



◆ ရွှေတောင်ကုန်းစေတီတော်မြတ်အား
မြဲမြဲစောင့်ရှောက်လျက်ရှိသည့်
စိပ်ပုတီးကျောင်းဆရာတော်
အရှင်ဦးဇေသက

◆ ညောင်ပင်သာကျောင်းဝင်းမှ အုတ်စေတီတော် ငြိမ်းချမ်းစွာရှိသည့်ဘုရား





www.burmeseclassic.com





◀ ရွှေဘုံသာ ဆုတောင်းပြည့်စေတီတော်မှ အဆောင်အရွက်များ
ရှစ်မျက်နှာစေတီတော်မှ အဆောင်အရွက်ပုရိုလ်များ ▶
◀ ရွှေဘုံသာဆုတောင်းပြည့်စေတီတော်၏ အဆောင်အရွက်များအဖြစ် ထင်ရှားသော မောင်တော်၊ နမတော်များ



ထည်းကောင်း၊ ရေသွန်းဘုရားအား ရွှေတောင်ကုန်းဘုရားဟု လည်းကောင်း ပြောင်းလဲခဲ့လေသည်။

ယခုအခါ နှစ်ပေါင်း(၃၂၀)ခန့် ရှိပြီဖြစ်လေရာ ညောင်ပင်သာကျောင်းတော်ကြီးသည်လည်း နေရာမျှသာ ရှိလေတော့သည်။

ကာလ ကြာညောင်းသောအခါ စိပ်ပုတီးဘုရားဟုလည်း ခေါ်တွင်ကြပြန်လေ၏။ ယနေ့တိုင် အချို့သော အသခံများက **''စိပ်ပုတီးဘုရား၊ စိပ်ပုတီးကျောင်း၊''**ဟူ၍ ခေါ်ဆိုနေဆဲ ရှိလေသည်။

သက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် ပဲ့နင်းကြီး ဦးရွှေတောင်က ပြန်လည် မွမ်းမံပြင်ဆင်ခဲ့သောကြောင့် **''ရွှေတောင်ကုန်းစေတီ''**အမည်သာ တွင်ခဲ့လေသည်။

အင်းဝမိဖုရား မင်းထိပ်ပန်း တည်ထားကိုးကွယ်ခဲ့စဉ် ညောင်ရေသွန်းလောင်းရာဌာန ဖြစ်ခြင်းကြောင့် ရေသွန်းဘုရားနှင့် ရေသွန်းကျောင်းဟု အမည်တွင်ခဲ့ပြီး နောင်အခါ၌ စိပ်ပုတီးကျောင်းဟု အမည်ပြောင်းလဲခဲ့လေ၏။

''ဘာကြောင့် ပြောင်းလဲရကြောင်း မသိရပါ''ဟု **ဆရာကြီးစစ်ကိုင်းသူရ**က မှတ်ချက်ပြုထားပါသည်။

ပဲ့နင်းကြီး ဦးရွှေတောင် ပြန်လည်ပြုပြင်မွမ်းမံသောအခါ ရွှေတောင်ကုန်းစေတီတော်ဟု ယနေ့တိုင် အမည်တွင်နေကြောင်း ညောင်ပင်သာ ဦးပုညက တေးထပ်ဖြင့် မှတ်တမ်းတင်ထားလေသည်။


ရွှေတောင်ကုန်း စေတီတော်၏ ပုံဟန်မှာ ဖိနပ်တော်အထက်မှ စတင်၍ ခရေသီးတိုင်အောင် ရှစ်မြှောင့်ချိုးဖြင့် တည်ဆောက်စီမံထားလေသည်။

အုပ်ဖိနပ် စတုရန်းပေါ်တွင် ပစ္စယာ (၃)ဆင့် တည်ထားလေ၏။

ခါးစည်း (၃)ထပ်ဖြင့် ခေါင်းလောင်းမှောက်ကို ဆင့်ထားပုံမှာ တင့်တယ်လှပေသည်။

ခေါင်းလောင်းတော်၏ အထက်တွင်

www.burmeseclassic.com



ညောင်ပင်သာ ဦးပုည၏ ကျောင်းတော်ရာအတွင်းရှိ
နတ်အဲဒုညောင်ပင်ကြီးနှင့် ဘုရားညီနောင်

ရှစ်မြှောင့် ဖောင်းရစ်ကိုးရစ်ဖြင့် ဂူဏ်တော်ကိုးပါးကို ညွှန်းဆိုလျက် ရှိလေသည်။

ယခုအချိန်တွင် မှန်စီရွှေချ အဆင်အယင်မှာ ခရေသီးမှာသာ ကျန်ရှိလေ၏။

ရှစ်မြှောင့်ခရေသီး၏ အထက်တွင် ရွှေထီးတော် အထွတ်တင်ထားလေသည်။

ဖိနပ်တော်၏ ပါပထောင့်များတွင် ကလသာအိုးများ၊ ရွှေအရံစေတီများ၊ ခြင်္သေ့ရုပ်များ၊ မနုသီဟရုပ်များ မပါရှိဘဲ ရိုးရှင်းစွာ စီမံထားရှိသောကြောင့် တစ်မူထူးခြားလျက် ရှိလေသည်။

ရွှေတောင်ကုန်း စေတီတော်၏ အရှေ့ဘက်အနီးကပ်လျက် ရွှေဘုံသာဆုတောင်းပြည့်စေတီတော် တည်ရှိလေသည်။

ရွှေဘုံသာဆုတောင်းပြည့် စေတီတော်၏ လိုဏ်အတွင်း အင်းဝခေတ် ပုံဟန် စကျင်ရုပ်ပွားတော်မြတ်ကြီးမှာ တန်ခိုး အလွန်ကြီးမားကြောင်း အထူးကျော်ကြားလှ၏။


အောင်မြေနေရာတော်လည်း ဖြစ်သောကြောင့် အဓိဋ္ဌာန်နေရာထူး ဖြစ်လေသည်။ လိုဏ်အတွင်း နံ့ရုံများနှင့် ပေါင်းမိုးအပြည့် ရှေးဟောင်းနံရံ ဆေးရေးပန်းချီများဖြင့် တန်ဆာဆင်ထားလေရာ စိပ်ပုတီးကျောင်းဆရာတော် အရှင်ဦးသေကမှ အထူးစောင့်ရှောက်ထိန်းသိမ်းထားလေသည်။

စိပ်ပုတီးကျောင်း၏ အရှေ့ဘက်တွင် ကြံတိုင်းအောင်စေတီနှင့် ဆောင်တိုင်းမြောက် စေတီတော်နှစ်ဆူမှာ အထူးကြည်ညိုဖွယ်ရာ ပုံဟန်နှင့် ဘွဲ့မည်ဂုဏ်ဟိတ် ကြီးမားသောကြောင့် အဓိဋ္ဌာန်တင် အားထုတ်ရမည့် ဌာနတစ်ခု ဖြစ်လေသည်။

**ရှေးလွန်ခဲ့သောထောင်နှစ်ခု ကျော်ချိန်ကာလ စံပယ်တော်မူခဲ့သည့် နတ်အဲဒုညောင်ပင်ကြီး၏ သစ်တော်ဆိမ့် မြစ်ထဲပါဝင်ပုံမှာ ထူးခြားလှပါပေသည်။**

လုံခြုံစိတ်ချခြင်း၊ အေးချမ်းသာယာခြင်း၊ သမာဓိရလွယ်ခြင်း၊ အစောင့်အရှောက်ကောင်းတို့၏ မေတ္တာကို ခံယူ၍ အားထုတ်သင့်သော အောင်မြေ ဖြစ်လေသည်။

ညောင်ပင်သာကျောင်းတော်ရာရှိ ရွှေတောင်ကုန်း စေတီတော် မြတ်ကြီးကား သာသနာ့ အောင်မြေတစ်ခု ဖြစ်ပါကြောင်းလည်း ညွှန်း လိုက်ရပါသည်။




**အောင်ရွှေမြတ်**
**(စစ်ကိုင်းတောင်)**



www.burmeseclassic.com

www.burmeseclassic.com

လာမည့်မိုးရာသီနှင့် သက်ဆိုင်သော ဆောင်းပါးရေးဖို့ စဉ်းစားလိုက်တော့ ငယ်သူငယ်ချင်းမျိုးဝေ (ကွယ်လွန်)မှ ပြောကြားခဲ့သော စပါးအထွက်တိုးရေးအတွက် ဂမ္ဘီရ-တစ်ဆင့် ကြားစကားလေးကို စဉ်းစားမိလိုက်တယ်။

စာရေးသူတို့ သက်လတ်ပိုင်းအရွယ်က ယခုလို ပူအိုက်တဲ့ နွေရာသီကာလရဲ့ ညဦးပိုင်းမှာ မျိုးဝေတို့အိမ်ခေါင်းရင်းက ကွင်းပြင်ထဲမှာထိုင်ပြီး ထွေရာလေးပါးစကားတွေ ပြောဖြစ်ကြတယ်။

ပူအိုက်တဲ့ တပေါင်းလရာသီရဲ့ ညဦးပိုင်းမှာက လေပြည်လေညင်းလေးတွေ တိုက်ခတ်တော့ နေ့ဘက်က ခံစားခဲ့ရတဲ့ အပူဒဏ်တွေပျောက်ပြီး၊ အင်မတန်မှ စိတ်ကြည်နူး အေးမြသွားကြတယ်။

ထွေရာလေးပါး စကားတွေထဲမှာ စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး တစ်ဆင့်ကြားစကားလေးတွေလဲ ပါလာတာပေါ့။ သူငယ်ချင်းမျိုးဝေက ရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေးရုံးက အထက်တန်းစာရေးတစ်ဦးပါ။


ရန်ကုန်ဆိပ်ကမ်း ပင်လယ်ကူးသင်္ဘောကြီးများ ကုန်တင်ကုန်ချဌာနမှာ တာဝန်ကျတယ်။ အဲဒီဌာနမှာက ရန်ကုန်အနီးတစ်ဝိုက်က ကာယ၊ ဉာဏ၊ လုပ်သားဝန်ထမ်းတွေရော မြစ်ဝကျွန်းပေါ်နဲ့ အညာဒေသမှ လာရောက်လုပ်ကိုင်နေကြသော ကာယဉာဏ လုပ်သားဝန်ထမ်းတွေပါ စုံနေတာပဲတဲ့။

တစ်နေ့တော့ အလုပ် ခေတ္တနားချိန်မှာ စုပေါင်းပြီး အပန်းဖြေနေစဉ် ဝန်ထမ်းတစ်ဦးက စိုက်ပျိုးရေးနဲ့ပတ်သက်လို့ ဆွေးနွေးပြောဆိုကြတယ်။

'တို့အရပ်ဒေသမှာ ငှက်ပျောပင်နဲ့ ဖရဲပင်တွေစိုက်တဲ့ တောင်သူတွေရှိတယ်။ ငှက်ပျောနဲ့ ဖရဲပင်တွေကို ကောင်းကောင်း စိုက်ပျိုးကြတာပေါ့။

အထွက်တိုးဖို့ စပါးပင် လင်ပေးစားကြစို့နှင့် စိုက်ခင်း ထုံးဖွဲ့ဖို့

# စပါးလင်နှင့်ဗိုကြီး



ငှက်ပျောခိုင်တွေ သီးမှည့်လို့ ခုတ်ရမည့်အချိန်တွေမှာ ဘယ် သူခိုးမှ ဝင်မခိုးရဲဘူး'

'လူအစောင့် ချထားလို့လား'

'လူအစောင့်တော့ မထားဘူး။ ဒါပေမယ့် **စပါးလင်ပင်ကို အစောင့်အနေနဲ့** ချထားတယ်'

'ဘယ်လိုပါလိမ့် ရှင်းပြပါဦးဗျာ'

'ဒီလိုဗျ ကိုယ်ပိုင်တဲ့ စိုက်ပျိုးထားတဲ့ ငှက်ပျောတောနဲ့ ဖရဲခင်းတွေရဲ့ ထောင့်လေးထောင့်မှာ စပါးလင်ပင်တွေကိုစိုက်ပြီး အမိန့်ပေးခဲ့တယ်။

"ငါပိုင်တဲ့ ငှက်ပျောတောနဲ့ ဖရဲခင်းထဲက စိုက်ပျိုးထားတာတွေ သီးမှည့်ရင် ဘယ်သူမှ ဝင်မခိုးစေနဲ့"

လို့ အမိန့်ပေးထားတယ်။ တစ်ချို့က အစာကျေကြတယ်။ တချို့ကတော့ မကျေဘူး'

'တကယ်လို့ ဝင်ခိုးရင် ဘာဖြစ်သွားလဲ'

'ဖရဲခင်းထဲဝင်ပြီး စားချင်တဲ့ အလုံးကို အဝ,ထိုင်စား၊ ဘာမှ မဖြစ်ဘူး။ ပိုင်ရှင်မသိဘဲ အိမ်ကိုတော့ ယူမသွားနဲ့ အဲဒါ ခိုးတာပဲ။ အိမ်ရောက်လို့ ရှိရင်တော့ ယားယံတာ အော့အန်တာတွေ ဖြစ်ကုန်ရောဗျို့'

လုပ်သားများအားလုံးက သဘောကျစွာ ဝိုင်း၍ ရယ်မောကြပါသည်။ အဲဒီအချိန်တွင် မြစ်ဝကျွန်းပေါ်ဘက်မှ ကရင်တိုင်းရင်းသားကြီးတစ်ဦးမှ ဝင်ရောက် ထောက်ခံလိုက်ပုံက...

'သူပြောတာတွေ ဟုတ်တယ်ဟေ့။ စပါးလင်ပင်ကို အမျိုးမျိုးစီရင်ပြီး သုံးတတ်ကြတာရှိတယ်။ ထိုအရပ်ဒေသကတော့ စပါးအစိုက်များကြတယ်။

တချို့လယ်သမားတွေက ယုံကြည်ကြတယ်။ တချို့ကတော့ မယုံကြည်ကြဘူး။ မလုပ်ကြဘူး'

'ဘယ်လိုစီရင်တယ်ဆိုတာ ရှင်းပြဦးမှပေါ့ ဖထီးရဲ့'

'အေး ဟုတ်သားပဲ။ ငါက စကားပြောချင်တာ စောသွားလို့ပါ။ လုပ်ပုံစီရင်ပုံက **စပါးပင် လင်ပေးစားကြတာပေါ့'**

ဖထီးရဲ့ စကားကိုကြားတော့ အားလုံးက ဝိုင်းဟားကြပါတယ်။ လုပ်သားတစ်ဦးက...

'ကဲ ဖထီးရယ် လုပ်ပုံလေးရှင်းပြပါဦး'

'စောစောက သူပြောသလိုပဲ ကိုယ်စိုက်ထားတဲ့ စပါးခင်းရဲ့ ထောင့်လေးထောင့်မှာ စပါးလင်ပင်တွေကို စိုက်ပေးလိုက်ပေါ့ကွာ။

စပါးလင်ဆိုတာက စပါးရဲ့လင်လို့ အဓိပ္ပါယ်ကောက်ပြီး စပါးပင် လင်ပေးစားတဲ့ ဂမ္ဘီရသဘောပေါ့။

ငါ့အမိုးရဲ့လယ်တွေမှာ အဲဒီလို စိုက်ပေးလိုက်တာ သူတစ်ပါးလယ်ကွက်တွေထက် အထွက်တိုးတယ်ဟေ့ ကိုယ်တွေ့ပဲ'

မြန်မာတို့ရဲ့ ဂမ္ဘီရပညာဟာ စွမ်းတယ်နော်။ ကဲ ဒီမိုးမှာ အထွက်တိုးဖို့ စပါးပင် လင်ပေးစားလိုက်ကြစို့လား...

**ဦးစိန် (တိုးချောင်ကြီး)**



www.burmeseclassic.com

www.burmeseclassic.com





တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687

လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ အသားတွေလည်း ကျစ်လျစ်လာတယ်၊ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေး ပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ၊ ကျန်းမာရေးရှုထောင့် ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား၊ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာ လား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်း လေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်း မှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက် ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေ မက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာတင် ကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးတော် တစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေး က ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်း ကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါ

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-၅/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)





www.burmeseclassic.com

www.burmeseclassic.com

စပါးတောင်ဒိုး

# သာသနာ့အောင်မြေ ရုပုံတောင် (၁)

မောင်မောင်ဖိုး (ထားဝယ်)



◆ စပါးတောင်ကြီးကို ထားဝယ်မြို့အရှေ့ဘက်မြိတ်လမ်းမပေါ်မှ လှမ်းမြင်တွေ့ရသော မြင်ကွင်း

◆ ဆင်ဆိပ်တောင် အရှေ့ဘက်တောင် ထောင့် တောင်ကုန်းစောင်းထိပ်၌ မြင်းစီးရုပ်တော်ဝိုင်းဒိုးတိုးကြီးကို တွေ့ရစဉ်



ရှေးဟောင်း ထားဝယ်သမိုင်းများနှင့် ဆက်စပ်လျက်ရှိသော ထားဝယ်ဒေသ ရှိ တောင်များ၌ မြန်မာမှုလက်ရာများ ဖြင့် စေတီဘုရားများကို တည်ထား ကိုးကွယ်ခဲ့ကြသည်။

စေတီ၊ ပုထိုးတည်ထားကိုးကွယ် သည့်အစဉ်အလာသည် ဂေါတမ မြတ်စွာဘုရား လက်ထက်တော်တွင် သာမက ရှေးရှေးသော ဘုရားရှင်တို့ ၏ သာသနာတော်၌ကတည်းက ရှိခဲ့ သည်။

စေတီဟူသော ဝေါဟာရကို သက္ကတ ဘာသာအားဖြင့် "စဲတျသ္တုပ" ဟုခေါ် သည်၊ ပါဠိဘာသာအားဖြင့် "စေတီယ"ဟု ခေါ်သည်။

စေတီယ သဒ္ဒါအနက်မှာလည်း' "**မြတ်တနိုး ကိုးကွယ်ရာ**"ဟူသော အနက် အဓိပ္ပာယ်ကိုဆောင်သည်။

စေတီဟူသည် အရိုအသေ အလေး အမြတ်ပြု၍ ပူဇော်အပ်သောကြောင့် လည်းကောင်း၊ အုတ်,ကျောက်စသည် ဖြင့် စီခြယ်အပ်သောကြောင့် လည်း ကောင်း...

"**မြတ်ရှင်ဖော် ဘုရားစေတီ ချည်၏**" ဟု ဥဒ္ဒကပါဠိအဋ္ဌကထာ ဆရာတို့၌ အဓိပ္ပာယ်ဖွင့်ဆို ထားသည်ဟု သိရှိရလေသည်။

စေတီ၊ ပုထိုးများ၊ သာသနာတော် ထွန်းပင်ရာ အရပ်ဒေသ အောင်မြေ များအဓိဋ္ဌာန်တို့တည်ရာ **စပါးတောင် သည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင် ထားဝယ်မြို့၏ အရှေ့တောင်ဘက် (၃)မိုင်ခရီးခန့် အကွာတွင် ထားဝယ်–မြိတ် ကားလမ်းမကြီး၏ အရှေ့ဘက်တွင် တည်ရှိ၏။**

ခေါက်တိုင်းတံတား အလွန် ကျောက်ရပ်လမ်းဆုံမှ အရှေ့ဘက်သို့





www.burmeseclassic.com

www.burmeseclassic.com





◆ မိကျောင်းတဲဘုရားသိမ်တော်အား မြင်ရပုံ

◆ မိကျောင်းတဲဘုရားတောင်ကုန်းထိပ်မှ မြောက်ဘက် ယခုတောင်ဝိုင်းမြင်ကွင်း



◆ မိကျောင်းတဲဝင်း အဆောက်အအုံကို တွေ့ရပုံ



◆ မိကျောင်းတဲဘုရားအစေတီကို လှမ်း၍ မှုမြင်ရပုံ

ဦးတည်သွားလျှင် ကျောက်ရေ
ပေါက်တိုင်း၊ ရှမ့်တွင်းရွာလမ်းဆုံအ
ရှိ တောင်ပွားကျောင်းတိုက်သို့ ရော
ရှိ၏။

တောင်ပွား ကျောင်းတိုက်ရှိ
အရပ်မှ တောင်ဘက်သို့ ဦးတည်
ဆိုင်ကယ်ဖြင့် တောင်တက်ခရီး
စတင်ရလေသည်။

စပါးတောင်၏ သာသနာပြု
ပထမဗဟိုဌာနမှာ တောင်ပွားကျော
တွင်ထားရှိပြီး ဒုတိယဗဟိုဌာန
ဆင်ခေါင်းတောင်တောရ ဂဏဝိ
ကူးတို့ ဓမ္မာလင်္ကာရကဝိဓဇ၏
တော်ရ ဣန္ဒာသယ မဟာဂုဏ်
တိုက်ကျောင်း၌ ထားရှိကြောင်း
သည်။

စပါးတောင်ရိုး တစ်လျှောက်
တောင်ငယ်၊ တောင်ပူစာတွေရှိ






www.burmeseclassic.com

www.burmeseclassic.com






▲ အရှေ့ဘက်ရှိ ထိုင်တော်မူဘုရား၏ အရှေ့မျက် ကြည်သုံးမြှင့်ပိတွင် (၁၈)ပေခန့်ရှိသော မိကျောင်းကြီး တစ်ကောင် မြင်ရစဉ်

◀ မိကျောင်းဘုရားစေတီအား တောင်ဘက်မျက်နှာစာမှ ဖူးမြော်ရစဉ်

◀ မိကျောင်းဘုရားစေတီ အနောက်ဘက်ရှိ ထိုင်တော်မူဘုရား၏ အရှေ့မျက် ကြည်သုံးမြှင့်ပိတွင် (၁၈)ပေခန့်ရှိသော မိကျောင်းကြီးတစ်ကောင် မြင်ရစဉ်



တောင်မကြီးပေါ်ရှိ တောင်အမည်များ ဤသို့ ခေါ်ဆိုမှုရှိကြပြန်ပါသည်။

- ဆင်ခေါင်းတောင်၊
- ရှုံးတောင်၊
- နတ်ရောကန်တောင်၊
- နောင်တော်တောင်၊
- ရေဝတ်ဆင်မင်းတောင်၊
- ထွတ်ကိုလာတောင်၊
- ကျောက်ဖြူတောင်၊
- ကြာတောင်၊
- မြှင်မိုးရောင်တောင်တို့ ဖြစ်၏။

တောင်ပေါ်က လှမ်းမြင်ရသည့် အရှေ့ဘက် တောင်တန်းတွေကို ကျက်သရေတိုးပြရ၏။ အနောက်ဘက်ရှိ ဧရာဝတီမြစ်ကို ဆရာဦးကြည်ရှိန်က ညွှန်းပြနေသည်။ မမြင်ရသော်လည်း ကိုးကွယ်ကူးရသည်က လွှမ်းလောက်သည်။


တဖြည်းဖြည်း ဆိုင်ကယ်စီး၍ တစ်တောင်တက်၊ တစ်တောင်ဆင်း ကျော်ဖြတ်ကာ ခရီးနှင်လာရာ ဆင်ခေါင်းတောင်တောရပဟုသော စပါးတောင် တောင်ခုလတ်သို့ ရောက်ရှိလာ၏။


ဆင်ခေါင်းတောင် အနောက်ဘက် တောင်ကမ်းပါးယံပတ် ကားလမ်း အတိုင်း စပါးတောင်ရိုး တောင်ဘက် တစ်လျှောက် ဆိုင်ကယ်စီး၍ လာခဲ့ပြန်ရာ ကိုက်(၁၀၀)ခန့်အရောက်တွင် ဆင်ခေါင်းတောင် အရှေ့တောင်ဘက်ရှိ တောင်ကုန်းစောင်းထိပ်၌ အခေါက်အအုံတစ်ခုအတွင်း မြင်းဖြူရှင်တောင်ပိုင်ဘိုးဘိုးကြီးကို တွေ့ရ၏။

မြင်းဖြူရှင် တောင်ပိုင်ဘိုးဘိုးကြီး၏ အခေါက်အအုံတည်ရှိရာ အနောက်တောင်ဘက် ကိုက်(၁၀၀)ခန့်၌ ကားလမ်းမကြီး၏ အနောက်ဘက်ခြမ်းတွင် သစ်ပင်ချုံနွယ် မြက်တောအတွင်း အစိမ်းရောင်၊ သွပ်မိုးထားသော အခေါက်အအုံတစ်ခုကို တွေ့လိုက်ရ၏။

ထူးခြားမှု၊ ဆန်းပြားမှုကို ရှာမှီးလို

www.burmeseclassic.com






◆ ဆောင်စကြာ(၁၀၈)ဆူ၏ ဆောင်တော်မူဘုရားများအား ပူဇော်ရစဉ်

◆ ဆရာတော် ဦးသုဒဿန၏ ရုပ်ထုတော်ကို ဖူးရစဉ်

◆ နဂါးရုံဘုရားနှင့် ရှင်ဥပဂုတ္တမထေရ်မြတ်အား ဖူးရစဉ်



စိတ်ဖြစ်ပေါ်လာ၍ အဆောက်အအုံအတွင်း ဝင်ရောက်ကြည့်မိ၏။

ပုဆိုးကွက်ကြားနှင့် လူတစ်ဦး မိကျောင်းကြီးတစ်ကောင် ထမ်းလျက်ရှိသည့်ရုပ်တုကို အမြင်ထူးခြားစွာ တွေ့လိုက်ရ၏။

တစ်ခါက ဆရာတော်ဦးကောဝိဒ မိန့်ကြားပြောပြခဲ့ဖူးသော ဆရာတော်ဦးသုဒဿန၏ အဂ္ဂိရတ်ဖိုထိုးစဉ် နိမိတ်ထင်ဟပ် ဖြစ်ပေါ်လာမှု ဖြစ်စဉ်ကို သတိတရ ရှိလာရပြန်ပါသည်။

ဆရာတော်ဦးကောဝိဒက...

နှမတောင်စေတီ ရုပ်ဆောင် စေတီပြုပြင်ပြီးနောက်ပိုင်းမှာ ဆရာတော်ဦးသုဒဿနသည် တောင်ပွားကျောင်းဟောင်း၌ အဂ္ဂိရတ်ဖိုထိုးခြင်းအမှုကို ပြုလုပ်လေ့ရှိကြောင်း၊ မီးသွေး (၄,၅)အုပ်ခွဲခဲ့ရကြောင်း၊ တစ်ခါတလေ ဖိုကြီးလွတ်ပြီး အိပ်ပျော်လျက် ရှိခဲ့ရကြောင်း၊ ဆရာတော်ဦးကောဝိဒသည် ကျောင်းသားဘဝက ဖိုခွဲသမားအလုပ်ကို လုပ်ခဲ့ရကြောင်း ဆိုပါသည်။

တစ်နေ့မှာ တောင်ပွားကျောင်း၌ ဆရာတော်ဦးသုဒဿနသည် အဂ္ဂိရတ်ဖိုထိုးနေ၏။ ပုဆိုးကွက်ကြား ဝတ်ဆင်ထားသော အဘိုးအိုတစ်ဦး မိကျောင်းတစ်ကောင် ထမ်းပြီးလာသည်ကို နိမိတ်အာရုံထဲတွင် ထင်ဟပ်ပေါ်ပေါက်မြင်တွေ့လာ၏။

စိတ်အာရုံဖြစ်ပေါ်မှုဖြင့် အလှူဒကာလှူသည့် မိကျောင်းကို လက်ခံပြီး ဘုန်းကြီးကျောင်းအပြင်ဘက်တွင် ထားရစ်ခဲ့ရန် မိန့်ကြားမိ၏။

ဆရာတော်ဦးသုဒဿနသည် ဖိုထိုး ပြီး ဘုန်းကြီးကျောင်းအပြင်ဘက် ထွက်၍ ကြည့်မိသော မိကျောင်းတစ်ကောင် ထူးဆန်း နေသည်ကို တွေ့ရ၍ အံ့သြ သည်ဟု ဆိုပါသည်။

ထိုမိကျောင်းသည် တဖြည်း ကြီး၍ ကြီး၍ ဖြစ်လာကာ တောင်ပေါ်သို့ တွားသွား၍ တက် သွား၏။ ဆရာတော်ဦးသု ဘုရားတည်မည့်နေရာမှာ ရုပ် လျက်ရှိချေ၏။

ဆရာတော် ဦးသုဒဿန



www.burmeseclassic.com

www.burmeseclassic.com



● ရုပ်တော်မှု(၁၀၀)ထုနှင့် ဖျူပတီဆင်တော်တော်အား မှုမကြီးကြည်ညိုဖွယ်ရာ
မိကျောင်းဘုရားစေတီ အရှေ့ဘက်မုခ်အတွင်း မှုမြင်ရသော ထိုင်တော်မူဘုရား ◗



ကျောင်း ရုပ်နား ဝပ်တွားနေသည့်နေရာတွင် သပြေပင်၊ ထားဝယ်အခေါ် ချိုးပင်(မြန်မာအခေါ် ချင်းပင်)၊ ရေသဖန်းပင်တို့ရှိကြောင်း အာရုံနိမိတ်တွင် ထင်ဟပ်သည့်နေရာ အမှတ်အသော်တာအတိုင်း မှတ်သားထားလိုက်၏။

ဆရာတော် ဦးသုဒဿနသည် မိတ်အာရုံအရ ဒကာတွေကို တောင်ပေါ်တွင် ထိုအမှတ်အသားရှိမည့် နေရာကို ရှာဖွေခိုင်း၏။ ရေသဖန်းပင်နှင့် ချိုးပင်သာ တွေ့ရှိရ၏။ သပြေပင်ကို ရှာမတွေ့ပါ။

ထိုတောင်ကုန်းနေရာ မှားနေကြောင်း ဆရာတော်၏ အာရုံထဲ နိမိတ်ပေး၏။ ဆရာတော်ကိုယ်တိုင် တောင်ပေါ် ကြွရောက်ပြီး သူ၏ မျက်စိအာရုံထဲ မြင်သည့်အတိုင်း ဒကာများကို တောရှင်း ဆောင်ရွက်ကြရသည်။

ထို့နောက် ဆရာတော်ဦးသုဒဿန သပြေပင်ရှိမည့်နေရာကို လက်ညှိုး ထိုးပြ၏။ တောင်ကုန်း၏ အနောက်ဘက်တွင် သပြေပင်တစ်ပင် တွေ့ရ၏။

တောင်ကုန်းစောင်း နေရာဖြစ်၍ ဘုရားတစ်ဆူတည်ရန် အကျယ်အဝန်း ရအောင် ရွာသူရွာသားများ၏ လုပ်အားဒါနဖြင့် နေ့ရောညပါ တောရှင်း မီးရှို့ပြီး ဘုရားကုန်းအဖြစ် ဆောင်ရွက်ရသည်ဟု ဆိုပါသည်။

ဤအကြောင်း ထူးခြားဖြစ်စဉ်ကို နောင်းလူများ သိရှိထားရန် ဆရာတော် ဦးသုဒဿနသည် **ပုဆိုးကွက်ကြား ဝတ်ဆင်ထားသော အဘိုးအိုတစ်ဦး မိကျောင်းတစ်ကောင် ထမ်းလာသည့်ဟန်ရုပ်တု**ကို မိုးလုံလေလုံ အဆောက်အအုံအတွင်း သီးသန့်ထား ရှိသည်ကို ယနေ့တိုင် တွေ့မြင်နေရဆဲပင်။

အတွေးနယ်ချဲ့လွန်ခြင်းကို ရပ်တန့်စေပြီး ထိုအဆောက်အအုံမှ ထွက်ခွာလာသည်။ ထို့နောက် စပါးတောင်ရိုး ကားလမ်းမကြီးအတိုင်း တောင်ဘက်သို့ ဦးတည်လျက်ပင် မော်တော်ဆိုင်ကယ်စီးလျက် ရှေ့ရှုလာခဲ့ကြသည်။

ရှေ့ကိုက် (၁၅၀)ခန့် ခရီးအရောက်တွင် တောင်ကုန်းမြင့်တစ်ခုကို လှမ်း၍ မြင်နေရသည်။ ထိုတောင်ကုန်းမြင့်ကို အောင်စကြာစခန်းနေရာဟု ခေါ်ကြောင်း သိရသည်။

ကားလမ်းမကြီး၏ အနောက်ဘက်တွင် မိကျောင်းဘုရားစေတီကို လည်း လှမ်း၍ တစ်မူထူးခြား ကြည်နူးကြည်ညိုဖွယ် ဖူးမြော်ရ၏။

မိကျောင်းဘုရားစေတီ၏ အောက်ခြေသည် တခြားစေတီများနှင့် မတူဘဲ ထူးခြားစွာ ခြောက်မြှောင့်ကြွယ်ပုံစံ ခြောက်ထောင့်ရှိ၏။

**မိကျောင်းဘုရားတည်စဉ်က ကြွယ်ဝမြှောင့်အောက်ခြေမြင့် တည်ရာ မအောင်မြင်ကြောင်း သိရ၏။ ခြောက်မြှောင့်ကြွယ် အောက်ခြေမြင့် တည်မှသာ အောင်မြင်ပြီးမြောက်သည်ဟု အဆိုရှိပါ၏။**


ခြောက်မြှောင့်ကြွယ် ထောင့် ခြောက်ထောင့်ပေါ်၌ မုခ်ခြောက်မုခ် ရှိ၏။ မုခ်ခြောက်မုခ်အတွင်း၌လည်း ထိုင်တော်မူဘုရားတစ်ဆူစီ ကိန်းဝပ်လျက် ရှိ၏။

ထိုမုခ်ခြောက်မုခ်၏ အပေါ်၌ စေတီ တည်ထား၏။ စေတီတော်၏ ပစ္စယံ ခြောက်ထောင့်၌လည်း ထူးခြားစွာ **မနုဿသီဟ ခြသေ့ခြောက်ကောင်**ကို



www.burmeseclassic.com

www.burmeseclassic.com



◆ မိကျောင်းထမ်း အဆောက်အအုံအတွင်း ပုဆိုးကွက်ကြားဝတ်ဆင်လျက် မိကျောင်းကြီးတစ်ကောင် ထမ်းထားသော ပုဂ္ဂိုလ်ကို တွေ့ရစဉ်



◆ အနောက်ဘက်မျက်နှာစာရှိ မိကျောင်းကြီး၏ အနောက်ဘက်ရှိ အဆောက်အအုံအတွင်း ဘိုးဘိုးအောင်ရုပ်တုနှင့်အတူ နဂါးကြီးတစ်ကောင် မြင်တွေ့ရစဉ်

၎ည်း မြင်ရ၏။

မိကျောင်းဘုရား စေတီအောက်ခြေ အရှေ့ဘက်မုခ်ဝ ဘုရား၏ ရှေ့မှောက်၌ (၁၈)ပေခန့်ရှည်လျားသော မိကျောင်းကြီးတစ်ကောင်သည် ကြယ်သုံးမြှောင့်ပေါ်တွင် တောင်ဘက်သို့ ဦးခေါင်းပြုကာ ပါးစပ်ဟ ဝပ်တွားလျက်ရှိနေ၏။

ထိုမိကျောင်းကြီး၏ အရှေ့မျက်နှာစာတွင် အနောက်ဘက်သို့ မျက်နှာမူကာ တရား အားထုတ်တော်မူနေသော ပုဂ္ဂိုလ်တစ်ဦး၏ ရုပ်တုကို ဖူးရ၏။ ထိုရုပ်တုသည် ဆရာတော်ဦးသုဒဿန၏ ရုပ်တုတော်ဖြစ်ကြောင်း သိရှိရသည်။

အနောက်ဘက် မျက်နှာစာမုခ်ဝ ဘုရား၏ ရှေ့မှောက်တွင်လည်း (၁၈)ပေခန့်အလျားရှိသော မိကျောင်းကြီး တစ်ကောင်သည် ကြယ်သုံးမြှောင့် ထောင့်သုံးထောင့်ပေါ်တွင် တောင်ဘက်အရပ်သို့ပင် ဦးခေါင်းပြုကာ ပါးစပ်ဟပြီး ဝပ်တွားလျက် ရှိနေပြန်ပါသည်။

ထိုမိကျောင်းကြီး အနောက်ဘက်ရှိ အဆောက်အအုံတစ်ခုအတွင်း အရှေ့ဘက်ကို မျက်နှာမူ၍ ရပ်လျက်ရှိသော **ဘိုးဘိုးအောင်ရုပ်တုနှင့်** အမောက်ထောင် မာန်ဖင့်လျက်ရှိသော **နဂါးကြီးတစ်ကောင်**လည်း ရှိ၏။

တောင်ဘက်မုခ် ဘုရားရှေ့မှောက်တွင် မြောက်ဘက်သို့ မျက်နှာမူကာ ရပ်လျက်ရှိသော ပုဂ္ဂိုလ်တစ်ဦး၏ ရုပ်တုကို တွေ့ရ၏။ **ထိုရုပ်တု၏ အရှေ့ဘက်တွင်လည်း စီးတော်ခြသေ့တစ်ကောင် ရပ်လျက်ရှိသော ရုပ်တု**ကို မြင်ရ၏။

မြောက်ဘက်မျက်နှာစာတွင် **ပုဂ္ဂိုလ်တစ်ဦးသည်လည်း စီးတော်ကျားတစ်ကောင်နှင့်အတူ ရပ်လျက်ရှိသော ရုပ်တုတို့**ကို တွေ့ရပြန်ပါသည်။

စီးတော်ခြသေ့နှင့် စီးတော်ကျားတို့ဖြင့် အတူတကွရှိနေသော ပုဂ္ဂိုလ်တို့သည် ဆရာတော်ဦးသုဒဿနအား စောင့်ရှောက်ပေးနေသော ပုဂ္ဂိုလ်များဖြစ်ကြောင်း ဆရာတော်ဦးကောဝိဒက မိန့်ကြားပြောဆိုပါ၏။

ဆရာတော်ဦးသုဒဿန လက် ထက်တွင် မိကျောင်းဘုရားစေတီနှင့် ရုပ်တုတော်များကို ပေါက်တိုင်း ဇာတိ ပန်းပုဆရာကြီးဦးသန်းလှိုင် ထုလုပ်ခဲ့သော လက်ရာများဖြစ် ကြောင်း သားဖြစ်သူ ဆရာဦးကြည်မြ က ပြောပြသည်။

ဆရာတော်ဦးသုဒဿနသည် မိ ၏ နိမိတ်အာရုံ ထင်ဟပ်လာမှုအပေ အာရုံပြု၍ ဤစေတီကို တည်ထာ ခြင်းဖြစ်၏။

မိကျောင်းဘုရား စေတီတည် ပြီးစီးသောအခါ နိုင်ငံတော်ဝန်ကြီး (ဟောင်း)ဦးဗဆွေက ထီးဒကာအဖြ လှူဒါန်းမှုပြုပြီး ထီးတော်တင်ပွဲ ကြောင်း သိရှိရသည်။

ညနေစောင်း နေညိုညို အလ ရောင်ခြည် အနောက်ဘက် ရပ်ဝန်း တရွေ့ရွေ့ ရွေ့လျားသွားနေ၏။ အပူရှိန် ကဲလွန်းလှ၏။ တောင်စော ကုန်းမြင့်နေရာသည် ကျဉ်းမြောင်း

ဓာတ်ပုံမှတ်တမ်းရိုက်ကူးရာ ဆ တွေ့ကြားပေါ် ဖိနပ်မပါ ခြေစုံနင်း ရပ်လျက် ခက်ခဲစွာ ဓာတ်ပုံများ ရိုက် ၏။

ရှေ့လဆက်ဖတ်ပါရန်

**မောင်မောင်စိုး(ဓာတ်ဝယ်)**



www.burmeseclassic.com

www.burmeseclassic.com

ရှေးမြန်မာ ပညာရှင်များသည် မြန်မာမှုနယ်ပယ်ကို လွန်စွာကျယ်ပြန့်အောင် ကြိုးဆောင်ခဲ့ကြပါသည်။ ထိုသည်တို့အနက်မှတစ်ခုမှာ မြွေကိုက်ခံရခြင်းနှင့်ပတ်သက်၍ မြွေကိုက်ခံရသောနေ့ကိုကြည့်ပြီး လည်းကောင်း၊ လက်ဝဲလက်ယာကြည့်၍ လည်းကောင်း မြွေမှန်ဖြစ်သည်။ ထိုမှတ် ပြင်ပယောဂကြောင့် ဖြစ်သည်တို့ကို မြန်မာ့နည်း၊ မြန်မာ့ပညာဖြင့် သိရှိနိုင်ကြောင်း ထိုမျှသာမက အသက်အန္တရာယ် ရှိသည် မရှိသည်ကိုပင် ချင့်တွက်နိုင်ပါသည်။

ဤအကြောင်းကို စာရေးသူ လေ့လာခဲ့သောလက်ာများဖြင့် ဖော်ပြပါမည်။

မြွေကိုက်ခံရသော လူနာတစ်ဦးချင်း၏ မြွေခဲခံရသောနေ့၊ မြွေခဲခံရသော လက်ဝဲ၊ လက်ယာကိုလိုက်၍ ဟောပြောရမည်ဖြစ်ပါသည်။

**တနင်္ဂနွေ၊ အင်္ဂါ၊ ကြာသပတေး နှင့် စနေနေ့တို့တွင်** လက်ယာဘက်၌ မြွေခဲမှု မြွေမှန်ဖြစ်၏။ ဤသို့မဟုတ်မူဘဲ လက်ယာဘက်၌ မြွေခဲမှု ပြင်ပမှ ယောဂကြောင့် ခဲခြင်းဖြစ်သည်ဟူ၏။

**သောကြာ၊ ဗုဒ္ဓဟူးနှင့် တနင်္လာ** နေ့တို့တွင် လက်ဝဲဘက်၌ မြွေခဲမှု မြွေမှန်ဖြစ်သည်။ ဤသို့မဟုတ်မူဘဲ လက်ယာဘက်၌ မြွေခဲမှု ပြင်ပမှ ယောဂကြောင့် ခဲခြင်းဖြစ်သည်ဟူ၏။

ထို့ကြောင့် မြွေကိုက်ခြင်းအတွက် မြွေမှန်ဖြစ်ကြောင်းသိရန် **ဥဒေါင်းညီညာ လက်ယာကခဲ သားရှေ့ခဲ လက်ဝဲကာ**ဟု စာချိုးဖြင့် မှတ်သားနိုင်ပါသည်။

ကိုက်သောမြွေသည် မြွေဖိုဖြစ်သည်၊ မြွေမဖြစ်သည်တို့ကို ခွဲခြားရာတွင် အောက်ပါအတိုင်း ခွဲခြားနိုင်ပါသည်။

မြန်မာ့ဗေဒင်နှင့်

# မြွေကိုက်ခြင်းဗေဒင်



**တနင်္ဂနွေ၊ အင်္ဂါ၊ ကြာသပတေး နှင့် သောကြာနေ့တို့တွင် မြွေကိုက်မှု** မြွေဖိုကိုက်ခြင်းဖြစ်သည်။ **တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် စနေနေ့တို့တွင်** မြွေကိုက်ခံရမှု မြွေမဖြစ်သည်။

ထို့ကြောင့် မြွေဖို၊ မြွေမခွဲခြားရန်အတွက် **အောင်စံမြတ်သူ မြွေဖိုယူ၊ ကျော်လှရဲတစ် မြွေမ,**မှတ်ဟု မှတ်သားနိုင်ပါသည်။ ဇယားဖြင့် ဖော်ပြရလျှင်...

* * *

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| ယာ | ဝဲ | ယာ | ဝဲ | ယာ | ဝဲ | ယာ |
| ဖို | မ | ဖို | မ | ဖို | ဖို | မ |

အထက်ပါဇယားတွင် ကိုက်သောနေ့နှင့် အကိုက်ခံရသောဖက်တို့ကို ကြည့်ပြီး မြွေဖိုမြွေမခွဲခြားနိုင်၍ အသက်အန္တရာယ်ရှိ,မရှိ သိနိုင်ပါသည်။

**အသက်အန္တရာယ် ရှိမရှိသိစေနိုင်သောနည်းမှာ...**

လစဉ် လဆန်းရက်များတွင် အမျိုးသားတစ်ဦးကို မြွေဖိုက လက်ဝဲဘက်ကိုခဲသော် ချမ်းသာမရ ဖြစ်တတ်ပါသည်။

လဆန်းရက်များတွင် အမျိုးသမီးတစ်ဦးကို မြွေဖိုက လက်ယာဘက်မှခဲသော် ချမ်းသာမရဖြစ်တတ်ပါသည်။

လစဉ်လဆုတ်ရက်များတွင် အမျိုးသားတစ်ဦးကို မြွေမက လက်ဝဲဘက်မှခဲသော် ချမ်းသာမရဖြစ်တတ်ပါသည်။

ထို့အတူ အမျိုးသမီးတစ်ဦးကို မြွေမက လက်ယာဘက်မှခဲသော် ချမ်းသာမရ ဖြစ်တတ်သည်ဟု မှတ်ယူရပါမည်။ ယင်းကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

* * *

| | | | | |
|---|---|---|---|---|
| လဆန်း | လက်ဝဲ | ဖို | ယောက်ျား | ချမ်းသာမရဖြစ်တတ်သည် |
| | လက်ယာ | ဖို | မိန်းမ | ချမ်းသာမရဖြစ်တတ်သည် |
| လဆုတ် | လက်ဝဲ | မ | ယောက်ျား | ချမ်းသာမရဖြစ်တတ်သည် |
| | လက်ယာ | မ | မိန်းမ | ချမ်းသာမရဖြစ်တတ်သည် |

ဤနည်းဖြင့် ကိုက်သောမြွေသည် မြွေဖိုဖြစ်သည်၊ မြွေမဖြစ်သည်ကို လည်းကောင်း၊ အသက်အန္တရာယ်ရှိသည်၊ မရှိသည်ကိုလည်းကောင်း တွက်ချက်သိရှိနိုင်ပါသည်။

*ကာယ၊ စိတ္တသုခနှစ်ဖြာ ပြည့်စုံကြပါစေ...*

**မောင်ပေါဝန်**
**(ဆင်ဖြူကျွန်း)**



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမလိုတဲ့

# သမားအိုဆေးတိုက်

မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္န၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်း သမားစဉ် မှုရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ် ၏မြေး၊ သမားတော် ဦးတင့်လွင်(ငြိမ်း/ ဗိုလ်ကြီး)၊ ဖနီးဒေါ်ကျင်သိန်းမိသားစု (သမားအို ဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

မှထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အခြေကျော်လေဆေးလျက်ဆား



## ဦးခိုန်စောင်း၏

သမားအို အမှတ်တံဆိပ် ငှက်ဖျားရောဂါသောက်ဆေ

ဝရသ Y၀၀၉၀၅၅

ဤဆေးသည် ငှက်ဖျာ အဖျားရောဂါ အမျိုးမျိုး ထိရောက်စွာ သက် ပျောက်ကင်းစေပါသည်။

ချွေးထွက်လျှင် အအေးပြန်မပတ် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သ အဖျားမဆို ဆေးသောက်ပြီးပါက အ ခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင် ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေ နာစေးခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာ ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

## ဒေါ်စင်စင်ဆွေ၏

သမားအို အမှတ်တံဆိပ် အစာအိမ်ရောဂါသောက်ဆေး ဝရသ Y၀၀၉၀၅၄

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ,အစပ်၊ အချဉ်,အငန် စသည့် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း၊ အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

## ဒေါ်နှမ်းနှမ်းကြည်၏

သမားအို အမှတ်တံဆိပ် ယားနာသောက်ဆေး ဝရသ Y၀၀၉၀၅၂

ပိုးမွှားတိရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြေ လည်းကောင်း၊ အပူ,အစပ်,အချို့,အဆိမ့် အရသာများ လွန် စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကော ယခင်က ဝမ်းကိုက်,သွေးပျက်,ဝမ်းလျှော,အသည်းရောင်နှင့် သည် အမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး,သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကော တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကဲ့သို့ ကြေညီဖုကလေးများဖြစ် ပူစပ်ပူလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရော သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါ

## ဒေါ်ဆေးဆေးမွှေ၏

သမားအို အမှတ်တံဆိပ် ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး ဝ၅၁၂ Y၀၀၉၆၉၆

ဤဆေးသည် ရာသီအကူးပြောင်း၍ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရှုရှုတက်ဖြစ်နေခြင်း၊ တရှီးရှီးမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာ လျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ် ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာ လာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

## ဦးသန်းဇော်၏

သမားအို အမှတ်တံဆိပ် အခြေကျော်လေဆေးလျက်ဆား ဝရသ Y၀၀၉

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့် အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့် မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက် ဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနှံ့ရာမှ ဓာတ် ပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေ သည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတော အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိ ပေါက်ခြင်း၊ အစားမှား၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါး စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါ

ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် ( ၀၂၉၁၃၇) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်။ ဖုန်း-၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်

www.burmeseclassic.com

မြို့ပတ်ဆောက်မှ ဖူးမြော်နိုင်သည့်

# ရွှေစေတီများ (၁)

သန်းသန်းခင်
(ပျဉ်းမနား)



◆ ယောင်တော်ဦးဘုရား

ကျိုက်ထီးရိုးစေတီ ◆

◆ ကျွန်းတောဘုရား






မြန်မာနိုင်ငံတစ်လွှား တန်ခိုးကြီး ...များ များစွာ ဖူးမြော် ကြည်ညို ...၍ တည်ထားသည့် စေတီဘုရား ... အလွန်ပေါ်များပါသည်။ ဗုဒ္ဓ ...သာနွယ်ဝယ် သူတော်စင်တို့သည် အလှူရေစက် လက်နှင့်မကွာ ဆိုသည့် အတိုင်း ရက်ရက်ရောရော လှူဒါန်းကြပါသည်။ သာသနာပြုကြသည်မှာ အံ့ဖွယ်လီလီ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အထင်ကရ ဘုရားစေတီများအပြင် ကျောင်းတော်မှုဘုရားများကိုလည်း တည်ထား ကိုးကွယ်ကြပါသည်။ ကျောင်းတော်မှုဘုရားများဖြစ်သည့် ပဲခူး ရွှေသာလျောင်း၊ ငွေသာလျောင်း၊ ရန်ကုန်မြို့ရှိ ခြောက်ထပ်ကြီးဘုရား၊ မုံရွာ ဗောဓိတစ်ထောင်အနီးရှိ ကျောင်းတော်မှုဘုရား၊ တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်မြို့ရှိ ကျောင်းတော်မှုဘုရားနှင့် မွန်ပြည်နယ်၊ မုဒုံမြို့နယ်ရှိ ဝင်းစိန်တောရ ဆရာတော်ကြီး တည်ထားတော်မူသည့် ဝင်းစိန်တောရ ကျောင်းတော်မှုဘုရားကြီးမှာ ယခင်က ကမ္ဘာ

www.burmeseclassic.com







◆ အဝင်ချဉ်းကပ်ဆောက်လုပ်ပုံကြမ်း

◆ ဆင်းတုဘုရား

◆ အဝင်မုခ်ဦး



◆ ရွှေနတ်ကယ်တောင် ဒုတိယမုခ်ဦး



တွင် အကြီးဆုံးဟု သမုတ်ခဲ့ပါသည်။

သို့သော် ယခုအခါ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်ရှိ ရွှေနတ်ကယ်တောင် ဆရာတော်ကြီး တည်နေသည့် ကျောင်းတော်မှုဘုရားကြီးမှာ ပေ(၁၅၀)အမြင့်ရှိ ရွှေနတ်ကယ်တောင်တော်ပေါ်တွင် ဦးခေါင်းတော်မှ ခြေဖဝါးတော်အထိပေ(၁၅၀၀)ကျော်မှာ ဖြစ်၍ ကမ္ဘာတွင် အကြီးဆုံး ကျောင်းတော်မှုဘုရားကြီးပင် ဖြစ်ပါသည်။

ရွှေနတ်ကယ်တောင် သာသနာ့နယ်မြေသည် မကွေးတိုင်းဒေသကြီး အတွင်းရှိ နတ်မောက်မြို့၏ အရှေ့ဘက် ပျော်ဘွယ်သွား ကားလမ်းဘေးတွင် တည်ရှိသဖြင့် သွားလာရေး လွယ်ကူပါသည်။ **နတ်မောက်မြို့နှင့် (၂၈)မိုင်ခန့်သာ ကွာဝေးပါသည်။**

**နေပြည်တော်မှလည်း တောင်တွင်း-နတ်မောက် လမ်းအတိုင်း သွား၍** ရပါသည်။ ရွှေနတ်ကယ်





www.burmeseclassic.com

www.burmeseclassic.com






▲ လျောင်းတော်မူဘုရားကြီး၏ ပုံစံငယ်

◆ ဓိကွက်ကျောင်းတောင်ထဲရှိ ရွှေယတီဘုရားကြီး

▼ လျောင်းတော်မူဘုရားကြီးတည်မည့် ရွှေနတ်ကယ်တောင်တော်



တောင် သာသနာ့နယ်မြေသည် ငါးမိုင်ခန့်လည်ပတ်ကျယ်ဝန်းပါသည်။ ထိုငါးမိုင်ခန့်လည်တွင် လက်ညှိုးထိုးမလွဲ ဘုရားစေတီ မြောက်မြားစွာကိုလည်း ဆရာတော်ကြီးက တည်ထားပါသည်။

ရွှေနတ်ကယ်တောင် ဒေသသည် ယခင် အနှစ်နှစ်ဆယ်ကျော်က သရက်ချောင်းဆိုသည့်ရွာ၌ ဘုန်းတော်ကြီးကျောင်း ကောင်းကောင်း မရှိသေးချေ။ ကျေးရွာသားတို့သည် မိမိတို့ရပ်ရွာအတွက် **ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်းတော်မှ ရွှေနတ်ကယ်တောင် ဆရာတော်ဖြစ်လာမည့် ရှင်ဦးဝိမလဗုဒ္ဓိ**ကို ပင့်ဆောင်၍ သရက်ချောင်းရွာတွင် သီတင်းသုံးစေခဲ့သည်။

ဆရာတော်သည် သရက်ချောင်းရွာသို့ ရောက်ရှိချိန်မှစ၍ သာသနာကို ထွန်းပြုခဲ့သည်။ ဆရာတော်၏ ကျေးဇူးကြောင့် နှစ်အနည်းငယ်အတွင်း ထိုကျေးရွာပတ်ဝန်းကျင်ရှိ တောင်ပေါ်များတွင် စေတီငယ်လေးများ တည်ထားရာမှ သာသနာ့နယ်မြေအဖြစ် ကျော်ကြားလာပါသည်။

ပုဂံခေတ် ရှင်အရဟံသည် ပင်းမြို့၏ ပတ်ဝန်းကျင်တွင် သာသနာပြုစခဲ့သည်ဟု သိခဲ့ရပါသည်။ ရွှေနတ်ကယ်တောင်ပတ်ဝန်းကျင်ရှိ နဘူးတောင် (သို့မဟုတ်) ယက္ကန်းစင်တောင်၊ တောင်ဖြူဝင်း၊ နသတ်တောင် (သို့မဟုတ်)လွမ်းစေတီတောင်များပေါ်တွင်လည်း စေတီများ တည်ခဲ့သည်ဟု သိရပါသည်။

ဆရာတော်ကြီးသည် ရွှေနတ်ကယ်တောင်တစ်ဝိုက်၌ နေ့စဉ် အသံမစဲ ဓမ္မခန္ဓာပေါင်း တရားတော်ကို နှစ်ပေါင်းများစွာ ရွတ်ဖတ်ပူဇော်လျက် ရှိသည်ဟု သိရပါသည်။

ရွှေနတ်ကယ်တောင် ဆရာတော်ကြီးကို ဘုရားဖူးလာ ဧည့်ပရိသတ်များက ဖူးမြော်၍ ဆရာတော်ကြီးကို မေးလျှောက်လျှင် ဆရာတော်ကြီးက...

'အင်း...တို့မှာတော့ အထွေအထူး မေးစရာမရှိဘူး မြင်မြင်သမျှ အနိစ္စပဲ



www.burmeseclassic.com

www.burmeseclassic.com




ယာယီစံကျောင်းတွင်ရှိ ဘုရားဆင်းတုများ



နန်းရုံဘုရား



ဖောအိပ်အောင်မြေ



ဟောက်လက်စ ကျောင်းတော်ကြီး

ဟု တစ်လုံးတည်းသာ ဟော
သည်။ အရာရာတွင် မပြည့်သ
ကို သိစေချင်သည့် ဆရာတော်ကြီး
စကားသည် တရားရှုဖွယ် ဖြစ်
သည်။

ဆရာတော်ကြီးသည် ဆွမ်း
အသားငါးများကို မဘုဉ်းပေးပါ။ အ
အရွက်နှင့် အခြားဘောဇဉ် အချို့
သာ ဘုဉ်းပေးသည်ဟု သိရပါသ
ဆရာတော်သည် ကျန်းမာသန့်စွမ်
ဒုတိယဆရာတော် ဦးမာနိတနှင့်အ
သာသနာပြုလျက် ရှိပါသည်။

ရွှေနတ်ကယ်တောင်သည် မိုး
ရေရှားအရပ်ဖြစ်၍ ရေအခက်အခဲ
သည်။ သို့သော်လည်း ဒုတိယ ဆ
ရာတော်ဦးမာနိတ၏ ကြိုးပမ်းမှုနှင့်
ရှင်များ၏ သဒ္ဓါယိုဖိတ် လှူဒါန်း
စက်ရေတွင်းကို တူးရာ အောင်
သဖြင့် ရေများလုံလောက်စွာ အ

www.burmeseclassic.com

www.burmeseclassic.com





● ရွှေနတ်ကယ်တောင်တန်းပေါ်ရှိ စေတီများကို
အဝေးမှ ဖူးမြော်ရပုံ

◆ ဓာ-ခင်မောင်ဓမ္မ

ယ် အသုံးပြုနိုင်သည်ကိုလည်း တွေ့ခဲ့ ရသည်။

ရွှေနတ်ကယ်တောင် မုခ်ဦးအဝမှ ၍ မြတ်စွာဘုရားနှင့် ရဟန္တာများ ဆွမ်းခံကြွသည့် ရုပ်လုံးများ စတင် ဖူးမြော်ရသည်။ မုခ်ဦးကို နှစ်မျိုးပြုလုပ် ထားသည်။

ကားလမ်းဘေးအနီးတွင် သံထည် ဖြင့် ရွှေနတ်ကယ်တောင် မုခ်ဦးဖြင့် အတွင်းထဲတွင် အင်္ဂတေရုပ်လုံးရုပ်ကြွ ဖြင့် မုခ်ဦးကိုလည်း တွေ့ရပါသည်။

ဒုတိယမုခ်ဦး၏ အတွင်းဘက် ဘယ်ဘက်တွင်ရှိသော ကျောင်းတော် များတွင် ဇော်ဂျီရုပ်တုများကို တွေ့ ရသည်။ ထို့နောက် ကျောက်ဖို၊ ကျောက်မစေတီကို ကားရပ်နားသည့် နေရာတွင် ဖူးတွေ့ရပါသည်။

နေ့စဉ် ပရိသတ်များ ရာနှင့်ချီ၍ ရောက် ဖူးမြော်ရင်း လုပ်အားပေး ကြသည်ဟု သိရသည်။ လာသမျှ လူ အားလုံးကို သက်သတ်လွတ် ထမင်းဟင်းကို ထမင်းစားဆောင် တွင် ကျွေးမွေးပါသည်။ တစ်နေ့ ဆန်သုံးအိတ်ခန့် ကျွေးရကြောင်း ထမင်းစားဆောင် တာဝန်ခံက ပြောပြ ပါသည်။

ကျွန်မတို့သွားသည့် ဝါဆိုလပြည့် နေ့က ဆန်မည်မျှကုန်ကြောင်း မသိ ရသေးကြောင်းပြောပြပါသည်။ ဘုရား ဖူးညှော်ပရိသတ်မှာ အလွန် များပြား လှပေသည်။

ကျွန်မတို့လည်း ယခုနှစ် ဝါဆို လပြည့်နေ့က ဝါဆိုသင်္ကန်းကပ်ပြီး နေ့ချင်းပြန် ပျဉ်းမနားမြို့မှ ရွှေနတ် ကယ်တောင်သို့ ဘုရားဖူးသွားခဲ့ကြပါ သည်။ ရွှေနတ်ကယ်တောင်၌ ကြက်ပျံ မကျ စည်ကားလှသည်။ ရပ်နီးရပ်ဝေး မှ ကားများ၊ ဆိုင်ကယ်များ၊ နွားလှည်း များဖြင့် ဘုရားဖူးများ စည်ကားလှပါ သည်။

ကျွန်မတို့ သွားသည့်နေ့က ဆရာ တော်သည် ဇီးကွက်ရုပ်များဖြင့် နံရံ ပြုလုပ်ထားသော ကျောင်းတော်ထဲ တွင် သီတင်းသုံးနေသဖြင့် ထိုကျောင်း တော်ထဲသို့ သွားရောက် ဖူးမြော်ရာ လူများ ပြည့်ကျပ်နေ၍ တန်းစီ၍ အလှည့်ကျ ဖူးမြော်ခဲ့ရပါသည်။

ဆရာတော်ကြီးက ကျွန်မတို့ကို **"ရောက်ဖူးသလား"** ဟု မေးပါသည်။ ကျွန်မတို့ကလည်း မရောက်ဘူးပါ ကြောင်း၊ ယခု အသိတစ်ယောက် ပြောပြ၍ လာရောက်ဖူးမြော်ကြောင်း လျှောက်တင်ပါသည်။

ထိုကျောင်းတော်ထဲ ဝင်ရောက် ဖူးမြော်သူများကို တစ်ဖွဲ့ပြီး တစ်ဖွဲ့ ကိုးပါးသီလပေးပါသည်။ ကျွန်မတို့ အဖွဲ့လည်း ကိုးပါးသီလဆောက်တည် ပြီး အလှူငွေများ ကပ်လှူပါသည်။ အကျိုးဆောင် ဆရာတော်တစ်ပါးက ဘုရားဖူးအဖွဲ့များအား ပရိတ်ကြိုးများ ပေးပါသည်။

ရှေ့လဆက်ဖတ်ပါရန်

**သန်းသန်းဆင့်**
**(ပျဉ်းမနား)**



www.burmeseclassic.com

www.burmeseclassic.com

စွယ်စုံအစွမ်းထက်သည့်

# သရဏဂုံဝယအင်း

ဇော်ဖြိုးမြင့်
(ဓမ္မဝိဇ္ဇာ)

၂၀၁၃ ခုနှစ်၊ မတ်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဖော်ပြပါရှိသော ဆရာနေဝန်းနီရဲ့ စောဖြူတောင်တန်း(အဓိဋ္ဌာန်စခန်း) ဆောင်းပါးပါ အိပ်မက်မှ ဘရသေ့ကြီး ချီးမြှင့်ပေးသော သဗ္ဗသိဒ္ဓိအင်းအကြောင်းကို လေ့လာ မှတ်သားရပါသည်။

ဆရာတို့ သိရှိလိုသော ဆန္ဒရှိသလို အင်းပညာရှင်တွေ ဖော်ထုတ်ရှင်းပြမှုကို ကျွန်တော်လည်း မှတ်သားသိရှိလိုသည့် ဆန္ဒများ ဖြစ်ပေါ်နေပါသည်။ ကျွန်တော့်**ဖခင် အဘသောင်း (ဓမ္မသူရိယ)** မိန့်မှာကြားဖူးပါသည်။

'အင်းကောင်းတော့ တစ်ကွက်၊ ဆေးကောင်းတော့ သန်းခေါင်း ငှါးသားအင်းဆိုတာ လေးနက်ပြီး လျှို့ဝှက်ချက်တွေများတယ်။ တချို့အင်းတွေဆို ကျမ်းဂန်တွေထဲမှာတောင် မတွေ့နိုင်ဘူး။

ပုံဖော်ကျူးရင့်ရတဲ့ ဗျည်းစမနဲ့ အကွက်ချမျဉ်းများနဲ့ ရေးသွင်းရတဲ့ အက္ခရာစမတွေဟာ ခက်ခဲနက်နဲတယ်။ ဥပဒေသတွေလဲ များတယ်။ ဆောင်ရွက်ချင်တိုင်း ချက်ချင်းလုပ်လို့ မရဘူး။ မျဉ်းသားတာ စမသွင်းတာက အစ ဂါထာကို ကျူးရင့်ရတာ တစ်ထိုင်တည်း အပြီးချတာတွေ၊ တံတွေးမမျိုရတာတွေလဲ ပါတယ်။

အက္ခရာတစ်လုံး ဘုရားတစ်ဆူမို့ ဗျည်းအက္ခရာတွေကို ပေါင်းခြင်းအတွက် ဘုရားတည်ခြင်း တစ်နည်းသာသနာပြုတယ်လို့လဲ ဆိုနိုင်တာပေါ့။

အင်းဝိဇ္ဇာတွေ၊ ပညာရှင်တွေကလဲ သူတို့ရဲ့ သီလ၊ သမာဓိ စတဲ့ ဝိဇ္ဇာပညာရပ်တွေနဲ့ (၇)ရက်သားသမီးတွေကို ဒုက္ခမှကင်းဝေးစေခြင်း၊ စီးပွားလာဘ်လာဘ အဆင်ပြေချောမွေ့စေလိုခြင်း အင်းဆိုတဲ့ ပညာရပ်တွေနဲ့ အထောက်အပံ့ဖြစ်စေဖို့ ဆောင်ရွက်ကြတာပါပဲ။

ထိုက်တန်လို့ ချီးမြှင့်တာလဲ ဖြစ်တယ်၊ အသုံးပြုသူ၊ ဆောင်ရွက်သူတွေကလဲ လောကုတ္တရာ လောကီရေးမှာလဲ အများကြီး အကျိုးဖြစ်ထွန်းစေတာမို့ ပေါ့ပေါ့တန်တန် မယူဆနဲ့၊ အသုံးမပြုနဲ့'

ဟု လေးလေးနက်နက် မှာကြားသွန်သင်ပါသည်။

အဘသောင်း(ဓမ္မသူရိယ)၏ ဆရာတစ်ဆူဖြစ်သော **မန္တလေးမြို့မ ဆရာတော် ဦးအာစာရ**ထံမှ ပညာများလိုက်စားမှုများမှ အင်းကျမ်း(ပုရပိုက်)မှ ကျင့်စဉ်တက်စဉ်များ ပွဲတက်ခြင်းနှင့် အခြားသော ကိစ္စများကိုပါ ပါရမီဖြည့်ကြရပေသည်။

ဖခင်ကြီး သက်ရှိထင်ရှားရှိစဉ်က ကျွန်တော် တစ်နှစ်အလုပ်အကြွေးပြုပြုစုခြင်းဖြင့် ပညာအမွေရော ပစ္စည်းမွေပါ ဆက်ခံရပါသည်။

ဖခင်ကြီး မှတ်စုစာအုပ်များနှင့် နှုတ်တိုက်လက်တွေ့ သင်ကြားပေးကာ မရှင်းလင်းသည်ကို တစ်ခါတည်းရှင်းပါသည်။ ယခုလည်း ဖခင်တစ်ဦးလို ဆရာတစ်ဦးလို တစ်ချိန်တည်း တစ်ထိုင်တည်းဖြင့် စာပေမှ သင်ကြား

နာယူမှတ်သားနိုင်သည်မှာ နက္ခ
ရောင်ခြည်မဂ္ဂဇင်းကြီး၏ ကျေးဇူး
လျှင် မမှားပါခင်ဗျား။ အလွန်လည်
ကျေးဇူးတင်ပါသည်။

ယခု ဆရာနေဝန်းနီ၏ ဆောင်း
မှ **သဗ္ဗသိဒ္ဓိအင်း**နှင့် ဆင်ဆင်တူ
**သရဏဂုံကို** မဏ္ဍိုင်ပြုကာ အချုပ်
**ပု–ဒိ–အာ**နှင့်ချုပ်ပြီး **အာ**ကို နံ့သွ
ထားသော်လည်း ကျွန်တော် ဖော်
မည့် အင်းကား မဏ္ဍိုင်တူသော်လည်
အချုပ်ကို **အနိစ္စ၊ ဒုက္ခ၊ အနတ္တ**
ချုပ်ပြီး **နံ့**ကို လောကီကိစ္စအတွ
အစီအရင်ဖြင့် ဖော်ပြပါရှိပါသည်။

အင်းဆန်သွင်း(နံ့)ဗျည်း လေး
ဖြစ်ပြီး ပေါင်းစပ် စမသိုက်သွင်းသေ
အခါ အလိုရှိရာ အကျိုးများကို ရရှိ
ပါသည်။ အောက်တွင် အမှတ်စဉ်
အကျိုးများကို ဖော်ပါသည်။

၁။ **ဩဇာအာဏာ [ရာထူးတိုး
ကောင်းသောနေရာ]** အတွ
အင်းဆန် ဗျည်းစမများမှာ...

❖ **ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၏ နံ့ကွက်တွ
"ဝ"ကို လည်းကောင်း**

❖ **ဓမ္မံ သရဏံ ဂစ္ဆာမိ၏နံ့ကွ
"န"ကို လည်းကောင်း**

❖ **သံဃံ သရဏံ ဂစ္ဆာမိ၏နံ့ကွ
"ဒ"ကို လည်းကောင်း**

❖ **အနိစ္စ ဒုက္ခ အနတ္တ နံ့ကွက်
"အ"ကို လည်းကောင်း**

အစဉ်အတိုင်း လက်ယာရစ်ထည်
သွင်းသွားရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

…ည်းစိမ်ဥစ္စာတိုး (စီးပွားရေး) …အတွက်[သ–ဝ–ဂ–နု]ကို အထက် …အတိုင်း ထည့်သွင်းပါ။

…ဉာဏ်ပညာကြီး (ကျောင်းသား/သူ) …အတွက် [အ–ည–တ–ဝ]ကို …အထက်ပါအတိုင်း သွင်းပါ။

…ဘတ်လာဘ (အရောင်းအဝယ်) …အတွက် အစီအရင်မှာ [ဝ–ရ–…–နု]စမများကို အထက်ပါ …အတိုင်း ဆောင်ရွက်ရန် ဖြစ်ပါ …သည်။ စီရင်သူ ပုဂ္ဂိုလ်တို့သည် …ဉာဏ်ရှိသလို အသုံးပြုနိုင်ပါသည်။

…ကျွန်တော့်ဖခင်ကြီး မှာကြားခဲ့သော …တွေကတော့ နက္ခတ်နှင့် ခါပါဒ် …ဆန်းလက်များ မကြုံသော်လည်း …နေ၊ **တန်ဆောင်မုန်းလပြည့်၊** **…ခေါင်လပြည့်များနှင့် တန်ခူးလ …တွင် သင်္ကြန်ရက်မှာ** ပို၍ကောင်း …ကြောင်း…

သရဏဂုံ(၃)ပါးမှ ဗုဒ္ဓံ သရဏံ …ဂစ္ဆာမိအား **သင်္ကြန်အကျနေ့တွင်** …တစ်ကွက်တည်းကိုသာ ရေးသွင်းပြီး …သရဏဂုံသုံးဆယ်ကို ပွားများရပါမည်။ …သွင်းရသေး၏။

**ဒုတိယနေ့ (သင်္ကြန်အကြတ်နေ့) …တွင် ဓမ္မံ သရဏံ ဂစ္ဆာမိကို** ရေးသွင်း …။

**တတိယနေ့ (သင်္ကြန်အတက်နေ့) …တွင် သံဃံ သရဏံ ဂစ္ဆာမိကို** ရေး …သွင်းပါ။

နှစ်ဆန်းတစ်ရက်နေ့မှာ **အနိစ္စ၊ …ဒုက္ခ၊ အနတ္တ**ကို စက်လေးလုံး အချိန် …သည်နှင့် အပြီးစီရင်ရပါသည်။ **…သင်္ကြန်ရက်ထပ်ရက် ဖြစ်လျှင် …လည်း နှစ်ဆန်းတစ်ရက်မှ သိဒ္ဓိတင် …ကာတွေလုပ်ဖို့ အချိန်ပိုရသည်။)**

…နံကိုလည်း အလိုရှိရာ အသုံးလိုရာ …ည်းအက္ခရာကို ထည့်သွင်းရပါမည်။

ပြီးသည်နှင့် သိဒ္ဓိတင်ခြင်း၊ အသက်သွင်းခြင်း၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့အား အပ်နှံခြင်းကိစ္စတို့အား ဆောင်ရွက်ကြရပါသည်။

အခါရက်(သင်္ကြန်) မဟုတ်လျှင် တစ်ရက်တည်း အပြီးစီရင်ရပါသည်။ စမသိုက်များအတွင်း ဗျည်းအက္ခရာတို့ ရေးသွင်းတိုင်း သရဏဂုံ(၃၀)ကို မမေ့ဖို့ လိုပါသည်။

စီရင်အပ်သော လူပုဂ္ဂိုလ်ဆရာတို့ကလည်း အကျင့်သီလ သမာဓိရှိပြီး အရည်အချင်းရှိသောသူဖြစ်ဖို့ လိုသလို ဆောင်လိုသူတို့ကလည်း စောင့်ထိန်းရမည့် စည်းကမ်းများကို လိုက်နာရပါမည်။

ဆရာကောင်း တပည့်ကောင်းမှသာလျှင် အချိန်တိုတိုနှင့် ပြီးမြောက်အောင်မြင် တိုးတက်ကြီးပွားနိုင်ပါသည်။ တစ်ဆက်တည်း အထက်ဖော်ပြခဲ့သော ဗျည်းစမတို့၏ ဂုဏ်သတ္တိနှင့် စွမ်းအင်များကို ဖော်ပြအပ်ပါသည်။

**က** = ပထဝီမြေကြီးနှင့်တူ၏။ ဣဒ္ဓိပါဒ်နှင့် ပြည့်စုံ၏။

**ဂ** = သိကြားမင်းနှင့်တူသော ပုဂ္ဂိုလ်တို့ကို တွေ့ရ၏။

**ည** = နဂါး,ဂဠုန်တို့ကို နိုင်စေနိုင်၏။

**တ** = မိမိတို့၏ မျိုးတူများအပေါ် လွှမ်းမိုးနိုင်၏။

**ဒ** = အမျိုးမျိုးသော လက်နက်တို့ကို နိုင်စေနိုင်၏။

**န** = မီးတောက်မီးလျှံ အမျိုးမျိုးတို့ကို နိုင်စေနိုင်၏။

**ရ** = မိုးကြီးသည်းထန်စွာ ရွာသွန်းစေနိုင်၏။

**ဝ** = စိတ်နှလုံးကို ကြည်ရွှင်စေ၏။

**သ** = လောကိုနိုင်၏။ လောမုန်တိုင်းကိုနိုင်၏။

**အ** = အခြံအရံ ပြည့်စုံ၏။ ရုပ်ကို ပြောင်းလဲစေ၏။

ထိုဗျည်းစမတို့သည် တစ်လုံးစီ၏ ဂုဏ်သတ္တိစွမ်းရည်များကို ကျမ်း၌ ဖော်ပြထားသည့်အတိုင်း ဖြစ်ပါသည်။

**ကျွန်တော် သိရှိလိုသည်မှာ ဗျည်းစမတို့ကို အတွဲလိုက် နှံသွင်းမိသောအခါ အံ့ဩဖွယ်ရာ များစွာကို တွေ့ရသဖြင့် ဘာကြောင့် အကျိုး များစွာ ဖြစ်ရသည့် လျှို့ဝှက်ချက် နှင့် ဂဏန်း(၁၊ ၂၊ ၃) စသည်တို့၏ ကိုယ်စားပြု အဓိပ္ပါယ် သတ်မှတ်ချက်များကို ဆရာတို့မှတစ်ဆင့် ရှာဖွေလေ့လာလိုပါသည်။**

ကျွန်တော် တင်ပြ(ဖော်ပြ)လိုသော အင်းမှာအောက်ပါအတိုင်းတွေ့ရပါမည်။

**နမူနာပုံ** ॥ ॥ ဉာဏ်ပညာကြီး (ကျောင်းသား/သူ စာမေးပွဲ အင်တာဗျူး စသည်)

| | | | | | |
|---|---|---|---|---|---|
| ဗု ၁ | ရ ၄ | ဿ ၇ | မ ၁ | ရ ၄ | ဿ ၇ |
| ဂ ၆ | အ | ဒွံ ၂ | ဂ ၉ | ည | မွံ ၂ |
| သ ၃ | မိ ၀ | ဏံ ၅ | သ ၃ | မိ ၀ | ဏံ ၅ |
| အ ၅ | ဒု ၄ | နု ၇ | သံ ၁ | ရ ၄ | ဿ ၇ |
| အ ၆ | ဝ | နိ ၂ | ဂ ၆ | တ | ယံ ၂ |
| စီ ၃ | ဇွ ၀ | ကွ ၅ | သ ၃ | မိ ၀ | ဏံ ၅ |

အထက်ပါ အင်းပုံစံ ဖြစ်ပါသည်။ အလိုရှိရာ အသုံးပြုနိုင်ပါသည်။

ဆရာသမားများ၊ ပုဂ္ဂိုလ်များ၊ ဝေနေယျများအတွက် သရဏဂုံစမအင်းဖြင့် သာသနာပြု ကမ္မာပြု ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ အမြန်ဆုံး ထွန်းလင်းပေါ်ပေါက်ပါစေသတည်း။

**တိမ်မြုပ် ပျောက်ကွယ်နေသော အင်းကောင်းများ ပြန်လည်ဖော်ထုတ် အကျိုးပြုနိုင်ပါစေရန် ရည်သန်၍ ဖခင် အဘသောင်းအား ဦးထိပ်ပန်ဆင်လျက်…**

**// အောင်ပေါ်စံ(ဓမ္မဝိယ) //**



www.burmeseclassic.com

www.burmeseclassic.com

'ဟေ့ ကိုကြီးကောင်း အိပ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိပ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး။ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူ ဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအား နည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ "အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ" ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်း အတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြော အားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေး နိုင်တယ်။

ပန်းသေ၊ ပန်းညှိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ် အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက် လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြော အားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်း ခြင်းနဲ့ အဆုတ်အား၊ နှလုံးအား၊ သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား၊ ဆန္ဒအား၊ အကြောအား၊ ပန်းအားများကို တက်ကြွလန်းဆန်းစေ လျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်း နိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေ ပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူး ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြ လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင် ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွ တဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင် တိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေ စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စ မင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ် ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့


အမျိုးသားများ အားအင်ကုန်ခန်း စိတ်ရွှင်လန်းရင်

စကြာမင်း

အမှတ်တံဆိပ်

အားတိုးဆေး မှီဝဲ

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (ဝ၃၁၁ YR ဝဝ၆ဝ၂၄)




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(တနယ်ဇင်း)
၅၃/ဝ၅၁၃

ဆရာမြင့်
စကြာမင်း တိုင်းရင်းဆေးတိုက်
အမှတ် (စ/၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ သူနာပြုတိုင်ငါး
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၅၂၂၉၄၁


ကိုကြီးကောင်း

www.burmeseclassic.com

www.burmeseclassic.com

မော်လမြိုင်နွယ်မှ

# ရှမ်းယင်းအရှင်နှင့်

တောင်ပင်လယ်ဘုရားဖူးခရီးစဉ် (၃)

ဟူကျင်ဇီ
(Hu Jin Zhi)

**ယခင်လမှ အဆက်**

(အရှတ်စဲ့ဇုပတွင် ဝိုင်းဝန်း ညီ တက်ညီလက်ညီဟူသော စကားရကို ( 協 )ရှဲ(Xié)ဟု အသံထွက် ပြောဆို၏။ ( 十 )လူပုံ အက္ခရာနှင့် ( 力 )အားသုံးခု ပေါင်းစည်းထားခြင်း ဖြစ်သည်။)


အထူးပူဇော်ဖွယ်

ရှမ်းယင်းအရှင်နှင့် စပ်လျဉ်းသော ပူဇော်ကန်တော့ပွဲများတွင် အသားမပါ သော ပစ္စည်းနှင့်အတူ **'အံန်ကျူး'မုန့်** (မုန့်ကောင်း Hóng Gāw)ဟု ခေါ်ကြ သော မုန့်နီပေါင်းကို အဓိက ပါဝင် စေ လေ့ရှိကြသည်။

ကောက်ညှင်းမုန့်နှစ်ကို (စားဖွယ် အတွက်သုံးသော) ဆေးအနီဆိုး သည်။ ထိုသို့ ဒွာပနာသွတ်ထားသည့်မုန့် ဖြစ်သည်။ ပုံသဏ္ဌာန်မှာ ဘဲဥပုံဖြစ် သည်။

ယင်း–ယန် မျဉ်းတိုမျဉ်းရှည်များဖြင့် ဖွဲ့ထားသော အဌသမုဒ္ဒါန် ပါကွာ ပုံစံ ဝန်းရံကာ အလယ်တွင် ရှိ(Shòu)စာလုံး ထွင်းထား သက်ရှည်ကျန်းမာခြင်းဟု အဓိပ္ပာယ်ရသည်။

ဆိုလိုသည်မှာ အားတိုင်း လိုလားတောင့်တအပ် သော သက်ရှည်ကျန်းမာခြင်း မင်္ဂလာ အတော်ဖြစ်သည်။ ပဲယို ဒွာပနာထား သော မုန့်နီကို ယင်းပုံစံခွက်တွင် ပုံနှိပ် ပြီး ရေနွေးငွေ့ဖြင့် ပေါင်းထားသည့် မုန့်ဖြစ်သည်။




[illegible]

မုန့်နှစ်ပြုလုပ်သော ကောက်ညှင်း သည် မြေဓာတ်သရုပ်ဖြစ်သည်။ ပဲကား ရေဓာတ်ပိုင်၏။ မြေဓာတ်က ရေဓာတ် ကို ခဲယှိင်း(Kè Xīng)ဖြင့် ထိန်းကွပ် အောင်နိုင်သည်။

အရောင်ကား အနီရောင်ဖြစ်သည်။ လာဘ်လာဘနှင့် ပျော်ရွှင်ခြင်းကို ညွှန်းသည်။ မီးဓာတ်ပိုင်ဆိုင်သည်။

www.burmeseclassic.com





◆ အကနုတ်ဆရာတစ်ဦး

◖ ထသူ့ရှေ့ရာနုတ်မင်းထေါ်ယာဉ်

ရေခါတ်က မီးခါတ်ကို **ခဲ့ယှိုင်း**ဖြင့် ထိန်းကွပ်အောင်နိုင်ပြန်သည်။

**ခဲ့ယှိုင်း**ဟူသော သမ္ဗန္ဓ(ဆက်သွယ်မှု)သဘောသည် ငွေကြေးအစုအပုံလိုက်ကို ဖြစ်ပေါ်စေသည်။

ထို့ကြောင့် သမ္ဗန္ဓနှစ်ထပ်ရှိသော မုန့်နီပေါင်း(အန်ကူးမုန့်)သည် သက်ရှည်ကျန်းမာခြင်းနှင့် ငွေကြေးအစုအပုံလိုက်(ငွေကြေးလာဘ်လာဘ)ကို မျှော်လင့်နိုင်သော ပူဇော်ဖွယ်မုန့် ဖြစ်လေသည်။

သားသမီးမွေးဖွား၍ တစ်နှစ်ပြည့်မြောက်သောအခါ အထိမ်းအမှတ် ပူဇော်ပွဲ ကျင်းပလေ့ရှိရာ ကွမ်းယင်းအရှင်အား မုန့်နီပေါင်း(အန်ကူးမုန့်) (၁၂)ခု ထည့်သွင်းကန်တော့ကြသည်။

တရုတ်ဓလေ့အရ အရွယ်ငါးပါးတွင် ပထမအရွယ်ဖြစ်သော မွေးဖွားခြင်းအရွယ် ပြည့်မြောက်၍ ကြီးပြင်းခြင်းအရွယ် စသည့်အချိန်ဖြစ်သည်။

ဤကန်တော့ပွဲတွင် သူငယ်အတွက် ကျန်းမာစွာ ကြီးပြင်း၍ အသက်ရှည်စေရန် စီးပွားလာဘ်လာဘ ဝေဝေဆာဆာ ရှိစေရန် ရည်မှန်းကန်တော့ခြင်းဖြစ်သည်။ ယင်းနှင့်အတူ ကစားစရာ၊ စာအုပ်၊ ခဲတံ၊ ဓား၊ သေနတ် စသည်တို့ကိုလည်း ထားပေးသည်။

မတ်တတ် လျှောက်တတ်ခါစ ကလေးငယ်သည် ကွမ်းယင်းကန်တော့ပွဲမှ ပူဇော်ဖွယ်များအနက် စာအုပ်ကို ဆွဲယူဆော့ကစားပါက ပညာရှင်၊ ဓားစသည် ဆွဲယူပါက စစ်ဘက်ဆိုင်ရာ၊ ကစားစရာကိုသာ ဆွဲယူလျှင် အပျော်အပါး နှစ်သက်သူ၊ မုန့်ကို ဆွဲယူလျှင် အစားအသောက်မက်သူ စသည် ဖြစ်လာမည်ဟု ခန့်မှန်းလေ့ရှိကြသည်။

ကလေးသူငယ် မွေးဖွား၍ (၆)လ ပြည့်ချိန်တွင် ကွမ်းယင်းပူဇော်ကန်တော့ပွဲ ပြုလုပ်ပူဇော်သော်လည်း မုန့်နီပေါင်းမှာ သစ်သီးသဏ္ဌာန်ပုံစံခွက်ဖြင့် ပုံဖော်ရသည်။

ယင်းပုံစံကို "ထို" Tŏuဟု ခေါ်သည်။ ဒေဝတာပုရာဏ်လာ ရှားပါးမက်မွန်သီး ဖြစ်သည်။ နှစ်တစ်ထောင်တွင်မှ တစ်ကြိမ်သီး၏။

ထိုမက်မွန်သီးတစ်လုံးကို စား... နှစ်(၅၀၀) အသက်ရှည်၏။ သို့... နှစ်လုံးထက် ပို၍ မစားရပေ။ စား... ရှိရင်း အသက်များ ယုတ်လျော့... သည်ဆိုလေသည်။

ကြီးပြင်းခြင်း အရွယ်ရော... ထက်ဝက်ဖြစ်သော (၆)လအ... ကလေးငယ်ကို ပထမမှတ်တိုင်(အ... ဖြစ်သည့် ကြီးပြင်းခြင်း တစ်နှစ်... သို့ ရောက်သည်အထိ ကျန်းမာ... ရှိစေရန် ရောဂါဘယနှင့် အခြား... ဘေးအန္တရာယ်များမှ ကျော်လွှား... ရန် ရည်ရွယ်ခြင်းဖြစ်သည်။

မက်မွန်သီးသဏ္ဌာန် ... အလယ်၌ ( 平 安 )"ဖိန်အ... Ping Añ အေးချမ်းသာယာ... ဟူသော စာလုံးကို ကမ္ပည်းထိုး... သည်။ (အန်ကူးမုန့်)အစား... ထည့်သွင်း ပူဇော်ရ ခြင်းဖြစ်လေ...

ဗုဒ္ဓပူဇာဓမ္မတော်

ကွမ်းယင်းအရှင်ကိုယ်စား ... ဆံတော်ရှင်အား ပူဇော်ဖွယ်များ ...

www.burmeseclassic.com

နောက် ဝတ်ရွတ်အဖွဲ့က ဗုဒ္ဓပူဇာ
များဖြင့် ရွတ်ဖတ် ပူဇော်လေ့
သည်။
ရား၊ တရား၊ သံဃာ ရတနာ
ဂုဏ်တော်များကို စာလုံး
လုံးစပ် လင်္ကာသွား (တရုတ်
)ဖြင့် ပူဇော်ကြခြင်း ဖြစ်သည်။
တေးအဆုံးပိုဒ်တွင် **နာမော်**
**တော်ရယ်၊ နာမော်တာမော်ရယ်၊**
**စင်ကျာရယ်= နမောဗုဒ္ဓဿ၊**
**ဓမ္မဿ၊ နမောသံဃဿ** ဟူ၍
သတ် ရှိခိုး ပူဇော်ရလေသည်။

## ထူးခြားသည့် ကုန်းတော်

ခြားမှုများဖြင့် အလင်္ကာဝါပြင်မှ ဗုဒ္ဓ
တော်ဟု ထင်ရှားသည့် "ဖူတော်"
ကဲ့သို့ပင် ရေပတ်လည်ဝိုင်း
ကျွဲကွမိဆံတော်ရှင် ကုန်းတော်
သည်း ထူးခြားမှုများစွာဖြင့် ကိန်း
တော်မူပါသည်။
တောင်ဘက်ရှိ မူလရုပ်ပွားတော်
ညိုသည့်အရပ်သို့ လှည့်ထား
မှ တောင်အရပ်သို့သာ ပြန်၍
မူနေခြင်း၊ ရေတက်ချိန်၌ ရေ
ပြင် မြင့်မားလာသော်လည်း
တော်ဝန်းကျင်၌ ဒယ်အိုးပမာ ချိုင့်
ကုန်းတော်ကို မလွှမ်းခြင်း၊
ပေါ်သို့ အမျိုးသမီးများ တက်
ခွင့်မရှိခြင်း...
အမျိုးသမီးများ တက်ရောက်ပါက
သည်း မိုးမှောင်ကျကာ လေပြင်း
များ တိုက်ခတ်သဖြင့် ကုန်း
တော်နတ်များကို အနူးအညွတ်
ပန်ရကြောင်း သိရ၏။
ကိုယ်တိုင် ကြုံတွေ့ရသည်မှာ
ခုနှစ်က ဖြစ်သည်။ မြန်မာနိုင်ငံ
ပိုင်း ဒေသကောလိပ်တစ်ခုမှ
ရေးအဖွဲ့ လာရောက် ဖူးမြော်



▲ ကွမ်းယာဆိုင်ရှင် အလှူခံကြွလာစဉ်

▼ သံဖြူဇရပ်မြို့တွင်း လှည့်လည်စဉ်



စဉ် ကျောင်းသူနှစ်ဦးက ဘောင်းဘီ၊
အပြင်အင်္ကျီများဖြင့် ယောကျ်ားလေး
သဏ္ဌာန်ဝတ်ဆင်ကာ ကုန်းပေါ် တက်
ရောက်ခဲ့ကြသည်။

ကုန်းပေါ်မှဆင်း၍ မဝေးလှသော
ကြက်သွန်ကျွန်းသို့ မော်တော်ဘုတ်ဖြင့်
သွားကြရာ အပြန်ခရီးတွင် မော်တော်
တိမ်းမှောက်သည်။ ပင်လယ်ရေတိမ်
တိမ်တွင် ဘောင်းဘီဝတ်ထိုကျောင်းသူ
နှစ်ဦးသာ ရေနစ်ပျက်စီးခဲ့လေသည်။

ဘုရားဈေးသည်များ ပြောပြသဖြင့်
သိရခြင်း ဖြစ်သည်။ ဈေးသည်များ
ရိပ်မိ သိရှိကာ တားမြစ်သော်လည်း
နာယူခြင်းမရှိခဲ့ဟု ဆို၏။)

**ပင်လယ်ပြင်မှ နဂါးများ လာရောက်**
**ဖူးမြော်လေ့ရှိခြင်း** (၁၉၈၄ ခုနှစ်က
ကမ်းခြေမှ တစ်မိုင်ခန့်အကွာ ရေပြင်
တွင် စေတီတော်သို့ ဦးတည်နေသော
နဂါးဦးခေါင်းကို တွေ့မြင်ရာ ထိုအကွာ
အဝေးမှပင်လျှင် စပါးပုပ် ပမာဏခန့်
ရှိကြောင်း သံဖြူဇရပ်မြို့နယ် တရားရုံးမှ
ဘီလစ်စာရေးကြီး ဦးမြင့်သိန်းက ပြော
ပြသည်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
စာမျက်နှာများ၌ ဖော်ပြခဲ့ပြီး ဖြစ်ပါ
သည်။)

ဘုရားဖူးအချို့က ပင်လယ်ကမ်းစပ်

www.burmeseclassic.com



◆ အပူဇော်ခံယူနေသည့် နတ်မင်းတစ်ပါး

◆ မုံမောင်းအဖွဲ့



ရေပြင်သို့ အမှိုက်များ စွန့်ပစ်သကဲ့သို့ ပင်လယ်တွင်း၌ အမှိုက်သရိုက်ဗိုက်ပင်၊ ရေသတ္တဝါအညစ်အကြေး၊ အစိတ်အပိုင်း စသည်တို့လည်း ကမ်းစပ်တွင် ကျန်ရစ်လေ့ရှိသော်လည်း ကုန်းတော်ဝန်းကျင်၌ အမှိုက်သရိုက် ကင်းစင်ခြင်း၊ သစ္စာတိုင် ဆုတောင်းပါက ဆုတောင်း ပြည့်ဝခြင်း စသည့် ထူးခြားချက်များ ပြည့်စုံသော အဏ္ဏဝါတွင်းမှ ဗုဒ္ဓနိုင်ငံတော်တစ်ခုပင် ဖြစ်သည်။

ဤသို့ ထူးခြားသော ကုန်းတော်သို့ တောင်ပင်လယ် ဘုရားဖူးခရီးကို သုံးနှစ်တစ်ကြိမ် ဆင်နွဲလေ့ရှိခြင်းက **"စန်းပွင့်ကျင့် – သုံးနှင့် သုံးပေါင်းလျှင် မဝေးတော့ပြီ"**ဟူသော တရုတ်ဂဏိတဗေဒဆိုရိုးအရ ခရီးပေါက်မြောက်ခြင်း၊ ပြုလုပ်ဖွယ် ကိစ္စအဝဝ လွယ်ကူစွာ အောင်မြင် အထမြောက်ခြင်း၊ အခက်အခဲပြဿနာများ ပြေလည်ပပျောက်ခြင်း နိမိတ်ကောင်းဆောင်လေသည်။

မင်းညီနောင်(၁၁)ပါး ပူဇော်ခွင့်ရသော မြတ်စွာဘုရားဆံတော်(၁၁)ဆူကို ဌာပနာပြု ပူဇော်ထားခြင်းကလည်း ထူးခြားသော နိမိတ်တစ်ရပ်ဖြစ်သည်။ ကွမ်းယင်းကို **"ရွှေဖုန်းကွမ်းယင်း–အရပ်ဆယ်မျက်နှာ ကွမ်းယင်း"**
လည်း တင်စားခေါ်ဝေါ်ကြသည်။

ကွမ်းယင်းသည် သဗ္ဗတ္ထ ဒသဒိ
လောကေ အရပ်ဆယ်မျက်နှာလုံ
တည်တော်မူလျက် သတ္တဝါအပေါင်း
ကယ်တင် စောင့်ရှောက်တော်မူ

ဝန်းကျင် အရပ်ရှစ်မျက်နှာ
အထက်အောက် နှစ်မျက်နှာပေ
အရပ်ဆယ်မျက်နှာဆိုဏ်။ "ဖုန်း
ခေါ် ဘူမိကြန် အယူအဆအရ အ
ဆယ်မျက်နှာတွင် အလယ်ဗဟို
ရပ်တည်ရာ အရပ်လည်း ပါဝင်၍
ပေါင်း အရပ်(၁၁)မျက်နှာ ရှိလေသ

သို့ဖြစ်လေရာ ကွမ်းယင်းအရှင်
ဒသ ဆံတော်ရှင်စေတီအား ဖူးမြေ
ခရီးသည် ဂဏန်းခြေတို့ ဂုဏ်တူ
၍ အမြွတ်ပြုနေ၏။

စိတ်အား၊ ငွေအား၊ လူအာ
ပါဝင်ကြသူ ကုသိုလ်ရှင်အားလုံး
သော သုခအဖုံဖုံ ပြည့်စုံခြင်းအကျိ
ခံစားရနိုင်ကြပေသည်။

## အပူဇော်ခံယူခြင်း

ကွမ်းယင်းအရှင်၏ ကေဒသ
တော်ရှင်ဘုရားဖူး အစီအစဉ် ပြီ
သောအခါ ကျိုက္ခမီကုန်းတော်မှ
လည်ပင့်ဆောင်ကာ ကျိုက္ခမီမြို့
သို့ နောက်ပါ နတ်မင်းများနှင့်အ
အပူဇော်ခံယူရန် လှည့်လည်ကြွ
တော်မူသည်။

ရှေ့ဆုံးမှ ကွမ်းယင်း၏ ကျက်သ
ဆောင် ရောင်စုံအလံနှင့် မောင်း
က ဦးဆောင်၍ သွားရသည်။ လူ
က မောင်းကို ပြိုင်တူတီးခတ်ရသ

တီးခတ်ပုံမှာ တစ်ချက်စီ (၆)
နှစ်ချက်ဆက်၍ (၂)ကြိမ်
(၁၀)ချက် တီးခတ်ရသည် အရပ်
မျက်နှာလုံး၌ တည်တော်မူ



www.burmeseclassic.com

www.burmeseclassic.com

**ကွမ်းယင်းအရှင် (အဝလောကိတေသရ)** ကြွရောက်တော်မူလာပြီဟု ကြေညာ မောင်းခတ်ခြင်းဖြစ်သည်။

ကွမ်းယင်းအရှင် မပါဝင်သော နတ်မင်းများသာ လှည့်လည် အပူဇော်ခံယူသည့်ပွဲ ဖြစ်ပါက တစ်ချက်စီ (၄) ကြိမ် နှစ်ချက်ဆက်၍ (၂)ကြိမ် စုစုပေါင်း (၈)ချက် တီးခတ်ရသည်။ အရပ်ရှစ်မျက်နှာသာ ညွှန်းသည်။ ကွမ်းယင်းဗောဓိသတ္တထက် တန်ခိုးအာနုဘော်လျော့နည်းမှုကို ပြဆိုခြင်းဖြစ်သည်။


ကျက်သရေဆောင် ရောင်စုံအလံကို ဆိုင်ချီး (Cǎi Qí)( 彩旗 ) ဟုခေါ်၏။ ဂုဏ်သရေရှိ အရာရှိမင်း၊ နယ်စား၊ မှူးမတ်၊ ဘုရင် စသည်တို့၏ ခမ်းနားထည်ဝါမှုကို ကိုယ်စားပြုသော အဆောင်အယောင်ဖြစ်သည်။

ကွမ်းယင်းအလံတော်တွင်( 清道 ) ချိုင်းတောက် (Qīng Dào)ဟူသော ကမ္ပည်းစာ ရေးထိုးထား၏။ ယေဘုယျအားဖြင့် ဤဝေါဟာရသည် လမ်းကိုတံမြက် လှည်းခြင်း၊ လမ်းကို ရှင်းလင်းခြင်း၊ လမ်းပေါ်မှ လူသူများကို ဖယ်ရှားခြင်းဟု အဓိပ္ပာယ်ရသော်လည်း ဤတွင်မူ ပိုမို၍ နက်နဲသော အဓိပ္ပာယ်ကို ရည်ညွှန်းပါသည်။

ချိုင်း(Qīng)သည် ကြည်လင်သော အပြစ်ကင်းသောဟု အဓိပ္ပာယ်ရှိ၍ တောက်(Dào)သည် **"တရားမဂ္ဂ"** ဖြစ်သည်။ **(မြတ်စွာဘုရား၏ နှုတ်တော်မှ မြွက်ဟတော်မူသော)** အပြစ်မရှိ ဖြူစင်လှသော တရားတော်သည် အလိုရှိတိုင်း အကျိုးကို ပြီးစေ၏။


သို့မဟုတ် အလိုရှိတိုင်း အကျိုးကို ပြည့်စုံစေသည့် အပြစ်မရှိ ဖြူစင်လှသော တရားတော်ဟူ၍ အလေးအမြတ်ပူဇော်ထားခြင်းဖြစ်သည်။

ကွမ်းယင်းသည် ဘုရားရှင်တစ်ဆူ



◆ မုံမြို့မှ ဂါရဝပြု ပူဇော်ပွဲများ

◆ မုံမြို့. ကျွန်းတဲ့ဘုံဘုရားကျောင်း



နှင့် တစ်ဆူအကြားကာလ၌ ဘုရားရှင်ကိုယ်စား သတ္တဝါများကို ကယ်တင်စောင့်ရှောက်ရသည်ဖြစ်ရာ ဘုရားနှင့်ထပ်တူလေးစားကြည်ညိုစွာ ပူဇော်ခြင်းဖြစ်၏။

ထို့ကြောင့်ပင် ကွမ်းယင်းဗောဓိသတ္တ (ကွမ်းယင်းဖူးရား)ဟု ခေါ်ဝေါ်သည့်အပြင် **"ကွမ်းယင်းဖော့ဇူ"**ဟုလည်း တင်စားခေါ်ဝေါ်သည်။

ဖော့ဇူ(Fó Zǔ)(佛祖)ဝေါဟာရတွင် ဖော့(Fó)သည် ဗုဒ္ဓဖြစ်၍ ဇူ(Zǔ)သည် ဘိုးဘွားဘီဘင် အလွန်အလွန် လေးစား ကြည်ညိုထိုက်သူ အရှင်ဘုရား ဟူသော အနက်အဓိပ္ပာယ်များ ရရှိလေသည်။

## ဗုဒ္ဓပူဇာ စာချွန်တော်

ကွမ်းယင်းအရှင် လှည့်လည်၍ အပူဇော် ခံယူပွဲတွင် ကုသိုလ်ရှင်တို့၏ နေအိမ်တွင် အဆောင်အကာဖြင့် ချိတ်ဆွဲနိုင်သော အမိန့်စာချွန်ကို (ဂေါပကအဖွဲ့က ပုံနှိပ်၍) ချီးမြှင့်လေ့ ရှိသည်။

တရုတ်ထုံးဓလေ့တွင် ဗုဒ္ဓဘာသာ မရောက်မီကပင် ရှိရင်းဖြစ်သော ကွန်ဖြူးရှပ်ဝါဒနှင့် တာအို(တောက်)ဝါဒ တို့အရ ဖူ(Fú) ( 佛 )ဟုခေါ်သည့်

www.burmeseclassic.com



— မုံရွာ မြို့အကြွ

အဆောင်အကာ ယန္တရားရှိပြီး ဖြစ်သည်။

အနှောင့်ပယောဂနှင့် အဖျက်အဆီးများကို ဖယ်ရှားပေးနိုင်သည့် **ယျှိုဟွားစီ**ခေါ် **ကျောက်စိမ်းပန်းအချပ်** အဆောင်အကာသည် အလွန်ထင်ရှားအသုံးများကြသည်။

ယင်းအပြင် ကလေးသူငယ်အန္တရာယ်ကင်းအဆောင် မီးဖိုချောင်အန္တရာယ်ကင်းအဆောင်၊ ကောင်းကင်အမင်္ဂလာနိမိတ် (ငှက် စသည်တို့အညစ်အကြေးစွန့်ခြင်း) အကာလက်ဖွဲ့၊ မီးနေအဆောင်၊ ရေကြောင်းအကာလက်ဖွဲ့၊ အတိုက် အခိုက်အကာလက်ဖွဲ့၊ ဖနီးမောင်နှံ ခိုင်မြဲစေသော အဆောင်...

အဝတ်တန်ဆာ အခိုက်ပြေအဆောင် (အဝတ်အစားကို ကြွက်၊ ပိုးမွှားကိုက်ခဲခြင်း၊ မီးလောင်ခြင်း၊ ဆူးငြိစုတ်ပြဲတို့သည် အခိုက်အပျက်နိမိတ်ဟု ယူဆခြင်းဖြစ်သည်။) စသည်ဖြင့် ဆိုင်ရာဆိုင်ရာ အဆောင်အကာအင်းစမျှားလည်း ရှိကြသည်။

သို့သော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ကွမ်းယင်းပူဇော်ပွဲများတွင် ဖြန့်ဝေလေ့ရှိသော အဆောင်အကာမှာ အမြင့်မြတ်ဆုံးဖြစ်သည်။

လောကတွင် မည်သည့် အဖျက်အမှောက် အနှောင့်အယှက်မှ တားမြစ်ခြင်းငှာ မစွမ်းနိုင်သော အဆောင်အကာ ဖြစ်သည်။ ယင်းကား ''ဗုဒ္ဓပူဇာစာချွန်တော်''ဖြစ်လေသည်။

ကွမ်းယင်းအမိန့် စာချွန်တော်ကို ကြည့်ပါ။ အထက်မှအောက်သို့ ပုံနှိပ်ထားသော စာလုံးများကို ဝဲမှယာသို့ အင်္ဂအစဉ်အတိုင်း ဖော်ပြပါမည်။

| |
|---|
| 佛 , 南 無 觀 音 佛 祖 |
| Fo, Ná Mó Guān Yin Fó Zǔ |
| ဖော နာ မော ကွမ်း ယင်း ဖော ကျူး |

ဗုဒ္ဓ၊ နမော ကွမ်းယင်း အရှင်ဘုရား။

(佛)Fó ဗုဒ္ဓကို ထိပ်တွင်ထား၍ **''ကွမ်းယင်း အရှင်မြတ်ဘုရားအား ရှိခိုးပါ၏''**ဟူသော ကမ္ပည်းကို နောက်တွင် (အောက်တွင်) ရေးထိုးထားခြင်းဖြစ်သည်။

(南 無)သည် ''နန်းဝူ''ဟုလည်း အသံထွက်နိုင်၍ **'တောင်အရပ်၊ မရှိ'** ဟု အဓိပ္ပာယ်ရသည်။ ဤနေရာတွင် **''နာမော''** Ná Mó **''ရှိခိုးပါ၏''** ဟူသော အဓိပ္ပာယ်ဖြင့် နမောကို အသံဖလှယ်ထားခြင်းဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရားကို အမှူးထား၍ ကိုယ်စားတော် ကွမ်းယင်းအရှင်မြတ်အား ရှိခိုးပါ၏ဟူ၍ အနက်ဆောင်သည်။

ဗုဒ္ဓပူဇာ စာချွန်တော်ကို နေအိမ်၏ အဓိက ဝင်ပေါက် တံခါးမအထက်တွင် (အထက်တံခါးပေါင်၏ အလယ်တွင်) ချိတ်ဆွဲထားခြင်းဖြင့် ဤအိမ်ဂေဟာသည် ဗုဒ္ဓရှင်တော်မြတ် ဘုရား၏ အရိပ်အာဝါသအောက်တွင် တည်ရှိနေပါသည်ဟု လောကတစ်ခုလုံးသို့ ကြေညာခြင်းဖြစ်သည်။ အလားတူပင် ဗုဒ္ဓအမိန့်စာချွန်တော်ကိုလည်း ပူဇော်ဖြန့်ဝေလေ့ရှိကြသည်။

## ဗုဒ္ဓအမိန့်စာချွန်တော်

ဤစာချွန်တော်ကို နှစ်သစ်ကူး ဆုတောင်းပွဲများတွင် တစ်နှစ်တာ ပတ်လုံးအေးချမ်းစေရန် ရည်ရွယ် ပူဇော်တတ်ကြသည်။

ကွမ်းယင်းဗောဓိသတ်နှင့် လောကကို စောင့်ရှောက်ကြသော သမ္မာဒေဝ **ကျဲ့ရှင်း**(Zheng Shen)တို့ ရုပ်ရှာတွင်းလှည့်သောအခါတွင်လည်း ပူဇော်ဖြန့်ဝေလေ့ရှိသည်။

ထိုစာချွန်တော်၌ **ဗုဒ္ဓအမိန့်တော်** ဟူသော စာလုံးနှင့် ဝဲယာတွင် နေနှင့်လ အောက်တွင် လောကကြီးကို ကိုယ်စားပြု ပါးကွက်ခေါ် သမုဒ္ဒာန်ရုပ်ပုံနှင့် ဝဲယာ၌ နေနတ်မင်း တောင်ပိုင်းကြယ်တာရာနတ်မင်း၊ မြောက်ပိုင်းကြယ်တာရာနတ်မင်း လနတ်မယ်တော်တို့ ကမ္ပည်းထိုးထားသည်။

ရွှေလ ဆက်ဖတ်ပါရန်

ဟူကျင်းဇီ(*Hu Jin Zhi*)

www.burmeseclassic.com

ကျော်ငြာဆောင်းပါး

# အသည်းရောဂါအတွက် ကိုယ်တိုင်ကုသ ထုတ်လုပ်ထားတဲ့

# မန်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၈၁၃ \ ၁၁၀၆၇၂)　(တဆဝက(စာနယ်ဇင်း) ၀၀၇/၀၂၁၂)　ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့် အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သော်ရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက်အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်၊ ရင်ခေါင်းတောင့်၏။ ပျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ်မရှိ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။မျက်စိနှင့်အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ရံခါဝမ်းချုပ်၍ ရံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ချုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည့်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အနိုးရန်သူသည် B-ပိုး ဖြစ်နေ၏။ ယင်းပိုးကြောင့်² ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည့်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်





www.burmeseclassic.com

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဩော် မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေကတစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား" "ပေးပါ့ဗျာ၊ ပေးပါ့ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက် အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ကို အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

**ဦးအိုက်စံ (လားရှိုး)**

ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့်
အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။

**ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**
**အမှတ်(၁၁/၃၆၀)၊ ၁၃၇(ဂ)လမ်း ၆/၃ ရပ်ကွက်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁၆၉၁၀၉၁၊ ၀၉၄၃၂ ၄၁၀၉၄**

**ရုံးချုပ်နှင့်ဖြန့်ချိရေး-**
**အမှတ်(၃၂/၉)၊ ၁၅လမ်း၊ ရုံးကွက်-၁၁၊ လားရှိုးမြို့။**
**ဖုန်း-၀၈၂ ၂၆၂၉၁၊ ၀၉၄၇၃ ၂၂၂၃၁**



www.burmeseclassic.com

www.burmeseclassic.com

ထိုင်းနိုင်ငံရှိ နာမည်ကြီး

ကောင်းမြင့်မြတ်စိုး

# မြန်မာဘုန်းတော်ကြီးကျောင်း

ကျွန်တော်ဟာ (၇-၁၀-၁၄) နံနက် ...နာရီလောက်က **ထိုင်းနိုင်ငံ၊ ...ပန်း(Lampang)မြို့ရှိ မြန်မာ ...တော်ကြီးကျောင်း**သို့ မမျှော်လင့် ... ရောက်ရှိခဲ့ပါတယ်။ **"ဝတ်ထာ့ ...ိုး"**ကျောင်းလို့ ခေါ်တွင်ပါတယ်။ ...ဘာသာစကား (ဝတ်ထာ့မအိုး)မှာ ...မာလို (ကျွဲကောသီး)လို့ အဓိပ္ပါယ် ...ကြောင်း သိရပါတယ်။

...ရှေးနှစ်ပေါင်း တစ်ရာကျော်က ...မာသစ်ကုန်သည်များ စခန်းချ ...ည်းခိုရာ နေရာဖြစ်ခဲ့ကြောင်း၊ ...ကောသီးပင်များ ပေါက်ရောက် ...ကြောင်း၊ ထိုနေရာတွင် မြန်မာဘုန်း ...ကျောင်း တည်ထောင်ခဲ့ကြောင်း ...ရာတော်လေး အရှင်ခေမာစာရက ...ပြခဲ့ပါတယ်။ အရှင်ခေမာစာရဟာ ...မြန်မာဘုန်းတော်ကြီး မြန်မာလူမျိုး ... ဘုန်းကြီးတစ်ပါးဖြစ်ပါတယ်။

ဆရာတော်လေး အရှင်ခေမာစာရ ... ဆက်လက် မိန့်ကြားပါတယ်။


ဒီဘုန်းကြီးကျောင်းကို နှစ်ပေါင်း ...ရာကျော်ပြီလို့ ပြောနိုင်တာ ...တော့ အခုလက်ရှိ ကျောင်းထိုင် ...ရာတော်ရဲ့ အရင်က မြန်မာကျောင်း ...ဆရာတော်"လေးဆက်" ရှိခဲ့လို့ ... အခုလက်ရှိ ကျောင်းထိုင် ဆရာ ...ရဲ့ ဘွဲ့တော်က အရှင်ဂန္ဓသာရ ... ခေါ်တယ်။ ထိုင်းလူမျိုးပါ။

...တိုင်ခင် ကျောင်းထိုင်ဆရာ ...က မြန်မာလူမျိုးဖြစ်တယ်။ ဘွဲ့ ...က **အရှင်ဓမ္မာနန္ဒ**လို့ ခေါ်တွင်ခဲ့



လက်ရှိဆရာတော် အရှင်ဂန္ဓသာရ(ထိုင်း)

ထိုင်းနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်း




ပါတယ်။ အဲဒီဆရာတော်ကြီးဟာ နှစ်ပေါင်း လေးဆယ်ကျော် သာသနာပြုသွားခဲ့ပါတယ်။ အရင့်အရင်က မြန်မာ ဆရာတော်ကြီးတွေဟာလဲ ဒီလိုပဲ နှစ်ပေါင်းများစွာ သာသနာပြုခဲ့ကြလို့ ဒီနေ့ထိ ဒီကျောင်းကြီးဟာ ထိုင်းနိုင်ငံမှာ အထင်ကရ ဖြစ်နေတာပါ။


ပါဠိစာပေနဲ့ ပတ်သက်ရင် ထိုင်းနိုင်ငံတစ်နိုင်ငံလုံးမှာ နာမည်ကြီးပါတယ်။ ထိုင်းနိုင်ငံက အခြားဘုန်းကြီးကျောင်းတွေက မသိတာ၊ မရှင်းတာတွေ မေးရင် ဖြေရှင်းပေးရလေ့ ရှိပါတယ်။

ကျွန်တော်တို့အဖွဲ့ဟာ လူပေါင်း

www.burmeseclassic.com







မြန်မာဘုန်းကြီး(ယခင်ကျောင်းထိုင်ဆရာတော်) အဌမဟာယ၀ှိတအရှင်မှ ရှေ့မှ
(ကြာရှည်ပ်သလေးလိုဖြို့ မှန်ခေါင်းမှာ အမြတ်တနိုး ပူဇော်ထားပုံ)
◆ ကျောင်းဆောင်ကြီး (မြန်မာသင်္ကန်းသည်)
◆ မြန်မာနိုင်ငံတော်အစိုးရက ပူဇော်သော အဌမဟာယ၀ှိတဘွဲ့တော်

လေးဆယ်လောက် ရှိပါတယ်။ ကျွန်တော်တို့ဟာ ဆရာတော်လေး အရှင်ခေမာစာရကို နဝကမ္မဝတ္ထုငွေများ လှူဒါန်းကြပါတယ်။ ဆရာတော်လေးက…

'ကဲ…ကဲ ဆရာတော်ကြီးကို သွားဖူးကြရအောင် ဘုန်းကြီးနောက်က လိုက်ခဲ့ကြ'

ကျွန်တော်တို့အဖွဲ့က ဆရာတော်လေးနောက်က လိုက်ပါသွားကြပါတယ်။ အလွန် သစ်ရပ်ခမ်းနားသော ကျောင်းကြီးပေါ်တက်သွားပါတယ်။

ကျွန်တော်တို့ဟာ ကျောင်းနံရံများမှာ တွေ့ရတဲ့ ဓာတ်ပုံများ၊ ပန်းချီ(ဗုဒ္ဓဝင်)ကားများကို ငေးမောမိ၊ လေ့လာမိကြပါတယ်။ ကျောင်းဒကာဓာတ်ပုံနဲ့ ဗုဒ္ဓဝင်ပန်းချီကားအချို့ကို ဓာတ်ပုံမှတ်တမ်းယူခဲ့ပါတယ်။ ဆရာတော်လေးဟာ ကျွန်တော်တို့အဖွဲ့ကို ခဏစောင့်ခိုင်းပြီး ကျောင်းထိုင်ဆရာတော်ကို သွားပင့်ပါတယ်။

ကျောင်းထိုင် ဆရာတော်ကြီးမှာ ထိုင်းလူမျိုးဖြစ်ကြောင်း အရှင်ခေမာစာရက ပြောပြခဲ့ပါတယ်။ ဆရာတော်ကြီး အရှင်ဂန္ဓသာရဟာ မြန်မာနိုင်ငံမှာ ပရိယတ္တိစာပေများကို သင်ယူခဲ့ပါတယ်။ ပြည်မြို့မှာ (၇)နှစ်၊ မန္တလေးမြို့မှာ (၃)နှစ် စာသင်ခဲ့ကြောင်း ဆရာတော်ကြီးက မိန့်ကြားခဲ့ပါတယ်။

**(သကျသီဟာဓမ္မာစရိယ ဘွဲ့တော်နှ… စေတီယင်္ဂဏ ဓမ္မာစရိယဘွဲ့တော်… များ)**ရရှိတော်မူခဲ့ကြောင်းလဲ ဆရ… တော်လေး အရှင်ခေမာစာရက မိန့်ကြ… ခဲ့ပြန်ပါတယ်။

ဖော်… ကျောင်းထိုင်ဆရာ… ကြီး ကြွလာပါပြီ။

ကျောင်းထိုင် ဆရာတော်ကြီးမှ… ဖြူဖြူသန့်သန့် ကြည်ကြည်လင်လင်…





www.burmeseclassic.com

www.burmeseclassic.com

ကြည်ညိုဖွယ် ကောင်းလှပါတယ်။ ကျွန်တော်တို့အဖွဲ့ဟာ ဆရာတော်ကြီးကို ရှိခိုးကန်တော့ကြတယ်။ ဆရာတော်က မေတ္တာပို့ ဆုပေးတော်မူပါတယ်။

ဒီအခါ ကျွန်တော် အံ့ဩဝမ်းသာမိပြန်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ထိုင်းဆရာတော်က မြန်မာစကားကို မြန်မာသံပီပီနဲ့ မိန့်ကြားနေလို့ပါပဲ။ ဆရာတော်ဟာ သက်တော်အလွန်ကြီးပေးပါ။ (၉၄)နှစ်မျှသာ ရှိပါသေးတယ်။

ဆရာတော်ကြီးက...

'ဆရာတော်တို့ ကျောင်းက ပရိယတ္တိစာပေသင်ပေးတယ်။ မဟာစည်တရားစခန်းလဲ ရှိတယ်၊ အခါအားလျော်စွာ တရားစခန်း ဖွင့်ပေးတယ်၊ မြန်မာ၊ လာအို၊ ထိုင်းသာမဏေတွေ ရဟန်းတွေကို ပါဠိစာပေပို့ချပေးနေပါတယ်၊ ဝိပဿနာ တရားအားထုတ်လိုသူ ဘယ်သူမဆို လက်ခံတရားပြပေးပါတယ်။ လာပြီးတော့လဲ တည်းခိုနိုင်ပါတယ်'

ပြီးတော့ ဆရာတော်ကြီးက ကျောင်းရဲ့ရာဇဝင်ကို ရှင်းပြပါသေးတယ်။ စိတ်ဝင်စားဖွယ် ကောင်းပါတယ်။ ဒါပေမယ့် ဒီဆောင်းပါးမှာ ဖော်ပြပေးရန် မပြည့်စုံသေးလို့ ချန်လှပ်ခဲ့ရပါတယ်။ ဆရာတော်က ထိုင်းသာသနာတော်နဲ့ မြန်မာသာသနာ အနေအထားကိုလဲ ဒီလို နှိုင်းယှဉ်ပြခဲ့ပါသေးတယ်။

'ဒီထိုင်းနိုင်ငံမှာ ပရိယတ္တိစာမေးပွဲ(၉)ဆင့်ရှိပါတယ်၊ အဘိုးကျက်ဖြေရပါတယ်၊ အလွန်ခက်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမှာကျတော့ အာဂုံကျက်ရုံမကဘဲ အနက်အဓိပ္ပါယ်တွေပါ ဖြေရတယ်၊ ဒါကြောင့် မြန်မာနိုင်ငံမှာ ပရိယတ္တိစာပေစာမေးပွဲတွေက . ပိုခက်ခဲတယ်၊ အလွန် အဆင့်အတန်း မြင့်တယ်၊



ဗုဒ္ဓဆင်းရုပ်ပုံများ

လက်ရှိကျောင်းထိုင်ဆရာတော် အရှင်ဓမ္မသာရ တိုက်အုပ် ဆရာတော်ဦးဝေ၊ အရှင်သောမာစာရတို့နှင့် အမှတ်တရ



ဆရာတော်ကိုယ်တိုင် မြန်မာနိုင်ငံမှာ အလွန်ကို ကြိုးစားပြီး ဖြေခဲ့ရတယ်'

ဆရာတော်ကြီးက အလွန် မှတ်သားဖွယ်ကောင်းတဲ့ စကားတစ်ခွန်းကို အမှတ်မထင် မိန့်ကြားခဲ့ပါတယ်။

'ဗုဒ္ဓရဲ့ တရားတော်တွေကို အဆင့်မြင့်မြင့် သိလာတဲ့အခါကျတော့ ဆရာတော်တို့မှာ လူမျိုးရယ်၊ ဘာသာရယ်လို့ မခွဲခြားတော့ဘူး။ အားလုံးဟာ အတူတူပဲ။ အားလုံးကို ကျောသားရင်သား မခွဲခြားတော့ဘူး။ **(ဗုဒ္ဓဟောခဲ့တဲ့ တရားတွေနဲ့အညီ ကျင့်သုံးနေထိုင်လာတာနဲ့အမျှ အားလုံးနဲ့ တစ်ထပ်တည်းကျအောင် နေတတ်လာတယ်။)** ဘယ်သူမဆို ဆရာတော်တို့ကျောင်းကို လာပါ၊ တည်းပါ၊ တရားရိပ်မှာနေပါလို့ ဖိတ်ခေါ်ပါတယ်'

အဲဒီနောက် ဆရာတော်ကြီးဟာ ကျွန်တော်တို့အဖွဲ့ကို ယခင်မြန်မာကျောင်းထိုင်ဆရာတော်ကြီး အရှင်ဓမ္မာနန္ဒရဲ့ ရုပ်ကလာပ်တော်ထားရာ ကျောင်းတော်ဆီကို ခေါ်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ထိုင်းလူမျိုး ဆရာတော်ကြီးအရှင် ဂန္ဓသာရဟာ(သူ့ဆရာ)ကို အလွန် ရှိသေလှစွာ ဦးချ ကန်တော့ပါတယ်။ ပြီးတော့ ဆရာတော်ရဲ့ ရုပ်ကလာပ် တော်အကြောင်း ရှင်းပြပါတယ်။

ရုပ်ကလာပ်တော်ကို ကြာရှည်ခံ အောင် ဆေးထိုးပေးထားကြောင်း တပည့်များက စံကျောင်းတော်မှာ အထူး ရှင်းပြပါတယ်။ ဆရာတော်ကြီး အရှင်ဓမ္မာနန္ဒဟာ မြန်မာနိုင်ငံတော် အစိုးရက လှူဒါန်းသော အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်း ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်မှာ အလှူခံ ရရှိတော်မူခဲ့ပါတယ်။

ယခုလက်ရှိ ကျောင်းထိုင် ဆရာ တော် အရှင်ဂန္ဓသာရဟာ စာချပေးရုံ မက ပါဠိကျမ်းစာအုပ်များစွာကိုလဲ ပြုစု ခဲ့ကြောင်း၊ ပြုစုရေးသားနေဆဲလဲ ဖြစ်ကြောင်း သိခဲ့ရပါတယ်။

ဒါကြောင့် ကျွန်တော်ဟာ ဆရာ တော်ထံမှာ ခွင့်တောင်းပြီး ဆရာတော် ပြုစုတော်မူခဲ့သော ကျမ်းစာအုပ် အမည်များကို မေးလျှောက်ခဲ့ပါတယ်။ ဒီအခါမှာ ဆရာတော်က အောက်ပါ အတိုင်း ရေးပေးခဲ့ပါတယ်။

၁။ ပဒရူပသိဒ္ဓိနိဿယ၊
၂။ ဗာလာဝတာရနိဿယ၊
၃။ ကစ္စာယနဂဏ္ဌိနိဿယ၊
၄။ ရတ္တောဒယနိဿယ၊
၅။ သုဗောဓာလင်္ကာနိဿယ၊
၆။ နတ္တိနိဿယ

ဆရာတော်ကြီးက ရေးနေစဉ်မှာ ကျွန်တော်တို့ လေ့လာရေးအဖွဲ့ ကားများ စတင် ထွက်ခွာနေကြလို့...

'ကဲ... ဒကာကြီး ဆရာတော်ပြုစု တဲ့ ကျမ်းစာအုပ်တွေကတော့ အတော် များနေပြီ၊ ဒီလောက်ပဲ မှတ်သွားတော့'

'တင်ပါ့ဘုရား၊ ကျေးဇူးတင်ပါတယ် ဘုရား၊ တပည့်တော်ကို ခွင့်ပြုပါဦး ဘုရား'

'ဟုတ်ပြီလေ ဒကာ'

ကျွန်တော်ဟာ ဆရာသမားကို အလွန် ရှိသေတဲ့၊ ဗုဒ္ဓတရားတော်တွေ ကို လက်တွေ့ ကျင့်ကြံအားထုတ် ဖြန့်ဝေနေတဲ့၊ အလွန် ကြည်ညိုဖွယ် ကောင်းတဲ့ ထိုင်းလူမျိုး ဆရာတော်ကို ရှိသေကျိုးနွံလှစွာ ရှိခိုး ကန်တော့ ပါတယ်။

**[(၆-၁၀-၁၄)နဲ့ (၇-၁၀-၁၄) တွင် ထားချီလိတ်မြို့ မင်းခေတ်သ သတ္တုတူးဖော်ရေးကုမ္ပဏီမှ စီ သော ထိုင်းနိုင်ငံ၊ လမ်းပန်းဆို လမ်းပန်းမြို့နယ်ရှိ မယ်မော့ ကျော ဓါးသွေးမိုင်းနှင့် ကျောက်မီးသွေး လျှပ်စစ်ဓာတ်အားပေးစက်ရုံ လေ့လ ရေးခရီးစဉ်မှာ လေ့လာမှတ်သာ ခြင်း ဖြစ်ပါတယ်။]**

**ကောင်းမြင့်မြတ်စိုး**

---

ရှင်မထီး+ဘိုးဇာဂရ+ဦးမင်းရေး အင်္ဂိရတ်ကျမ်း အလို အရ "**မပျောက်သောရုပ်ကိုတည်၍ နာမ်နှင့် မြှောက် ဆိုသည်မှာ(ဓာတ်လုံး မလျှော့တော့လျှင် မင်းလေးပါး ဝင်အောင်ကျေးပါ။)**

# မင်းလေးပါး ကျေးနည်း


**ခန်း၊ မွေးခန်း ဆက်တက်ပါ။**

**တင်လှ(ဆ-မ-ဦဗ်း) ပုသိမ်ကြီး**

မင်းလေးပါးကျေးပြီး မင်းလေးပါးဒဏ် ခံနိုင်ပါက လိုအပ်သလို ဆက်တက်ပါ။ မကျေးတတ်က မင်းလေးပါး မဝင်ပါ။

၁။ စိန်နီ (၃+၇) = ၁၀ တစ်မတ်သား
၂။ ဆေးဒန်း (၃+၇) = ၁၀ တစ်မတ်သား
၃။ ကန့်(သီးဖြူကန့်) = ၁၀ တစ်မတ်သား
၄။ ဟင်းရိုင်း (၆+၄) = ၁၀ တစ်မတ်သား
စုစုပေါင်း တစ်ကျပ်သား

အားလုံးကို တစ်ခုချင်း **အမှုန့်ပြု အောက်ပုံပါအတိုင်း ထည့်ပါ။**




* * *——————→

**မီးကြွင်းမီးကျန်တွင် (၁)နာရီခန့်ထား၍** မီးစီးထိုးပါ။ မင်းလေးပါးဝင်ပြီး ဒဏ်ခံနိုင်ပါက ဓာတ်လုံးကို **ကျေး**




www.burmeseclassic.com

www.burmeseclassic.com

# ရှားစောင်းနှစ်
# သစ်သဂုင်

စံလွှန်းသာ



◆ ရှားစောင်းနှစ် ရှင်သီးလိုက်တာများ

ရှားစောင်းအနှစ် လက်လေးသစ် ဟု ဆိုကြ၏။ ရှားစောင်းကြီးပင်သည် သဘော်ပင်ကဲ့သို့ ခေါင်းပွ၊ အူချောင်း ပင်စည်မျိုးရှိ၍ အနှစ်မရှိကြပါ။

တစ်ခါတစ်ရံ ရှားစောင်းပင်စည် အခြေအတွင်းဘက်၌ အနှစ်သားကို ထူးစွာ တွေ့ရှိနိုင်သည်။ အပင် တစ်ထောင်တွင် တစ်ပင်၊ တစ် သောင်းတွင် တစ်ပင်မျှ တွေ့ရခဲသော အမြုတေဖြစ်သည်။ **အလွန်မာကျော သည်။**

ရွှေဘိုခရိုင် ဝက်လက်မြို့သို့ ရောက် နိုင်က ကိုမျိုးမြင့်သန်း၏ မေ့မိတ်ဆွေ တစ်ဦး လက်ဆောင်ပေးသဖြင့် **ရှား စောင်းနှစ်တစ်ညှို (လက်လေးသစ်)** ခုကို ရရှိခဲ့၏။

တောင်လျှောက် ရဟန်းတော်(လူနေ မိခြေစည့်ကားရာ မြို့ရွာဒေသများ ကို ရှောင်ကွင်း၍ တောတောင်များ၌ သာ လှည့်လည်ကျင့်ကြံ သီတင်းသုံး တော်မူသောသံဃာ) **ဦးဉာဏော ဘာသ** အား ဆက်ကပ်ရာတွင် ဆိတ် ဆိတ်နေတော်မူသဖြင့်လက်ခံကြောင်း သိရလျက် အလွန် ဝမ်းမြောက်မိရ သည်။

သီလရှင်မယ်တော်ကြီး ဒေါ်သုမင်္ဂလ ကျိုင်းရွှေမင်းဝံတောင် မိုးညှင်း ချောင်တွင်ရှိစဉ် နောက်ဆုံးကာလများ က ကျောင်းနံဘေးမြေပြင်တွင် လဲ လျောင်းနေသည့် ခြစားထင်းတုံးကြီး ကို ညွှန်ပြပြောဆို၏။

'လူလေး မင်းလိုချင်ရင် ကြိုက်သ လောက်ယူသွား'

အကြောင်းထူး ရှိပေမည်ဟု သဘောပိုက်၍ ခြစားထင်းတုံးအား ဓားချမ်းဖြင့်ခြစ်ကြည့်ရာ နီညို ရောင် မာကျောသော သစ်သား

www.burmeseclassic.com

အနှစ်တုံးဖြစ်ကြောင်း သိရသည်။

'နှစ်ပေါင်း (၆၀)ကျော်ပြီ။ ဒီနေရာမှာရှိနေတာ သတိမူ ဂူမပြင်တဲ့၊ ဘယ်သူမှ မယူကြဘူး။ နင်တို့ သိထားတဲ့ ရှားစောင်းနှစ် လက်လေးသစ်ဆိုတာ ဖွင့်လိုက်တာ'

**အလျား(၆)ပေခန့်ရှိသော ရှားစောင်းနှစ်အတုံးကြီး ဖြစ်သည်။** အရင်းပိုင်းတွင် အချင်း(၆)လက်မခန့် အထိရှိသည်။ လက်ယာရစ် လိမ်လှည့်နေကာ မာကျောလှသည်ဖြစ်ရာ ထွင်းထုရန်ခက်ခဲသော ပန်းပုဒိုသစ်မျိုး ဖြစ်လေသည်။

ဥပုသ်နေ့ဖြစ်၍ ဥပုသ်သည်အချို့လည်းရှိနေရာ ယင်းတို့အနက် ညောင်ကုန်းရွာမှ လက်သမားဆရာ "ကိုချွန်" ကို မြင်လိုက်ရသဖြင့် အရင်းပိုင်းတစ်ထွာခန့် ဖြတ်တောက်ပေးရန် အကူအညီ တောင်းရသည်။ သူက နှစ်ကိုင်းဈေးမှ သံဖြတ်လွှတစ်ချောင်း ဝယ်ယူကာ အချိန်ကြာမြင့်စွာ ကြိုးစား ဖြတ်တောက်ပေးသည်။

ကျန်သစ်တုံးမှ တင်ပျဉ်ခွေရုပ်ပွား တစ်ဆူ၊ ရှင်သီဝလိပြည်ဝင်ရုပ်တု တစ်ခု၊ ပြည်ထွက်ရုပ်တုတစ်ခု ထုလုပ်ပေးရန် အပ်နှံခဲ့သည်။ အမေက ဆို၏။

'ပန်းပုထုခ ငါပေးလိုက်မယ်။ မောင်ချွန် ငါ့ဆီမှာ လာယူလှည့်'

'သစ်ရော၊ လက်သမားခပါပေးလိုက်ရင် ကျွန်တော့်အတွက် မကျန်တော့ဘူးပေါ့။ လက်သမားခကိုတော့ ကျွန်တော်ကိုယ်တိုင်ပဲ ပေးပါရစေ အမေ၊ ရုပ်တုတွေထုပြီးရင် အမေ့ဆီမှာပဲ အပ်ထားပေးပါ။ ကျွန်တော် နောက်တစ်ခေါက်ရောက်မှ ယူတော့မယ်'

သုံးလခန့်အကြာတွင် လမ်းသင့်၍ အမေဒေါ်သုမင်္ဂလာထံ ဝင်ရောက်ဖူးမြော်ဖြစ်ရာ ရှားစောင်းနှစ်တုံးကြီး



ရှားစောင်းနှစ်တုံးကြီး

မှာ မရှိတော့ပါ။

'အမေ ရှားစောင်းနှစ်တုံးကြီးကော'

'မင်းကိုငါ ပြောသားပဲ။ ကြိုက်သလောက်ယူလို့၊ သတင်းကြားတာနဲ့ တစ်ယောက်တစ်ပဲ့စီယူကြလို့ ကုန်ပြီပေါ့ကွယ်'

'ထပ်လိုချင်လို့တော့ မဟုတ်ပါဘူး။ မတွေ့တာနဲ့ မေးကြည့်တာပါ။ ပူဇော်စရာ ရှားစောင်းနှစ်ရုပ်ပွားတော်ရပြီပဲ'

ထူးခြားရှားပါးသော ပစ္စည်းဖြစ်ရာ ဘုရားရုပ်ပွားတော် ထုလုပ်ပူဇော်ခြင်း၊ ရှင်သီဝလိရုပ်တုတော်ထုဆစ် ပူဇော်ခြင်းကို ပြုလုပ်ကိုးကွယ်ပါက လောကီ၊ လောကုတ္တရာ လိုရာ အကျိုးထူးများစွာ ပြည့်စုံနိုင်ကြောင်း သိရှိရသည်။

## ရှားစောင်းနှစ် အစီအရင်

ရှားစောင်းနှစ်ကို ခြင်္သေ့ရုပ်တု ထုလုပ်ပြီးလျှင် ကလပ်(ပန်းကန်ပြား)ပေါ်တွင် "သန္တာ" ကျောက်နှင့်အတူတင်၍ ဘုရားရှင်အား ကပ်လှူလျက် အောက်ပါဂါထာ (၃၇)အုပ် စုပ်ရသည်။

သုဂတ်တွံယာ သုဘာစာရော
သုသီလဝါ သုဘာဂတော။
ယသဿိမာ ဝစေဝီရော
ကေသရောဝါ အဆွမ္ဘိတော။

ခက်ခဲသော ပါဠိအသံထွက်

**သုဂတ်တွံ ယာ** =သုဂတ်တိယာ
**ယသဿိမာ** =ယတ်သဿိမာ
**အဆမ္ဘိတော** =အဆမ်ဘိတော

**အနက်**

**သုဂတ်တွံ ယာ၊** ကောင်း...
သတင်းကျော်စောခြင်းဖြင့်။ **သု...**
**စာရော၊** ကောင်းမြတ်သောအ...
ရှိတော်မူ၏။ **သုသီလဝါ၊** ကောင်း...
ဆောက်တည်အပ်သော သီလ...
**သုဘာဂတော၊** တင့်တယ်ခြင်း...
ရောက်တော်မူ၏။ **ယသဿိ...**
အခြံအရံပြည့်စုံ၏။ **ဝစေဝီ...**
ပြောဆိုတော်မူရာ၌ တည်ကြည်...
မူ၏။ **ကေသရောဝ၊** ကေသ...
ခြင်္သေ့မင်းကဲ့သို့။ **အဆ...**
ကြောက်ရွံ့လျက် ကိုယ်...တ...
ဖြစ်ခြင်း (ကိုယ်ခန္ဓာ...တောင့်တင်း...



www.burmeseclassic.com

www.burmeseclassic.com

...ပါဒ်နက္ခတ်ပေါ်ချိန်တွင် ပြုလုပ်ရသည်။ အဆောင်အကာအဖြစ် သုံးနိုင်သည်။ ဘေးဥပဒ် ရန်အန္တရာယ်ကင်းစေသည်။ ရန်သူမျိုးငါးပါး (ရေ၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သူ) တို့၏ မျက်ကွယ်ဖြစ်စေသည်။ **(ရန်သူတို့ မမြင်သည့် ရှောင်ကွင်းသွားစေ၏။)**

| ခြင်္သေ့ရုပ်ကိုအဆောင်ပြုစဉ် ရွတ်ရန်ဂါထာ |
|---|
| သံဝရီဝိစ သတ္တာနော၊ သမာပဇ္ဇနဝသိကော၊ |
| စတုဝီသ သမာပတ္တိ၊ ကောဋိသတသဟဿကံ။ |
| ***[၇-ခါက်ရွတ်၍ ဆောင်ပါ]*** |

...ခဲ့သော ပါဠိအသံထွက်

**သတ္တာနော** =သတ်ထာနော

**သမာပဇ္ဇန** =သမာပစ်ဇန

**သမာပတ္တိ** =သမာပတ်တိ

**ကောဋိသတ** =ကောတိသတ

**သဟဿကံ** =သဟတ်သကံ

**...နက်**

...နော၊ ငါတို့၏၊ **သတ္တာ**၊ မြတ်စွာ ...ရားသည်။ **သံဝရီဝိစ**၊ ညဥ့်အခါ၌ ...သည်။ **စတုဝီသ သမာပတ္တိ ကောဋိသတသဟဿကံ**၊ နှစ်ကုဋေ ...သန်းရှိသော သမာပတ်အပေါင်း... **သမာပဇ္ဇနဝသိကော**၊ ဝင်စား... နေတော်မူလေ့ရှိ၏။

***[ဤဂါထာတော် ပါဠိအနက်ကို ...ဗုဒ္ဓရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း ...၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်း ...ဆောင်ရွေ့ ဓမ္မာစရိယ(မဟာဝဏ္ဏိဒီမြန်မာ ...ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယ ...ဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေး ...သည်။]***

အရေးကြီးသောကိစ္စ ရှိပါက "...ဿ"ကျောက်ကိုပါ ယှဉ်တွဲ ...ဆောင်ရသည်။ **(သဿသည် အင်္ဂါ**

**ဂြိုဟ် အထိမ်းအမှတ် ကျောက်မျက် ဖြစ်သည်။)**

---

လောကုတ္တရာ

---

အပွားစည်းအတွက်

---

ကိုးကွယ်ခြင်း

---

ရှားစောင်းနှစ်ကို ရုပ်တု၊ ရုပ်ပွား၊ ဘုရား၊ ရဟန္တာပုံတော်များ ထုလုပ်ပူဇော်ခြင်းဖြစ်ပါက ချမ်းသာသုခကို အလိုရှိခြင်း၊ စားရေရိက္ခာဖူလုံ လောက်ငခြင်း၊ စည်းစိမ်ဥစ္စာ တည်မြဲခြင်း၊ တရားထူးပေါက်မြောက် သိမြင်ခြင်း စသည်တို့အတွက် ရည်မြော်ကာ အောက်ပါဈာန်ငါးပါးဂါထာကို နေ့စဉ် မိမိသက်စေ့ သို့မဟုတ် (၁၀၈)ကြိမ် ရွတ်ဖတ်ပူဇော်ရသည်။

* * *

**နဒွါ** =နတ်ဒါ

**ဇေက** =အေက

**ခန္ဓာန** =ခန်ဓါန

**ရူပသုညံ** =ရူပသုန်ညံ

**နိမိတ္တံ** =နိမိတ်တံ

**နိမ္မိတ** =နိမ်မိတ

**ခန္ဓာဗုဒ္ဓေါ** =ခန်ဓါဗုတ်ဓေါ

**သုညဗုဒ္ဓေါ** =သုန်ညဗုတ်ဓေါ

သီလမြဲအောင်ထိန်းပါက ကောင်းကျိုး မြန်မကြာ ခံစားရရှိစေသည်ဟု **ဆရာအရှင် ပညာဒီပ (ဘုရားကြီး ကျောင်းတိုက်)**က မိန့်ကြားတော်မူခဲ့သည်။

ရှားစောင်းနှစ်ကို ရုပ်တုရုပ်ပွားထု လုပ်ခြင်းမရှိသော်လည်း မူလအသား အတိုင်း ဆောင်ထားရုံဖြင့်အိမ်တွင်းရေး အေးချမ်း၍စားနပ်ရိက္ခာဖူလုံစေကြောင်း သိရှိရပေသည်။

**(ရှားစောင်းနှစ် သစ်သားအတိုင်း ဆောင်၍ အထက်ပါ ဈာန်ငါးပါး ဂါထာ ရွတ်ဖတ်ပူဇော်ရန်ဖြစ်သည်။ "ရာဇာ" အတွင်းရန်ဂြိုဟ်တွဲဖြစ်၍**

| |
|---|
| ပထမဈာန်ဂါထာ |
| ဗုဒ္ဓေါ နဒ္ဓေါန ဩ နဒွါ ပထမာဘိ ဗုဒ္ဓေါ ဇေက ခန္ဓာန ရူပသုညံ နိမိတ္တံ။ |
| ဒုတိယဈာန်ဂါထာ |
| ဗုဒ္ဓေါ နဒ္ဓေါန ဩ နဒွါ နိမ္မိတ ဗုဒ္ဓေါ ဇေက ခန္ဓာနံ ဇေက ခန္ဓာန ရူပသုညံ နိမိတ္တံ။ |
| တတိယဈာန်ဂါထာ |
| ဗုဒ္ဓေါ နဒ္ဓေါန ဩ နဒွါ ခန္ဓာဗုဒ္ဓေါ ဇေက ခန္ဓာနံ ဇေက ခန္ဓာန ရူပသုညံ နိမိတ္တံ။ |
| စတုတ္ထဈာန်ဂါထာ |
| ဗုဒ္ဓေါ နဒ္ဓေါန ဩ နဒွါ ကာယဗုဒ္ဓေါ ဇေက ခန္ဓာနံ ဇေက ခန္ဓာန ရူပသုညံ နိမိတ္တံ။ |
| ပဉ္စမဈာန်ဂါထာ |
| ဗုဒ္ဓေါ နဒ္ဓေါန ဩ နဒွါ သုညဗုဒ္ဓေါ ဇေက ခန္ဓာနံ ဇေက ခန္ဓာန ရူပသုညံ နိမိတ္တံ။ |

ခက်ခဲသော ပါဠိအသံထွက်

**ဗုဒ္ဓေါ** =ဗုတ်ဒ္ဓေါ

**နဒ္ဓေါန** =နတ်ဓေါန

**ဩ** =အော

**ရန်ဂြိုဟ်ရှာကာ အိမ်တွင်းဥစ္စာ တည်မြဲခြင်းဖြစ်ကြောင်း သိမှတ်ရန်။)**

**စံထွန်းသာ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဖော်ပြချက်

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး



(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ဝ၇၁၁YR ဝဝ၆ဝ ၂၅)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(တနယ်ဖင်း) ၅၂/ဝ၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရှေ့နေကြီး ဦးအောင်ဝင်းနိုင်တို့ကို။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်၊ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း,နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'ဩော်... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်, ဇက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်၊ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း, လေဖြတ်, သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်,လက်တုန်၊ လည်ပင်း,ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွ[illegible] သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြ[illegible] လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြ[illegible] ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြ[illegible] လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြ[illegible] လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အော[illegible] ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလ[illegible] မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသား[illegible] ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကို[illegible] ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရော[illegible] အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာန[illegible] နည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်[illegible] သွက်လက် ပေ့ါပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်[illegible] ကျန်းမာသန်စွမ်းကာ သွက်လက်ပေ့ါပါးစေတဲ့ဆေး ဖြစ်ပါတ[illegible] ဒ့ါအပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်[illegible] ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီ[illegible] ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေး[illegible] ဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအ[illegible] ကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေ့ါပါးနေပါပြီ။ အ[illegible] ကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အ[illegible] အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄ဝ)ကျော်သူ[illegible] နဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အ[illegible] သမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာ[illegible] အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြ[illegible] အကျိုးပြုပါရစေ'

ဆရာမြင့်
**စကြာမင်းဆေးတိုက်**
အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊ သန္တာမှတ်တိုင်အနီး
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၈၈

ဦးဇော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

ရွှေဒါး ဗောဓိစေတီနှင့်

# ဆရာတော် အရှင်သုန္ဒရ

အား ကြည်သိုဝှဇော်မွှာဝိုး (၂)

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

**ယခင်လမှ အဆက်**

ကျောင်းရှေ့တွင် ရွှေဒါးမဟာဗောဓိစေတီကုန်းတော်အား သံဃာသုံးပါးနိုင် လွှဲအပ်ကြောင်း ကမ္ပည်းစာတိုင်ကို ဆရာတော်ကြီးရှိစဉ်ကပင် မှတ်တမ်းပြုထားခဲ့ရာ ဦးအာဒိစ္စ၏ ဘွဲ့မည်ပါဝင်သည်ကို တွေ့ရှိရပေသည်။

ဆရာတော်ဦးသုန္ဒရ၏ လွမ်းစေတီကို အရှေ့မြောက်ယွန်းယွန်းရှိ သီးခြားကုန်းမြင့်ထက်တွင် ဖူးတွေ့ရသည်။ မြောက်လှည့်မုခ်လိုဏ်အတွင်း ဆရာတော်၏ တင်ပျဉ်ခွေရုပ်တုကို ပူဇော်ထားလေသည်။

**ကုန်းတော်တခွင် ဖူးမြော်ရစဉ်**

မဟာဗောဓိစေတီတော်မှာ အမြင့် (၆)တောင်၊ အလျား(၅၄)တောင် ထုရန်းပုံ အုတ်ဖိနပ်ခံ၍ (၂၄)တောင် အမြင့်ရှိသော ဂန္ဓကုဋိတိုက်ကို တည်ဆောက်ထားသည်။ ယင်းအထက်တွင်မှ အရံစေတီလေးဆူနှင့် ပင်မစေတီတော် စံပယ်တော်မူသည်။

အတွင်း၌ တင်ပျဉ်ခွေရုပ်ပွားတော်ကြီးလေးဆူကို အလယ်မဏ္ဍိုင်ခံ၍ ပူဇော်ထားသည်။ ဂန္ဓကုဋိတိုက်အတွင်း ထောင့်လေးထောင့်တွင် အထက်သို့တက်ရန် ကြောင်လိမ်လှေကားများ တပ်ဆင်ထားသည်။



ဆရာတော်ဦးသုန္ဒရရုပ်တု

ဂန္ဓကုဋီအမိုးထက်တွင် လေးဘက်တော်လည် လမ်းရှိ၍ အရံစေတီများကို အနီးကပ် ဖူးမြော်နိုင်သည်။ မြောက်ဘက်တွင် ပင်မစေတီအတွင်း ဝင်ရန် လှေကားတစ်စင်းကို တွေ့ရသည်။

ပင်မစေတီကို ပထမထပ်နှင့် ဒုတိယထပ်များအထိ တက်ရောက်နိုင် တင်ပျဉ်ခွေရုပ်ပွားတော်လေးဆူစီ ကိန်းဝပ်တော်မူသည်ကို ဖူးတွေ့ရသည်။


စေတီအထက်မှနေ၍ ကုန်းတော်တွင်းရှိ သာသနိကအဆောက်အအုံများနှင့် ဝန်းကျင် ကျေးရွာလယ်ယာ





www.burmeseclassic.com

www.burmeseclassic.com






◆ စေတီရှေ့မှ မျှော်ရုံ

သျှမ်းလုပ်ဆဲ ရွှံ့ပုံတော်တစ်ဆူ ◆

◆ သာလာယံဇရပ်



သည်။

## ပျားအုံများ

ပင်မစေတီ၏ အရှေ့ဘက်၌ မြောက်ဘက်မျက်နှာများရှိ မုခ်လိုဏ် အချို့တွင် ပျားကြီးအုံများ တွေ့ရသည်။ ၁၃၆၇ ခုနှစ်မှ စတင်ကာ အစဉ်အမြဲ အိမ်ဖွဲ့နေထိုင်ကြခြင်း ဖြစ်ကြောင်း သိရသည်။

မိုးလေသက်သာသော အရပ် မျက်နှာ၌ အိမ်ဖွဲ့ခြင်း၊ ပျားများ၏ သဘာဝအသိဉာဏ်ဖြင့် ဘေးကင်းရာ၌ စွဲခြင်းဖြစ်သော်လည်း စေတီတော်၏ အရှေ့နှင့် မြောက်ဘက်တို့တွင် အဝင် လမ်း တစ်လမ်းစီရှိလေရာ ဘုရားဖူး ပရိသတ် စည်ကားမည့်နိမိတ်ဟုလည်း ယူဆနိုင်ပေသည်။

## ဝတ်ပြုပူဇော်ခြင်း

လိုဏ်အပေါ်ထပ်မှ ပြန်ဆင်းလာ ကာ ဂန္ဓကုဋီအတိုင်း ရုပ်ပွားတော်ကြီး အား ဝတ်ပြုကန်တော့၍ တရားအသိ ပေးသော ဆရာ၏ လမ်းညွှန်မှုအတိုင်း ပဋ္ဌာန်းဂုဏ်တော်ကွန်ချာကို နှလုံးသွင်း ပူဇော်ဖြစ်ခဲ့သည်။

ယခုတစ်ကြိမ် ရောက်ရှိ ပူဇော်မှု တွင်ကား ကြောင့်ကြဖွယ် အထွေ အထူး မရှိပါ။ ကျန်းမာပြည့်စုံစွာ ဖြင့် သာသနာအကျိုး တတ်အားသမျှ ဆောင်ရွက်ခွင့်ရစေရန်သာ ဆု တောင်းမိသည်။

**ရွှေဒါး**–ဟူသော ဒေသပညတ်တွင် **“ဗုဒ္ဓဟူး၊ စနေ” “လံတေ”** ဓာတ် ဆောင်သည့်အပြင် ဂြိုဟ်သက်ပေါင်း ပါက**၁၇+၁၀=၂၇** နဝင်းဆောင်သည်။

စေတီအမြင့်(၉၉)တောင်ကလည်း ဝဂ္ဂုတ္တမနဝင်းဖြစ်သည်။

ထို့ကြောင့် နဝင်းထပ်၍ အမြတ်ဆုံး ထားသော စေတီတွင် ပဋ္ဌာန်းဂုဏ် တော်ပူဇော်ခြင်းဖြင့် အကောင်းပေါ် အမြတ်လောင်းခြင်းဖြစ်သည်။


ပဋ္ဌာန်းပစ္စည်းတစ်ပါးလျှင် ဘုရား

www.burmeseclassic.com



◆ ဓမ္မာသိမ်

◆ အမတော်နန်း



များကို လှမ်းမြော်ကြည့်ရှုနိုင်သည်။

## ပူဇနီယပွဲတော်

ရွှေဒါး မဟာဗောဓိစေတီတော် ပူဇနီယပွဲတော်ကို နှစ်စဉ် ပြာသိုလဆန်း(၁၄)ရက်မှ လဆုတ်(၃)ရက် အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။ ဝန်းကျင်၌ **"ရွှေဒါးဈေးညောင်ကိုင်း။ ရွှေဒါးသာစည်၊ ရွှေဒါးညောင်ထောင့်၊ ရွှေဒါးဆည်တွင်း။ ရွှေဒါးငွေးကုန်း"**ဟူ၍ ရွှေဒါးငါးရွာ ရှိသည်။

ရွာအသီးသီးတွင် ကိုးကွယ်ပူဇော်သော စေတီများရှိ၍ ရွာအလိုက် တာဝန်ယူ၍ ဘုရားပွဲတော်များ ကျင်းပလေ့ ရှိသည်။

သို့သော် ရွှေဒါး ပေါ်တော်မူစေတီပွဲတော်တွင်ကား ရွှေဒါးရွာအားလုံးမှ စုပေါင်း တာဝန်ယူကြရသည်။

ရမည်းသင်းမြို့နယ်တွင် အစည်ကားဆုံးသော ဘုရားပွဲတော်တစ်ခု ဖြစ်သည်။ ဖျော်ဖြေရေး ဇာတ်သဘင်အဖွဲ့ နှစ်ဖွဲ့ ဆက်တိုက်ဖျော်ဖြေ၍ ပွဲတော်လာ ပရိသတ် အလွန်များပြားသော်လည်း ခိုက်ရန် ဖြစ်ပွားမှုမရှိဟု သိရ

ဂုဏ်တော်(၉)ပါးစီ ယှဉ်တွဲပူဇော်ခြင်းဖြစ်ရာ ၂၄ ပစ္စည်း ×၉ = ၂၁၆ = ၉ နဝင်းဆောင်သောကြောင့် ဖြစ်၏။

## အခြား ကြည့်ညိုဖွယ်များ

စေတီတော် ဂန္ဓကုဋိတိုက်မှ ပြန်



www.burmeseclassic.com

www.burmeseclassic.com





[illegible]

[illegible]

ထွက်လာကာ အရှေ့ဘက်ရှိ ဓမ္မာရုံ တွင်း ဝင်ရောက်လေ့လာသည်။ ခေါင်းရင်းဘက်တွင် ပဥ္စဝဂ္ဂီငါးဦးနှင့် ဓမ္မစကြာ ဟောကြားနေဟန် ရုပ်ပွားတော်ကို ဖူးမြော်ရသည်။

ဓမ္မာရုံအတွင်း၌ ပန်းတော့ဆရာ တစ်စု ရွှံ့စေးများဖြင့် ရုပ်တု၊ ရုပ်ပွားများ ပုံဖော်နေကြသည်။ မဟာဗောဓိစေတီ လိုဏ်အတွင်း နံရံတွင် ပူဖော်ထားရှိမည့် ရုပ်ပွားရုပ်တုများအတွက် ပုံစံပြုလုပ်နေကြခြင်းဖြစ်သည်။

ယင်းကို ပလတ်စတာဖြင့် ပုံစံခွက်လောင်းကာ မှုပွားထုတ်ယူမည် ဖြစ်ကြောင်း သိရသည်။ လူငယ်ပိုင်းသာရှိသော်လည်း ကျွမ်းကျင်၍ လက်ရာ မြောက်လှသည်ကို တွေ့ရသည်။

သူတို့ပြုလုပ်ပြီးသမျှ အတွင်းမှ တင်ပျဉ်ခွေရုပ်ပွားပုံစံတစ်ခုကို မှတ်တမ်းပြု တင်ပြလိုက်ပါသည်။

စေတီလိုဏ်အတွင်း ပူဖော်ပြီးသော ရုပ်ပုံအချို့ကို မြင်တွေ့ခဲ့ရသော ကျန်သောနေရာများ၊ လေးဘက်ထောင့်စေ့

ငှအောင် ပူဖော်ထားရှိမည် ဆိုသေ သည်။


ဤဓမ္မာရုံကို ၁၃ရ၁ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးကြောင်း ကမ္ပည်း မှတ်တမ်းထားရှိ၏။

ထိုမှ မြောက်ဘက်တွင် ခဏ္ဍသိ တော်ရှိ၍ ၁၃၆၂ ခုနှစ် ပြီးစီးသည် တွေ့ရ၏။ မြောက်ဘက်အစွန်း သာလာယံဇရပ်ကြီးကား ပွဲတော် ကာလတွင် လာသမျှ ပရိသတ်တို့အား ညည်ခံကျွေးမွေးရာ ထမင်းကျွေးဆော ဖြစ်သည်ဆို၏။

အလွန်ပင် ကျယ်ဝန်းလှသော ဤ ဇရပ်အတွင်း နံနက်လင်းသည်မှ မှော ရီပျိုးစအချိန်အထိ ပရိသတ်အ မပြတ် ရှိ၏။

ညပိုင်းတွင်ကား ကျွေးမွေးမှု အ အစဉ်ကို ရပ်နား၍ လူငယ်လူလတ်ပိုင်း

www.burmeseclassic.com



စေတီအနောက်မှ ရှုခင်းများ

ကာ ပွဲကြည့်ပွဲလည်ထွက်ကြကာ ကြီးပိုင်းများမှာ အနားယူကြရလေ ည်။

## အမတော်နန်း

သာလာယံဇရပ်၏ အနောက်ဘက် ဝင်လမ်းမတစ်ဖက်တွင် အမတော် ရှိသည်။ ရမည်းသင်းမြို့၏ အရှေ့ ယွန်း။ ရွှေမြင်တင်တောင်၏ တောင်ယွန်းယွန်းတွင်ရှိသော နတ်တောင်ခေါ် ရွှေနတ်တောင်စောင့်နတ် ဒေဝီဖြစ်သည်။

နန်းအတွင်း၌ နတ်ဒေဝီရုပ်တုကို တွေ့ရသည်။ ဆရာတော်ဦးသုန္ဒရသည် အတိတ်ဘဝက အစ်မ တော်စပ်၍ ကျေးဇူးရှိခဲ့ဖူးသဖြင့် အစ်မတော်၏ တောင်းပန် လျှောက်ထားချက်ကို လက်ခံကာ ရွှေနတ်တောင်တွင် တောရဆောက်တည်လျက် သာသနာပြုတော်မူခြင်း ဖြစ်သည်။

၁၃၂၂ ခုနှစ်တွင် စတင်၍ သက်လွတ်ဘုဉ်းပေးကာ စတင် သာသနာပြုစဉ်က စေတီငယ်နှင့် ဇရပ်အိုတစ်ဆောင်သာရှိခဲ့ရာမှ စေတီပုထိုး သာသနိက အဆောက်အအုံများ စည်ပင်ပွားများအောင် ဆောင်တော်မူခဲ့သည်။

ထို့ကြောင့် ရွှေဒါးမဟာဗောဓိကုန်းတော်တွင် သာသနာပြုသောအခါ၌လည်း အစ်မတော်ကို ရည်စူး၍ ဤသို့ နန်းဆောက်လှူဒါန်းပေးကြောင်း သိရသည်။

သမ္မာအာဇီဝ လုပ်ငန်းများအတွက် ဆုတောင်းပြည့်၀၊ အဓိဋ္ဌာန်အောင်မြင်ကြသဖြင့် အစ်မတော် နတ်ဒေဝီရုပ်တုတွင် ဝတ်စားတန်ဆာများ လာရောက်လှူဒါန်းလေ့ရှိသည်ဟု ဆို၏။ ရောင်စုံပန်းများ စိမ်းလန်းဝေဆာစွာ ပူဇော်ထားကြလေသည်။

## ဆရာတော်၏ ဩဝါဒ

ပရိယတ်၊ ပဋိပတ်အရာတွင် ရဟန်းထူးတစ်ပါးအဖြစ် ကျော်ကြားတော်မူသော ဆရာတော်ဦးသုန္ဒရ၏ ရွှေဒါးမဟာဗောဓိကုန်းတော်တခွင် လေ့လာကြည့်ညိုမှုခရီးစဉ် ပြီးမြောက်ပြီ ဖြစ်၍ နိဂုံးချုပ် ပူဇော်သည့်အနေဖြင့် ဆရာတော်၏ ဩဝါဒအချို့ကို ဖော်ပြလိုက်ပါသည်။


'ဆရာတော်အား ဖူးတွေ့ရစဉ်က **"ဘယ်နည်းနဲ့ အားထုတ်ပါသလဲ"** ဟု မေးလျှောက်သောအခါ...

'ဘုရားနည်းနဲ့ပဲ အားထုတ်ပါတယ်။ စွန်းလွန်း၊ ထေရ မဟာစည်အားလုံးဟာ မြတ်စွာဘုရားပေးတဲ့ နည်းနာနိ ယအတိုင်း အတုတုယူပါ။ ဘုရားတစ်ဆူတည်းမို့ ဟိုမှသည်မှ ခွဲခြားပြီး ဝိဝါဒ ကွဲပြားမနေသင့်ပါဘူး' ဟု မိန့်တော်မူသည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



◆ အမှတ်တရ ကြေးစည်နှင့် ဆည်းလည်းများ

အောက်ပါအတိုင်း ရေးမှတ်စေ၍ ဓမ္မဒါန ပြုတော်မူလေသည်။

❖ မိမိဘဝရပ်တည်မှုအတွက် အကောင်းဆုံးသောလမ်းသည် "ဒါန"။

❖ ဘဝသံသရာတစ်လျှောက် သက်ရှည်ကျန်းမာအနာရောဂါကင်းစေသောလမ်းသည် "သီလ"။

❖ ဘဝတိုင်း စိတ်ဆင်းရဲမှု အမျိုးမျိုးမှ လွတ်ကင်းစေသောလမ်းသည် "သမထဘာဝနာ"။

❖ ဘဝသံသရာဝဲဩဃမှ ကျွတ်လွတ်စေရန် အကောင်းဆုံးသော လမ်းသည် "ဝိပဿနာ ပညာ"

ဤလမ်းလေးသွယ် သဒ္ဓါကြွယ်ကာ စွန့်ပယ်ကာမ နည်းလမ်းကျလျက် နှစ်ဝရုပ်နာမ် ဖြစ်ပျက်ဉာဏ်ကို ကြိမ်ဖန်များစွာ အားထုတ်ခြင်းဖြင့် ဓမ္မသောင်ကမ်း နိဗ္ဗာန်နန်းကို တက်လှမ်းနိုင်ကြမည်သာတည်း။

နှုတ်ဆက်ဂါရဝ

ကုန်းတော်မှ ပြန်လည်ထွက်ခွာရန် စေတီတော်ကြီးအား ဝင်ရောက်ကန်တော့သောအခါ ဦးဘအောင်နှင့် ဆုံတွေ့ နှုတ်ဆက်သည်။

သူ၏ အကြံပေးချက်အရ စေတီတော် အနောက်ဘက်ကပ်လျက်တွင် ရှိသော ရက္ခစိုးနတ်ကွန်းသို့ သွားရောက်ဖြစ်သည်။

ရက္ခစိုးနတ်မင်းမှာ တင်ပျဉ်ခွေထိုင်လျက် တရားဘာဝနာ ရှုမှတ်နေပုံ သွန်းလုပ်ထားသည်။ အသက်အားဖြင့် ကြီးဖြင့်မှု ဝရုဝတ္တိ အလေးထားကာ ဂါရဝပြုလျက် ရှေ့သို့ ဆက်သွားမည့် ခရီးလမ်းအေးချမ်း အဆင်ပြေစေကြောင်း ဆုတောင်းခဲ့သည်။ လမ်းခရီး အဆင်ပြေရေးသာမက ကျန်းမာရေး အတွက်လဲ ဆုတောင်းပြည့်သည်ဟု ဆိုကြသည်။

ထိုမှ စေတီရင်ပြင် အရှေ့မြောက်ထောင့် အရံတံတိုင်းအတွင်း **တန်းစီချိတ်ဆွဲ ထားသော ကြေးစည်နှင့် ဆည်းလည်းများကို လက်ဖြင့် ထိခတ်ကာ ဤ ပူဇော်မှုနှင့် ပြုပြီး** သမျှ ကောင်းမှုတို့ကို ဝေနေယျ အားလုံးသို့ အမျှ ပေးဝေခဲ့သ သည်။

အချင်းချင်း ထိခတ်၍ ထွက်လာသော အသံက နားဝင် ဆ နေသည်။ မုံရွ အနောက်ဘက်ရှိ အ လောင်းတော်ကသ အဓိဋ္ဌာန် ရေတွင် အနီး တန်ဆောင်းတွ လည်း ဤကဲ့သ ဆင်တူစွာ ကြေးစည်များ စီတန်းထာ ကာ တစ်ဆက်တည်း ရိုက်ခတ် အမ ပေးဝေရသည်ကို တွေ့ခဲ့ရဖူးသည်။

ပဋ္ဌာန်းမောဒနာပြု၍ သာဓု ခေါ်ကြ ပါရန် နိုးဆော်သောအသံဖြစ်၍ တစ်ဆက်တစ်စပ်တည်း ထွက်ပေ လာခြင်းက အတူ အမျှရပါစေ အထူးပြု ညွှန်းဆိုသည်ဟု ယူဆဖွ ရှိပေသည်။

အကြောင်းရင်းအမှန်ကိုမူ စီ ဆောင်ရွက်တော်မူခဲ့သော ဆရာတော် အရှင်သုန္ဒရသာလျှင် မိန့်ကြားနိုင်ပေ မည်ဟု တွေးတောလျက် ရွှေဒါး မဟာ ဗောဓိကုန်းတော်မှ နှုတ်ဆက် ထွက်ခွာ ခဲ့လေသည်။

ဘုန်းကျော်စွာ

(မြိုင်တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင်

(ရွှေမြင်ဆောင်းပါး)

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို ဆောင်

"ဆရာကို တွေ့မှတွေ့ပါ့မလားလို့"

"အော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား၊ လာဗျာ ထိုင်"

"ဆရာကို အကူအညီလေး တောင်းချင်လို့"

"ရပါ့ဗျာ. . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေးလံ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံခဲနေတယ် ဆရာ။ ဒါ ဘာဖြစ်လို့များလည်းလို့ပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံနေမယ်။ မျက်လုံးမျက်ခွံတွေ လေးနေမယ်။ တစ်ကိုယ်လုံးလေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့ဗျ"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် ကျန်းမာဘူးဆိုတာကို သိချင်ရင် ဆီး,ဝမ်း,လေ, ချွေးလို့ ခေါ်တဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက အဲဒီမလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ ခေါ်တဲ့ ဓာတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Con-struction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ ဆိုလေးအပင်သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဖြစ်ဘူး၊ ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေတာ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်းတို့ပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီးလိုက်တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ်တွေဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲ လည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် ခေါင်းကိုက်တာ၊ ခေါင်းအုံတာ၊ ဇက်ကြောတက်၊ နောက်ကြောတက်တာ၊ မျက်လုံးမျက်ခုံးများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ်ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး, ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ၊ ဒါကြောင့် ရှေးကသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့၊ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခံတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျှောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါအဆင့်ပေါ်လွင်နေတော့ အများက သတိထားမိကြတယ်ဗျ၊ ဝမ်းချုပ်၊ စမြင်းခံတဲ့အခြေအနေကိုတော့ အမှုမဲ့၊ အမှတ်မဲ့နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလအညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက်ရှိ ခိုအောင်းအပြစ်ပြု ရာကစလို့ စောစောကပြောခဲ့တဲ့ သာမန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအပြင် ကုသ

www.burmeseclassic.com

## ဆီးဝမ်းမှန်၍ လေလည်းရ အဆီကျလို့ အကြောလည်းပြေတဲ့ မြင့်မြန်မာ ဝမ်းမှန်ဆေး . . .

ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့တန်တန်ထားတဲ့ ဒီဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"ဒါဆို နေ့စဉ် ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ဝမ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ် ပေါ့ပါးကျန်းမာအောင်အတွက်ကတော့ ရော့. . ဒီမှာ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေးကို** သုံးစွဲပေးပေါ့ဗျာ"




"ဒီမြင့်မြန်မာအကြောပြေဝမ်းမှန်ဆေးရဲ့ အာနိသင်ကို လည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးရဲ့ အစွမ်းက တော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့, ခေါင်း ကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကိုက်ခဲ ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ် ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်ခြင်း၊ အ အပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ် ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ် ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများ ခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီး ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက် ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ် အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါ် ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများ ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် မှန်ကန် ပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ် ဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲ ခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာ ပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ် **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည် ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံး နိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေ အောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ဆေး ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**
အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း
မြောက်ဥက္ကလာပ၊ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၄၃၁၉၇၂

---



www.burmeseclassic.com

www.burmeseclassic.com



◆ အသက်ရှိနေစဉ် တွေ့မြင်ရပုံ

သာထက်ဇော်
(မကွေး)

ထူးဆန်းသည့်

# ကျောက်ဖြစ်ရုပ်ကြွင်း ကာဗီတာ



◆ ကျောက်ဖြစ်မှ တွေ့မြင်ရပုံ

တစ်နေ့သော အခါသမယတွင် ကျွန်တော်သည် မကွေးမြို့နယ်၊ ...ကွန်းအုပ်စုအတွင်းရှိ အိမ်ခြေ(၇၀)ခန့် သာယာကုန်းရွာကလေးသို့ ...သည်တစ်ခါက် ရောက်ခဲ့ပြန်လေသည်။

ထိုရွာကလေးသည် ကျွန်တော်၏ ...တိချက်ကြွေ မွေးရပ်မြေလည်း ဖြစ်သည်။ ရွာရှိ ရွာသူရွာသားအများစုသည် တောင်သူအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းကြသည်။ အနည်းငယ်မျှသာ ဝန်ထမ်းအလုပ်၊ ကျပန်းအလုပ် လုပ်ကြပေသည်။

ထို သာယာကုန်းရွာကလေးတွင် ဦးအောင်ကြည်ဝင်း + ဒေါ်စန်းတင့်တို့ ...သားစု နေထိုင်ကြသည်။

ဦးအောင်ကြည်ဝင်းသည် ပျော်ပျော်...နေတတ်ပြီး တောင်သူအလုပ် လုပ်...ကိုင်၏။ သူ၏ဇနီး ဒေါ်စန်းတင့်မှာမူ ...သားအေးချမ်းစွာ နေတတ်သော ...သည်တစ်ဦးဖြစ်သည်။

ကျွန်တော် ရွာသို့ ရောက်သွားချိန်





www.burmeseclassic.com

www.burmeseclassic.com



▲ ဘေးတိုက်အနေအထား တွေ့မြင်ရစဉ်

▼ ဘေးတိုက်အနေအထား တွေ့မြင်ရစဉ်



▼ အတွင်းဘက် အနေအထား တွေ့မြင်ရစဉ်



သည့် ပြေလ၏ နေ့လယ်ခင်း (၁၀
နာရီခန့် ဖြစ်သဖြင့် နေသည် အငြိုးကြ
စွာ ပူလွှန်းလွန်းလှသည်။

'ဗျို့ တောသားတစ်ဝက်၊ မြို့သာ
တစ်ဝက် စာရေးဆရာ ဗေဒင်ဆရာ
ကျုပ်တို့ တောကို စာရေးဖို့ ကုန်ကြ
လာရှာပြန်ပြီလား'

ဟု ရှာအဝင် တံခါးမကြီး
အရောက် နွားလှည်းပေါ်ကနေ လှ
အော်ပြောလိုက်သူက ဦးအောင်ကြ
ဝင်း…

'ဆိုပါတော့ အစ်ကိုကြီးရာ ထူး
ဖြစ်ရပ်လေးတွေရှိရင်ကြားရင် အ
ပေးပါဦး'

ဟု ကျွန်တော်က သူ့ကို ပြန်ပြေ
လိုက်၏။

'ကဲ… ဒီလိုဆိုရင် စာရေးဆ
အကြိုက် ရေးကွက်ကောင်းကောင်
ဟောဒီမှာ'

ထိုသို့ ဦးအောင်ကြည်ဝင်း
ပြောရင်း အမျိုးအမည် ခွဲခြား
သော ပစ္စည်းတစ်ခုကို ကိုင်မြှောက်
သည်။ ထို့နောက် သူ့အိမ်သို့ လာခဲ့
မှာကြားကာ လှည်းကို အပြင်းမော



www.burmeseclassic.com

www.burmeseclassic.com

သွားလေ၏။

ထို့ကြောင့် ကျွန်တော့်မှာ ကိုယ့်နှင့်သူ လင်နောက်လိုက်သွားသလို အေနာတစ်ရပ် ခံစားရင်း ပါးစပ်ဆောင်းလောင်းဖြင့် ကျန်နေခဲ့တော့သည်။

ညနေရောက်သောအခါ ကျွန်တော်သည် ဦးအောင်ကြည်ဝင်းအိမ်သို့ ရောက်သွားခဲ့လေ၏။

ဦးအောင်ကြည်ဝင်းက လွယ်အိတ်တစ်လုံးဖြင့် ကျစ်လျစ်သိပ်သည်းစွာ ထုပ်ပိုးထားသော ကျောက်ဖြစ်ရုပ်ကြွင်း(အမျိုးအမည်မသိ သတ္တဝါတစ်ကောင်ကောင်၏) ကလီစာတစ်ခုကို စားပွဲခုံပေါ် ချပြလာသည်။

ကျွန်တော်သည် ထိုကျောက်ဖြစ်ရုပ်ကြွင်း ကလီစာလေးကို ထောင့်စုံတက်စုံကနေ လှန်လှောကြည့်ရှုသည်။

တစ်စုံတစ်ယောက်သော သူသည် ဤကျောက်ကလီစာလေးကို တစ်နေရာတွင် ချထားပါက တကယ့် အသား(သို့မဟုတ်) အသားတစ်တစ်ခုဟု ထင်လိမ့်မည် မလွဲဧကန်တည်း။

ကျွန်တော်သည် အသင့်ပါလာသော ပေကြိုးဖြင့် တိုင်းယူလိုက်ရာ အလျား(၄.၅)"၊ အနံ(၃)"၊ လုံးပတ်(၁၁)" ရှိသည်ကို တွေ့ရပေသည်။ အလေးချိန်အားဖြင့် (၁၀)ကျပ်သားခန့် ရှိမည်ဟု မှန်းဆရသည်။

'ကိုကြီးရေ ဒီကျောက်ကလီစာလေးကို ဘယ်ကဘယ်လို ဘယ်ပုံရခဲ့တာလဲပြောပြပါဦး'

'ဒီလို စာရေးဆရာရေ ဒီမနက် ကျုပ်ယာထွန်ရင်း ထွန်တုံးနဲ့ မလွတ်တဲ့ သစ်မြစ်ငုတ်တစ်ခုကို တူးရာကနေ ရခဲ့တာပဲ။ မကွဲမကျိုးဘဲ ရခဲ့တာကတော့ ကျုပ် ကံကောင်းတာပေါ့နော်'

'ကိုကြီးအနေနဲ့ ဒီကလီစာဟာ ဘယ်လိုသတ္တဝါရဲ့ ကလီစာလို့ ထင်လဲ'

'မထင်တတ်ပါဘူး စာရေးဆရာရယ်၊ ဒါပေမယ့် စောစောလေးက မကွေး ဆေးတက္ကသိုလ်ကျောင်းသားတွေကို ကြုံလို့ ပြကြည့်တော့ ခြေလေးချောင်း သတ္တဝါတစ်ကောင်ကောင်ရဲ့ ကလီစာတဲ့။ ဘယ်သတ္တဝါဆိုတာတော့ တပ်အပ်မပြောနိုင်ဘူးတဲ့။

အဲဒါကို စာရေးဆရာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ရေးဖြစ်အောင် ရေးပါဗျာ။ သိတဲ့လူရှိရင်လဲ ပြန်လည်ရေးသားပေးပို့ပါလို့ ထည့်ရေးဗျာ။

နောက်ပြီး ခင်ဗျားတို့ သုံးနေတဲ့ အင်တာနက်တို့၊ ဖေ့ဘုတ်တို့၊ ဘာတို့ ညာတို့မှာလဲ ကြော်ငြာပေးဗျာ။ ခင်ဗျားကျေးဇူး ကျုပ်မမေ့ပါဘူး'

'ဟုတ်ကဲ့ပါ ကိုကြီးရာ'

ထိုသို့ ပြောဆိုရင်း ကျွန်တော်သည် အသင့်ပါလာသည့် ကင်မရာဖြင့် ဓာတ်ပုံများ ရိုက်ယူခဲ့လေတော့သတည်း။

**[ဤဆောင်းပါးအတွက် ကူညီမှုပေးခဲ့သည့် ဦးအောင်ကြည်ဝင်း+ဒေါ်စန်းတင့်တို့ မိသားစုအား အထူးကျေးဇူးတင်ရှိပါကြောင်း...]**

*မွှော ဟဝေ ရက္ခတိ ဓမ္မစာရီ*

**သာထက်ဇော်(မကွေး)**

စာမျက်နှာ (၁၄၂)မှ အဆက်

ပြီး ဖြစ်သောကြောင့် အားကျမိ ချီးကျူးမိပါသည်။ စာရေးသူ နောက်တစ်ပတ် မြွေမော်တက်သွားရာတွင် သူငယ်ကို မမြင်တော့ပါ။ သူများ၏ သားမယားနှင့် မှားမိသောကြောင့် ကုသ၍ မရတော့ကြောင်း ထမ်းနည်း ကြားခဲ့ရပါသည်။

မြွေမော်အောင်မြင်ပါက ယခု နောက်ပိုင်းတွင် ဆရာဟု၍ ထပ်၍ တက်ပေးပါသည်။ (ငွေကြေးကုန်ကျမှု မရှိပါ) စာရေးသူလည်း တက်ထားပါသည်။

သို့သော် တစ်ခါက ငှက်ဖျားလိုလို ဖြစ်လာ၍ ငှက်ဖျားနှင့် အရက် စပ်၍ သောက်မိသောကြောင့် နောက်မိခါ မြွေမော်ပြန်တက်ဖို့ လုပ်မှ ဖြစ်မည်ဟု ထင်ပါသည်။ သုဂုရ ခုနှစ် ကဆုန်လဆန်း(၁) ရက်နေ့က ဇနေနေ သော်လည်း မြွေမော် မတက်နိုင်ခဲ့ပါ။ (မိုးကုတ် တရားစခန်း ဝင်နေသောကြောင့် ဖြစ်ပါသည်။)

လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောနေရာမှ လူများ မြွေမော်တက်ထားဖို့ သင့်ပါသည်။

**သံပုရာခုံရွာသို့ သွားလိုပါလျှင်...**

မင်းလှ၊ မိုးညို၊ ရေကာင်း လမ်းအတိုင်း ကားစီးပြီး လာနိုင်ပါကြောင်း။

**အသေးစိတ် ထပ်မံသိလိုပါက...**

စာရေးသူထံ ဖုန်းဆက် မေးမြန်း စုံစမ်းနိုင်ပါသည်။

**၀၉-၅၅၂၁၈၆၉၄၇ ဦးစိုးလင်း(စိုးလင်းအောင်-မြစ်အောင်)**

**သမ္မာအနေ မြည့်ကြပါစေ**

**စိုးလင်းအောင်(မြစ်အောင်)**

www.burmeseclassic.com

www.burmeseclassic.com



ဓိုးလင်းအောင်
(မြန်အောင်)

သံပုရာခုံကျေးရွာမှာ

# မြွေမှော်ပညာ သင်ရိုးချင်

**၂၀၁၄ ခုနှစ်၊ မေလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် မခိုင်ဝါ (မြန်အောင်)၏ ပန်းတနော်နယ်၊ ဇလုပ်ငှကျွန်းမှ မြွေမှော်ပညာဆောင်းပါး**ကို ဖတ်လိုက်ရပါသည်။

မခိုင်ဝါ(မြန်အောင်)ကို သိချင်၊ တွေ့ချင်၊ မြင်ဖူးချင်ပါသည်။ လက်လှမ်းမီသလောက် မြန်အောင်မှ စာရေးဆရာများကို စုံစမ်းသော်လည်း ကျောင်းဆရာမဖြစ်ကြောင်းသာ သိရပြီး ဘယ်မှာနေသည်ကို တိတိကျကျ မသိရပေ။

မြန်အောင်မှ ရေးဖော်ရေးဘက် စာရေးဆရာများကို စာရေးသူ ခင်မင်ရင်းနှီးပါသည်။ မခိုင်ဝါကိုတော့ ယခုထက်ထိ မသိသေးပါ။ ယခု မခိုင်ဝါ၏ မြွေမှော်ပညာကို ဖတ်လိုက်ရသော အခါ ပို၍ပင် တွေ့ချင် ရင်းနှီးချင်ပါသည်။

အဘယ်ကြောင့်ဆိုသော် မခိုင်ဝါ၏ ဇလုပ်ငှကျွန်းမှ မြွေမှော်ပညာနှင့် စာရေးသူတက်ခဲ့သော သံပုရာခုံရွာမှ မြွေမှော်ပညာတို့သည် ခပ်ဆင်ဆင် တူနေသောကြောင့် ဖြစ်ပါသည်။

ထို့အပြင် ဂါထာမှာ ခပ်ဆင်ဆင် တူသလို စာရေးသူအား တက်ပေးခဲ့သော **မြွေမှော်ပညာရှင်(ဆရာတော်)** မှာ ပန်းတနော်ဇာတိဟု သိရသောကြောင့် ဖြစ်သည်။

တစ်နေရာတည်းမှ တစ်ဆရာတည်းသာဆိုလျှင် ဂါထာမှာ "သည်၊ ၏"မလွဲ တူရပေမည်။ သို့သော် အနည်းငယ် ကွဲလွဲချက်များ တွေ့ရှိရပါသည်။

မခိုင်ဝါပြောသော ဆရာ၏ သိဒ္ဓိတင်ဂါထာမှာ **"ဥုံ ဥပဝ ရသသနစ ဗုဒ္ဓေါ၊ မဟာဥပဝ ရသသနစ ဗုဒ္ဓေါ၊ ဗုဒ္ဓေါမေ၊ သတ္တပါကာရော ဟောတု သွားဟ"**ဖြစ်ပါသည်။

စာရေးသူတက်ခဲ့သော မြွေမှော်ပညာ သိဒ္ဓိတင်ဂါထာ(ဆရာတော်ကိုယ်တိုင် ရေးပေးလိုက်သည်)မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

'ဥုံ ဥပဝရ နသ ဗုဒ္ဓေါ မဟာဥပဝရ နသဗုဒ္ဓေါ ဗုဒ္ဓေါ မေသတ္တပါကာရော ဟောတု သွားဟ'

ဖြစ်ပါသည်။

ဂါထာ၏ အနက်အဓိပ္ပာယ်ကို မသိခဲ့ရပါ။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ အဓိပ္ပါယ်ပြန်ဆိုပေးလျှင် ဂါထာ ရွတ်ဖတ်ရကျိုးပို၍ အစွမ်းထက်မည်ဟု ထင်ပါသည်။

သို့သော် လောကီဂါထာမန္တန်တို့သည် တိတိကျကျ အနက်ပြန်ဆို၍ မရကြောင်းကို ရှေးဆရာတော်ကြီးများနှင့် ပညာရှင်များက မိန့်ကြားထားကြောင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဖော်ပြထားသောကြောင့် အနီးစပ်ဆုံး အနက်ပြန်ဆိုပေးလျှင်တော့ ကောင်းမည်ဟု ထင်ပါသည်။

**ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ သံပုရာခုံကျေးရွာသည်** မင်းလှ၊ မိုးညို ရောက်၊ ပတ္တော်၊ ဆင်မနိုင် ကားလမ်း ပေါ်တွင် တည်ရှိပါသည်။

သံပုရာခုံရွာသည် တစ်ချိန်က ဧရာဝတီမြစ်ဘေးတွင် တည်ရှိနေပြီး ကမ်းပြိုမှုဒဏ်၊ မီးလောင်မှုဒဏ် အကြိမ်ကြိမ်ခံရပြီး ယခု မြစ်နှင့်ဝေး သော တာတွင်းသို့ ရောက်ရှိနေ သည်။

ကားလမ်းဘေးတွင် တော ကျောင်း၊ မြောက်ကျောင်းဟု ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း ရှိပြီး မြောက်ကျောင်းဆရာတော် ဦးဉာဏောဘာသသည် (၇)ရွာ သားသမီးတို့၏ အသက်အန္တရာယ် ကယ်ဆယ်လိုခြင်း အကျိုးငှာ မြွေကိုက် လူနာများကို ကုသပေးခြင်း၊ မြွေ (မြွေကိုက်သူကို ကုသပေးသော ပညာများကို မြန်မာလဆန်း(၁)ရက် စနေနေ့ဖြစ်လျှင် မည်သူမဆို ကျား လူကြီး၊ လူလတ်၊ ရဟန်းသံဃာမ သင်လိုသူအပေါင်းကို အခမဲ့သင်ကြား ပေးပါသည်။

**ရောက်ပြီးနှင့် နှစ်မိုင်ခန့်ဝေး** တချို့ ပိုက်ဆံတတ်နိုင်သူများ ဆရာတော်ထံတွင် ကုသခံယူမှု သော်လည်း ဆေးရုံသို့ ရောက် စစ်ဆေးရာ အဆိပ်လုံး ကြောင်း ခဏခဏ တွေ့ရကြ သည်။

ဆရာတော်ကလည်း စိတ်မချ ဆေးရုံများသို့ သွားရောက် စစ် ကုသရန် ခွင့်ပြုပါသည်။

သို့သော် ဆရာတော်ကုပြီး ကိုက်လူနာတို့ကို ဆေးရုံမှ ပြန် ကုသရသည်ဟု မရှိခဲ့ပါ။

သံပုရာခုံ တစ်ပတ်လည်ကျေး



www.burmeseclassic.com

www.burmeseclassic.com

များတွင် အင်းအိုင်၊ ချောင်းမြောင်းများ၊ ကိုင်းတောကြီးများ၊ သက်ငယ်ကျင်း၊ နှံလျှော်တောများ၊ စားကျက်မြေများ၊ သယ်မကျ၊ ကိုင်းမကျ ရောနှောနေသော ဒေသဖြစ်ခြင်းကြောင့် အဆိပ်ရှိသော မြွေများ အလွန်ပေါပါသည်။

မြွေပွေး၊ မြွေဟောက်များသာ အဓိကတွေ့ရပြီး မြွေကိုက်ခံရသူ(၁၀) ယောက်တွင် (၈)ယောက်၊ (၉)ယောက်သော မြွေပွေးများပါသည်။


သာမန်အားဖြင့် နံနက်ပိုင်း၌ မြွေများ၏ အဆိပ်အိတ်ထဲတွင် အဆိပ်အနည်းငယ်သာ ရှိသည်။ အချို့အဆိပ်လုံးဝ မရှိသေးပေ။ ထိုအချိန် အကိုက်ခံရပါက အသက်အန္တရာယ်နှင့် ဝေးနိုင်ပါသည်။

ညနေပိုင်းတွင် မြွေများ၏ အဆိပ်အိတ်ထဲတွင် အဆိပ်အပြည့်ရှိတတ်သည်။ ထိုအချိန်တွင် အကိုက်ခံရပါက အချိန်မီ ကုသမှုခံယူရပါမည်။ သို့မဟုတ်ပါက အသက်ဆုံးရှုံးသည်အထိ အန္တရာယ်ရှိပါသည်။

**ထို့ကြောင့် ညနေစောင်းတွင် မြွေကိုက်ခံရလျှင် ဆေးရုံဆေးခန်း (သို့မဟုတ်) မြွေကုသပေးသော နေရာသို့ အမြန်ရောက်ဖို့ အရေးကြီးပါသည်။**

မြွေအဆိပ်တက်မှုမှာ လူ၏ ခန္ဓာကိုယ်ထဲသို့ ဝင်သွားသော မြွေဆိပ်အနည်းအများအပြင် မြွေ၏ အသက်အောက်၊ အထီးအမ၊ အစာစားထားမှု ရှိမရှိ၊ တောင်ပို့တွင် ခိုအောင်းနေရာမှ ထွက်လာခါစ ဟုတ်မဟုတ်နှင့် တစ်ကောင်နှင့် တစ်ကောင် အဆိပ်ခွဲစည်းပုံ ကွာခြားမှု အနည်းအများတွင် မူတည်သေးသည်။

အဆိပ်ရှိသော မြွေကိုက်ခံရသူ



သည် ဒဏ်ရာကြီးသည် ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အချိန်မီ မကုသက သေနိုင်ပါသည်။

မြွေကိုက်လူနာ ရောက်လာပါက ဆရာတော်မှ အထက်ပါဂါထာဖြင့် ထန်းလျက်ကို အနည်းဆုံး (၇)ခေါက် မန်း၍ ကျွေးလျှင် ထန်းလျက်သည် သာမန်အရသာအတိုင်း ချို၍ နေပါက ဆရာတော်မှ ကုသပေးပါသည်

**ထန်းလျက်သည် ခါးခြင်း၊ ချဉ်ခြင်း၊ နင်ခြင်း၊ ဖြစ်နေပါက ဘေးအန္တရာယ် ရှိသည်ဟု ယူဆ၍ ဆေးရုံဆေးခန်းကို လွှတ်ပါသည်။**

လူနာရှင်က...

'တပည့်တော်တို့မှာ ဆေးရုံဆေးခန်းကို သွားရောက်နိုင်ဖို့ (ငွေကြေး) မတတ်နိုင်ပါ။ ဆရာတော်ကို အပ်ပါတယ်။ သေလဲ သူ့ကံ ရှင်လဲ သူ့ကံပါ ဘုရား။ အရှင်ဘုရားသာ ကုသပေးပါ'

ဟု အပ်လျှင် ဆရာတော်က ကုသပေးပါသည်။

ထန်းလျက်အရသာ ချိုသည်ဟု ပြောသော လူနာများကို ကုသရာတွင် အဖိတ်အစဉ် မရှိပေ။

ထန်းလျက် ခါးခြင်း၊ ချဉ်ခြင်း၊ နင်ခြင်း ဖြစ်သူများမှာ ဘေးအန္တရာယ်ရှိခြင်း၊ အချိန်လွန်မှ ရောက်ရှိခြင်းတို့ကြောင့် တစ်ယောက်စ၊ နှစ်ယောက်စတော့ ဆုံးပါးသည်ဟု သိရပါသည်။

မြွေမှော်ပညာသတင်းကို လွန်ခဲ့သော (၁၀)နှစ်ခန့်က စာရေးသူ ကြားရပါသည်။ ထိုစဉ်က မြွေကိုက်လူနာပေါင်း (၂၀၀)ကျော် ကုသအောင်မြင်သွားနေပြီဟု သိရသည်။

မြွေမှော်ပညာ သင်ကြားလိုသူသည် ကံ(၂)မျိုးကို အဓိကထား ရှောင်ရပါသည်။ **[မြွေမသတ်ရ၊ မြွေသား မစားရ]**သည့်အပြင် အရက်သေစာ သောက်စားခြင်းမှ ရှောင်ရခြင်း၊ သူတစ်ပါး လင်,မယားတို့အား မပြစ်မှားရခြင်းတို့ ဖြစ်သည်။ ***(နောက်ပိုင်းတွင် ကံ ၅ပါး စလုံး အတတ်နိုင်ဆုံး လုံအောင်ထိန်းဖို့ ပြောပါသည်။)***

မြွေမှော်တက်လိုပါက မြန်မာလ ကုန်ရက်(သောကြာနေ့) ညနေ(၇)နာရီ မထိုးခင် ကျောင်းသို့ အရောက် လာရပါမည်။ လက်ဖက်(၅)ကျပ်သား၊ ဖယောင်းတိုင်(၁)ထုပ်၊ (မတတ်နိုင်ပါက) ဖယောင်းတိုင် (၅)တိုင်၊ အမွှေးတိုင်(၁)ထုပ်(အသေး) ယူခဲ့ရမည်။

ငွေကြေးလုံးဝ အလှူမခံပါ။ ရပ်ဝေးမှ လူများကို ကျောင်းမှ စားရေး၊ သောက်ရေး၊ နေထိုင်ရေးကို တာဝန်ယူပါသည်။

ထိုညတွင် တစ်ညတာ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ရှိပါသည်။ ရွတ်ဖတ်ပူဇော်လိုသူများ စာရင်းပေးသွင်း၍ အလှည့်ကျ ရွတ်ဖတ်ရသည်။ (မရွတ်ဖတ်တတ်သူများ၊ မရွတ်လိုသူများ အဆင်ပြေသလို နေထိုင်နိုင်ပါသည်။)

ည(၇)နာရီခန့်တွင် ပါလာသော လက်ဖက်ထုပ်များကို လူနာမည်နှင့် နေရပ်ကို ရေး၍ ကန်တော့ပွဲထဲသို့ ထည့်ထားပါသည်။

ဖယောင်းတိုင်များကို မြတ်စွာဘုရား

www.burmeseclassic.com

နှင့် သာသနာစောင့်နတ်မင်းကြီးလေးပါးအား ပင့်ဖိတ်၍ ပူဇော်ပသသည်။

ညပိုင်းတွင် ဆရာတော်မှ မြွေမှော်တက်မည့်အကြောင်း နတ်မင်းကြီးတို့ကို တိုင်တည်ပါသည်။ မနက်(၄)နာရီတွင် ပဌာန်းရွတ်ဖတ်ပွဲသိမ်း၍ မြွေမှော်တက်မည့်သူများ ကန်တော့ပွဲထားရာ ကျောင်းဆောင်သို့ သွားရောက်ကြရသည်။

လူစုံသောအခါ ဆရာတော်က လူများအား ငါးပါးသီလပေး၍ နတ်မင်းကြီးတို့အား ယနေ့ စနေနေ့တွင် ကျွန်ုပ်တို့တစ်စု မြွေမှော်တက်မည့်အကြောင်း တိုင်တည်ပြောဆို၍ လက်ဖက်ထုပ်များကို နာမည်အတိုင်း ပြန်လည်ပေးပါသည်။

ထို့နောက် ကိုယ့်လက်ဖက်ထုပ် ကိုယ်ကိုင်၍ ဆရာတော်က အထက်ပါ ဂါထာကို အသံနေအသံထား ဌာနီကရိုဏ်းကျကျ တိုင်ပေးပါသည်။ နောက်မှ လိုက်ဆို၍ လက်ဖက်ထုပ်ကို (၃)ခေါက် သိဒ္ဓိတင်ပေးရပါသည်။

ပြီးနောက် ဆရာတော်မှ ယင်းလက်ဖက်ကို ယနေ့မှစ၍ (၇)ရက်တိတိ စားရမည်၊ (၆)ရက်နဲ့လဲ မကုန်စေနဲ့၊ (၈)ရက်လဲ မစားရ၊ စားလို့ လွယ်ကူအောင် (မမှားအောင်)ရ လုံး,လုံးထားဖို့ ပြောပါသည်။

ဒီနေ့မှစ၍ (၇)ရက်လုံးလုံး ဘာစားစား၊ ဘာသောက်သောက် ဥပမာ (ထမင်း၊ ရေ၊ ရေနွေး၊ အချိုရည်၊ ကွမ်း၊ ဆေး၊ ဆေးလိပ်)တို့ကို (၇)ခေါက်၊ အနည်းဆုံး (၃)ခေါက်မန်းပြီးမှ စားရသောက်ရမည်။ **(ကျောင်းမှာရှိသော စားသောက်ဖွယ်ရာအားလုံး မန်းထားကြောင်းလည်း ပြောပါသည်။)**

ထိုကဲ့သို့ (၇)ရက်လုံးလုံး မန်း၍ စားသောက်ပါမှ မြွေမှော်အောင်ပါသည်။

အကယ်၍ တစ်ကြိမ်တစ်ခါ ဂါထာဖြင့် မမန်းဘဲ စားသောက်မိပါက မြွေမှော်မအောင်မြင်ပါ။ **[နောက်ရက်များတွင် သတိရလျှင် မန်း၍ စား၊ မမန်းမိပါက ကိစ္စမရှိပါ။ (၇)ရက်သာ အဓိကဖြစ်သည်။]**

အထူးသဖြင့် ထမင်းပန်းကန်ထဲသို့ ထမင်းဟင်းစုထည့်၍ စားပါက ပို၍ အဆင်ပြေပါသည်။

သို့မဟုတ်ပါက ပထမ စားနေသော ထမင်းဟင်းများကိုသာ မန်းမိပြီး နောက်ထပ် ထမင်းဟင်းများကို သတိလက်လွတ်ဖြစ်တတ်ကြောင်း ခဏခဏ (လူတိုင်း)ကြုံကြရပါသည်။

သတိလက်လွတ်စားခဲ့မိသော် (၇)ရက် မပြည့်သေးလျှင် **"ငါတော့ မြွေမှော်မအောင်ဘူး"**ဟူ၍ စိတ်ဓာတ်မကျပါနှင့်၊ ကျန်သည့်ရက်များကို ဆက်၍ ဂါထာဖြင့် မန်း၍ စားသောက်ပါ။

တခြားသူကို ကုသ၍ မရတော့ပါ။ ကိုယ့်အတွက်တော့ လုံခြုံပါသည်။ တခြားသူကို ကုသ၍ မရသော်လည်း မြွေကိုက်လူနာ တွေ့ကြုံလျှင် လူနာကို ထိုင်စေ၍ ထိုဂါထာဖြင့် မန်းပေးပါက အဆိပ်တက်မှုကို ဟန့်တားစေနိုင်ပါသည်။

ထိုဂါထာမှာ မြွေအပြင်၊ ကင်း၊ ပင့်ကူ၊ ခူ၊ ငါးကျည်း၊ ပျားစသော အဆိပ်ရှိသတ္တဝါများ၏ အသက်အန္တရာယ်တွေ့ကြုံပါက ရေကို ထိုဂါထာဖြင့် မန်း၍ ထိုရေကို တိုက်ပေးခြင်း၊ ရေဖြင့် သပ်ချပေးခြင်းများ ပြုလုပ်ပေးပါက ခဏအတွင်း ပျောက်ကင်းကြောင်း လက်တွေ့သိရပါသည်။ **(ခွေးရူးကိုက်ခြင်းကိုတော့ မနိုင်ကြောင်းပြောပါသည်။)**

မြွေကိုက်လူနာကို စတင်ကုသရာတွင် ရေကို မတိုက်ပါ။ အုန်းရည်ကိုသာ တိုက်ပါသည်။ အစားအစာအားလုံး မန်းပြီးမှ စားစေသည်။

လူနာကို ခေါင်း၊ ရင်ညွန့်၊ ဗိုက်ပေါင်၊ ခြေဖျား စသည်ဖြင့် တစ်ဆင့်စီ မန်း၍ အဆိပ်ကို သပ်ချပါသည်။ **(လူနာကိုယ်တိုင် ယင်းရက်တွင် အရက်ကို ရှောင်ထားရပါသည်။)**

မြွေကိုက်လျှင် သိန်းဂဏန်းဝန်းကျင် ကုန်ကျသောခေတ်တွင် တချို့က တစ်ထောင်လောက်သာ လှူသူကိုလည်း တွေ့ရသည်။

ဆရာတော်ကလည်း ငွေကြေးလုံး မတောင်းခံရ၊ သူ သဒ္ဓါသလောက် (တတ်နိုင်သလောက်)သာ လှူတာ လက်ခံပါ။ မတတ်နိုင်လျှင် ကိုယ်က အမွေးတိုင်၊ ဖယောင်းတိုင်စိုက်၍ ကုသရမည်ဟု ပြောထားပါသည်။

မြွေမှော်တက်သော မနက်တွင် ဆရာတော်က မသိတာကို မေးမြန်းနိုင်ကြောင်း ပြောသဖြင့် စာရေးသူက...

'တပည့်တော်က သာမန်ပုထုဇဉ်တွေပါ ဘုရား။ သားနဲ့မယားနဲ့ ဆိုတော့ မီးနေခန်း ဝင်မိတာတို့၊ အသုဘထမ်းတာတို့ လုပ်လို့ ရပါသလား'

ဟု မေးသောအခါ...

'ရပါတယ်... မြွေမယုတ်နဲ့ မြွေသားမစားနဲ့ အရက်သေစာ သောက်စားခြင်း၊ သူတစ်ပါး သားမယား ပြစ်မှားခြင်းမှ ရှောင်ကြဉ်ဖို့သာ အဓိက ဖြစ်ကြောင်း'

ဟု ပြောပါသည်။

(...)ဆိုသူ ဆရာတော်၏ တပည့်တစ်ဦးမှာ မြွေကိုက်လူနာကုရာတွင် ဆရာတော်မှ မျက်နှာလွှဲထားရလောက်အောင် အောင်မြင်နေသူဖြစ်ပါသည်။ သူနှင့်လည်း ဆွေးနွေးဖူးပါသည်။ လူငယ်

(စာမျက်နှာ (၁၃၉) သို့)



www.burmeseclassic.com

www.burmeseclassic.com



စကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၇၀၁ YR ၀၀၆၀၂၇)




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၆၁၃ Y ၀၁၀၅၀၉)

**ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃**

"မမမျိုးရေ မမမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"ဪ ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"

"မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်းနာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"

"မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"

"ဪ ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျိုးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်ရှုံဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း။ လက်ဖဝါး ခြေဖဝါး

များ တင်းခြင်း၊ ကျိန်းခြင်း။ အဆစ်အမျက်...
ကိုက်ခဲနာကျင်ခြင်း။ ခြေဆစ်၊ လက်ဆစ်...
ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာ...
ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်...
ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျ...
ပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်...
ရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်...
၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားန...
နှေးကွေးခြင်း။ လက်မြှောက်မရခြင်း၊ ခါး...
ခါးတောင့်၊ ခါးကိုက်ခြင်း။ တင်ပါးခွက်ကြော...
ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြ...
ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း။ တံကော...
ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အော...
ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြ...
လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြော...
အကြောများ အားနည်းခြင်း၊ လေအားန...
ခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒ...
ခြင်း၊ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြ...
အရိုးအဆစ်အကြောနဲ့ လေးဖက်နာရော...
များကို သက်သာပျောက်ကင်းစေတဲ့ဆေး...
ဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်...
အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေး...
လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျ...
ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျော...
ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်...
သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေး...
ဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်"

**ဆရာမြင့်**


**စကြာမင်းတိုင်းရင်းဆေးတိုက်**

**အမှတ်-၈/၆၆၆၊ သုဓမ္မာလမ်းမကြီး၊
သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း-၅၂၂၅၄၁**



www.burmeseclassic.com

www.burmeseclassic.com



ပြည်မြန်မာမြောက်ဖျား ပူတာအိုဒေသမှ မရှော့ ခေါ်

# အဆိပ်ပြေဆေး

နှင့် သျှာအစ်အရင်

မောင်နွယ်ဟန်



မြန်မာနိုင်ငံမြောက်ဖျားပိုင်း ကချင်ပြည်နယ်၊ ပူတာအိုဒေသတွင် အလွန်ထင်ရှားသော မရှော့ ခေါ် အဆိပ်ပြေဆေးပင် ပေါက်ရောက်ပါသည်။ ကချင်တိုင်းရင်းသားဘာသာဖြင့် **မရှော့ဆီ** ရှ ခေါ်ပါသည်။

ထထမဆုံးသော ဆေးရွက်ကို စတင်တွေ့ရှိသူ / မရှော့ဒူးဝါးကို အစွဲပြု၍ မရှော့ဆီဟု ခေါ်ဆိုခြင်း ဖြစ်ပါသည်။ ၎င်းဆေးရွက် အစွမ်းသတ္တိကို စတင်တွေ့ရှိခဲ့သည့် ဇာတ်လမ်းကို ယနေ့တိုင် ပြောဆိုနေကြပါသည်။

## မရှော့ရွက်၏ အစွမ်းကို တွေ့ရှိပုံဇာတ်လမ်း

မြစ်ကြီးနားခရိုင် မြောက်ပိုင်းဒေသယ်မြေအသီးသီးကို အုပ်ချုပ်နေထိုင်ခဲ့ကြရှိသော ဒူးဝါးများအနက် အင်ဒွန်းမျိုးအနွယ်မှ မရှော့ဒူးဝါး အမည်ရှိ ဒူးဝါးကြီးတစ်ဦး ရှိခဲ့လေသည်။ တစ်နေ့တွင် ဒူးဝါးကြီးနှင့် ဒူးဝါးကတော်တို့သည် တောနက်ထဲသွား၍ တောင်ဖက်များကို ရှာကြသည်။ ခူးကြသည်။

တောနက်ကြီးအတွင်း တစ်ခုသော ချုံနွယ်များအကြား အလွန်လှပစွာ ပေါက်ရောက်နေသော တောင်ဖက်များကို ခူးနေစဉ် ဖနီးဆီက မမျှော်လင့်သော အသံတစ်သံကြားရသည်။ ဖနီးသည်မှာ တစ်ချက်သာလျှင် ငယ်သံပါအောင် အလွန်စူးရှစွာ အော်လိုက်၍ ထွက်သွားသဖြင့် ပြေး၍ကြည့်ရာ မြွေကြီးပေါ်တွင် ပက်လက်လဲ သေဆုံးနေသည်ကို တွေ့မြင်ရလေသည်။

တစ်စုံတစ်ခုသော အန္တရာယ်ရှိပြီဟု သိသည် အနားသို့ ဂရုတစိုက်ကြည့်မိရာ ဝပ်နေသော ငန်းမြွေမကြီးတစ်ကောင်သည် မာန်ထောင်လျက်ရှိနေသည်ကို တွေ့လိုက်ရပါသည်။

ကေန္တ ထိုငန်းမြွေပေါက်၍ သေပြီဟု ဒေါသကြီးစွာဖြင့် ချုံကွယ်ရာဘက် အကာအကွယ်ယူပြီးလျှင် ငန်းမြွေကြီးကို ဓားဖြင့် ခုတ်သတ်၍ အစိတ်စိတ် အပိုင်းပိုင်း ခုတ်ထစ်လိုက်ပြီး ဥများကိုလည်း တစ်လုံးမကျန် ဖျက်ဆီးပစ်လိုက်သည်။

ဒူးဝါးသည် မြွေကိုသတ်ပြီး ဇနီးသည် အလောင်းကိုထမ်းကာ ပြန်လာရာ ကိုက်(၁၀၀)ခန့်အကွာသို့ ရောက်သောအခါ တစ်စုံတစ်ခုသော အသံသည် ထိုမြွေသိုက်ရှိရာသို့ ရွေ့ရှလာနေသည်ကို ကြားရသဖြင့် ဇနီးသည် အလောင်းကို ချုံတစ်ခု၏ အောက်သို့ချပြီး သစ်ပင်တစ်ပင်ပေါ်သို့ အလျင်အမြန်တက်ပြီး ကြည့်နေတော့၏။

မကြာမီအတွင်း၌ လူ၏ ပေါင်လုံးလောက် ကြီးမားရှည်လျားသော ငန်းမြွေကြီးတစ်ကောင်သည် ရောက်လာ၍ မြွေမ သေနေသည်ကို တွေ့ရသောအခါ ဒေါသအမျက်ပြင်းစွာ ထွက်၍ ဘေးပတ်ပတ်လည်တွင် ရန်သူ ရှာသော်လည်း မတွေ့ရတော့သဖြင့် အစိတ်စိတ်အပိုင်းပိုင်း ဖြစ်နေသော မြွေသေကို ပါးစပ်နှင့်ကိုက်၍ ဆောင်ယူပြီးလျှင် တစ်ပိုင်းနှင့်တစ်ပိုင်း နဂိုမြွေအတိုင်း ခေါင်းမှ အမြီးတို့တိုင် ဆက်လိုက်သည်။

ထို့နောက် အနီးရှိ သစ်ပင်ပုလေးတစ်ပင်မှ အရွက်များကို ပါးစပ်နှင့်ကိုက်၍ ခူးလာပြီး ဦးခေါင်းမှ အမြီးတိုင် အဆက်တိုင်းကို သစ်ရွက်တစ်ရွက်စီ သေနေသော မြွေမကြီးအလောင်းပေါ်သို့ တင်လိုက်ပါသည်။

ထိုသို့ ပြုလုပ်လိုက်သည်နှင့် များမကြာမီ မြွေမသည် ပကတိအတိုင်း ပြန်လည်ရှင်သန်လာပြီး ဥများကို ကြည့်လိုက်၊ မြွေထီးကိုကြည့်လိုက်နှင့် ပူဆွေးနေတော့သည်။ ဥလည်း ပျက်စီးနေပြီဖြစ်၍ မိမိတို့မှာလည်း အန္တရာယ်မကင်းကြောင်း သိတတ်သော မြွေထီးက မြွေမကိုခေါ်၍ အခြားအရပ်သို့ ထွက်ပြေးသွားလေသည်။

ထိုအခြင်းအရာကို သစ်ပင်ပေါ်မှ





www.burmeseclassic.com

www.burmeseclassic.com

ကြည့်နေသော မရွှေဒူးဝါးသည် ဆင်းလာပြီး မြွေချထားခဲ့သော သစ်ရွက်များကိုယူ၍ မြွေအသေပင်လျှင် ရှင်နိုင်လျှင် သူ့ဇနီးလည်း ရှင်နိုင်မည်ဟု ယုံကြည်သည့်အလျောက် သစ်ရွက်အချို့ကို မြွေပေါက်ထားသော ဇနီးသည်၏ ဒဏ်ရာတွင်တင်ပြီး အရွက်ကိုရွက်ကို ရေအနည်းနှင့် ရောခြေကာ ဇနီးသည်၏ ပါးစပ်ထဲ လောင်းချလိုက်ပါသည်။

ခဏကြာလျှင် ဆေး၏တန်ခိုးသည် တစ်ကိုယ်လုံး ပျံ့နှံ့သွားပြီး အတန်ကြာသောအခါ အသက်ရှင်၍ ထလာလေသည်။ ဝမ်းသာအားရဖြင့် ဒူးဝါးတို့ ဇနီးမောင်နှံသည် သူတို့ကောက်ရသော ဆေးရွက်များနှင့် ဆေးပင်ကို တူးဖော်၍ အိမ်သို့ ပြန်လာခဲ့လေသည်။

ရွာနှင့် မနီးမဝေး လူသူမသိနိုင်သော နေရာတစ်ခုတွင် လျှို့ဝှက်စွာ စိုက်ထားပြီး အဆိပ်အတောက်ဟူသမျှကို နိုင်နင်းစွာ ကုသလေတော့သည်။

မြွေဆိပ်ကိုလည်းကောင်း၊ အခြားအဆိပ်အတောက်များကို လည်းကောင်း မရွှေရွက်တစ်ရွက် စားရုံဖြင့် ပြေသွားနိုင်သည်ဟု ဆိုကြသည်။

လီဆူးတိုင်းရင်းသားတို့သည် အမဲလိုက်ရာတွင် အဆိပ်ဆီများ သုတ်လိမ်းထားသည့် အဆိပ်လူးမြားဖြင့် သားကောင်ကို ပစ်ခတ်ကြသည်။ ထိုအဆိပ်မှာ သားကောင်တိုင်း တစ်ချက်တည်းဖြင့် ချက်ချင်းသေသည်အထိ အလွန်ပြင်းထန်လှပါသည်။

တစ်နေ့တွင် မရွှေဒူးဝါးသည် သူ၏ဆေးကို စမ်းသပ်လို၍ သူမွေးထားသော ခွေးအား အစာကျွေးရာ၌ အစာနှင့်ရော၍ ယင်းအဆိပ်ကို ကျွေးခဲ့ရာ သေခါနီး လူးလိမ့်နေစဉ် မရွှေရွက်ဆေးတစ်ခွက်ကို ရေနှင့်ဖျော်၍ တိုက်လိုက်ပြန်ရာ ရှင်လာသည်ဟု ဆိုပါသည်။

နောက်တစ်ကြိမ်တွင်မူ ယင်းအဆိပ်ကို လီဆူးတိုင်းရင်းသား မုဆိုးထံမှ တောင်း၍စားမည်ဟု ပြောရာ လီဆူးတိုင်းရင်းသား မုဆိုးက မစားပါနှင့်၊ ချက်ချင်းသေလိမ့်မည်ဟု ပြောသော်လည်း အဆိုပါ အဆိပ်ကို စားပြပြီး အဆင်သင့်ထားသော မရွှေရွက်နှစ်ရွက်ကိုလည်း ဝါး၍ မျိုချလိုက်ရာ မူးဝေသော အခြင်းအရာပင် မဖြစ်ကြောင်း တွေ့ရသဖြင့် လီဆူးတိုင်းရင်းသား မုဆိုးက လူမဟုတ် နတ်ဖြစ်သည်ဟု ပြော၍ အလွန် အံ့ဩသည်ဟူ၏။

## အခြားသော

## အဏ္ဏာရီတစ်ခုထဲက မရွှေပင်

ရှေးအခါက ကချင်တိုင်းရင်းသား မရွှေအမည်ရှိသော တောလိုက်မုဆိုးတစ်ယောက် ရှိခဲ့သည်ဟူ၏။ တစ်နေ့သ၌ မုဆိုးကြီး ဦးမရွှေသည် တောလည်ထွက်ခဲ့ရာ အလွန်နက်သော တောတစ်ခုသို့ ရောက်ရှိနေစဉ် မျောက်များအုံဖွဲ့၍ အစာရှာဖွေ စားသောက်ရင်းပျော်မြူးနေကြသည်ကိုတွေ့ရသည်။

ထိုစဉ် မုဆိုးကြီး မရွှေသည် ကချင်ဒူးလေးတွင် အဆိပ်မြားတင်၍ မိမိနှင့် အနီးဆုံးအရပ်တွင်ရှိနေသော မျောက်မကြီးကို ချိန်ပစ်လိုက်လေရာ မျောက်မကြီး ရင်ဝသို့ မြားထိမှန်ကာ သစ်ပင်အမြင့်ပေါ်မှ ပြုတ်ကျလာပါတော့သည်။

ထိုအခါ မျောက်မကြီး၏ နို့စို့အရွယ်မျောက်ကလေးသည် မိခင်မျောက်မကြီး၏ အနားသို့ ချဉ်းကပ်လာပြီး ဖက်တွယ်ငိုကြွေးနေသည်ကို တွေ့မြင်ရသည်ဟု ဆို၏။

အထက်ပါ အခြင်းအရာများကို မုဆိုးကြီး မရွှေက ကွယ်ရာမှ ချောင်းကြည့်နေစဉ် အခြား မျောက်ကြီးတစ်ကောင် ရောက်ရှိလာပြီး မျောက်မကြီး ရင်ဝတွင် စိုက်ဝင်နေသည့် အဆိပ်မြားကို ဆွဲနုတ်ယူပြီး နမ်းကြည့်သည်။

ထို့နောက် မနီးမဝေးမြေပေါ်တွင် ပေါက်ရောက်နေသော မြက်ပင်တစ်မျိုး၏ အရွက်ကို ခူးဆွတ်ယူကာ ကြေညက်သွားအောင် ဝါး၍ မျောက်မကြီး၏ အဆိပ်လူးမြားဒဏ် သင့်သော ဒဏ်ရာပေါ်တွင် အုံပေး၏။ အချို့ကို မျောက်မကြီး၏ ပါးစပ်ထဲ ခွံ့ထည့်ပေးလေ၏။

မျောက်တို့၏ အကျင့်စရိုက်များသည် လူနှင့် အနီးစပ်ဆုံး တူညီမှုရှိပါသည်။ အထူးသဖြင့် အချို့နေရာများ၌ လူကဲ့သို့ အလွန်အကင်းပါးသော သတ္တဝါတစ်မျိုး ဖြစ်ပါသည်။

မျောက်ကြီးက မျောက်မကြီး၏ ဆေးကုသပေးပြီး မကြာမီကာလအတွင်း မြေပေါ်လဲကျနေသော မျောက်မကြီးသည် အသာအယာ ထပြီးနောက် သားလေးကို ပွေ့ချီ၍ ဆေးကုပေးသော မျောက်ကြီးနှင့်အတူ သစ်ပင်ကြီးတစ်ပင်ပေါ်သို့ လျင်မြန်ပေါ့ပါးစွာ တက်သွားကြသည်ကို ထူးခြားစွာ တွေ့မြင်ရသည်ဟုဆိုသည်။


ဦးမရွှေသည် ပုန်းကွယ်နေရာမှ ထွက်လာပြီး မျောက်ကြီးက မျောက်မကြီးကို ဆေးကုပေးခဲ့သော ဆေးပင်များကို မိမိအိမ်သို့ ယူဆောင် စိုက်ပျိုးထားလိုသဖြင့် ဆေးပင်များကို အမြစ်ပါအောင် တူးဆွပြီး အိမ်သို့ ယူဆောင်လာခဲ့သည်ဟု ဆို၏။

လမ်းခုလတ်ရှိ တောအုပ်တစ်ခုသို့ အရောက်တွင် မျောက်ကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင် တွေ့ပြန်သဖြင့် ဒူးလေးတွင် အဆိပ်မြားတပ်၍ ပစ်လေရာ တောဝက်ကြီးသည် မြားအဆိပ်ဒဏ်ကြောင့် နေရာတွင်ပင် လဲကျသွားလေသည်။

မြားဒဏ်ကြောင့် လဲကျနေသော တောဝက်ကြီးသည် အရွယ်ပမာဏကြီးမားနေသဖြင့် မိမိတစ်ဦးတည်း သယ်ယူရန် မဖြစ်နိုင်သောကြောင့် တောဝက်ကြီး၏ ကိုယ်ပေါ်တွင် မိမိသယ်ယူဆောင်လာခဲ့သော ဆေးပင်များဖြင့် ဖုံးအုပ်ထားခဲ့ပြီး နေရာအသေအချာ မှတ်သားထား၍ ရွာသို့ပြန်ခဲ့လေသည်။

တောဝက်ကြီးကို အဆိပ်ပြယ်ဆေးပင် အုပ်ထားခဲ့မိသည်ကို မူကား ဦးမရှော့ သတိထားမိခဲ့ဟန် မတူပါပေ။

ရွာသို့ရောက်သောအခါ အကျိုးအကြောင်းရင်း ပြောပြပြီး ဆေးပင်နှင့် အုပ်ထားခဲ့သော တောဝက်ကြီးကို သယ်ယူရန် ရွာသားအချို့နှင့် တောဝက်ရှိရာသို့ ထွက်ခဲ့ကြလေသည်။

ဆေးပင်များနှင့် အုပ်ထားခဲ့သော တောဝက်ကြီး ရှိရာအရပ်သို့ ရောက်ရှိကြသောအခါ ဦးမရှော့သည် တောဝက်ကြီးပေါ် မိမိအုပ်ထားခဲ့သော ဆေးပင်များကို မ,ယူလိုက်ရာ မမျှော်လင့်ဘဲ တောဝက်ကြီးသည်မြားဆိပ်ပြယ်ပြီး ရုတ်ခြည်းထပြေးသွားသည်တဲ့။ မရှော့ဆေးပင်များသည် အဆိပ်နိုင်သော ဆေးပင်မျိုးဖြစ်ပါသည်။

ဦးမရှော့သည် အဆိပ်နိုင် ဆေးပင်အဦးဆုံး ရှာဖွေတွေ့ရှိပြီး အိမ်သို့ဆောင်စိုက်ပျိုး ပြန့်ပွားဖြစ်ထွန်းစေဖြစ်သည်ကို အကြောင်းပြု၍ အဆိပ်နိုင်ဆေးပင်ကို "**မရှော့ဆေး**"ဟူ၍ အမည်တွင်ကျယ်လာခြင်းဖြစ်သည်ဟူ၏။ နောင်အခါ မရှော့နွယ်ဝင်တို့၏ မူပိုင် ဆေးပင်ဖြစ်လာခဲ့လေသည်။

## အသုံးဝင် အစွမ်းထက်ပုံ

ထိခိုက်ဒဏ်ရာရသည့် အခါတိုင်း မရှော့ရွက်ကို ထုထောင်းပြီး အုံပေးလျှင် အမြန်ပျောက်သည်။ မြွေ,ကင်း အစရှိသည့် အဆိပ်ရှိသော အကောင်များကိုက်လျှင်လည်း မရှော့ရွက်ကို ထုထောင်းပြီးအုံပေးရသည်။ မည်မျှပင် အဆိပ်ပြင်းပါစေ နှစ်ကြိမ်, သုံးကြိမ် အုံပေးလိုက်လျှင် အဆိပ်များ ပျောက်သွားသည်ဟု ဆိုပါသည်။

ရိုးရာဆေးနည်းအရ ခွေးကိုက်ခံရလျှင် ဒဏ်ရာကို စင်ကြယ်အောင် သန့်စင်ပြီး မရှော့ရွက်ကို ဒဏ်ရာပေါ် အုံပေးရမည်။ ပြီးလျှင် မရှော့ရွက် သုံးရွက် ဝါးစားခြင်းဖြင့် ကောင်းစေနိုင်ပါသည်။

အရက်အလွန်အကျွံမူး၍ မထနိုင်လျှင်ဖြစ်စေ၊ အစားအသောက် အဆိပ်သင့်လျှင်ဖြစ်စေ၊ မှိုတောက်လျှင်ဖြစ်စေ မရှော့ရွက်သုံးရွက်ကို ညက်အောင်ဝါး၍ စားရုံဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။

အဆိပ်ရှိသော ပျား၊ ကင်း၊ ပိုးမွှားများကိုက်လျှင် မရှော့ရွက်ကို ဒဏ်ရာပေါ် ကြိတ်အုံပေးပြီး မရှော့ရွက် သုံးရွက် ဝါးစားပေးပါက ပျောက်ကင်းနိုင်ပါသည်။

ဖားရှ၊ သံစူးလျှင် လုံ (သို့မဟုတ်) ချွန်ထက် အဆိပ်တက်သော အရာတစ်မျိုးမျိုးနှင့် ထိခိုက်ထိုးမိလျှင် ဒဏ်ရာကို ရေစင်အောင်ဆေးပြီး မရှော့ရွက် ကြိတ်အုံပတ်စည်းပေးပြီး မရှော့ရွက်သုံးရွက် ဝါးစားပါက အမြန်ပျောက်ကင်းစေနိုင်ပါသည်။

အကယ်၍ ဒဏ်ရာအကင်းမသေသေးပါက မရှော့ရွက်ကို မကြာမကြာ စားပေးရပါသည်။ **ဆေးအဖြစ် စားသုံးလျှင် တစ်ရက် တစ်ကြိမ်သာ စားရပါမည်။**

မရှော့ရွက်သုံးရွက်ကို တစ်ရက်ခြား နှစ်ရက်ခြား ထမင်းနှင့် အတို့အမြှုပ်အဖြစ် ထည့်စားသော် အဆိပ်အတောက်အနာများ ကင်းစင်၍ ပြင်ပရောဂါ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်ပါသည်။

ပဥ္စငါးပါးကို အခြောက်လှန်း နုပ်နုပ်စဉ်းယူ၍ ကောက်ညှင်းအရက် သို့မဟုတ် ကချင်တိုင်းရင်းသား အရက် ကောင်းကောင်းနှင့် အနည်ထိုင်အောင် စိမ်ထားပြီး နံနက်၊ ညနေ့စဉ် ထမင်းမစားမီ ဆေးဖြစ်ဝါးဖြစ် အနည်းငယ် မှိုဝဲပေးပါက ကျန်းမာရှည် အသက်ရှည်စေနိုင်သည်။

သွေးသားလည်ပတ်မှု ကောင်းစေ၍ သွေးကြောကျဉ်းရောဂါ၊ လေဖြတ်ရောဂါ၊ နှလုံးရောဂါတို့မှ သက်သာပျောက်ကင်းစေနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သုံးဂဏန်းသည် အသက်ကယ် ဂဏန်း ဖြစ်သောကြောင့် ဆေးသုံးခွက် တစ်ခွက်တင် ကျိုသောက်ခြင်း၊ ဆေး သုံးကြိမ်တိုက်ကျွေးခြင်း၊ ဆေးသုံးလုံး၊ ဆေးသုံးရွက်စီ မိုဝဲ အသုံးပြုခြင်းဖြစ်ပါ သည်။ ပညာရှင်များက သုံးဂဏန်း သည် အသက်ပါသော အမတ MAJOR MRCHND ဂဏန်း ဖြစ် သည်ဟု ယုံကြည်ထားပါသည်။

### အဖိုပင်နှင့် အမပင်

မရှော့ပင်တွင် အဖိုပင်နှင့် အမပင် ဟူ၍ နှစ်မျိုးရှိကြောင်း သိရပါသည်။ အမပင်က ပိုမို၍ အစွမ်းထက်ကြောင်း ပြောကြသည်။ အဖိုပင်ကိုလည်း သုံး ကြပါသည်။ **တစ်နှစ်လုံးတွင် အရွက် လေး,ငါးရွက်သာ ထွက်ရှိသဖြင့် ရှားပါးအဖိုးတန်လှပါသည်။**

မရှော့ပင်တွင် အမျိုးပေါင်းများစွာ ရှိသည်ဟု သိရပါသည်။ အစွမ်းထက်မှု အရ အတန်းအစားသုံးမျိုး ခွဲခြားထား ပါသည်။ ပထမတန်းစားမှာ အရွက် သေးပြီး အဖျားချွန်သည်။ ဒုတိယ တန်းစားမှာ အနည်းငယ်ရှည်တတ် သည်။ တတိယတန်းစားမှာ အရွက် လည်းကြီးသည်။ ရှည်လည်းရှည်ပါ သည်။

### ထွက်ရှိသော ဒေသများ

ပူတာအိုဒေသအတွင်း နောင်မွန်မြို့ နယ်၊ ဆွမ်ပရာဘွမ်မြို့နယ်၊ ခေါင်လန်ဖူး မြို့နယ်နှင့် ပန်နန်းဒင်မြို့နယ်ခွဲများ၌ ထွက်ရှိပါသည်။

### စိုက်ပျိုးနည်း

ပူတာအိုဒေသအတွင်းရှိ မြို့နယ် များအတွင်း စိုက်ပျိုးဖြစ်ထွန်းသော ကချင်တိုင်းရင်းသားရိုးရာ ဆေးပင် တစ်မျိုး ဖြစ်ပါသည်။ မရှော့ဆေးပင် များသည် မြက်ပင်များအရွယ် အပင် ငယ်၊ အပင်ပျော့မျိုးဖြစ်ပြီး တောကြီး နက်များ၌ အလိုအလျောက် အလေ့ ကျ ပေါက်ပွားစေတတ်သော ဆေးပင် မျိုးဖြစ်ပါသည်။

ဆွမ်ပရာဘွမ်မြို့နယ်နှင့် မချမ်း ဘောမြို့နယ်အတွင်းရှိ ကျေးလက် အိမ်တိုင်းလိုလို ဆေးပင်အဖြစ် အနည်း အများ စိုက်ပျိုးထားလေ့ ရှိပါသည်။

မရှော့ဆေးပင်၏ အရွက်များပေါ် တွင် ငွေရောင်အကြောဖြူများ ဖုံးအုပ် နေတတ်ပြီး ရွက်ထိပ်ချွန်၍ အရွက် အကြောတန်းများ ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါသည်။

အရွက်ငယ်များ အပင်ထိပ်ဖျား တွင် စုပြုံနေတတ်သော အဝါရောင် အပွင့်ငယ်လေးများ စိစိရီရီ ဖူးပွင့် ဝေဆာလှပနေတတ်သည်။

အပွင့်ပွင့်ချိန်ရာသီ ကုန်ဆုံးသွား သောအခါ အစေ့ပါသော အသီးငယ် များ သီးတတ်ပြီး အသီးများ ရင့်မှည့် လာလျှင် အစေ့များကို ပျိုးထောင်ပြီး မျိုးပွားစိုက်ပျိုးရ၏။ အေးမြသော ရာသီဥတုမျိုးတွင် ဖြစ်ထွန်းအောင်မြင် တတ်သည်။

မရှော့ပင်များတွင် ရွက်သေးနှင့် ရွက်ကြီးဟူ၍ နှစ်မျိုးနှစ်စား ရှိလေရာ ရွက်သေးပင်များသည် ဆေးစွမ်းပိုမို ထက်မြက်သဖြင့် ဆေးအသုံးများ တတ်ပါသည်။

မရှော့ဆေးရွက်များသည် အေး၏။ အခါးဓာတ်ကဲ၏။ မရှော့ရွက်သည် ခါးသောဂုဏ်သတ္တိရှိ၏။ မရှော့ပင် အမြစ်၊ အပင်၊ အရွက် ပဉ္စငါးပါးစလုံး သည် အဆိပ်ကို အလွန်နိုင်သော ဆေးပင်ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုး ကြခြင်းဖြစ်ပါသည်။

မရှော့ပင်များ စိုက်ပျိုး မျိုးယူသည့်အခါ မြေကျွန်းနက်အောင် တူးရသည်။ မစိုက်မှီ မြေကျွန်းအောက်ပိုင်း၌ မြေကောင်းမြေ[illegible] ခံ၍ ရတနာခုနစ်ပါးတို့၏ ဖြန်းခေါ် ရော[illegible] ကျောက်နွယ်ပင်များကို ရောင်စုံကျော[illegible] ခင်းပေးရသည်။

ထို့နောက် ရွှေရည်ငွေရည် လောင်း[illegible] သည်။ နေတက်လတက် မင်္ဂလာ[illegible] ကောင်း အချိန်ကောင်းကို ရွေးချယ်စိုက်[illegible] ရပါသည်။

စိုက်ပျိုးသည့်အခါ မိစုံဖစုံရှိသေ[illegible] အကြွင်လင်မယား (သို့မဟုတ်) သ[illegible] သားလောင်းစုံတွဲက ဆန်လက်[illegible] ဆုပ်စီထည့်၍ စိုက်ပျိုးမည့် မရှော့[illegible] ကို လက်စုံကိုင်ပြီး အမျိုးသာ[illegible] အရှေ့အရပ်နှင့် အမျိုးသမီးက တော[illegible] အရပ်သို့ မျက်နှာမူ၍ စိုက်ပျိုးရမည်[illegible]

စိုက်ပျိုးနေစဉ် စိုက်ပျိုးသူများအ[illegible] လုံးကို…


'ယခု စိုက်ပျိုးသော ဤဆေးပင်များ[illegible] (၉၆)ပါးသော ရောဂါဝေဒနာ မှန်သ[illegible] ပျောက်ကင်းစေနိုင်သော ဆေးဖြစ်ပါ[illegible] ဟူ၍ ရွတ်ဆိုဆုတောင်းပြီး စိုက်[illegible] ရမည်။ စနစ်တကျ စိုက်ပျိုးခြင်း[illegible] ဆေးစွမ်း ထက်မြက်စေနိုင်ကြော[illegible] သိရှိရပါသည်။

ဤသည်မှာ ဒဏ္ဍာရီများ၊ ပုံပြင်[illegible] ဂမ္ဘီရအစီအရင်များနှင့် ထုံမွှမ်း[illegible] သော မြန်မာနိုင်ငံမြောက်ဖျား၊ က[illegible] ပြည်နယ် ပူတာအိုဒေသထွက် အ[illegible] တန် နာမည်ကြီး မရှော့ခေါ် အ[illegible] ဖြေဆေးပင်အကြောင်းကို လက်[illegible] မီသရွေ့ လေ့လာစုဆောင်း၍ မှတ်[illegible] တင်လိုက်ရပါသည်။ **အခြား သိရှိ[illegible] သုတေသီ ပညာရှင်များကလည်း ဆက်လက်တင်ပြပေးပါရန် [illegible] ရစ်ခံအပ်ပါသည်။**

**မောင်နွယ်ပန်း**

www.burmeseclassic.com

# ဓနပဒေသာ ဈေးခေါ်အင်း



ယခင်တစ်လက ကျွန်တော့်ထံသို့ စာများထဲမှ အနိတီထားရောက်လာပါသည်။

'ဆရာရေ အခုတလော ဈေးရောင်းကျနေတယ်၊ ဈေးဝယ်တွေကလဲ အကြွေးပဲ ဝယ်ချင်ကြတယ်။ ရောင်းရ,ဝယ်ရတာလဲ သိပ်မစွံဘူး။ နောက်ပြီး အရင်က ကျွန်မပြောတဲ့ဈေးဆို ဈေးဝယ်က သိပ်ဆစ်တာပဲ။ ပြောတဲ့ဈေးနဲ့ပဲ ရောင်းရတယ်။

အခုများတော့ မဟုတ်ပေါင်၊ ပေါက်ဈေးထက်လျှော့ပြောတာတောင် မယုံသလိုလို၊ ပြီးတော့ ဈေးလန့်,လန့်သွားတယ်။ စိတ်ညစ်ပါတယ်။ ဈေးမရောင်းရတာ နေလို့ကို မကောင်းဘူး' ' ဟု အစချီကာ ကျွန်တော့်ထံမှ ဈေးရောင်းဈေးဝယ်ကောင်းစေသော အဆောင်များရှိလျှင် မ,စရန်ပြောလာပါသည်။

ထိုအခါ ကျွန်တော် ဈေးရောင်းဈေးဝယ်လုပ်စဉ်က ဆရာကြည်ပေးထားသော အင်းအဆောင်လေးကို သတိရမိ၏။ ထိုစဉ်ကလည်း ကျွန်တော့်မှာ ဈေးရောင်းဈေးဝယ်မကောင်း၍ စိတ်ညစ်ညစ်ရှိသည်နှင့် ဆရာကြည်ရှိရာ ရွာဘက်သို့သွားသည်။ ပြီးတော့ ဈေးရောင်းမကောင်းကြောင်းပြောရာ ဆရာကြည်က သူ၏ စာအုပ်ကြီးများ၊ ပေမူများထဲမှ အင်းအဆောင်တစ်ခု ပေးကာ...

'ဒီအင်းအဆောင်ကိုဆောင်၊ စိတ်ထားကောင်းကောင်းထား ကြိုးစားပြီး ရောင်းကြည့်ကွာ'

ဟု ဆိုကာ အဆောင်ကလေး ပေးလိုက်ပါသည်။

ထိုအဆောင်အင်းကြောင့် ထင်သည် ထိုစဉ်က ကျွန်တော်ဈေးပြန်ရောင်းသောအခါ အတော်ရောင်းခဲ့ရသည်။ နေငွေကြေး ပို၍ အဆင်ပြေခဲ့သည်။

ယခုလဲ အနိတီထားကို ထိုအင်းအဆောင်လေး စက္ကူပေါ်တွင် ရေးပေးလိုက်ပါသည်။ ပြီးတော့ အင်းချပုံ၊ ဆောင်ပုံကို ပြောလိုက်ပါသည်။

ကိုယ်တွေ့မို့ ဤအဆောင်ပေးလိုက်လျှင် အနိတီထားလည်း ဈေးပိုရောင်းရမည်ဟုလည်း ယုံပါသည်။

စာချစ်သူမိတ်ဆွေလည်း ဤအင်းအဆောင်ကိုဆောင်ထားကာ ဈေးအရောင်းအဝယ်ကိစ္စတွင် အဆင်မပြေလျှင် စမ်းသပ်ကြည့်စေချင်ပါသည်။

---

ဓနပဒေသာဈေးခေါ်အင်း

---

အဆောင်

---

* * * ⟶

ဤအင်းကို စက္ကူချပ်တွင် ရေးလိုက်ပါ။ ပြီးလျှင် အင်းဆန်ကိုပင် "ဦး" ထည့်၍...

'ဦး စည် ပင် သာ ယာ ရပ် ရှစ် မျက် နာ က လာ ဆြာ လာ'

ဟု သုံးကြိမ်ရွတ်ဆိုပါ။

ရွှေပြား၊ ငွေပြား၊ ကြေးပြားသန့်သန့်ပေါ်တွင် ရေးဆွဲပါက ပို၍ အကျိုးထူးပါသည်။

မြတ်ဗုဒ္ဓအား ရှိခိုးပြီးမှ ရေးပါ။ ရေးဆွဲစီရင်နေစဉ် စကားမပြောမိပါစေနှင့်။ ပြီးလျှင် နံ့သာငါးပါးရည်ဖြင့် ပက်ဖျန်းပါ။

မိမိရောင်းလိုသော ကုန်ပစ္စည်းကို ယင်းနံ့သာရည်နှင့် ပက်ဖျန်းပေးပါ။ ဤဂါထာရေးထားသော ရွှေ၊ ငွေ၊ ကြေး၊ စက္ကူကို မြင့်ရာတွင် ချိတ်ဆွဲထားပါ။

စိတ်ချစွာလုပ်ပါ။ စိတ်ချယုံကြည်စွာ ပြုလုပ်ကာ ဈေးခေါ်ပါ။ ရောင်းပါ။ ဈေးရောင်းကောင်းလာပါလိမ့်မည်။

**ဆရာမင်းရဲလူ**

| | | | |
|---|---|---|---|
| | စည် ၁ | ယာ ၆ | |
| ဆြာ ၁၁ | ရှစ် ၆ | က ၉ | ပင် ၂ |
| နာ ၈ | သာ ၃ | လာ ၁၂ | ရပ် ၅ |
| | လာ ၁၀ | မျက် ၇ | |



www.burmeseclassic.com

www.burmeseclassic.com

# ကျွဲနွားများ

အနာပိုးကျလျှင်

တစ်နေ့ စာရေးသူနှင့် စာပေမိတ်ဆွေ ဆရာ ့ ကောင်းခန့်(သခွတ်မြေ)တို့ သူငယ်ချင်းနှစ်ဦး **“လိန်ပင်ရွာ”**တွင် နေထိုင်သော စာပေမိတ်ဆွေ မောင်နေသွေး(ဝက်လက်) အိမ်သို့ ဆိုင်ကယ်တစ်စီးဖြင့် ရောက်ခဲ့သည်။

ဆရာမောင်နေသွေးမှာ နွားစားကျင်းဘေးမှ ချည်တိုင်တွင် ချည်ထားသော နွားတစ်ကောင်အနီး ရပ်လျက်နေရာမှ ဆိုင်ကယ်စက်ရပ်သံကြားသည်နှင့် အိမ်ရှေ့သို့ လှည့်ကြည့်ရင်း…

‘ဟာ…လာဗျို့ ဆရာကောင်းခန့်နဲ့ ဆရာကိုကိုအောင်’

ဝမ်းသာအားရ နှုတ်ဆက်ကာ သူ့အိမ်ဧည့်ခန်းသို့ ဦးဆောင်ခေါ်ခဲ့သည်။ ဆရာမောင်နေသွေးဇနီးက “ထိုင်ကြပါဦးရှင့်”ဟု ချိုသာစွာ ပြောဆိုလျက် ရေနွေးကြမ်းနှင့် စားသောက်ဖွယ်ရာများကို ယူလာကာ စားပွဲခုံပေါ် လာချပြီး “သုံးဆောင်ကြပါဦးရှင့်”ဟု ပြောလာသည်။

ကျွန်တော်တို့က ပြုံးတုံ့ပြုံးလျက် ခေါင်းညိတ်ပြလိုက်မိကြသည်။ ပြီးမှ ဆရာကောင်းခန့်က…

‘ဘယ်လိုလဲ မောင်နေသွေး… မောင်ရင် ဝက်လက်ကို ပေါ်မလာလို့ ကိုယ့်ဆရာ နေမှ ကောင်းရဲ့လားလို့ပါ’

ဟု ပြောလိုက်သည်။ ဒီတော့မှ ဆရာမောင်နေသွေးက…

‘ဩော်… ကျွန်တော်က ဘာများ အရေးကြီးလို့လဲလို့ ပြောရရင် ဆရာတို့ရေ လူကတော့ နေကောင်းပါရဲ့ နွားနေမကောင်းလို့ ဆေးကုပေးနေလို့ပါဗျာ’

ဟု ပြောလာသည်။ ဆရာကောင်းခန့်က…

‘နွားက ဘာဖြစ်တာလဲ၊ ဘယ်တိရစ္ဆာန်ဆရာဝန်နဲ့ ကုနေတာလဲဗျ’

ဟု မေးသည်။ ဆရာနေသွေးက…

‘ဆရာဝန်နဲ့ မကုပါဘူးဗျာ၊ ကျွန်တော့်အဘ ပြောပြခဲ့တဲ့ မြန်မာ့ဆေးမြီးတိုနဲ့ ကိုယ်တိုင်ကုရတာပ’

သည်တော့မှ ကျွန်တော်က စိတ်ဝင်စားလာ၍…

‘နွားက ဘာဖြစ်လို့ ဘယ်လိုဆေးမြီးတိုနည်းနဲ့ ကုနေတာလဲ’

ဟု မေးလိုက်မိသည်။

ဆရာမောင်နေသွေးက စိတ်မကောင်းဟန်နှင့်…

‘ကျွန်တော့်အပြစ်ပါပဲဗျာ၊ ကျွန်တော် နွားကို သေသေချာချာ မကြည့်မိတာ ကိုကိုအောင်ရဲ့ နွားကို လွှတ်ကျောင်းထားတုန်း ဘယ်သူကတုတ်နဲ့ ပစ်လိုက်သလား၊ ဘာနဲ့ ရိုက်လိုက်သလဲ မသိဘူး။ နွားရဲ့ နောက်ဘက်ပေါင်အတွင်းမှာ အနာဖြစ်ပြီး ပိုးကျမှ သိရတာဗျ’

ဆရာမောင်နေသွေး စကားအဆုံး ကျွန်တော်က…

‘လုပ်စမ်းပါဦး ကိုယ့်ဆရာ ဆေးမြီးတိုနည်းလေး’

ဟု ဗဟုသုတအဖြစ် မေးလိုက်သည်။ ဆရာနေသွေးက…

‘နွားတွေ၊ ကျွဲတွေမှာ အနာဖြစ်ပြီး ပိုး(လောက်ကောင်)ကျရင် ဆေးမြီးတိုနဲ့ ကုသနည်း(၂)နည်းရှိတယ်ဗျ။ ပထမနည်းက **“မြွေပွေး”အခေါရွှဲ သုံးလက်မခန့် ဖြတ်ပြီး မြက်(အစာ)နဲ့ ရောကျွေးရတယ်ဗျ။ ခဏနေ… အနာထဲက ပိုးတွေ ထွက်ကျ… တယ် ဆရာ။**



ဒုတိယနည်းကတော့ **“ပရ… လုံး”ကို အမှုန့်ကြိတ် အမှုန့်ဖြစ်… ပြီဆိုရင် နှမ်းဆီစစ်စစ်နဲ့ ရောစွ… ပိုးကျနေတဲ့အနာကို လိမ်း… တယ်ဗျ။** မကြာပါဘူးဗျာ။ အနာထဲ… ပိုးတွေ အလိုလို ထွက်ကျလာ… သန့်စင်လာကာ အနာပျောက်က… တော့တာပါပဲ ဆရာရေ’

ဆရာမောင်နေသွေး စကားအ… စာရေးသူမှ…

‘ဆေးနည်းပြောပြတာ ကျေးဇူးပဲ… ကျွန်တော်ရေးပို့နေကျ နက္ခတ္တရော… ခြည်မဂ္ဂဇင်းကို စာမူရေးပို့ပြီး ကုသို… ယူရဦးမယ်’

ဟု ပြောဆိုကာ ဆရာမောင်နေသွေး… တို့ဇနီးမောင်နှံအား နှုတ်ဆက်… ဆရာကောင်းခန့်နှင့်အတူ ဆိုင်က… စီးလျက် ဝက်လက်ကို ပြန်… တော့သည်။

**ကိုကိုအောင်(မြ…နှံသာ)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျိုးပေါင်းရောဂါအတွက် စကြာမင်း

အမှတ်တံဆိပ်

# ဆေးစွမ်းကောင်းနှစ်လက်

ဦးညဏ်ထွန်းရှိန် (စက်မှု-၁)

'ဟော့... ကိုညဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဩော်... စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ ထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုညဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'သိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက် (၄ + ၅) အဆစ်တွေမှာ အရိုးကျိုးပေါင်းတက်တဲ့ရောဂါလို့ ...ကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ...မယ့် အရိုးကျိုးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက် ...နိုင်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက် ... ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါ သက်သာပျောက်ကင်း ...ကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရွှေနေကြီး ဦးညွန့်လှိုင် ...ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ...လုပ်ထားတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါအတွက် ...က်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

...ဆေးဟာဆိုရင် အရိုးကျိုးပေါင်းရောဂါရှင်တွေကို စနစ်တကျ ...ပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ...အတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ ...'

'အဲ... လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုညဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ...ရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျိုးပေါင်းတို့၊ ခါးကျိုးပေါင်း၊ ...စ်ကျိုးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ ...ဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြော ...နှုန်းပြန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျိုးပေါင်း ...ဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ...တော့်ဆေးကုခန်းမှာလဲ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးကို ... ကုသပေးနေရပါတယ်'

'ဇက်ရိုးကျိုးပေါင်းနဲ့ ခါးရိုးကျိုးပေါင်း လက္ခဏာတွေက ဘယ်လို ...လဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်–၀၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျိုးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြော တက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်ခိုင် ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံ ကြောကြီးတွေကို အရိုးကျိုးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြု နေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျိုးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို

www.burmeseclassic.com

www.burmeseclassic.com






**ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-ဝ၆၁၂YR ဝဝ၆၇ဝ၈**

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း၊ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိ ပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်,လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ[...] သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်[...] ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်[...] တယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်း[...] ကောင်းနှစ်လက်ကြောင့် ဇက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်း[...] ရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ[...]'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေး[...] တယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအ[...] အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ[...] ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အ[...] ကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုဉာဏ်ထွန်း[...] ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြော[...] ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါ[...] ပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာန[...] မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတ[...] ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါ[...]

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်[...] အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်[...] ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုး[...] ဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သော[...] ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်း[...] အတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်းရော[...] ဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေ[...] ပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရော[...] တော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်က လက်[...] ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်[...] သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြော[...] ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘဝတူ အရိုးကျိုးပေါင်းရောဂါရှင်များအ[...] စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်း[...] တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်းရော[...] ဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် "စကြာမင်း"လို့ မေးဝယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်-၈/၆၆၆ သုမင်္ဂလာလမ်းမကြီး**
**သစ္စာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

**ဦးညာဏ်ထွန်းမိုးနှင့် (စဂွေ-၁)**

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်နှင့်

# ဆရာအရှင်ပုဂ္ဂိုလ်ထူးများ (၁)

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)



◆ သဘာဝရွှေဂူဆရာတော်ကြီး ဦးမေဃိယပုံတော်

**သဘာဝရွှေဂူဆရာတော်ကြီး**

**ဦးမေဃိယ**

ကျွန်ုပ်တွင် ဆရာအရှင် ပုဂ္ဂိုလ်ထူး (၄)ပါး ရှိခဲ့ပါ၏။ ထိုဆရာတော်ကြီး (၄)ပါးအားလုံး ကျွန်ုပ်ဘဝအတွက် ...တန်ဆောင် ရှေ့ဆောင်လမ်းညွှန် ...ရာအရှင်များ ဖြစ်ပါသည်။

... သဘာဝရွှေဂူဆရာတော်ကြီး ဦးမေဃိယ

... ဒိယင်းဆရာတော်ကြီး ဦးဥတ္တမသိဒ္ဓိ

... ယ်အက်ကယ်ဆရာတော်ကြီး ဦးသံဝရ

... သမဏလုခ ဆရာတော်ကြီး ဦးဝါသဝ

ဆရာတော်ကြီးများနှင့် ဆက်စပ်၍ ...န်တော်၏ ဖြစ်ရပ်မှန်များကိုလည်း ...ာင်း၊ ကျင့်စဉ်တော်ကြီးများကို ...ည်းကောင်း တော်တော်များများ ...သားပူဇော်ခဲ့ပြီး ဖြစ်သောကြောင့် ...ိမိကောင်း မှတ်မိကြလိမ့်မည်ဟု ...င်ပါသည်။

ဆရာတော်ကြီးအားလုံး ဘဝ ...ထံ ပျံလွန်သွားကြပြီဖြစ်သော် ...ည်း ကျွန်ုပ်မှာ ရေးသားပူဇော်စရာ ...က ကုန်ခန်းသွားခြင်း မရှိသေးပါ။ ...ရာအရှင်များ၏ ဂုဏ်ကျေးဇူးတော် ...ကို ရှေးရှု၍ မိမိ၏ဘဝတွင် သိမီခဲ့ ...မျှ ရေးသားလိုက်ရပါသည်။

ဆရာတော်ကြီးများ၏ အကြောင်း ...ရာများကို ဆွေမျိုးသားချင်းများမှ ...ည်းကောင်း၊ နည်းပညာ တပည့် ...သူများမှ လည်းကောင်း၊ အခြား ...ည်ယူ တပည့်ဒကာ သုတေသီများ ...ည်းကောင်း **မိမိတို့ သိရှိခဲ့သမျှ ဖြည့်စွက်ရေးသားကြပါရန် အထူး မေတ္တာရပ်ခံအပ်ပါသည်။**

ကျွန်ုပ်အား ဆရာတော်ကြီးများက သားတပည့်အဖြစ် အရေးပေးခံရသူလည်း ဖြစ်သောကြောင့် နောင်အခါမှာ ပြောမနာ ဆိုမနာ အဆဲခံ အငေါက်ခံရသည်အထိ ဝင်ဆံ့နိုင်သော တပည့်ရင်း ဖြစ်ခဲ့ပါ၏။

www.burmeseclassic.com



◆ သဘာဝရွှေဂူဆရာတော်ကြီး ဦးမေဃိယနှင့် ကျွန်ုပ်၏ အဘိုး၊ အဘွားများပုံ

## ဆရာတော်ကြီးများ ပေးခဲ့သော ဘွဲ့များ

၁။ သဘာဝရွှေဂူ ဆရာတော်ကြီးမှ **ပေလီ**ဟုခေါ်လေ့ ရှိပါသည်။

၂။ ဒီပဲယင်း ဆရာတော်ကြီးမှ **ကိုအောင်**ဟူ၍သာ ခေါ်ခဲ့ပါသည်။

၃။ မယ်ဒက်ကယ် ဆရာတော်ကြီးမှ **ငအောင်**ဟူ၍သာ ထောပနာပြုခဲ့လေသည်။

၄။ သမဏာသုခ ဆရာတော်ကြီးကသာ **ဆရာအောင်**ဟူ၍ ခေါ်ခဲ့ရုံမျှမက ပန်းချီရေးခြင်း၊ စာပေရေးသားခြင်းနှင့် နည်းပြဆရာလုပ်ခြင်းတို့ အတွက် **အောင်စည်ဟိန်း** အမည်ကို ချီးမြှင့်ခဲ့လေသည်။

သို့ရာတွင် ကွယ်လွန်သူ ချစ်သူငယ်ချင်း **ရွှေမြသာ**နှင့် အမည်တွဲဖြစ်သောကြောင့် **အောင်ရွှေမြတ်(စစ်ကိုင်းတောင်)**အမည်ကို ယနေ့တိုင် (၄၅) နှစ်မျှ သုံးစွဲခဲ့ပါ၏။

၁၉၈၀ ပြည့်နှစ်တွင် မီးရထားပို့ဆောင်ရေး စာရေးကြီးဘဝမှ အလုပ်ပြုတ်ခဲ့ပြီးနောက် သူငယ်ချင်းများနှင့် ရွှေတောင်ဦးမော်၊ ရွှေကြက်တောင်၊ ရွှေမုဋ္ဌော၊ ရွှေစေတီ၊ ရွှေဘုန်းပွင့်၊ ရွှေဂူကြီး၊ ရွှေမြင်မိနှင့် ရွှေစည်းခုံ စသော ရွှေကိုးဆူတို့၌ အဓိဋ္ဌာန်ဝင် ပုတီးစိပ်နေလေသည်။

တစ်နေ့သောအခါ သူငယ်ချင်း ကိုစိန်မောင်က သူ ကိုးကွယ်နေသော ဆရာတော်ကြီးထံ လိုက်ပါရန် ခေါ်လေ၏။

ကိုစိန်မောင်နှင့်အတူ စစ်ကိုင်းမြို့ မင်းဝံတောင်ရှိ သဘာဝရွှေဂူကျောင်းတော်သို့ ရောက်ရှိခဲ့လေသည်။ ဆရာတော်ကြီး၏ကျောင်းမှာ ကျောင်းပရိဝုဏ် ကျယ်သလောက် ကျောင်းသား၊ တပည့်၊ ရဟန်းသာမဏေ မရှိ တစ်ပါးတည်းသော သီတင်းသုံးနေပါ၏။

## ဆရာတော်ကြီး၏ လူ့ဘဝ

ဆရာတော်ကြီး ဦးမေဃိယအား စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့ မြောက်ဘက် ကန်ဆွယ်ရွာကြီး၌ အဖ ဦးအောင်တိုး၊ အမိဒေါ်နုံးညွှန့်တို့မှ **သက္ကရာဇ် ၁၂၇၁ ခုနှစ်၊ ကြာသပတေးနေ့ နံနက်တွင်** ဖွားမြင်ခဲ့လေသည်။

ငယ်စဉ်ကပင် အလွန်ထွားကျိုင်းသော ခန္ဓာကိုယ်ရှိ၍ ဝတ်ချက်မင်းကျောင်း ဆရာတော် အရှင်သောမကဲ့သို့ ဟန်ပန်ရှိကြောင်း သိရလေ၏

ငယ်စဉ်အခါကပင် စာပေ သင်ကြာ လိုခြင်း အလျှင်းမရှိသောကြောင့် တတိယတန်းမှာပင် အိမ်အလုပ်၊ ယာ အလုပ်များကို ပျော်ရွှင်စွာ ဆောင်ရွက် လေ၏။

နောင်အခါ အိမ်ထောင်ပြုပြီး မိသ အလုပ် တောင်သူဘဝဖြင့် အားစိုက် လုပ်ကိုင်လေသည်။ သား(၂)ယောက် သမီး(၁)ယောက် ထွန်းကားခဲ့လေ သား(၂)ယောက်ထက် သမီးကိုသ အလွန် အားကိုးအားထားခဲ့လေ၏

သမီးဖြစ်သူမှာ အသက်(၁၈)နှစ် သာ ဖြစ်သော်လည်း ဖခင်ကြီးကဲ့သို့ အားကောင်းမောင်းသန် စွမ်းအား တောင်သူလုပ်ငန်းကို လုပ်ကိုင်နိုင်သော သည်။

နွားနှစ်ရှဉ်းကို တစ်ပြိုင်တည် မောင်း၍ ထွန်ယက်လုပ်ကိုင်နိုင်စွမ်း ရှိသူဖြစ်လေရာ ကန်ဆွယ်ရွာရှိ အပြ မိန်းမပျိုများကဲ့သို့ နူးညံ့ခြင်း ထွားကျိုင်းခဲ့ထည်သော ရုပ်လက္ခဏာ ဖြင့် နေပူပူ မိုးရွာရွာ ပင်ပန်းခြင်း မမှုသူ ဖြစ်လေ၏။

မြင့်မားလှသော ထန်းပင်ထက် ထန်းသီးခိုင်ကို ထမ်းပိုးတုံးဖြင့် ပစ် နိုင်သူ အာဂမိန်းကလေး ဖြစ် သည်။

ဖခင်ကြီး၏ ကြမ်းတမ်းလှသော တောင်သူယာလုပ်ငန်းကို ဒိုင်ခံလုပ် လေ့ရှိသော သားများထက် အားကိုး ကြောင်း ဆရာတော်ကြီးက တသ ပြောပြလေ့ ရှိပါသည်။

သက္ကရာဇ် ၁၃၁၅ ခုနှစ်ခန့် သူ အလွန်အားကိုး ချစ်ခင်လှသော သမီးငယ်သည် ကျောက်ကြီး ကွယ်လွန်သွားလေသည်။


ဦးမေဃိယကား ထွန်စွာ နှ





www.burmeseclassic.com

www.burmeseclassic.com



● ရတနာ့ဗိမာန်ပါဠိတက္ကသိုလ် ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မာနန္ဒာ အိမ်သစ်မုံတော်

သသ ယူကျုံးမရဖြစ်၍ တောင်ယာအလုပ်များကို မလုပ်နိုင်လောက်အောင် ပူဆွေးသောကဒဏ်ကို ရင်စည်းခံအားရရှာလေ၏။

မကြာမီမှာပင် လှည်းနွား ထွန်ထယ်တို့အား ယာခင်းအတွင်း စွန့်ပစ်ခဲ့ကာ ဆိုးကြမ်းတစ်ထည် ခေါင်းပေါင်း၍ အကျီမပါ ဖိနပ်မစီးဘဲ ဗလာကိုယ်သည်ဖြင့် ကန်ဆွယ်ရွာကြီးမှ ခြေကျင်ထွက်ခွာခဲ့လေတော့သည်။

ထိုစဉ်ကာလသည်ကား သူခိုးဓားပြအလွန် သောင်းကျန်းလှသော သရောကြီးခိုင်းနေသည့် ကာလဆိုးကြီး ဖြစ်သောကြောင့် လမ်းပန်းအခြေအနေ ဆက်သွယ်ရေး လုံးဝ မကောင်းပါ။

ကန်ဆွယ်ရွာကြီးမှ ထွက်ခွာလာရာတွင် ဘယ်အရပ်သို့ သွားမည်ဟူ၍ ရည်ရွယ်ချက် လုံးဝ မရှိဘဲ ထွက်လာခဲ့ခြင်း ဖြစ်လေသည်။ စိတ်ညစ်ညူးခြင်းကြောင့်သာ တရားမရနိုင်ဘဲ ထွက်လာရသည် ဖြစ်သောကြောင့် နေဝင်မိုးချုပ်အချိန်၌ သချိုင်းကုန်းတစ်ခုသို့ ရောက်ရှိလေ၏။

သချိုင်းရှိ ဇရပ်တွင် အိပ်စက်ရန်နားနေခိုက် ဓားပြတစ်စုနှင့် ကြုံလေသည်။ ဓားပြများမှာ မူးယစ်၍ အချင်းချင်းဆဲဆို အော်ဟစ်နေရာမှ လုံးထွေးသတ်ပုတ်ကြလေရာ ဇရပ်နှင့် မလှမ်းမကမ်း ဖြစ်သောကြောင့် မြင်တွေ့နေရလေ၏။

တစ်အောင့်မျှ ကြာသောအခါ ညည်းညူသော အသံများ ငြိမ်သက်သွားပြီးနောက် တစ်ဦးသော ဓားပြသည် အထုပ်ကို စလွယ်သိုင်း၍ ဒယီးဒယိုင် ထွက်သွားလေ၏။


ထိုည၌က ဦးမေယျသည် သချိုင်းဂူတွင် ဝင်ရောက်အိပ်စက်ရလေသည်။ နံနက် အရုဏ်တက်ချိန်တွင် အိပ်စက်ရာမှ ထလာသောအခါ ဇရပ်အနီး၌ ဓားပြနှစ်ယောက်တို့မှာ ပိုးလိုးပက်လက်အနေထားဖြင့် သေဆုံးနေကြလေ၏။


အလောင်းများကို ဆွဲမကာ ကျင်းဟောင်းများ၌ ပစ်ချပြီး ဆက်လက်ထွက်ခွာလာခဲ့လေရာ ညနေပိုင်း နေဝင်ရီတရောအချိန်တွင် စစ်ကိုင်းမြို့ တောင်ရိုးလမ်းရှိ **ရတနာ့ဗိမာန်ပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး**သို့ ရောက်ရှိခဲ့လေတော့သည်။

## ဦးမေဃိယ ကပ္ပိယပြုလုပ်ခြင်း

ရတနာ့ဗိမာန်ပါဠိတက္ကသိုလ် ဆရာတော်ကြီးသည်ကား **"သာသနဓဇ သီရိပဝရဓမ္မာစရိယဘွဲ့"** နှင့် **သကျ**

www.burmeseclassic.com





◆ သဘာဝရွှေထူးဆရာတော်ကြီးမှ ရှိမြဲသော ဓာတ်မြာ

◆ သဘာဝရွှေထူးဆရာတော်ကြီး အဂ္ဂိရှာပနပြာပုံမှ ကျွန်ုပ်တို့
မြေဓာတို့ ပူဇော်ခွင့်ရသော ဓာတ်တော်(၉)ဆူ

**သီဟာစာချတန်း**''တွင် တစ်နိုင်ငံလုံး၌ ပထမ ရရှိခဲ့သောကြောင့် **ဘဒ္ဒန္တမေဓာ နန္ဒာဘိဝံသ(ပရိယတ္တိ သာသနာ ဟိတ မေဓာစရိယ)** (သီးခြားစာချ) ဘွဲ့တံဆိပ်တော် လက်ခံရရှိတော်မူသော **အရှင်မေဓာနန္ဒမဟာထေရ်ကြီး** ဖြစ်လေ၏။

ယင်း ဆရာတော်ကြီးသည်ကား ဦးမေဃိယ၏ ညီတော်အရင်း ဖြစ်လေသည်။

ညီတော်ဖြစ်သည့် ဆရာတော်ကြီးက နောင်တော်ဦးမေဃိယအား ကောင်းမွန်စွာ လက်ခံ၍ ကပ္ပိယကြီး အဖြစ် ထားရှိခဲ့လေ၏။

ရတနာ့ဗိမာန် ကျောင်းဝင်းကြီးသည်ကား နန်းဦးမြို့သစ်ရပ်ကွက်၏ (၄)ပုံ (၁)ပုံမျှ ကျယ်ဝန်းလေသည်။

ကျောင်းဝင်းအတွင်း၌ မန်ကျည်း၊ ထနောင်း၊ နဘဲ၊ တမာ၊ သစ်ပုပ်၊ ကုက္ကို၊ ကရမက်နှင့် ထန်းပင်ကြီးများက အုပ်ဆိုင်း နေရာယူထားကြသောကြောင့် တောမြိုင်ကြီးနှင့် တူလှပါပေ၏။

ရေတွင်း ရေကန်များကလည်း မျှတစွာ ပါရှိသောကြောင့် လည်းကောင်း၊ ကျောင်းဦးစေတီ၊ သိမ်တိုက်၊ အုန်းမောင်းစဉ်နှင့် အရံကျောင်းတော်များမှာ တောအုပ်ကလေးအတွင်း ဆိတ်ငြိမ်စွာ ကျေးငှက်သာရကာများဖြင့် တင့်တယ်လှပေသည်။

ကပ္ပိယကြီး ဦးမေဃိယသည် အငြိမ်မနေတတ်သူ ဖြစ်လေရကား စိတ်ပြေလက်ပျောက် ဖြစ်စေရန် သက်ရင့် သစ်ပင်အိုကြီးများကို ခုတ်လှဲခြင်း၊ သစ်မြစ်များတူးခြင်း၊ ဖြတ်တောက်ခြင်း၊ နေလှန်းခြင်းများ တစ်ကိုယ်တည်း ဆောင်ရွက်လေ၏။

အချို့သော သစ်မျိုးများကို မီးသွေးဖုတ်၍ ကျောင်းတော် ဆွမ်းချက်ရုံအတွက် သိုလှောင်သိမ်းဆည်းခြင်းများ မရပ်မနား လုပ်ကိုင်လေသည်။

## ဦးမေဃိယ ရဟန်းဖြစ်လာခြင်း

၁၃၁၆ ခုနှစ်တွင် ညီတော် ရတနာ့ဗိမာန်ဆရာတော်ကြီး၏ ဥပဇ္ဈာ ခံယူ၍ မြင့်မြတ်လှသော ရဟန်း သို့ ရောက်ရှိတော်မူလေသည်။

ရဟန်းတော်ကြီး ဖြစ်သွာ အခါ ပါဠိ ပိဋကတ်စာပေ၌ မကျက်စားနိုင်သော အကြောင် ရှိသည့်အတိုင်း ကျောင်းတော်အ သံဃာ့ဝေယျာဝစ္စကိုသာ ဆောင်ရွက်တော်မူလေ၏။

သံဃာတော်များအတွက် ရေ၊ သုံးရေများ ထမ်းယူ၍ ရေချိုးကန်၊ ကုဋီ စသည်တို့၌ ဆည်းလေရာ အရဏ်မတက်မီ လေ့ရှိလေ၏။

ထိုစဉ်က ရတနာ့ဗိမာ တက္ကသိုလ်ကြီးမှာ ဆရာတော် အရှင်မေဓာနန္ဒမထေရ်မြတ်ကြီး၏ ဂုဏ်ရောင်ဖြင့် ကျော်ကြားလှ အလှူအတန်း များပြားလှ ကြောင့် ဆွမ်းခံကြွရောက်ရခြင်း

ဦးမေဃိယမှာ ဆွမ်းဘု ဆောင်ရာတွင် ကြီးမားလှသော အတွင်း အသားငါး အသီးအ



www.burmeseclassic.com

www.burmeseclassic.com

သည့် ဆွမ်းဟင်းများကို ရောပြွမ်း ယ်ဖတ်ကာ အားရပါးရ စားသောက် ။ ရှိပါသည်။

သောက်ရေကိုလည်း မတ်ခွက်ကြီး သောက်သုံးလေ၏။ အချိုပွဲများ လည်း အမည်စုံစွာ စားသောက် ရှိပါ၏။ ဘာကိုကြိုက်တယ်၊ ကို မကြိုက်ဘူးဟူ၍ မရှိပါ။ ထို စ်ထပ်တည်းသော ဆွမ်းကိုသာ ဆောင်တော်မူပါသည်။

ဆွမ်းစားပြီးသောအခါ ကျိန်းစက် နေခြင်းမရှိပါ။ ရတနာ့ဗိမာန် ကျောင်း၌ ဆောင်ရွက်စရာ မရှိသော ချိန်တွင် မင်းဝံတောင်စွယ်ရှိ သဲဂူ ၌ ပေါင်းမြက်ချုံပင်များ၊ ဆူးပင် များ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင် လင်းလေ၏။


တောင်စွယ်ရှိ သဲဂူကြီးများအား ရှင်းရေး ပြုလုပ်ကာ ညနေ အချိန် မှ ဗိမာန်ကျောင်းသို့ ပြန်ကြွလာ သည်။

နောင်အခါ၌ ထိုသဲလိုဏ်ဂူများတွင် ဈာန်အသေကောင်များ၏ အရိုး ကို ရှုကြည့်ကာ အသုဘကမ္မဋ္ဌာန်း နေလေတော့သည်။

## ကျောင်းမြေ အလှူခံရရှိခြင်း

တစ်နေ့သောအခါ သဲလိုဏ်ဂူ၏ ကပ်၌ရှိသော ယာခင်းရှင် ဖြစ် ည့် ဦးသူတော်က သူ၏ ယာခင်း ဦးမေဃိယကို လှူဒါန်းလေ၏။ ယာခင်းကြီးမှာ ပဲစင်းငုံ၊ နှမ်းနှင့်ဝါ ည်းငယ်သာ စိုက်၍ရသော သဲရော မြေသာ ဖြစ်လေသည်။

ယာခင်း၏ အရှေ့ဘက်ကမ်းပါးမှာ ဂူကြီး(၃)ဂူ တည်ရှိနေလေ၏။ များအတွင်း၌ စစ်အတွင်းက ဂျပန် များ စခန်းချခဲ့ရာ၊ လက်နက်



◆ သဘာဝရွှေဂူဆရာတော်ကြီး သီတင်းသုံးခဲ့သော တစ်ပါးနေ ကျောင်းတိုက်ကလေးအား ယနေ့တွေ့မြင်ရပုံ

ခဲယမ်းများ ထားရှိခဲ့၍ အချို့စစ်သည် များ သေဆုံးခဲ့ခြင်းကြောင့် လူအများ မသွားဝံ့ကြပါ။

တစ္ဆေ အလွန်သော့င်းကျန်းသည့် ဂူဟု ကျော်ကြားခဲ့လေသည်။ ဂူများ၏ မြောက်ဘက် တောင်ကုန်းမှာ စက်ပစ် ကွင်းအဖြစ် ပြုလုပ်ခဲ့သော နေရာ ဟောင်းလည်း ဖြစ်လေ၏။

ယာခင်းရှင် ဦးသူတော်က လိုဏ်ဂူ များအနီးတွင် တစ်ဖက်ရပ် တစ်ထိုင် လွတ် တဲကျောင်းကလေး ဆောက် လုပ်လှူဒါန်းပြန်လေ၏။ ဆရာတော် ကြီး ဂူအတွင်း ညောင်းညာပါက သက်သက်သာသာ နားနေရန် ဆောက်လုပ်ပေးခြင်း ဖြစ်ပါသည်။

ယင်းအချိန်ကာလတွင် ဝန်ကြီးချုပ် ဦးနု၏ နန်းဦးမြို့သစ်ရပ်ကွက်ဟူ၍ အမည်မတွင်သေးဘဲ **ပြည်တော်သာ ရပ်ကွက်**ဟူ၍ မှည့်ခေါ်ခဲ့လေသည်။

ရပ်ကွက်၏ အနောက်တောင်ဘက် တွင် မရှိခဏသချိုင်းကုန်း၊ ကုလား သချိုင်းကုန်းနှင့် ပုဏ္ဏားသချိုင်းကုန်း တို့ တည်ရှိလေ၏။

မြောက်ဘက်အရပ် ကုန်းပေါ်တွင် တရုတ်သချိုင်းနှင့် ခရစ်ယာန်သချိုင်း များက ဝိုင်းရံလျက် နေရာယူထားကြ ပါသည်။ အနီးတွင် သားသတ်ရုံ တည်ရှိလေ၏။

## ကျောင်းထိုင်ဆရာတော် ဖြစ်လာခြင်း


ဆရာတော်ကြီး ဦးမေဃိယသည် ဦးသူတော် ဆောက်လုပ်ပေးသော တစ်ဖက်ရပ်တဲကျောင်းမှ ရတနာ့ ဗိမာန်ပါဠိတက္ကသိုလ်ကျောင်းသို့ ပြန် မကြွတော့ဘဲ သီတင်းသုံးနေလေ တော့ရာ ကြည်ညိုသူများသောကြောင့် ဆွမ်းကွမ်း အလှူပါယ် ပေါ်များလေ တော့သည်။

သဲဂူအတွင်း ဘယ်တုန်းက ရောက် နေမှန်းမသိသော အရိုးခေါင်းခွံများကို လည်း တွေ့ရှိကြရလေ၏။

ဦးမေဃိယ၏ တဲကျောင်းမှာ ဂူများ နှင့် တစ်ဆက်တည်း ဖြစ်သောကြောင့် လည်းကောင်း၊ ဂူအတွင်း ပျော်မွေ့နေ သောကြောင့် **“သဘာဝရွှေဂူဆရာ တော်”**ဟူ၍ ကျောင်းနှင့်တကွ ဘွဲ့ အမည် တွင်နေလေတော့သည်။

တစ်နေ့သ၌ ရတနာ့ဗိမာန်ဆရာ တော်ကြီးနှင့် ဦးမေဃိယတို့ ညှိနှိုင်း

www.burmeseclassic.com



● ဆရာတော်ကြီး ဦးမေဃိယ အရိုးအကျွန်း၊ အောင်မြင်၍ ဆံချည်ကိုယ်တော်ကြီး၏ ဓာတ်ပြာအိုး ဂုဏ်ရှိသော လိုက်အတွင်း ယနေ့တွေ့မြင်ရပုံ (အရိုးစု ထားရှိရာနေရာ)

(၂)ပါးသည် စကားစမြည် ပြောဆိုနေကြလေ၏။ ဆရာတော်ကြီးတို့ညီနောင် (၂)ပါးတို့သည် တစ်ပါးနှင့်တစ်ပါး အလွန်ချစ်ခင်ကြ၍ ညီတော်မှ အမြဲလိုလို ကြည်စားလေ့ ရှိပါသည်။

ရတနာ့ဗိမာန် ဆရာတော်ကြီးက…

'နောင်တော် ကျောင်းမှာ တစ်ပါးတည်း သင်္ချိုင်းတွေနား နေရတာ သရဲကိုက်မှာ မကြောက်ဘူးလား စောင့်အိပ်ပေးဖို့ ဝို့ ကျောင်းက သံဃာတွေ လွှတ်ပေးလိုက်မယ်'

ဟု မေးလေ၏။

'နေ…နေ…နေ မလိုဘူး မလိုဘူး ငါ့ကို နတ်တွေ…နတ်တွေ အများကြီးပဲ စောင့်ပေးနေကြတာ'

ဟု နေရာအနှံ့ လက်ညှိုးညွှန်၍ ပြလေတော့သည်။

ကျွန်းပ်၏ အဘိုးဖြစ်သူကလည်း တစ်ဖက်ရပ် တဲကျောင်းကလေးအား အသားကျောင်းအဖြစ် အခိုင်အမာ ဆောက်လုပ်လှူဒါန်းလေ၏။

တစ်နေ့သောအခါ ဆရာတော်ကြီးအား အလွန်ကြည်ညိုသော သီလရှင်ကြီးတစ်ပါး ရောက်ရှိလာခဲ့လေ၏။ ဘွဲ့တော်မှာ **ဒေါ်ဉာဏ** ဟူ၍ ခေါ်တွင်ပါသည်။

ဒေါ်ဉာဏသည် ဦးမေဃိယအား ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို အမြဲမပြတ် ရက်ပျက်မရှိ ချက်ပြုတ်လှူဒါန်းခြင်းဖြင့် ဝေယျာဝစ္စများ ဆောင်ရွက်နေလေ၏။ သို့ရာတွင် မည်သည့်အခါမှ သီလရှင်ကြီးကို ညင်သာစွာ မဆက်ဆံပါ။

ဦးမေဃိယသည် ရောက်ရှိလာကြသော ဒကာ၊ ဒကာမများအား ချိုသာစွာ စကားပြောဆိုလေ့ မရှိသော်လည်း ဒကာ၊ ဒကာမများမှာ ပို၍သာ တိုးလာနေလေ့ ရှိပါသည်။

ဒကာမများကိုသာမက သီလရှင်ကြီးအားလည်း အကောင်းမပြောရုံမျှမက ဆူပူကြိမ်းမောင်းခြင်း၊ နှင်ထုတ်ခြင်းများ အမြဲလိုလို ပြုမူလေ့ရှိသော်လည်း ဘယ်သောအခါမှ စိတ်ဆိုးခြင်းမရှိ ပြုစုမြဲဝတ်ကို ဖွဲ့ရှိရှိ ဆောင်ရွက်မြဲသာ။

ထူးခြားမှုတစ်ခုမှာ လာရောက်ကြသော ပရိသတ်များမှာ ဆရာတော်စွန့်သော ငှက်ပျောသီး၊ သစ်သီးနှင့် အစားအစာများကို စားသောက်ကြ၍ အက[…] ထူးခံစားရကြောင်း ပြောဆိုကြ[…] သည်။

ဆရာတော်ကြီး ပယ်ပယ်နယ်န[…] စားသုံးထားသော ဆွမ်းကျန်မျာ[…] ကျွန်းပ်တို့မှာ စားသုံးကြပါသော်လ[…] ကိုစိန်မောင်ကမူ စားလေ့မရှိ[…] အခြားသော အဝေးနေ မိတ်ဆွေ[…] နှင့် ဂမ္ဘီရလမ်း လျှောက်လှမ်းနေ[…] များကလည်း ကျွန်းပ်ထံမှ တောင်[…] သုံးဆောင်ကြပါသည်။

တစ်နေ့တွင် သီလရှင်[…] ဒေါ်ဉာဏအား မရှိဓာသချိုင်း[…] သို့ လူအရိုးခေါင်းနှင့် ခြေသလုံးရိုး[…] သွားယူပေးရန် မောင်ရီပျိုး[…] စေခိုင်းလေ၏။

ဒေါ်ဉာဏမှာ လုံးဝပင် မတုန်[…] ဘဲ အကယ်ပင် သွားရောက်ယူဆေ[…] ပေးလေသည်။

နောက်နေ့တွင် သီလရှင်ကြီး[…] **"ငါ့သက်နီးခေတွ ခိုးတဲ့သူခိုးမ န[…] သူခိုးမ သူခိုးမ"**ဟု ထပ်တ[…] ပြောဆို၍ ခြေနှင့်ကန်ကျောက်[…] ထုတ်လေ၏။

သီလရှင်ကြီး ဒေါ်ဉာဏမှာ [...] တော်ကြီးထက် အသက်ကြီးပါသ[…] သို့ရာတွင် ငယ်ရွယ်နုပျိုသူများ[…] သန်စွမ်းလှပါ၏။

ဤတစ်ကြိမ်တွင် ဒေါ်ဉာဏ[…] သည်းမခံတော့ပါ။ ဆရာတော်[…] ခြေနှင့် အထပ်ထပ် အခါခါ [...] ကျောက်လေရာ နောက်သို့ မ[…] တော့ဘဲ ရှေ့သို့ အတင်းတိုး[…] ဆရာတော်ကြီး၏ ပေါင်ခြံအား [...] နှင့် ဆွဲညှစ်လေတော့၏။

ထိုအခါကျမှ "ဟဲ့ သူခိုးမ [...] တော့ တော်တော့"ဟု လက်[…] အရှုံးပေးရလေ၏။ အဲဒီနေ့က သ[…]



www.burmeseclassic.com

www.burmeseclassic.com

...သည် တစ်နေ့လုံး အနီးမှာမနေ ...ဘဲ ဆရာတော်ကြီးအား ကွယ်ရာ ...န်တော့၍ ဂူကြီး၏ အထက်ရှိ ...ပျက်တွင် သွားရောက် ပုတီးစိပ် ...လေ၏။

...က်အနည်းငယ် ကြာသောအခါ ...တော်ကြီးသည် သဲဂူအတွင်း၌ ...ာန်းရှုနေလေ၏။ ဂူအတွင်းမှ ...သို့ ထွက်မလာတော့ဘဲ အား ...နေလေ၏။

(၁)ရက်မျှကြာသောအခါ ဂူအတွင်း ...ရာတော်ကြီး လုံးဝ မရှိတော့ပါ။ ...ည့်နေရာတွင်မျှ ရှာဖွေ၍ မတွေ့ ...ပါ။

...က်သတ္တပတ် ကြာသွားသော ...တွင် သီလရှင်ကြီး ဒေါ်ဥဏ ...သည်း သားချင်းများရှိသော ...ချောင်သို့ ပြောင်းရွှေ့နေထိုင် ...တော့သည်။

...က်များစွာကြာသောအခါ ဆရာ ...ကြီး ဦးမေဃိယသည် ကျွန်ုပ်တို့ ... အိပ်ပျော်နေခိုက် ဆွမ်းစားတဲ ...သို့ ရောက်ရှိနေလေ၏။ စကား ...ံများကြောင့် ကျွန်ုပ်တို့တစ်တွေ ...ည့်သောအခါ ဆရာတော်ကြီး ...တည်းသာ တွေ့ရလေ၏။

...ဆရာတော်ကြီးကို မေးလျှောက် ...အခါ "**တောင်စောင့်နတ်ကြီး လာပင့်လို့ လိုက်သွားတာ**"ဟူ၍သာ မယုံကြည်ဖွယ်ရာ ပြောလေ၏။

မြို့နယ်တရားသူကြီး ဦးဝင်းမောင်၊ ကိုစိန်မောင်နှင့် ကျွန်ုပ်တို့သည် ဆရာတော်ကြီးအား ရေချိုးသန့်စင်ပေးခြင်း၊ သက်န်းများလျှော်ဖွပ်ခြင်း၊ ဆွမ်းကွမ်း ကိစ္စ ဆောင်ရွက်ခြင်းနှင့် ဂူအတွင်း ပုတီးစိပ်လိုက်ဖြင့် အချိန်ကုန်နေကြလေ၏။

တစ်နံနက်တွင် ဆရာတော်ကြီးက ရေတစ်ခွက် ခပ်ခိုင်းလေ၏။ ကျွန်ုပ်က ကြေးဖလားဖြင့် သောက်ရေခွက်ကို ကပ်လိုက်လေ၏။ သောက်ရေခွက် အတွင်း လက်မဖြင့် နှစ်၍ကိုင်ပြီး အနည်းငယ် သောက်သုံးလေ၏။

သောက်ပြီး ကျန်သော ရေဖလား အား ကျွန်ုပ်ကိုပေး၍...

'ရော့ သောက် ကျန်တဲ့ရေ ဟိုဘက်ကို သွန်လိုက်'

ဟု ခိုင်းလေ၏။

ကျွန်ုပ်က မဆိုင်းမတွ ယူ၍သောက် ပြီး အနည်းငယ်ကျန်သောရေကို သူ ညွှန်ပြရာဘက်သို့ ပက်လိုက်လေရာ ကြေးဖလားသည် လက်မှ လွတ်ထွက် ပြီး မြေကြီးပေါ်သို့ လိမ့်သွားလေတော့ သည်။

'ဟဲ့ ငလီ အဲလိုလုပ်ရလား၊ နင်ကတော့ အလုပ်ပြဲမယ့်ကောင် မဟုတ်ဘူး'

ဟု မြည်တွန်တောက်တီးလေ၏။ ရေခွက်ကို ဦးဝင်းမောင်က ကောက်၍ ရေဆေးရလေ၏။

ရက်အနည်းငယ် ကြာသောအခါ ကျွန်ုပ်သည် မြို့နယ်သမအသင်းတွင် ရွေးချယ်ခံရပြီး နိုင်ငံရေးလုပ်ငန်း အတွင်းရေးမှူး ဖြစ်လာလေတော့ သည်။

ဆရာတော်ကြီး ပြောဆိုသည့် အတိုင်း သမယဝါမတွင် (၄)နှစ်ကြာ သောအခါ၌ ပါတီအကွဲအပြဲတွင် မြို့နယ်ပါတီယူနစ် ဥက္ကနှင့်အတူ အလုပ်မှ အနားပေးခံရလေ၏။

ကျွန်ုပ်မှာ ဆရာတော်ကြီး ဦးမေဃိယထံ တစ်ဖန်ပြန်ရောက်ရ လေတော့သည်။

တစ်နေ့တွင် ကျွန်ုပ်နှင့် ကိုစိန်မောင် အား မရိုဏာသချိုင်းကုန်းတွင် အရိုး စု သွားတူးခိုင်းပြန်လေ၏။ ကျွန်ုပ်တို့ ကလည်း နေဝင်ချိန်တွင် သူ ညွှန်ပြ ထားသည့် မြေပုံမှာ သွားရောက် တူးယူ၍ ဂုန်နီအိတ်ဖြင့် သယ်ယူခဲ့ကြ လေ၏။

ရှေ့လဆက်ဖတ်ပါရန်

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***

...ရှူ... သုတေသီ...ပညာရှင်များနှင့် သဘာဝရှေ့ရှုဆရာတော်ကြီး ဦးမေဃိယ၏ တပည့်ဒါယကာများသို့...

ဆရာတော်ကြီးအကြောင်း သိရှိသူတပည့်၊ ဒါယကာများမှ ဆက်လက်ရေးသားပေးပို့ မှတ်တမ်းတင်ခြင်းပြုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**
*တာဝန်ခံ*
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com




တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်-0112 YR 007991

# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား ကိုရဲ




"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွှတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့ဩနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့ဩဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေး**ကိုး"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် သွေး**[…] **ကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြ**[…] **စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်၊ ဒါနဲ့အ[…] ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်[…] သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေ[…] နောက်ကျောတက်၊ ဖက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ […] အုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်း[…] အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရော[…] ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်း[…] စားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်း[…] စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတော[…] ကျော်ပါပေါ့လား။ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမ[…] "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေ[…] စာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြေ[…] သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟု[…] တော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အု[…] ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထ[…] ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး** ကိုရဲကို[…] ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့[…]"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်[…]"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသ[…] ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတ[…] မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေး[…] ရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်က[…] ချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျ[…] ခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်[…] ဒါပေမဲ့…**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့[…] လိုလိမ့်မယ်…"

---

ပင်ရင်း – **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊

မြောက်ဥက္ကလာပ။ ဖုန်း – ၆၉၁၀၉၁၊ ၅၂၂၅၄၁။

www.burmeseclassic.com

www.burmeseclassic.com

သတင်းပေးလိုက်မည်

# ညာတင်ကုတ် ဇာတ်စဉ်တစ်ခုရှိသည်

ခင်ခင်ဝင်း (မောရဝတီ)

**ညာတင်ကုတ်၏ မုဒြာမှာ...**

**ခိနမုဒြာ ဖြစ်၏။**

က်ဝါးတော်များကို အပြင်ဘက် ညွှန်၍ မြေကြီးသို့ အောက်စိုက်ချ သည်။ လက်ချောင်းတော်များကို ထားပြီး တစ်စုံတစ်ခုပေးတော့မည့် (အလှူပေးဟန်)ကို ညွှန်းဆို င်း သိရပါသည်။

မြော်သဒ္ဒါ ကြည်ညိုလာသူတို့ ကိုးကွယ်ဆည်းကပ် အားထား ဖြစ်သော ဘုရား၊ တရား၊ သံဃာ ပေးတော်မူသည်ကို ခံယူ ကိုးကွယ် သော့ဟု တိုက်တွန်းနှိုးဆော်သည့် က်အဓိပ္ပာယ်ပင် ဖြစ်ပါသည်။

ခိနမုဒြာပါသော ရုပ်ပွားကိုယ်စား ကို ထုလုပ်ကိုးကွယ်သူသည် ာ်ရှင်ခြင်း၊ ရွှေငွေရတနာ၊ ဆင် စသော စီးပွားရေးတွင် အထွတ် ကို ရောက်ရှိခြင်း၊ ကြွေးပေါင်း အလွယ်တကူ တောင်းခံရရှိခြင်း သာ အကျိုးတရားများ ရရှိစေနိုင်ပါ ည်။

ကိုး

**စေတီကိုးကွယ်မှုသမိုင်းနှင့် ဗုဒ္ဓ ရှင်၏ မုဒြာများစာအုပ် င်ခင်စိုး)**မှာ ဖော်ပြထားပါ ည်။

**"ဘုရားမဟုတ် ညာတင်ကုတ်"** ခေါ်ကားရှိသည်။ ထိုညာတင်ကုတ် ညီနောင်ရုပ်တုများနှင့် ပတ်သက် ဘူတ္တာရောင်ခြည်မဂ္ဂဇင်းတွင် ရေး ည်ဖြစ်ပါသည်။



တစ်နေ့သောအခါ သိဒ္ဓိဝင် ကျောက်မျက်တစ်ခုနှင့် ပတ်သက်၍ မေးမြန်းရန် ကျွန်မတို့၏ ဆရာကြီးအိမ် သို့ ရောက်ခဲ့သည်။ ထိုဆရာကြီးသည် ကား အသက်အရွယ်ကြီးရင့်လှပြီဖြစ် သော်လည်း ရှေးမီနောက်မီ ပညာ ဗဟုသုတနှင့် ပြည့်စုံသူဖြစ်သည်။ ဂမ္ဘီရဆန်သော အကြောင်းအရာများ ပေါ်တွင်လည်း တတ်သိကျွမ်းသော မြန်မာကြီးတစ်ဦးလည်း ဖြစ်ပါသည်။

ထို ဆရာကြီးကျေးဇူးကြောင့် ထူးဆန်း ကျောက်မျက်ရတနာများ အကြောင်းကို သိခွင့် တတ်ခွင့် ရရှိခဲ့ပါ သည်။ ကျွန်မ လေ့လာနေသော သိဒ္ဓိဝင်ကျောက်မျက်တစ်မျိုးအကြောင်း ကို မေးမြန်းပြီးသောအခါ ကျွန်မ သိချင်သော ညာတင်ကုတ်အကြောင်း ကို မေးမြန်းဖြစ်ခဲ့ပါသည်။

'ညာတင်ကုတ်နဲ့ ပတ်သက်ပြီး သိပ်သိတာ ပေါ့။ အဘတို့ လူလတ်ပိုင်းအရွယ်လောက် တုန်းက ညာတင်ကုတ်နဲ့ပတ်သက်ပြီး တစ်သက်မှတ်လောက်တဲ့ အကြောင်းအရာ တွေ ကြားဖူး ကြုံဖူးခဲ့တာပေါ့။

ပထမဦးဆုံး ကြားသိရတဲ့ ညာတင်ကုတ် ကတော့ ရွှေအစစ်နဲ့ သွန်းလုပ်ထားတာ၊ ရွှေဆိုင်တစ်ဆိုင်မှာ လာရောင်းသွားတာ နာမည်တော့ မပြောတော့ပါဘူး။ အောက် ခြေပလ္လင်ကို မှတ်ကျောက်တင်တယ်၊ ငရဲ မီးစားတယ်၊ ရွှေအစစ်ပါပဲ။

စျေးပေါပေါနဲ့ပဲ ဝယ်လိုက်တာ နောက်နေ့ မှာပဲ အဲဒီရွှေဆိုင်ပိုင်ရှင် ခြေထောက်နှစ်ဖက် လှုပ်မရအောင် လေဖြတ်သွားတယ်။ ရွှေ လောကသားတွေ အဘတို့မြို့မှာ ရွှေဘုရား ဆို ကြောက်စရာအဖြစ်နဲ့ ဘယ်သူမှ မကိုင် ရဲကြတော့ဘူး။ ဘုရားမဟုတ် ညာတင် ကုတ်ဆိုပြီး ပေါ့ဆဆ သွားမလုပ်သေနဲ့ ကျိန်စာတိုက်ထားတာ'



www.burmeseclassic.com

www.burmeseclassic.com

'ဘယ်လိုကျိန်စာများလဲ ဆက်ပြောပါဦးအဘရဲ့'

ကျွန်မက အံ့ဩစွာ မေးမိသည်။ သိချင်စိတ်ကလည်း တားမရမို့ အလောတကြီး ဖြစ်သွားသည်။

'တော်တော် သိချင်နေတာပဲ၊ ကြုံတွေ့ခဲ့ပြီထင်တယ်'

အတွေ့အကြုံ ရင့်ကျက်သော အဘက တန်းပြီးမေးပါတော့သည်။

'အများသူငါ ဗဟုသုတရစေဖို့ရယ်၊ ကြုံလာခဲ့ရင်လဲ ဘယ်လို ဆောင်ရွက်သင့်တယ်ဆိုတာ သိထားရအောင်လို့ပါ အဘရယ်'

စကားကို မယုတ်မလွန် ပြောကြားရင်း ဆေးပြင်းလိပ်ကြိုက်သော အဘအတွက် ဆေးပြင်းလိပ်ထုတ်ကို လှမ်းပေးရင်း အဘ ဆေးပြင်းလိပ် ဖောက်ထုတ်သောက်နေသည်ကို ကြာလွန်းသည်ဟု စိတ်က ထင်နေမိသည်။

အဘက ချောင်းတစ်ချက်ဟန့်ရင်း...

'အမှန်တော့ လုပ်ရပ်စခန်း အောင်မြင်သွားတဲ့ ဝိဇ္ဇာတွေဟာ ဘုရားတည်ကြတယ်။

ဘုရားရဲ့ ဌာပနာပစ္စည်းများအဖြစ် သူတို့ ဖိုထိုးအောင်မြင်ခဲ့တဲ့ ဓာတ်လုံးတွေကို အင်္ဂါရတ်ပညာနဲ့ ဓာတ်လမ်းလိုက်ပြီး အောင်မြင်ခဲ့တဲ့ ပုဂ္ဂိုလ်များပီပီ အောင်မြင်ခြင်း အမှတ်အသားအဖြစ်နဲ့ ရုပ်တုတွေ ထုလုပ်ကြတယ်။

သက်နီးကို ညာဘက်ရုံပြီး ဝိဇ္ဇာတို့ရဲ့ အမှတ်အသားအဖြစ် မှတ်သားခဲ့ကြတယ်'

'ကျိန်စာအကြောင်း ပြောပြပါဦး အဘရဲ့'

'အင်း... ရှေးကျတဲ့ ဘုရားတွေမှာ ခေတ်အဆက်ဆက် လေ့လာရင် ကျိန်စာတွေ ကျောက်စာနဲ့ သေချာ



ထွင်းထုထားတာ တွေ့ဖူးမှာပေါ့။

မော်လမြိုင် ကျိုက်မရောမြို့က ကျိုက်မရောဘုရားကြီးမှာ ဘုရင်မကြီးရှင်စောပု ကျောက်စာမှာ သွားဖတ်ကြည့်လိုက် အဲဒီလိုမျိုးပဲ...

"ဤဘုရားနှင့်ပတ်သက်၍ ပြုပြင်သောသူသည် ကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ကုသိုလ်ရကြပါစေကုန်သတည်း။ အကယ်၍ ဤစေတီတော်နှင့် ဌာပနာထားသည့် ပစ္စည်းများကို ဖျက်ဆီးသောသူသည် အန္တရာယ်များ ကျရောက်ပါစေသတည်း"

အဲဒီလို ကျိန်စာတိုက်ထားခဲ့တာ ပေါ့ပေါ့တော့ မထင်လိုက်လေနဲ့၊ ညာတင်ကုတ်တွေရဲ့ ဓာတ်သားတွေဟာ ဓာတ်သေသား ဓာတ်သားအစစ်တွေမို့ အဖိုးတန်တယ်။ အင်မတန်ကို အဖိုးတန်တယ်။

ဓာတ်သေသားကို ဓာတ်ရှင်သားဖြစ်အောင် လုပ်နိုင်ရင် အဲဒီပုဂ္ဂိုလ်ဟာ ကျင့်စဉ်စခန်းပြီးနိုင်တယ်။ ဒါပေမယ့်

ဒီ ညာတင်ကုတ်တွေမှာ ကျိန်စာ...
ရှိနေလို့ ပြန်ပြီး ဘုရားဌာပနာ...
မယ်။

တန်ဖိုးကြီးတယ်ဆိုပြီး ငွေမျက်...
တစ်ခုတည်း ကြည့်လို့မရဘူး'

ကျွန်မ သေချာ မှတ်တမ်းပြု...
သားထားလိုက်ပါသည်။

'ညာတင်ကုတ်နဲ့ ပတ်သက်...
မလုပ်အပ်တဲ့ စမ်းသပ်မှုတွေ ရှိ...
တယ်။ ဒါကလဲ အဘတို့ ရှေ့...
ဖြစ်ပျက်ခဲ့ကြတာ တွေ့မြင်ခဲ့ဖူးလို့...
ပြတာ'

'အဘပြောပြပါ... ကျွန်မ လိုက်...
ထားမယ်'

၁။ မီးသွေးမီးဖိုပေါ်မှာ (၅)မိနစ်လောက်...
လိုက်ရင် တစ်ကိုယ်လုံး ချွေးတွေ ညာ...
ကုတ်ဘုရားမှာ ထွက်လာမယ်။

၂။ ဖယောင်းတိုင်မီးနဲ့ ပလ္လင်တော်ရဲ့ အော...
မီးရှို့ရင် ညာတင်ကုတ်ရဲ့ ဦးခေါင်းတော်...
အငွေ့တွေ ထွက်လာမယ်။

၃။ ညာတင်ကုတ်ရဲ့ ဘေးပတ်လည်...
ဖယောင်းတိုင်မီးနဲ့ ရှို့လိုက်ရင် မီးညွှ...
ပုံတော်အထက် တစ်ထွာကျော်...
မြင့်တက်သွားမယ်။

အဲဒီလိုဖြစ်ရင် တန်ခိုးသိဒ္ဓိတွေ...
ညာတင်ကုတ်လို့ သတ်မှတ်တယ်...
စာတွေထဲမှာရှိလို့ စမ်းသပ်တဲ့လူ...
မီးလောင်သေဆုံးသွားတဲ့ အ...
အပျက်တစ်ခု ရှိဖူးတယ်။ ဖျက်ဆီ...
ဟာ တန်ပြန် ပျက်စီးတတ်တာ...
မှတ်ထား'

အဘ၏ ပြောပြချက်များက ညာ...
တင်ကုတ်နှင့်ပတ်သက်၍ အစုံအ...
သိရပေသည်။

'ညာတင်ကုတ် ဓာတ်သား...
ရှိတယ်၊ သွားကြည့်ချင်ရင်လိုက်ညွှန်...
မယ်'

အဘ၏ လမ်းညွှန်ချက်များ...





www.burmeseclassic.com

ဆေးချာမှတ်သားပြီး အဘကို ဦးခိုက်နှုတ်ဆက်တော့ပြီး ပြန်လာခဲ့ပါသည်။

အခါအခွင့်ကြုံရင်တော့ အဘညွှန်ပြလိုက်သည့် ညာတင်ကုတ်ဓာတ်သားအစစ်ကို သွားကြည့်မည်ဟု စိတ်က ပိုင်းဖြတ်ထားခဲ့ပါသည်။

တစ်နေ့သောအခါ ကျွန်မ၏ သူငယ်ချင်းတစ်ဦးက ရန်ကုန်သို့ လိုက်ပို့ပေးပါရန် ကျန်းမာရေးအတွက် ဆေးစစ်ရန် ရွှေတိဂုံဘုရားခြေတော်ရင်းတွင်ရှိသော မွန်စမ္မာရုံတွင် တည်းခိုကြမည်။ (၁၅)ရက်ကြာမည့်အကြောင်း အကူအညီတောင်းလာသည်။

ကျွန်မလည်း အားရဝမ်းသာ လက်ခံလိုက်ပါသည်။ အားလပ်ရက်များတွင် ကျွန်မတို့ သူငယ်ချင်းနှစ်ယောက်တို့သည် ရွှေတိဂုံဘုရားသို့ ခြင်းချိုင့်ဖြင့် မနက်အစောကြီး သွားပြီး ညနေမိုးချုပ်မှ ပြန်ဆင်းတတ်သည်။

ကျွန်မအဖို့တော့ အဘညွှန်ပြသော ဓာတ်သားအစစ် ညာတင်ကုတ်ကို သွားရှာရမည်မို့ အတော်ဝမ်းသာရပါသည်။

**ထိုညာတင်ကုတ် ရှိသည့်နေရာသည် ကား ရွှေတိဂုံဘုရား၏ ရင်ပြင်တော်တရုတ်ခိုင်း ဖူးမြော်မှုဘုရား၏ ရှေ့ယံတော်ပုံတွင် တန်ဆောင်း၏ အနောက်တွင်ရှိသော ဖူးမြော်ကွက်ထဲတွင် ရှိပါသည်။**

ပြတိုက်ထဲ ဝင်လိုက်သည်နှင့် ပထမအခန်း ရွှေဘုရား၊ ငွေဘုရားများ၏ စံနေရာကို ဖူးပြီး ဒုတိယအခန်းကို ရောက်လျှင် တွေ့ရမည်ဖြစ်ပါသည်။

ကျွန်မ ဆီမှာရှိသော ပြဒါးဓာတ်လုံးအရောင် မှိုကိုးချက် ညာတင် ကုတ်နှင့် တစ်ပုံစံထည်းပင် ဖြစ်ပါ သည်။ အမြင့်(၅)လက်မ၊ (၆)လက်မ ခန့် ရှိမည်ထင်ပါသည်။ ဓာတ်ပုံရိုက်ခွင့် မရသည့်အတွက် ကျွန်မ၏ ညာတင် ကုတ်၏ ဓာတ်ပုံကိုပင် ဖော်ပြလိုက်ပါသည်။ အစောင့်ဝန်ထမ်းများ အများကြီး တွေ့ရပါသည်။

ထိုညာတင်ကုတ်၏ ထူးခြားချက်မှာ ငွေရောင် လင်းလက်နေပါသည်။

ကျွန်မတို့ မော်လမြိုင်မှ (၁၀၈)နှစ်ကျော်ပေါက် ဆရာတော်ကြီး၏ ပြဒါးသေဓာတ်လုံးကြီး၏ အရောင်အဆင်းအတိုင်း သန့်စင်သော ပြဒါးသေဖြစ်သည်ဟု ယူဆရပါသည်။

မိတ်ဆွေစာရှုသူ ကိုယ်တိုင်သွားကြည့်ပါ၊ သိသူဖော်စား လိုအပ်သော ဆုများ တောင်းပါ၊ အထူးသဖြင့် ဝိဇ္ဇာလမ်းလိုက်သူများ သာသနာပြုနေသူများအတွက် ထပ်ဆင့် လမ်းပြသတင်း ပေးလိုက်ပါသည်။

အများအတွက် သိစေအပ်သော နေရာမို့ စိတ်နဲ့တောင် တပ်မက်မှုတွေ မဖြစ်စေဖို့ အထူးသတိထားစေလို ကြောင်း သတင်းကောင်းလေး မျှဝေ အပ်ပါသည်။

***[သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ များအားလုံးကို ဦးတင်လျက်...]***

**ခင်ခင်ဝင်း(မောရဝတီ)**

**စာမျက်နှာ (၁၆၄)မှ အဆက်**

မှ ပွင့်တာတွေ ကျွန်တော်တွေ့ကြုံဖူးပါတယ်။

အဲ့ တချို့မှာ သေယ်နှစ်ရှိလို့တောင် မပွင့်ဘူးဆရာ။ တချို့ကြကြည့်ရေသန့်မလောင်းလို့ ဂမုန်းမပေါ် သေသွားတာတွေ တွေ့ဖူးတယ်'

'ဪ အဲလိုလား။ ငါက ဒါတွေ စိတ်မဝင်စားတော့ မသိဘူးကွ။ အေးလေ ဘာပဲဖြစ်ဖြစ် ငါ့သူငယ်ချင်း ပြောတာ မှတ်သလို ဖြစ်နေတယ်ကွ'

'ဘယ်လိုလဲဆရာ ပြောပြပေးပါလား'

'ဒီလိုကွာ၊ ဒီဂမုန်းကိုး လာပေးတော့ ပွင့်တဲ့အချိန်မှာ အထူး ဘာတ်ပွင့်မယ်၊ ငွေအလုံးအခဲလိုက် ဝင်မယ်လို့ ပြောသွားတာကွ။ အခု ဒီဂမုန်းပွင့်ပြီ ပွင့်တဲ့နေ့ကစပြီး ငါ့ဆီက အကြီး ငွေအလုံးအရင်းဝင်တော့မယ်၊ ဂမုန်းကိုးပွင့်ပြီနေပြီ လို့ ပြောတယ်ကွ။

ငါက အရေးမထားပါဘူး။ အခု ဂမုန်းပွင့်လို့ သယ်ပို့ပါးရက် လောက်မှာပဲ မနေ့က ငွေအလုံးအခဲ ဝင်တယ်ကွ'

ငါ့သူငယ်ချင်းပြောသွားတဲ့ ဂမုန်းနိမိတ် ဟုတ်နေပြီဆိုရ မလိုပဲကွ။ ဟဲ...ဟဲ...ဟဲ...ဟဲ'

'ဟုတ်ကို ဟုတ်နေတာပါ ဆရာရဲ့'

'အေး ဟုတ်တယ်ဆိုရင် ဒီ လာတဲ့ပွဲ ဂမုန်းပွင့်လို့ အခုလို အမှုတွေ့ပတာလား။ ဒီအမှုကို ဒီလိုမှုမို့ ဂမုန်းအိုးက ပွင့်လာတာလား။ ဒါကို ငါ စဉ်းစားနေတာကွ'

'ဆရာကလဲ ကြက်ဥနဲ့ ကြက်မ ဘယ်ဟာအရင်ဖြစ်တာလဲ စဉ်းစားနေပြန်ပြီ။ အလုပ်မဟုတ်တာ စဉ်းစားမနေပါနဲ့၊ ကဲ... အလုပ်ဟုတ်တာက ကျွန်တော့်ကို တစ်ခုခုလိုက် ကျွေး ဒါပဲ ဆရာ'

'ကျွေးပါ့မယ်ကွာ ကျွေးပါ့မယ်။ ကျွေးချင်လွန်းလို့ မနေ့ကတည်းက မျှော်နေတာပဲ ဟဲ...ဟဲ...ဟဲ'

ထို့နောက် ဆရာ့ကားနှင့် စားသောက်ဆိုင်သို့ ထွက်ခဲ့ရပါတော့သည်။

**နတ်မောက်လှမြင့်သင်**

www.burmeseclassic.com



▲ လာဘ်ပွင့်ဂမုန်းအိုး ပွင့်အနေပုံ



▲ လာဘ်ပွင့်ဂမုန်းအိုးမှ ဂမုန်းပွင့် အနီးကပ်ပုံ

# ဂမုန်းနိမိတ်

ကောင်းကျိုးဟိတ်

နတ်မောက်လှမြင့်

၉–၅–၂၀၁၅ စနေနေ့ ရုံးပိတ်ရက်ဖြစ်သဖြင့် ကျွန်ုပ်သည် ဈေးဘက်သို့ လမ်းလျှောက်သွားရင်း စားချင်သည့် အသီးအရွက် လတ်လတ်ဆတ်ဆတ်များ ဝယ်ယူခဲ့ပါသည်။

အပြန်တွင် လမ်းလဲကြုံပြီး ငှားချင်သော စာအုပ်တစ်အုပ်ရှိသဖြင့် တရားလွှတ်တော်ရှေ့နေကြီး ဦးအောင်ဝမ်း အိမ် ဝင်လိုက်မိပါသည်။

'လာကွာ လုမြင့်သစ်၊ ငါ မင်းကို မျှော်နေတာ'

'ဟုတ်လား၊ ဘာအကြောင်းထူးရှိလို့လဲ'

'ရှိပြီပေါ့ကွာ။ လာ လိုက်ခဲ့'

ဟု ခေါ်သဖြင့် သူ့နေအိမ်ခြံဝင်းထဲ ဆင်းလိုက်ခဲ့ရပါသည်။ တစ်နေရာတွင် ဂမုန်းအိုး သုံး,လေးဆယ်ကြားထဲမှ ဂမုန်းတစ်အိုးကို ပြပါသည်။

'ကဲ အဲဒီ ဂမုန်းအိုး ကြည့်စမ်းကွာ။ ပွင့်နေတာ ဆယ့်ငါးရက်လောက်ရှိပြီကွ ညှိုးမသွားဘူး။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ငါ့မိတ်ဆွေတစ်ဦးက လက်ဆောင်လာပေးတာ။

ငါက ဂမုန်းတွေဘာတွေ ဝါသနာပါတာ ယုံတာမဟုတ်ဘူး။ ငါ့ဇနီးက ဝါသနာပါတယ်။ ဂမုန်းနိမိတ်လဲ ကောက်တတ်တယ်။

ငါ့မိတ်ဆွေက **သူငယ်ချင်း ဒါ လာဘ်ပွင့်လာဘ်ရှင်ဂမုန်း။ သူ့ ... လာရင် ထူးထူးခြားခြား လာ... လာဘပွင့်တယ်၊ ငွေအလုံးအခဲလို... သပိတ်ဝင် အိတ်ဝင် ဝင်တ... တယ်။ ခြေကြည် ရေသန့် လော... ပေးဆိုပြီး ပေးသွားတာကွ။** ခု ... နှစ်လောက် အရှိမှာ ပွင့်လာတာပဲကွ...

'ဟုတ်တယ် ဆရာ။ ဒါ လာဘ်... ကာပွင့်ဂမုန်းပဲ၊ ပိန်းဂမုန်းနဲ့လဲ ဆ... တယ်။ ဒါပေမယ့် သေချာ...ကြည့်... မတူပါဘူး။ သုံးနှစ်ရှိ ပွင့်တာ၊ ငါး...

စာမျက်နှာ (၁၆၃) သို့



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ နေထိုင်ကြသော အိမ်အသီးသီးတွင် ကြွေအရပ်နှင့် အနိဋ္ဌအရပ်နေရာများ ရှိကြသည်။

ဥပမာအားဖြင့် အိမ်ခေါင်းရင်းဘက်၊ အိမ်ရှေ့ဘက်တို့သည် ဣဋ္ဌအရပ်များဖြစ်ပြီး၊ ခြေရင်းဘက်၊ နောက်ဖေးဘက်တို့သည် အနိဋ္ဌအရပ်များဖြစ်ကြသည်။

ဤတွင် ကြွေအရပ်များ၌ အရပ်နှင့် လျော်ညီစွာ ကောင်းမြတ်သော အရာများ ထားရှိခြင်း၊ ကောင်းမြတ်သော အမှုကိစ္စပြုခြင်းတို့သာ ဖြစ်သင့်သည်။

ထို့အတူ အနိဋ္ဌအရပ်များတွင်လည်း အရပ်နှင့်လျော်ညီသော အမှုကိစ္စများ ထားရှိပြုမူရမည် ဖြစ်သည်။

အနည်းငယ် ထပ်ရှင်းရပြပါလျှင် ကိုးကွယ်ရာ ဘုရားကျောင်းဆောင် ဘုရားပုံတော်များ၊ ဦးထုပ်ခေါင်းပေါင်းများ၊ စာအုပ်စာပေများကို ခေါင်းရင်းဘက်ကဲ့သို့သော မြင့်မြတ်သော ကြွေအရပ်တွင် ထားရှိရပါသည်။

ထိုသို့မဟုတ်ဘဲ ကြွေအရပ်တွင် နိမ့်ကျသော ပစ္စည်းများ ထားမိခြင်းနှင့် နိမ့်ကျသော အပြုအမူများပြုမိခြင်း၊ အနိဋ္ဌအရပ်တွင် မြင့်မြတ်သော ပစ္စည်းများ ထားမိခြင်းတို့ ဖြစ်ခဲ့လျှင် ထိုအိမ်၏ မိသားစုဝင်များ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများ ဆုတ်ဆုတ်ပျက်စီးတတ်လေသည်။

ကြွေအရပ်၊ အနိဋ္ဌအရပ်များနှင့် လျော်ညီစွာ ပြုမူလုပ်ကိုင်မိစေရေးန် သတိတရား ရှေ့ထားပါက မခဲယဉ်းပါ။

**မိမိအိမ်၏ ကြွေအရပ် ခေါင်းရင်းဘက်ရှိ အိမ်သည် မိမိအိမ်ထက် (အိမ်အမြင့်) နိမ့်ကျနေပါက မိမိတို့၏ အကျိုးစီးပွားနှင့် ကျန်းမာရေးကို ထိခိုက်တတ်သဖြင့် အိမ်ခေါင်းရင်း၌ ဝါးလုံးရှည်မြင့်မြင့်မှာ**



# အနိဋ္ဌနှင့် ကြွေတို့သဘော

(ဆွဲတ၀င)
(နတ်တာလင်း)

ကိုယ်တွေ့နှင့် ပြောပါရစေ

**အိမ်ပုံချိတ် ဆွဲလိုက်လျှင် ရပါပြီ။**

**တစ်ဖန် ခြေရင်းဘက်အိမ်သည် မိမိအိမ်ထက် မြင့်နေလျှင်လည်း ခြေရင်းဘက်တွင် ဝါးလုံးရှည် တစ်လုံး မြင့်မြင့်ထောင်ထားပေးရမည်။**

သို့ဆိုလျှင် အနိဋ္ဌနှင့် ကြွေတို့၏ သဘောသဘာဝနှင့် ကိုက်ညီသွားပါလိမ့်မည်။ ကောင်းကျိုးသုခများလည်း ခံစားရပါလိမ့်မည်။

ကြွေ အနိဋ္ဌ သဘောတို့နှင့် စပ်လျဉ်း၍ စာရေးသူ ကိုယ်တွေ့နှင့် တင်ပြလိုသည်။ စာရေးသူ ကျောင်းဆရာ အလုပ်ဝင်စက ဖြစ်သည်။

နတ်တာလင်းမြို့နယ် အနောက်ခြမ်း ပုဖွန်ချောင်းရွာတွင် စတင် အမှုထမ်းခွင့်ရပြီး နေသားမကျသော အရပ်ဖြစ်၍လားမသိ ထိုရွာရှိလူများ ဘာမှမဖြစ်သော်လည်း စာရေးသူမှာတော့ လောလောလတ်လတ် ငှက်ဖျားရောဂါ ရခဲ့ပါလေသည်။ ကျန်းမာရေး အခြေအနေကြောင့် အိမ်ပြန်အနားယူ၍ ဆေးကုသမှု ခံယူရသည်။

ထိုအချိန်တွင် စာရေးသူတို့အိမ်ခေါင်းရင်းဘက် တစ်အိမ်ကျော်ရှိ စာရေးသူ၏ မိခင်ဘက်မှ အဘိုးသည်လည်း ကျန်းမာရေး မကောင်းပေ။

ရောဂါအခြေအနေမှာ စာရေးသူ

စာမျက်နှာ (၁၆၇) သို့



www.burmeseclassic.com

www.burmeseclassic.com

ဆေးစွမ်း ပို့၍ ထက်မြက်စေသည့်

# ဆေးကြူးဂါထာတော်ကြီး

'ဦးပဥ္စင်း ဘယ်နေရာက ရပြီလဲ'

'တပည့်တော် သင်္ကြန်ပြီးမှ သင်္ကန်းစည်းတာပါ။ အရှင်ဘုရားရောက်တဲ့နေ့ကတည်းက တပည့်တော် မြင်ပါတယ်။ ဆရာတော်နဲ့ အလုပ်များနေလို့ နှုတ်မဆက်ဖြစ်တာပါ'

'ရန်ကုန် သံဃာ့နာယကအဖွဲ့ အစည်းအဝေးကအပြန် ချမ်းသာကြီး ဆရာတော်ကို ဝင်ဖူးရာက မမျှော်လင့်ဘဲ အလုပ်ပေါ်ပြီး သောင်တင်နေရတော့တာပဲ။ ဒါထက် ဦးပဥ္စင်းက ကွမ်းသီးအစိုကော ကွမ်းသီးအခြောက်ပါ သုံးတယ်နော်'

'တင်ပါ့ဘုရား။ ကွမ်းသီးခြောက်က ဝမ်းမီး တောက်လို့ နံနက်ပိုင်းအချိန်တွေမှာ စားဖြစ်ပါတယ်။ ကွမ်းသီးအစိုက ဝမ်းမီးနှံ့တာမို့ မွန်းလွဲချိန်မှာ စားတာပါဘုရား'

'အင်းလေ တိုင်းရင်းဆေးပညာ လေ့လာထားတော့လဲ အနည်းဆုံး မိမိ ကျန်းမာရေးကို ဂရုစိုက်ဖြစ်တာပေါ့။ တိုင်းရင်းဆေးပညာမှာ ဆေးကြူးသိဒ္ဓိတင်တာတွေ ရှိသလား'

'ဝိဇ္ဇာခရနယ ဆေးပညာမှာတော့ တချို့ဆေးဝါးတွေအတွက် ဆိုင်ရာ ဆေးကြူးဂါထာတွေ ရှိပါတယ် ဘုရား'

'ဘယ်ဆေးဝါးမဆို သိဒ္ဓိတင် ဆေးကြူးနိုင်တဲ့ ဂါထာတော့ ရှိတယ်။ ဦးပဥ္စင်းလိုချင်ရင် ရေးပေးလိုက်မယ်'

မော်လမြိုင်မြို့ မောင်ငံ အလယ်ဝန်း ရပ် ပညာရာမကျောင်းတိုက် ပဓာန နာယကဆရာတော် ဦးရာဇိန္ဒက ပေါင် မြို့နယ်၊ သံကျကုန်းရွာ၊ ချမ်းသာကြီး ကျောင်းတိုက်သို့ ကြွရောက်စဉ် ဒုလ္လဘပဥ္စင်းဝတ်နေသည့် မိမိအား ထိုဆေးကြူး ဂါထာကို ဒါနပြုခဲ့သည်။

နှစ် အတန်ငယ်ကြာသောအခါ ရန်ကုန်၊ စမ်းချောင်းမြို့နယ်၊ အရှေ့ ဥယျာဉ်တိုက်၊ မေဓါရုံသီကျောင်း၌ သားများကိုရှင်ပြုစဉ် ပညာရာမဆရာ တော်နှင့် ပြန်ဆုံဖြစ်သည်။

'ထူးခြားတာလေးရှိလို့ ဒကာကြီး ကို တွေ့ချင်နေတာ။ အတော်ပဲဗျာ။ ပြီးခဲ့တဲ့လက သံဃာ့နာယက စည်းဝေး ပွဲ ကျင်းပနေတဲ့အချိန် ဆွမ်းစား ကျောင်းကိုလာတော့ တိုင်းအဆင့် သာသနာရေး ဦးစီးအရာရှိတစ်ဦးနဲ့ တွေ့တယ်'

'မတွေ့တာကြာပြီ၊ တပည့်တော်လဲ မကြာခဏ သတိရပါတယ်။ နေကောင်း ပါရဲ့လား ဘုရား။ အခုတော့ အလုပ် ကလေးတွေ ရှိသေးလို့ ခွင့်ပြုပါဦး။ မကြာမီ လာတွေ့ပါဦးမယ် ဘုရား' ဆိုပြီး ပြောပြောဆိုဆို ထွက်သွား တယ်။ သူတို့တွေမှာလဲ တာဝန်က အများသားကလား...။

ဆွမ်းစားပြီးလို့ ပြန်ဆင်းလာတော့ အဲဒီဒကာနဲ့ လုပ်ဖော်ကိုင်ဖက် ဒကာ တစ်ဦးနဲ့တွေ့တယ်။ သူ့ကို ပြောပြ တော့...

'အရှင်ဘုရား အဲဒီလူက လွန်ခဲ့တဲ့ ငါးလလောက်က ကွယ်လွန်သွားပါပြီ ဘုရား'

လို့ တအံ့တသြ ပြောပြတယ်။ အတူတွေ့ခဲ့တဲ့ ''စမ်းကြီး''ဆရာတော် ကို သက်သေတူပြတော့မှ သူလဲ လက်ခံသွားတယ် ဒကာကြီးရေးလို့ ရအောင်ပြောပြတာပါ။

အရှင်ဘုရားလဲ သာသနာ့ရောင် ခြည်မဂ္ဂဇင်းစာတည်းချုပ် သုပ်ဖူးသား ပဲ။ ကိုယ်တိုင်ရေးပါဘုရား။ တပည့် တော်တင်ပေးပါ့မယ်'



(ယင်းနောက် မကြာမီတွင် ဆရာ တော်က ထိုအကြောင်းကို စီကာ ပါတ်ကုံး ရေးပေးသဖြင့် စာတည်း ချုပ်ထံတင်ပြရာ နကၡတ္တရောင်ခြည် မဂ္ဂဇင်း ဖြစ်ရပ်မှန်ကဏ္ဍတွင် ဖော်ပြ ခဲ့ပြီး ဖြစ်လေသည်။)

'ဘုန်းကြီးပေးခဲ့တဲ့ ဆေးကြူးဂါထာ ကော မှတ်မိသေးရဲ့လား'

'မှတ်မိတာပေါ့ဘုရား။ သုံးလဲသုံး ဖြစ်တယ်။ တကယ်ထူးခြားပါတယ် ဘုရား'

'ဘယ်လို ထူးခြားတာလဲ'

'၁၃၆၅ ခုနှစ် တပေါင်းလ... အလောင်းတော်ကဿပ၊ ခေါ်... လောက်တောင်ကနေ မင်းကင်း... မိုင် ၆၀၊ တောလမ်းခရီးက သွား... ရတယ်။ တောထဲမှာ အရင်ကဖြစ်ဖူး... လေထိုးလေအောင့်ဝေဒနာ ခံစား... တော့ အနီးအနားမှာ အသုံးတည့်မ... ဆေးပင်လဲမရှိ၊ ခရီးဆောင်အိတ်... ပါလာသမျှ ဆေးဆိုလို့ တစ်မ... တည်းကျန်တဲ့ ...ဆွမ်းယာထဲ...



www.burmeseclassic.com

www.burmeseclassic.com

ကွမ်းစားဆေးကလေးပဲ ရှိတယ်။

မထူးတော့ပြီ မတတ်သာတဲ့အဆုံး အနန္တငါးပါးဦးထိပ်ထားပြီး အဲဒီ ကွမ်းယာကိုပဲ ဆေးကြူးဂါထာနဲ့ (၇)အုပ်မန်းပြီး စားလိုက်တယ်။ အနန္တငါးပါးကျေးဇူး ဂါထာရဲ့ ကျေးဇူးကြောင့် ဝေဒနာက လွန်မြောက်နိုင်ခဲ့ပါတယ် ဘုရား'

သည်။

အကြောင်းအမျိုးမျိုးကြောင့် "သနချေ"(သန့်စင်)၍မရ နှီး၍မရသော အစီအမံများကိုလည်း မူလ အစီအမံအတိုင်း သိဒ္ဓိဝင်၍ အစွမ်းထက်မြက်နိုင်ကြောင်း ဆရာတော်ကမိန့်မှာတော်မူခဲ့ပါသည်။

* * *

## သိဒ္ဓိတင် ဆေးကြူး ဂါထာတော်ကြီး

ဉ႖ံ နမော ဗုဒ္ဓါယ သိဒ္ဓိ သိဒ္ဓိ နမော ဗုဒ္ဓါယ။
နမော ဓမ္မာယ သိဒ္ဓိ သိဒ္ဓိ နမော ဓမ္မာယ။
နမော သံဃာယ သိဒ္ဓိ သိဒ္ဓိ နမော သံဃာယ။
နမော ပစ္စေကသမ္ဗုဒ္ဓါနံ သိဒ္ဓိ သိဒ္ဓိ နမော ပစ္စေကသမ္ဗုဒ္ဓါနံ။
နမော အရဟန္တာနံ သိဒ္ဓိ သိဒ္ဓိ နမော အရဟန္တာနံ။
နမော သဟာသံ မဟာဗြဟ္မာနံ သိဒ္ဓိ သိဒ္ဓိ နမော သဟာသံ မဟာဗြဟ္မာနံ။
နမော ဒေဝါနံ သိဒ္ဓိ သိဒ္ဓိ နမော ဒေဝါနံ။
နမော စတုန္နံမဟာရာဇာနံ သိဒ္ဓိ သိဒ္ဓိ နမော စတုန္နံမဟာရာဇာနံ။
နမော ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍ နာဂယက္ခာနံ သိဒ္ဓိ သိဒ္ဓိ နမော ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍ နာဂယက္ခာနံ။
ဉ႖ံ ဩကာသ နမော ဝိဇ္ဇာဓရာ ဥဿုန္နံ သိဒ္ဓိ သိဒ္ဓိ နမော ဝိဇ္ဇာဓရာ ဥဿုန္နံ။
သဗ္ဗကိစ္စံ မေ သိဒ္ဓံ သိဒ္ဓံ မေ သဗ္ဗကိစ္စံ သု အာ ဟုံ။ ။

'သာဓုပါဘုရား။ ဘုန်းကြီး ဝေမျှပေးလိုက်တဲ့ ရဟန်း၊ လူ၊ ပုဂ္ဂိုလ်အတော်များများကလဲ ဒီလိုပဲ ဆိုသဘုရား။ ဝမ်းမြောက်ပါရဲ့'

**ဆရာတော် အရှင်ရာဇိန္ဒသည်** ၂၀၁၂ ခုနှစ်ခန့်တွင် ဝမ်းတွင်းအင်္ဂါ မြစ်ပွားနာဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီ ဖြစ်ပါသည်။

ဆရာတော် ဒါနပြုခဲ့သည့်ဂါထာမှာ ဆေးဝါးများသာမက ကောင်းသော ရည်ရွယ်ချက်ဖြင့် ပြုလုပ်သော အင်းအိုင်၊ လက်ဖွဲ့၊ ရုပ်၊ အစီအမံအမျိုးမျိုးကို သိဒ္ဓိမြောက်စေရန် အနည်းဆုံး ခုနစ်အုပ်မျှရွတ်၍ သိဒ္ဓိတင်ခြင်းဖြင့် လိုအပ်သောအကျိုးကို ပြီးမြောက်စေ

**(ဆေးဝါးများကို သိဒ္ဓိတင်သော အခါ မြောက်လှည့် တဝဂ္ဂစေတီလိုဏ်တွင်း ပြုလုပ်က ဆေးစွမ်းပိုထက်ကြောင်း ရှေးသမားတော်များဆိုစမှတ်ရှိ၏။**

**စေတီမျက်နှာစာ မြောက်ဘက်တွင် ထင်ရှားသောသစ်ပင်ကြီး တစ်ပင် ရှိနေသင့်သည်ဆို၏။**

**စာရေးသူ)**

**[ပညာရာမဆရာတော် အရှင်ရာဇိန္ဒ၏ ကျေးဇူးဂုဏ်ကို သတိရသောအားဖြင့် ထပ်ဆင့်မျှဝေ တင်ပြလိုက်ခြင်း ဖြစ်ပါသည်။]**

ပြီးပါပြီ

**စာမျက်နှာ (၁၆၅)မှ အဆက်**

ရော၊ အတိုးပါ အသည်းအသန် ဖြစ်ခဲ့ပါသည်။ သုံး လေးရက်ခန့် ကြာတွင် တရေးသူက သက်သာလာပြီး အတိုးကတော့ လုံးဝ မသက်သာပေ။

နောက်ထပ် သုံး လေးရက်ကြာသော် တရေးသူမှာ ရောဂါသက်သာရာမှ အသည်းအသန် တစ်ဖန် ပြန်ဖြစ်ပါသည်။ သေလုမျောပါး ဖြစ်နေသော အတိုးက လူလူကောင်ကောင် ဖြစ်သွားသည်။

အတွေ့အကြုံအရ [illegible] အနိဋ္ဌအရပ်၊ အခြေအနေကို ရိပ်စားမိသူက တရေးသူ၏ မိခင်ဖြစ်သည်။

သို့နှင့် [illegible] ဆိုက်ကားအမြန်ငှားပြီး မြို့ဆေးရုံသို့ ပို့ခဲ့ကြသည်။ ဆေးရုံရောက်ပြီး [illegible] တရေးသူမှာ [illegible] လူလူကောင်ကောင် ဖြစ်သွားသည်။

တရေးသူ ဆေးရုံတွင် ရှိနေစဉ် ကာလမှာပင် ရောဂါသက်သာနေသော အတိုးတစ်ယောက် [illegible] ဆုံးသွားပြီဖြစ်ကြောင်း ကြားရသည်။

တရေးသူ၏မိခင်မှာ [illegible] သော်လည်း ကျန်းမာရေးကောင်းလာသော သားကြောင့် [illegible] နေနိုင်ခဲ့သည်။

ထိုနေ့မှစ၍ တရေးသူသည် မိဘတို့၏ [illegible] နားလည်ခဲ့ရ [illegible] လည်း နားလည် ယုံကြည်ခဲ့ရပါတော့သည်။

ညွှန့်ဝင်း(နတ်ထော)



www.burmeseclassic.com

www.burmeseclassic.com

# အကျိတ်အလုံးများပျောက်

ဆေးဆရာစိုးလတ်



ရောဂါပျောက်ကင်းသွားသော ကျေးရွာသူမိခင်ကြီး

ကျွန်မ၏မိခင်နှင့် ရောဂါဝေဒနာတူစွာ ခံစားနေရသူများ ရှိပါက ငွေအကုန်အကျနည်းပါးသော ဆေးနည်းဖြစ်သောကြောင့် စေတနာထား၍ ဖော်ပြအပ်ပါသည်။

**လွန်ခဲ့သော (၁၃)နှစ် ၂၀၀၀ပြည့်နှစ်ခန့်က** မိခင်ကြီးသည် ကျွန်မတာဝန်ထမ်းဆောင်ရာ ဝေးလံသော နယ်စပ်ဒေသတွင် လိုက်ပါ နေထိုင်ခဲ့ပါသည်။

မိခင်ကြီးသည် မကြာခဏ နေမကောင်းသဖြင့် ဆေးရုံသို့ သွားရောက်ပြသခဲ့ပါသည်။

ဆရာဝန်က စမ်းသပ်ကုသပေးရင်း ဝမ်းဗိုက်ကို စမ်းသပ်ကြည့်ရာ **ပန်းသီးလုံးခန့် ကြီးသော အသားပို အလုံးကြီး**ကို တွေ့ရှိရပါသည်။ မေမေသည် ကျွန်မကို ပြောမပြခဲ့ပါ။

ဆရာဝန်သည် ချက်ချင်း ဆေးလက်မှတ်ယူပြီး ဆေးဝါးကိရိယာ ပြည့်စုံသောနေရာသို့ သွားရောက် ခွဲစိတ် ကုသခိုင်းပါသည်။

မကုသပါက သားအိမ်တွင် အမြစ်တွယ်ပြီး ကင်ဆာဖြစ်သွားနိုင်ကြောင်း၊ အသက်အန္တရာယ် စိုးရိမ်ရကြောင်း ပြောပါသည်။

ကျွန်မက ဆေးရုံတက်ပြီး ခွဲစိတ်ကုသမှု ခံယူရန် အားပေး နှစ်သိမ့်ခဲ့သော်လည်း ခါးခါးသီး ငြင်းဆန်ခဲ့ပါသည်။ တစ်ခါမှ ခွဲစိတ်ကုသမှု မခံဘူးသဖြင့် ကြောက်လန့်နေခဲ့ပါသည်။

အကြိမ်ကြိမ် ပြောသော်လည်း လက်မခံခဲ့ပါ။ မိခင်ကြီးသည် စိတ်ဆင်းရဲစွာဖြင့် ဇာတိမြေသို့ ပြန်သွားခဲ့ပါသည်။

ဇာတိမြေသို့ ရောက်သောအခါ အိမ်မှ တစ်မိုင်ကျော်ဝေးသော တောရကျောင်းသို့ ဝါတွင်းဝါပ ဥပုသ်သီလ စောင့်တည်ခြင်း၊ ဝိပဿနာတရား ရှုမှတ်ခြင်းကို အမြဲမပြတ် ပြုလုပ်ခဲ့ပါသည်။

ကျောင်းပိတ်ချိန် အိမ်ပြန်သွားတိုင်း မိခင်ကြီး၏ ဝမ်းဗိုက်ကို စမ်းသပ်ကြည့်ရာ တဖြည်းဖြည်း သေးငယ်သွားပြီး **၃,၄နှစ် ကြာသောအခါ လုံးဝပျောက်ကင်းသွားသည်ကို အံ့သြစွာ တွေ့ရှိရပါသည်။**

မိခင်ကြီးကို အခြား ဘာဆေးစားသေးလဲ မေးကြည့်သောအခါ **တောင်ခမောက် တောရကျောင်း၊ ဆရာတော်က ရောဂါဝေဒနာကို သိရှိသွားပြီး ဆေးနည်းပေးရာမှ ကြာရှည်စွာ သုံးစွဲရင်း ပျောက်ကင်းသွားကြောင်း** ပြောပါသည်။

ထိုဆေးနည်းမှာ ဖန်ခါးသီးကို အများဆုံး စားပြီး နွားကျောင်ငယ်ရည်ကို အနည်းငယ် သောက်ရပါသည်။ ယခု အသက်(၇၈)နှစ် ရှိပြီး တရားအားထုတ်နေပါကြောင်း တတ်ပုံနှင့်တကွ ဖော်ပြပါသည်။

**(ကျေးဇူးရှင် ရေနံချောင်းမြို့ တောင်ခမောက် တောရကျောင်း ဆရာတော်နှင့် မိခင်ကြီးအား ဤစာစုဖြင့် ရှိသေစွာ ဦးထိပ်ပန်ဆင် ကန်တော့အပ်ပါသည်။)**

မြင့်မိုရ်(ပင်း)



www.burmeseclassic.com

www.burmeseclassic.com



ထိလာကျော်

# အိပ်နေရင်း လမ်းထလျှောက်ခြင်း

သူ့ပဟေဠိ အဖြေညှိပေးကြပါရန်

လောကတွင် ဆန်းကြယ်မှုများစွာ ရှိသည်။ ဖန်တီးမှုပါသော ဆန်းကြယ်မှုနှင့် သဘာဝ ဆန်းကြယ်မှုသာ ကွာခြားပါသည်။ သဘာဝဆန်းကြယ်မှုတွေကတော့ ကိုယ်တိုင်သိမြင်ရသည် ဆိုလျှင်တောင် အနည်းအကျဉ်းမျှသာ ဖြစ်ပေလိမ့်မည်။

စာပေ ကလောင်ရှင်တို့၏ အတွေ့အကြုံ အကြားအမြင်ကို အခြေခံရေးသားသော စာပေမှတစ်ဆင့် သိရသည်က ပိုများပါလိမ့်မည်။

ရေးသားဖော်ပြပါသော စာပေပညာရှင်များအား စာဖတ်ပရိသတ်တို့ကိုယ်စား အထူးပင် ကျေးဇူးတင်မိပါသည်။

ယခု ရေးသားမည့်စာစုသည် လွန်ခဲ့သော **နှစ်ပေါင်း(၃၀)ကျော်** စာရေးသူ ကာလသားအရွယ်က အဖြစ်အပျက်လေး ဖြစ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ အုန်းပင်တောရွာလေးသည် အိမ်ခြေ(၄၀)ကျော်သာရှိသော ကျေးရွာဇနပုဒ်လေးဖြစ်သည်။

သေးငယ်လှပသော ရွာကလေးဖြစ်၍ တစ်ယောက်အကြောင်း တစ်ယောက် ကောင်းကောင်းသိကြသည်။ ဘယ်သူဘာလုပ်လုပ်၊ ဘယ်သူဘာဖြစ်ဖြစ် တစ်ရွာလုံးသိသည်။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ဖုံးကွယ်ထား၍ မရ။

ကိုပြည်ကျော်သည် အိမ်ထောင်မပြုဘဲ လူပျိုကြီးဘဝကို ခံယူကာ မိခင်ကို လုပ်ကိုင်ကျွေးနေသည့်သားဖြစ်သည်။ မိခင်ကို လုပ်ကိုင်ကျွေးနေသည့် သားကို ဘာကြောင့် သားလိမ္မာဟု မသုံးနှုန်းရသလဲဟု စာရေးသူကို အပြစ်တင်ကောင်း တင်ကြပါလိမ့်မည်။

ကိုပြည်ကျော်သည် ထန်းရည်လေး တမြုမြုသောက်နေတတ်၍ သားအလိမ္မာဟု မတင်စားကြောင်း ထပ်လောင်းပြောပါရစေ။ ထန်းရည် (အရက်မျိုးနွယ်ဝင်) သောက်ခြင်းကို ဘုရားက သေချာကျနစွာ တားမြစ်ထားပါသည်။ အများကလည်း အားမပေး မနှစ်မြို့ပါ။

ကိုပြည်ကျော်တွင် ထူးခြားမှုတစ်ခု ရှိပါသည်။ ညအိပ်နေရင်းမှ လမ်းထလျှောက်ခြင်း ဖြစ်သည်။ ငယ်ငယ်ကကြာကြာနေမှ တစ်ခါလောက် ဖြစ်သော်လည်း အသက်(၃၀)ကျော်လာချိန် (ထန်းရည်သောက်စီသည့်





www.burmeseclassic.com

www.burmeseclassic.com

ကာလ) ပိုစိပ်လာသည်။ မကြာခဏ ဆိုသလို ဖြစ်လာသည်။

ပထမပိုင်းတော့ ရွာသူရွာသားတွေ သိပ်မသိ။ နောက်တော့ တစ်ယောက် စကား တစ်ယောက်နား ဆိုသလို အားလုံး သိကုန်ကြတော့သည်။

ကိုပြည်ကျော်သည် အိမ်အပေါ် ထပ် အိပ်နေရင်းမှ ပြတင်းပေါက်က ခုန်ချသည်။ အဲဒါကို မိခင် ဒေါ်ဖွားသိန်း သိသည်။ ဒေါ်ဖွားသိန်း ထအော်၍ အိမ်နီးချင်းတွေ သိကုန်ကြသည်။

မိခင် ဒေါ်ဖွားသိန်း တကြော်ကြော် အော်သည့်ကြားမှ ကိုပြည်ကျော်သည် အိပ်ပျော်နေရင်း လမ်းလျှောက်သွား သည်။ အိမ်ခြံဝင်းမှထွက်ကာ လမ်းမ ပေါ် ရောက်လာသည်။

လမ်းမအတိုင်း လျှောက်သွားရာ ရွာအထွက် တံခါး(မြောက်တံခါး) ရောက်သွားသည်။ နောက်က လိုက်သူ တွေကလည်း ဆူဆူညံညံ မလုပ်တော့ ဘဲ အေးအေးဆေးဆေး လိုက်ကြည့် နေသည်။

ရွာတံခါးမှထွက်ပြီး လှည်းလမ်း အတိုင်း လျှောက်သွားသည်။ ခြေလှမ်း (၃၀)လောက်အရောက်တွင် လမ်းနှစ်ခွ ဖြစ်နေရာ မြောက်ဘက်လမ်းခွဲသို့ လိုက်သွားသည်။

ဘယ်အထိ သွားမည်နည်း။ စိတ် ဝင်စားနေကြသည်။ ဓာတ်မီးတဝင်း ဝင်းထိုးကာ မျက်ခြည်မပြတ် လိုက် ကြည့်ကြသည်။

အိပ်နေရင်းမှ လျှောက်သည်ဆို၍ ဖြည်းဖြည်းချင်း တရွေ့ရွေ့ လျှောက် ခြင်းတော့မဟုတ်။ သာမန်လမ်း လျှောက်ခြင်းထက်ပင် ပိုမြန်သည်ဟု ထင်ရသည်။ မြောက်ကန်(ရွာမြောက် ဘက်ရှိရေကန်)သို့ ရောက်လာပြီး အထက်လမ်း (လူသွားလမ်း)နှင့် အောက်လမ်း(လှည်းလမ်း) နှစ်ခု အနက် မည်သည့်လမ်းကို သွားမလဲ ဟု ကြည့်နေကြပြန်သည်။

အောက်ဘက် လှည်းလမ်းအတိုင်း သွားတော့သည်။ လှည်းလမ်းအလယ် တွင် ထောင်နေသော တမာမြစ်ရှိ သည်။ တမာမြစ်နှင့် တိုက်မိကာ ယိုင်တိုင်တိုင် ဖြစ်သွားသည်။

ထိုမှတစ်ဆင့် နိုးသွားကာ သတိ ဝင်လာပြီး ရွာဘက်သို့ ခြေဦးလှည့်ကာ ပြန်တော့သည်။ လူတွေ တွေ့တော့ သူကပင် အံ့ဩနေသေးသည်။

ယခင်က ညဘက်ထလမ်းလျှောက် သည်မှာ ဤသို့မဟုတ်။ လေ့ကားမှ ဆင်း၍ လျှောက်သွားခြင်းသာဖြစ် သည်။ ဤမျှလောက် ဝေးဝေးမသွား ဘဲ သတိဝင်လာတတ်သည်။

ဤအဖြစ်အပျက်တွေကို မိခင်က ဘယ်သူ့ကိုမှ မပြောပြခဲ့။ ယခုအခါက တော့ ပြတင်းပေါက်မှ ခုန်ချတော့ စိုးရိမ်စိတ် အကဲပိုကာ ပြောခြင်း ကြောင့် တစ်ရွာလုံး သိကုန်ကြခြင်းဖြစ် သည်။

အဲဒီနောက်တော့ တစ်ပတ်တစ်ခါ လောက် ဖြစ်လာသည်။ ပြတင်းပေါက် ဂျက်(ချက်)တွေ ထိုးထားလည်းမရ။ ဖြုတ်ပြီးခုန်ချသည်။ ပြီးလျှင် ထုံးစံ အတိုင်း တမာမြစ်နှင့် တိုက်မိသည် အထိဖြစ်သွားသည်။ ပြီးလျှင် ပြန်လာ သည်။

ဤသည်တို့မှာ နိယာမလိုဖြစ်လာ သည်။ မည်သူမျှ မအံ့ဩသလို ဘယ် သူမှလဲ မစိုးရိမ်ကြတော့။ နောက် နှစ်နှစ်ခန့် အကြာမှာတော့ ကိုပြည် ကျော်တစ်ယောက် လူ့လောကကြီးကို စွန့်ခွာသွားတော့သည်။

အိပ်နေရင်း လမ်းလျှောက်သူကို စာရှုသူတို့ တွေ့ဖူးပါသလော၊ စာရေးသူ ကတော့ မျက်မြင်ကိုယ်တွေ့ပါ။ တကယ့်ကို ထူးဆန်းသည်ဖြစ်၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ် ပရိသတ်အတွက် တင်ဆက်ပေးလိုက် ခြင်း ဖြစ်ပါသည်။ ဆက်လက်ကြိုးစား ရေးသားတင်ပြပါဦးမည်။

ကိုပြည်ကျော်နှင့် ဒေါ်ဖွားသိန်းတို့ သားအမိနှစ်ယောက် ကောင်းရာ ဘုံဘဝမှာ စံစားနိုင်ကြပါစေ။

**(မွေးရပ်မြေ အမှတ်တရ ရေးဖွဲ့ပါ သည်။)**

**ထီလာကျော်**

**စာရှုသူ... သုတေသီ... ပညာရှင်များ ခင်ဗျား...**

အိပ်နေရင်း ထလမ်းလျှောက်သော ဖြစ်ရပ်တို့ကို ကြားသိဖူးပါသည်။ ယခု စာရေးသူ၏ ကိုယ်တွေ့အဖြစ်အပျက်ကို ဖတ်ရှုပြီးလောက်ပြီ ထင်ပါ သည်။ သို့ဖြစ်၍ အဘယ်ကြောင့် အိပ်နေရင်း ထလမ်းလျှောက်ရသလဲ၊ ဤဖြစ်ရပ်သည် မည်သည့်အကြောင်းကြောင့် ဖြစ်ရပါသလဲ ကျန်းမာရေး ရှုထောင့်ကဖြစ်ဖြစ်၊ ကမ္မရှုထောင့်ကဖြစ်ဖြစ် မိမိ သိရှိသလောက် ရေးသား ပေးပို့ပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်...

ဦးကျော်မိုး...

စာတည်းချုပ်

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း





www.burmeseclassic.com

www.burmeseclassic.com

# ပန်းမော် ငါးချဉ်

### ပြုလုပ်နည်း



ကျွန်တော်ငယ်စဉ်တုန်းက ကချင်ပြည်နယ် ဗန်းမော်မြို့ ကုက္ကိုတောချယ်ကွက်မှာ မိဘများနဲ့အတူ နေခဲ့ပါတယ်။

အိမ်ရှေ့လမ်းမကနေ ပေါက်ကုန်းချယ်ကွက်ဘက်ကို အတော်လေးဝင်သွားလိုက်ရင် ဧရာဝတီမြစ်နားမှာ အင်းကြီးတစ်ခုကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီအင်းကြီးက ငါးတွေ အတော်ထွက်တယ်။

လူတစ်ရပ်မက ကြီးမားတဲ့ ငါးပတ်ကြီးကို လူတစ်ယောက်က ပခုံးပေါ်မှာထမ်းပိုးပြီး သယ်ဆောင်သွားတာ မကြာခဏ တွေ့ရတတ်လေ့ရှိတယ်။

အင်းကြီးထဲက ငါးမျိုးစုံလဲ ရတတ်ပါတယ်။ ကျွန်တော် အနှစ်သက်ဆုံးငါးနဲ့ ပတ်သက်တဲ့ အစားအစာကတော့ ငါးချဉ်ဖြစ်တယ်။ ငါးဘဲဖြူငါးလေးချဉ်ဆိုရင် အကောင်းဆုံးပေါ့။

လက်ဆုပ်လုံးလေးထွေ ငရုတ်သီးနီ အပွထောင်းနှင့် ကြက်သွန်ဖြူရောလိုက်ရင် အရောင်လှပြီး အနံ့ကလဲမွှေးနေပါတယ်။

ရန်ကုန်မှာက ငါးဘဲဖြူ လတ်လတ်ဆတ်ဆတ်ကရှားပါးတော့ငါးမြစ်ချင်းအသားခြစ် (သို့မဟုတ်) ငါးမြစ်ချင်းအသားကို ငါးချဉ်လုပ်ကြရတတ်တယ်။

**ဗန်းမော် ငါးချဉ်ပြုလုပ်နည်းကတော့** ငါးမြစ်ချင်းအသားခြစ် သန့်သန့်လေး အစိတ်သား (သို့မဟုတ်) ငါးမြစ်ချင်း အကောင်ကြီးကြီးကို အသားခွာယူပြီး (ရေစင်အောင်သတိထားပါ) ခြောက်ခြောက်လေး အတုံးသေးသေးတွေကို အရိုးမပါအောင်လုပ်ပါ။ ငါးအရေခွံကို ထည့်ချင်လျှင်လဲ ရပါတယ်။

ပြီးလျှင် ဆားသင့်ရုံထည့်နယ်ပြီးပေါက်ပါ။ ဆားမပေါ့ရန် ဂရုပြုပါ။ ဆားပေါ့လျှင် ငါးချဉ်ပျက်တတ်တယ်။ **(ပေါက်တယ်ဆိုတာက ပန်းကန်ကြီးကြီးတစ်ခုထဲကို ပေါက်ပြီး ထည့်လိုက်၊ ပြန်ယူလိုက် လုပ်တာပါ။ ငါးဖယ်ပေါက်သလိုပါပဲ။ ဆားများပျံ့နှံ့သွားစေရန်လုပ်ခြင်းဖြစ်ပါတယ်။)**

အဲဒါပြီးရင် ငရုတ်သီးအပွတောင့်သုံးတောင့်လောက်ကို အစေ့ထုတ်ပြီး ရေဆွတ်၍ ဆားနည်းနည်း ထည့်ထောင်းပါ။ ညက်လျှင် လက်ညှိုးလောက်ရအောင် ကြက်သွန်ဖြူ သုံးတက်နဲ့ ထပ်ထည့်ပြီးထောင်း၊ အားလုံးညက်က ဖွန်းတစ်ချောင်း ယူခပ်ထားပါ။

ငရုတ်ဆုံမှာ အကပ်ကျန်တာကိုရေအနည်းငယ်ထည့်ဆေးပြီး ဆုံဆေးရည်ကို ပန်းကန်ငယ်တစ်ခုနဲ့ သီးသန့်ထားပါ။ အအေးခံထားတဲ့ ထမင်း၊ ငါးရဲ့လေးပုံတစ်ပုံစာလောက် **(ထမင်းများသွားလျှင် ပျော့ပြီးပြဲသွားတတ်တယ်။)** ထည့်ပြီး ဆုံမှာ ထပ်ထောင်းပါ။

အတော်ညက်သွားလျှင် ငါး၊ ထမင်း၊ ငရုတ်ကြက်သွန်ဖြူထောင်းတို့ကို သမအောင် လက်နဲ့ထပ်နယ်ပြီး ပေါက်တာကို ပြန်လုပ်ပါ။ ကောင်းကောင်းသမသွားလောက်က အခြေအနေကို လျှာပေါ်မှာ တင်စမ်းကြည့်လို့ရပါတယ်။

အပေါ့ အငန် အနေတော်ဖြစ်က ဆန်ဆေးရေကို လက်မှာဆွတ်ပြီး ဒိုးပိုင်းပြားသဏ္ဌာန် လေးငါးခုလောက်လုပ်ကာ ကြွေပန်းကန်စောက်မှာ သိပ်ထည့်၊ အဖုံးအုပ်၊ အခန်းအပူချိန်မှာ (ROOM TEMPERATURE)ထားလိုက်ပါ။

တစ်ရက်ကြာလျှင် ငါးချဉ်နံ့သင်းနေပြီ။ လက်ညှိုးနဲ့ ဖိကြည့်လို့ ပျော့ပြဲပြဲမဟုတ်ဘဲ အိတင်းတင်းလေးဆိုက အကောင်းဆုံး ငါးချဉ်ကို ရပြီဖြစ်တယ်။

နှစ်ရက်ကြာလျှင် ငါးချဉ်ကိုယူပြီး ရေခဲသေတ္တာမှာ ပြောင်းရွှေ့ထည့်ထားပါ။ စားချိန်နီးခါမှ ငါးချဉ်ကို ဓားနဲ့မထူမပါးလှီးပြီး ကြက်သွန်နီ၊ ငရုတ်သီးစိမ်း၊ နံနံပင်ထည့် ပဲဆီဆမ်းပြီး သုပ်စားလေ။

သဘာဝငါးချဉ်ရဲ့အရသာ အိအိလေးကို တွေ့ရပါမယ်။

ငါးချဉ်သုပ်တစ်ခွက် ပဲနီလေးဟင်းချို၊ ငါးပိရည်၊ တို့စရာတစ်ခုလောက်ပါတဲ့ ထမင်းဝိုင်းဆိုလျှင် နတ်သုဒ္ဓါလို အရသာတွေ့ရမှာသေချာပါတယ်ခင်ဗျာ။

**ဝန်ခံချက်။ ။ သဘော်သား စိုင်းတင်စိုးသန်း(ကိုစိုး)၏ ခွင့်ပြုချက်ဖြင့် “ဘဝအကြောင်းတစေ့တစောင်း” စာအုပ်မှ ထုတ်နုတ်ပြင်ဆင် ရေးသားထားခြင်း ဖြစ်ပါသည်။**

**အောင်ဆန်းလင်း (ဘီ–အေ)**

www.burmeseclassic.com

ရာသီပေါ်သီးနှံ

# ပီလောပီနံနှင့်

## အဆိပ်သင့်မှု အန္တရာယ်နှင့် စားသုံးနည်း

ဦးအောင်ဖြင့် (ရွှေနဝင်း)

ယခုလို မိုးအကုန် ဆောင်းအကူး ကာလ နတ်တော်,ပြာသို ဆောင်းဦး အခါသမယများတွင် မြန်မာများ အကြိုက် သရေစာမုန့် အချိုပွဲအဖြစ် ပြုလုပ်စားသုံးနိုင်သည့်**ပီလောပီနံဥ**များ လှိုင်လှိုင်ကြီး ပေါ်ထွက်၍ လာပါသည်။

ကလေး၊ လူကြီး အတော်များများ ပီလောပီနံကို နှစ်သက်ခုံမင်စွာ စားသုံးကြပါသည်။ သို့သော် အစားမတော် တစ်လုတ် ဆိုစကားကဲ့သို့ တစ်ခါတစ်ရံ ပီလောပီနံဥ တောက်ပြီး အဆိပ်သင့်၍ အသက်အန္တရာယ်အထိ ဖြစ်ကြရသည်ကို တွေ့ကြုံရတတ်ပါသည်။

ပီလောပီနံဥစားတိုင်း အဆိပ်သင့်သည်တော့ မဟုတ်ပါ။ တချို့တော့ ပီလောပီနံမျိုးများတွင် အဆိပ်သင့်စေသည့်ဓာတ် ပါဝင်နေတတ်ခြင်းကြောင့် ဖြစ်စေ၊ ပီလောပီနံဥနှင့် တွဲဖက်၍ စားသောက်မိသော မသင့်သည့်အစားအစာ (**ဆီးသီး၊ သံပရာချဉ်၊ မက်မန်းသီးချဉ်၊ မှိုဟင်း၊ ပုစွန်ချဉ်၊ ငါးချဉ် စသည်တို့**) ရောစပ်ပြီး တစ်ပြိုင်နက် စားသုံးမိခြင်းတို့ကြောင့် ယခုလို အစာအဆိပ်သင့်တတ်ကြပါသည်။

ပီလောပီနံဥကို လူ့သမိုင်းမှာ လွန်ခဲ့သော နှစ်တစ်သောင်းကျော်ခန့်ကပင် စိုက်ပျိုး စားသောက်ခဲ့ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

အာဖရိကတိုက်မှာဆိုလျှင် ပီလောပီနံဥသည် အရေးကြီး အစားအစာပင်တိုင် အစာအာဟာရ ဖြည့်တင်းမှုဝဲစရာအဖြစ် ရပ်တည်နေပါသည်။

ပီလောပီနံကို စက်မှုကုန်ကြမ်း သီးနှံအနေဖြင့်ရော ကမ္ဘာနှင့်အဝန်း စိုက်ပျိုးမှု မြင့်တက်လာသည်ကို တွေ့နေရပါသည်။ ကမ္ဘာပေါ်မှာ ပီလောပီနံ စိုက်ပျိုးထွက်ရှိ စားသုံးမှု အများဆုံးနိုင်ငံသည် "**နိုက်ဂျီးရီးယား**"နိုင်ငံ ဖြစ်ပါသည်။



ပီလောပီနံဥကို အင်္ဂလိပ်လို "**ကဆားဗား**"(Cassava)လို့ ခေါ်ပြီး ယင်းဥ အခြောက်မှုန့်ကိုတော့ "**တာပီယိုးကား**"(Tapioca)ဟု ခေါ်ပါသည်။ ရက္ခဗေဒအပင်မျိုးရင်း(Euphorbiaceae) ဖြစ်ပြီး၊ မျိုးစု(Marihot)ဖြစ်၍ မျိုးစိတ်မှာ (Utilissim) ဖြစ်ပါသည်။

ပီလောပီနံဥ (၁၀၀)ဂရမ်မှာ ကယ်လိုရီဓာတ်(၁၆၀)ရှိပြီး ပရိုတင်း (Protein)ဓာတ် (၁.၄)ဂရမ်၊ အဆီဓာတ် (၀.၂၈)ဂရမ်၊ ကာဗိုဟိုက်ဒရိတ်ဓာတ် (၃၈)ဂရမ်၊ အမျှင်ဓာတ်(၁.၈)ဂရမ်၊ သကြား ဓာတ်(၁.၇)ဂရမ်တို့ ပါဝင်နေသည်ကို တွေ့ရပါသည်။

ပီလောပီနံဥမှာ **ကာဗိုဟိုက်ဒရိ**[...] (Carbohydrate)ဓာတ်သည် အကြွ[...] ဆုံးဖြစ်ပြီး ယင်းသည် ခန္ဓာကိုယ်[...] အင်အားစွမ်းအင်ကို ထုတ်လုပ်ပေး[...] သည့် အဓိက အာဟာရဓာတ်ဖြ[...] ကမ္ဘာ့အပူပိုင်းဒေသထွက် သီးနှံ[...] ထဲမှာ ကမ္ဘာ့လူဦးရေ သန်းပေါင်း(၅[...] ခန့်ကို အခြေခံ အစားစာအာဟာ[...] အဖြစ် အဓိက ထောက်ပံ့ အကျိုးပြု[...] သည့်သီးနှံ ဖြစ်ပါသည်။

ပီလောပီနံဥတွင် ပရိုတင်း(Pro[...] ဓာတ် ပါဝင်မှု နည်းပါးသော်လည်[...] အခြားသော ကစီ(Starch)ဓာ[...] ကြွယ်ဝပြီး ကယ်လစီယမ်ဓာတ် [...] 100mg, VitC,25-100mgတို့ ပါဝင်[...] ပါသည်။

ဒါကြောင့် ပီလောပီနံဥကို အဓိ[...] အဖြစ် စားသုံးကြသော အာဖရိကနိ[...] များတွင် လိုအပ်နေသော ပရိုတ[...] ဓာတ်(Protein)ကို အခြား သား[...] အစားအစာတို့မှ ကူညီဖြည့်တင်းမှု[...] ခဲ့လျှင် အသားဓာတ်(Protein) ချို[...] မှုများပြီး ခန္ဓာကိုယ်ဖွံ့ဖြိုးမှုကို ထိခို[...] စေပြီး အခြားသော ကူးစက်[...] ရောဂါဘယဒဏ်ကို လွယ်ကူစွာ ခံ[...] ရတတ်ပါသည်။

ဤအချက်ကို အထူး သတိပြုရ[...]



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် အာဖရိကနိုင်ငံများ မကြာခဏ ကူးစက်စေသည့် ရောဂါများ ဖြစ်ပွားလေ့ ရှိကြခြင်း ပါသည်။

သို့သော် ပီလောပီနံ့ဥကို အဓိက စာအဖြစ် မဟုတ်ဘဲ သရေစာ စားဖွယ်ရာအဖြစ် နှစ်ခြိုက်စွာ သုံးကြသော မြန်မာနိုင်ငံတွင်လည်း ပီလောပီနံ့ဥပေါ်သည့် ရာသီချိန် **ပီလောပီနံ့ဥတောက်၍ အဆိပ် သင့်မှုအန္တရာယ်ကို** မကြာခဏ တွေ့ ရပါသည်။

ပီလောပီနံ့ အဆိပ်သင့်မှုတွင် တလော စားသောက်မိ၍ အဆိပ် ပါဝင်မှု များပြား၍ အသက် ရာယ်ပေးသည်အထိ အဆိပ်သင့် နှင့် ရေရှည် **ပီလောပီနံ့ဥကို စွာ စားသုံးလာခြင်းကြောင့်** ဆိပ်ဓာတ်က တဖြည်းဖြည်း ခန္ဓာ ယ်ထဲမှာ စုပြုလာပြီး လူတွေမှာ ည်ပင်းကြီးရောဂါ အဖြစ်များလာ (Endemic goiter)၊

ကြွက်သားနှင့် အာရုံကြောတွေ က်လာခြင်း၊ ဦးနှောက်ဖွံ့ဖြိုးမှု ကွေး၍ ဉာဏ်ရည်မပြည့်ဝခြင်း ည့် ရောဂါလက္ခဏာတွေ ဖြစ်ပေါ် ကြခြင်းသည် ပီလောပီနံ့ဥ၏ လကြာရှည်စွာ အဆိပ်အတောက် လာခြင်း (Chronic Poisoning) ဂါလက္ခဏာစုဟု သတ်မှတ်ကြပါ ည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ကြိုက် သက်၍ ပီလောပီနံ့ဥကို သရေစာ စားဖွယ်ရာအဖြစ် ပြုလုပ် စား က်ကြမည်ဆိုလျှင် ပီလောပီနံ့ဥ ပါဝင်နေသည့် "**ဆိုင်ယာနိုက်**" ide) အဆိပ်ဓာတ်ကို ဖယ်ရှားနိုင် ည့် စနစ်တကျ ပြင်ဆင် သတိပြု၍



စားတတ်ရန် လိုအပ်လှပါသည်။

**ပီလောပီနံ့ဥကို ပြုတ်တဲ့အခါမှာ အခွံချာ၍ပြုတ်ခြင်း၊ အဖုံးမဖုံး၍ ပြုတ်ခြင်း၊ ပြုတ်ရည်ကို စွန့်ရည် သုံးရည်လဲ၍ ပြုတ်၍ စားသောက်ခြင်းတို့သည် "ဆိုင်ရာနိုက်" အဆိပ်ဓာတ်ပါဝင်မှု လျော့နည်းစေပြီး အန္တရာယ်ကင်းစေပါ သည်။**

အချို့သော သူများသည် **ပီလော ပီနံ့ဥကို မီးအုံး၍ စားသောက်တတ် သည့်အလေ့မှာ လွန်စွာ အန္တရာယ် များလှပါသည်။** သတိပြု၍ ရှောင်ကြဉ် စေလိုပါသည်။

ပီလောပီနံ့ဥ အဆိပ်သင့်ရာတွင် လည်း ကလေးနှင့်လူကြီး ခံနိုင်ရည် အင်အား နည်း,များပေါ် လိုက်၍ အသက်အန္တရာယ် ပေးတတ်ပါသည်။ ကလေးများတွင် ခံနိုင်ရည် အားနည်း၍ အသက်သေဆုံးရသည်အထိ ဖြစ် တတ်ကြပါသည်။

**ပီလောပီနံ့ဥတောက် အဆိပ်သင့် ခဲ့လျှင်** ကလေးမှာ ပြာနှမ်းလာခြင်း၊ အသက်ရှူမမှန်၍ သတိလစ်ခြင်း၊ အော့အန်၊ ဝမ်းသွားခြင်း စသည်တို့ကို တွေ့ ရပါမည်။ ဒါဆို ဆေးရုံသို့ အမြန် ဆုံးရောက်ရန် အရေးကြီးလှပါသည်။

ဆိုင်ရာနိုက် အဆိပ်ပါဝင်မှုနှုန်း သည် ပီလောပီနံ့ အမျိုးအစားလိုက်၍ ကွဲပြားမှု ရှိတတ်ပါသည်။ ပီလောပီနံ့ အချိုမျိုးထက် အခါးမျိုးက ဆိုင်ရာနိုက် အဆိပ်ပါဝင်နှုန်း များပါသည်။

အချို့ ပီလောပီနံ့ စိုက်ပျိုးသူ တောင်သူများသည် ပီလောပီနံ့ဥကို ခိုးယူ စားသောက်ကြသူများရန်မှ ကာကွယ်စေခြင်းအားဖြင့် ပီလောပီနံ့ အခါးမျိုးကိုစိုက်ခြင်း အပြင်ပိုင်း ခြံစည်းရိုးအဖြစ် စိုက်ပျိုးထားတတ် ကြသည်။

သို့မဟုတ်ပါကလည်း ရိုးရိုး အချို မျိုးကို ပြောင်းပြန်လှန်၍ စိုက်ပျိုးထား လျှင်လည်း ဆိုင်ရာနိုက် အဆိပ်ပါဝင် နှုန်းမြင့်မား၍ ယင်းပီလောပီနံ့ဥကို ခိုးယူတူးဖော် စားသုံးမိကြလျှင် ဆေးမမီလောက်အောင် အဆိပ်သင့် ၍ သေဆုံးတတ်သည်ကို တွေ့ကြရပါ သည်။

နိုင်ငံချုပ်ရသော် ကောင်းကျိုးဆိုးပြစ် ဒွန်တွဲနေသော အစားအစာဖြစ်သော ပီလောပီနံ့ဥကို ကြိုက်နှစ်သက်၍ စားသုံးကြမည်ဆိုလျှင်...

အထက်တင်ပြပါ အချက်အလက် များကို သင် စာရှုသူအပေါင်းတို့ သတိ ပြုလိုက်နာ ကျင့်သုံးနိုင်ကြလျှင် အစား မတော်သည့် အစားအစာတစ်ခုအဖြစ် သို့ မရောက်ဘဲ အန္တရာယ်ကင်းစွာ စားသောက်နိုင်ကြစေရန် အသိပေး တင်ပြလိုက်ပါသည်။

**ဦးမင်းဇော်(ရွှေနဝင်း)**



www.burmeseclassic.com

www.burmeseclassic.com

# မိသားစုတဲ့မှာ

## သြဇာအရှိဆုံးဟူသော အယူအဆ

မောင်ယဉ်ဟိန်း (အင်းတော်)

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၂၀၁၄ ခုနှစ် မေလ၊ စာမျက်နှာ(၂၂)၊ အမှတ်(၃၄၈)တွင် **စာရေးဆရာ အေးချမ်းအောင် (ရမည်းသင်း)၏ ဆောင်းပါးကို** ဖတ်မိပါသည်။

ဆောင်းပါးပါ ဆရာကြီး ဦးမင်းဖြူ၏ ပြောပြချက်အရအပြင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာတည်းချုပ် ဦးကျော်မိုးသိန်း၏ ထောက်ခံကန့်ကွက်နိုင်သည်ဟူသော စာရှုသူများထံ ဖိတ်ခေါ်ချက်အရ ပြန်လည်ရေးသားတင်ပြအပ်ပါသည်။

ဆောင်းပါးအရ ဖတ်ရသည့်အခါ သာမန်မျှသာဟူ၍ သဘောထားမိပါသည်။ မူလမဟာဘုတ်အပေါ် ခြုံငုံသုံးသပ်ချက်ဖြင့် တင်ပြထား၍ ရိုးစင်းနေသည်ဟူလည်း ခံစားမိပါသည်။

မဟာဘုတ်ပညာအရ နှိုက်ကြည့်မိသည့်အခါ အဓိပတိအိမ်သည် အကြီးအကဲဖြစ်သည့် နေရာတွင် ရှိပါသည်။ အဓိပတိအိမ်၌ မွေးနံရှိသူ တစ်နည်း အဓိပတိဖွား ဖြစ်သူသည် မိသားစုတွင် အကြီးအကဲဖြစ်ခြင်း၊ မိသားစုကသည်းပင်လျှင် နာခံရခြင်း၊ အဓိပတိဖွားဖြစ်သည်နှင့်အညီ မိသားစုအပေါ် သြဇာလွှမ်းမိုးခြင်း၊ မိသားစုအပေါ် စာနာထောက်ထားခြင်း။

မှကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဖခင်မယ်တို့တာဟူသော မိဘဝတ်နှင့်ညီသော စိတ်ထားများဖြင့် ပြည့်စုံသူဖြစ်သည်။

ပထမဦးဆုံး စာရေးသူနှင့်တိုက်ဆိုင်ညီညွတ်နေသည်။ စာရေးသူသည် မူလမဟာဘုတ်တွင် အဓိပတိဖွား မဟုတ်သော်လည်း အမည်သည် အဓိပတိနှင့်ရှိ အမည်မှည့်ထားပါသည်။



မိသားစုတွင် သြဇာညောင်းသလို ဆွေမျိုးသားချင်း မောင်နှမဝမ်းကွဲများ၌လည်း ညီ၊ညီမများနှင့် အစ်ကိုအစ်မများ အပေါ်ပါ သြဇာညောင်းပါသည်။

လူမှုပြဿနာများနှင့် မိသားစုဝင် ဆွေမျိုးစုများအပေါ်တွင် ပြောဆိုသမျှကို နာခံကြရသည်။

ဆောင်းပါးရှင်၏ စာမျက်နှာပါ တင်ပြချက်အရ တိမ်းပါးယွင်းချော်သွားခဲ့လျှင်လည်း မထောက်ပြရဲကြပါ။ ကွယ်ရာ၌သာ ပြောကြသည်ကို သိရှိရသည်။

**ဒုတိယတင်ပြရမည်မှာ** စာရေးသူ၏ သူငယ်ချင်းပင် ဖြစ်သည်။ စာရေးသူ၏သူငယ်ချင်းမှာညီအစ်ကိုမောင်နှမ (၁၀)ယောက်ရှိရာ သူငယ်ချင်းက ဒုတိယမြောက်ဖြစ်သည်။ နေ့နံအရလည်း အင်္ဂါသားဖြစ်သည်။ မူလမဟာဘုတ်အရလည်း အဓိပတိဖွားသည်။

မွေးနံဂြိုဟ်အရမှာလည်း ပါပဂြိုဟ် အင်္ဂါဖြစ်၍ စိတ်ထက်သည်။ ဒေါသလည်းကြီးသည်။ ဖြေရှင်းလျှင် လက်သီးနှင့်ထိုးပြီးမှ ဖြေရှင်းတတ်သည်။

ကိုယ်ကာယအထိ ကျူးလွန်သည်ထိ ဖြေရှင်းသော်လည်း ညီ၊ညီမများ ပြန်မပြောရဲကြပါ။

မိဘနှစ်ပါးသည်လည်း ဒုတိယသားအပေါ် အပြစ်မမြင်။ သားဖြစ်သူထက် မရက်စက်ပါ။ စာရေးသူ၏ သူငယ် မှာ ညီ၊ညီမ သာမက ယောက် ခယ်မ၊မရီးအထိပါ သူ၏ သြဇာအ မှာ လွှမ်းမိုးသူဖြစ်သည်။ ပေးလ ပေး၊ ကျွေးလည်းကျွေး။ မဟုတ် လျှင် လက်သီးဖြင့် ဖြေရှင်းသူလ ဖြစ်သည်။

တစ်ခါတွင် စာရေးသူ၏ ဖုန်းနံပါ ကိုမေးရာ ညီငယ်၊ ညီမငယ် ပျာပျာသလဲ ဖြစ်ရသည်အထိ သည်။

အစ်ကိုအပေါ်လည်း လွှမ်းမို ဖြစ်သည်။ ပညာအရည်အချင် ကြည့်လျှင်လည်း မိသားစုတွင် အ ဆုံးဖြစ်ပြီး ရာထူးအဆင့်တန်းအရ လည်း အမြင့်ဆုံးဖြစ်သည်။

နောက်တစ်ဦးမှာ သူနာပြု ဆရာ ကြီးတစ်ဦးဖြစ်သည်။

အဆိုပါ သူနာပြုဆရာမကြီး မောင်နှမသားချင်းများထဲတွင် အ ဆုံးဖြစ်ပြီး မောင်နှမ(၁၁)ယောက်ရှိ ဖြစ်သည်။

ဆရာမကြီးမှာ စနေ မီးဖြစ် အဓိပတိဖွားလည်းဖြစ်သည်။ စ

www.burmeseclassic.com

www.burmeseclassic.com

ထောက်သည်။ သူကဖြူလျှင် ဖြူမှ
သည်။ မည်းလာလျှင် မကြိုက်
သည်။မိဘအပါအဝင်မောင်နှမ
များ မပြောရဲကြပါ။
ကြိမ်တွင် သီတင်းကျွတ်လ
ခွင် ဒုတိယညီမဖြစ်သူက မုန့်ဖြင့်
ရာ အစ်မကြီးဖြစ်သူ ဆရာမ
ပြောစုံမှာ အခြားညီအစ်မများ
ခံနိုင်ဖွယ်မရှိ။
မုန့်က စားလို့မကောင်းတဲ့ဟာ ဘာ
ထဲ'
လုပ်သူမှာ ပြုံး၍သာနေသည်
ရေးသူကိုယ်တွေ့ မြင်တွေ့ခဲ့
ည်။
ရေးဆရာ အေးချမ်းအောင်
သင်း)၏ မိသားစုထဲမှာ ဩဇာ
ဟူသော ဆောင်းပါးကို **စာရေး**
**နေဖြင့် ထောက်ခံပါသည်။**
ရင်း ⁄ ကောက်ယူကြည့်လျှင်
ဆိုင်ညီညွတ်မှုရှိသည်ကို တွေ့
ဖြစ်ပါသည်။
စ်ခုပဲ စာရေးသူ အတွေ့အကြုံ
အဓိပတိဖွားဖြစ်သူသည် **သောမ**
**ဖြစ်လျှင်** အေးချမ်းစွာ ဖြေရှင်း
ဖြင့် ဩဇာညောင်းနိုင်သူ ဖြစ်
ဖြစ်ပြီး၊ **ပါပဂြိုဟ်ဖြစ်ပါက**
ကြမ်း ပြောဆိုဆက်ဆံခြင်းဖြင့်
ညောင်းမည် ဖြစ်ပါသည်။
ထပ်ဆင့် တင်ပြလိုသည်မှာ မွေးနံ
ည် အဓိပတိဖွားမဟုတ်သော်လည်း
မပညတ်အရ မူလမဟာဘုတ်တွင်
ဓိပတိခွင်မှာအမည်ဖြစ်လျှင် မိသားစု
ပေါ် ဩဇာညောင်းနိုင်ပါသည်။
စာရေးသူ၏ မိခင်ကြီးမှာလည်း မူလ
ဟာဘုတ်၌ မွေးနံသည် အဓိပတိဖွား
ဖြစ်သဖြင့် မောင်နှမသားချင်းနှင့်
ဆွေမျိုးစုတွင်လည်း ဩဇာညောင်း
သည်ကို တွေ့ရသည်။

စာရေးသူ၏ ဒုတိယသားသည် သောမဂြိုဟ်မွေးနံဖြစ်ပြီး မူလမဟာဘုတ်တွင် အဓိပတိဖွားဖြစ်သဖြင့် စာရေးသူပြီးလျှင် သူ့ညီ၊ ညီမများအပေါ် ဩဇာညောင်းသည့်အပြင် ဖခင်စိတ် အပြည့်အဝရှိသူကို တွေ့ရပါသည်။

**နောက်တစ်ချက် တင်ပြလိုသည်မှာ** မူလမဟာဘုတ်တွင် အဓိပတိဖွားဖြစ်ပြီး ဆပ္ပတ်ဂြိုဟ်အရ မွေးနံကို တိုင်ထူလျှင် နာမည်၊ နာမ ပညတ်သည် တိုင်ထိပ်တွင်ရှိနေမှု အချုပ်သကာဆင့် ဆိုသလို ဖြစ်မည် ဖြစ်ပါသည်။

**မွေးနံကလည်း အဓိပတိဖွား၊ အမည်ကလည်း အဓိပတိအမည်ဖြစ်နေလျှင် လည်းကောင်း၊ နာမပညတ်က အဓိပတိဖွား၊ ခံယားဖောက်တိုင်အရ နာမပညတ်မှာ တိုင်ထိပ်ဖြစ်နေလျှင်လည်း ပြဓာန်ကျုံ ဟူ၍ ရေးသား တင်ပြအပ်ပါသည်။**

ဘဝ၏အဆင့်အတန်းအရ အဓိပတိဖွားဖြစ်သူများတွင် ရပ်ရွာ၏ အကြီးအကဲ၊ မြို့ပြ၏ အကြီးအကဲ ဖြစ်တတ်သည်ကိုလည်း ခြွင်းချက်အားဖြင့် တာဝန်ယူရသည်ကို တွေ့ရပါသည်။

မဟာဘုတ်ဖွင့် ခံယားဖောက်တိုင်အရ ဥပမာတင်ပြလိုပါသည်။

* * *

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | (၅) | ၆ |

၅–ကြွင်းမဟာဘုတ်အရ ကြာသပတေးသားဆိုပါစို့။ အမည်တွင် ကျော်ကျော်၊ ချစ်ခိုင်ဟု ပေးထားလျှင် မွေးနံအရ ဘင်္ဂဖြစ်သော်လည်းအမည်ပညတ်အရ အဓိပတိဖြစ်နေပါသည်။

ထို့အတူ တနင်္လာသားဖြစ်နေလျှင် မူလမဟာဘုတ်အရ အဓိပတိဖွားဖြစ်သည်။

အထက်ပါအတိုင်း 'ကျော်ကျော်၊ ချစ်ခိုင်၊ ကောင်းခန့်ဟုဆိုလျှင် အချုပ်ပေါ်သကာလောင်းသလို ဖြစ်ပါမည်။ မွေးနံလည်း အဓိပတိဖွား အမည်ဖြစ်နေခြင်း ဖြစ်သည်။

* * *

**တိုင်ထိပ် → ၂ – နာမည် (ကျော်ကျော်၊**
**(ဓေယျံ) ၆ ချစ်ခိုင်၊ ကောင်းခန့်)**

၃
၅ → **မွေးနံ**
၁
၄
၀

မွေးနံ ကြာသပတေးသားကို ခံယားဖောက်တိုင်အရ တိုင်ထူလျှင် ပဋ္ဌပ္ပတ်အရအမည် ပေးထားသော် နာမပညတ်မှာ တိုင်ထိပ်ဖြစ်နေပါသည်။

တိုင်ထိပ်အရ **ဓေယျံ** အောင်မြင်ခြင်း ဖြစ်ပါသည်။

အဆိုပါ ကြာသပတေးသားသည် မူလမဟာဘုတ်တွင် အဓိပတိခွင်ရှိ တနင်္လာနံကို အမည်ပေးခြင်းနှင့် ခံယားဖောက်တိုင်အရအမည်မှာလည်း တိုင်ထိပ်ဓေယျံ၌ ရှိနေလျှင် အချုပ်ပေါ်သကာရည်ဆင့်သလို ဖြစ်ပါသည်။

နားနောင်ဆရာတော် ဦးကလျာဏထံ ဗေဒင်ပညာရပ်ကို သင်ယူစဉ်က ဤသို့ တွေးခေါ်ပုံကို ဆန်းစစ်ရှင်းလင်း တင်ပြပေးခဲ့ပါသည်။ ဟုတ်လား၊ မဟုတ်လားမှု သုတေသီများ ထပ်ဆင့် အဖြေရှာနိုင်ကြပါစေ။

**စာရေးသူကမူ ထောက်ခံပါသည်။**

**အာယု ဝဏ္ဏော သုခံ ဗလံ**

**မောင်ဗဟိန်း (အင်းတော်)**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ ဧပြီလဆန်းပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ အမှတ် (၇)ရပ်ကွက် မင်းလှသာယာမြို့သစ်၏ ကျက်သရေဆောင် ဓမ္မာရုံကြီးအား တိုးချဲ့ဆောက်လုပ်နေမှုများကို အကျိုးဆောင်အဖွဲ့မှ အလှူညီညွတ်ကျ နေ့စဉ်နံနက်(၆)နာရီမှ ညနေ(၆)နာရီထိ တာဝန်ယူ ကြီးကြပ် စောင့်ရှောက်ရပါသည်။

ရပ်ကွက်အတွင်းမှ အကျိုးဆောင် နာယကကြီးများဖြစ်ကြသော ဗိုလ်မှူးဝင်းအောင်(ငြိမ်း)၊ ဦးအောင်မောင်း၊ ဦးအောင်သိန်း (၃)လမ်း၊ ဦးခင်မောင်တင် (ဥက္ကဋ္ဌ)နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်းနှင့် (ဓမ္မစကူးလ်)မှ အကျိုးဆောင် ဦးအေးသိန်း (၂)လမ်း၊ မြို့နယ်ပညာရေးမှူး ဦးတင်အောင် စသော ပုဂ္ဂိုလ်များလည်း အလှူညီညွတ်ကျ တာဝန်ယူရန်ရောက်ရှိလာခဲ့ကြပါသည်။

၂၀၁၅ ခုနှစ်၊ ဧပြီလတွင် အပူဒဏ်ကို ကြံ့ကြံ့ခံပြီး ဘာသာရေး အဆောက်အအုံ ပြီးမြောက်စေရန် အကျိုးဆောင်များနှင့် တည်ဆောက်နေကြသော ပန်းရန်လုပ်သား၊ လက်သမားဆရာများ နေ့မအား ညမအား အားကြိုးမာန်တက် ဆောင်ရွက်နေကြပါသည်။

၉-၄-၁၅နေ့တွင် စာရေးသူနှင့် အတူ ဦးပေါ်ထွန်းတို့ ဓမ္မာရုံ တည်ဆောက်ရေး ကြီးကြပ်တာဝန်ကျပါသည်။ လက်သမားဆရာကြီး ဦးလှဆွေ ရောက်မလာသဖြင့် လက်သမားလုပ်သားများ ဆရာကြီး ဦးလှဆွေကို စောင့်မျှော်နေကြပါသည်။

အချို့သော လက်သမားလုပ်သားများလည်း ဆရာကြီးမလာသဖြင့် အိမ်ပြန်ရန် ပြင်ဆင်နေကြရာ...

စာရေးသူက...

'ဟေ့ လက်သမားဆရာတွေ မင်းတို့ဆရာကြီး ဟိုမှာ လာနေပြီ'

ဟု ပြောလိုက်ရာ...

# ဆီးကျောက်တည်ရောဂါ

**အတွက် တဆေးနည်း**



လက်သမားလုပ်သားများဆရာကြီး ဦးလှဆွေကို သွားကြိုကြသည်။

ဆရာကြီးဦးလှဆွေက လက်သမားလုပ်သားများကို လုပ်ငန်းကိစ္စ လမ်းညွှန်ပြောကြားပြီးလျှင် စာရေးသူရှိရာသို့ ရောက်လာခဲ့ပါသည်။

စာရေးသူက...

'ကဲ ဆရာကြီး ဦးလှဆွေ ရေနွေးကြမ်း သောက်ပါဦးဗျာ'

ဟု ပြောပြီး...

'ဆရာကြီး ဒီနေ့ တော်တော်နောက်ကျတယ်နော်၊ မျက်နှာလဲ မကောင်းဘူး။ ဆရာကြီးမှာ ဘာများ အခက်အခဲရှိနေလဲ ပြောပါ။ ကျွန်တော်တို့ ဘာကူညီရမလဲ'

ဟု ပြောဆိုလိုက်သောအခါ ဆရာကြီး ဦးလှဆွေက...

'ကျွန်တော့်မှာ ဆီးကျောက်တည်သောရောဂါတစ်ခု ဖြစ်နေပါတယ်။ ရောဂါစဖြစ်တာ (၃)လရှိနေပါပြီ။ ကျွန်တော် ဒီရောဂါကြောင့် စိတ်ဆင်းရဲမှုဖြစ်တယ်။ စိတ်မရွှင်လန်းဘူး။ ဆေးကလဲ အမျိုးမျိုးသောက်ပါတယ်။ သက်သာရုံပဲ ဖြစ်ပါတယ်။ ရောဂါ ကင်းကင်းရှင်းရှင်း ပျောက်မသွားဘူး'

လက်သမားဆရာကြီးက သူခံစားနေရသော ရောဂါအကြောင်းကို ပြောပြပါသည်။

လက်သမားဆရာကြီး ရောဂါအကြောင်း ပြောပြနေချိန်တွင် ရောက်ရှိနေသည့် (ဓမ္မစကူးလ်) အကျိုးဆောင် ဦးအေးသိန်းက...

'ကဲ ဆရာကြီးကို ကျွန်တော် ဆေးနည်းတစ်ခု ပေးမယ်၊ ဆီးနဲ့ပတ်သက်တဲ့ရောဂါအတွက် ပျောက်ကင်းသ[illegible] သာတဲ့ ဆေးနည်းပါ။

ကျွန်တော့် ကိုယ်တွေ့ ပျောက်[illegible] ခဲ့တဲ့ ဆေးနည်းပါ။ ဆေးက လွယ်[illegible] စွာ ရှာဝယ်နိုင်ပါတယ်။ ငွေကုန်[illegible] ကျ သက်သာပါတယ်။ ဒီဆေးကို [illegible] စွဲပြီးလက်တွေ့ပျောက်ကင်းခဲ့သူမ[illegible] ကျွန်တော်အပါအဝင်(၄)ဦးခန့်ရှိပါတ[illegible]

စာရေးသူက ကြားဖြတ်၍...

'ကဲ ဦးအေးသိန်းရေ ဆေးနည်[illegible] သာ မြန်မြန်ပြောပြပါဗျာ'

ဟု ပြောလိုက်ပါသည်။

**ဆေးနည်း**

ခေါင်းလျှော်တဲ့ တရော်ရည်ကို ဟ[illegible] (စတီးဇွန်း)နှင့်နံနက်(၁)ဇွန်း၊ နေ့လယ်(၁[illegible] ညအိပ်ရာဝင် (၁)ဇွန်း တစ်နေ့(၃[illegible] (၃)ရက် သောက်ပါ။ ဆီးကျောက်[illegible] ရောဂါနှင့် ကျောက်ကပ်၊ အသည်း[illegible] နေရာများ၌ ကျောက်တည်ရောဂါပါ ပျ[illegible] ကင်းစေသည်ဟု ပြောပြပါသည်။

စာရှုသူများနှင့် ဝေဒနာခံစား[illegible] သူများစေတနာထား၍ ဆီးနှင့်ပတ်သ[illegible] ၍ ရောဂါခံစားနေသူများ သိ[illegible] စေရန် ငွေကုန်ကြေးကျ သက်သ[illegible] မြန်မာ့ဆေးနည်းကောင်း တစ်ခု[illegible] အများပြည်သူ သိရှိနိုင်စေရန်ရေး[illegible] ဖော်ပြအပ်ပါသည်။

[ဆေးနည်းကို ပြောပြပေးသေ[illegible] (ဓမ္မစကူးလ်)အကျိုးဆောင် ဦးအေး[illegible] သိန်းအား ဤစာစုဖြင့် ကျေး[illegible] ပါသည်။]

**အာရောဂျ ပရမံ လာဘံ**

**ဗိုလ်မင်း (မင်းလှ)**




www.burmeseclassic.com

www.burmeseclassic.com

# လာဘ်လာဘ ရွှင်လန်းစေမည့်ဂါထာ

**အောင်နေနွဲ့ (ကျိုက်လတ်)**





ကျွန်ုပ်သည် ယခု ရေးသားလတ္တံ့သော ဂါထာ(၃)ပုဒ်ကို လက်တွေ့ကိုယ်တိုင်ကိုယ်ကျ အဓိဋ္ဌာန်ဝင် ရွတ်ဖတ်ခဲ့ဖူးပြီး အံ့ဩဖွယ်ရာ ကောင်းလောက်အောင် လာဘ်လာဘ အလွန်ရွှင်လန်းခဲ့ကာ လိုအင်ဆန္ဒ ပြည့်ဝခဲ့ရပါသည်။

သို့ဖြင့် အစားကောင်း စားရလျှင် ချစ်ခင်ရသောသူ၊ မိတ်ဆွေများကို သတိရသင့်သောကြောင့် နက္ခတ္တ ရောင်ခြည် ပရိသတ်ကြီးအား အကျိုးများစေရန် ရည်သန်၍ ရေးသားလိုက်ရပါသည်။

ဂါထာ(၃)ပုဒ်မှာ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး၏ ဂုဏ်တော်တန်ခိုးတော်တို့ကို ဖွဲ့သီ စီရင်ထားပြီး (၃)ပုဒ်လုံး အစွမ်းထက်လွန်းလှပါသည်။

ထိုဂါထာ(၃)ပုဒ်လုံးကို တစ်နေ့လျှင် (၉)ခေါက်၊ သက်စေ့ အစရှိသည်ဖြင့် နေ့စဉ် ရွတ်ဖတ်ပူဇော်သွားရပါမည်။

အခု ရေတွင်းတူး၊ အခု ရေကြည် သောက်၍ မရနိုင်သောကြောင့် စာတ်ထိနေစေရန်၊ ဂါထာတော်၏ ဟိတ်ဓာတ်များ ပြည့်ဝနေစေရန် ကြိုတင်၍ နေ့စဉ်နေ့တိုင်း ရွတ်ဖတ်ပူဇော် သွားရမည် ဖြစ်ပါသည်။

အရောင်းအဝယ် မပွင့်လန်း လာဘ်တအားပိတ်နေခဲ့သော်၊ အရေးကြောင်းပေါ်၍ ထူးထူးခြားခြား လာဘ်လာဘ ပွင့်လန်းစေလိုသော် ထို(၃)ပုဒ်မှ မိမိအာရုံကျရာ ဂါထာတစ်ပုဒ်ကို တစ်နေ့လျှင် (၁၀၈)ခေါက်နှုန်းဖြင့် (၉)ရက် အနည်းဆုံး သတ်မှတ်ကာ အဓိဋ္ဌာန်ဝင် ရွတ်ဖတ်ပူဇော်ပါ။

များသောအားဖြင့် အဓိဋ္ဌာန်ရက် မပြည့်မီပင် ထူးထူးခြားခြား လာဘ်လာဘ အလွန်ရွှင်လန်းကာ လိုအင်ဆန္ဒ ပြည့်ဝကေန် အမှန်ဖြစ်ကြောင်းကို ဝမ်းသာအားရ ကြည်နူးစွာဖြင့် ကြုံတွေ့ကြရမည်ဖြစ်ပါသည်။ ***(အဓိဋ္ဌာန်ရက် မပြည့်မီ ဆန္ဒပြည့်ဝသွားခဲ့လျှင်လည်း ရက်ပြည့်သည်အထိ ဆက်လက်ဆောင်ရွက်သွားရပါမည်။)***

---

ဘုရားဂုဏ်တော် လာဘ်ပွင့်ဂါထာ

---

အဘိနိပ္ဖန္နောခေါပန၊

ယဿဘဂဝတော လာဘော၊

အဘိနိပ္ဖန္နော သီလောကော၊

တံဘဂဝန္တံ အဟံဝန္ဒာမိ၊

ဓေတေနသစ္စဝဇ္ဇေန၊

လာဘောမေ ဟောတု သဗ္ဗဒါ။

ခက်ခဲသော ပါဠိအသံထွက်

**အဘိနိပ္ဖန္နော** =အဘိနိပ်ဖန်နော

**ယဿ** =ယတ်သ

**ဝန္ဒာမိ** =ဝန်ဒါမိ

**သဗ္ဗဒါ** =သဗ်ဗဒါ

**သစ္စဝဇ္ဇေန** =သစ်စဝဇ်ဇေန

**အနက်အဓိပ္ပါယ်**

**ယဿဘဂဝတော**– အကြင်မြတ်စွာဘုရားအား၊ **လာဘော**– လာဘ်လာဘသည်၊ **အဘိနိပ္ဖန္နော**– အလွန်ပြည့်စုံတော်မူ၏။

**သီလောကော**– ဂုဏ်သတင်း ကျော်စောခြင်းသည်၊ **အဘိနိပ္ဖန္နော**– အလွန်ပြည့်စုံတော်မူ၏။

**တံဘဂဝန္တံ**– ထိုလာဘ်လာဘများခြင်း၊ ဂုဏ်သတင်းကျော်စောခြင်း ရှိတော်မူသော မြတ်စွာဘုရားကို၊ **အဟံ**–အကျွန်ုပ်သည်၊ **ဝန္ဒာမိ**– ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏။ **ဓေတေနသစ္စဝဇ္ဇေန**– ဤမှန်သော သစ္စာစကားကြောင့်၊ **မေ** –အကျွန်ုပ်အား၊ **လာဘော**– လာဘ်လာဘသည်၊ **သဗ္ဗဒါ**–အခါခပ်သိမ်း၊ **ဟောတု**–ဖြစ်ပါစေသတည်း။

www.burmeseclassic.com

## တရားဂုဏ်တော် လာဘ်ပွင့်ဂါထာ

အကာလိကော ဓမ္မော၊
ဟေိ ပဿိကော ဓမ္မော၊
ဩပနေယျိကော ဓမ္မော၊
ဝေဒိတဗ္ဗော ဝိညူဟိ
လာဘာဓမ ဟောတု သဗ္ဗဒါ။

ချက်ခဲသော ပါဠိအသံထွက်

**ဓမ္မော** =ဓမ်မော
**ပဿိကော** =ပတ်သိကော
**ဩပနေယျိကော** = အောပနေယိကော

**အနက်အဓိပ္ပါယ်**

**ဓမ္မော** – ရှင်တော်မြတ်ဘုရား ဟောမိန့်ကြားသည့် မဂ်လေးပါး တရားတော်မြတ်သည်၊ **အကာလိကော**–အချိန်အခါမလင့် မနှင့်မဖေး ချက်ချင်းအကျိုးပေးသော တရားတော်မြတ်ပါပေတည်း။

**ဓမ္မော** – ရှင်တော်မြတ်ဘုရား ဟောမိန့်ကြားသည့် လောကုတ္တရာ ကိုးပါး မြတ်တရားသည်၊ **ဧဟိပဿိကော**–လာခဲ့စမ်းပါ ရှုစမ်းပါဟု ဝမ်းသာရွှင်လိုက် ဖိတ်ခေါ်ထိုက်သော တရားတော်မြတ်ပါပေတည်း။

**ဓမ္မော** – ရှင်တော်မြတ်ဘုရား ဟောမိန့်ကြားသည့် မဂ်လေးပါး ဖိုလ်လေးပါး၊ နိဗ္ဗာန်ပရိယတ်အားဖြင့် ဆယ်ပါးသော တရားတော်မြတ်သည်၊ **ဩပနေယျိကော**–အဝတ်ဦးခေါင်း မီးလောင်သော်လည်း မသတ်ဘဲနှင့် စိတ်ထဲရောက်အောင် ကပ်ဆောင်ထိုက်သော တရားတော်မြတ်ပါပေတည်း။

**ဝေဒိတဗ္ဗောဝိညူဟိ**– ဤမှန်ကန်သော သစ္စာစကားကြောင့်၊ **မေ** – အကျွန်ုပ်အား၊ **သဗ္ဗဒါ**–အခါခပ်သိမ်း၊ **လာဘော** – လာဘ်လာဘသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။



## သံဃာ့ဂုဏ်တော် လာဘ်ပွင့်ဂါထာ

သီဝလိ စ မဟာထေရော၊
ဒေဝမနုဿပူဇိတော၊
သော ရတော ပစ္စယာဒိနံ၊
မဟာလာဘံ ကရောတုမေ။

ချက်ခဲသော ပါဠိအသံထွက်

**ဒေဝမနုဿ** =ဒေဝမနုတ်သ
**ပစ္စယာဒိနံ** =ပစ်စယာဒိနံ

**အနက်အဓိပ္ပါယ်**

**ဒေဝမနုဿပူဇိတော**– နတ်လူ အမျိုးမျိုးတို့သည် မပြတ်ရိုကျိုးပြီး ရှိခိုး ပူဇော်အပ်သော၊ **မဟာထေရော**–မြင့်မြတ်ဂုဏ်သီး မဟာမထေရ်လည်း ဖြစ်သော၊ **သော သီဝလိ**–အပူအပင် အယုတ်တရားတို့ကို အလွယ်တကူ ပယ်ရှားသုတ်သင်ပြီး ကြည်လင် အေးမြစေတတ်၊ အကြင်သီဝလိ မထေရ်မြတ်သည်၊ **ပစ္စယာဒိနံ**– မြတ်စွာဘုရား ခွင့်ပြုအပ်သော ပစ္စည်း လေးရပ်တို့ကို၊ **ရတော**– သံဃာတော် ဂုဏ် ပြည့်စုံသိုက်မြိုက် ခံတော်မူထိုက်ပါပေ၏။

**သော သီဝလိစ** – အပူအပင် အယုတ်တရားတို့ကို အလွယ်တကူ ပယ်ရှားသုတ်သင်ပြီး ကြည်လင် အေးမြစေတတ် ထိုသီဝလိ မထေရ် မြတ်သည်လည်း၊ **မေ**–အရှင်မြတ်၏

ဂုဏ်အရပ်ရပ်ကို ပူဇော် တပည့်တော်
အား၊ **မဟာလာဘံ**–မပြတ်တန်ခိုး
ရှည်ပြီး လာဘ်ဓိုးယိုစွေခြင်းကို
**ကရောတု**–မေတ္တာတန်ခိုး သင့်က
တိုးလျက် နှစ်သက်ကြည်ဖြူ ပြုတော်
မူပါစေသတည်း။

ကျွန်ုပ်သည် ငွေကြေးအခက်အ
ကြုံတွေ့ရတိုင်း ကျွန်ုပ် အလွန်နှစ်ခြို
သဘောကျသည့် **ရွှေပေါ်ကျွန်းဆရာ
တော်ကြီး ချီးမြှင့်တော်မူထားသော
"အကာလိကော"** အစချီ တရား
ဂုဏ်တော် လာဘ်ပွင့်ဂါထာကို တစ်
ရျှင် (၁၀၈)ခေါက်နှုန်းဖြင့် (၉)ရ
သတ်မှတ်ကာ အဓိဋ္ဌာန်ဝင် ရွတ်ဖ
လေ့ရှိပါသည်။

အဓိဋ္ဌာန် စ,ဝင်သည့်နေ့မှ (၃)ရ
ပင် မကျော်ပါ။ ကြုံတွေ့နေရသေ
ငွေကြေးအကျပ်အတည်း၊ အခက်အ
ပြဿနာတို့သည် ပိန်းကြာရွက်ပေါ်
ရေလျှောကျ ပျောက်ကွယ်သွားသ
သို့ အဆင်ပြေ ပြေလည်သွားသ
ချည်းသာဖြစ်၏။

မည်သည့်ဂါထာဖြင့် အဓိဋ္ဌာ
ဝင်ဝင် သက်ဆိုင်ရာ ရတနာမြတ်
ဂုဏ်တော်အား ရည်စူး၍ အထ
တစ်တိုင်၊ နံ့သာတိုင်တစ်တိုင်ကို နေ့
ဆက်ကပ်လှူဒါန်းပူဇော်ပါ။

ဘုရားဂုဏ်တော်နှင့် သံဃာဂုဏ်
တော် လာဘ်ပွင့်ဂါထာတို့ကို အဓိဋ္ဌာ
ဝင်ခဲ့သော် ရေတော်(၁)ဖလားနှ
သစ်သီးခွမ်း (၁)ပွဲပါ နေ့စဉ် ဆက်က
လှူဒါန်း ပူဇော်သွားရပါမည်။

*ဘဝ အစစ ကျက်ကြပါစေ...။*

**အောင်နှစ် (ကျိုက်လတ်)**



www.burmeseclassic.com

www.burmeseclassic.com



ဒိုဒိုအောင် (သိမ်ဇရပ်)

# ကောင်းဆိုးကံရဲ့ တပင်ရွှေထီး

တို လွန်ခဲ့ပြီးသော ဆယ်နှစ်ကျော်ကာတည်းကမြန်မာဆေးဆရာကျော်းဝင်းမြင့်၏ "ခရီးသွား ဆေးသမား" စာအုပ်ထဲတွင် တပင်ရွှေထီးပင်၏ အစွမ်းထက်မြက်ပုံကို လေ့လာသိရှိခဲ့ရပါသည်။

ထိုခရီးသွား ဆေးသမားစာအုပ်ထဲမှ တပင်ရွှေထီးပင်၏ အစွမ်းထက်မြက်ပုံကို လေ့လာသိရှိခဲ့ပြီးသည့်နောက်ပိုင်းမှစ၍ ကျွမ်းကျင်ရင်းနှီးရာ မြန်မာဆေးဆရာများ၊ တိုင်းရင်း ဆေးဝါးသနာပါသူ သူငယ်ချင်း အပေါင်းအသင်းများအား...

'တပင်ရွှေထီးပင်ဆိုတာ သိလား။ ဘယ်လိုအပင်မျိုးလဲ တို့စစ်တောင်းပတ်ဝန်းကျင်မှာ ပေါက်ရောက်သလား'

ဆိုတာ ရင်းနှီးရာ မိတ်ဆွေအပေါင်းအသင်းများကို တွေ့တိုင်း လိုက်လံစုံစမ်းနေမိပါသည်။

စာရေးသူသည် လမ်းလျှောက်ရင်း မြက်တောများထဲမှ ရိုးတံရှည်ရှည်ထွက်ပြီး ထိပ်မှာ အပွင့်ဖြူဖြူအပင်လေးတွေတွေ့တိုင်း ဒါဟာ တပင်ရွှေထီးပင်များလားဟု ကိုယ့်ဘာသာကိုယ် မေးမိနေပါသည်။

ခုတော့ ကျွန်တော်များ စစ်တောင်းတွေ့စက် တစ်ဝင်းလုံးမှာရှိသော မြက်ခင်းများထဲတွင် ထိုအပင်များများစွာ ပေါက်ရောက်နေသည်ကို တွေ့ရှိရပေပြီ။

အလုပ်သမားများထဲမှ လူကြီး၊ လူရွယ်၊ လူငယ် မိန်းမကြီးငယ်ဟူသမျှ ထိုတပင်ရွှေထီးပင်တွေ နုတ်ပြီး ယူဆောင်သွားကြသည်ကို မကြာခဏ တွေ့နေရပါတော့သည်။

သိလိုသောဆန္ဒ ပြင်းပြနေသူ ကျွန်တော့်အဖို့ ထိုအပင် နုတ်ယူနေသူ၊ ထိုအပင် ကိုင်ဆောင်သွားသူတွေကို တွေ့တိုင်း မောင်ပေါက်ကျိုင်းလုပ်ကာ မေးမြန်းနေမိပါသည်။

ပထမဦးဆုံး ကျွန်တော့်အသိ ဒေါ်ကြီးဒေါ်ညွန့်တင်အား အင်တာဗျူး စလုပ်မိပါသည်။

'ဒေါ်ကြီး ဒါ ဘာအပင်လဲဗျာ'

'ဘာရောဂါတွေ ပျောက်ကင်းလို့ ဒီအပင်ကို နုတ်ယူရပါသလဲ'

ဟု မေးလိုက်တော့...

'ဗို့တူ ဒီ တပင်ရွှေထီးပင်လေး၊ ပင်းတို့ဦးလေး ဆီးရောဂါဖြစ်ပြီး ခြေဖိုးလေးတွေ ယောင်ယောင်နေလို့ ဒီအပင်ကို သုံးခွက်တစ်ခွက်တင် ပြုတ်တိုက်မလို့ နုတ်ယူရတာပဲ ဗို့တူရေ'

နောက်တစ်နေ့တွင် မြို့မရပ်ကွက်ထဲက ကျူရှင်ဆရာ ကိုကြည်သာတစ်ယောက် သူ့စက်ဘီးခြင်းထဲတွင် တပင်ရွှေထီးပင်များ ထည့်ယူလာသည်ကို တွေ့ရပြန်ပါပြီ။

သိချင်နေသော ကျွန်တော်မှ...

**'ဆရာ ကိုကြည်သာ ဒီအပင်တွေက ဘာလုပ်ဖို့ ယူလာတာလဲ၊ ဘာဆေးဖော်ဝင်လို့လဲဗျာ'**

'ဟာ ဆရာအောင် ခေတ်နောက်ကျကျန်ခဲ့ပြန်ပြီ။ ဒီ တပင်ရွှေထီးပင်လေးများ ဝမ်းတွင်းရောဂါ တော်တော်များများပျောက်ကြောင်း လူပြောများနေတယ်လေ။

ကျွန်တော်က ကျူရှင်ဆရာဆိုတော့ မြေဖြူခဲနဲ့ အမြဲရောနေရတော့ မြေဖြူမှုန်တွေ လည်ချောင်းထဲဝင်ပြီး လည်ချောင်း နာချင်

www.burmeseclassic.com

သလို ဖြစ်နေတယ်။

ဒီအပင်နဲ့ စူလာနဖာယ်ပါ သုံးခွက် တစ်ခွက်တင် ရောပြုတ်ပြီး သေးဆိုဝဲနေတယ်လေ။ လည်ချောင်းနာတာ တော်တော်သက်သာနေပြီဗျာ’

ကျူရှင်ဆရာ ကိုကြည်သာနှင့်တွေ့ပြီး နောက်တစ်ပတ်မှာပဲ နဝရတ်ရပ်ကွက်ထဲက ကုန်သည် ဒေါ်အေးရီကို တပင်ရွှေထီးပင်တွေ ငှက်ပျောဖက်နှင့် တစ်တွေးကြီး ထုပ်လာတာတွေ့ရပြန်ပါသည်။

မနေနိုင်သူ ကျွန်ုပ်က...

‘အလို ဒေါ်အေးရီ ခင်ဗျားလဲ တပင်ရွှေထီးပင်တွေ တစ်ထောကြီး ထုပ်ယူလာပြန်ပြီ။ ဘာသုံးဖို့လဲဗျာ၊ ဘာရောဂါတွေများ ပျောက်ပါသလဲဗျာ၊ တဆိတ်လောက် ရှင်းပြပါဦး’

‘ဆရာအောင်ရ ခုတလော ဒီအပင်ရဲ့ ဆေးစွမ်းကောင်းမှုကြောင့် ကျွန်မတို့ရပ်ကွက်ထဲက ရောဂါသက်သာလာသူတစ်ယောက်အကြောင်း ပြောပြရဦးမယ်’

‘သူ့နာမည်က ကိုတင်မောင်တဲ့။ အရွယ်ကောင်းစဉ်တုန်းက အပျော်ကြူးတာများခဲ့လို့ အရေပြားရောဂါ ဖြစ်နေတယ်လေ။ တစ်ဆင့်စကား တစ်ဆင့်ကြားပြီး ကိုတင်မောင်လဲ တပင်ရွှေထီးပင်တွေ မြေအိုးကြီးနဲ့ ပြုတ်လို့ နံနက်၊ နေ့လယ်၊ ညနေ တစ်နေ့ သုံးကြိမ် မှန်မှန်သောက်နေတယ်။

ခုဆို သူ့မျက်နှာနဲ့ သူ့အသားအရည်တွေ တော်တော်ချောမွေ့လာလို့ ဟိုဟိုဒီဒီ လျှောက်လည်နေပြီလေ’

ဒေါ်အေးရီ အပြောကို ကြားရသည့် စာရေးသူပင်...

‘အောင်မယ် တယ်ဟုတ်ပါလား’

‘အဲ အဲ ဒါတော့ ဟုတ်ပါပြီ’

‘ခု ဒေါ်အေးရီ ထုပ်ယူလာတဲ့ တပင်ရွှေထီးပင် တစ်ထုပ်ကြီးက ဘယ်သူ့အတွက်လဲ’

‘ဒီ ကျွန်မ ရန်ကုန်ယူသွားမလို့။ ကျွန်မဦးလေး ဦးကျော်ရင် ကျောကုန်းမှာ အကျိတ်ဖုကြီးတွေ ထွက်နေလို့ ဒီဆေးပင်နဲ့ ကြိတ်ပြီး အုံခိုင်းမလို့’

‘ဒါဆိုရင်လဲ ခင်ဗျားဦးလေးကို အမဲသား၊ ဝက်သား၊ ကြက်သား၊ အဆီအဆိမ့်တွေ ရှောင်ခိုင်းဗျာ။ ပြီးတော့ အညှော်အသင်း ရှောင်ခိုင်းပါ။ နီးစပ်ရာ မြန်မာဆေးဆိုင်က ဓာတ်ညှိဆေးပါ တွဲသောက်ခိုင်းပေါ့’

ဟု ကျွန်ုပ်က အကြံပေးလိုက်ပြန်ပါသည်။

အလုပ်အားလပ်ရက် တစ်နေ့တွင် မေတ္တာအေးလက်ဖက်ရည်ဆိုင် ထိုင်ရင်း ရေးဖော်ရေးဖက် သူငယ်ချင်း စောညိုနှင့်တွေ့ရာ တိုင်းရင်းဆေးတွေအကြောင်း ပြောရင်းက တပင်ရွှေထီးပင်အကြောင်း ရောက်သွားပြန်ပါသည်။

ကျွန်တော်က စောစောပိုင်းရက်တွေတုန်းက ကြားခဲ့ သိခဲ့ရသမျှဖောက်သည်ချ ပြောမိရာ သူငယ်ချင်း စောညိုက...

‘ဟုတ်တယ် ဆရာအောင်၊ ဆိပ်ကမ်းသာရပ်ကွက်ထဲမှာကျွန်တော့်အသိ ဦးအေးကျော်+ဒေါ်စိန်တွေးသား လူပျိုလေးတစ်ယောက် မိဘတွေက နယ်စပ်သွား စီးပွားသွားရှာနေတုန်း နောက်ပိုင်းမှာ သောက်လိုက်စားလိုက်၊ စလောင်းရှိတဲ့ ရုံတွေသွား ဘောလုံးပွဲလောင်း၊ ညဥ့်နက်သန်းခေါင် အိပ်ရေးတွေ အပျက်ခံလွန်းတော့ လေဖြန်းပြီး လက်တွေ ခြေတွေ ကပ်,ကပ်နေတယ်။

နဂိုက ဆိုင်ကယ်တဖုန်းဖုန်းစီးပြီး သွားချင်ရာသွားနေတဲ့ လူဟာ ဆိုင်ကယ်ပေါ် ခွစီးလို့ မရတော့ဘူး။ လက်တွေလဲ ကိုင်လို့ မမြဲတော့ဘူး။ မှန့်ပဲသရေစာတွေတောင် သူ့လက်နဲ့မြဲ အောင်ကိုင်ပြီး စားလို့မရတဲ့အ[illegible] ဖြစ်သွားတယ်ဗျာ။

ဒီကောင်လေးလဲ လူပြောသူ[illegible] များနေတဲ့ တပင်ရွှေထီးပင်ကို တစ်[illegible] သုံးကြိမ် မှန်မှန်သောက်ပေးတာ [illegible] ခြေလက်တွေ ပြန်သန်မာလာ[illegible] ဆိုင်ကယ်ပြန်စီးနိုင်တာ လက်တွေ[illegible] ဗျို့’

‘ဟ... ဟ... တယ်ဟုတ်ပါလ[illegible] တယ်လဲ ဟုတ်ပါလား ကရို့’

စာရှုသူအပေါင်းတို့ခင်ဗျာ နွယ်[illegible] သစ်ပင် ဆေးဖက်ဝင်သော တ[illegible] ရွှေထီးပင်ကောင်းကြောင်း စေ[illegible] ကောင်းနှင့် ကြေညာမောင်းခတ်[illegible] ရပါကြောင်းဗျာ...။

**ဘိုဘိုအောင် (သိမ်ဇရပ်)**

[illegible]

www.burmeseclassic.com

# လက်ဖဝါးပြင်ပေါ်မှ မှဲ့များ

ဦးကိုကိုအေး
(ကြို့ပင်ကောက်)



စာရေးသူသည် လက္ခဏာပညာဖြင့် အသက်မွေးဝမ်းကျောင်းပြု၏။ ဗေဒင်ပညာလိုင်းတွင် ဆန်း၊ နက္ခတ်၊ မဟာဘုတ်၊ အာတပ္ပဏာအဟောကျမ်း၊ လက္ခဏာပညာ အဟောပညာတို့ကို ဆရာရှင်တို့ ဟောပြောကြ၏။ စာရေးသူသည် လက္ခဏာပညာကျမ်းကိုစ၍ လေ့လာသုတေသနပြု၍ ဟောပြောခဲ့ပါသည်။

ဟောသက် နှစ်သုံးဆယ်ကျော်ရလာတော့ အတွေ့အကြုံများစွာကို ရရှိခဲ့ပါသည်။ ကျွန်တော် လက္ခဏာပညာကို လေ့လာရာတွင် ဆရာများစွာရှိခဲ့ပါသည်။

ကျွန်ုပ်တော့်ဆရာများမှာ လက္ခဏာကျမ်းပြု ဆရာများ ဖြစ်ပါသည်။ ကျွန်တော် လေ့လာခဲ့သော ကျမ်းများမှာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော မူရင်းကျမ်းများ၊ ဘိုကလေး ဆရာကြွယ်၊ လက္ခဏာသံခိပ်ကျမ်း၊ ကိုင်ရိုဦးသွင်၊ ဆရာဗေဒ၊ မိုလ်ညွန့်မောင်၊ ဆရာဦးကိုကို၊ ဝေဒစာအုပ်များ၏ လက္ခဏာဆောင်းပါးများ၊ ကျမ်းပေါင်းများစွာကို လေ့လာ ကြည့်ရှု မှတ်သား၍ တစ်လိုင်းတည်းကိုသာ ဦးစားပေး ဟောပြောခဲ့ပါသည်။

အသက်ရလာတော့ လက္ခဏာဝါသနာရှင်များကို သိသလောက်၊ မှတ်သားမိသလောက် တစ်ချက်ကောင်းနှင့် တစ်ကွက်ကောင်း ဟောပြောချက်များကို တင်ပြလိုပါသည်။

ကျမ်းပညာနောက် မလိုက်ဘဲ အတွေ့အကြုံနောက်လိုက်ကာ ရေးသား တင်ပြလိုပါသည်။ လက္ခဏာပညာသည် များစွာ ကျယ်ပြန့် နက်နဲပါသည်။ သင့်ဘဝ ကြီးပွားတိုးတက်မှုသည် သင့်လက်က ပြောပြနေပါသည်။ ဤဆောင်းပါးကို လက်ဝါးပြင်မှ မှဲ့များဟု ခေါင်းစဉ်ပေးထားပါသည်။

လက်ဖဝါးပြင်ပေါ်နေသော၊ ပေါ်ပေါက်နေသော မှဲ့တို့သည် သင်တို့၏ ကောင်းကျိုးဆိုးကျိုးကို ဖော်ပြနေပါသည်။

ဤမှဲ့များကို သင်တို့ တွေ့ရပါက အဟောပညာရှင်က ဤသို့ ဟောလိုက်သည်ဟု ဆိုချင်ပါသည်။

**❖ သောကြာဂြိုဟ်ခုံပေါ်တွင် မှဲ့နက်ကို တွေ့လျှင်...**

ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ အိမ်ထောင်ရှိပါက အိမ်ထောင်ရေး ဖောက်ပြားမည်၊ နောက်အိမ်ထောင်ထူမည်။

**လူပျို၊ အပျိုများ လက်တွင် တွေ့ရပါက** အချစ်ရေး သစ္စာဖောက်မည်၊ ချစ်သူကို မယုံပါနှင့်။

**❖ ကြာသပတေးဂြိုဟ်ခုံပေါ်တွင် မှဲ့တွေ့ရပါက...**

ဝင်ငွေအထွက်များခြင်း၊ စီးပွားရေးကျဆင်းခြင်းဖြစ်မည်။ စီးပွားရေးကိစ္စများ အရှုံးပြခြင်း၊ မအောင်မြင်ခြင်းများ ဖြစ်တတ်ပါသည်။

ကျောင်းသားအရွယ်ဖြစ်ပါက ပညာကို ဝီရိယဖြင့် ပို၍ ကြိုးစားသင့်သည်။

**❖ ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် သီးခြား မှဲ့ရှိပါက...**

ရေနစ်တတ်သည်။ ကျန်းမာရေး ချို့တဲ့တတ်သည်။ ဗုဒ္ဓဟူးဂြိုဟ်ခုံ အိမ်ထောင်ရေး လမ်းကြောင်းပေါ်တွင် မှဲ့ရှိပါက အိမ်ထောင်ဖက် ကျန်းမာရေး ချို့တဲ့ခြင်း၊ အိမ်ထောင်ဖက်တွင် ကူးစက်ရောဂါရရှိခြင်း ဖြစ်မည်။

လူပျိုအပျိုများတွင် တွေ့ရှိရပါက အိမ်ထောင်ရေး နောက်ကြောင်း မရှင်းသောသူနှင့် တွေ့ကြုံရတတ်ပါသည်။

**❖ တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင် သီးခြားရှိပါက...**

ထင်ပေါ်ကျော်စောမှု ကင်းမဲ့ခြင်း၊ ရာထူး မတတ်ခြင်း၊ လုပ်ကိုင်စီးပွား မတက်ခြင်းများ ဖြစ်တတ်ပါသည်။

**❖ စနေလက်ချောင်း မှဲ့ရှိခြင်း၊ စနေဂြိုဟ်ခုံပေါ်တွင် မှဲ့ရှိခြင်း...**

ထိခိုက်ဒဏ်ရာရရှိခြင်း၊ သွား၊ နားတို့ ရောဂါရခြင်း၊ သွေးရောဂါ ဖြစ်ခြင်း၊ Accidentဖြစ်ခြင်းတို့ ကြုံရတတ်ပါသည်။

www.burmeseclassic.com

◆ **တနင်္လာဂြိုဟ်ခုံပေါ်တွင် မှဲ့ပေါ် ပေါက်ပါက...**

ငွေလိမ်ခံရတတ်ခြင်း။ ရေနှင့် အန္တရာယ်ဖြစ်ခြင်း။ ငွေကြေးကိစ္စကို အာမခံမှု မပြုသင့်ပေ။

လက်မ ပထမဆစ်တွင် လည်း ကောင်း၊ ဒုတိယဆစ်တွင် လည်း ကောင်း မှဲ့ရှိပါက အငြိုးအတေးကြီး ခြင်း။ လက်စားချေလိုစိတ်ရှိခြင်း။ ချောင်းမြောင်း ကြည့်ရှုတတ်သော ဝါသနာရှိခြင်း...

**ဦးခေါင်းလမ်းကြောင်းတွင် မှဲ့ရှိ ပါက** ပညာရေး မပြီးဆုံးခြင်း။ ခေါင်း ရောဂါဖြစ်ခြင်း။ ဦးခေါင်းအတွင်း အကျိတ်အဖုပေါက်ခြင်းတို့ ဖြစ်တတ်ပါ သည်။

**ကံကြမ္မာ လမ်းကြောင်းပေါ်တွင် မှဲ့ရှိပါက** အရာရာ ကံဆိုးနေတတ် သည်။ အိုးမှဲ့အိမ်မှဲ့ဖြင့် သေရတတ် သည်။ လိင်အင်္ဂါစပ်တို့တွင် အနာ ရောဂါ ဖြစ်တတ်သည်။

**မှဲ့သည် ကောင်းကျိုးထက် ဆိုး ကျိုးကို ပေးတတ်ပါသည်။**

ဤကဲ့သို့ **လက်ဖဝါးပြင်တွင် မှဲ့ များရှိပါက** သိပ္ပံနည်းကျ ကုသနည်း ဖြင့် ဖယ်ရှားပစ်ပါ။ သမ္မာဒေ္ဗဂါထာဖြင့် မှဲ့ကို လက်ထောက်၍ အကြိမ်ကြိမ် ရွတ်ဖတ်ပါက ပျောက်ကင်းကြောင်း တွေ့ရှိရပါသည်။

**မှဲ့ကို သတ်လိုပါက...**

သရက်ပင်အရွက်ကို ခူးလိုက်ပါ။ မှဲ့ကို အပ်ဖြင့် ဆွ၍ အစေးကို သုတ် လိမ်းခြင်းဖြင့် မှဲ့ပျောက်နိုင်ပါသည်။

နောက်တစ်နည်း မှဲ့ကို အပ်ဖြင့်ဆွ၍ သွေးထွက်သောအခါ ကောက်ညှင်း သုံးလေးစေ့ခန့်ကို ကောက်ညှင်း ရေစိမ်ပြီး ဒုတ္တာခံပေါ်တင်၍ လက်ဖက် ရည်ကြမ်းပန်းကန်ဖြင့် အုပ်ဆိုင်းထားပါ (၁၀)မိနစ်ခန့်ထားပါ။

ကောက်ညှင်းဆန်သည် ပျော့အိ လာပါမည်။ ယင်းကို ကြိတ်နယ်၍ ပေါ်အုပ်တင်ပြီး အနာကပ် ပလာစ ဖြင့် ကပ်ပေးခြင်းဖြင့် သင့်လက် ပြင်ပေါ်မှ မှဲ့ပျောက်ပါလိမ့်မည်။ လေးရက်ကြာမှ ခွာပါ။

ကျွန်ုပ်ရေးသားသော လက်ဖဝါး တွင် တည်ရှိနေသော မှဲ့ဟော အကြောင်းမှာ လက္ခဏာဟော သုတေသနပြု၍ ရေးသားတင်ပြ ဖြစ်ပါသည်။

အဟောပညာရှင်များ အနေ လည်း ဟောပြောကြည့် လက်တွေ့တွင် ဤဟောချက် မှန်ကန်ကြောင်းကို တွေ့ရပါမည် စာဖတ်ပရိသတ်ကြီးနှင့် လက္ခ ဝါသနာရှင်များ ဗဟုသုတရ ရည်သန် ရေးသားတင်ပြရပါသည်

**ဦးကိုကိုအေး**
***(ကြို့ပင်ကောက်)***


**“ဝါဆိုလ မှိုရတဲ့မျက်နှာ”**ဟု ဆိုရိုး စကားလာရှိပါသည်။ ဝါဆိုလ မိုးအခါ တွင် မြေဆီမြေဩဇာကောင်းသော နေရာ မှ မှိုများ ထွက်ပေါ် ပွင့်လေ့ရှိပါသည်။

သို့သော် မှိုတိုင်းသည် စား၍ ဖြစ် သော၊ စားကောင်းသော မှိုများ မဟုတ် ပါ။ အဆိပ်အတောက် ဖြစ်စေသော မှိုများလည်း ရှိပါသည်။

ကျွန်တော်တို့ ရွှေပုံရွာသည် မြေဆီ မြေနှစ် မြေဆီဩဇာကောင်းသဖြင့် မှို အလွန် ပွင့်ပါ၊ မှိုရပါသည်။

သို့သော် ပြီးခဲ့သည့်နှစ်မှစ၍ ဝါဆိုလ မရောက်မီကတည်းက နေအိမ်တိုင်း တွင် ကန်စွန်းပင်များ စိုက်ထားပြီး ဘုမ္မရာဇာအမြစ်နှင့် ကေရာဇ်အမြစ် များ ဆောင်ထားကြပါသည်။ ဝါဆိုလ မှိုရလျှင် ချက်စားနိုင်ရန် ဖြစ်ပါသည်။

မည်မျှ စားကောင်းသည် ဆိုသော



**အဆိပ်တောက်သော်**

မှိုဖြစ်ပါစေ၊ အဆိပ်အတောက် ကာကွယ် ရန်အတွက် ကန်စွန်းရွက်နှင့် ရောချက် စားရပါသည်။

ပြီးခဲ့သောနှစ်က ဦးစံဝနှင့် ဦးပဲညိုတို့ မိသားစု မှိုကို ကန်စွန်းရွက်နှင့် ချက်စား သော်လည်း မိသားစု မှိုအဆိပ်သင့်၊ မှိုတောက်ခဲ့ရပါသည်။

မြန်မာ့ရှာခံ ဆေးဆရာဦးညိုမှ ကုသ ပေးသဖြင့် ဆေးရုံမရောက် အသက် မပျောက်ကြခြင်း ဖြစ်ပါသည်။

‘ဘုမ္မရာဇာအမြစ်နှင့် ကေရာဇ်အမြစ်တို့ကို ရေနှင့် ပျစ်ပျစ်သွေးပြီး လက်ဖက်ရည် အကြမ်းပန်းကန်တစ်ဝက်မျှ တိုက်ပေးရပါ



သည်။

အခြေအနေကြည့်၍ နာရီခြား **နောက်တစ်ကြိမ် လိုအပ်သ တိုက်ပေးနိုင်ပါသည်။**

အဆိပ်အတောက်အမျိုးမျိုး ပျောက်ပါမည်။ ကျေးလက်တွင် အ ပေါ်သုံးနိုင်ရန် နေအိမ်တိုင်း ထားသင့်သော ဆေးမြစ်မျာ ဖြစ် သည်။

**နတ်မောက် ဘောင်းမှန်မြင့်**



www.burmeseclassic.com

www.burmeseclassic.com

ဆားကို ပင်လယ်ရေငန်မှ ထုတ်ယူ ပင်လယ်ရေငန်ဝင်သောဒေသ ဆားများချက်လုပ်၍ စီးပွားဖြစ် ရှိပါ၏။ ပဲခူးတိုင်းဒေသကြီး ဆားချက်လုပ်ငန်းများရှိသော ကြောင့် "ပဲခူးဆား"သည် နာမည် ကြီးလေ၏။

ဆားသည် မပါမပြီးသော အာဟာရ တစ်မျိုးပင်ဖြစ်၏။ သွေးသားကို ကြွယ်စေ၍ အပူအပုပ်ကို နိုင်သည်။ မပါလျှင် စားသောက်ဖွယ်တို့မှာ တစ်ခုချွတ်ယွင်းနေ၍ အရသာ ဖြစ်ရလေ၏။

ဆားရိုးရိုးတို့ကို အိမ်သုံးဆားအဖြစ် လွယ်တကူ ရနိုင်သော်လည်း တန်ဖိုး များသော သိန္ဓဝင်ဆားကိုမူ လွယ် လွယ်နှင့် ရယူနိုင်ခြင်း မရှိပါ။ ဆားတို့ "ဝက်ဘာဆား"ကို အကောင်း ဟု ဆိုကြသည်။

ထိုဆားကို နတ်စောင့်သည်ဟု ဆို ကြသည်။ ကြိုတင်ပြင်ဆင်မှုပြုကာ သစောင့်ထိန်း။ အဓိဋ္ဌာန်စိတ် ကိန်း လျှင် အလွယ်တကူ ယူ၍ရသည်။

ထိုဆားမျိုးကို ဝက်ဘာတောင်၏ ခြင်တောင်အနီး၊ (ယခင် မဟာ ဓိမြိုင်ဆရာတော်ကြီး သီတင်း ရာ ကျောင်းဝန်းကျင်တစ်ဝိုက်ရှိ များတွင် တွေ့ရသည်။) အဖိုးတန် သော သိန္ဓဝင် ဝက်ဘာဆားမြေပင် သည်။

ထိုမြေတွင် ကြေးခေတ်များစွာ ကိန်း အနှံ့ပြင်း၍ အဆိပ်ရှိ၏။ တန်ခိုး မျိုးမျိုးရှိ၏။ ရောဂါမှန်သမျှ ပျောက် ငံစေတတ်၏။

ဝက်ဘာဆားနှင့်ပတ်သက်၍ သစ္စာ ၏ မှတ်တမ်းတွင် အောက်ဖော်ပြ တို့ကို နံပါတ်စဉ်တိုး၍ ရေးသား ပါ၏။ သစ္စာဗလက မဟာမြိုင်



အာဟာရနုတ်သုဒ္ဓါ သို့မဟုတ်

# [illegible]

# [illegible]

အတွင်း စခန်းနေဝိဇ္ဇာကြီးများ စောင့် ရှောက်ခံရသူ ဖြစ်ပါ၏။

ပါရမီအလျောက် စိတ်နှင့် ဆက် သွယ်၍ အတွင်းစခန်းကို ဝင်နိုင် ထွက်နိုင်သော လူပြည်မှ သာမန် လူသားတစ်ဦးသာ ဖြစ်ပါ၏။

သူသည် အတွင်းစခန်းနေ ဝိဇ္ဇာတို့ ၏ ပညာပေးခြင်းကို ဘဝနှင့်ရင်း၍ ခါးသည်းစွာခံစားပြီး ပညာယူခဲ့ရသူ ဖြစ်ကြောင်း သူ၏ မှတ်တမ်းများအရ သိရပါ၏။

ဆားခေတ်တန်ခိုး အမျိုးမျိုးနှင့် "တန်ခိုးရှင်တို့၏ ဆားတော်မြတ်" အကြောင်းကိုဆက်လက်တင်ပြပါမည်။

၁။ ဝက်ဘာဆားသည် အနံ့ပြင်း၏။ ဆား ခတ်ဆောင်၏။ ဥစ္စာကိုပေး၏။ မေတ္တာ ဓာတ်ကိုပေး၏။
၂။ ဘုရားရှင်တို့၏ အသုံးပြုတော်မူရာ ဆားတော်ဖြစ်၏။
၃။ အလောင်းတော်ကဿပ အရှင်မြတ်ကြီး၏ ပရိနိဗ္ဗာန်စံဝင်တော်မူရာမြေသည် ဆား မြတ်မြေဖြစ်၏။
၄။ ထိုမြေသည် သူတော်စင် သူတော်မြတ် တို့ မှီခိုရာမြေဖြစ်၏။
၅။ ကိတ်(ခေါ်)ရွှေဓာတ်ကို အသက်သွင်းရန် မြေမြတ်မှန်ဖြစ်၏။
၆။ ဝတ်ငါးပါးကျေသူ၏ ပါရမီဖြည့်ရာနေရာ ဖြစ်၏။ (ထိုနေရာတွင် ဝိဇ္ဇာပုဂ္ဂိုလ်များ မွေ့လျော်ကြ၏။)
၇။ ပေါင်းတလည်မြို့၏ အလယ်ဗဟိုတွင် ဆားမြတ်ရှိ၏။
၈။ အာကာသဓာတ်ကား ပေါင်းတလည်ဖြစ် ၏ အကြောင်းကား...
က။ နိမိတ်ကောင်းရှိခြင်း။
ခ။ မြန်မာပြည်၏ ဗဟိုအမှန်ဖြစ်ခြင်း။
ဂ။ ဝတ်ငါးပါးကျေသူ၏ မှီတည်ရာ အရပ်ဖြစ်ခြင်း (ဂေါတမဘုရားရှင် ကြွက်မင်းဘဝနှင့် နေတော်မူရာ အရပ်ဖြစ်ခြင်း)
ဃ။ အောင်မြေဖြစ်ခြင်း။

## တန်ခိုးရှင်တို့၏ ဆားတော်မြတ်

အဆိုပါအရပ်တို့မှ ဆားမြေကိုယူ၍ ဝါးကျည်တောက်တွင်ထည့်၊ အဆို့ရှင် ပိတ်၊ မီးဖုတ်၊ ဆားဘဝက "သိန္ဓဝင်" ဆားဖြစ်စေ၏။ ကိတ်ဓာတ်အတွက် အကောင်းဆုံးဆား ဖြစ်၏။

အလိုလိုအေးလျှင် ဝါးကျည် တောက်မှမြေကိုယူ၍ ရေတွင်ဆေး။ မြေကြီးအပျော်၊ ဆားအပျော်တွင် ဆားတော်ကို ရအောင်ယူရန်ဖြစ်သည်။

ထိုဆားသည် "သတ္တဝါကယ် ဆား"ဖြစ်သည်။ အရိပ်ကမည်း၏။ အရောင်မည်း၏။ အချိုက ညို၏။ ဆေးစွမ်းထက်၏။ အကြောအချဉ်၊ အဆီအတွက် ကောင်း၍ အသားရောင် ဝင်းဝါစိုပြည်စေ၏။ သူတော်စင်များ မှီခိုရာ "အာဟာရနုတ်သုဒ္ဓါ" ဖြစ်၏ ဟု ဆိုပါသည်။

မေတ္တာရှည်လျက်...

သမ္မာဘာ

စာကိုး။ ။ သစ္စာဗလ၏ ဝိဇ္ဇာမှ မှတ်တမ်း။



www.burmeseclassic.com

www.burmeseclassic.com

**စက်တင်ဘာလတွင်** ငွေကြေး လာဘ်လာဘ ရွှင်လန်းကြစေရန် အတွက်...

**◎ မိဿရာသီဖွား(မတ်လ ၂၁ရက်မှ ဧပြီလ ၂၀ ရက်အတွင်းမွေးသူ)**

ရွက်လှပန်း(၆)ညွန့်၊ သီဟိုဠ်ညွန့် (၆)ညွန့်၊ သပြေ(၆)ညွန့်၊ ဆွမ်းထမင်း (၄)ပန်းကန်တို့ကို ဗုဒ္ဓဟူးနေ့တွင် စွာနလ်ာဂြိုဟ်တိုင်အနီးမှ ဘုရားကပ် လှူပါ။ အများကိုးကွယ်သော ဘုရား စေတီတစ်ဆူ၌ ကပ်လှူရန်ဖြစ်သည်၊

**◎ ပြိဿရာသီဖွား(ဧပြီလ ၂၁ ရက်မှ မေလ ၂၀ ရက်အတွင်းမွေးသူ)**

သီဟိုဠ်ညွန့်(၃)ညွန့်၊ ဆီးညွန့် (၃) ညွန့်၊ ပိတောက်ညွန့်(၃)ညွန့်၊ ကြက် လျှာ (၇)ခုတို့ကို စေတီပုထိုးတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်အနီးမှနေ၍ စနေနေ့ တွင် ကပ်လှူပါ။

**◎ မေထုန်ရာသီဖွား(မေလ ၂၁ရက် မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)**

နှင်းဆီ(၅)ပွင့်၊ စံပယ်(၅)ပွင့်၊ ရွက် လှ(၅)ညွန့်၊ သောက်တော်ရေ (၃)ခွက် တို့ကို တနင်္ဂနွေနေ့တွင် ဘုရားစေတီ တစ်ဆူ၏ သောကြာဂြိုဟ်တိုင်အနီးမှ ကပ်လှူပါ။

**◎ ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ၂၁ရက်အတွင်း မွေးသူ)**

အောင်သပြေ(၇)ခက်၊ ခတ္တာ သို့ မဟုတ် ဒေါနပန်း(၇)ခက်၊ သီဟိုဠ်(၇) ညွန့်၊ ဖယောင်းတိုင်(၉)တိုင်တို့ကို တနင်္လာနေ့တွင် အများကိုးကွယ်သော စေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင် အနီးမှ ကပ်လှူပါ။

**◎ သိဟ်ရာသီဖွား(ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၂၁ရက်အတွင်း မွေးဖွားသူ)**

ပိတောက်(၇)ညွန့်၊ ဒေါန(၇)ခက်၊ အုန်းရွက်(၇)ရွက်၊ ဆွမ်းထမင်း(၇) ပန်းကန်တို့ကို သောကြာနေ့တွင် ဘုရားစေတီတစ်ဆူအား ဗုဒ္ဓဟူးဂြိုဟ် တိုင်အနီးမှ ကပ်လှူပါ။

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအတွက်

# လာဘ်လာဘ

ရွှင်လန်းကြစေဖို့



**◎ ကန်ရာသီဖွား(ဩဂုတ်လ ၂၂ ရက်မှ စက်တင်ဘာလ ၂၁ရက် အတွင်း မွေးဖွားသူ)**

ထန်းရွက်(၅)ရွက်၊ ပေါက်ပန်းဖြူ (၅)ညွန့်၊ အုန်းရွက်(၅)ရွက်၊ ကြက် လျှာ (၇)ခုတို့ကို သောကြာနေ့တွင် အများပူဇော်သော စေတီပုထိုးအား ဗုဒ္ဓဟူးဂြိုဟ်တိုင်အနီးမှ ကပ်လှူပါ။

**◎ တူရာသီဖွား (စက်တင်ဘာလ ၂၂ ရက်မှ အောက်တိုဘာလ ၂၂ရက် အတွင်းမွေးဖွားသူ)**

မေမြို့ပန်း (၃)ပွင့်၊ နှင်းဆီပန်း(၃) ပွင့်၊ သီဟိုဠ်ညွန့်(၃)ညွန့်၊ သောက် တော်ရေ (၅)ခွက်တို့ကို တနင်္လာနေ့ တွင် ဘုရားစေတီတစ်ဆူအား တနင်္ဂနွေဂြိုဟ်တိုင်အနီးမှ ကပ်လှူပါ။

**◎ ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ လ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ ရက်အတွင်း မွေးဖွားသူ)**

ဆီးညွန့်(၆)ညွန့်၊ သီဟိုဠ်ညွန့် (၆) ညွန့်၊ သရက်ညွန့်(၆)ညွန့်၊ ဖယောင်း တိုင်(၃)တိုင်တို့ဖြင့် တနင်္ဂနွေနေ့တွင် ဘုရားစေတီတစ်ဆူ၏ သောကြာဂြိုဟ် တိုင်အနီးမှ ကပ်လှူပါ။

**◎ ဓနုရာသီဖွား (နိုဝင်ဘာလ ၂၂ ရက်မှ ဒီဇင်ဘာလ ၂၀ရက် အတွင်း မွေးဖွားသူ)**

သီးညွန့်(၄)ညွန့်၊ ရွက်လှပန်း (၄) ခက်၊ ပိတောက်(၄)ခက်၊ ဆွမ်းထမင်း (၆)ပန်းကန်တို့ကို စနေနေ့တွင် စေတီ ပုထိုးတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်အနီးမှ ကပ်လှူပါ။

**◎ မကာရရာသီဖွား(ဒီဇင်ဘာလ ၂၁ ရက်မှ ဇန်နဝါရီလ ၁၉ ရက်အတွင်း မွေးသူ)**

ရွက်လှ(၂)ခက်၊ ကံ့ကော်ညွန့် ညွန့်၊ နှင်းဆီပန်း(၂)ပွင့်၊ ကြက် (၄)ခုတို့ကို ဗုဒ္ဓဟူးနေ့တွင် အများ ကွယ်သော စေတီတစ်ဆူ၏ တ ဂြိုဟ်တိုင်မှ ကပ်လှူပါ။

**◎ ကုံရာသီဖွား (ဇန်နဝါရီလ ရက်မှ ဖေဖော်ဝါရီလ ၁ အတွင်း မွေးသူ)**

ငှ သို့မဟုတ် ကံ့ကော်ညွန့်(၁) အုန်းရွက်(၁)ရွက်၊ နှင်းဆီပန်း(၁ သောက်တော်ရေ (၂)ခွက် ကြာသပတေးနေ့တွင် ဘုရား တစ်ဆူ၏ ဗုဒ္ဓဟူးဂြိုဟ်တိုင်အနီးမှ လှူပါ။

**◎ မိန်ရာသီဖွား (ဖေဖော်ဝါရီလ ရက်မှ မတ်လ ၂၀ရက်အ မွေးသူ)**

အုန်းရွက်(၄)ရွက်၊ ခရေညွှ ညွန့်၊ ကံ့ကော်ညွန့်(၄)ညွန့်၊ ကြက် (၁)ခုတို့ကို အင်္ဂါနေ့တွင် ဘုရား တစ်ဆူ၏ ကြာသပတေးဂြိုဟ် ကပ်လှူပါ။


ဤသို့ဖြင့် မိမိတို့၏ မွေးလ အလိုက် ပူဇော်ဖွယ်များ ကပ်လှူ ငွေကြေးလာဘ်လာဘ ရွှင်လန်း စေရန် သမ္မာဒေဝများထံ တိုင် ဆုတောင်းရန် ဖြစ်ပါသည်။

နက္ခတ္တသုတေသီ




www.burmeseclassic.com

www.burmeseclassic.com



● အင်ပင်ညီနောင်နှင့်အောက်ခြေပိုင်း



● ရှားပင်ညီနောင်နှင့် အောက်ခြေပိုင်း

# သစ်ညီနောင်များ

## နှင့် ဝတ်သက်၍ သိရှိသူ သုတေသီ ပညာရှင်များမှ ဖြေကြားပေးပါရန်

ပုံတွင် ဖော်ပြထားသည်မှာ **နတ်မောက်မြို့နယ်၏ အနောက် မြောက်ဘက် ခုနစ်မိုင်ခန့်အကွာ ဆရာတော် အရှင်ဥက္ကာယ၏ တော ကျောင်းဝန်းထဲတွင်** ထူးခြားစွာ ပေါက် ရောက်တည်ရှိနေသော **အင်ပင် ညီနောင်**နှင့် ကျောင်း၏ အရှေ့ဘက် သစ်မိုင်ခန့်အကွာတွင် တည်ရှိပေါက် ရောက်နေသော **သဘာဝ ရှားပင် ညီနောင်**တို့ ဖြစ်ပါသည်။

စာရေးသူ ရောက်ရှိသွားစဉ်တွင် အင်ပင်ညီနောင်ရှိ ရုက္ခစိုးနတ်မင်းကို အမွှေးတိုင်၊ အလင်းတိုင်နှင့် ထမင်းဖြူ ဟင်းဖြူ မုန့်နီ၊ ထန်းလျက်၊ လက်ဖက် များ လာရောက်ပူဇော်ပသနေသူ တစ်ဦးစ၊ နှစ်ဦးစလည်း တွေ့ရပါသည်။

ဤအင်ပင်ညီနောင်မှ ရုက္ခစိုးနတ် မင်းက မစသည့်၊ ကောင်းရာလမ်းညွှန် အိပ်မက်ပေးသည်ဟု ပြောပြကြပါ သည်။ မိမိစိတ် ကြည်လင်မှု၊ ယုံကြည် မှုဟုပင် ယူဆပါသည်။ ထူးခြားသည် ကတော့ အမှန်ပင်။

ပုံတွင် ဖော်ပြထားသော **ရှားပင် ညီနောင်**မှာ တောင်သူကြီး ဦးမောင်သူ ၏ ယာမြေထဲတွင် သဘာဝအတိုင်း ပေါက်ရောက်နေခြင်းဖြစ်ပြီး ဤသစ်ပင် ညီနောင် ပေါက်ရောက်ဖြစ်ထွန်းလာ ချိန်မှစ၍ သီးနှံအထွက်တိုးပြီး လုပ်ငန်း ဆောင်တာ ပိုမိုအဆင်ပြေလာသည်ဟု ပြောပြပါသည်။

**ဤသို့သော သစ်ညီနောင်များကို ခုတ်ယူ၍ ဓနအိမ်အဆောက်အအုံ ဆောက်လုပ်နေထိုင်လျှင် အိမ်ရှင်များ အထူး စီးပွား၊ ပညာ တိုးတက်ကောင်း မွန်သည်ဟု ဆိုသူနှင့် အသုံးမပြုကောင်း သုံးလျှင် ဒိုက်တတ်သည်ဟု ဆိုသူများ တွေ့ကြုံကြားခဲ့ရပါသည်။**

သိသူပညာရှင်များ၊ သုတေသီများ၊ ဆရာများအနေဖြင့် ရေးသားတင်ပြ ဖြေကြားပေးပါရန် မေတ္တာရပ်ခံပါ သည်။

**နတ်မောက် လှမြင့်သည်**

www.burmeseclassic.com

လောကဝယ် ဗဟုသုတတို့က ယူ၍လည်းမကုန်၊ သောက်၍လည်းမခမ်း၊ ဆန်းဆန်းပြားပြား အနှစ်သားတစ်ခုကို ဖော်ပြပါအံ့။ ထိုအကြောင်းတို့ကား မဟာမြိုင်တောမှ ဝိဇ္ဇာရှင်ပညာဒီပ၏ ကျေးဇူးပင်ဖြစ်လေတော့သည်။ လိုသူတို့အဖို့ ဗဟုသုတဖြစ်ဖွယ် ကြားဖူးနားဝ ဖြစ်နိုင်လေတော့သည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ စာတည်းချုပ် ဦးကျော်မိုးသိန်း၏ မိမိသာသိပြီး သမိုင်းမဝင်သောဖြစ်ရပ်တို့အား ပေးပို့နိုင်ပြီဟူသော ဖိတ်ခေါ်ချက်ကျေးဇူးလည်း ပါသည်။

ရှာဖွေသူ အသုံးချသူတို့အဖို့ လက်တွေ့ပညာရဖွယ် အသုံးချရန်အတွက်လည်းပါ၏။ လူတို့၏အသိပညာတွင် ဉာဏ်အာရုံ အဆင့်ဆင့်ရှိကြလေရာ အသိနှင့်အတတ်ကို အခြေခံမှုယူ၍ ရေးသားခြင်းလည်း ဖြစ်ပေသည်။

**ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ကြီး** ရေးသားစီရင်တော်မူသော စာအုပ်တို့က ဘဝတစ်ခုသို့ ပြုပြင်ကူးပြောင်းရန် ခြေလှမ်းကောင်းသာ ဖြစ်တော့သည်။ ဝိဇ္ဇာရေအသိနှင့် အတတ်တို့က ခေတ်အဆက်ဆက် လျှို့ဝှက်ခဲ့ရာအကြောင်း အဖြစ်အမှန်ကိုကြားရန်၊ သင်ယူရန်၊ လက်တွေ့လုပ်ဆောင်ရန် ခက်ခဲလှ၏။

ယခုတင်ပြသော ငုပင်၏အကြောင်းသည် ဝိဇ္ဇာရှင်ပညာဒီပ၏ မိန့်ဆိုခဲ့သော မှတ်စုမှတ်တမ်းသာဖြစ်ပေသည်။ မိမိသိမီသမျှ ရေးသားတင်ပြခြင်းသာဖြစ်၍ ပြည့်စုံမှုမရှိပါက ကြိုတင် တောင်းပန်အပ်ပါသည်။


### ပြဒါးကိုသတ်သောငုပင်

ငုပင်က သုံးတတ်လျှင် တစ်ပင်လုံးအသုံးဝင်၏။ ဆေးအဖြစ် အကြောတက်က အခေါက်ကိုသွေးလိမ်းကြ၏။

ဝိဇ္ဇာရှင်ပြောသည့်

# တစ်ပင်လုံးပြဒါး

ရဲမြိုးသူ (ဗောဓိမြိုင်)



အခေါက်ကိုပြုတ်၍ သုံးခွက်တစ်ခွက်တင်ဆားအနည်းငယ်ထည့်၍သောက်ပါမူ ဆီးကျင်ခြင်းပျောက်၏။ ဝက်သားကို ငုသားစို့ဖြင့်ရိုက်လျှင် ဝက်သားသည် အဆိပ်ဖြစ်၍ ချက်စားလျှင် သေတတ်ကြောင်း မှတ်သားရ၏။

ပြဒါးရည်ထဲ ငုရွက် သတ္တုရည်ထည့်ကာ စိမ်ကြည့်က ပြဒါးအရောင်ပြောင်း၏။ ထို့အပြင် ငုရွက်သတ္တုရည်ကို ညှစ်လိုက်၊ စိမ်လိုက်၊ သွန်လိုက်ပြုလုပ်နေခြင်းမှ နေလှန်းခြင်းဖြင့် ပြဒါးခဲ ဖြစ်တော့ကြောင်း သိရပြန်၏။

ပြဒါးခဲဆိုရာတွင် ငုမြစ်ကိုခုတ်ယူ၍ ရေနှင့်ကောင်းစွာသွေး၊ ဆားနှင့်ရော၊ ထိုဆေးအား ပြဒါးကြက်ချေးခဲနှင့်ရောထည့်ပြီး မီးအေးလုံဖွင့်ကာ မကြာခဏ ကျင့်ခြင်းဖြင့် ပြဒါးသေခြင်းနှင့် ရွှေအဆင်းနှင့်တူသော ပြဒါးခဲမာတ်လုံးကို ရပေလိမ့်မည်။ ထိုပြဒါးခဲ ရွှေရောင်လုံးအား ရွှေဖြစ်ချင်လျှင် ဓာတ်ဓာတ်နှင့်စပ်ပြီး လိုသလို အသုံးပြုနိုင်ပေသည်။

### တစ်ပင်လုံးပြဒါး

ဝိဇ္ဇာရှင်ပညာဒီပမှဆို၏။

'အထင်တစ်လုံးနှင့်မပြော ထင်ရှား... ၍ ဟောပါမူ ထူးခြားလို့ထင်ရှား နတ်... ပင်အလား အနံ့ကမရှိ အမြစ်ကင်း... အပွင့်ကြည့် တစ်သက်တာမှတ်ပါ စိတ်... ထင် ဘဝမဟာ ဓာတ်လမ်းတစ်ပါး... ပြောချင် ငုဝါဆိုတဲ့အပင်၊ အသားမှာ... အသီးမှာသရက်၊ အရွက်မှာ လက်... အပင်မှာ ပြဒါးလို့ရေးလို့ရတာ ငုပင်အ... ဟု မိန့်ဆိုခဲ့လေသည်။ ဝိဇ္ဇာ... အတတ်ကား ပညာဉာဏ်ဟု ဆို... ဖွယ်ရှိသည်။

ပုဂ္ဂိုလ်ရှင်တို့၏အတတ်က လ... တွေ့ဆန်းကြောင်း စာဖတ်သူ... သိလာနိုင်ပေလိမ့်မည်။ အကြောင်း... အကျိုး ဆက်စပ်ခြင်း၊ အသိမှ အတ... ကူခြင်း၊ အတိတ်ဘဝနှင့် ပစ္စုပ္ပန်... တို့ ချိတ်မိခြင်းကဲ့သို့ ရှိနေလေသည်...

ငုပင်ဟုဆိုလိုက်သည်နှင့် အပွင့်... ကောက်ယူ၊ အမြစ်ကို မတူးလေ... ထို့အတူ အခေါက်ကိုလဲ မခွာလေ... အပွင့်ပင် အသုံးဝင်မှုကို ဖော်ပြပါ...

ငုပွင့်ကို ကောက်ယူပြီးလျှင် သ... စင်အောင်ရေဆေးရ၏။ သစ်နှင့်... တွင် ဝါးသည်က ပဒေသာ အမှန်... အစစ်မဟာထည့်ယူကာ ... အဆစ်တွင်အဖွင့်/အပိတ်အ... ဆားတစ်ဖွန်းထည့် နေခြောက်လှ... ခြောက်ပြီဆိုလျှင် ဝါးဆစ်ကို လုံအ...





www.burmeseclassic.com

ရှိသလိုပြုပြီး အဖုံးမပိတ်ခင် ဆေး
ထည့်ရန်က နှင်းမှုန့်စစ်စစ်တစ်ဖွန်း
ထိုထည့်၍ မီးနှင့်ဖုတ်ရန်သာဖြစ်
သတည်း။

မီးဖုတ်သည်ဆိုရာတွင် ထင်းမီးနှင့်
ဖုတ်ရန်သာဖြစ်၏။ တွေ့ရမည်က
အရည်အစစ်မှဖြစ်သော ပြဒါး အနှစ်ခဲ
ကို လက်ဝယ်ရပေလိမ့်မည်။

## ပြဒါးအနှစ်အခဲ ဆိုသည်မှာ

ရွှေအစစ်ကို တန်ဖိုးထားကာ လူတို့
နှမြောရယူသကဲ့သို့ ယူရကြောင်းဆို၏။
ဒါကို ညှိုးခြောက်တဲ့အထိဖုတ်၊ ဝါး
ကျည်တောက်ဘူးမှ ရွှံ့ကိုခွာ ငုပ္ပင့်မ
ကာအား ဆားရည်တွင် တစ်ညစိမ်
ထွက်ပါပေါ့ပြဒါးဟု သိမှတ်ရ၏။

ထိုပြဒါးခတ်ကို ထုတ်ယူရာတွင်
ဆားခတ်သည် ဆရာကြီးတစ်ပါး
ကဲ့သို့ အလွန်အရေးပါ၏။ ထွက်ပါပေါ့
ပြဒါးဆိုရာတွင်လည်း ပညာရှင် အသိ
အရလွယ်သော်လည်း သာမန်လူ
သိစေရန် ဆားနှင့်စိမ်ထားသော
အရည်အပွင့်တို့အား သံဒယ်တွင် မီး
နွေးနွေးဖြင့် ပြဒါးချက်၍ တက်လာ
သော အမြှုပ်တို့သည် ပြဒါးခတ်
အစစ် ဖြစ်ကြောင်း သိရန်လိုပေသည်။

ထို အမြှုပ်တို့ကို သံဒယ်တွင် အခဲ
အနှစ် အမှုန့်ရအောင်လှော်ယူကာ
ထုံအဆင့်သို့ ကူးပြောင်းခြင်းဖြင့်
ရွှေရည်ပမာဝင်းဝါသောအပွင့်သဏ္ဍာန်
ထွေပန်းကဲ့သို့ ပြဒါးခတ်သားကို
ရပါတော့၏။

## အခေါက်၊ အမြစ်၊ ပင်စည်တို့မှ ပြဒါးထုတ်ခြင်း

အမြစ်၊ အခေါက်၊ ပင်စည်တို့ကို
ဖော်ယူတူးယူကာ သံဒယ်တွင် မီးနှင့်
ကျိုချက်၍ အမြှုပ်တို့တက်လာတိုင်း
ခပ်ယူရန်သာဖြစ်၏။ ရေနှင့်ပြုတ်ကျို



၍ တက်လာသော အမြှုပ်တို့သည်
ပြဒါးသတ္တုများဖြစ်ကြောင်း သိရန်
အလွန် အရေးကြီး၏။ ပြဒါးပါဝင်ကိန်း
ကို ခတ်သဘောအရ အကျိုး
အကြောင်း ဆက်စပ်နေခြင်းကိုသိရန်
တင်ပြပါမည်။

ပြဒါးမြှုပ်များရရှိပါက ဒုတ္တာစ
အနည်းငယ်ကိုထည့်ရုံနှင့် ပြဒါးနှင့်
ဒုတ္တာ မည်သို့ ဆက်စပ်နေကြောင်း
လက်တွေ့သိနိုင်ပေမည်။ ဝိဇ္ဇာရှင်မှ
မြောက်မြောက်များများ ထွက်သည့်
ပြဒါးဟာ ရလို့မဆုံး တပြုံးပြုံးနှင့်
ဖြစ်ပေလိမ့်မည်ဟုဆို၏။

ငုပင်အလယ်အလတ်အရွယ် ရှိ
သော ငုပင်တစ်ပင်သည် ပြဒါး
ဆယ်ပိဿာအထိ ထွက်ကြောင်းနှင့်
ယုံယုံကြည်ကြည် စနစ်တကျ ထုတ်
လုပ်ပါက ရွှေ့ဖုတ်ရောင်းစရာမလို။
ငွေ့ထုတ်ရောင်းရသောအပင်မှာ ငုပင်
သာဖြစ်ကြောင်း ဗဟုသုတရဖွယ်
မှတ်ယူနိုင်ပေသည်။

## ငုပင်မှ ကြေးနက်သို့

ဝိဇ္ဇာရှင်ပညာဒီပရသေ့မှဆို၏။

'အရစ်ရစ် အနှစ်နှစ် အပြစ်ကင်းစွာ ငုနှစ်
မဟာ၊ ငုနှစ်ကိုရအောင်ယူ၊ ထိုသို့ယူရာတွင်
အပင်၏ အနှစ်ဖြစ်တည်မှုကို ဉာဏ်နှင့်ချင့်ချိန်
ရလိုသည်က အမှန်ပင်ဖြစ်ကြောင်း ဆို၏။
ငုနှစ်ရပါက ရေဇလုံ၊ သံဇလုံ အသုံးမပြုရန်၊
အသုံးပြုရန်က ကြေးနီစစ်စစ်ဇလုံ(သို့မဟုတ်)
အိုးသည် အလွန်ရှားသော်လည်း အသုံးပြု
ရန် အကောင်းဆုံးသာ ဖြစ်လေသည်။

ကြေးနီဇလုံရပါမူ ငုနှစ် (၂)ပိဿာကို
ဆား (၁)ပိဿာထည့်၍ တစ်ပတ်လောက်
စိမ်ပြီးသည်နှင့် ခတ်ပြောင်းခြင်း စနစ်ကို
စတင်မြင်ရတော့မည် အမှန်ပင် ဖြစ်လေ
သည်။ ရေထဲတွင် ညိုမည်းလာကာ ကြေးနီ
ဇလုံပေါက်မည်ဟု မထင်လေနှင့်၊ ကြေးနီ
ဇလုံ (သို့မဟုတ်) ကြေးနီအိုးသည် အတွင်း
အရှေ့သာမက အပြင်သားပါ တဖြည်းဖြည်း
မည်းညိုလာမည်ကို တွေ့ရပါလိမ့်မည်'
ဝိဇ္ဇာရှင်ကဆို၏။

'အဲဒါ လူတွေလိုချင်တဲ့ ကြေးနက်ဖြစ်
ကြောင်း၊ လူတိုင်းမသိတဲ့ လျှို့ဝှက်ချက်ကို
ပြောပြခြင်းပဲဖြစ်ကြောင်း၊ အချို့ကိစ္စတွေဟာ
ဖိုထိုးရန်မလို ခတ်ပြောင်းခြင်း သဘော
တရားသည် သိပ္ပံပညာပါဝင်ခြင်းကို နား
လည်သင့်ကြောင်း ဆို၏။

လောကီပညာမှာ တစ်ပင်အောင်ရင် ချမ်း
သာကြောင်း၊ ထိုက်၏ မထိုက်၏ဆိုတာ
ရှိကြောင်းနှင့် သိပ္ပံ၏သဘောအရ ခတ်ပြု
ခြင်းသဘောအရ ခတ်ပြုခြင်းသဘောတို့
ကို လိုက်မီရန် လိုအပ်သည်'
ဟု သွန်သင်ခဲ့ပေသည်။

ဆရာရှင်ပညာဒီပရသေ့၏ မိန့်မှာ
ချက်မှာ...

'ခတ်ပြုခြင်းဆိုတာ ငုပင်အောက်
မှာ ကြေးနှင့်ဆားခတ်တို့ ရှိနေတာမှန်
ရင်အဲဒီကြေးဟာ နက်နေတတ်ကြောင်း၊
ထိုအရာတွေဟာ သဘာဝတရားရဲ့
အမွေအနှစ်ပင်ဖြစ်ကြောင်း ဆို၏။

မြန်မာပြည်မှာ သိတဲ့ပုဂ္ဂိုလ်တွေ
အကြောင်း၊ ငါ၏တပည့်တစ်ဦးရှိခဲ့
သိကြောင်း၊ ထိုပုဂ္ဂိုလ်ဟာ ရသေ့ဘဝ
မှ လူဝတ်လဲကာ ဦးမျိုးမြင့်အမည်ဖြင့်
နေထိုင်ခဲ့ကြောင်း ပြောပြပြန်သည်။
အဲဒါကိုသိတဲ့ ဦးမျိုးမြင့်ဆိုတဲ့ ပုဂ္ဂိုလ်
ပါပဲ။ ထိုသူဟာ သိတာပဲ ရှိတယ်။ သူ
သိတာက ဆရာတော်ကြီးကိုကန်တော့
ပါတယ်ဆိုတာပါပဲ။

ငါက သနားတော့ ပြောပြတာယ်။

www.burmeseclassic.com

အကျင့်မမှန်တော့ ပညာကိုချန်မိတယ်။ ပညာလဲချန်ရော အကုန်လွဲတော့တာပဲဟုဆို၏။ အဲဒီကြေးနက်ကို ငှနှစ်နဲ့ စီမံကြရာမှာ ဆရာကြီးကျတဲ့ဆေးတော်အရှင်ဟာ ဖဝက်သာ ဖြစ်ပေတယ်ဟုဆို၏။

သနားစရာကောင်း၍ ပညာအသိကိုပေးတယ်။ ပညာအသိမှ အတတ်ပြောင်းရာမှာ အကျင့်မမှန်တတ်တဲ့လူကို ဉာဏ်ရှင်တို့က ပညာချန်တာဟာ ထုံးစံပဲကွဟု မိန့်၏။

မက်လုံးကကြေးနက် အရာရာတိုင်းဟာ ဝိဇ္ဇာအသိဉာဏ်မှ သိပ္ပံလက်တွေ့ အခြေခံမှုကို သဘောပေါက်အပ်တယ်။ ရေ မြေ လေတို့ဟာ အပူနဲ့ ဖိအားကြောင့် တွင်းအောင်းပစ္စည်းများနဲ့ ဓာတ်ပြုခြင်းတိုက်ဆိုင်မှုသာ ဖြစ်တာဟု မိန့်ပြတယ်။

ဥပမာပြရရင် ကိုယ်တွင်းအပူနဲ့ အပြင်ကအပူဟာ ဓာတ်မပြုဘူးကွ။ ဓာတ်ပြုတယ်ဆိုရင် ဝိဇ္ဇာတွေအကုန်ဖြစ်ကုန်မှာပေါ့။ **"ဒါကြောင့် ကြေးအိုးနဲ့ ငှနှစ်စီမံရာတွင် ဖဝက်သာ (၃)ပဲ ထည့်စီမံရကြောင်း။ ဆယ်ရက်တိတိစီမံရကြောင်း"** မှတ်သားအပ်ပေသည်။

## ကြေးနက်ရဲ့ သတ္တိ

ကြေးနက်ဟာ မီးမကူးဘူးဆိုတာ မှန်ကြောင်း။ မီးပြတ်တဲ့သတ္တိရှိကြောင်း။ သို့သော် သတ္တုသဘာဝအတိုင်း မီးနှင့်တွေ့က အရည်ပျော်ကြောင်း။ ဘယ်သတ္တုမဆို နည်းပညာဆိုတဲ့ ဝိဇ္ဇာအသိနဲ့ သိပ္ပံဆိုတဲ့ လက်တွေ့အတတ်ဆုံကြရင် အရည်ပျော်မြဲဖြစ်လေသည်။ ထို့ကြောင့် ဆရာရှင်ပညာဒီပက...

ကြေးနက်ကို အဂ္ဂိရတ်အတတ်နဲ့ဆိုရင် သချိုင်းကုန်းမှာ နေရာပေးရတယ်ကွ။ သေသေချာချာမှတ်ပါ။ ရှားစောင်းအဆူးပင်၊ လက်ဖက်ရွက်အစိမ်း၊ ကြက်ဟင်းခါးစေ့၊ မက်လင်ချဉ် အဲဒါတွေကို အမှုန့်စုထည့်။ တစ်မျိုးကို သုံးပဲစု၊ လေးမျိုးစုရင် (၁၂)ပဲ၊ ကြေးနက်သုံးကျပ်ကို လုံပိတ်ဖော်မံကာ မီးစီးကိုထိုး၊ ထွက်ပါပေ့မီးမတိုး၊ ကျည်မထွက်၊ စက်ပျက်(ကား၊ ဆိုင်ကယ်မထွက်ခြင်းကို ဆိုပါသည်။)

အဲဒီကြေးနက်ကို ရှုမတတ်ရာ သေတာတောင်မသိ၊ သို့သော် ပညာဒီပသိ၏ဟုမိန့်ပြီး ရယ်ပြုံးပြုံးကြီး လုပ်နေရာမှ ထိုဆေးတို့နှင့်အတူ လက်ချားပစ်ကာထိုးခြင်းဖြင့် ကြေးနက်ရဲ့ ပျော်ခြင်းဟာ သတ္တုအစိုင်အခဲရဲ့ နောက်ဆုံးဘဝပါပဲကွာ'

ဟု ပြောပြလေသည်။

## ငှနှစ်၏ အတွင်းရေး

## သန့်လျက် စီရင်ခြင်း

ငှနှစ်တစ်ချောင်းလုံးမှာ ထင်ထင်ရှားရှားအနာကဲ့သို့ ပုရွက်ဆိတ်အုံပမာ မွတတအရာသည် အနှစ်၏ အစွမ်းဆုံးအရာပင်ဖြစ်လေသည်။ ထိုအရာကို အများအခေါ် အမြုတေ (အနှစ်ဓာတ်)ဟုမှတ်ပြီး ဆရာကိုင်သန်လျက်အဖြစ် စီမံရ၏။

အပိုင်လိုချင်ပါလျှင် နတ်မင်းကြီးပွဲလေးပွဲပေးကာ ဝေဒါသာကုဂါထာ မြတ်ကိုရွတ်ပါက ဆရာကိုင်သန်လျက် ဖြစ်၍ အမှောင့်ပယောဂကို "ပြလျှင်ပြေး"အစွမ်းကြီးကြောင်း ငပင်ခေါ် ငရွှေဝါ၏ တစ်ပင်လုံး ပြဒါးစာမှုကို ရေးသားတင်ပြအပ်ပါသည်။

**[အသိဉာဏ်ပညာ ပေးသော ကျေးဇူးတော် မဟာဗောဓိမြိုင် ဆရာတော်ကြီးအား အာရုံပြု ဦးခိုက်လျက်...]**

**ရဲမျိုးသူ (*ဗောဓိမြိုင်*)**

စာမျက်နှာ (၁၉၂)မှ အဆက်

[illegible]

**ကောင်းခန့် (သခွတ်[illegible])**

**ဝက်လက်**



www.burmeseclassic.com

www.burmeseclassic.com

# ပြည်ပနိုင်ငံခြားမှာ

နေထိုင်လုပ်ကိုင် အကျိုးပေးနိုင်သော သင်္ကေတ

ဆရာကြီးဦးအောင်မြိုင်
(ဥပဒေတွဲ့)
လက္ခဏာဗေဒပညာသုတေသီ




ယခု ဖော်ပြလိုက်သော ဘယ်လက်ဖဝါးပြင်ပုံစံမှာ အသက်သုံးဆယ်ဝန်းကျင် အမျိုးသမီးတစ်ဦး၏ လက်ဖဝါးပုံစံ ဖြစ်ပါသည်။ ပြည်ပနိုင်ငံရပ်ခြားမှာ အမြန်ဆုံး သွားရောက်လုပ်ကိုင်နေထိုင်ရဖို့ အထူးယတြာအစီအရင် တောင်းခံ ဆောင်ရွက်သူ ဖြစ်သည်။

"က" အက္ခရာနှင့် ညွှန်ပြထားသည်မှာ အသက်လမ်းကြောင်း အောက်ခြေမှ တနလ်ာဂြိုဟ်ခုံဘက်သို့ ခွဲဆင်းသော နိုင်ငံခြားသွားလမ်း ထင်ရှားနေခြင်းဖြစ်သည်။

"ခ" အက္ခရာနှင့် ညွှန်ပြထားသည်မှာ မှေးမှိန်နေသော ပထမကံလမ်းကြောင်း ဖြစ်သည်။


"ဂ" အက္ခရာနှင့် ညွှန်ပြထားသည်မှာ ထင်ရှားပေါ်လွင် အားကောင်းနေသော ဒုတိယကံလမ်းကြောင်း ဖြစ်သည်။

"ဃ" အက္ခရာနှင့် ညွှန်ပြထားသည်မှာ ပထမကံလမ်းကြောင်းနှင့်

www.burmeseclassic.com

ဒုတိယကံလမ်းကြောင်း မထိတထိ ဖြစ်နေသော နေရာဖြစ်ပါသည်။

* * *




**"က"အက္ခရာမှာ** နိုင်ငံခြား သွားရတတ်သော သင်္ကေတဖြစ်သည်။

**"ခ"အက္ခရာမှာ** ပထမ မူလ နေရာဒေသ၊ အလုပ်အကိုင်တို့မှာ အဆင်မပြေ မအောင်မမြင် ဖြစ်တတ်သော သင်္ကေတ ဖြစ်ပါသည်။

**"ဂ"အက္ခရာမှာ** ဒုတိယနေရာဒေသ၊ အလုပ်အကိုင်တို့မှာ အဆင်ပြေ အောင်မြင်အကျိုးပေးရမည့် သင်္ကေတ ဖြစ်ပြီး၊ ထိုဒုတိယကံလမ်းကြောင်းက ပြည်ပနှင့် ပတ်သက်သော တနင်္လာဂြိုဟ်ခုံဘက်မှ စ,တက်၍ ပြည်ပနိုင်ငံခြားမှာ လုပ်ကိုင်နေထိုင်အကျိုးပေးမည့် သင်္ကေတဖြစ်သည်။

**"ဃ"အက္ခရာမှာ** အသက်သုံးဆယ်ဝန်းကျင်၌ ကံကြမ္မာ အပြောင်းအလဲ (အလုပ်အကိုင်ပြောင်း၊ နေရာဒေသပြောင်း)ဖြစ်ရမည့် သင်္ကေတ ဖြစ်ပါသည်။)

**မှတ်ချက်** ။ ။ **အထက်ပါ လက္ခဏာရှင်မှာ အသက်(၃၀)**... **တွင် ပြစ်စတေးလျှနိုင်ငံသို့ ပြော**... **ရွှေ့လုပ်ကိုင် အခြေချနေထို**... **ယခုအခါ ထိုနိုင်ငံမှာ (၁၀)နှစ်**... **ကြာနေပြီ ဖြစ်သည်။**

*လက္ခဏာပညာသုတ တိုးပွား*... *ပါစေ။*

*အောင်မြင်ကျော်ကြား ချမ်းသာ*... *ပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေသွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေ**...

---


**ခွေးရူးကိုက် ခွေးရူးဆေး**

မှာ ဒီဆရာကြီးများ ရှိခဲ့ကြပါသည်။ သိရှိသူများ၊
အနွယ်တော်များမှ ဆက်လက်ဖော်ထုတ်ပေးစေချင်



ကန္နီရွာ ခွေးရူးကိုက်ကုဆရာကြီး ဦးဘိုးဆော့

*ကန္နီရွာမှာ အလည်ရွာ ကျေးရွာအုပ်စု မိတ္ထီလာမြို့နယ် တောင်အရပ် (၁၀)မိုင်ခန့် ဝေးပါသည်။*

ကျွန်တော် **အသက်(ရ၈)နှစ်** ရှိပါပြီ။ ကျွန်တော်၏အမေ အပျိုဘဝကတည်းက ခွေးရူးကိုက်သူများကို ကုသပေးခဲ့ကြေ... သိရှိရပါသည်။

မိတ္ထီလာ အနောက်ဘက်၊ တောင်ဘက်ရှိ ကျေးရွာများမှ ခွေးရူးအကိုက်ခံရလျှင် ဦးဘိုးဆော့ထံတွင် လာ... ကုသပါသည်။ ဦးဘိုးဆော့ ကွယ်လွန်သွားသဖြင့် မြေးဖြစ်သူ **ဦးကုလားမှ** ဆက်လက် ကုသပေးလျက် ရှိပါသ...

ကုသမှု ခံယူပြီးသူတိုင်း ယခုအချိန်အထိ မည်သူမျှ ခွေးရူးပြန်ရောဂါ မခံစားရပါ။ အားလုံး ပျောက်ကင်းပါသ...

ယခုအခါ ဦးကုလားလည်း ကွယ်လွန်သွားပြီဖြစ်၍ မြေးတစ်ယောက်ဖြစ်သူ **ဦးတင်မြင့်**မှ ဆက်လက်ကုသကယ... ပေးလျက် ရှိပါသည်။ ဘိုးစဉ်ဘောင်ဆက် လူနာပေါင်း မြောက်မြားစွာ ကုသပျောက်ကင်းခဲ့ပါသည်။

**ကုထုံးနည်းမှာ...**

ပထမ အန်ဆေး တိုက်ပါသည်။ ခွေးရူးမဟုတ်က မအန်ပါ။ အနာကြီးနေပါက ဆေးရုံတွင် ပျောက်ကင်းအောင် ကုသခိုင်းပါသည်။ အ... ခွေးရူးကိုက်ပျောက်ဆေးတော့ မထိုးရပါ။ ထိုးပြီးလျှင် ကုမရတော့ပါ။

အနာပေါ်တွင် တင်ဆေးများဖြင့် တင်ပေးပြီး ရွှေလောင်စက္ကူဖြင့် ပတ်တီးစည်း၍ ဆေးလိမ်းပေးပါသည်။

(၇)ရက်ခန့်ပြီး ပတ်တီး ဖြေပြီးပါက အနာ၏အလယ်တွင် အဆိပ်များ စုနေပါသည်။ ယင်းကို တွင်နှင့်စုပ်ယူပါသည်။ ယင်းအမြစ် ရ... ခွေးရူးကိုက်ကုထုံး ပြီးစီးပါသည်။ လူထောင်ပေါင်းများစွာ ကုသခဲ့ပါသည်။ ခွေးရူးပြန်ခြင်း မရှိတော့ပါ။

**(ကုထုံးအသေးစိတ်ကိုတော့ ဆွေစဉ်မျိုးဆက်များကိုသာ လက်ဆင့်ကမ်းပါသည်။ ကြုံကြိုက်ပါက သွား... လေ့လာနိုင်ပါသည်။)**

တင်လှ *(ဆ-မ-ငြိမ်း)*




www.burmeseclassic.com

www.burmeseclassic.com



# ခရီးသွားရှောင်ရန်

## ဗီလာရက်တွက်နည်း

ကောင်းခန့် (သချာင်္မြေ)
ဝက်လက်

"အစားမတော်လျှင် တစ်လုတ်၊ အသွားမတော်လျှင် တစ်လှမ်း"ဟု ဆိုသည့် စကားပုံသည် ရှေးလူကြီးသူမတို့ ထားခဲ့သော စကားပုံဖြစ်၍ မိမိနှင့် မသင့်သောအရပ်သို့ သွားမိလျှင် မိမိမှာ အကျိုးမရှိဘဲ ဘေးဥပဒ်နှင့်သာ တွေ့ကြုံရတတ်ခြင်း...

မိမိနှင့် မသင့်သော အစားအစာကို စားမိလျှင် မိမိအတွက် အာဟာရမဖြစ်ဘဲ ရောဂါဝေဒနာတို့သာ ရတတ်ခြင်းသည်တို့သည် ရှေးလူကြီးသူမတို့၏ ကိုယ်တွေ့ အတွေ့အကြုံများနှင့် ယှဉ်၍ ထားခဲ့သော စကားပုံ ဖြစ်ပါသည်။

ယခု ကျွန်ုပ် ရေးမည်ဖြစ်သော **"ခရီးသွားရှောင်ရန် ဗီလာရက်တွက်နည်း"**သည်လည်း ရှေးပညာရှိတို့သည် အတွေ့အကြုံပေါင်းများစွာနှင့် ရင်းနှီး၍ **သွားမည့်အရပ်၊ သွားမည့်နေ့၊ သွားမည့်အချိန်**တို့ကို တွက်ချက်ယူကာ ကောင်း၊မကောင်း၊ သင့်၊ မသင့် ချင့်ချိန်တွက်ချက်၍ သွားလာရန် ထားခဲ့သော ဗေဒင်တွက်နည်း တစ်နည်း ဖြစ်ပါသည်။

ကျွန်ုပ်သည် ကျွန်ုပ်၏ ဇာတိဖြစ်သော **စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ သချာင်္တောရွာ ဥတ္တရာရာမကျောင်း ဆရာတော်ကြီး**၏ နှစ်ပေါင်း ကိုးဆယ်ကျော် မှတ်စုစာအုပ်လက်ရေးမူထဲမှ ဗေဒင်တွက်နည်း၊ ယောနည်းတို့ကို ရွေးချယ် ကောက်နုတ် ရေးသားလာသည်မှာ အတော်ပင်များခဲ့ပြီဖြစ်၏။

ယခုလည်း ဗီလာရက်တွက်နည်းကို လင်္ကာနှင့်တကွ ဖော်ပြ၍ တွက်နည်းတို့ကို ဗေဒပါသနာရှင်များ ရှင်းလင်းစွာ နားလည်စေရန် လင်္ကာနှင့် အကျဉ်း တွက်နည်းတို့ကို အကျယ်သဖြင့် ရှင်းပြ ရေးသားသွားပါမည်။

တွက်နည်းလင်္ကာမှာ...

---

ဗီလာရက်တွက်နည်းလင်္ကာ

---

ခရီးသွားလာ ရှောင်အပ်စွာသည် ဗီလာရက်နေ စွဲမှတ်လေလော့၊ ရစ်တွေ့မှန်စွာ တစ်နေ့တာတွင် သေချာပိုင်းခြား ပြပြီးငြားမှ...

၁။ နွေကားတန်ခူး-ရှောင်လေအပ်စွာ၊ သုံးခါအနောက်၊ ငါးခါနောက်တည့်၊ မြောက်ရပ်တောင်ခွင်၊ ဗီလာမြင်၏။

၂။ ထိုမြင်တနယ်-ဝကာအခွ နှစ်ဝရှေ့တောင်၊ အွေရှောင်မြောက်ပါ။ ဆကားနောက်တောင် အမြဲရှောင်လော့။

၃။ ထို့နောက်အင်္ဂါ - အဌာကော၊ ရှောင်ကြနောက်မြောက်၊ သုံးအနောက်တည့်၊ သွားရောက်နောက်တောင်၊ ကျရောက်ရှောင်ပေ၊ ဗီလာနေ၏။

၄။ တစ်တွေ့ထူ-ကောအဌ ရှောင်ကြရှေ့မြောက်၊ လေးရောက်နောက်ခွင်၊ ငါးလျှင်နောက်ပါ။ ဗီလာငြား၏။

၅။ ရက်ကားချေး-ခွေးချိန်အခါ၊ ပြဿာအရှေ့၊ ငါးတွေရှေ့တောင်၊ သတ်မှာတောင်တည့်၊ ရှောင်ကြလေရာ။

၆။ ရက်သောကြာကား-ခွေးမှာနောက်တောင်၊ သုံးရှောင်ရှေ့မြောက်၊ ဆရောက်တောင်ပါ။ ရှောင်လေငြားရှင့်။

၇။ တခြားစနေ-လေးတွေနောက်တောင်၊ ရှောင်လေငါးမြောက်၊ မြောက်မှာရှေ့ခွင်၊ ဗီလာမြင်၏။

ဆင်ခြင်မှဲ့ချေ၊ သွားမိလေက၊ ပျက်ကျေစီးပွား၊ ဘေးရန်များလျက်၊ ငါးပါးခန္ဓာ၊ ပျက်တတ်စွာသည်၊ ဘယ်ခါမလွဲ၊ စဖူးတည်း။

အထက်ပါလင်္ကာ၏ ဆိုလိုရင်းမှာ...

ပထမ မိမိခရီးသွားလိုသော ရက်နေ့ကို အခါရှစ်ပိုင်းပိုင်း၍ ကျရောက်သော နေ့ အားလျော်စွာ ပထမတစ်ခါ၊ ဒုတိယတစ်ခါ၊ တတိယတစ်ခါ (သို့မဟုတ်) တစ်အခါ၊ နှစ်အခါ၊ သုံးအခါ စသဖြင့် ထိုအခါ၌ ထိုအရပ်ကို မသွားကောင်း ခိုက်တတ်သည်ဟု ဆိုထားခြင်း ဖြစ်ပါသည်။

အခါရှစ်ပိုင်း ပိုင်းဝေရာတွင် နေ့ဖြစ်လျှင် နေ့ တစ်ဆယ့်နှစ်နာရီ၊ ညဖြစ်လျှင် ည တစ်ဆယ့်နှစ်နာရီကို မနှစ်ဖွဲ့

www.burmeseclassic.com

ပြီး (၈)နှင့် စားပါ။ ရလဒ်သည် အခါ တစ်ခါ၏ နာရီမိနစ် ဖြစ်ပါသည်။

အောက်တွင်ကြည့်ပါ။

```
        ၁၂
      × ၆၀
  ၈ ÷ ၇၂၀    ၉၀–မိနစ်ပေါင်း
  ၆၀ ÷ ၉၀  ၁–နာရီ
       ၆၀
       ၃၀    မိနစ်
```

နေ့တစ်နေ့၏ အခါရှစ်ပိုင်းကို အောက်ဖယားတွင် ကြည့်ပါ။

* * * *(ဇယား–၁)*

**တစ်နေ့တာအတွက် အခါ ၈–ပိုင်းဇယား**

| အချိန် | နေထွက် | နံနက် | နံနက် | မွန်းတည့် | နေစောင်း | နေစောင်း | ညနေ | နေဝင် |
|---|---|---|---|---|---|---|---|---|
| အခါ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| နာရီမိနစ် | ၆–၇း၃၀ | ၇း၃၀–၉ | ၉–၁၀း၃၀ | ၁၀း၃၀–၁၂ | ၁၂–၁း၃၀ | ၁း၃၀–၃ | ၃–၄း၃၀ | ၄း၃၀–၆ |

အထက်ပါ ဇယားသည် အကြမ်းအားဖြင့် ပုံသေပိုင်းထားသော အခါ(၈) ပိုင်းဇယား ဖြစ်ပါသည်။

***(အကျယ် အနုစိတ်အားဖြင့် ပိုင်းဝေလိုလျှင် လစဉ်အလိုက် နေ့တာ,ညတာ အတိုအရှည်ကို ကြည့်၍ နေထွက်,နေဝင် ကို ထိုင်းတာကာ ပိုင်းဝေနိုင်လျှင် ပို၍ တိကျပါမည်။)***

အချိန်အပိုင်းအခြားကို သိပြီဆိုလျှင် အထက်တွင် ရေးခဲ့သော လက်ာထဲမှ နေ့အခါအလိုက် ခရီးသွားရာတွင် ရှောင်သင့်သော နေ့အခါ အရပ်တို့ကို ဝါသနာရှင်တို့ ရှင်းလင်းစွာ သိစေရန် ကောက်နုတ်ရေးသားပါမည်။

၁။ **၁နွေနေ့၌** ရှောင်ရမည့် အရပ်နှင့် အခါမှာ ၃–အခါနှင့် ၅–အခါတို့တွင် အနောက်အရပ်သို့ မသွားကောင်း။ ၆–အခါ၌ တောင်အရပ်သို့ မသွား



ကောင်း။ ထိုအခါတို့သည် ထိုအရပ်နှင့် **"ဗိလာ"**ကျ၏။

၂။ **၂လာနေ့၌** ၁–အခါ၊ ၈–အခါတို့တွင် အရှေ့တောင်အရပ်၊ ၂–အခါတွင် မြောက်အရပ်၊ ၆–အခါ၌ အနောက်တောင်အရပ်၊ ထိုအခါတို့သည် ထိုအရပ်တို့သည် **"ဗိလာ"** ကျ၏။

၃။ **၃ဂါနေ့၌** ၁–အခါ၊ ၈–အခါတို့[...] အနောက်မြောက်အရပ်၊ ၃–အ[...] အနောက်အရပ်နှင့် အနေ[...] တောင်အရပ်တို့သည် **"ဗိလ[...]** ကျ၏။

၄။ **၄ဟူးနေ့၌** ၁–အခါ၊ ၈–အခါ[...] အရှေ့မြောက်အရပ်၊ ၄–အခါ[...] အနောက်အရပ်၊ ၅–အခါ[...] လည်း အနောက်အရပ်[...] **"ဗိလာ"**ကျ၏။

၅။ **၅တေးနေ့၌** ၂–အခါတွင် အ[...] အရပ်၊ ၅–အခါတွင် အရှေ့တေ[...] အရပ်၊ ၇–အခါတွင် တောင်အ[...] တို့သည်**"ဗိလာ"**ကျ၏။

၆။ **၆ကြာနေ့၌** ၂–အခါတွင် အနေ[...] တောင်အရပ်၊ ၃–အခါ၌ အ[...] မြောက်အရပ်၊ ၆–အခါ[...] တောင်အရပ် ထိုအရပ်တို့[...] **"ဗိလာ"**ကျ၏။

*(ဇယား–၂)* **ဗိလာကျသောနေ့နှင့် နာရီအချိန်**

| | ၁နွေနေ့ | ၂လာနေ့ | ၃ဂါနေ့ | ၄ဟူးနေ့ | ၅တေးနေ့ | ၆ကြာနေ့ | စနေ[...] |
|---|---|---|---|---|---|---|---|
| အရှေ့အရပ် | | | | | နံနက် ၇း၃၀ မှ ၉နာရီအထိ | | နံနက် [...] ၁နာ[...] |
| အရှေ့တောင် | | နံနက် ၆မှ ၇း၃၀ ညနေ ၄း၃၀မှ ၆ | | | နေ့ ၁၂မှ ၁း၃၀ | | |
| တောင်အရပ် | နေ့ ၁း၃၀မှ ၃နာရီ | | | | ညနေ ၃မှ ၄း၃၀ | နေ့ ၁း၃၀မှ ၃နာရီအထိ | |
| အနောက်တောင် | | နေ့ ၁း၃၀မှ ၃ | နံနက် ၉မှ၁၀း၃၀ | | | နံနက်၇း၃၀မှ ၉နာရီထိ | နံနက် [...] ၁၂[...] |
| အနောက်အရပ် | နံနက် ၉မှ၁၀း၃၀ နေ့ ၁၂မှ၁း၃၀ | | နံနက် ၉မှ ၁၀း၃၀ | နံနက်၁၀း၃၀မှ ၁း၃၀အထိ | | | နေ့ ၁[...] |
| အနောက်မြောက် | | | နံနက် ၆မှ ၇း၃၀ ညနေ ၄း၃၀မှ ၆ | | | | |
| မြောက်အရပ် | | နံနက်၇း၃၀မှ ၉ | | | | | |
| အရှေ့မြောက် | | | | နံနက်၆မှ၇း၃၀ ညနေ ၄း၃၀မှ၆ | | နံနက် ၉မှ ၁၀း၃၀ | |

www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပဟေဠိ

အဖြေညှိကြစို့

သရာကြီးဦးအောင်မြင့်
(ဥပဒေအဖွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ


ယခုလအတွက် ...ပြပေးထားသော ဘယ်လက်ဖဝါး ...ပုံရှိမှာ မျှော်လောကိုမြို့ ... စေတီ အသက် ...ဆယ်ခန့်ရှိသည့် အမျိုးသမီး ...ဦး ဖြစ်ပါသည်။

လက္ခဏာပညာရှုထောင့်မှ သေချာ ... ကြည့်ရှု လေ့လာစစ်ဆေးပြီး ...အောက်ပါ မေးခွန်းများကို ဖြေကြည့် ...။

- ပြည်ပမှာ နေထိုင်လုပ်ကိုင်ခြင်းနှင့် ပြည်တွင်းမှာ နေထိုင်လုပ်ကိုင်ခြင်းတို့တွင် မည်သည်က ပို၍ အကျိုးပေး တိုးတက် အောင်မြင်နိုင်သနည်း။
- အလုပ်အကိုင်မှာ လက်အောက်ဝန်ထမ်းနှင့် အကြီးအမှူး ဦးစီးခေါင်းဆောင် ဘယ်အဆင့်အတန်းမှာ လုပ်ကိုင် ရရှိနိုင်ပါသနည်း။
- အတိုက်အခံ အနှောင့်အယှက် အခက်အခဲ အကျပ်အတည်းတွေကြောင့် လုပ်ငန်းမှာ ဆုံးရှုံးနစ်နာ ပျက်ပြား မအောင်မြင် ဖြစ်သွားနိုင်သလား။
- လုပ်ငန်း၊ အောင်မြင်တိုးတက် ချမ်းသာကြီးပွားဖို့ အကူအညီ အထောက်အပံ့ပေးမည့်သူ ရှိ၊ မရှိ။
- ဆိုင် စက်ရုံ ကုမ္ပဏီ ဟိုတယ် စသော လုပ်ငန်းကြီးများနှင့် အကျိုးပေး စီးပွားဖြစ်နိုင်ပါ့မလား။

ဒီမိတ်တို့၏ အဖြေများကို အကြောင်းပြ ...ချက်နှင့်တကွ သီးခြားစာရွက်လွတ်မှာ ...မှတ်ပြီးမှသာ လက္ခဏာ ပဟေဠိ ...အဖြေနှင့် ညှိနှိုင်းတိုက်ဆိုင်ကြည့်ပါရန် ...တိုက်တွန်းပေးအပ်ပါသည်။

ပဟေဠိ အဖြေများကို
စာမျက်နှာ( ၁၉၅ )တွင် ကြည့်ရှုပါရန်။



www.burmeseclassic.com



ပြဒါးဆေးထိုး ချုပ်, သတ်နိုင်သည့်

# နဝင်းဆေးကြီး

ကောက်ယူပုံနှင့် ဖော်စပ်ပုံ

ဤနည်းလမ်းကို **ဆရာကြီး ဦးမြစ်(တစ်လုံးငိုက်ကာ)ကျမ်းပြု ဆရာကြီးက** သင်ပြပေးခဲ့၍ အလိုရှိသူများနှင့် အင်္ဂါရတ်ပညာကို လေ့လာလိုက်စားသူများ အကျိုးဖြစ်ထွန်းနိုင်စေရန် ရည်ရွယ်၍ ဖော်ပြအပ်ပါသည်။

ပြီးခဲ့သည့် သကြန်ကာလက မန္တလေးမြို့ရှိ အနောက်ပြင် အာလွကပ္ပ ဘုန်းတော်ကြီးကျောင်းရှိ ဆရာတော် ဦးသုနန္ဒ၏ ဖိခန်းသို့ သွားရောက်ပြီး ဆရာတော်နှင့် တွေ့ဆုံကာ အင်္ဂါရတ်ပညာရပ်များကို ဆွေးနွေးရင်း စကားလက်ဆုံကျနေကြပါသည်။

မကြာမီအချိန်တွင် တိုက်တော်ဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးအဂ္ဂ ရောက်လာပြီး ကျွန်တော်တို့စကားဝိုင်းတွင် ဝင်ရောက်ဆွေးနွေးရင်း...

'ဒကာကြီး ဦးအောင်သန့် ကြံတုန်းမှာ အရပ်တုန်းက ပြောပြဖူးတဲ့ ခင်ဗျားဆရာကြီးရဲ့ နဝင်းဆေး ဖော်စပ်နည်း ကောက်ယူပုံကို ရေးပေးစမ်းပါဦး'

ဟု မိန့်ကြားပါသည်။

ကျွန်တော်လည်း စာရွက်လွတ်တစ်ရွက်တွင် **စမ္မာနဝင်းအင်းဖွဲ့(ဆန်)** သွင်းပြလိုက်၏။

'အရှင်ဘုရား စမ္မာနဝင်းအင်းဖွဲ့(ဆန်) လက်ာကို ရသလား ဘုရား'

'မရဘူး ဒကာကြီး'

'ဒါဆို တပည့်တော် ရေးပေးပါ့မယ်'

ခြောက်သန့် (ပုသိမ်ကြီး)

ဆိုပြီး "**စမ္မာ၊ နဝင်း၊ ဓာလင်း၊ သဏ္ဍာ၊ ပဥ္စ၊ တြိ၊ ဆ၊ ဧက၊ အဋ္ဌ**"ဟု ရွတ်ဆို၍ ရေးပြပါသည်။ ထိုအင်းဖွဲ့(ဆန်)လက်ာအတိုင်း (၉)ကွက်အင်းချ၍ အင်းဖွဲ့(ဆန်) သွင်းလိုက်ပါသည်။

| | | |
|---|---|---|
| ၂ | ၉ | ၄ |
| ၇ | ၅ | ၃ |
| ၆ | ၁ | ၈ |

**စမ္မာ** = ၂၊ **နဝင်း** = ၉

**ဓာလင်း** = ၄၊ **သဏ္ဍာ** = ၇

**ပဥ္စ** = ၅၊ **တြိ** = ၃

**ဆ** = ၆၊ **ဧက** = ၁

**အဋ္ဌ** = ၈ ဖြစ်ပါသည်။

အင်းအလယ်ကွက်မှာ (၅)ဂဏန်းရှိပါသည်။ (၅)ဂဏန်းကို ချန်လှပ်၍ ထောင့်တန်း မျက်နှာချင်းဆိုင်ဂဏန်းများကို ယူပါက (၂+၈) (၄+၆) (၉+၁) (၇+၃)ကို ရပါသည်။ ၂ နှင့် ၈ ပေါင်းက (၁၀) ရသည်။

ထို့အတူ ကျန်သော အတွဲဂဏန်းများ ပေါင်းကလည်း (၁၀) ရပါသည်။ သို့ဖြစ်၍ (၁၀)ဂဏန်းတွဲ (၄)တွဲ ရသဖြင့် ၀,လေးလုံး ရသည်ဟု ဆိုခြင်း ဖြစ်ပါသည်။ အောက်ပါအတိုင်း ချကြည့်ပါက ပိုမိုရှင်းပါမည်။

၂ + ၈ = ၁၀
၄ + ၆ = ၁၀
၉ + ၁ = ၁၀
၇ + ၃ = ၁၀

၀ လေးလုံး

ဤတွင် "**ဗေဒင်ကြောင်း**... **ပေါင်းလိုက်ပါ။ စမ္မာနဝင်းမှာ**... **အောင်ရှာ**"ဟု ပညာရှင်များက ... ထား၍ ဗေဒင်ကြောင်းဖြင့် ကောက်... နိုင်ရန် လိုအပ်ပါသည်။ ဗေဒင်ပညာ... အဆိုအရ အရပ်ရှစ်မျက်နှာကို အော... ပါအတိုင်း ဖော်ပြပါသည်။

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | ၉ | ၄ |
| ၈ | ၅ | ၀ |

အရှေ့မြောက်ထောင့် တနင်္ဂ... စ၍ နာရီလက်တံအတိုင်း **၁–၂–**... **၄–၀–၈–၆**တို့ကို အစဉ်လိုက် ဖော်... ပါသည်။ အလယ်မှာ ကိတ်ဂြိုဟ် ... သည်။

**အင်္ဂါရတ်ကျမ်း (ကျောက်သ...)** **၏** အဆိုအရ အရပ်မျက်နှာအလို... နာမ်ဆေးများ သတ်မှတ်ပေးထား... အောက်ပါအတိုင်း မှတ်သား... ဖြစ်ပါသည်။

၁ = တနင်္ဂနွေ = ...
၂ = တနင်္လာ = ကန့်
၃ = အင်္ဂါ = မိန်





www.burmeseclassic.com

www.burmeseclassic.com

၄ = ဗုဒ္ဓဟူး = ယမ်း
၀ = စနေ = ဆေးဒန်း
၅ = ကြာသပတေး = ပြဒါး
၈ = ရာဟု = ဟင်္သပဒါး
၆ = သောကြာ = ဖေါက်သား

ဖော်ပြပါ **နာစ်ဆေး(၈)မျိုးကို စမ္မာနဝင်းအင်း၏** ကိန်းဂဏန်းများ အတိုင်း အလေးချိန်အဖြစ်ထား၍ ကောက်ယူလိုက်ပါက...

| | | | | | | |
|---|---|---|---|---|---|---|
| သား | = | နှစ်မတ် | + | ဆေးဒန်း ရှစ်မတ် | = | ၁၀ မတ် |
| ကန့် | = | ကိုးမတ် | + | ပြဒါး တစ်မတ် | = | ၁၀ မတ် |
| စိန် | = | လေးမတ် | + | ဟင်္သပဒါး ခြောက်မတ် | = | ၁၀ မတ် |
| ဖေါက်သား | = | ခုနစ်မတ် | + | ယမ်း သုံးမတ် | = | ၁၀ မတ် |

ဆေးစုစုပေါင်း (မတ်ပုံဖော်က) **(၄၀) မတ်သား** ရရှိပါသည်။ ကျပ်ချိန်အား ဖြင့် **(၁၀)ကျပ်သားဖြစ်သည်။**

ဆေးအမည်မှာ (၈)မျိုးရှိ၍ အင်း အလယ်ကွက်ရှိ (၅)ဂဏန်း ပြဒါးကို လက်ချား(၅)မတ်သား ထည့်သွင်းရ မည် ဖြစ်ပါသည်။

ဤဖော်ပြပါနည်းမှာ **စမ္မာနဝင်း အင်း**အရ ကောက်ယူသော **နဝင်း ဆေးကြီး**ဖြစ်၍ နဝင်းဆေးအမည်များ သော် လည်းကောင်း၊ ရုပ်ဓာတ်ဖြစ် သည့် ရွှေနှင့်ဘော်တို့ကိုသော် လည်း ကောင်း မိမိအလိုရှိသလို ဖမ်းခြင်း ချုပ်ခြင်း သတ်ခြင်းများ ပြုလုပ်မည် ဆိုပါက စုစုပေါင်း ဓာတ်(၉)ပါးဖြစ်၍ နဝင်းဆေးကြီးဟု ခေါ် ဝေါ်ခြင်း ဖြစ်ပါ သည်။

ပေဒင်ကြောင်းအရ အလယ်ကွက် (၉)ကို လက်ချားအဖြစ် ကောက်ယူ၍ ၏ အလေးချိန်ကို စမ္မာနဝင်းအင်းကိန်း ဂဏန်းများဖြင့် ကောက်ယူခြင်း ဖြစ်ပါ သည်။

သို့ဖြစ်ပါ၍ အဂ္ဂိရတ်ပညာရှင်ကြီး များ မိန့်ဆိုလမ်းညွှန်ချက်နှင့်အညီ ဝ,လေးလုံး နဝင်းခဲ်ဆေးကြီးကို မိမိတို့ အလိုရှိသလို ဖော်စပ်အသုံးပြုနိုင်ပြီ ဖြစ်ပါကြောင်း စေတနာအမှန်ဖြင့် ဖော်ပြပေးလိုက်ပါသည်။

အဂ္ဂိရတ်ပညာ လေ့လာလိုက်စား ကြသူများ လိုရာခရီးသို့ အမြန်ဆုံး တက်လှမ်း ရောက်နိုင်ကြပါစေကြောင်း ဆုမွန်းကောင်းတောင်းရင်း နိဂုံးချုပ် လိုက်ပါသည်။

**ဤဆောင်းပါးဖြင့် ဆရာကြီး ဦးစံမြင့်အား လေးစားစွာဖြင့် ဂါရဝ ပြု ဦးခိုက်ပါသည်။**


**ဆောင်သန့်(ပုသိမ်ကြီး)**

**စာမျက်နှာ (၁၉၃)မှ အဆက်**

**၁။ ပြည်ပမှာနေထိုင်လုပ်ကိုင်ခြင်းထက် ပြည်တွင်းမှာ နေထိုင် လုပ်ကိုင်ခြင်း၊ က ပို၍ အကျိုးပေး တိုးတက်အောင် မြင်နိုင်ပါသည်။**

အဘယ်ကြောင့်ဆိုသော် အသက်လမ်း ကြောင်းနှင့် ကံလမ်းကြောင်းတို့၏ အဆုံး ပိုင်းရှိ ငါးကြင်းဆြီး မင်္ဂလာအခြံ အရံ (သို့မဟုတ်) အမြစ်၍ (သို့မဟုတ်) ငွေအိတ် သင်္ကေတမှာ သောကြာဖြိုဟ်ခုံအတွင်းဘက်သို့ ကွေးဝင် ထင်ရှား နေခြင်းကြောင့် ဖြစ်သည်။ **“င”အကွရာ**

* * *




*[ဤ လက္ခဏာ ရှင်မှာ ပြည်တွင်း၌သာ နေထိုင်လုပ်ကိုင်လျှက် ရှိသည်။]*

**၂။ အလုပ်အကိုင်မှာ လက်အောက်ငယ် ထမ်းနှင့် အကြီး အမှူးဦးစီးခေါင်း ဆောင်ဆိုလျှင် အကြီးအမှူးဦးစီးခေါင်း ဆောင် လုပ်ရမည့်သူဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် လက်ခလယ်နှင့် လက်ညှိုးကြား စနေနှင့် ကြာသပတေး ဂြိုဟ်ခုံ ကြား၊ အထူးသဖြင့် ကြာသပတေး ဂြိုဟ်ခုံမှာ ကြီးမားသော ဒြောင်ရှက်သင်္ကေတ မင်္ဂလာ အခြံ အရံများ ထင်ရှားပေါ်လွင်နေခြင်းကြောင့် ဖြစ် သည်။ **“ဂ” အကွရာ**

* * *




*[ဤလက္ခဏာရှင်မှာ ယခု လုပ်ငန်း၏ အကြီး အမှူး ဦးစီးခေါင်းဆောင် လုပ်ကိုင်နေသူဖြစ်သည်။]*

**၃။ အတိုက်အခံ အနှောင့် အယှက် အခက်အခဲ အကျပ်အတည်း တွေကြောင့် လုပ်ငန်းမှာဆုံးရှုံးနစ်နာမှုကြ ပြား မအောင်မမြင် ဖြစ်သွားနိုင်သူ မဟုတ် ဘဲ ကျော်လွှားအောင်မြင် တိုးတက်ကြီးပွား ကံကောင်းမည့်သူသာ ဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် လက်ခလယ် နှင့် လက်သူကြွယ်ကြားမှာ ထောင်လိုက် မျဉ်းရှည်နှင့် မျဉ်းတိုတစ်ကြောင်း ထင်ရှားရှိ ခြင်းကြောင့် ဖြစ်သည်။ **“ခ” အက္ခရာ**

* * *





*[အတိုက်အခံ ပုံဖိုကူညီမှုကြောင့်နှင့် ပျှော့ဖျောမှုသည်ကြီးမား အားထုတ်မှုကောင်းခြင်း ကြောင့်အောင်မြင်တိုး တက်ချမ်းသာ ဖြစ်သည်။ အချို့ကလူဝင်စားဟု သတ်မှတ်သည်။]*

**၄။ လုပ်ငန်းအောင်မြင်တိုးတက်ချမ်းသာကြီး ပွားရန် အကူအညီအထောက်အပံ့ပေးမည့် သူ ရှိသည်။**

အဘယ်ကြောင့်ဆိုသော် လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံမှာ အောင်မြင်ရေးလမ်းကို ဘေးမှ အကူလမ်း၊ အထောက်လမ်းများရှိထားခြင်းကြောင့် ဖြစ်သည်။ **“က” အကွရာ**


* * *




**၅။ ဆိုင်၊ စက်ရုံ၊ ကုမ္ပဏီ၊ ဟိုတယ်စသော လုပ်ငန်းကြီးများနှင့် အကျိုးပေး စီးပွား ဖြစ်နိုင်သည်။**

အဘယ်ကြောင့်ဆိုသော် လက်မ ဒုတိယ ဆစ်တွင် ကန့်လန့်အရစ်ကြောင်း (၂)ခုရှိခြင်း၊ **“ဃ” အကွရာနှင့်** နှလုံးလမ်းဦးခေါင်း လမ်းကြား စတုဂံလွှင်ပြင်မှာ ကြိုဂံသင်္ကေတ **“စ” အတွရာတို့** ရှိခြင်းကြောင့်ဖြစ်သည်။

* * *




*[ဤလက္ခဏာရှင်မှာ အထည်ဆိုင်၊ အထည်ချုပ် စက်ရုံ၊ ကုမ္ပဏီ၊ ဟိုတယ်လုပ်ငန်းများကို ပိုင်ဆိုင် လုပ်ကိုင်အောင်မြင်တိုးတက်နေသော အမျိုးသမီးများ ရေး ရှစ်အောင်ရှင်တစ်ဦးဖြစ်သည်။]*

**အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...**

**ဆရာကြီး ဦးအောင်မြင့် (ဥပဒေဘွဲ့) လက္ခဏာဗေဒင်ပညာသုတေသီ**

www.burmeseclassic.com

# ချင်းစိမ်းနဲ့ ဝိသလင်



ဆေးဖက်တယ်ဝင်

ဦးမောင်မောင် (ရွှေနဝင်း)

မြန်မာ့ရိုးရာ ဆိုစကားတစ်ခုတွင် **"ချင်းစိမ်းနဲ့ဝိသလင် သူကြင်မှ ကိုယ်ကြင်"**ဟု ဆိုစကား ပြုထားပါသော်လည်း တကယ်တမ်း မြန်မာ့ရိုးရာ တိုင်းရင်းဆေးဝါးများ ဖော်စပ်အသုံးပြုရာတွင် လွန်စွာ ဆေးဖက်ဝင် အသုံးထည့်၍ တွဲဖက်ညီလှသော အပင်ထွက် ဆေးပစ္စည်းဆေးဝါးများ ဖြစ်ပေသည်။

ချင်း(ဂျင်း)ပင်ကို ကမ္ဘာမှာ အိန္ဒိယနိုင်ငံက ဦးစွာပထမ ဘုရားမပွင့်မီ လွန်ခဲ့သော နှစ်ပေါင်း(၅၀၀၀)ကျော်ကပင် စတင် စိုက်ပျိုးခဲ့ကြပြီး ဟင်းခတ်အမွှေးအကြိုင် (spice)အဖြစ်လည်းကောင်း...

ရှေးဟောင်း အာယုဗ္ဗေဒဆေးကျမ်းများတွင် ချင်းကို အထူးပြုသုံးစွဲနည်းများကို တွင်ကျယ်စွာ အသုံးပြု အသုံးချ ရေးသားမှတ်တမ်းတင်ထားကြသည်ကို လေ့လာတွေ့ရှိရပါသည်။

**ချင်းပင်**ကို (Ginger)ဟု အင်္ဂလိပ်လို ခေါ်ပြီး (Zingiberaceae) မျိုးရင်းဝင် အပင်ဖြစ်၍ (Officinale)မျိုးစိတ်နှင့် (Zingiber)မျိုးစုဝင် ဖြစ်ပါသည်။

ချင်းကို ဟင်းခတ်အမွှေးအကြိုင်နှင့် ဆေးဝါးအဖြစ် တွင်ကျယ်စွာ အသုံးပြုမှုကို ကမ္ဘာထိပ်တန်း ရိုးရာတိုင်းရင်းဆေးပညာရပ်ကြီး အထွန်းကားဆုံး နိုင်ငံကြီးနှစ်ခုဖြစ်သော အိန္ဒိယနှင့် တရုတ် နိုင်ငံကြီး နှစ်နိုင်ငံတို့က ချင်း၏ ဆေးဖက်ဝင်စွမ်းအင်သတ္တိများကို ရှေးယခင်ကတည်းက ဦးဦးဖျားဖျား သိရှိခဲ့ကြပြီး လက်တွေ့ အကျိုးရှိစွာ အသုံးချလာခဲ့ကြသည့် နိုင်ငံကြီးနှစ်နိုင်ငံ ဖြစ်ပါသည်။

**ဥပမာအားဖြင့်** အိန္ဒိယ အာယုဗ္ဗေဒ ဆေးကျမ်းကြီးများတွင် ချင်း(ဂျင်း)၏ အရသာသည် ပူစပ်ပါသော်လည်း ချင်းကို စားသောက်ပြီး အစာခြေချက်လိုက်ပြီးသည့်အခါမှာ ပေါ်ထွက်လာသည့် အကျိုးသွား ဝိပါကသည် ချို၍ အားကိုဖြစ်စေ၊ သွေးလေကို ကြေသက်စေသည်ဟု ဘုရားရှင် မပွင့်မီကတည်းက အတိအလင်း မှတ်တမ်းတင် ရေးသားခဲ့ကြသည်မှာ...

ယနေ့ ခေတ်မီသိပ္ပံသုတေသန တွေ့ရှိချက်များဖြစ်သော ချင်းမှာ အဓိကပါဝင်နေသည့် အစွမ်းထက်ဆုံး ဓာတ်ပစ္စည်းဖြစ်သော **ဂျင်ဂျီရော** (Gingerol)ဓာတ်သည် ပူစပ်၍ မွှန်စေသည့် သတ္တိရှိပြီး...

ယင်းကို ဟင်းထဲ ထည့်ချက်ပြုတ်လိုက်သည့်အခါ ဂျင်ဂျီရောဓာတ်သည် **ဇင်ဂျီရုန်း** (Zingerone)အဖြစ် ပြောင်းလဲသွားပြီး ပူစပ်သည့် အာနိသင်အားနည်းသွားပြီး မွှေးမြ၍ ချိုသည့် အာနိသင်ကို ဖြစ်စေသည်ဟု တွေ့ရှိခဲ့သည့် သုတေသနတွေ့ရှိချက်နှင့် တစ်ထပ်တည်း တူနေသည်ကို အံ့သြထူးခြားဖွယ် တွေ့ရသည်။

ထို့ပြင် အစာကြေ၊ ရင်ချောင်စေခြင်း၊ ချောင်းဆိုး၊ လေထိုး၊ လေပွခြင်းကို ပျောက်ကင်းစေခြင်း စသည့် သိပ္ပံသုတေသန တွေ့ရှိချက်များနှင့် ထပ်တူညီနေသည်ကို တွေ့ရပါသည်။

ချင်းကို ရိုးရာတိုင်းရင်းဆေးများ တွင် ဒဏ်ကြေစေသော သတ္တိရှိခြင်း၊ ကိုက်ခဲ၊ နာကျင်ခြင်းကို သက်သာစေသော အာနိသင်ရှိခြင်း၊ အအေးမိ၊ တုပ်ကွေး၊ နှာစေး၊ ချောင်းဆိုးခြင်းကို ပျောက်ကင်း သက်သာစေပါသည်။

✤ ပျို့အန်ခြင်း၊ ယပ်ထော ဗီယပ်သွေးသားကို ဖြေဖြော့မှုန်၍ သွေးသားသန့်စင်မှုကို အ... ပြုပါသည်။

✤ ချင်းသည် ယောက်ျားတုံ့ခွန် ထောင်... ခက်ခဲနေသော ကျားလိင်အင်္ဂါသို့ ထော... နေသော သွေးကြောအဖွင့်အပိတ် ပြု... ရှိနေသော ပုဂ္ဂိုလ်များအတွက်...

သွေးကြောအဖွင့်အပိတ် လုပ်ဆောင်... စနစ်ကို ကောင်းမွန်လာစေပြီး အိမ်ထော... ရေး သုခအရသာကို အပြည့်အဝ ခံစား... ပေးစေနိုင်သည့် အာနိသင်ထူး ရှိပါသ...

✤ ကား၊ သင်္ဘော၊ လေယာဉ်ပျံ စီးသည့်... မူးမော်တတ်သည့် ဝေဒနာကို သက်သာ... ခြင်း။

✤ ပေ့ဆေး၊ တုံဆေးတို့၏ ဒဏ်ကြောင့် ... အော့အန်ခြင်း(side effect)ဒဏ်ကို ... ပါသည်။

ချင်း၏ ရိုးရာတိုင်းရင်းဆေးဝါးမျ... တွင် အသုံးပြုလျက်ရှိသော ထူးခြ... သော ဂုဏ်သတ္တိတစ်ခုမှာ **"စိန်ထ... တင်း ချင်းတစ်တက်"**ဆိုစကား... စိန်(အာစင်းနစ်)ဓာတ်၏ အဆိ... အတောက်ကို ပြေအောင် ဖြေဆေး... ရာတွင်ချင်းက အာနိသင်ထက်ပါသည်...

စိန်(အာစင်းနစ်) အဆိပ်သင့်လျှ... ချင်းကို ထန်းလျက်နှင့် ရောပြုတ်... ယင်း ချင်းထန်းလျက်ပြုတ်ရည် ... လေးကို မကြာခဏ တိုက်ပေးခြင်း... သက်သာစေပါသည်။

မည်သည့် ဆေးပင်ဆေးဝါးတွင်... မဆို "တန်ဆေး လွန်ဘေး"ဟူသော...



www.burmeseclassic.com

www.burmeseclassic.com

ဒေသ ဆေးသဘာဝ ပညတ်ချက် ရှိပါသည်။

ပုံမှန် ချင်းကို ဟင်းခတ်အမွေး အကြိုင်နှင့် ဆေးဝါးအဖြစ်သုံးလျှင် အန္တရာယ် မရှိသော်လည်း ချင်းကို အွန်ကျူးစွာ စားသောက်မိခဲ့လျှင် နင့်ပူခြင်း၊ အစာအိမ် အမြှေးရောင် ခြင်းကို ဖြစ်စေနိုင်ပါသည်။

**ချောင်းဆိုး ချောင်းဆိုးကျယ်သော ချောင်းဆိုးရောဂါ အဆိုးများ ... ချင်းကို ... ရေရည် သုံးစွဲနေသူများ ချင်းကို ... အသား(လက်မ)တစ်ခုထား၍ သတိ ပြုကာ သုံးစွဲရန် လိုအပ်ပါသည်။**

ချင်းကို တစ်ချိန်တစ်ခါတည်း **(၁၅) ကျပ်သား(250 g) စားသောက်မိခဲ့** လျှင်တော့ အသက်ကို သေစေနိုင် သည်ဟု သိထားရန် လိုအပ်ပါသည်။

**နောက်ထပ် သတိပြုရန်** အချက် တစ်ခုမှာ ချင်းကို သား,ငါးများ ချက် ပြုတ်ရာတွင် အညှီအဟောက် အနံ့ အသက် ပျောက်စေရန် ချင်းကိုထည့် ၍ ချက်ပြုတ်ကြသည်မှာ ထုံးစံ ဖြစ်ပါ သော်လည်း **"ချင်းကို ငှိုသား ချက် ပြုတ်ရာတွင် ဘယ်သောအခါမှ ထည့်၍ မချက်ရပါဟု စွဲမြဲစွာ မှတ် သားထားကြပါ"**

ချင်းနှင့်ခိုသားသည် "ဓာတ်သဘာဝ သုံးဝ မထည့်ပါ" ချင်းနှင့်ခိုသား ရောချက်စားခဲ့လျှင် ခြေ,လက်,မျက်နှာ များ ရောင်အမ်းလာပြီး ကျောက်ကပ် ရောင်လာကာ အသက်သေဆုံးသည့် အထိ ဖြစ်ခဲ့သည်ကို တွေ့ကြုံဖူးပါ သည်။ အထူးသတိပြု၍ ရှောင်ကြဉ်စေ လိုပါသည်။

## ချင်း၏ ဆေးဖက်ဆိုင်ရာ အသုံးပြုမှုများ

၁။ အမျိုးသမီးများ မီးယပ်သွေးချုပ်၍ ဗိုက်အောင့်ခြင်း၊ ဆီးစပ်ကိုက်ခဲ ခြင်း၊ မီးယပ်သွေးသား မမှန်ကန် ခြင်းတို့တွင် ချင်းကို ထန်းလျက်နှင့် ကျို၍ သောက်သုံးပေးနိုင်ပါသည်။

၂။ ကိုယ်ဝန်ရှိစအချိန် အော့အန်သော အမျိုးသမီးများအတွက် ရေနွေး ဆူဆူ တစ်ဖန်ခွက်တွင် ချင်းတစ်ကျပ် သားကို ပါးပါးလှီးထည့်၍ ထည့်စိမ် ပြီး ပျားရည်သင့်ရုံထည့်ကာ ချင်း လက်ဖက်ရည်အဖြစ် သောက်ပေး လျှင် သက်သာစေပါသည်။

၃။ သားဖွားပြီးစ အမျိုးသမီးများ အတွက် ချင်းကို ထန်းပိုဦးထန်းလျက် နှင့် (၁း၂)ရေဖြင့် သုံးပုံနှစ်ပုံကျန် အောင် ပြုတ်ထားသော ချင်း၊ ထန်းလျက်ပြုတ်ရည် နွေးနွေး တစ်နေ့(၂)ကြိမ် တိုက်ပေးလျှင် သားအိမ်ကို စင်ကြယ်၍ သွေးသား သန့်စင်ပြီး ကလေးငယ်အတွက် နို့ရည်ကို စင်ကြယ်၍ နို့ရည်အထွက် ကောင်းစေပါသည်။

၄။ **အစာအိမ် ခြေချက်အားနည်း၍ အစာမကြေ ရောဂါရှင်များ အတွက်...**

| | |
|---|---|
| ၁။ ချင်းခြောက်မှုန့် | ၂ ကျပ်သား |
| ၂။ သစ်ကြံပိုးခေါက် | ၈ ပဲသား |
| ၃။ ဆားပီးဖုတ် | ၈ ပဲသား |
| ၄။ သကြား | ၅ ကျပ်သား |

အားလုံး အမှုန့်ပြုပြီး တစ်နေ့(၃) ကြိမ် ကော်ဖီဇွန်း(၁)ဇွန်း ရေနွေးဖြင့် သောက်ပေးလျှင်ပျောက်ကင်းစေပါသည်။

၅။ နာစေး ချောင်းဆိုး၊ ရာသီဖျား၊ တုပ်ကွေးဖျားများကိုလည်း နာကျင် မှုများအတွက် ချင်း(၁)ကျပ်သား၊ ကွမ်းရွက်(၇)ရွက်၊ ထန်းလျက် (၁)ကျပ်သားကို ရေမတ်ခွက်ကြီး (၁)လုံးထည့်၍ ထက်ဝက်ခန့် ကျန် အောင်ကျိုပြီး ယင်းဆေးရည် ပူပူ နွေးနွေးကို တစ်နေ့(၃,၄)ကြိမ် သောက်ပေးပါ။

၆။ သွေးကြောပိတ်၍ ခြေ၊ လက်များ အေးစက် ထုံကျဉ်ကိုက်ခဲခြင်း၊ လေးလံခြင်း၊ လေငန်းကဲ့သို့ဖြစ်ခြင်း ရောဂါများကို...

| | |
|---|---|
| ၁။ ချင်းမှုန့် | ၂ ကျပ်သား |
| ၂။ နနွင်းမှုန့် | ၃ ကျပ်သား |
| ၃။ ငရုတ်ကောင်း | ၈ ပဲသား |
| ၄။ အရက်ကောင်းကောင်း | 100 ml |
| ၅။ ပျားရည်စစ်စစ် | ၁ ပုလင်း(700ml) |

ယင်းဆေး(၅)မျိုးကို သမအောင် ရောစပ်၍ နေတွင် (၃)ရက်လှန်း၍ နံနက်,ည ဟင်းစားဇွန်းကြီး (၂)ဇွန်း ရေနွေးဖြင့် သောက်ပါ။

၇။ သွေးဝင်ဆီ(Cholesterol)များ၍ **သွေး ကြောကျဉ်း၊ သွေးကြောပိတ် နှလုံးရောဂါ၊ အသည်းအဆီဖုံး ရောဂါများ...**

| | |
|---|---|
| ❖ ချင်းသတ္တုရည် | (၁)ဆ |
| ❖ ရှောက်ရည် | (၂)ဆ |
| ❖ ပျားရည် | (၃)ဆ |

အချိုးရောစပ်ပြီး နံနက်,ည ဟင်းစားဇွန်း(၂)ဇွန်း ရေနွေးဖြင့် သောက်သုံးပေးလျှင် သက်သာပျောက် ကင်းစေပါသည်။

နိဂုံးချုပ်အားဖြင့် ချင်းကို အထက် ဖော်ပြပါ ဆေးဖက်ဆိုင်ရာ အသုံးပြုမှု များနှင့် နေ့စဉ် မိမိတို့ မိသားစုတစ် နေထိုင်စားသောက် ချက်ပြုတ်မှုတို့ တွင် ချင်းကို မဖြစ်မနေ ပါဝင်အောင် ဟင်းခတ်အမွေးအကြိုင် အနေဖြင့် ထည့်သွင်းချက်ပြုတ် စားသောက်ပေး သွားကြမည်ဆိုလျှင်...

သင်တို့၏ စားဖိုဆောင်အတွင်းမှ ပစ္စည်းများက သင့်မိသားစု၏ ကျန်းမာ ရေးကို တစ်ဖက်တစ်လမ်းမှ အကျိုးပြု အထောက်အကူ ပေးနေပါလိမ့်မည် ဟု တင်ပြနိုးဆော်လိုက်ပါသည်။

***မိသားစုတိုင်း ကျန်းမာပျော်ရွှင်သော ဘဝများကို တည်ဆောက်နိုင်ကြပါစေ။***

**ဦးမင်းဇော်(ရွှေနဝင်း)**

**နဂါးရွာ ရောင်ခြည်မဂ္ဂဇင်း ၁၉၉၇**

www.burmeseclassic.com

# သွေးတိုးအတွက်



## သပြေရွက်

စာရေးသူသည် သကြံန်ကျောင်းပိတ်ရက်အတွင်း ခွင့်(၁၃)ရက်ရသဖြင့် သစ်တောကျောင်းတက်ရာ ပြင်ဦးလွင်မြို့မှ အမြဲတမ်း တာဝန်ထမ်းဆောင်ရာ မြစ်ကြီးနားမြို့သို့ ဧပြီလ(၉)ရက်နေ့တွင် ထွက်ခွာလာခဲ့ပါသည်။

လုပ်ဖော်ကိုင်ဖက်များနှင့် (၅)လတာမျှအကြာ ခွဲခွာခဲ့ရသည်ဖြစ်ရာ လွန်စွာ ရင်းနှီးသူဖြစ်သည့် သစ်တိုက် ကားမောင်းသူ ကိုအောင်ဇော်နိုင်မှ ဘူတာသို့ လာကြိုသဖြင့် နေ့လယ်စာ စားရန်အတွက် အပြုံးကမ္ဘာ ထမင်းဆိုင်သို့ဝင်လိုက်ကြပါသည်။

စုံလင်လှသည့် ဟင်းထမင်းများကို စကားစမြည်ပြောရင်း နှစ်ယောက်သား အားပါးတရ စားနေစဉ် ကိုအောင်ဇော်နိုင်သည် စားလက်စဇွန်းကို လက်မှချ၍ ခေါင်းကိုနှိပ်ကာ ညည်းညူနေသဖြင့်...

'ကိုအောင်ဇော်နိုင် ဘာဖြစ်လို့လဲ နေမကောင်းဘူးလားဗျ'

ဟုမေးရာ...

'ဟုတ်တယ် ကိုဖိုးထူးရေ တစ်ခါ တစ်ခါ သွေးတိုးက ဒီလိုပဲ သတိထားနေရတယ်'

ဟု ဆိုသဖြင့် အနီးရှိ စားပွဲထိုး မိန်းကလေးအား သံပရာသီးတောင်းရာ...

'သံပရာသီးက ခုနကမှပဲ ကုန်သွားတယ် အစ်ကိုရေ သွေးတိုးနေလို့လား။ ဒါက လွယ်ပါတယ် ခဏစောင့်'

ဆိုပြီး ဘုရားခန်းရှိရာ အတွင်းသို့ဝင်ပြီး သစ်ရွက်အချို့ကို ကိုင်ကာ ပြန်ထွက်လာပါသည်။

ထို့နောက်...

'ဒါက သပြေရွက်နုတွေပါ။ တစ်ရွက်ကို ဝါးပြီးစားလိုက် ကျန်တဲ့ တစ်ရွက်ကို လက်ဖဝါးထဲမှာ လုံးချေပြီး ရှူပေးလိုက်ပါ ကောင်းသွားပါလိမ့်မယ်'

ဟု ဆိုလေရာ ကိုအောင်ဇော်နိုင်သည် ဆိုသည့်အတိုင်းပင် မိနစ်ပိုင်းမျှနှင့် ချက်ချင်း ကောင်းမွန်လာပြီးမှ ထမင်း ဆက်စားနိုင်လေတော့သည်။ စာရေးသူမှ...

'ကျေးဇူးတင်ပါတယ် ညီမလေး။ ဆေးနည်းက တယ်ကောင်းပါလား'

ဟု ပြောရာ...

'သမီးတို့လဲ ရွာမှာနေတုန်းက လူကြီးတွေ သွေးတိုးရင် ဒီသပြေရွက်ကိုပဲ သုံးကြတာ မြင်ဖူးထားလို့ပါ။ ကောင်းသွားတာ ဝမ်းသာပါတယ်ရှင်'

ဟု ပြန်ပြောလေ၏။ စာရေးသူလည်း မမျှော်လင့်ဘဲ ရလိုက်သည့် မြန်မာ့ဆေးနည်းတိုကို မှတ်စုစာအုပ်တွင် **"သွေးတိုးအတွက် သပြေရွက်"** ဟု ရေးမှတ်ကာ ကျေးဇူးတင်စွာ နှုတ်ဆက်ရင်း ရုံးသို့ ချီတက်ခဲ့ကြပါတော့သည်။

*များသတ္တဝါ ဝေနေယျာ အနာရောဂါ ကင်းပါစေ*

**တင်အောင်မိုး(ကသ-၄၄)**
**အပတ်စဉ်(၁၁၁)**
**မြန်မာနိုင်ငံ သစ်တောကျောင်း**



www.burmeseclassic.com

www.burmeseclassic.com

# ချစ်ခြင်းရေးရာ လက္ခဏာ

ကြည့်ပါ။

✦ မျဉ်းသားထားသလို နှလုံးလမ်းကြောင်းမျိုး ပိုင်ဆိုင်ထားတယ်။ နှလုံးလမ်းကြောင်းက နေပြီး စနေ ဂြိုဟ်ခုံကစပြီး ဖြောင့်တန်းနေတယ်။(က)

ဒါကတော့...

အချစ်ကို အလေးထားခြင်း၊ တစ်နည်းမဟုတ် တစ်နည်းအားဖြင့် အချစ်နှင့်ပတ်သက်ရင် အတွေ့ ရှိခြင်းပါပဲ။

✦ အသက်လမ်းကြောင်းနဲ့ ကံလမ်းကြောင်း၊ နီးကပ်နေတယ်။ (ခ)

ဒါကတော့...

သံယောဇဉ်ကြီးခြင်းရဲ့ သင်္ကေတပါပဲ။

ကဲ ဒါကြောင့်...

ဒီအချက်နှစ်ချက်ကို သုံးသပ်ပြီး အဖြေရှာရင် "အချစ်ကို ကိုးကွယ်တဲ့သူ" လို့ ဆိုရမှာပါပဲ။




ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ

ဦးသော်ခင်(ဟင်္သာတ)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့သည် နံနက် မိုးလင်းအိပ်ရာမှထ မျက်စိနှစ်လုံး စဖွင့်သည်မှစ၍ ဤနေ့ဤရက်သည် ငါ့အတွက် ကံကောင်းသော နေ့တစ်နေ့ ဖြစ်မည်လော...၊

ဤနေ့ ဤရက်သည် ငါ့အတွက် ကံမကောင်းတတ်သော နေ့တစ်နေ့ ဖြစ်မည်လော...၊ စသည်ဖြင့် မိမိတို့၏ နေ့စဉ် ကံကြမ္မာ အကောင်းအဆိုးကို ရှုတိုင်းလိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စာဖတ် ပရိသတ်ကြီးအား ဤနေ့ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲလုပ်လုပ် အဆင်ပြေ အောင်မြင်နေမည်။ အရေးကြီးသောလုပ်ငန်း ဆောင်တာများကိုလုပ်ပါ။

ဤနေ့ ဤရက်သည် မကောင်း။ ပြဿနာများ တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တတ်နိုင်သမျှ ငြိမ်ငြိမ်လေးနေပါ။ အရေးကြီးသော လုပ်ငန်းတွေဘာမှ မလုပ်မိပါစေနဲ့...

ဟု ထိထိရောက်ရောက် အနီးကပ်ကူညီပံ့ပိုး အကြံပေးလို၍ တစ်ဦးစီတစ်ဦးစီ၏ ကိုယ်ပိုင်ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသော နေ့ရက်များကို သေချာဂန သိရှိစေရန် အလို့ငှာ စေတနာရှေ့ထား လက်ဆောင်ပါးကာ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလမှာ

# ရွှေကောင်းရက်က ရွေးချယ်ပါ



✤ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ✤

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| | | 1 ၉ | 2 ၁ | 3 ၂ | 4 ၃ | 5 ၄ |
| 6 ၅ | 7 ၆ | 8 ၇ | 9 ၈ | 10 ၉ | 11 ၁ | 12 ၂ |
| 13 ၃ | 14 ၄ | 15 ၅ | 16 ၆ | 17 ၇ | 18 ၈ | 19 ၉ |
| 20 ၁ | 21 ၂ | 22 ၃ | 23 ၄ | 24 ၅ | 25 ၆ | 26 ၇ |
| 27 ၈ | 28 ၉ | 29 ၁ | 30 ၂ | | | |

မူလပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ်ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ယင်းနေ့များကို လွှမ်းမိုးနေသော စိုးမိုးဂဏန်းများကိုမူ မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ အင်္ဂလိပ်မွေးရက်နှင့် တွက်လိုသောနေ့၏စိုးမိုးဂဏန်းကိုပေါင်းပါ။တစ်လုံးတည်းကျန်အောင် ပေါင်းပါ။ **ဥပမာ အင်္ဂလိပ် (၂၃)ရက်နေ့တွင် မွေးဖွားသူဆိုပါစို့။**

**စက်တင်ဘာလ (၂၀)ရက်နေ့ကို** တွက်လိုသည် ဆိုပါစို့။ **(၂၀)ရက်နေ့၏** စိုးမိုးဂဏန်းမှာ (၁)ဟု တွေ့ရပေလိမ့်မည်။ ယင်းမွေးရက်(၂၃)နှင့်ပေါင်းလျှင်(၂၄)ရ၏။ ယင်း(၂၄)ကို တစ်လုံးတည်းဖြစ်အောင် ပေါင်းလျှင် ၂+၄=၆ ရ၏။ ထို့ကြောင့် ထိုသူအတွက် **စက်တင်ဘာလ(၂၀)ရက်နေ့တွင် (၆)ဂဏန်း ကြီးစိုးနေ၏။**

၁-ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ခြင်း၊ တီထွင်ဖန်တီးခြင်းများ ကြုံရတတ်၏။

၂-ဂဏန်း ကြီးစိုးသောနေ့တွင် ကောင်းထားသော အကူအညီများရရှိခြင်း၊ မိ... အကူအညီပေးရခြင်းများ ကြုံရတတ်၏။

၃-ဂဏန်း ကြီးစိုးသောနေ့တွင် ရည်... သည့်အတိုင်း အောင်မြင်မှုများ ကြုံရတ...

၄-ဂဏန်း ကြီးစိုးသောနေ့တွင် အ... အတည်းများ၊ စိတ်ညစ်စရာများ ကြုံရတ...

၅-ဂဏန်းကြီးစိုးသောနေ့တွင် ပျော်... ကြည်နူးစရာ ကြုံရတတ်၏။

၆-ဂဏန်း ကြီးစိုးသောနေ့တွင် လွှမ်း... တသဖြစ်ဖွယ် အဖြစ်အပျက်များ၊ တို... တန်းလန်းဖြစ်ရခြင်းများ ကြုံရတတ်၏။

၇-ဂဏန်း ကြီးစိုးသောနေ့တွင် ထူး... အံ့သြဖွယ်များ၊ မထင်မှတ်သော ဖြစ်ရပ်... ကြုံရတတ်၏။

၈-ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်... ရခြင်း၊ တွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်... ပျက်စီးခြင်းများ ကြုံရတတ်၏။

၉-ဂဏန်း ကြီးစိုးသောနေ့တွင် ဘာသာ... ပညာရေး၊ ဆရာသမားနှင့် ပတ်သက်... ကိစ္စများ ကြုံရတတ်၏။

မိတ်ဆွေအနေနှင့် ၄၊ ၈၊ ၆ ဂဏ... ရသော ရက်များကို သတိပြုရှောင်ကြ... သင့်ပါသည်။ အကောင်းဆုံးမှာ ၃၊ ... ဂဏန်းရသော ရက်များပင် ဖြစ်ပါသည်... ဒုတိယ အကောင်းဆုံးမှာမူ ၁၊ ၂၊ ... ၉ ဂဏန်းရသော ရက်များပင် ဖြစ်... တော့သတည်း။

***မကောင်းရက်ရှောင်၊ ကောင်းရ... ဆောင်ကာ မြားမြောင်ကိစ္စ ဆောင်ရွ... ကြလျှင် အမြှုပြည့်ဝ လှလုံးလှကာ လော... အလယ် ဂုဏ်ဝင့်ကြွယ်သည် လော... ပညာ အကျိုးတည်း။***

***ကောင်းမှုအကြောင်းပြု ... ပြည့်ပါစေ။***

**သုခစုစံ(ကျိုက်လတ်)**



www.burmeseclassic.com

www.burmeseclassic.com

စာရေးသည် သမီးကြီးရှိသော ဝက်လက်မြို့နယ်၊ ရွှေပန်းကုံးရွာသို့ ရောက်နေပါသည်။ ရွှေပန်းကုံးရွာသည် မုံရွာ–ရွှေဘိုဖြတ်လမ်းပေါ်တွင် ရှိသည်။

အားနေသူဖြစ်သဖြင့် ပတ်ဝန်းကျင်ရွာများရှိ ဘုရားစေတီများသို့ ကြောင်းအခွင့်ကြုံလျှင် ပို့ပေးရန် ကိုထွန်းထွန်းဦးကို ပြောထားပါသည်။

ထို့ကြောင့် မဟာမိုလ်ဘုရား၊ ဘုတောရွာဘုရား၊ ဇရစ်ရွာဘုရား၊ သခွတ္တောရှိ နှီးဘုရားများသို့ ရောက်၍ ဖူးမြော်ကြည်ညိုခဲ့ရပါသည်။

သခွတ္တောရှိ နှီးဘုရားအား ဖူးရသည်မှာ သခွတ္တောရှိ တိုင်းရင်းမြန်မာ အကြောအရိုးကု ဆရာကြီးဦးမင်းအောင်ထံ ရောက်သဖြင့် ဖူးရခြင်းဖြစ်ပါသည်။

တစ်ရက်တွင် ကိုထွန်းထွန်းဦး၏ သောက်ဖော်ဖြစ်သူ ကိုကျော်ကျော်သည် ကိုယ်တစ်ခြမ်းသေရောဂါ ဖြစ်နေသဖြင့် ဦးမင်းအောင်ထံ ဆေးကုသရန် ကားငှား၍ သွားကြမည်ဖြစ်၍ အလည်လိုက်ခဲ့ရန် ခေါ်ပါသည်။

**သခွတ္တောရွာသည် ဝက်လက်မြို့၏ မြောက်ဘက် မန္တလေး မီးရထားလမ်းပေါ်တွင် ရှိပါသည်။ ဝက်လက်မြို့မှ (၃)မိုင်ခန့် ဝေးပါသည်။**

ဆရာကြီးဦးမင်းအောင်ထံ ရောက်သွားသောအခါ စပါးတောင်းကို ရွက်ထိုက်စဉ် ခါးမျက်သွားသော မိန်းမတစ်ဦးအား ခြေဆင်းထိုင်ခိုင်းထားပြီး နောက်ကျောဘက်မှ နှိပ်ပေးနေသည်ကို တွေ့ရပါသည်။

ထိုမိန်းမအား (၃)မိနစ်ခန့် နှိပ်ပေးပြီးလျှင် ကိုကျော်ကျော်၏ ရောဂါအခြေအနေကို မေးပါသည်။ သွေးတိုးနှင့် မရှိကိုလည်း မေးပါသည်။ ကိုကျော်ကျော်ကတော့ သွေးတိုးမရှိကြောင်း



အကြောအရိုးကု မြန်မာတိုင်းရင်းသမားတော်ကြီး

# ဦးမင်းအောင်

နှင့် တွေ့ဆုံခြင်း

ကာသ သင်ဖြွေ



ဘယ်ဘက်လက်မှတွင် အကြောညပ် ဖြစ်နေသော စာရေးသူအား ဆရာကြီးဦးမင်းအောင် နှိပ်ပေးနေပုံ

ပြောပါသည်။

ဆရာကြီးဦးမင်းအောင်က သေချာအောင် သွေးပေါင်ချိန်ပါသည်၊

**သွေးတိုးနေစဉ် သွေးကြောလေကြောကို မှန်အောင်လိုက်ပါက ပို၍ သွေးတိုးလာပြီး အသက်အန္တရာယ် ဖြစ်လာနိုင်သည်ဟု ဆရာကြီးဦးမင်းအောင်က ပြောပြ၍ ပေးသိရပါသည်။**

ကိုကျော်ကျော်၏ ဘယ်ဘက်လက်ချောင်းများကြားတွင် ဓာတ်ခဲအသေး(၃)ချောင်း ညှပ်ပြီး လက်ဖြင့် ဆုပ်လိုက်ရာ ကိုကျော်ကျော် နာ၍ အော်ပါသည်။

လက်ခလယ်က နာကြောင်း ပြောသဖြင့် ဓာတ်ခဲများကိုဖြုတ်ပြီး လက်မောင်းနေရာကို နှိပ်ပြန်ပါသည်။ ထို့နောက် ဘယ်ဘက်ခြေဖဝါးဖြင့် သံပိုက်လုံးကို နင်းထားစေပြီး ခြေသလုံးကိုလည်း နှိပ်ပြန်ပါသည်။

ထိုသို့ပြုလုပ်သည်မှာ ငါးမိနစ်ခန့်သာ ကြာပါမည်။ နောက်(၃)ရက်နေလျှင် လာနိုင်က လာပါ။ ဒါမှမဟုတ် ရွှေပန်းကုံးကို လာရန်ရှိသဖြင့် စောင့်နေပါ။ ယခုပင် ဥယျာဉ်သာရွာသို့ သွားရန် ချိန်းထားသဖြင့် သွားရမည်ဟု ဆရာက ပြောပါသည်။

ဥယျာဉ်ရွာသို့သွားလျှင် ရွှေပန်းကုံးရွာမှ ဖြတ်၍ သွားလျှင်လည်း ရောက်သည်ဖြစ်၍ ကျွန်တော်တို့ လာသောကားဖြင့် လိုက်ခဲ့ရန် ဆရာအား ခေါ်ခဲ့ပါသည်။

ဆရာကြီးဦးမင်းအောင်နှင့် စာရေးသူတို့က ကားဦးခန်းတွင် စီးကြသည်ဖြစ်၍ ဆရာကြီးနှင့် စကားပြောဖြစ်ရာ ဆရာကြီး၏အကြောင်းကို တစ်စွန်းတစ်စ သိခွင့်ရခဲ့ပါသည်။ ကားပေါ်တွင်ဖြစ်၍ စိတ်ဖြင့်သာ မှတ်ထားလိုက်ရပါ



www.burmeseclassic.com

www.burmeseclassic.com



◆ ဖိနှိပ်ခံရသော အမျိုးသမီးတစ်ဦးအား
ဆရာကြီးဦးမင်းအောင်က အတတ်ပညာဖြင့် ပြသနေပုံ

သည်။

ဆရာကြီးဦးမင်းအောင်သည် ငယ်စဉ်က စိတ်ဆတ်လွယ်သဖြင့် အထိုးအကြိတ် ဝါသနာပါသည်။ မည်သည့်ကိုယ်ခံပညာမှ မတတ်သေးဘဲ မြန်မာ့ရိုးရာ စိန်ခေါ်ပွဲ လူသစ်တန်းတွင် ထိုးရာ ပါးချောင်ရွဲ့သွားပြီး ရှုံးသွားပါသည်။

သို့ဖြစ်၍ အကြောကုဆရာတော် ညီနောင်နှစ်ပါးထံတွင် ကုရပါသည်။ အကြာကြီး နှိပ်စရာမလိုဘဲ ခဏလေး နှိပ်ရုံဖြင့် ပါးချောင် တည့်သွားပါသည်။

အလွယ်တကူ ပျောက်သွားသဖြင့် အကြောပညာကို စိတ်ဝင်စားလာပါသည်။ ထို့ပြင် အထိုးခံ ရှုံးထားသဖြင့် ခံပြင်းစိတ်ဖြစ်ပြီး ကိုယ်ခံပညာနှင့် မြန်မာ့လက်ဝှေ့ပညာကို စစ်ကိုင်းချောင်တွင် လည်းကောင်း၊ လက်လှမ်းမီရာ ဆရာများထံတွင် လည်းကောင်း အပြင်းအထန် လေ့ကျင့်သင်ကြားပြီး စိန်ခေါ်ပွဲများတွင် တက်ထိုးရာ ရှုံးပွဲမရှိဖြစ်လာပါသည်။

လယ်သမားမျိုးရိုးဖြစ်သည့် အားလျော်စွာ လယ်လုပ်ချိန် လယ်လုပ်ရပါသည်။ ဝက်လက်မြို့နယ်သည် မြေပွေးမြေဟောက်ပေါသော ဒေသဖြစ်၍ မြေပွေးမြေဟောက်ပါ နှစ်ကြိမ်အပေါက်ခံရပါသည်။

ကံကောင်းသည်မှာ မြွေဆိပ်ကို ဖြေနိုင်သော ဆရာတော်က ပေးသော ရေမန်းကို သောက်ရုံဖြင့် မြွေဆိပ်ကျပြီး ပျောက်ကင်းသွားပါသည်။

ထိုမြွေဆိပ်ကု ဆရာတော်မှာ အကြောအရိုးကု ညီနောင်ဆရာတော်နှစ်ပါးအနက် **နောင်တော်ကြီးဖြစ်သော ဆရာတော်ဦးတေဇ** ဖြစ်ပါသည်။

နမြောစရာကောင်းသည်မှာ ထိုဆရာတော်မှ မြွေဆိပ်ဖြေနည်းကို မည်သူ့ကိုမျှ မပေးခဲ့သဖြင့် မရလိုက်ခြင်း ဖြစ်ပါသည်။ အကြောအရိုးကု ပညာကို ရလိုက်သော ဆရာကြီးဦးမင်းအောင်အပါအဝင် တပည့်များ ရှိကြပါသည်။

ဆရာကြီး ဦးမင်းအောင်သည် ဝါသနာအလျောက် ဝက်လက်မြို့နယ်တွင် ကျင်းပသောပွဲများ၊ ရွှေဘိုတွင် ကျင်းပသောပွဲများ၊ ကောင်းမှုတော်ဘုရားပွဲတွင် မြန်မာ့လက်ဝှေ့ကို တက်ထိုးရင်း နိုင်နေသော်လည်း အထိုးခံရသည့်ဒဏ်ရာဒဏ်ချက်များ ပျောက်အောင် အရိုးအကြောကု ဆရာတော်နှစ်ပါးထံတွင် ကုသသည်မှ ဆရာတော်နှစ်ပါးနှင့် ရင်းနှီးသွားသည်က တစ်ကြောင်း...

ဆရာကြီးဦးမင်းအောင်၏ တက်ကြွပြင်းပြသော စိတ်ဓာတ်ကတစ်ကြောင်း ဆရာတော်နှစ်ပါးထံ အရိုးအကြော ပညာသင်ယူသည်ကို ဆရာတော်နှစ်ပါးက လိုလိုလားလား သင်ပေးခဲ့ပါသည်။

အသက်(၂၆)နှစ်တွင် နောက်ဆုံးအကြိမ် ထိုးပြီးသည်မှ မြန်မာ့လက်ဝှေ့ကို မထိုးတော့သည်မှာ ယခုအသက်(၆၀)ပြည့်သည်အထိပင် ဖြစ်ပါသည်။

အကြောင်းသိသူများက စိတ်ဆိုးပြီး ဘုဘောက်ပြောလျှင် သူ့အား မြ မပြောရဲကြပေ။

ဆရာကြီးဦးမင်းအောင်သည် နှ စဉ် ကထိန်အလှူများ လှူခြင်း၊ လမ်း ခင်းခြင်း၊ တံတားဆောက်ခြင်း စသည် တို့ကို လှူဒါန်းသလို စာဝါတက်ထ သော်လည်း ငွေကြေးချို့တဲ့သော ရဟန်းသာမဏေများကို ပစ္စည်းလေးပါး ထောက်ပံ့လျက်ရှိပါသည်။

တစ်ပါးမှာ စာချတန်းအောင်ပြီး သွားပါပြီ။ ဆက်လက်၍လည်း ထောက်ပံ့နေဆဲဖြစ်ပါသည်။

ရွှေပန်းကုံးရွာသို့ ရောက်သောအခါ ချိန်းထားသော လက်ဖက်ရည်ဆိုင်တွင် ဥယျာဉ်သာရွာမှ စောင့်ကြိုသူများနှင့် တွေ့ပြီး လိုက်သွားပါသည်။

အပြန်တွင် ကိုကျော်ကျော်အား နောက်(၃)ရက်တွင် ဥယျာဉ်သာရွာသို့ သွားရောက်မည်ဖြစ်၍ ဝင်ကြည့်သွားမည် ဖြစ်ကြောင်းသိရပါသည်။

* * *

ချိန်းထားသော (၃)ရက်မြောက်နေ့ တွင် ကိုထွန်းထွန်းဦးက ဘုံခွေတွာရွာ



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးဦးမင်းအောင်အား ဆိုင်ကယ်ဖြင့် သွားကြိုပါသည်။ ကိုကျော်ကျော်ကို နှိပ်ပေးနေစဉ် စာရေးသူအား ကိုထွန်းထွန်းဦးက လာခေါ်သဖြင့် လိုက်သွားရာ ကိုကျော်ကျော်အိမ်တွင် မရှိတော့ပါ။

နှိပ်သည်မှာ မကြာသည်ဖြစ်၍ နှိပ်ပြီးသွားပြီဖြစ်၍ ဦးကျော်မြင့်+ ဒေါ်နွဲ့ရင်အိမ်သို့ ရောက်နေပါသည်။ ဒေါ်နွဲ့ရင်က ခါးနာသဖြင့် အနှိပ်ခံလိုသဖြင့် ရောက်နေခြင်းဖြစ်ပါသည်။

ဒေါ်နွဲ့ရင်အား မနှိပ်ခင် ဦးကျော်မြင့်က တည်ခင်းဧည့်ခံသော လက်ဖက်ရည်နှင့် ကိတ်မုန့်များကို စားရင်း စာရေးသူနှင့် စကားပြောဖြစ်ကြပြန်ပါသည်။

စကားပြောကြရင်း ဆရာကြီးထံမှ ဆေးနည်း (၄)နည်း ရလိုက်ပါသေးသည်။ ပထမနည်းမှာ ခေါင်းကိုက်ပျောက်စေသောနည်း ဖြစ်ပါသည်။

နွားနို့ကို ခဲစေတတ်သော မုရိုးပင် (မုရိုးကြီးပင်ဟုလည်း ခေါ်သည်။)မှ ခြောက်နေသော သစ်ကိုင်းခြောက်ကလေးကို ချိုးယူ၍ မီးရှို့ပြီး ထွက်လာသော မီးခိုးကို ရှူလျှင် ခေါင်းကိုက်ပျောက်သည်ဟု ပြောပါသည်။

စာရေးသူကလည်း ထိုမုရိုးပင်က အကိုင်းကို လက်တစ်ဆစ်ခန့် ဖြတ်၍ အခြောက်လှန်းထားပါ။ ခြောက်သွားလျှင် မီးရှို့ပြီး အငွေ့ကို ရှူပေးရသည်ဟု နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ရေးခဲ့ပြီးဖြစ်ပါသည်။

ဆရာကြီးပြောသည်က ခြောက်နေသော သစ်ကိုင်းခြောက်ကို ရှာယူ၍ ကျွန်တော်က ခြောက်အောင် နေလှန်းရသည်ဟုသာ ကွာခြားပါသည်ဟု ပြောပြပါသည်။

**ဒုတိယနည်းမှာ** စက်ကတုံး (စစ်ကတုံး)ရွက်ကို ကြပ်ထုပ်ထိုးလျှင် ရပ်သွားမည်။ မကြာမကြာ ရှူပေးလျှင် နှာခေါင်းသွေးယိုတာ ပျောက်သွားမည်''ဟု ဝင်ပြောပါသည်။



◆ သူငယ်နာ ထိုင်စောင့်နေသော ကလေးငယ်တစ်ဦးအား
ဆရာကြီးဦးမင်းအောင် နှိပ်ပေးနေပုံ

အရိုးကျိုး၊ အရိုးအက်၊ အဆုတ်ပွ၊ သလိပ်ထ ပျောက်သည်။

ချွဲရှိလျှင် ထို စက်ကတုံးရွက် ကြပ်ထုပ်လုပ်ပြီး ရင်ဘတ်တွင် ကပ်ထားပေးပါက ချွဲများ ကင်းစင်သွားကြောင်း ပြောပါသည်။

**တတိယနည်းမှာ** ဆူးပန်းတောင်းပင် ပဥ္စငါးပါးကို ပြုတ်သောက်လျှင် ဆီးချိုပျောက်သည်မှာ မှန်ပါသည်။

ဆူးပန်းတောင်းရွက်နှင့် ကိုယ်ရံကြီးကမုန်းရွက်ကို ဆတူ နုပ်နုပ်စဉ်းပြီး ချေးအောင်းလျှင် မျက်စိကြည်လာပါမည်။ အကြောအချဉ်များ ပြေလျော့လာပါသည်။ လူနာတစ်ဦးက သူ့အား ဆရာပြန်လုပ်သွားသည်ဟု ပြောပါသည်။

**စတုတ္ထနည်းမှာ** နှာခေါင်းသွေးယိုလျှင် ဓားမအပြားကို ဖင်ခုထိုင်ပေးပါ။ ကျကျ မကျကျ လုပ်ပေးပါက နှာခေါင်းသွေးယိုခြင်း လုံးဝမဖြစ်တော့ပါ။ အမြစ်ပြတ်သွားမည်ဟု နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် ဖတ်ခဲ့ရသဖြင့် လက်တွေ့လုပ်ရာ ပျောက်ခဲ့ကြောင်း ပြောပါသည်။

နားထောင်နေသူ တစ်ဦးက ''နှာခေါင်းသွေးယိုနေစဉ် နွားချေးခြောက်ကို ရှူပေးလိုက်လျှင် သွေးယိုရပ်သွားမည်။ မကြာမကြာ ရှူပေးလျှင် နှာခေါင်းသွေးယိုတာ ပျောက်သွားမည်''ဟု ဝင်ပြောပါသည်။

စကားပြောကောင်းနေဆဲ စာရေးသူက ဆရာကြီးအား မြန်မာ့လက်ဝှေ့တက်ထိုးရာတွင် မည်သည့်နာမည်နှင့် ထိုးကြောင်း မေးပါသည်။ မင်းသိခ၏ ''စနေမောင်မောင်''ကို ကြိုက်သည်။ စနေသားလည်း ဖြစ်သည်။ ထို့ကြောင့် ''စနေမောင်မောင်''နာမည်ဖြင့် ထိုးကြောင်း ပြောပါသည်။

ထိုစဉ် နားထောင်နေကြသူတစ်ဦးက ဆရာ့ကို လက်ဝှေ့ပွဲတွေမှာ ထိုးတာ ကြည့်ခဲ့ရပြီး ယခုမှ ကိုယ်တိုင်ကိုယ်ကျ မြင်ရကြောင်း ပြောပါသည်။

လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော် (၄၀)နီးပါး ကြာပြီဖြစ်သော်လည်း ဆရာ့နာမည်ကို မမေ့သေးကြောင်းနှင့် ဆရာ့ကို လူအများက **''ဒူးပျံမောင်မောင်''**ဟု တင်စားခေါ်ကြောင်းလည်း ပြောပါသည်။

စာရေးသူ၏ စိတ်ထဲတွင် ဆရာသည် မြန်မာ့လက်ဝှေ့ထိုးစဉ် ဒူးဖြင့် ထောက်ခြင်း၊ ဟန့်တားခြင်း၊ ပတ်ပိုက်၍ ထိုးခြင်းတို့ကို ကြည့်ရသူများအား သဘောကျလို့ ဖြစ်မည်ဟု တွေးမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**ဆရာကြီးသည် အရပ်(၅)ပေ၊ (၁၀)** လက်မအကျော်သာ ရှိမည်။ ထောင်ထောင်မောင်းမောင်း ငယ်ရွယ်စဉ်က ဗလနှင့်ဆိုလျှင် သန်မာထွားကျိုင်းသူတစ်ဦးဖြစ်မည်ဟု ခန့်မှန်းမိပါသည်။

ဆရာကြီးသည် ဝက်လက်မြို့နယ် လှတောရွာတွင် ကျင်းပသော တစ်မြို့နယ်လုံး စပါးရိတ်သိမ်းအောင်ပွဲ (မ.ဆ.လခေတ်က ဖြစ်ပါသည်။)တွင် "မြနန္ဒ" နှင့် ထိုးရာ အထိုးခံလိုက်ရပြီး စားထားသော အစာများပင် အန်ထွက်လာ၍ အရှုံးပေးလိုက်ရပါသည်။

ခံပြင်းစိတ်ဖြင့် စစ်ကိုင်းချောင်တွင် မြန်မာ့ လက်ဝှေ့ဆရာကြီးများထံ လေ့ကျင့်ပြီး တစ်နှစ်အကြာတွင် မြနန္ဒာကို စိမ်ခေါ်ခဲ့သည်ဟု ပြောပါသည်။ ရှုံးလျှင် ရှုံးကြောင်း ဝန်ခံရဲသလို ဆရာကြီး၏ ခံပြင်းစိတ်ကြီးကြောင်း သိရပါသည်။

စာရေးသူက ထိုစိမ်ခေါ်ပွဲတွင် အရှုံးအနိုင် မေးမည်ပြုစဉ် ဥယျာဉ်သာရွာမှ စောင့်နေကြသူများက ခေါ်သဖြင့် စကားပြတ်သွားပါသည်။

ညနေ(၃)နာရီလောက်တွင် ဆရာကြီး ပြန်ရောက်လာကြောင်းကို ကိုထွန်းထွန်းဦးက လာခေါ်သဖြင့် ရွှေပန်းကုံးရွာ၏ အနောက်ချောင်တွင်ရှိ မစန်းလွင်အိမ်သို့ လိုက်သွားပါသည်။

မစန်းလွင်အား တစ်ခဏသာ နှိပ်ပေးပြီး ခြေထောက်ကို အုတ်ခဲဆွဲရန် ပြင်ဆင်ပါသည်။ အုတ်ခဲဆွဲသည့်နည်းကို မန္တလေး တိုင်းရင်းဆေးတက္ကသိုလ်မှ ရရှိခဲ့ခြင်းဖြစ်ကြောင်း ပြောပြပါသည်။

ဆေးတက္ကသိုလ်တွင် အုတ်ခဲ မဆွဲပါ။ (၂)ပိဿာခွဲခန့်ရှိ အလေးကို ဆွဲခြင်းဖြစ်သော်လည်း ရွာမှာတော့ အလွယ်တကူပင် အုတ်ခဲနှစ်ခဲစီ ခြေ



ပီယာနိုတီးနေသော အမျိုးသမီးတစ်ဦးအား ဆရာကြီးဦးမင်းအောင် ရိုက်ယူစဉ်

ထောက် တစ်ဖက်စီတွင် ဆွဲပေးခြင်းဖြစ်ကြောင်း ပြောပါသည်။

တိုင်းရင်းဆေးတက္ကသိုလ်နှင့် မည်သို့ ဆက်စပ်မှုရှိခဲ့ကြောင်း မေးရန် စိတ်ကူးမိသော်လည်း မမေးဖြစ်လိုက်ပါ။

မစန်းလွင် အုတ်ခဲဆွဲပေးပြီး တစ်နာရီကြာလျှင် ဖြုတ်ပေးရန် မစန်းလွင်၏အစ်မအား ပြောထားပါသည်။ နောက်နေ့များတွင်လည်း ယခုအချိန်လောက်တွင် ဆွဲပေးရန်နှင့် (၃)ရက်ပြည့်အောင် ဆွဲပေးရမည်ဖြစ်ကြောင်းလည်း မှာကြားပါသည်။ ယခုကဲ့သို့ ဆွဲပုံဆွဲနည်းကိုလည်း မှတ်သားထားရန် ပြောပါသည်။

ထို့နောက် မစန်းလွင်၏မောင်ဖြစ်သူ၏ သမီးဖြစ်သူ နို့သွားအရွယ် ကလေးမှာ ခေါင်းစောင်းနေ၍ နှိပ်ပေးရန် ပြောသဖြင့် ဆရာကြီးက ထိုကလေးမလေးကို နှိပ်ပေးပြန်ပါသည်။

ကလေးသူငယ်နာ ထောင့်တန်းဆွဲကုသနည်းကို **စစ်ကိုင်းသိမ်တော်ရွာ ဆရာကြီးဦးမြအောင်**ထံမှ နှစ်နှစ်

ခန့် သင်ယူရကြောင်း ပြောပြပါသည်။ ထို့နောက် သခွတ္တောရွာသို့ ဥယျာဉ်သာရွာမှ လိုက်ပို့သော ဆိုင်ကယ်ဖြင့် ပြန်သွားပါသည်။

စာရေးသူသည် ဆရာကြီးဦးမင်းအောင်နှင့် သုံးကြိမ်မျှ ရင်းရင်းနှီးနှီး စကားပြောခွင့်ရပြီးနောက် ဆရာကြီး၏ ကိုယ်ရေး အကြောင်းအရာများကို စိတ်ဝင်စားလာပါသည်။ ဆရာကြီး သင်ယူတတ်မြောက်ခဲ့သော ပညာရပ်များအပေါ် လေးစားလာမိပါသည်။

ဆရာကြီးသည် တစ်ဦးထံ မှ ဖယောက်တည်းထံမှ သင်ယူတတ်မြောက်သည် မဟုတ်ဘဲ ဆရာစုံ သင်ကြားခဲ့ရသဖြင့် ပညာစုံသည်ဟု ပြောနိုင်ပါသည်။

ဆရာကြီး၏အကြောင်းကို ရေးသား နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ ပို့ရမည့် အကြောင်းလေးစွဲဟု တွေးမိပါသည်။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကလည်း မိမိတို့မြို့နယ်ရှိ အထင်ကရ ဘုရားစေတီများ၊ ဆရာတော်ကြီးများ၊ လူပုဂ္ဂိုလ်များအကြောင်းနှင့် တိမ်မြုပ်ပျောက်ကွယ်လုဖြစ်နေသော သမိုင်းကြောင်း အရာများကို ဖော်ထုတ်ပေးသားကြရန် အစဉ်ဖိတ်ခေါ်နေပါသည်။

သို့ဖြစ်ပါ၍ ဆရာကြီးဦးမင်းအောင် အား သီးသန့် တွေ့ဆုံလို၍ ဆရာကြီး အကြောင်းကို ရေးသားခွင့်ပြုပါရန် ကိုထွန်းထွန်းဦးမှတစ်ဆင့် စကား လိုက်ရာ ဆရာကြီးကလည်း ခွင့်ပြု ကြောင်း ပြောပါသည်။

ဆရာကြီးထံ နောက်တစ်ရက်တွင် ဝက်လက်မြို့နယ်၊ သခွတ္တောရွာ ကိုထွန်းထွန်းဦးနှင့်သွားပြီး ဆရာကြီး နှင့် တွေ့ဆုံ မေးမြန်းခဲ့ရပါသည်။

ဆရာကြီးသည်လုံး အားသည် တော့ မဟုတ်ပါ။ အခြားရွာများ



www.burmeseclassic.com

www.burmeseclassic.com

ခင့်ရက်မရှိသေးသဖြင့် သခွတ္တောရွာ တွင်ပင်ရှိ၍ ဆရာကြီးထံ လာကြသူ များအား ကုသပေးချိန် ဖြစ်ပါသည်။

* * *

ဆရာကြီး မွေးဖွားစဉ်မှစ၍ ပြောပြ ပေးပါရန် စာရေးသူက ပန်ကြားလိုက် သဖြင့် ဆရာကြီးက ပြောပြပါသည်။

၁၃၁၈ ခုနှစ်၊ တပေါင်းလဆန်း(၉) ရက်၊ စနေနေ့တွင် ဝက်လက်မြို့နယ်၊ ပေါက်ကုံရွာတွင် ဦးသန်း+ဒေါ်ငွေတို့မှ မွေးဖွားခဲ့ပါသည်။ မွေးချင်း(၄)ယောက် အနက် ဒုတိယမြောက်သားဖြစ်ပါသည်။

မွေးဖွားစဉ်က ခြေထောက်မှစ၍ ထွက်လာသည်ဖြစ်၍ စားတော်ဖွား ဖြစ်ပါသည်။ အချင်းနှစ်ခု စလွယ်သိုင်း ပါသည်။ ခေါင်းတွင်လည်း ခေါင်းစွပ်ပါ ခဲ့ပါသည်။

ထူးထူးဆန်းဆန်း မွေးသည်ဖြစ်၍ "မောင်ဆန်း"၊ "ဖိုးဆန်း"ဟု အမည် တွင်ခဲ့သည်။အရပ်လက်သည်ကိုလည်း ရွှေတစ်ကျပ်သားဖြင့် ရွေးခဲ့ရပါသည်။

အဘိုးဦးဘရင်က ဝက်လက်မြို့တွင် ကပြသော ပြဇာတ်မင်းသား ရေနံ့သာ မင်းအောင်ကို သဘောကျသဖြင့် "မင်းအောင်"ဟု အဘိုးပေးခဲ့သော နာမည်တွင် ခဲ့ပါသည်။

ဆဋ္ဌမတန်း(၆ တန်း)ထိသာ ပညာ သင်ခဲ့ရပြီး တောင်သူလယ်သမားမျိုးရိုး ဖြစ်သည့်အတွက် လက်ယာလုပ်ငန်း လုပ်ခဲ့ပါသည်။ ဝက်လက်မြို့နယ်သည် မြွေဆိုးများပေါသော ဒေသဖြစ်သည့် အတွက် မြွေဟောက်နှင့် မြွေပွေး နှစ်ကြိမ် အပေါက်ခံခဲ့ရပါသည်။

ကံကောင်း ထောက်မသဖြင့် သာလိုင်းရွာရှိ ဦးတေဇနှင့် ဦးနေမိန္ဒ ဆရာတော် ညီနောင်နှစ်ပါးထံတွင် ကုသရာ ပျောက်ကင်းခဲ့ပါသည်။

မြွေဆိပ်တက်နေစဉ် ဆရာတော် ဦးတေဇ မန်းပေးသော ရေမန်းကို သောက်လိုက်ရုံဖြင့် မြွေဆိပ်ပြေသွားပါ



◆ မိမှာရသော အမျိုးသမီးတော်ဦးအား ဆရာကြီးဦးမင်းအောင် မှီပေးနေပုံ

သည်။ အဆန်းတကြယ် ကုသနေရ ခြင်း မဟုတ်ပါ။

'မြန်မာ့လက်ဝှေ့ တက်ထိုးဖြစ်တာ ကိုလဲ ပြောပြပါဦး ဆရာ'

ဟု စာရေးသူက အစဖော်လိုက်ပါ သည်။

'အသက်နှစ်ဆယ်လောက်မှာ ဖြစ် မယ်။ ငယ်ငယ်ကလဲ အထိုးအကြိတ် ဝါသနာပါတာမို့ ဝက်လက်မြို့ပေါ် ဘုရားပွဲမှာ လူသစ်တန်း တက်ထိုးတာ ပါ။ ဘာကိုယ်ခံပညာမှလဲ မတတ်ဘူး။ ထိုးချင်စိတ်ရှိလို့ ထိုးတာ။ "စိမ်းခက်" ဆိုသူနဲ့ ထိုးရတယ်။ "စိမ်းခက်"ရဲ့ လက်သီးချက်ကြောင့် ပါးချောင်ရွဲ့သွား ပြီး ရှုံးတယ်။ ခံပြင်းစိတ်နဲ့ မြန်မာ့ လက်ဝှေ့ပညာသာမက ကရာတေး၊ ဂျူဒို၊ မြန်မာ့သိုင်းပညာတွေပါ သင် တော့တာပဲ။ ဝက်လက်မြို့က ဆရာ ကြီးဦးမင်းမောင်က လက်ဦးဆရာပါ။ ဆရာတွေ စုံပါတယ်။ စစ်ကိုင်းမှာလဲ ရှိတယ်။ ရွှေဘိုက "ဘာမထီ ခင်အောင်"ဆီမှာလဲ သင်တယ်။ "ဘာမထီခင်အောင်"က အင်္ဂလိပ် လက်ဝှေ့(Boxing)သာ မဟုတ်ဘူး။ မြန်မာ့လက်ဝှေ့ရော၊ ကိုယ်ခံပညာတွေ ရောတတ်တယ်။ စစချင်း ဆရာက ကျွန်တော့် နှာခေါင်းကို ချိုးလိုက်တာ ဟု ပြောလဲ ပြော၍ သူ့ နှာခေါင်းကို လက်မဖြင့် ဖိနှိပ်ပြပါသည်။

နှိုက်ပွဲပေါင်းဆက်ခဲ့ပါသည်။ သို့သော် ဝက်လက်မြို့နယ် လှတောရွာတွင် ထို ခေတ်အခါက ကျင်းပသော စပါးဒိုင် ကြေးသော အောင်ပွဲကျင်းပရာတွင် "မြန်နန္ဒာ"ဆိုသူနှင့် ထိုးရာ ရှုံးပါသည်။ အထိုးခံလိုက်ရသည်မှာ စားထားသော အစာများပင် အန်ထွက်သွားပါသည်။ ထို့ကြောင့် ခံပြင်းစိတ်ဖြင့် စစ်ကိုင်း ချောင်တွင် အပြင်းအထန် သင်ကြား လေ့လာပါသည်။ ထို့နောက် နောက် နှစ်တွင် မကျေပွဲစိန်ခေါ် ထိုးရန် ပြိုင်ပွဲ များ ကျင်းပရာတွင် မြန်နန္ဒာကို ရှာပါ သည်။ မတ္တရာမြို့တွင် ကျင်းပသော ဘုရားပွဲတွင်တွေ့၍ စိန်ခေါ်ထိုးရာ နိုင် ခဲ့ပါသည်။

'ဆရာ့ကို ဒူးပျံမောင်မောင်လို့ သိ ကြတယ်ဆို'

ဟု စာရေးသူက မေးရာ...

'ပွဲကြည့်ပရိသတ်က ကျွန်တော့်ရဲ့ ဒူးချက်တွေကို ကြိုက်လို့ ဖြစ်မှာပါ။ ကျွန်တော်ကတော့ "စနေမောင် မောင်" အမည်နဲ့ပဲ ထိုးထားပါ'

အသက်(၂၆)နှစ်တွင် ဝက်လက်မြို့ ဘုန်းကြီးပျံပွဲတွင် "ဆိုးပေ"ဆိုသူနှင့် ထိုးရာ သားရေကျခဲ့ပါသည်။

ထိုပွဲထိုးသည်မှ လုံးဝမထိုးတော့ သည်မှာ ယနေ့တိုင် ဖြစ်ပါသည်။ ထို နှစ်တွင်ပင် ဝက်လက်မြို့နယ်၊ သခွတ္တောရွာမှ "မဆန်းမြင့်"နှင့် အိမ် ထောင်ကျပြီး သခွတ္တောရွာတွင် နေခဲ့ပါ သည်။

'ဆရာကုသနေတဲ့ အကြောင်း ပညာကို ဘယ်ဆရာတွေဆီမှာ သင် ခဲ့ပါသလဲ'



www.burmeseclassic.com

www.burmeseclassic.com

ဟု စာရေးသူက မေးပါသည်။

ကျွန်တော်ငယ်စဉ်က မြွေနှစ်ကြိမ် ပေါက်ခံရလို့ ဆရာတော်ဦးတေဇနဲ့ ဦးနေမိန္ဒ ဆရာတော်တွေဆီမှာ ကုခဲ့ရတယ်။ လက်ဝှေ့ပွဲ စထိုးစဉ်ကလဲ ပါးချောင်ရှဲ့ပြီး ရှုံးခဲ့ရတယ်လို့ ပြောခဲ့ပြီးပြီ။

မြန်မာ့လက်ဝှေ့ထိုးစဉ် နိုင်ပွဲတွေရှိလာပေမယ့် အထိုးခံရတာတွေကြောင့် နာကျင်ကိုက်ခဲမှုတွေ ရှိလာတယ်။ ဆရာတော်နှစ်ပါးထံမှာပဲ ကုရတာပါ။

ဆရာတော်နှစ်ပါးစလုံးနဲ့ ပိုပြီး ရင်းနှီးသိကျွမ်းလာတယ်။ အကြောပြင်ပညာကိုလဲ သင်ချင်လာတယ်။

ကျွန်တော် ကိုယ်တိုင်ကလဲ စားတော်ဖွားဆိုတော့ ဆရာတော်တို့ကလဲ သဘောကျတယ်လေ။ ဒါကြောင့် ဆရာတော်နှစ်ပါးထံမှာ ဒီပညာကို သင်ရတာဖြစ်ပါတယ်။

ဆန်းတာလေး ပြောရဦးမယ်။ ဦးတေဇနဲ့ဦးနေမိန္ဒ ညီနောင်နှစ်ပါး အတူ ကျောင်းထိုင်နေတဲ့ "သာလိုင်း" ရွာရှိ "ဝမ်းတော်ယိုင်"ကျောင်းကို "အဘိုးပု"ဆိုတဲ့ လူကြီးတစ်ယောက် ရောက်လာတယ်။ ဘယ်အရပ်၊ ဘယ်ဇာတိမှန်းလဲ မသိရဘူး။

အနှိပ်ခံချင်သူများကို နှိပ်ပေးရင်း ဆရာတော်တို့ထံမှာ ကပ္ပိယလုပ်နေလိုက်တယ်။ အကြောပြင်ပညာနဲ့ အကြောညပ်၊ အကြောထပ်၊ အကြောထုံး ကိုယ်တစ်ခြမ်းသေတာတွေကိုလဲ ကုတယ်။ မြွေပေါက်ခံရတဲ့ လူနာတွေကိုလဲ ကုပေးရင်း ဆရာတော်နှစ်ပါးကိုလဲ ပညာသင်ပေးတယ်။

ဒါကြောင့် အဘိုးပုထံမှ ပညာအမွေတွေ ရလိုက်ကြတယ်။ မြွေဆိပ်ကုတာကတော့ ဆရာတော်ဦးတေဇက ပိုစွမ်းတယ်လို့ သိရတယ်။ အဘိုးပုလဲ ဆရာတော်နှစ်ပါးထံမှာနေရင်း သေသွားတယ်။ ဆရာတော်နှစ်ပါးစလုံးလဲ ယခု မရှိကြတော့ဘူး။

ဆရာတော်နှစ်ပါးထံမှ အကြောပြင်ပညာကို သင်ယူကြသော တပည့်များရှိရာ ဦးမင်းအောင်လည်း တစ်ယောက်အပါအဝင် ဖြစ်ပါသည်။

သို့သော် ဝမ်းနည်းစရာကောင်းသည်မှာ အဘိုးပုထံမှ ဆက်ခံရရှိခဲ့သော မြွေဆိပ်ဖြေသည့် ဆေးမန်းပညာကို ဆရာတော်ဦးတေဇထံမှ လက်ဆင့်ကမ်း မရလိုက်ခြင်း ဖြစ်ပါသည်။

**ဦးတေဇကလည်း မည်သူ့ကိုမှ သင်ပေးမသွားပါ။**

ဆရာကြီး ဦးမင်းအောင်သည် အကြောပြင်ပညာသာမက အရိုးကျိုး၊ အရိုးဆက်ပညာကိုလည်း ဆရာတော်ဦးတေဇနှင့် ဦးနေမိန္ဒတို့ထံမှပင် သင်ယူရခဲ့ပါသည်။

ကလေးသူငယ်နာ ထောင့်တန်းဆွဲကုသနည်းပညာကို စစ်ကိုင်းရှိ သိမ်တော်ရွာ ဆရာကြီးဦးဌေးအောင်ထံမှ နှစ်နှစ်ခန့် သင်ယူခဲ့ရပါသည်။ ခဲဆွဲပညာကို မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်မှ နည်းရရှိခဲ့သည်ဖြစ်၏။

တိုင်းရင်းဆေးတက္ကသိုလ်သို့ တက်ရောက်ဖူးပါသလားဟု စာရေးသူက မေးပါသည်။ မြို့နယ်အတွင်းရှိ မြန်မာသမားတော်များကို မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်သို့ တက်ရန် စာထွက်လာခဲ့သည်။

ဝက်လက်မြို့နယ်မှ တိုင်းရင်းဆေးဆရာ(၃)ဦးတက်ရာတွင် ဆရာကြီး ဦးမင်းအောင်လည်း ပါခဲ့သည်။ လပိုင်းသာ တက်ရပါသည်။

ဆရာကြီးကိုလည်း တိုင်းရင်းဆေးတက္ကသိုလ်က အချိန်ပိုင်း လာပြပေးရန် စကားကမ်းလှမ်းခဲ့သည်။ သို့သော် မသွားဖြစ်ခဲ့ပါ။

သွေးပေါင်ချိန်နည်းကို ဝက်လက်မြို့နယ်၊ လုတောရွာဆေးရုံတွင် လုပ်သွားသော ဒေါက်တာဦးတင်မောင်သန်းထံမှ ရခဲ့ပါသည်။

ထိုစဉ်က ဒေါက်တာဦးတင်မော
သန်းကိုယ်တိုင် ဆရာကြီးကုသေ
အရိုးကျိုး၊ အရိုးဆက်ခြင်းကို လက်
တွဲဖက် ကုသပေးခဲ့ပါသည်။

ဆရာကြီး ဦးမင်းအောင်သ
တပည့်(၄)ဦးကို ပညာသင်ပေး
ဖြစ်သည်။ လူငယ်များဖြစ်သ
အတွက် ရုပ်ပုံကားချပ်ပြပြီး သင်ပေ
အလွယ်တကူပင် တတ်မြောက်
ကြပါသည်။

နောက်ဆုံး သင်ပေးခဲ့သော ကို
နိုင်သည် ယခုအခါ နေပြည်တော်
ကုသပေးလျက် ရှိနေပါပြီ။

အရိုးကျိုး၊ အရိုးဆက်ကို ကု
နည်းပါသည်။ ဆင်းရဲသောသူမျ
လုံးဝ ငွေကြေးမယူဘဲ ကုသပေ
သည်။

မပျောက်သဖြင့် ခြေတို့လက်
ဖြတ်ရလျှင် တစ်သက်လုံး ကျေး
မည်ဟူသော ရဲရဲဝံ့ဝံ့ အာမခံချက်
ကုသပေးလျက်ရှိသည်။ ယခ
မပျောက်ကင်းသူ မရှိပါ။

**ဆရာကြီးသည် စားတော်ဖွားဖြ**
**အချင်းလွယ်ထိုင်ခြင်း၊ မျက်နှာသုံး**
**မြှပ်ကျခြင်းစသည့် ထူးခြားစွာ မွေး**
**လာခဲ့သည်ဖြစ်၍ အောင်မြင်သော သ**
**တော်ဖြစ်လာသည်ဟု စာရေးသူ ယု**
**မိပါသည်။**

စာရေးသူတို့လည်း မေးစရာ
ရှိတာ မေးပြီးဖြစ်၍ သခွတ္တော
အပြန် နီးဘုရားကို ဝင်ဖူးကြပါသ
ဆရာကြီးကိုယ်တိုင် လိုက်ပို့ပေ
ဆရာတော်နှင့် တွေ့ဆုံပေးသ
အားလုံး အဆင်ပြေခဲ့ပါသည်။ သို့
နီးဘုရားအကြောင်း ရေးရန်အကြေ
ဖြစ်လာပါသည်။

ဆရာကြီးဦးမင်းအောင်နှင့် ဆက်သွ
ပါက (၀၉-၄၇၆၀၈၈၈၇) ဖုန်းနံပါ
ဆက်သွယ်နိုင်ပါသည်။

**အားလုံး ကျန်းမာ ပျော်ရွှင်နိုင်ကြ**

စေ။ **ကဿာ သင်းမွှေး**



www.burmeseclassic.com

www.burmeseclassic.com

ကဗြီး ခဒွေး ဒေါ်

# ရှည်း [ဒုဂ]လုံး ဘုရားရှိခိုး

ရွှေဘုန်း (မုန့်လုံး)

စာရေးသူသည် မကွေးတိုင်းဒေသ
ဦး ပခုက္ကူမြို့နယ်၊ တင်းဂါတ်ကျေး
ရွာ အနန္တဂုဏ်ရည်ကျောင်းတိုက်သို့
ထုဒ် ခုနှစ်၊ ပြာသိုလဆန်း(၄)ရက်
၄-၁၂-၂၀၁၄) ဗုဒ္ဓဟူးနေ့ ည(၇)
ရီ အချိန်ခန့်လောက်တွင် ကိစ္စတစ်ခု
ဖြင့် ရောက်ရှိသွားပါသည်။

သက်တော် (၇၄)နှစ်ရှိပြီဖြစ်သော
ကျောင်းထိုင်ဆရာတော် ဦးရေဝတနှင့်
ာရေးသူတို့ စကားပြောဖြစ်ကြပါ
သည်။ ဆရာတော်ဦးရေဝတသည်
လောကီ,လောကုတ္တရာ နှစ်ဖြာသော
ဗဟုသုတနှင့် ပြည့်စုံကြွယ်ဝတော်မူ
သော ဆရာတော်တစ်ပါးဖြစ်ပါသည်။

ဆရာတော်ဦးရေဝတသည် သူ
တတ်မြောက်ထားတော်မူသော လောကီ
နဲဆိုင်ရာ မြန်မာ့တိုင်းရင်းဆေးပညာ
ဖြင့် လူနာပေါင်းစုံ၊ ရောဂါဝေဒနာ
ပေါင်းစုံတို့ကို ဇီဝိတဒါနအဖြစ် ဆေး
ဝါး ကုသပေးလျက်ရှိပါသည်။

နေ့စဉ်နှင့်အမျှ ဆိုသလို ဆရာတော်
ကျောင်းသို့ လာရောက်ကြပြီး ဆေး
ကုသမှု ခံယူသူတွေ၊ ဆေးတောင်းသူ
တွေဟာ များစွာပင် ရှိပါသည်။

ဆရာတော်ဦးရေဝတသည်(၇)ရက်
သားသမီးတို့၏အပေါ်၌ စေတနာ
မေတ္တာအပြည့်အဝထား၍ ကုသပေးမှု
ကြောင့် ပျောက်ကင်းသွားကြသော
ရောဂါဝေဒနာရှင်တွေ မြောက်မြားစွာ
ပင်ရှိကြောင်း ကြားသိရသည့်အတွက်
စာရေးသူသည် သာဓုခေါ်ဆို၍
မ်းသာပီတိဖြစ်မိပါသည်။

ည(၁၀)နာရီထိုးသောအခါ စကား
ပြောဆိုခြင်းများကို ရပ်တန့်၍ စာရေး
သူသည် ဆရာတော်အား ရှိခိုးဦးချ
ကန်တော့ပြီး မိမိအတွက် အိပ်ရန်ပြင်
ဆင်ထားသောနေရာသို့ သွားရောက်၍
အိပ်စက်ပါတော့သည်။

ဆရာတော်ဦးရေဝတသည် နေရာမှ
ထ၍ အပေါ့အပါးများသွားပြီး
သက်ဆေး၊ မျက်နှာသစ်ပြီးလျှင် ဗုဒ္ဓ
ရုပ်ပွားတော်မြတ်စွာဘုရား၏ ရှေ့
မှောက်တွင် ထိုင်၍ အိပ်ရာဝင် အိပ်ရာ
ထတို့၌ နိစ္စဓူဝ ပြုလုပ်မြဲ ဖြစ်သော
ဘုရားရှိခိုးခြင်း၊ ပုတီးစိပ် တရားထိုင်
ခြင်း၊ မေတ္တာပို့ အမျှပေးဝေခြင်းများ
ပြုလုပ်နေသည်ကို တွေ့ရှိကြားသိနေ
ရပါသည်။



နံနက်(၄)နာရီထိုး၍ အုန်းမောင်း
ခေါက်သောအခါ စာရေးသူသည်
အိပ်ရာမှထ၍ မျက်နှာများသစ်ပြီးလျှင်
ကျောင်းဝင်းအတွင်း ခေါက်တုံ့ခေါက်
ပြန် လမ်းလျှောက်နေပါသည်။

ဆရာတော်ဦးရေဝတသည် စာရေး
သူ၏အရင် အိပ်ရာမှထ၍ ဘုရားရှိခိုး
နေသော အသံကို ကြားနေရပါသည်။
အစိန္တေယျဘုရားရှိခိုး၊ ဂုဏ်တော်(၉)
ပါး၊ တရားဂုဏ်တော်(၆)ပါး၊ သံဃာ့
ဂုဏ်တော်(၉)ပါး၊ အနေကဇာတင်
ပါဠိတော်များနှင့် စုဏ္ဏိယပါဠိတော်များ
ကို ရွတ်ဖတ်ရှိခိုး ပူဇော်ပြီးနောက်
စာရေးသူ တစ်ခါမှ မတွေ့ဘူး၊ မကြား
ဘူးသော အထူးအဆန်း ဘုရားရှိခိုး
ရွတ်ဆိုနေသံကို ကြားလိုက်ရသည့်
အတွက် လမ်းလျှောက်ခြင်းမှ ရပ်တန့်
၍ သေချာစွာ နားထောင်နေမိပါသည်။

က- ကိလေသာကို အောင်တော်မူသော
မြတ်စွာဘုရား။
ခ- ခန္ဓမာရ်ကို အောင်တော်မူသော
မြတ်စွာဘုရား။
ဂ- ဂန္ဓကုဋိတိုက်မှ ကျွတ်ထိုက်သောသူ
သတ္တဝါ ဗိုလ်သုခပ်သိမ်းသူတို့အား ရွှေ
ဉာဏ်တော်ကွန်ရက်ဖြင့် ဖြန့်လျက် ကြည့်ရှု
တော်မူသော မြတ်စွာဘုရား။
ဃ- ဃဋိကာရ ပြဟ္မာမင်းကြီး ဆက်ကပ်သော
ရွှေကြာသင်္ကန်းကို ဆင်မြန်းတော်မူသော
မြတ်စွာဘုရား။
င- ငါးပါးသောမာရ်ကို အောင်တော်မူသော
မြတ်စွာဘုရား။
စ- စကြာဝဠာတစ်တိုက်၌ တုပြိုင်ဘက် ကင်း
တော်မူသော မြတ်စွာဘုရား။
ဆ- ဆယ်ပါးသော အရိုက်ကို ပယ်ဖျက်ခုတ်
ထွင် အောင်မြင်တော်မူသော မြတ်စွာ
ဘုရား။
ဇ- ဇာတိသရဉာဏ်ကို ရတော်မူသော
မြတ်စွာဘုရား။
ဈ- ဈာန်သမာပတ်အပေါင်းနှင့် ပြည့်စုံတော်မူ
သော မြတ်စွာဘုရား။
ည- ညောင်းယျံတရားငါးပါးနှင့် ပြည့်စုံတော်မူသော
မြတ်စွာဘုရား။
ဋ- ဋီကာလက်သန်း ကျမ်းအသွယ်သွယ်တို့ကို
ဆရာမရှိ ကိုယ်တော်တိုင် သိတော်မူသော
မြတ်စွာဘုရား။



www.burmeseclassic.com

www.burmeseclassic.com

ဌ– ပဋ္ဌာန်းကျမ်းကြီးကို ဟောကြားတော်မူသော မြတ်စွာဘုရား။
ဍ– ကောဏ္ဍညပုဏ္ဏားသည် လက်ညှိုးတစ်ချောင်းထောင်ပြ၍ ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟု ပြောဆိုခြင်းကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။
ဎ– ဒီပင်္ကရာ ဘုရားရှေ့တော်၌ နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူရသော မြတ်စွာဘုရား။
ဏ–တဏှာတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျက်ခုတ်ထွင် အောင်မြင်တော်မူသော မြတ်စွာဘုရား။
တ– တစ်ထောင်မကသော တိတ္ထိတို့ကို ဆုံးမတော်မူသော မြတ်စွာဘုရား။
ထ– ထူးမြတ်သော ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။
ဒ– ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူသော မြတ်စွာဘုရား။
ဓ– ဓမ္မစကြာတရားကို ဟောတော်မူသော မြတ်စွာဘုရား။
န– နိဗ္ဗာန်အောင်ချာ ရွှေပြည်သာသို့ ပို့ဆောင်တော်မူသော မြတ်စွာဘုရား။
ပ– ပဋိသမ္ဘိဒါဉာဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။
ဖ– ဖိုလ်မဂ်ချမ်းသာကို ဆောင်တော်မူသော မြတ်စွာဘုရား။
ဗ– ဗောဓိပင်ရင်းမာရ်နတ်မင်းကို အောင်မြင်တော်မူသော မြတ်စွာဘုရား။
ဘ–ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။
မ– မစ္ဆုမာရ်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား။
ယ– သရက်ဖြူပင်ရင်း၌ တိတ္ထိတို့အား ရေမီးအစုံအစုံတို့နှင့် ယမိုက်ပြာဋိဟာကို ပြတော်မူသော မြတ်စွာဘုရား။
ရ– ရောင်ခြည်တော်ခြောက်သွယ်နှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရား။
လ– လူသုံးပါးတို့တွင် တုမြိုင်ဘက်ကင်းတော်မူသောမြတ်စွာဘုရား။
ဝ– ဝသုန္ဓရေမြေနတ်သားသည် သက်သေခံပြု၍ မာရ်နတ်မင်းခုခံသည်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား။
သ– သစ္စာလေးပါးတရားအပေါင်းတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။
ဟ– ဟန္ဒဒါနိဘိက္ခဝေ ပဠိတော်လာသည်နှင့်အညီ ရဟန်းအပေါင်းတို့ကို ဆုံးမတော်မူသော မြတ်စွာဘုရား။
ဠ– လပြည့်ဝန်းကဲ့သို့ ပြည့်ထွန်းသော ရွှေမျက်နှာတော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။
အ– နေအရုဏ်မတက်မီ အာသဝေါက်ကင်းကွာ၍ အာသဝက္ခယဉာဏ်တော်ကို ရတော်မူသောမြတ်စွာဘုရား။

**ဣတိပိသောဘဂဝါ ဂုဏဟိ**–ဤသို့သော ဂုဏ်တော်တို့နှင့်၊ **သမန္နာဂတော**–ပြည့်စုံတော်မူသော၊ **သမ္မာသမ္ဗုဒ္ဓံ**–မြတ်စွာဘုရားကို၊ **အဟံ**–တပည့်တော်သည်၊ **ဝန္ဒာမိ**– ရှိခိုးပါ၏ မြတ်စွာဘုရား။

ဆရာတော်ဦးရေဝတ ဘုရားရှိခိုးခြင်း ကိစ္စအားလုံးပြီးစီးသွားသောအခါ စာရေးသူသည် ဆရာတော်ထံသို့သွားရောက်ပြီး ရှိသေစွာ ရှိခိုးဦးချကန်တော့ပြီးလျှင် ''ဆရာတော်ဘုရား၊ တပည့်တော်အား မေးမြန်းလျှောက်ထားခွင့် ပြုတော်မူပါဘုရား''ဟု ခွင့်တောင်းတော်မူသောအခါ...

ဆရာတော်က ''ဘာများ မေးမြန်းလျှောက်ထားစရာရှိလို့လဲ လျှောက်ထားပါ''ဟု ခွင့်ပြုတော်မူ၏။

'မှန်လှပါဘုရား... စောစောပိုင်းက ဆရာတော် ဘုရားရှိခိုးနေတဲ့အထဲမှာ ဗျည်း(၃၃)လုံးဘုရားရှိခိုး ရွတ်ဆိုနေသောအသံကို တပည့်တော်အစအဆုံးနားထောင်လိုက်ရပါတယ် ဘုရား။ အဲဒါ ဘယ်ကျမ်းဂန်၊ ဘယ် ဘုရားရှိခိုးစာအုပ်တွေထဲမှာ ပါရှိတော်မူပါသလဲဘုရား'

ဟု လျှောက်ထားတော်မူသောအခါ...

ဆရာတော်က...

'ဘယ်ကျမ်းဂန် ဘယ်ဘုရားရှိခိုး စာအုပ်တွေထဲမှ မပါဘူး။ ၁၃၄၅ ခုနှစ်၊ နယု[...] လဆုတ် (၈)ရက်(၃-၇-၁၉၈၃) တနင်္ဂနွေ[...] ထုတ် ဗုဒ္ဓဓမ္မလောကစာစောင် အတွဲ(၂[...] အမှတ်(၃) စာမျက်နှာ(၈)၌ "ကာလေအ[...] ပဒုမ"ရေးသားသော "ကကြီးခခွေး ဘု[...] ရှိခိုး"ဆောင်းပါးမှ ကြိုက်နှစ်သက်[...] အတွက် ကူးယူ ကျက်မှတ်ထားပြီး[...] ရှိခိုးနေတာပါ။ ဆောင်းပါးထဲမှာတော့ [...] ဆရာတော်ကြီးများ ရေးသားထားတော်[...] သော ဘုရားရှိခိုးလို့ ဖတ်ရှုရပါတ[...] ကျက်မှတ်ရတာ လွယ်ပြီး အာရုံပြုနှလုံး[...] ရတာ လွယ်လို့ နေ့စဉ် ရွတ်ဆိုပြီး ရှိ[...] တာပါ'

ဟု ဖြေကြားတော်မူ၏။

''မှန်လှပါဘုရား... ဤက[...] ခခွေး ဘုရားရှိခိုးသည့်နေ့မှစ၍ ယ[...] ထိအောင် ရှိခိုးလာတယ်ဆို[...] ထူးခြားမှု အကျိုးတရားများ ရှိခဲ့ပါ[...] မိန့်ကြားတော်မူပါဘုရား''ဟု လျှော[...] ထားသောအခါ...

ဆရာတော်က ''အေး ပြော[...] တော့ခက်တယ် ''စိတ်သာရှင်[...] ဘုရားဟော''ဆိုတဲ့အတိုင်း မိ[...] စိတ်က ဘုရားရှင်ရဲ့ ဂုဏ်တော်တွေ[...] ယုံယုံကြည်ကြည်ဖြင့် ထိရောက်[...] အာရုံပြု နှလုံးသွင်းမှန်ကန်မှု[...] ကောင်းကြမည်ဆိုပါလျှင် မည်သူ[...] ကောင်းမြတ်သော အကျိုးထူးတ[...] များကို ရရှိခံစားရပါတယ်'' လို့ တို[...] လိုရင်းကိုသာ မိန့်ကြားတော်မူပါသ[...]

စာရေးသူလည်း ''မှန်[...] သဘောကျ နှစ်သက်ပါတ[...] ဘုရား''ဟု လျှောက်ထားပြီး ဆ[...] တော်အား ရှိခိုးဦးချကန်တော့ပြီး [...] လာခဲ့ပါတော့သည်။

**[ဆရာတော်ဦးရေဝတ (အ[...] ဂုဏ်ရည့်ကျောင်းတိုက်) တင်း[...] ကျေးရွာ၊ ပခုက္ကူမြို့နယ်အား [...] ဆောင်းပါးဖြင့် ဂုဏ်ပြု[...] ပူဇော်အပ်ပါသည်။]**

**ရွှေဘုန်း(မြင်းမူ)**



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ သရဖူတိုင်းရင်းဆေးကုခန်း

# ဆရာမ ဒေါ်အေးမူ

(တဆ-၀၃၃၄၅)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# အဆုတ်ရောဂါ

ကာကွယ်စောင့်ရှောက်နည်းများ

မြောင်းမြ မောင်ယဉ်တင့်



● ဆရာမဒေါ်အေးမူ(တဆ-၀၃၃၄၅)

အဆုတ်ရောဂါဟာ ကျား/မ မရွေး ဖြစ်တတ်တဲ့ရောဂါ ဖြစ်သလို ကူးစက်တတ်တဲ့ ရောဂါလဲ ဖြစ်ပါတယ်။ မျိုးရိုးလိုက်ပြီး ဖြစ်တတ်တဲ့ရောဂါလဲ ဖြစ်ပါတယ်။

ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်စောင့်ရှောက်ခြင်းဟာ ကုသခြင်းထက်ပိုပြီးခရီးရောက်ပါတယ်။ အဲဒီအဆုတ်ရောဂါ ကာကွယ်စောင့်ရှောက်နည်းတွေကို သိရှိပြီး ကြိုတင်ကာကွယ်နိုင်ဖို့အတွက် အဆုတ်ရောဂါကို သုတေသနပြုပြီး ကုသလျက်ရှိတဲ့ **ဆရာမဒေါ်အေးမူကို သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့ကို ရောက်တဲ့အခါ** သွားရောက်တွေ့ဆုံ ဆွေးနွေးခဲ့ပါတယ်။

ဆရာမဒေါ်အေးမူက တိုင်းရင်းဆေးဆရာကြီး သဘာဝဓမ္မ ဦးထွန်းရည်နဲ့ သဘာဝဓမ္မဆရာကြီး ဦးငြိမ်းမောင်တို့ရဲ့ တပည့်တစ်ဦး ဖြစ်ပါတယ်။ ဆေးကုသသက်(၁၅)နှစ်ခန့် ရှိနေပြီဖြစ်တဲ့ ဆရာမဒေါ်အေးမူနဲ့ တွေ့ဆုံဆွေးနွေးမေးမြန်းခဲ့သမျှ ပြန်လည်တင်ပြလိုက်ပါတယ်။

▲ **"ဒီတစ်ပတ် ဆရာမရဲ့ ဆွေးနွေး ချက်တဲ့ ရောဂါကတော့ အဆုတ် ရောဂါ ကာကွယ်စောင့်ရှောက် နည်းများကို ဆွေးနွေးမှာ ဖြစ်ပါ တယ်။ မုသသမ**

**အဆုတ်ရောဂါ ဖြစ်စေတဲ့ အကြောင်း ရင်းများကို သိပါရစေ'**

○ 'အဆုတ်ရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကတော့ မေထုန်မှုလွန်ကျူးခြင်း၊ ခံနိုင်စွမ်း ရှိသည်ထက်ပို၍ အပင်ပန်းခံခြင်း၊ အနာများပေါက်ခြင်း၊ စိုးရိမ်ပူပန်မှုများခြင်း၊ မကြာခဏဖျားနာခြင်း၊ ခရီးအလွန်သွားခြင်း စတဲ့ အကြောင်းအချက်များကြောင့် အဆုတ်ရောဂါဖြစ်တယ်လို့ ဘေသဇ္ဇကျမ်းမှာ ဖွင့်ဆိုထားပါတယ်။

ဒါအပြင် **အာယုဗေဒကျမ်း**အလို အရ နေပူ,မီးပူအခံများခြင်း၊ ဆေးလိပ်, အရက်လွန်ကျူးစွာ သောက်သုံးခြင်း၊ အိပ်ပျက်ခံမှုများခြင်း၊ အပုပ်နံ့(သို့မဟုတ်)အနံ့ဆိုးများ ရှူရှိုက်မှုများခြင်း၊ မနိုင်သောဝန်ကို ထမ်းရွက်ခြင်း၊ မေထုန်မှုလွန်ကျူးခြင်း၊ ဆီး,ဝမ်း, သွေး,လေ သွားလိုမှုအဟုန်ကို တားဆီးခြင်း(အောင့်ထားခြင်း) စတဲ့ အကြောင်းအချက်များကြောင့် အဆုတ်ရောဂါဖြစ်ရခြင်းရဲ့ မူလ အကြောင်းတရားများဖြစ်တယ်လို့ ဖွင့်ဆိုထားပါတယ်။

ယနေ့ခေတ် အမြင်နဲ့ပြောရရင် အဆုတ်ရောဂါဖြစ်စေတဲ့ အကြောင်းရင်းများကတော့ ကိုယ်တိုင် ဆေးလိပ်, အရက် လွန်ကျူးစွာ သောက်သုံးခြင်း၊





www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင်ဆေးလိပ် မသောက်ပေမယ့် တစ်ဆင့်ခံ ဆေးလိပ်ငွေ့ ရှူရှိုက်မိသူတွေ(မိသားစု ဆေးလိပ်သောက်သူထံမှ ဆေးလိပ်ငွေ့ရရှိခြင်း)၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု(အပုပ်နံ့၊ အနံ့ဆိုးများ) ရှူရှိုက်မှုများ၊ ဓာတုဒြပ်ပေါင်းတွေနဲ့ ကာလကြာရှည်စွာ ထိတွေ့ပြီး အလုပ်လုပ်ကိုင်သူတွေ အဆုတ်ရောဂါဖြစ်ပွား တာ တွေ့ရှိရပါတယ်'

▲ **'အဆုတ်ရောဂါလက္ခဏာ ဘယ်နှမျိုး ရှိပါသလဲ ပြောပြပေးပါဦး'**

○ 'အဆုတ်ရောဂါ(၁၀)မျိုး ရှိပါတယ်။ အဲဒါတွေကတော့...

၁။ မေထုန်မှု လွန်ကျူးခြင်းကြောင့် ဖြစ်သော အဆုတ်ရောဂါ၊

၂။ စိုးရိမ်သောက ပူပန်မှုများခြင်းကြောင့်ဖြစ်သော အဆုတ်ရောဂါ၊

၃။ နာတာရှည်ရောဂါကြောင့် ဖြစ်သော အဆုတ်ရောဂါ၊

၄။ ကျန်းမာရေးလေ့ကျင့်ခန်း လွန်ကဲခြင်းကြောင့်ဖြစ်သော အဆုတ်ရောဂါ၊

၅။ ခရီးသွားလွန်ခြင်းကြောင့် ဖြစ်သော အဆုတ်ရောဂါ၊

၆။ အနာပေါက်ခြင်းကြောင့် ဖြစ်သော အဆုတ်ရောဂါ၊

၇။ ရင်ဘတ်တွင် ဒဏ်ရာဖြစ်ခြင်းကြောင့်ဖြစ်သော အဆုတ်ရောဂါ၊

၈။ အာပေါပထဝီဓာတ်တို့ လွန်ကဲခြင်းကြောင့်ဖြစ်သော အဆုတ်ရောဂါ၊

၉။ အဆုတ်တွင်းရှိ ဝါယောဓာတ်များ ပျက်စီးခြင်းကြောင့် ဖြစ်သော အဆုတ်ရောဂါ၊

၁၀။ လေ,သည်းခြေ,သလိပ် ဒေါသ(၃)မျိုး ပေါင်းစပ်ပျက်စီးခြင်းကြောင့် ဖြစ်သော အဆုတ်ရောဂါဆိုပြီး အဆုတ်ရောဂါ(၁၀)မျိုး ရှိပါတယ်'

▲ **'အဆုတ်ရောဂါမဖြစ်မီ ကြိုတင်သိရှိနိုင်တဲ့ ရှေ့ပြေးလက္ခဏာ များကို ပြောပြပေးပါဦး'**

○ 'အဆုတ်ရောဂါမဖြစ်မီ ကြိုတင်သိရှိနိုင်တဲ့ ရှေ့ပြေးလက္ခဏာများကတော့...

၁။ လက်ဝါး,ခြေဖဝါးပူခြင်း၊

၂။ နံဘေးနဲ့ပခုံးသားများ အောင့်ခြင်း,ထိုးခြင်း,နာကျင်ခြင်း၊

၃။ ချောင်းဆိုးသောအခါ သွေးစများပါလာခြင်း၊

၄။ အသံဝင် အသံတိမ် အသံပျက်ခြင်း၊

၅။ မကြာခဏဖျားခြင်း၊

၆။ အဆက်မပြတ် ချောင်းဆိုးတတ်ခြင်း၊

၇။ ဦးခေါင်း လေးလံထိုင်းမှိုင်းခြင်း၊

၈။ မျက်စိများ ဖြူနေခြင်း၊

၉။ မောပန်းနွမ်းနယ်မှုဖြစ်ခြင်း၊

၁၀။ ကြက်သား,အမဲသား စသဖြင့် အသားများ စားချင်စိတ်ရှိခြင်း၊

၁၁။ မေထုန်မှီဝဲလိုစိတ်များခြင်း

စတဲ့ လက္ခဏာများဟာ အဆုတ်ရောဂါရဲ့ ရှေ့ပြေးလက္ခဏာများ ဖြစ်ပါတယ်'

▲ **'အဆုတ်ရောဂါရဲ့ ဖြစ်ဆဲလက္ခဏာများကို ဆက်ပြီး ပြောပြပေးပါ ဆရာမ'**

○ '**အဆုတ်ရောဂါရဲ့ ဖြစ်ဆဲလက္ခဏာများကတော့...**

၁။ သွေးအန်ခြင်း၊

၂။ ရင်၌ နာကျင်ခြင်း၊

၃။ ချောင်းအလွန်ဆိုးခြင်း၊

၄။ သလိပ်နဲ့ ချွဲများထွက်ခြင်း (အဝါရောင် သို့မဟုတ် မီးခိုးရောင် ပျစ်ချွဲချွဲ သလိပ်များထွက်ခြင်း)၊

၅။ အစားအသောက်ပျက်ခြင်း၊

၆။ ကိုယ်အလေးချိန် လျော့ကျခြင်း၊

၇။ နံဘေးနဲ့ကျောကုန်းတို့ နာခြင်း

စတဲ့ လက္ခဏာများဟာ အဆုတ်ရောဂါရဲ့ ဖြစ်ဆဲလက္ခဏာများ ဖြစ်[ပါ]
တယ်'

▲ **'အဆုတ်ရောဂါဟာ ကူး[...] တတ်တဲ့ရောဂါဖြစ်ကြောင်း သိ[...] ပါတယ်၊ တိုင်းရင်းဆေးပညာရှင်အမြ[...] ပြောပြပေးပါဦး'**

○ 'အဆုတ်ရောဂါကို သိပ္ပံဆေးပည[...] ရှင်များက ပိုးလို့မြင်ကြပြီး တို[...] ရင်းဆေးပညာရှင်များက အ[...] အငွေ့လို့ ဉာဏ်အမြင်နဲ့ မြင်ကြ[...] တယ်။

ဒါကြောင့် သိပ္ပံဆေးပညာရှင်မျ[...] သိမြင်ကြတဲ့အတိုင်း ကူးစက်တတ်[...] ရောဂါဖြစ်ကြောင်း အကြွင်းမဲ့ ယုံကြ[...] လက်ခံပါတယ်'

▲ **'ဆရာမအနေနဲ့ အဆုတ်ရော[...] ကို' သုတေသနပြုပြီး၊ ကုသ[...] တယ်ဆိုတော့ အဆုတ်ရောဂါ အတွ[...] အဓိက ဘယ်ဆေးဝါးတွေ ဝါးသုံး[...] ကုသတယ်ဆို တာ သိပါရစေ'**

○ 'အဆုတ်ရောဂါအတွက် ထိ[...] ရောက်ရောက် သက်သက်သာသ[...] ပျောက်ကင်းစေတဲ့ ဆေးရွက်[...] ဆေးဥတွေကတော့ **တမာရွက်၊ လောက်သေရွက်၊ တပင်တို[...] မြနန်းဥအနီတွေကို** အဓိက ထ[...] ပြီး အဆုတ်ရောဂါ သက်သ[...] ပျောက်ကင်းစေတဲ့ သစ်ဥ၊သစ်[...] တွေအပြင် ကင်ဆာရောဂါကို က[...] ကွယ်တဲ့ သဘာဝဆေးပင်များ[...] ဝန်းရံကုသပါတယ်'

▲ **'အဆုတ်ရောဂါအတွက် ကြိုတင်ကာကွယ် စောင့်ရှောက်ရမည့်[...] များကို ပြောပြပေးပါဦး'**

○ 'ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ခြင်းဟာ ကုသခြင်းထက် ပိုခရီးရောက်ပါတယ်။ အဆုတ်ရောဂါ မဖြစ်အောင် ကြိုတင်[...] ကွယ်ချင်တယ်ဆိုရင် အောက်[...] အချက်အလက်များကို လိုက်န[...] ကျင့်ကြဖို့ လိုပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

အဆုတ်ရောဂါ မဖြစ်မီ ကြိုတင်ကာကွယ်စောင့်ရှောက်ရမယ့် အချက်အလက်တွေကတော့ အရက်နဲ့ ဆေးလိပ်သောက်ခြင်းမှ လုံးဝရှောင်ကြဉ်ရပါမယ်။ နေပူ၊ မိုးပူခံပြီး ရေချိုးခြင်းကို အထူးသတိပြုရပါမယ်။ ပဲသိုးစ ပြနေတဲ့ အစားအစာတွေကို ပြောပြီး မစားသောက်ဖို့ အထူး ဆင်ခြင်ရပါမယ်။

ဂတ်(စ်)ဌေ့နဲ့ လုပ်ကိုင်ရတဲ့ မီးခြစ်ဆက်(စ်)ထည့်လုပ်ငန်းတွေ + ဓာတုဖြစ်ပေါင်းတွေနဲ့ လုပ်ကိုင်ရတဲ့လုပ်ငန်းတွေ၊ ထင်း၊မီးသွေးနဲ့ လုပ်ကိုင်ရတဲ့ လုပ်ငန်းမျိုးတွေကို လုပ်ကိုင်ခြင်းမှ ရှောင်ကြဉ်ရပါမယ်။

နေ့စဉ် ခြင်ဆေးခွေထွန်းပြီး နေထိုင်ခြင်းမှလဲ ရှောင်ကြဉ်ရပါမယ်။ ခေတ်ကာလ အခြေအနေအရ အိမ်နီးချင်းနိုင်ငံက တရားမဝင် ခိုးဝင် ရောင်းချနေတဲ့ ကျင်ထုံခြင်ဆေးခွေဟာ အဆုတ်ရောဂါ ဖြစ်စေရုံမက သက်ကြီးရွယ်အိုနဲ့ ကလေးငယ်တွေ အသက်အန္တရာယ် ဆုံးရှုံးစေတဲ့အတွက် နိုင်ငံတော်က စီမံချက်အနေနဲ့ ဖမ်းဆီးအရေးယူနေတာ သတင်းစာတွေက တစ်ဆင့် သိရှိရပါတယ်။

အဆုတ်ရောဂါဖြစ်စေတဲ့ အဓိကအကြောင်းရင်းမှာပါတဲ့ ပတ်ဝန်းကျင်သန့်ရှင်းမှုမဖြစ်တဲ့ အပုပ်နံ့၊ အနံ့ဆိုးများကို အထူးသတိထားနေထိုင်ဖို့ လိုသလို ကိုယ်တိုင်သန့်ရှင်းပြီး မိသားစုများလဲ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိဖို့ လိုပါတယ်။

ယနေ့ခေတ်ကာလ ရေသန့်အမျိုးမျိုး ပေါ်နေပေမယ့် ထုတ်လုပ်မှုအားလုံးဟာ ရေသန့်မဟုတ်ကြောင်း သတင်းစာ ရှင်းလင်းပွဲတစ်ခုမှာ ထုတ်ဖော်လာမှတ်သားမိပါတယ်။ ဒါကြောင့် ရေကိုကျိုချက်ပြီး ရေကျက်အေးအဖြစ်နဲ့ သောက်သုံးဖို့လိုသလို လက်ဖက်ခြောက်နဲ့သောက်တဲ့ ရေနွေးကြမ်းကို သောက်ဖို့ လိုအပ်ပါတယ်။

အစားအသောက်များအနေနဲ့ ဘဲသား၊ ဝက်သား၊ အမဲသား၊ ပင်လယ်ငါးအမျိုးမျိုးတို့ကို ရှောင်ကြဉ်နိုင်ရင် အကောင်းဆုံးပါပဲ။ အကင်မျိုးစုံနဲ့ ပုစွန်ချဉ်၊ မျှစ်ချဉ်၊ မြေအောင်းသတ္တဝါများကို ရှောင်ကြဉ်စားသောက်မယ်ဆိုရင် ရောဂါမျိုးစုံ ကာကွယ်ပြီးသားဖြစ်ပါတယ်။

အရည်ရွှမ်းတဲ့ သစ်သီးမျိုးစုံကို ရာသီအလိုက် စားသောက်ခြင်းဟာလဲ ကျန်းမာရေးကို အထောက်အကူပြုပါတယ်။

နွားနို့ ဒိုဟာတင်၊ ဟောလစ် စတဲ့ အားဖြစ်စာများကို ရံဖန်ရံခါ စားသောက်ခြင်းဟာလဲ အဆုတ်ရောဂါ သာမက အာဟာရနည်းရောဂါအတွက် အထောက်အကူပြုပါတယ်။

နောက်ဆုံး ပြောချင်တာကတော့ တစ်လင်တစ်မယားစနစ် ကျင့်သုံးပြီး မေထုန်လွန်ကျူးခြင်းမှ ရှောင်ကြဉ်မယ်ဆိုရင် အဆုတ်ရောဂါသာမက ရောဂါအမျိုးမျိုးကို ကာကွယ်ပြီးသားဖြစ်ကြောင်း ပြောကြားခဲ့ပါရစေ'

▲ **'ကျေးဇူးတင်ပါတယ် ဆရာမ'**

ဆရာမ ဒေါ်အေးမူနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...

**ဆရာမ ဒေါ်အေးမူ**
သရဖူတိုင်းရင်းဆေးခန်း
အမှတ်(၂၀၆)၊ အခန်း(၃)၊ ချယ်ရီလမ်း၊
(၂၅)ရပ်ကွက်၊ သုဝဏ္ဏမြို့၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၃၀၉၅၁၈၉

**မြောင်းမြ မောင်ယဉ်တင့်**

**စာမျက်နှာ (၂၁၃)မှ အဆက်**

ပုလင်းတစ်လုံးလာ "ဦးရှာပလော" ဟု မေးနိုင်(၃)ခေါက် မေးပြီး အဖိနပ်တော် မြန်၍ ရိုက်ပါ။ လူနာရောဂါ ပျောက်ကင်းချမ်းသာပါလိမ့်မည်။

**နောက်တစ်ဆင့် ကုသရန်**

အထက်ပါ ကုသနည်းများဖြင့် မရလျှင် (သို့မဟုတ်) လူနာသည် ရောက်လာကတည်းက သောက်ခန်းနေခြင်း ... သိမ်းမသွားတော့ဘဲ သွေးဝမ်းသွားနေခြင်း၊ ... တပျစ်ပျစ် ဖြစ်နေသည်ဆိုလျှင် နံပါတ်(၁) ဆေးဖြင့် လူနာ၏ ဦးခေါင်းကို သွေးများများ ထွက်စေရန် ခပ်နာနာ တို့ပေးပါ။

နံပါတ်(၄)ဆေးကို ရွှေဆေးတစ်ခြမ်းခန့် ထိုးထားသည့် နေရာများကို သိပ်ပေးပါ။ နံပါတ်(၁)ဆေးကို အထက်ပါ အစဉ်(၃) အတိုင်း ချက်ချင်းတိုက်ပါ။

ထိုအခြေမှ မကောင်းလျှင် နံပါတ် (၄) ဆေးကို ရေတော်ကောင်းရေနှင့် ... တစ်ခေါက် ... လေး အခြေအနေအရ တိုက်ပါ။

[illegible]

နံပါတ်(၁)ဆေးကိုလည်း အထက်ပါ အစဉ်(၃)အတိုင်း ထပ်တိုက်ပါ။ ... ဖြစ်ပါသည်။

[illegible]

**ရိုရိုထွန်း(ဟသ်ာတ)**

[illegible]

www.burmeseclassic.com

နဝလောကုတ္တရာ ဂိုဏ်းတော်ကြီးဝင် ဆရာသခင်တို့သည် မြွေဆိပ်နှင့်ပတ်သက်၍ ဂိုဏ်းတော်ကြီး၏ ကုထုံးကုကွက်(မူရင်း)ဖြင့်သာ အစဉ်တစိုက်ကုသလေ့ရှိပါသည်။ အခြား အခက်အခဲရှိမှသာ မူသစ်ကို အသုံးပြုကြပါသည်။

### ကုထုံးကုကွက်(မူရင်း)

ဆရာလာပင့်သောသူကို သောက်၍ကုန်နိုင်ရုံ အခပ်နိုင်းပြီး (ကော်ရေခွက်)...

'ဥုံ အာဒိယတ္တ အာရှမောရုံ နာဂတံ ဥုံစိစိုပိုပတ္တ သွားဟ'

ဟု ယင်းဂါထာဖြင့် (၉)ခေါက်မန်းပြီး ခွက်လှန်(လက်ပြန်)ရေတိုက်ပါ။

ထို့နောက် ရေခွက်ကို ဦးခေါင်းပေါ်မှ ကျော်ပစ်လိုက်ပါ။ ရေခွက်သည် ပက်လက်ကျလျှင် ပင့်ရာလိုက်ပါ။ စောင်းလျက်ကျလျှင်လည်း ပင့်ရာလိုက်ပါ။ ရေခွက်၏ မှောက်လျက်ကျလျှင် မလိုက်နှင့်။ လူနာသေနှင့်တတ်သည်။ သတိဆင်ခြင်၍ လိုက်ရန်ဖြစ်သည်၊

ထို့နောက် လာပင့်သူကို...

'ဥုံ ဗုဒ္ဓေါ ဗုဒ္ဓါ ဓမ္မော ဓမ္မာ၊ သံဃော သံဃာ၊ ရတနာသုံးပါး ဦးထိပ်ထား၍ ဘုရားသခင် ရွှေပလ္လင်အောင်မြင်သည်ကို မဟုတ်တုံလော၊ ဥုံဗုဒ္ဓမြေ ဓမ္မမြေ သံဃမြေ မြေဩဇာမြေ'

ဟု ယင်းမန္တန်နှင့် ရေကို(၉)ခေါက်မန်းတိုက်ပါ။ **(ဆရာမှ "ငါ မလာမချင်း အဆိပ်မတက်စေရ" ဟုပြော)**၍ လာပင့်သူက အပြန်လမ်းတွင် မည်သူကိုမှ စကားမပြောနှင့်။

လူနာထံ ရောက်လျှင် ထိပ်ကို(၃)ကြိမ်ပုတ်၍ အထက်ပါအတိုင်း ဆရာမလာမချင်း လူနာ အဆိပ်မတက်



◆ နဝလောကုတ္တရာဂိုဏ်း၊ ဆရာသခင်များ၏ အလှူရှင်တပည့်ရင်းများ မြေသနစ်

နဝလောကုတ္တရာဂိုဏ်းတော်ကြီး၏

# မြွေဖော်ဝညာ

ရဲရဲလွန်း (တာသာတ)

နှင့် အဆိပ်ကုထုံးကျမ်း (၂)

တော့ပြီ။

ဆရာမှ လူနာထံသို့ ရောက်လျှင် လူနာကို ခြေထောက်ဆင်းခိုင်းထားပြီး ဦးခေါင်းကို ကိုင်၍ အမိန့်တော်ပြန်ပါ။

ထို့နောက် သန့်ပြန့်သော အဝတ်အထည်၊ ပဝါ၊ ဆူးမပါသော သစ်ခက်(၉)ခက် (ပင်ယောင်၊ နွယ်ယောင်မဌဖြစ်စေရ) အခက်ဖြစ်ရမည်။ ဓားဖြင့်မခုတ်ယူရ (လက်ဖြင့် တစ်ခက်ချင်းချိုးယူရမည်။)

ထို့နောက်...

'ဥုံကုသုပလာဝ လဿနဿ ဗုဒ္ဓေါမဟာပလာဝ လဿနဿ ဗုဒ္ဓေါ ဗုဒ္ဓေါ ဗုဒ္ဓေါ ဗုဒ္ဓေါမေ သတ္တုပါကာရေ'

ဤမန္တန်ဖြင့် (၉)ခေါက် မန်း၍ တစ်ခက်ချင်း (၉) ချက်ရိုက်ချ၊ အဆိပ်ကို အမိန့်ပေး၍ သစ်ခက်ဆီသို့ ကူးခိုင်း၊ ပြီးလျှင် ယင်းသစ်ခက်ကို ဝေးရာ(ရေထဲ)သို့ လွှင့်ပစ်ခိုင်းပါ။ လူနာ မထိမကိုင်စေနှင့်။

ဆက်လက်ပြီး ချည်ခင်ကို ကျယ်ကျယ် လူ့ခန္ဓာ စွပ်ဝင်နိုင်အော (၉)ပင်ခွေ၍ အထက်ကအ **"ဥုံကုသုပလာဝ လဿနဿ မဟာပလာဝ လဿနဿ ဗုဒ္ဓေါ ဗုဒ္ဓေါ ဗုဒ္ဓေါ မေ သ ကာရေ"** ဟူ၍ မန္တန် (၉)ခေါက်မ လျှင် လူနာကို (ခေါင်းကစွပ်၊ ထောက်ကချွတ်) (၃)ကြိမ်စွပ်၊ ကြိမ်ချွတ်လေ (၁)ကြိမ် စွပ်ပြီး၊ ချွ လျှင် လူနာကို ဆရာက **"ဆုတ်"** ပြောရမည်။

ထိုကဲ့သို့ ကုသပြီးနောက် ပယောဂ၊ ရွာပယောဂ၊ အစ အတိုက်အခိုက်ပညာများအပြင် ဆိပ်ပါ ထွက်သွားပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

အကယ်၍ လူနာမထနိုင်လျှင် ဆရာမှ ဘေးအကူနှစ်ယောက်၏ ထိပ်ကို ပုတ်၍...

'မဆိုင်သူမလာရ၊ ငါခေါ်တဲ့ သူပဲလာ'

ဟု ပြောပြီး ထိပ်ကို (၁)ချက်စီပုတ်၍ ခေါ်၊ ပြီးလျှင် လူနာကို တစ်ယောက်က မတ်တတ်ထူပေးပြီး ဆရာနှင့် နောက်တစ်ယောက်က ချည်မန်းကွင်းကို တစ်ယောက် တစ်ဖက်ကိုင်ပြီး ဦးခေါင်းမှ စွပ်ပြီး ခြေမှ ချွတ်ပါ။

အဆိုပါ ချည်မန်းကွင်းဖြင့်(၃)ကြိမ်တိုင်တိုင်ပြည့်အောင် စွပ်ပါ၊ ချွတ်ပါ။ ထို့နောက် ယင်း ချည်မန်းကွင်းနှင့် သစ်ခက်(၉)ခက်ကို ရောချည်ပြီး စွန့်ပစ်လိုက်ပါ။

ကုသပြီးနောက်...

'ဦးဂုဏ္ဍံတား ဖယ့်တား သံဃံတား တားဆြာတား၊ ဂဠုန်မင်းသားဆီး၍ တား'

ဟု ရွတ်ဆိုပါ။ သို့မဟုတ်...

'ဦး မြွေပွေးကြီးသား နဂါးတစ်ထောင်၊ ဂဠုန်တစ်ကောင်စားရင် ကုန်ပြီတကား'

ဟု ရွတ်လိုက်၍ ထုံးကို (၉)ခေါက်မန်းပြီး ကိုက်ရာ၏ ဒဏ်ရာအထက် သုံးတန်းတားလေ၊ မြွေဆိပ်ပြန်မတက်ရဲတော့ပါ။ မည်သည့်ပိုးမွှား အဆိပ်ဖြစ်စေကာမူ တားနိုင်ပါသည်။

## ကျွဲနွားကုထုံး

ကျွဲနွားများ မြွေဆိပ်သင့်ပါက မြက်ကို(၃)ထုံး၊ (၅)ထုံးဖြစ်စေ၊ (၉)ထုံးဖြစ်စေ နွားအမြီးတွင် ချည်ပြီး **"ဦး ဖုဋ္ဌသာ လောက ဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ၊ အသောကံ ဝိရဇံ ခေမံ"** ယင်းဂါထာဖြင့် (၉)ခေါက်မန်း၍ နွားကို ကျွေးပြီး ထိပ်ကို လက်ဖြင့် ပုတ်ချပါ။

ခွေးဆိုလျှင် ကန်စွန်းရွက်ကို ယင်းဂါထာဖြင့် (၉)ခေါက်မန်း၍ ထုခြေပြီး တိုက်ပါ။ ပြီးလျှင် ခွေးထိပ်ကို လက်ဖြင့် ပုတ်ချ အဆိပ်ကျ၏။

## ကုထုံးကုကွက်(မူသစ်)

ကုထုံးကုကွက်(မူရင်း)အပြင် (မူသစ်)ကိုလည်း ဉာဏ်ရှိသရွေ့ အသုံးပြုနိုင်ပါသည်။ မည်သည့် ကုထုံးဖြစ်စေ သတ္တဝါအပေါင်း အသက်ရှင်သန်ဖို့ရန် အရေးကြီးပါသည်။

ကုထုံးကုကွက် (မူရင်း)အတိုင်း ကုသပါက အဆိပ်မည်မျှပင်တက်နေပါစေ ပျောက်ကင်းမည်သာ ဖြစ်ပါသည်။

သို့သော် အဆိပ်သည် နှလုံး၊ ကျောက်ကပ်နှင့် ဦးနှောက်၊ အာရုံကြောများသို့ ရောက်၍ ခိုကပ်နေပါက မလွယ်ကူချေ။

မူရင်းကုထုံးအတိုင်း ကုသပါက ရကောင်းလည်း ရနိုင်ပါသည်။ သို့ သော် မူသစ်ကုထုံးနှင့်လည်း အသက်ရှင်ရေးအတွက် ကုသနိုင်ပါသည်။

ဆရာတိုင်းလွန်နေသည့် လူနာများကို ကုသဖူးမည် ဖြစ်သည်။ သို့သော် မူရင်းကုထုံးအတိုင်း အဆိပ်ကို ချရင်းနှင့်ပင် လူနာသည် အသက်ဆုံးရှုံးမှု ဖြစ်သည်ကို ကြုံတွေ့ဖူးမည်ဖြစ်သည်။

ထိုအချိန် ဆရာတစ်ဦး၏ ခံစားမှုကို ဆရာများပင် နားလည်ပါလိမ့်မည်။ ပညာမကောင်း၍ မဟုတ်ပါ။ ပညာအပေါ် သံသယဖြစ်စရာမလိုပါ။

တစ်ခါတစ်ရံ ဆရာ၏ စေတနာနှင့် လူနာနှင့်ကံတို့သည် လွဲချော်တတ်သည်ကို သတိပြုရမည် ဖြစ်ပါသည်။

မြွေများသည် သူ့အဆိပ်နှင့်သူ၊ သူ့တန်ခိုး ဣဒ္ဓိပါဒ်နှင့် သူရှိသည်။ ဆရာများပင် မကိုင်အပ်သည့် မြွေဆိုတာလည်း ရှိသည်။

သွေးလွှတ်ကြောကို ကိုက်ခြင်းမှာလည်း ကုသသည့်နေရာတွင် အများကြီး ကွာခြားလှပါသည်။ ထို့ကြောင့် ယခုဖော်ပြပါ ကုထုံးမူသစ်ကို ရေးသားဖော်ပြရခြင်း ဖြစ်ပါသည်။

ကုထုံးအသစ် ဆေးတော်ကြီးကို အောက်ပါအမှတ်စဉ်များဖြင့် ဖော်ပြအပ်ပါသည်။

**နံပါတ်(၁)ဆေး** =တေဇောကဓာတ်ပေါင်းရည်+ မြွေဆေးတော်ကြီး။
**နံပါတ်(၂)ဆေး** =တေဇောက ဓာတ်ချိုးမှုန့်+သံပရာရည်
**နံပါတ်(၃)ဆေး** = မှတေဇောက ဓာတ်ချိုးအမှုန့်၊
**နံပါတ်(၄)ဆေး** = လေးပါးရှောင် ဓာတ်ဆေး။
**နံပါတ်(၅)**ကိရိယာ=ဖလ်ဆေးထိုး အပ်ထိပ်ကို သွေး၍ ဖြတ်ထားပြီး ~ **"တွင်"** လုပ်ထားပါ။

လူနာတစ်ယောက်ကို မူရင်းကုထုံးအတိုင်း အဆိပ်ချ၍ မရသော် အောက်ပါ ဆေးတော်များအတိုင်း ကုသရပါမည်။

၁။ နံပါတ်(၁)ဆေးနှင့်လူနာ၏ ဦးခေါင်းဂုတ်တွင် စုတ်အတို (ဒဏ်ရာကုသရန်အတွက် သီးသန့်လုပ်ထားပါ)နှင့် ဆေးဝင်အောင် ပေါက်ပေးပါ။

၂။ ဒဏ်ရာကို ယင်းစုတ်နှင့်ပင် နံပါတ်(၂)ဆေးနှင့် အထက်မှ အောက်သို့ စုန်၍ ဒဏ်ရာတစ်ပိုက် ပတ်လည် ထိုးပေးပါ။ မညှာပါနှင့်။ သွေးထွက်အောင်၊ သွေးကောင်းထွက်အောင် ထိုးပေးရန် လိုအပ်ပါသည်။

သွေးကောင်း ထွက်လာသည့်အခါ ထိုးထားသော နေရာများတွင် နံပါတ်(၃)ဆေးကို သိပ်ပေးရပါမည်။

၃။ နံပါတ်(၁)ဆေးကို ပင်နယ်ဆလင်


စာမျက်နှာ (၂၁၀) သို့
www.burmeseclassic.com

www.burmeseclassic.com


[illegible]

# မိတ်ဆွေဖြစ်သွားမည့် ဖဲချပ်များ (၅

ဟန်ဝင်းနိုင်

## Madame Lemormand's Methad

| | | | |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| စီမံကိန်းရည်ရွယ်ချက် | စိတ်ကျေနပ်မှု | အောင်မြင်မှု | မျှော်လင့်ချက် |
| ၅ | ၆ | ၇ | ၈ |
| စွန့်စား လုပ်ဆောင်ရမှု | အလိုဆန္ဒ | မတရားမှု | ကျေးဇူးမသိတတ်မှု |
| ၉ | ၁၀ | ၁၁ | ၁၂ |
| အသိအကျွမ်းများ | ဆုံးရှုံးမှု | စိတ်နာကြည်းမှု | မြေယာနှင့်ပိုင်ဆိုင်မှု |
| ၁၃ | ၁၄ | ၁၅ | ၁၆ |
| ပျော်ရွှင်မှု | အချစ်ရေး | ကံကောင်းခြင်း | ထိမ်းမြားမှု |
| ၁၇ | ၁၈ | ၁၉ | ၂၀ |
| စိတ်ဆင်းရဲမှု | စိတ်ချမ်းမြေ့မှု | အမွေဆက်ခံရမှု | အထိမ်ခံရမှု |
| ၂၁ | ၂၂ | ၂၃ | ၂၄ |
| မြင့်တက် | လက်ဆောင်ပဏ္ဏာ | ချစ်သူ | ထိုးတက်မှု |
| ၂၅ | ၂၆ | ၂၇ | ၂၈ |
| အကျိုးကျေးဇူး | စီးပွားရေး လုပ်ငန်းကြီးများ | အပြောင်းအလဲ | အသက်အန္တရာယ် |
| ၂၉ | ၃၀ | ၃၁ | ၃၂ |
| ဆုလာဘ် | ဂုဏ်ကျက်သရေ ပျက်မှု | ကောင်းသောကံ အကျိုး | ဥစ္စာဓန |
| ၃၃ | ၃၄ | ၃၅ | ၃၆ |
| လျစ်လျူရှုခံရခြင်း | မျက်နှာသာပေး ခံရခြင်း | ရည်မှန်းချက် | ကျန်းမာရေး |




MADAME LENORMAND'S METHOD

ဖဲ(၃၆)ချပ်ကို မေးခွန်း မေးလိုသူအား ကုလားဖန် ထိုးစေပြီး နှစ်ပုံ ချိုးရမည်။ ထို့နောက် ဖဲအပုံပြုပြီး စာမျက်နှာ (...)တွင် ဖော်ပြ ထားသည့် အတိုင်း တစ်တန်းလျှင် (၉)ချပ်ဖြင့် (၄)တန်း ဝေရမည်။

ထိုအခါ ဖဲချပ် (၃၆)ချပ်သည် စားပွဲပေါ်တွင် နေရာယူထားပေမည်။ ထိုဖဲများ၏ ဘယ်ဘက်ထိပ်သည် အမှတ်တစ်ဖြစ်ပြီး အစဉ်လိုက် (၃၆)တွင် ဆုံးမည်။

မေးခွန်း (၃၆)မျိုး၏ အဖြေများကို ထိုဖဲ(၃၆)ချပ်၏ (position)အနေအထားအရ ပြောကြ နိုင်သည်။ **ဥပမာ** – အောင်မြင်ရေး အခြေအနေကို ကြည့်ပါက ပုံတွင် အောင်မြင်ရေးသည် အမှတ်စဉ် (၃)တွင် ရှိသည်။ ထို့ကြောင့် အမှတ်စဉ် (၃)တွင် ကျရောက်နေသော ဖဲချပ်ကို ကြည့်ပါက အောင်မြင်ရေး အခြေအနေကို အတိအကျ ဟောနိုင်ပေသည်။


**သတိချပ်ရမည်မှာ** ဤလုပ်ငန်းစဉ်ကို နှစ်ကြိမ်မြှုလုပ်ရမည်။ ပထမအကြိမ်မှာ အလွန်နီးကပ်သော အနာဂတ်ဖြစ်ပြီး ဒုတိယအကြိမ်မှာ အနည်းငယ်ကွာလှမ်းသော ကာလတွင် ဖြစ်ပေါ်မည့် အခြေအနေဖြစ်သည်။ အကြိမ်တိုင်းတွင် ကုလားဖန်ထိုးရမည်ဖြစ်ပေမည်။

ယခု အောက်တွင် မေးခွန်း(၃၆)ခုနှင့် ယင်းတို့ ကျရောက်နေမည့် အမှတ်စဉ်



www.burmeseclassic.com

www.burmeseclassic.com



...များကို ဖော်ပြသွားပါသည်။ ပုံနှင့် ...တိုက်ဆိုင်ကြည့်နိုင်သည်။ တစ်ပါ ...ည်း ထိုအမှတ်စဉ်များတွင် ကျ ...ရောက်သည့် ဖဲအပွင့် အမျိုးအစားအရ ...တ်ယူရမည့် အဟောများကိုလည်း ...ဖော်ပြသွားမည်။

၁ စီမံလျာထားချက်(Project)

**ဟတ်** – စီမံလျာထားချက်များ ...အောင်မြင်မည်။

**ညှင်း**–သင့်အောင်မြင်ရေးအတွက် ...တ်ချ ယုံကြည်ရသော မိတ်ဆွေတစ် ...ယောက်က ဆောင်ရွက်ပေးလိမ့်မည်။

**ဒိုင်းမွှန်း** – မနာလိုဝန်တိုမှုများနှင့် ...ဟန့်အတားများကြောင့် အခက်အခဲ ...များ တွေ့ရမည်။

**စပိတ်** – လှည့်ဖျားမှုများနှင့် နှောင့် ...နှေးကြာမှုများ ကြုံရမည်။

၂ စိတ်ကျေနပ်မှု

**ဟတ်** – သင်၏ဆန္ဒ အပြည့်အဝ ...ကောင်း အထည်ပေါ်မှာပါ။ သင့်ကို ...ချစ်လျော့သူများ စောင့်စားနေကြပါ ...သည်။

**ညှင်း** – သစ္စာစောင့်သိသူများက ...အခက်အခဲများကို ကျော်လွှားစေပြီး ...ပျော်ရွှင်မှုကို ပေးမှာပါ။

**ဒိုင်းမွှန်း** – ဝန်တိုမှုများကြောင့် ...ပေါ်လာရသော ပြဿနာများ ရှိနေ ...သည်။

**စပိတ်** – လိမ်လည်မှုသည် သင်၏ ...ပျော်ရွှင်ရလိုမှု မျှော်လင့်ချက်ကို ပျက် ...ပြယ်စေမည်။

၃ အောင်မြင်မှု

**ဟတ်** – ပျော်ရွှင်မှု၊ အောင်မြင်မည့် ...အခွင့်အလာကောင်းများ သင့်ကို ...စောင့်လျက် ရှိသည်။

**ညှင်း** – မိတ်ဆွေသင်္ဂဟ၏ အကူ ...အညီဖြင့် သင့်ဆန္ဒများနှင့် စီမံကိန်း အောင်မြင်မှုကို ရရှိနိုင်သည်။

**ဒိုင်းမွှန်း** – မယုံကြည်ရမှုများ၊ ဝန်တိုမှုများကြောင့် အခက်အခဲများ ပေါ်ပေါက်မည်။ သို့သော် သင်၏ ကောင်းကျိုးခံစားရမည့် အကျိုးဆက်များကြောင့် အောင်မြင်မည်။

**စပိတ်**–အလိမ်ခံရမည်။ အောင်မြင်မှု မျှော်လင့်ချက် အနည်းငယ်သာ ရှိသည်။

၄။ မျှော်လင့်ချက်

**ဟတ်** – သင့်အလိုဆန္ဒပြည့်ဝမည်။

**ညှင်း** – အလိုဆန္ဒအတိုင်း ရရှိရန် အခွင့်အလမ်းကောင်းများ ရှိနေပါသည်။ သို့သော် အခွင့်အလမ်းများ ထမြောက်အောင်မြင်စေရန် ကြိုးစားအားထုတ်မှု ပြုရပါမည်။

**ဒိုင်းမွှန်** – ပေါ့ပါးစွာ တည်ဆောက်ထားခဲ့သော မျှော်လင့်ချက်များသည် အလဟဿ ဖြစ်သွားမည်။

**စပိတ်** – မိုက်မဲသော မျှော်လင့်ချက်များ သင့်ကို ရစ်ပတ်လွှမ်းခြုံနေမည်။ ယင်းတို့ကို အမြစ်ပါမကျန် ခုတ်လှဲပစ်ရန် လိုသည်။

၅။ စွန့်စားလုပ်ဆောင်ရမှု

**ဟတ်** – မမျှော်လင့်သော ဆုလာဘ်များအဖြစ် သင့်ကံကောင်းမှုသည် သင့်ထံ ရောက်ရှိလာမည်။ သင် စွန့်စားမြှုပ်နှံထားမှုများသည် ကောင်းသော အကျိုးရလာဒ်များကို ဖြစ်ပေါ်စေမည်။

**ညှင်း**–ယခုအခြေအနေထက် ပိုမိုကောင်းမွန် လုံခြုံစိတ်ချရသော အခြေအနေသို့ ရောက်ရှိမည်။ သင့်တင့်သော အောင်မြင်မှုရမည်။

**ဒိုင်းမွှန်း** – စွန့်စားရင်းနှီးရမှုများမှာ ငွေပေါ်နိုင်သည်။ သင့်ပတ်ဝန်းကျင်မှာ မသေချာ မရေရာသော ပတ်ဝန်းကျင် ဖြစ်နေမည်။ ဤနံပါတ်(၅)နှင့် ထိစပ်နေသော အခြားဖဲချပ်များကို ကိုးကားရမည်။

အကယ်၍ ကောင်းသော ကတ်များဖြစ်သည့် ဟတ်နှင့်ညှင်းဖြစ်ပါက ကောင်းသည်။ ဒိုင်းမွှန်းဖြစ်ပါက ငွေကြေးကို ပြသည်။ စပိတ်ဖြစ်ပါက ရေဘေး၊ မီးဘေးနှင့် မမျှော်လင့်သော အကြောင်းများကြောင့် ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သည်။

**စပိတ်**–အလွန်ဆိုးဝါးသော စွန့်စားလုပ်ဆောင်မှုဖြစ်သည်။ ကံဆိုးမှုများသာ မျှော်လင့်ရှိရသည်။ သူခိုး ခိုးခံရမှု၊ အရှုံးပေါ်မှုနှင့် ဒေဝါလီခံရမှုများ ကြုံနိုင်သည်။

၆။ အလိုဆန္ဒ

**ဟတ်**–သင် အလိုလားအတောင့်တဆုံးသောဆန္ဒ ပြည့်မြောက်မည်။

**ညှင်း** – မိမိ၏ကြိုးပမ်းမှုတွင် အခြားသူများ၏ အကူအပံ့ကို ဖြည့်စွက်ခြင်းအားဖြင့် ဆန္ဒပြည့်ဝမည်။

**ဒိုင်းမွှန်း** – အခြားသူများသည်လည်း သင့်အလိုဆန္ဒအတိုင်း စိတ်ဝင်စားမှု ရှိနေကြသည်။ ရောင့်ရဲမှုဖြစ်ပေါ်မည်။ စွန့်စားဆောင်ရွက်ရမည့် လုပ်ငန်းများတွင် ဆုံးရှုံးနိုင်ချေရှိသည်။

**စပိတ်** – သင့်အလိုဆန္ဒကို အခြားဆန္ဒတစ်ခုဖြင့် ပြောင်းလဲအစားထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

သင့်အလို ဆန္ဒသည် မပြည့်ဝနိုင်ပါ။

၇။ မတရားမှု

**ဟာတ်** – မတရားမှုတစ်ခုကို သင်ဆိုင်နေရပြီ။ သို့သော် သင် လျော်ကြေး အပြည့်အဝ ရရှိလိမ့်မည်။ သင့်ရပိုင်ခွင့်များကို အသိအမှတ် ပြုလာရလိမ့်မည်။

**ညှင်း** – ကြားဝင် ဆောက်ရွက်ပေးသူတစ်ဦးကို အသုံးပြုပါ။ သင်နှင့် ထိုက်သင့်သော အသိအမှတ်ပြုခံရမှုများကို မျှော်လင့်နိုင်သည်။

**ဒိုင်းမွန်း** – လက်ဆောင်များပေးခြင်းဖြင့် အရေးကိစ္စကို အပြောင်းအလဲလုပ်ပါ။ သင်လျှောက်ရမည့် လမ်းခရီးတွင် စိတ်အနှောင့်အယှက် ဖြစ်ခြင်းမှတစ်ပါး အခြားပြဿနာကြီးများ မရှိနိုင်ပါ။

**စပိတ်** – သင်လုပ်ခဲ့သော အမှားများကို မေ့လိုက်ပါ။ မိမိကို မတရားပြုလုပ်နေသူများကို အခွင့်အရေးသစ်များ ပေးသလို ဖြစ်နေမည့် ဆင်ခြင်ပေးခြင်းများကို မပြုလုပ်ပါနှင့်။


၈။ ကျေးဇူးမသိတတ်သူများ

**ဟာတ်** – သင့်ကို ကျေးဇူးကန်းခဲ့သူများက မှားယွင်းကြောင်း အသိပေးလိုစိတ်များ ပြင်းပြနေကြောင်း သိရသည့်အတွက် သင်ကျေနပ်နှစ်သိမ့်မှု ဖြစ်ရမည်။

**ညှင်း**–သင်ခံစားခဲ့ရသော ကျေးဇူးမသိတတ်မှုများကို သင့်မိတ်ဆွေများက ပြန်လည်ပေးဆပ်မည်။

**ဒိုင်းမွန်း** – သင် စိတ်အနှောင့်အယှက် မဖြစ်ပါစေနှင့်။ မနာလိုမှုတစ်ခုတည်းသာ ကျေးဇူးမသိတတ်မှု၏ အရင်းအမြစ် ဖြစ်ပါသည်။

**စပိတ်** – သင့်ကို ပြုဖူးခဲ့သည့်အတိုင်း အခြားသူများကို ပြုဖူးပေလိမ့်မည်။ စိတ်မချမ်းမြေ့မှုများကို ဖြစ်ပေါ်မည်။



၉။ စိတ်ကျေနပ်မှု

**ဟာတ်**–သင့် အပေါင်းအသင်းများသည် သင့်ကို အကျိုးဖြစ်ထွန်းစေမည်။ တစ်စုံတစ်ခုသော မိတ်သင်္ဂဟဖြစ်မှုသည် သင့်ကို တိုးတက်ဖြစ်ထွန်းစေမည်။

**ညှင်း** – သင့်မှာ မိတ်ဆွေသူငယ်ချင်းကောင်းများ ရှိနေပါသည်။ သူတို့ကို လျစ်လျူရှုမထားပါနှင့်။

**ဒိုင်းမွန်း** – သူငယ်ချင်း အပေါင်းအသင်းများကြားတွင် မနာလိုမှုများ၊ စိတ်ဝမ်းကွဲမှုများ ဖြစ်ပေါ်မည်။

**စပိတ်** – သူငယ်ချင်း မိတ်ဆွေများကို ရွေးချယ်ပေါင်းသင်းပါ။ သင့်ကို သစ္စာဖောက်မှုတွေ့ကြုံရပါက အံ့ဩမနေပါနှင့်။ သင်သည် အခြားသူများ၏ အသုံးချခြင်းခံရမည်။ မိတ်ဆွေများထံမှ အနည်းငယ်သာ အကျိုးကျေးဇူးသာ ရရှိမည်။

၁၀။ ဆုံးရှုံးမှု

**ဟာတ်** – ကျေးဇူးရှင်များနှင့် စိတ်ထားကောင်းသူများ၏ ဆုံးရှုံးမှုများအတွက် သင်ပြင်ဆင်ထားပါ။

**ညှင်း** – မိတ်ဆွေတစ်ယောက်၏ ဆုံးရှုံးမှုများကြောင့် သင်၏ အရေးကိစ္စကို ဆိုးရွားကြမ်းတမ်းစွာ ရိုက်ခတ်မှု ရှိလာမည်။

**ဒိုင်းမွန်း** – သင်၏ ပိုင်ဆိုင်မှုများနှင့် အကျိုးစီးပွားအားလုံးကို လုံခြုံမှုရှိပါစေ၊ ဆိုးရွားသော ဆုံးရှုံးမှုဟူသော အန္တရာယ်သည် လက်တစ်ကမ်းတွင် ရောက်ရှိနေသည်။

**စပိတ်** – လိမ်လည်မည့်သူသည် သင့်အနီးတွင် ရောက်နေသည်။ ဆုံး ခြင်းမှ ဖြစ်ပေါ်မည့် ပူဆွေးရမှုသည် သင့်ကို စောင့်မျှော်နေသည်။ သူ သူဝှက်နှင့် မှားယွင်းသော ရင်းနှီးမြှုပ် များကို သတိပြုပါ။

၁၁။ စိတ်နာကြည်းမှု

**ဟာတ်** – သင်၏ မေတ္တာထားမှု က သင့်ကို နာကျင်ခံစားရမှု များဖြစ် မည်။

**ညှင်း** – မိတ်ဆွေများနှင့် ပေ သင်းခြင်းမှ ဝမ်းနည်းခြင်းများ ကြုံ ရမည်။

**ဒိုင်းမွန်း** – သင်၏ အကျိုးစီး များနှင့် လုပ်ငန်းများသည် စိတ် ခံစားရမှု ပေးလိမ့်မည်။

**စပိတ်** – ပူဆွေးဝမ်းနည်းရမှု လက်ဝယ်ရောက်နေပြီ။ အရာ အတွက် ပြင်ဆင်ထားပါ။

၁၂။ မြေယာနှင့် ပိုင်ဆိုင်မှု

**ဟာတ်** – သင်သည် တစ်နေ့ထ တစ်နေ့ အောင်မြင်ခြင်းဆီသို့ ဦးတ နေသည်။

**ညှင်း** – သင်၏ ဆောင်ရွက်မှု မိတ်ဆွေများကြောင့် သင်၏ ပိုင်ဆို များ တိုးပွားလာမည်။

**ဒိုင်းမွန်း** – စိုးရိမ်ပူပန်ရမှုများ အတူ မိမိကို ဆန့်ကျင်သော ဆန့် ဘက်အင်အားစုများကို ရင်ဆိုင် ပိုင်ဆိုင်မှုတိုးပွားမည်။

---

ရွှေလ ဆက်ဖတ်ပါရန်

---

ဟန်ဝင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com

# ဘုန်းဘုရား ဘိုးပေါက်ဆိန်

ဦးဝိဇ္ဇာခရ

ရွှေမော်မြေ
မောင်ကြာသိန်း



ဝိဇ္ဇာခရ ဘုန်းဘုရား ဘိုးပေါက်ဆိန်ပုံတော်

ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်ခေါ် ဦးဝိဇ္ဇာခရသည် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ စည်ပင်ပြန့်ပွားအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် စွယ်စုံရ ဆရာတော်ကြီးဟု ခေါ်ဆိုနိုင်ပါသည်။

## ဆရာတော်ကြီး၏ ထင်ရှားသော တပည့်များ

ပုပ္ပါး–ပုဂံ သာသနာပြုအကျော် ဦးပရမဝဏ္ဏသဒ္ဓိ(ခ)ယောဂီဦးပြည့်စုံ လေးမာန်အောင် ဆရာတော် အိန္ဒိယ၊ ကြည့်မြင်တိုင် သဘာဝဓမ္မ ဆရာတော်ဦးစိန္တာ၊ အင်းစိန် စော်ဘွားကြီးကုန်း ပထမဆေးဝက်ပါ ဆရာတော် ဦးသူရိယ၊ အောင်လံကိုးသိန်း ကျောင်းဆရာတော်ဦးဝိဇ္ဇာဉာဏ (ခေါ်) ဆရာကြီး။

တောင်ငူ မြတ်စောညီနောင်ဆရာတော် ဦးသီလဝံသ၊ တောင်ဥက္ကလာပ ဝိဇ္ဇာခရစာသင်တိုက် မြို့ဦးကျောင်း ဆရာတော် ဦးသီလဝံသ၊ တောင်ဥက္ကလာပ ဝိဇ္ဇာခရစာသင်တိုက် မြို့ဦးကျောင်းဆရာတော်၊ ပေါက်စေတီ ဆရာတော် ဦးသုမိတ္တာဘိဝံသ၊ ... အရှင်ပညာဇောတတို့သည် ဘုန်းဘုရား ဘိုးပေါက်ဆိန်၏ တပည့်များ ဖြစ်ကြပါသည်။

ပြည်ပနိုင်ငံဖြစ်သည့် စင်ကာပူ ဆရာတော် ဦးပညာဝံသ၊ အင်္ဂလန် ဆရာတော် ဒေါက်တာရေဝတဓမ္မတို့ သည်လည်း ဘုန်းဘုရား၏ လက်ရင်း တပည့်များ ဖြစ်ပါသည်။

ဘုန်းဘုရား၏ တပည့်များသည် စာပေကျမ်းဂန်တတ် အကျော်အမော်များ ဖြစ်ပြီး ဝိပဿနာပြု ပုဂ္ဂိုလ်ကျော်များ ဖြစ်နေခြင်းက ဘုန်းဘုရား၏ ပညာ အတိမ်အနက်ကို ခန့်မှန်းနိုင်ကြပေသည်။

ဘုန်းဘုရား ဘိုးပေါက်ဆိန်သည် စာသင်တိုက်ကြီးများ ထူထောင်ခြင်း၊ ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်သုံးပုံကို စာသင်တိုက်များ၊ အိန္ဒိယ၊ သီဟိုဠ် (သီရိလင်္ကာ)တို့ ပေးပို့လှူဒါန်းခြင်း၊ တပည့်များစွာကို နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ ပို့လွှတ်စာသင်စေခြင်း၊ သာသနာပြုစေခြင်းတို့ကို မိန့်ကြားခဲ့ပါသည်။

## ဘုန်းဘုရား၏ ဇာတိ၊ မိဘ၊ မွေးသက္ကရာဇ် သိသူ ရှိသလား

ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန် ထွက်ရပ်စခန်း မကြွမီ အောင်မင်္ဂလာ သိဒ္ဓိကျောင်း၌ သီတင်းသုံးစဉ် ဝတ်ကြီးဝတ်ငယ်ပြုစုသော ''ဦးလှရွှေ''ဆိုသူ လက်ရင်းတပည့်တစ်ဦး ရှိပါသည်။ ဦးလှရွှေ ပြောပြပုံက…

'ဘုန်းဘုရားကြီးဟာ အလွန် စွမ်းအားထက်တဲ့ ပါရမီရှင်၊ သာသနာပြုပုဂ္ဂိုလ်ပဲ။ ဘဘုန်းကြီးရဲ့ ထူးချွန်ထက်မြက်တဲ့ ဉာဏ်ပညာကို "ပေါက်ဆိန်"လို့ တင်စားလိုက်တယ်။ စကားပြောရာမှာလဲ မညာမတာ ရက်ရက်စက်စက် ပေါက်ဆိန်နဲ့ ပေါက်ခွဲသလို ပြောတတ်လို့ "ဘိုးပေါက်ဆိန်"လို့ ခေါ်ကြတာ'

ဤသို့ ပြောပြဖူးပါသည်။

ဘုန်းဘုရား၏ ဇာတိ၊ မိဘ၊ မွေးသက္ကရာဇ်ကို တိတိကျကျ ပြောပြနိုင်သူရှားသည်။ အသိရခက်ပြီး နက်နဲသည်။ လျှို့ဝှက်လှသည်။ ဘုန်းဘုရား၏ လက်ရင်းတပည့် အတူနေသူများကိုပင် မိန့်ကြားဖူးခြင်းမရှိ။ ဘယ်သူမှ မသိကြပါ။





www.burmeseclassic.com

www.burmeseclassic.com

ကရင်ပြည်နယ်၊ ဘားအံဘက်မှ ဒကာ၊ ဒကာမများ ရောက်လာပြီး ဘုန်းဘုရားရုပ်တုကို ဖူးရသောအခါ **"အရှင်ဘုရားနဲ့ ကွဲနေတာကြာပြီ၊ အခုမှ ဖူးရတော့တယ် ဆရာတော်ရဲ့"**ဆိုပြီး ရုပ်တုကြီး ဖက်ပြီး ငိုကြသည်။

'အဲဒီ ဒကာမကြီးက အသက်(၈၀) ကျော် အဘွားအို။ ယင်းအချက်ကို ထောက်ပြီးဘုန်းဘုရား"ဘိုးပေါက်ဆိန်" ဟာ ကရင်ပြည်နယ်၊ ဘားအံဇာတိ လား ဖြစ်နိုင်သည်ဟု ခန့်မှန်းကြသည်။

ရွှေဟသ်ာဘက်ကောက် စက်သူဌေး "ဦးဘသန်း"ကတော့ ဘုန်းဘုရားသည် ရှမ်းပြည်နယ်က ရှမ်းတိုင်းရင်းသားဟု ပြောပြန်သည်။ မြောင်းမြဘက်က ဒကာ၊ ဒကာမတွေကြတော့ မြောင်းမြ ဇာတိဟု ပြောကြပြန်ရော...

မုံရွာသား ဒကာ၊ ဒကာမများကတော့ မုံရွာမှာ ပျံတော်မူ၍ မုံရွာသားမှ မုံရွာသား၊ သူတို့ကိုယ်တိုင် မီးသင်္ဂြိုဟ်လိုက်ရသည်ဟု ပြောကြပြန်ရော...

ဤသို့ ပဟေဠိဆန်ဆန် လျှို့ဝှက်နက်နဲလွန်းလှ၍ ယနေ့တိုင် ဘုန်းဘုရား၏ ဇာတိ၊ မိဘ၊ မွေးသက္ကရာဇ် သိသူမရှိ ဖြစ်နေဆဲပါ။

## ဘုန်းဘုရား ဦးဝိဇ္ဇာဓရ

## သီတင်းသုံးရာ မြို့ရွာများ

ဘုန်းဘုရားသည် မုံရွေးကြေးမုံ၊ မုံရွာ၊ ချောင်းဦး၊ ရွှေဘို၊ ပြည်၊ ပုပ္ပား၊ ကျောက်ပန်းတောင်း၊ တိုက်ကြီး၊ မအူပင်၊ ဖျာပုံ၊ ဝါးခယ်မ၊ ဒေးဒရဲ၊ ညောင်တုန်း၊ ပုသိမ်၊ မြောင်းမြ၊ ဟသ်ာတ၊ တောင်တွင်းကြီး၊ အောင်လံ၊ ရန်ကုန်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ် စသည့် နယ်ပယ်အသီးသီးမှာ သီတင်းသုံးပြီး ဝေနေယျသတ္တဝါ အများအကျိုးအတွက် ပရိယတ္တိ ပဋိပတ္တိ သာသနာများ ပြန့်ပွားစေရန် ဉာဏ်ပညာများ ဖြန့်ဖြူးပြီး ရောက်ရာဒေသတိုင်းမှာ အလှူအတန်းပြုပြီး သတ္တဝါများကို ကယ်တင်ခဲ့ပါသည်။

ထို့ပြင် နိုင်ငံခြား တိုင်းပြည်များပင် ရောက်ဖူးခဲ့ပါသည်။ ဘုန်းဘုရားကြီး၏ဘွဲ့တော် **"ဦးဝိဇ္ဇာဓရ"** အမည်ထက် **"ဘိုးပေါက်ဆိန်"**ဟူသော "ဝိဇ္ဇာ"အမည်က ထင်ရှားလှပါသည်။ ဤနာမည်ရခြင်းက ထူးခြားဆန်းပြားလှပေသည်။

## ဘုန်းဘုရားနှင့်

## သောင်းကျန်းသူများ ဖြစ်ရပ်ဆန်း

ဘုန်းဘုရားဦးဝိဇ္ဇာဓရ **ဟသ်ာတမြို့၊ မရမ်းရွာ**၌ သီတင်းသုံးနေထိုင်စဉ်ကာလ ဘုန်းဘုရားသည် တရားအားထုတ်လျှင် တောထဲဝင်လျက် "ကေစာ"ကျင့်လေ့ ရှိပါသည်။

ထိုစဉ်က ဟသ်ာတ ဝန်းကျင်တွင် သောင်းကျန်းသူတစ်စုက ဘုန်းဘုရားကို တောထဲ၌ တွေ့သွားသည်။ ရဟန်းသံဃာဟုမထင်။ သတင်းလျှို့ဝှက်ထောက်လှမ်းနေသူထင်ပြီး ဖမ်းဆီးချုပ်နှောင်ပြီး အမျိုးမျိုးနှိပ်စက်သည်။

သစ်ပင်တစ်ပင်တွင် ထောင်ထားသော ပုဆိန်နှင့်ပင် ပေါက်ကြသည်။ ဘုန်းဘုရားကမဖြု တုန်လှုပ်ချောက်ချား အလျှင်းမရှိ ဝေလာဝေး။

'ကဲ မင်းတို့ ထပ်လုပ်စမ်းကွာ'

ဆိုတော့ လူဆိုးတွေက ပုဆိန်နှင့်ထုဒါပေသိ ဘုန်းဘုရား ဘာမှ မဖြစ်။ ဤတွင် သေနတ်ကိုင်သူတစ်ဦးက သေနတ်နှင့်ပစ်သည်။ ကျည်မထွက်။

ဤတွင် ဘုန်းဘုရားက...

'ဟေ့လူတွေ လုပ်ကြလေကွာ။ ငါ့ကို လုပ်ကြစမ်း မင်းတို့အလှည့် ပြီးပြီလား'

ဟု မေးတော့ နှိပ်စက်သူများက ကြောက်လန့်ပြီး ထွက်ပြေးဖို့ပြင်သည်။ ဘုန်းဘုရားအား...

'ကဲ မင်းတို့အလှည့်ပြီးရင် ငါ့အလှည့်ကွ'

ဆိုပြီး ပုဆိန် ကောက်ကိုင်လိုက်သဖြင့် "ပုဆိန်ကိုယ်တော်" "ဘိုးပေါက်ဆိန်"ဟုခေါ်ကြောင်း မှတ်သားဖူးပါသည်။

လူအများ ကြောက်လန့်ထွက်ပြေး စေရုံသာ "ပုဆိန်"ကို ကောက်ကိုင် လိုက်ရပေမယ့် "မေတ္တာဓာတ်" ကြီးမားသော ပုဂ္ဂိုလ်ထူးကြီးဖြစ်၍ တချို့က **"လောကီဝိဇ္ဇာပုဂ္ဂိုလ်"**ကြ ဟု မှတ်ထင်ကြပါသည်။

## ဘုန်းဘုရားကြီး

## ပရိယတ္တိစာသင်တိုက်များ ထူထောင်

ဘုန်းဘုရား ဦးဝိဇ္ဇာဓရသည် ပရိယတ္တိစာသင်တိုက် ဖြစ်သည့် စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်း အောင်မင်္ဂလာသိဒ္ဓိ စာသင်တိုက် တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက် မြို့ဦးကျောင်းတွင် ဝိဇ္ဇာဓရစာသင် တိုက်တို့ကို ထူထောင်ခဲ့သည်။

ဓမ္မာစရိယ စာချဆရာတော်များ ဖြင့် စာပေပို့ချခဲ့သဖြင့် ကျမ်းတတ် အကျော် ဆရာတော်များစွာ ပေါ်ထွက် ခဲ့ပါသည်။

ရဟန်းသံဃာများကို ပခုက္ကူ မန္တလေး စာသင်တိုက်ကြီးများအပြင် အိန္ဒိယနှင့် သီဟိုဠ်(သီရိလင်္ကာ)သို့ပင် စေလွှတ်ခဲ့သည်။ ပညာဉာဏ် ထူးချွန် ထက်မြက်သော တပည့်များကို ပစ္စည်း လေးပါး ထောက်ပံ့ချီးမြှင့်ခဲ့သည်။

အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့ မဟာဗောဓိအသင်းသို့ ပိဋကတ်တော် အစုံ ပေးပို့လှူဒါန်းခဲ့သည်။ ပရိယတ္တိ

www.burmeseclassic.com

သာသနာတော်များ အားပေးရုံမျှမက ကောင်းနွမ်းနေသော သာသနိက အဆောက်အအုံများ၊ ဘုရားစေတီများကိုလည်း ပြုပြင်ခဲ့သည်။

စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၊ ပတ္တမြားစေတီတို့ကို ပြုပြင်သည်။ စစ်ကိုင်းတောင်ရိုး ခနေဖြူချောင်ရှိ မှခ်ဦးပြာသာဒ်နှင့် နန်းဦးတိုက်ရှိ မောတတ်တိုင်းတို့ကို ပြုပြင်ခဲ့ပါသည်။

ထို့ပြင် ပုပ္ပါးတောင်သာသနာ ပြုပြင်ရန် လက်ရင်းတပည့် ဦးပရမဝဏ္ဏာသိဒ္ဓိကို တာဝန်ပေး ဆောင်ရွက်စေခဲ့သည်။ အောင်လံမြို့ မြောက်ဘက် ကိုးသိန်းတောင် သာသနာပြုလုပ်ငန်းကို နောက်ဆုံးအနေဖြင့် သာသနာပြုခဲ့ပါသည်။

ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်ကို နေရာဒေသတိုင်းမှာ ဆန်းကြယ်စွာ တွေ့ရတတ်ပြီး သာသနာ အဓွန့်ရှည်ရေးအတွက် ဘက်ပေါင်းစုံမှ ဖြည့်စွက်ဆောင်ရွက်ခဲ့သည့် ဝိဇ္ဇာတစ်ပါးပင် ဖြစ်ပေတော့သည်။

## ဘုန်းဘုရား ပျံလွန်တော်မူခဲ့ပြီ

ဘုန်းဘုရား ဦးဝိဇ္ဇာဓရသည် သက္ကရာဇ် ၁၃၂၆ ခုနှစ်၊ ပြာသိုလဆန်း (၁၄)ရက်၊ နံနက် (၁၁)နာရီ မိနစ် (၂၀)တွင် ထွက်ရပ်ပေါက်လမ်းစဉ် အတွက် ဘဝသစ်သို့ ကူးပြောင်းခဲ့လေသည်။

## ဘုန်းဘုရား၏ သာသနာပြု

## အမှတ်တံဆိပ်

ဘုန်းဘုရား သာသနာပြု အမှတ်တံဆိပ်သင်္ကေတမှာ **ပစ်တိုင်းထောင်ရုပ်နှင့်ပုဆိန်** ဖြစ်ပါသည်။ ပစ်တိုင်းထောင်မှာ သာမန်မဟုတ် ဝိဇ္ဇာရုပ်သဏ္ဍာန် ထုလုပ်ထားသည်။ ထိုအပေါ်မှာ **ပုဆိန်နှစ်လက် ကြက်ခြေခတ်ထားသည်။ မေတ္တာပုဆိန်**သာ ဖြစ်ပါသည်။

ပစ်တိုင်းထောင် အရုပ်ကလည်း ဇော်ဂျီဝိဇ္ဇာကဲ့သို့ ဦးထုပ်၊ အင်္ကျီနီနီ ရဲရဲက စိတ်ဝင်စားစရာပါ။ ဦးခေါင်း နောက်တွင် ပိုက်ဆံစုရန် စုဘူး အပေါက် ပါသည်။ ရှေ့ပိုင်းမှာ ပုဆိန် လေးနှစ်လက် ကြက်ခြေခတ်ထားသည်။ **"အရဟံနဘယ်"**ဟုရေးထားသည်။

ပုဆိန်နှစ်လက်ကြား စကြာပုံတစ်ခု ဦးခေါင်းထက်တွင် **"ဝိဇ္ဇာတက်"**ဟု ရေးထားသည်။ ဝိဇ္ဇာစုဘူးနှင့် ပတ်သက်ပြီး ဆရာတော်ကြီး၏ လက်ရင်းတပည့် **"ပေါက်စေတီဆရာတော်"**က ဤသို့ မိန့်ကြားခဲ့သည်။

'လူတွေက ရရ,စားစားရှိတယ်။ အဲလိုမနေဘဲ ကုသိုလ်အမြဲရအောင် စုဆောင်းရမယ်။ စုဘူးစုပြီ ဆိုကတည်းက ပုဗ္ဗစေတနာ ဖြစ်နေပြီ။ တစ်နေ့တစ်နေ့ ကိုယ်နိုင်သလောက် စုတယ်၊ စုတာကလှူဖို့. ဒီလိုရည်ရွယ်ကတည်းက ကုသိုလ်ရနေပြီ၊

အဲလို လှူမယ်ဆိုပြီး စုတဲ့အလှူ လိုတဲ့ အတိုင်းအတာရလို့ ထုတ်ယူပြီးတော့ လှူတဲ့အခါ မုဉ္စစေတနာဖြစ်ပြီ၊ လှူပြီးတဲ့အခါ ကိုယ်လှူခဲ့ပုံကို ပြန်တွေးကြည့်ပြီး ပီတိဖြစ်တော့ ပရစေတနာ၊ စေတနာသုံးတန် ပြည့်တဲ့ အလှူဖြစ်အောင် ဘုန်းဘုရားကြီး က စီမံပေးခဲ့တာပေါ့'

## သိဒ္ဓိအောင်တဲ့ ဦးဝိဇ္ဇာဓရ

ဘုန်းဘုရား ဘိုးပေါက်ဆိန်ကို ဝိဇ္ဇာဂိုဏ်းအဖြစ် ချဉ်းကပ်သူ အမြောက်အမြားရှိသည်။ သာသနာပြုရာမှာ ရွှေမရှား၊ ငွေမရှား လိုသမျှ သိဒ္ဓိပေါက် မြောက်သည်။

ကောဇာသက္ကရာဇ် ၁၃၁၂ ခုနှစ်တွင် ဟသ်ာတမြို့နယ်၊ မရမ်းကျေးရွာ ကြွလာပြီး စမ်းချောင်းမြို့နယ်၊ အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက် တည်ထောင်ခဲ့သည်။ နေ့ချင်းညချင်း ပြီးစီးအောင်မြင်ခဲ့၍ "သိဒ္ဓိပေါက်"သည်ဟု အဆိုရှိပါသည်။

ဆရာတော်ကြီးက...

'တတ်ခန်း တတ်ခန်းဆိုတဲ့စကား မခေါ်ကြနဲ့ မသုံးကြနဲ့၊ တတ်တွေခန်းမယ်၊ "တတ်နန်း"လို့ ခေါ်ကြ၊ မီးကြမ်းငုက်ပျောလို့ မခေါ်နဲ့၊ ငှက်ပျောမီးကြီးလို့ခေါ်၊ ငှက်ပျောမီးကြီး ပြောတိုင်းပြီး ငှက်ပျောဆင်စွယ် ပြောတိုင်းလွယ်တဲ့၊

မှတ်တယ်ဆိုတာ ဝိဇ္ဇာဉာဏ်နဲ့မှတ်၊ နေရာတကာ ရေးမှတ်မယ်ဆိုရင် တောထဲ တောင်ထဲ စာရွက်ခဲတံ ဘယ်မှာ ရှာမလဲ၊ ခေါင်းထဲဝင်အောင်မှတ်၊ ဝိဇ္ဇာဉာဏ်နဲ့မှတ်၊

အုကလာမှ အာဂလူ၊ အုထဲက · လာအောင်လုပ်၊

ဝိဇ္ဇာစကား ပြဿနာမလည်၊ ယုံကြည်တယ်ဆိုတာ ယုံမှ ကြည်တယ်ကွယ့်'

မဟိဒ္ဓိရှင် သိဒ္ဓိရှင်ကြီး ဘုန်းဘုရား ဘိုးပေါက်ဆိန်အား ထွက်ရပ်လမ်းမြန်းခဲ့ပါပြီ။ ဘုန်းဘုရားပြုခဲ့သော သာသနာရေး ဆောင်ရွက်ချက်များက ယနေ့တိုင် ရှင်သန်နေဆဲ၊ ပွင့်လန်းနေဆဲ၊ အမှတ်ရဆဲပါ။

**[တပည့်တော် စုံဆယ်ဖြာ ဦးထိပ်ထားလျက် ရှိခိုးလိုက်ပါသည်။]**

အထူးကျေးဇူးတင်လွှာ

ဆရာဦးဝင်းတင့်ဦး (ကြံခင်း)၏ ဘုန်းဘုရားဘိုးပေါက်ဆိန်၊ ထွက်ရပ်ပေါက် ဝိဇ္ဇာဂိုဏ်းကြီးများ ပြုစုသူ အရှင် (ပညာဒီပ)တို့ကို ထာဝရရင်မှာ မမေ့သောအားဖြင့်...။

***တဖတ်သူအပေါင်း ကျန်းမာချမ်းသာ ကြပါစေ...***

**ရွှေမှော်မြေ မောင်ကြည်သိန်း**



www.burmeseclassic.com

www.burmeseclassic.com

## တနင်္ဂနွေ

**စီးပွားရေး**။ ။လုပ်ငန်းများ အဆင်ပြေ အောင်မြင်မည်။ ငွေကြေးရောင်းဝယ်ရေး၊ လဲလှယ်ရေးလုပ်ငန်းများ အမြတ်များမည်။ ငွေပန်းထိမ် လုပ်ငန်းများ အောင်မြင်တိုးတက်မည်။

**ဝန်ထမ်းရေးရာ**။ ။အလုပ်ကောင်း နေရာကောင်းမှာ လုပ်ကိုင်ရမည်။ ငွေဝင်လည်း ကောင်းမည်။ လူကြီးများ၏ အားပေးကူညီမှုကို ရရှိမည်။

**အိမ်တွင်းရေး**။ ။ အိမ်တွင်းရေး အဆင်ပြေမည်။ မိသားစုတွင် ဩဇာ အာဏာပေးသူ ဖြစ်လာလိမ့်မည်။ မိမိအိမ်တွင်း၌ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများ တိုးတက်အောင်မြင်မည်။

**အချစ်ရေး**။ ။ အချစ်ရေးတွင် ငွေရေးကြေးရေးကိစ္စ ပါဝင်လာမည်။ မင်္ဂလာဆောင်ရန်ကိစ္စ ပေါ်လာလိမ့်မည်။ ဝါကျွတ်လျှင် လက်ထပ်နိုင်ရန် အသင့်ပြင်ဆင်ထားပါ။

**ပညာရေး**။ ။ ပညာရေး ကံဇာတာတက်နေသောကာလ ဖြစ်သည်။ ကြိုက်ရာသင်တန်းကို တက်၊ သင်ယူချင်သည့် ပညာရပ်ကို သင်ယူပါ။

**ကျန်းမာရေး**။ ။ လူကျန်းမာသော်လည်း စိတ်ရှုပ်စရာများ၊ စိတ်ထိခိုက်စရာကိစ္စများ ကြုံတွေ့ရတတ်သည်။

**ဆောင်ရန်ရက်များ**။ ။ ၂၊ ၅၊ ၉၊ ၁၁၊ ၁၄၊ ၁၈၊ ၂၀၊ ၂၃၊ ၂၇၊ ၂၉။
**ရှောင်ရန်ရက်များ**။ ။ ၄၊ ၆၊ ၁၀၊ ၁၂၊ ၁၅၊ ၁၉၊ ၂၁၊ ၂၄၊ ၂၈၊ ၃၀။
**ထီထိုးရန်ရက်များ**။ ။ ၃၊ ၅၊ ၇၊ ၈၊ ၁၃၊ ၁၆၊ ၁၇၊ ၂၂၊ ၂၅၊ ၂၆၊ ၂၉။
**ထီထိုးရန်ဂဏန်းများ**။ ။ ၂၊ ၅၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ။ မုန့်ကျွဲသဲ (၆)ချပ်ကို ဘုရားတွင် ကပ်လှူပါ။ သို့ မဟုတ် ဘုန်းတော်ကြီးတစ်ပါးပါးကို ကပ်လှူပါ။

## တနင်္လာ

**စီးပွားရေး**။ ။ မြေအရောင်းအဝယ်ကိစ္စများမှ အကျိုးအမြတ်များမည်။ ငွေကြေးလဲလှယ်မှု၊ ရောင်းဝယ်မှုလုပ်ငန်းများ အမြတ်ငွေများမည်။

**ဝန်ထမ်းရေးရာ**။ ။ အလုပ်များ မပြီးမပြတ် ဖြစ်တတ်၍ အားသွန်ခွန်စိုက် လုပ်ကိုင်ပါ။ ပြဿနာပေါ်လျှင် မိမိကို စေခိုင်းသော လူကြီးများ ခေါင်းရှောင်နေလိမ့်မည်။ သတိထားပါ။

**အိမ်တွင်းရေး**။ ။ အိမ်တွင်းရေး အဆင်ပြေမည်။ ငွေရေးကြေးရေး အဆင်ပြေမည်။ သားသမီးရှိလျှင် သားသမီးတို့အတွက် ငွေကုန်ကြေးကျများမည်။

**အချစ်ရေး**။ ။ စိတ်ချမ်းသာ ပျော်ရွှင်စရာကောင်းသော ကာလ ဖြစ်သည်။ အိမ်ထောင်ကျကိန်းရှိ၍ ဝါကျွတ်လျှင် လက်ထပ်ရန် ပြင်ဆင်ထားပါ။

**ပညာရေး**။ ။ ပညာရေးကံဇာတာ တက်နေသောကာလ ဖြစ်သည်။ ဘွဲ့လွန်ပညာရပ်များ၊ ဒီပလိုမာသင်တန်းများ တက်ရောက်ခွင့်ရမည်။

**ကျန်းမာရေး**။ ။ ခြေထောက် အကြောအဆစ်များ နာတတ်သည်။ ခြေခေါက်လဲတတ်သည်။

**ဆောင်ရန်ရက်များ**။ ။ ၂၊ ၆၊ ၉၊ ၁၁၊ ၁၅၊ ၁၈၊ ၂၀၊ ၂၄၊ ၂၇၊ ၂၉။

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်မှ (၃၀)ရက်နေ့အ[ထိ]
ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာရောင်ခြည်



**ရှောင်ရန်ရက်များ**။ ။ ၃၊ ၇၊ ၁၀၊ ၁၂၊ ၁၆၊ ၁၉၊ ၂၁၊ ...
၂၈၊ ၃၀။
**ထီထိုးရန်ရက်များ**။ ။ ၄၊ ၅၊ ၈၊ ၁၃၊ ၁၄၊ ၁၇၊ ၂၂၊ ...
၂၆၊ ၂၉။
**ထီထိုးရန်ဂဏန်းများ**။ ။ ၁၊ ၂၊ ၆၊ ၉ ဂဏန်းများ...
ပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ**။ ။ သစ်သီးကိတ်(၂)ချပ် (သို့မဟုတ်)နှမ်း...
ဘုန်းတော်ကြီးအား ကပ်လှူပါ။

## အင်္ဂါ

**စီးပွားရေး**။ ။ ပညာရေးဆိုင်ရာ စီးပွားရေးလုပ်...
အောင်မြင်ကြီးပွားမည်။ ငွေကြေးရောင်းဝယ်ရေးလုပ်ငန်း အကျိုးအ...
များမည်။ ငွေထည်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။

**ဝန်ထမ်းရေးရာ**။ ။တာဝန်ပေးထားသော လုပ်ငန်းများကို ပြီးစီးအော...
ကြိုးစားလုပ်ဆောင်ပါ။ အခက်အခဲများ၊ ပြဿနာများ ကြုံရတ...
သည်။

**အိမ်တွင်းရေး**။ ။ ငွေကြေးကိစ္စကြောင့် စိတ်ညစ်ရမည်။ အိမ်ထော...
ဖက်၏ ကျန်းမာရေး ဂရုစိုက်ပါ။ သားသမီးများ၏ နိုင်ငံခြာ...
အဆင်ပြေမည်။

**အချစ်ရေး**။ ။ အချစ်ရေးအဆင်ပြေလွန်းပြီ လက်ထပ်မည့် အခြေအ...
သို့ ရောက်ရှိသွားမည်။

**ပညာရေး**။ ။ နည်းနည်းကြိုးစားရုံဖြင့် များများအောင်မြင်မည့်ကာ...
ဖြစ်သည်။ များများ ကြိုးစားလိုက်လျှင် ထူးချွန်စွာ အောင်မြင်...

**ကျန်းမာရေး**။ ။ အဆစ်အမျက်များ နာကျင်ကိုက်ခဲတတ်သ...
သတိထားပါ။

**ဆောင်ရန်ရက်များ**။ ။ ၃၊ ၇၊ ၉၊ ၁၂၊ ၁၆၊ ၁၈၊ ၂၁၊ ၂၅၊ ၂၇၊ ...
**ရှောင်ရန်ရက်များ**။ ။ ၄၊ ၈၊ ၁၀၊ ၁၃၊ ၁၇၊ ၁၉၊ ၂၂၊ ၂၆၊ ၂...
**ထီထိုးရန်ရက်များ**။ ။ ၅၊ ၆၊ ၁၄၊ ၁၅၊ ၂၀၊ ၂၃၊ ၂၄၊ ၂၇၊ ၂...
**ထီထိုးရန်ဂဏန်းများ**။ ။ ၃၊ ၇၊ ၉၊ ၀ ဂဏန်းများများပါအော...
ရွေးချယ်ပါ။

**အဆောင်ယတြာ**။ ။ မွေးနေ့တွင် ကကုသန်ဘုရား မြတ်စွာဘုရာ...
ရည်စူး၍ နွားနို့တစ်ခွက် ကပ်လှူပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး**။ ။ စီးပွားရေးလုပ်ငန်းများ အဆင်ပြေ ချောမွေ့မည်။ သင်...
လုပ်ငန်းများ၊ သင်ကြားရေးလုပ်ငန်းများ၊ ပညာရေးလုပ်ငန်းမျ...

www.burmeseclassic.com

...င်မြင်တိုးတက်မည်။

**...ရေးရာ။** ။ မိမိတာဝန်ယူထားရသော လုပ်ငန်းများ ...မှတ်ချိန်ထက် စောပြီးမည်။ လူကြီးများ၏ သဘောကျ ...ကို ခံယူရမည်။

**...တွင်းရေး။** ။ ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသော အချိန် ...ဖြစ်သည်။ သားသမီးတို့ကြောင့် မိသားစု ဂုဏ် ...တက်မည်။ ငွေဝင်နေသောကာလဖြစ်၍ ပြဿနာများ ...နေမည်။

**...ချစ်ရေး။** ။ လူကြီးမိဘများက သဘောတူခွင့်ပြု၍ ...ယာသော ချစ်ခရီးဖြစ်လိမ့်မည်။

**...ညာရေး။** ။ ပညာရေးကံဇာတာကောင်းပါသည်။ မသင်ယူ ...သော ပညာရပ်၊ မတတ်ဘူးသေးသော သင်တန်းတို့သို့ ...င်ယူတက်ရောက်ရလိမ့်မည်။

**...မာရေး။** ။သွေးတိုးရောဂါ အခံရှိသူများ အစားအသောက် အအိပ် ...နေ အလုပ်အကိုင် ဆင်ခြင်ပါ။ ရောဂါပြန်ဖြစ်တတ်သည်။







**...ောင်ရန်ရက်များ။** ။ ၃၊ ၅၊ ၉၊ ၁၂၊ ၁၄၊ ၁၈၊ ၂၁၊ ၂၃၊ ၂၇၊ ၃၀။

**...ှောင်ရန်ရက်များ။** ။ ၄၊ ၆၊ ၁၀၊ ၁၃၊ ၁၅၊ ၁၉၊ ၂၂၊ ၂၄၊ ၂၈၊ ၂၉။

**...ထိုရန်ရက်များ။** ။ ၂၊ ၇၊ ၈၊ ၁၁၊ ၁၆၊ ၁၇၊ ၂၀၊ ၂၅၊ ၂၆၊ ၃၀။

**...ထိုရန်ဂဏန်းများ။** ။ ၂၊ ၅၊ ၈၊ ၉ ဂဏန်းများများပါအောင် ...ချယ်ပါ။

**...ောင်းယတြာ။** ။ တစ်လအတွင်း အနည်းဆုံး သုံးကြိမ် ရှင်သီဝလိ ဆယ် ...ကို သက်စေ့ ရွတ်ပွားပါ။

## ကြာသပတေး

**...ပွားရေး။** ။ စီးပွားရေးလုပ်ငန်းများ တည်ထောင်၊ တိုးချဲ့ပြင်ဆင်ခြင်း ... လုပ်ကိုင်နိုင်သောကာလဖြစ်သည်။ ငွေကြေးအဆင်ပြေမည်။ ...ဝါးလုပ်ငန်းများ အကျိုးဖြစ်မည်။

**...ထမ်းရေးရာ။** ။ လူကြီးများက မိမိအရည်အချင်းကို သဘောကျ ...သက်ကြလိမ့်မည်။ လိုက်လျောညီထွေ လုပ်ဆောင်ပါ။

**...တွင်းရေး။** ။ အိမ်တွင်းရေး အဆင်ပြေသာယာမည်။ သားသမီး ...ကလည်း လိမ္မာရေးခြားရှိမည်။ ပညာရေး၊ ကျန်းမာရေး ကောင်းမည်။

**...ချစ်ရေး။** ။ အချစ်ရေး အဆင်ပြေမည်။ နှစ်ဖက်မိဘများက ...သဘောတူ ထိမ်းမြားပေးလိမ့်မည်။

**...ညာရေး။** ။ ပညာရေး ကံဇာတာတက်နေသည်။ ဆရာကောင်း ...သားကောင်း တွေ့၍ ပညာကောင်းရရှိမည်။

**...န်းမာရေး။** ။ ခေါင်းမူးခေါင်းကိုက် ဝေဒနာခံစားရတတ်သည်။ ...ဲရောကိုယ်ပါ အနားယူပေးပါ။

**...ောင်ရန်ရက်များ။** ။ ၄၊ ၆၊ ၉၊ ၁၃၊ ၁၅၊ ၁၈၊ ၂၂၊ ၂၄၊ ၂၇၊ ၃၀။

**...ှောင်ရန်ရက်များ။** ။ ၅၊ ၇၊ ၁၀၊ ၁၄၊ ၁၆၊ ၁၉၊ ၂၃၊ ၂၅၊ ၂၈။

**...ထိုရန်ရက်များ။** ။ ၃၊ ၆၊ ၈၊ ၁၁၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၁၊ ၂၆၊ ၂၉။

**...ထိုရန်ဂဏန်းများ။** ။ ၄၊ ၆၊ ၉၊ ၀ ဂဏန်းများများပါအောင် ...ချယ်ပါ။

**...ောင်းယတြာ။** ။ ငွေပန်း(၁၅)ပွင့်ကို အိမ်ရှိဘုရားတွင် ကပ်လှူပူဇော်ပါ။

## သောကြာ

**...ပွားရေး။** ။ ကန်ထရိုက်လုပ်ငန်းများ၊ အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းများ အောင်မြင်တိုးတက်မည်။ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများမှ ငွေဝင်မည်။

**ဝန်ထမ်းရေးရာ။** ။ လုပ်ငန်းများ အချိန်မီ ပြီးစီးမည်။ ဆုကြေးငွေများ၊ ဂုဏ်ထူးဆောင် လက်မှတ်များရရှိမည်။

**အိမ်တွင်းရေး။** ။ ငွေကြေးအဝင်ကောင်းသဖြင့် အိမ်တွင်းရေး သာယာမည်။ သားသမီးတို့အတွက် စိတ်ချမ်းသာရမည်။

**အချစ်ရေး။** ။ ချစ်သူနှင့် ခွဲနေရဦးမည်။ လွမ်းရက်များ ရှည်ကြာဦးတော့မည်။ ပြန်လာလျှင်တော့ လက်ထပ်ဖို့ ပူဆာလိမ့်မည်။

**ပညာရေး။** ။ ပညာရေး ကံကောင်းသောကာလဖြစ်ပါသည်။ စာမေးပွဲ ရှိလျှင် ဝင်ရောက်ဖြေဆိုပါ။ ထူးချွန်စွာ အောင်မြင်မည်။

**ကျန်းမာရေး။** ။ ခေါင်းမူးခေါင်းကိုက် ဝေဒနာ ခံစားရတတ်သည်။

**ဆောင်ရန်ရက်များ။** ။ ၄၊ ၇၊ ၉၊ ၁၃၊ ၁၆၊ ၁၈၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၅၊ ၈၊ ၁၀၊ ၁၄၊ ၁၇၊ ၁၉၊ ၂၃၊ ၂၆၊ ၂၈။

**ထီထိုးရန်ရက်များ။** ။ ၂၊ ၄၊ ၆၊ ၉၊ ၁၁၊ ၁၂၊ ၁၅၊ ၁၈၊ ၂၀၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉။

**ထီထိုးရန်ဂဏန်းများ။** ။ ၄၊ ၇၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အထောင်းယတြာ။** ။ စပယ်ပန်း(၂၇)ကုံးကို ဘုရားတွင် ကပ်လှူပါ။ လိုရာဆုတောင်းပါ။

## စနေ

**စီးပွားရေး။** ။စီးပွားရေးကောင်းပြီး ငွေကြေးဝင်မည့်ကာလ ဖြစ်သည်။ အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ အလှကုန်များ အရောင်းအဝယ်ကောင်းမည်။ ဆေးပစ္စည်း အမြတ်များမည်။

**ဝန်ထမ်းရေးရာ။** ။ လုပ်ငန်းခွင်တွင် စိတ်ချမ်းသာစွာ လုပ်ကိုင်ရမည်။ အထက်လူကြီး၏ ချီးမြှင့်မှု ခံစားရမည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး သာယာမည်။ အိမ်ထောင်ဖက် ငွေဝင်ကောင်းမည်။ သားသမီးများ မိဘ၏ စေတနာမေတ္တာကို နားလည်ပေးလိမ့်မည်။

**အချစ်ရေး။** ။ အချစ်ရေး အဆင်ပြေသာယာမည်။ နှစ်ဖက်မိဘများ၏ ခွင့်ပြုချက်ဖြင့် ဝါကျွတ်ပြီးလျှင် လက်ထပ်ရကိန်းရှိသည်။

**ပညာရေး။** ။ ပညာရေးကောင်းမည်။ ကျောင်းသားတစ်ပိုင်း၊ ဆရာတစ်ပိုင်း ဖြစ်လိမ့်မည်။ ပညာရေးဆိုင်ရာ လုပ်ငန်းမှ ငွေကြေးဝင်မည်။

**ကျန်းမာရေး။** ။ သွေးတိုးရောဂါ အခံရှိလျှင် အအိပ်အနေ အစားအသောက် ဆင်ခြင်ပါ။ ရောဂါပြန်ထတတ်သည်။

**ဆောင်ရန်ရက်များ။** ။ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ရှောင်ရန်ရက်များ။** ။ ၃၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၄၊ ၇၊ ၁၀၊ ၁၂၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၆၊ ၂၈။

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၅၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အထောင်းယတြာ။** ။ ဘုန်းတော်ကြီး တစ်ပါးပါးအား ကြက်သားကြော်(၃)တုံး လောင်းလှူပါ။

*ကျန်းမာ ချမ်းသာကြပါစေ*

**ဆရာ ရောင်ခြည်**

www.burmeseclassic.com

# ဆေးနာနတ်သီး

ဖော်စပ်စားသုံးနည်း

ရွှေနိုင်းဝမ်း

'ဆေးနာနတ်သီးတွေမြင်မှပဲ သတိရတော့တယ်။ အာကာကြီး(ဦးပဉ္စင်း၏ နောင်တော်)က ဆေးအသုံးကလေး ပေးပေးပိုင်းတဲ့'

ဆွမ်းခံကြွလာသော ဦးပဏ္ဍဝက အိမ်မျက်နှာစာတွင် စိုက်ပျိုးထားရှိသော ဆေးနာနတ်ပင်များကိုကြည့်၍ မိန့်တော်မူခြင်းဖြစ်သည်။

'တပည့်တော် မှတ်စုတွေ ပြန်ရှာပါဦးမယ်၊ တစ်ရက်၊ နှစ်ရက်တော့ စောင့်ပါ ဘုရား'

'ရတယ် မလောပါဘူး'

ဦးပဏ္ဍဝသည် မိမိနှင့်ကျောင်းနေဖက် ငယ်သူငယ်ချင်းဖြစ်သည်။ တစ်ကိုယ်တည်း လူပျိုကြီးဘဝမှ ရဟန်းဘောင်သို့ ကူးပြောင်းသွားသည်မှာ (၁၂)ဝါပင် ကျော်လေပြီ။

## ဗိုလ်ကေတစ်လုံး အဆုံးခံ၍

ဆေးနာနတ်ပင်ကို ပေါင်မြို့နယ်၊ မုကျိုကျေးရွာ၊ ချမ်းသာကြီးကျောင်းတွင် စတင် မြင်တွေ့ခဲ့ရခြင်းဖြစ်သည်။

ကြက်ဉအသေးစားထက်ပို၍ မကြီးတတ်သော ဆေးနာနတ်သီးကလေးများက ချစ်စရာကောင်းသည့်အပြင် သက်ကြီးပိုင်းများအတွက် ဆုတ်ယုတ်သည့် မှတ်ဉာဏ်နှင့် ခွန်အားကို ပြန်လည် ဖြည့်ဆည်းပေးနိုင်သည်ဟု သိရသဖြင့် ဆရာတော်အား စွန့်လှူပါရန် လျှောက်ထားသောအခါ...

'ဟား ရှားရှားပါးပါး ခက်ခက်ခဲခဲရထားတာ လွယ်လွယ်တော့ မပေးနိုင်ဘူး။ ခုနှစ်ရက်တစ်ပတ်ဖြစ်ဖြစ် ဘုန်းကြီးဝတ်နိုင်ရင်တော့ တစ်ပင်ရမယ်'

ဟူ၍ မိန့်ကြားတော်မူလေသည်။

ထိုနှစ်တွင်ပင် တိုင်းရင်းဆေးပညာ သင်ပေးသောဆရာများက **"မင်းမျက်စိမျက်နှာ အရောင်အသွေးနဲ့ လျှပ်ရှားပုံကြည့်ရတာ သိပ်မဟန်ဘူး။ ဘဝပြောင်းလိုက်ကွာ၊ သင်္ကြန်ကျပြီး နှစ်ဆန်းတာနဲ့ ပဉ္စင်းတက်လိုက်ပါ"**ဟု အကြံပေးကြသည်။

နက္ခတ်ဒသာအရ လည်းကောင်း၊ အင်္ဂဝိဇ္ဇာဗြိုဟ်အိမ်ဗြိုဟ်စား သက်ရောက်ကိန်းအရ လည်းကောင်း ဆန်းစစ်ကြည့်ရာတွင်လည်း လွန်စွာ အဆင်ပြေလှသဖြင့် ၁၃၆၂ ခုနှစ်၊ နှစ်ဆန်း(၁)ရက်နေ့တွင် ချမ်းသာကြီး ခဏ္ဍသိမ်တွင် ရဟန်းဘောင်သို့ ဝင်ရောက်ဖြစ်သည်။

သူငယ်ချင်း မောင်ဖေမြိုင်သည်လည်း ထိုနေ့တွင်ပင် ရဟန်းဖြစ်ကာ ဦးပဏ္ဍဝ ဘွဲ့မည်ရလေသည်။

အဝိဋ္ဌာန် ကိုးရက်စေ့သောအခါ လူဝတ်လဲရာ ဆရာတော်က ကတိအတိုင်း ဆေးနာနတ်တစ်ပင်စီ တူးယူခွင့်ပေးသည်။



◆ ဆေးနာနတ်သီး

ဦးပဏ္ဍဝမှာ လူမထွက်ဘဲ ရဟန်း ဘောင်၌မြဲကာ ယခုအခါ (၁၂) ကျော်ပါပြီ။ ဆေးနာနတ်ပင်ကို အစ်ကိုဖြစ်သူ ကိုမြင့်ကြိုင်က စိုက် ပြုစုထားခဲ့ရာ ယခုအခါ တောချုံအ ပွားစည်းနေကြောင်း သိရသည်။

## ဆေးနာနတ် အသုံးပြုပုံ

ဆေးနာနတ်သီးမှာ **သင်္ကြန်မတိုင် တစ်လခန့်မှ စတင်၍ ပွင့်တံထွ ကာ ပွင့်သီးလေး ရှိသည်။ ရင့် သောအခါ အပင်၌ မည်းမှုကြာသ ဖြစ်စေ မှည့်ရှမ်း(ပျော်ကျ)ခြင်း သီးခွံအရောင် ပြောင်းလဲခြင်း ပေ။** အသီးပတ်လည် မျက်စိများပေါ် ပွင့်ခံများကြွေ၍ ကောင်းစွာရင့်သည်



www.burmeseclassic.com

www.burmeseclassic.com

ချိန်တွင် ဆွတ်ယူရသည်။
ကြက်တောင်စည်းခေါ် ထိပ်မှ ရွက်အုံကိုဖြတ်၍ ရေဆေးရသည်။ ခွဲမခွာရပါ။ ရေဆေးပြီးသော် ၁)လက်မ တစ်စိတ်ခန့် အတူရှိသော အပြားပိုင်းကလေးများဖြစ်အောင် ကန့်လန့်ဖြတ် လှီးရသည်။
အဝကျယ် ဖန်ပုလင်း၌ထည့်၍ ရည်မြုပ်အောင်ဖြည့်လျက် စပါး အကြား (၂၈)ရက်ကြာအောင် ထားရသည်။ အမှုန်အမွှားများ မဝင်ရန် ပုလင်းအဖုံးနှုတ်ခမ်းကို ယောင်းမံထားပေးရသည်။
စပါးမရှိက ဆန်အိုး၊ ဆန်အိတ် တွင်း ထားနိုင်သည်။ (၂၈)ရက်ပြည့် ၌ တစ်ရက်လျှင် တစ်ပြားကျ စား နိုင်သည်။ မွန်းလွဲ(၃)နာရီမှ နေ်းခေါင်ယံမတိုင်မီ အချိန်အတွင်း သုံးသင့်သည်။

**အရွယ် ။ ။ ဆေးနာနတ်ကို စား သုံးသင့်သော အသက်အရွယ်မှာ...**

ဝိသုဒ္ဓိမဂ် အစရှိသော သာသနာ တ် ကျမ်းဂန်အလိုအရ ဒုတိယ ရွယ်၏ သုံးပုံ,နှစ်ပုံ လွန်မြောက်ချိန် ၍ သုံးဆောင်သင့်သည်ဆို၏။

**မအရွယ်**→ဖွားသည်မှ သုံးဆယ့် နှစ်အထိ၊
**တိယအရွယ်**→သုံးဆယ့်လေးနှစ်မှ ခြောက်ဆယ့်ခုနစ်နှစ်အထိ၊
**တိယအရွယ်**→ခြောက်ဆယ့်ရှစ်နှစ် အသက်နှစ်တစ်ရာအထိ...

ဟူ၍ သတ်မှတ်ထားရာ **(၅၆)နှစ်** ရွယ်၌ စတင် သုံးဆောင်ရန်ဖြစ် သည်။

**(မယ်တော်မာယာဒေဝီ မိဖုရား သည် ဒုတိယအရွယ် သုံးပုံ,နှစ်ပုံ န်မြောက်ချိန်တွင် သားတော် ဒ္ဓမင်းသားကို ဖွား၏ဟု ဆိုလေ**



◀ ဆေးနာနတ်ပင်

**ရာ သက်တော်(၅၆)နှစ် အဝင်တွင် သားတော်ကို ဖွားသည်ဟု သိအပ်၏။** *ဥတုဘောဇနေသင်္ဂဟကျမ်း စာမျက်နှာ-၂၁)*

**ဓာတုနက္ခတ်ဆေးကျမ်း အလို အရ စတုတ္ထအရွယ်တွင် စတင် စားသုံးသင့်သည်ဆို၏။**

**ပထမအရွယ်**→မွေးသည်မှ (၁၆)နှစ် အထိ သလိပ်အားကြီး၏။
**ဒုတိယအရွယ်**→(၁၇)နှစ်မှ (၃၀)နှစ် ထိ သွေးအားကြီး၏။
**တတိယအရွယ်**→(၃၁)နှစ်မှ (၅၀)နှစ် အထိ သည်းခြေအားကြီး၏။
**စတုတ္ထအရွယ်**→(၅၁)နှစ်မှ (၆၀)နှစ် အထိ လေအားကြီး၏။
**ပဥ္စမအရွယ်**→(၆၁)နှစ်မှ အသက် ရှည်သမျှ ကာလပတ်လုံး လေ,အပုပ်, သလိပ် သုံးပါးလုံး အားကြီး၏။

ထို့ကြောင့် **အသက်(၅၁)နှစ်မှ စတင်၍** သုံးဆောင်သင့်သည်ဟု လည်း ဆို၏။

ဝါယောဓာတ်သချိုင်းသည် အာပေါဓာတ်၊ အာပေါဓာတ်၏ သချိုင်းသည် ဝါယောဓာတ် ဖြစ်သည်ဟု သမားတော်ကြီးများ ဆိုကြ၏။

စတုတ္ထအရွယ်(၅၁)နှစ်မှစ၍ လေ အားကြီးသော ကာလဖြစ်ရာ အာပေါ ဓာတ် ပြည့်ဝသော ဆေးနာနတ်ကို စားသုံးခြင်းဖြင့် **လေဓာတ်အားကြီး လွန်ကဲမှုကို ထိန်းချုပ်ပေးခြင်းဖြစ် သည်။**

စရဏ

မိမိကိုယ်တိုင် အကျင့်စရဏဖြည့် ကျင့်၍ ဖော်စပ်(ပြုလုပ်)သုံးစွဲပါက ပို၍ ထိရောက်စေသည်ဟု ဆိုကြသည်။

လဆုတ်(၁၃)ရက်နေ့တွင် အသီး များကို စတင်ခူးဆွတ် လှီးဖြတ်ပြုလုပ် ရသည်။**(လပြည့်=၁၅ ရက်+၁၃ ရက် = လဆန်း ၂၈ ရက်နေ့ကို ညွှန်းခြင်း ဖြစ်သည်။)**

စပါးအတွင်း (၂၈)ရက် ထားခြင်း ဖြင့် ပျားရည်နှင့်ဆေးနာနတ်ကို နူးနပ် စေခြင်း ဖြစ်သည်။ ဤတွင် (၂၈)ကို သုံးရခြင်းမှာ...

**ဆေးနာနတ်** = အဂ္ဂိ+စနေ= ၈+၁၀+၁၀=၂၈ အသဝနီအစ ရေဝတီ အဆုံး(အဘိဇိ အပါအဝင်) နက္ခတ် (၂၈)လုံးကို ရည်ညွှန်းသည်။ ရာသီချိန် ခါမရွေး ကျန်းမာရေး ကောင်းမွန် ပြည့်စုံစေရန်ဖြစ်သည်။

ထို(၂၈)ရက်အတွင်း နေ့စဉ် ရတနာ သုံးပါးဂုဏ်တော် (၂၈)ပါးကို (၁၀၈)လုံး ပုတီးတစ်ပတ်ပြည့်အောင် စိပ်ပွားသင့် သည်။ ဘုရားဂုဏ်တော်(၁၃)ပါး၊ တရားဂုဏ်တော်(၆)ပါး၊ သံဃာ့ဂုဏ် တော်(၉)ပါး ပေါင်း(၂၈)ပါးဖြစ်သည်။

ထိုစဉ်က တရားဂုဏ်တော်နှင့် သံဃာ့ဂုဏ်တော်များကို သိရှိသော် လည်း ဘုရားဂုဏ်တော် (၁၃)ပါးကိုမူ ကျွမ်းဝင်ခြင်း မရှိသဖြင့် အချိန်ယူ၍ ကျက်မှတ်ခဲ့ရသည်။

**(နောင်တွင် ဗန်းမော်ဆရာတော်**

www.burmeseclassic.com

**ကြီး ဦးကုမာရက သူ၏ တရားပွဲများတွင် ယင်းဘုရားဂုဏ်တော် (၁၃)ပါးကို ရိုက်နှိပ်ဖြန့်ဝေ ရှင်းပြတော်မူ၍ (ရွတ်ဆို)တိုင်ပေးသဖြင့် ဗုဒ္ဓဘာသာဝင် ပါရမီရှင်များစွာတို့ ရွတ်ဖတ်ပူဇော်ကြသည်ကို နေရာအတန်များစွာ၌ တွေ့ခဲ့ရပေသည်။)**

ဘုရားဂုဏ်တော်(၁၃)ပါး

အရဟံ ဇဟိအန္တဇယံ သုဂတံ၊
အ,မိတံ ဝိရဇံ လ,လိတံ အတုလံ၊
စရဏံ တိဘဝုပ, သမံ ယမကံ
သုခ,ဒံ သရဏံ ပဏာမာမိ,ဇိနံ။

အဓိပ္ပာယ်

၁။ **အရဟံ**–ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

၂။ **ဇဟိအန္တဇယံ** – အတွင်းအပရန်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား၊

၃။ **သုဂတံ** – ကောင်းသော စကား (တရား)ကို ဆိုတတ်သော မြတ်စွာဘုရား။

၄။ **အ,မိတံ**–မနှိုင်းယှဉ်သည့် တန်ခိုးပြာဋိဟာ ရှိတော်မူသော မြတ်စွာဘုရား။

၅။ **ဝိရဇံ**–ကိလေသာမြူ ကင်းတော်မူသော မြတ်စွာဘုရား။

၆။ **လ,လိတံ** – တင့်တယ်သပ္ပါယ်တော်မူသော မြတ်စွာဘုရား၊

၇။ **အ,တုလံ**–အတုမရှိသော မြတ်စွာဘုရား။

၈။ **စရဏံ**–အကျင့်စရဏနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊

၉။ **တိဘဝုပ,သမံ** – ဘုံသုံးပါး၌ ကိလေသာ ငြိမ်းတော်မူသော မြတ်စွာဘုရား။

၁၀။ **ယမကံ**–ရေအစုံ မီးအစုံ တန်ခိုးပြာဋိဟာ, ပြတော်မူနိုင်သော မြတ်စွာဘုရား။

၁၁။ **သုခ,ဒံ**–ချမ်းသာကို ပေးစွမ်းတော်မူနိုင်သော မြတ်စွာဘုရား၊

၁၂။ **သရဏံ** – ကိုးကွယ်အားထားရာ အစစ် ဖြစ်တော်မူသော မြတ်စွာဘုရား။

၁၃။ **ဇိနံ**–မာရ်ငါးပါးကို အောင်နိုင်တော်မူသော မြတ်စွာဘုရား၊

**ပဏာမာမိ**–ရှိခိုးပါ၏။

**[ဗေဒင်ကိန်းအရ (၂၈)ဂဏန်းပြည့်စုံစေရန် ဂုဏ်တော်(၁၃)ပါးကို ပူဇော်ခြင်းဖြစ်သည်။ အရဟံအစ ဘဂဝါအဆုံးရှိသော ဂုဏ်တော်ကိုးပါးထက် သာလွန်မြင့်မြတ်သည်ဟု ဆိုလိုခြင်း မဟုတ်ပါ။ အတုမရှိသော မြတ်စွာဘုရားရှင်ကိုသာ ရည်မှန်းပူဇော်ခြင်းဖြစ်ရာ မြင့်မြတ်ခြင်းအရာ၌ အတူတူသာ ဖြစ်ပါသည်။]**

ရာဟု အပါအဝင် ဂြိုဟ်ရှစ်လုံး ဂြိုဟ်သက်ပေါင်း (၁၀၈)နှစ် ရှိသည်ကို ရည်ရွယ်၍(၁၀၈ လုံး ပုတီးတစ်ပတ်) (၁၀၈)ကြိမ် ရွတ်ဖတ်ပူဇော်ပါသည်။

မွန်းလွဲ(၃)နာရီမှ သန်းခေါင်မတိုင်မီ အချိန်သည် **လေပိုင်းအခါဖြစ်၍** ထိုအချိန်အတွင်း စားသုံးရ၏။

နေ့ည အခါသုံးပါးကား...

✲**ညဥ့်နှစ်ချက်တီး(သန်းခေါင်ယံ)ကသည် နံနက်တစ်ချက်တီး (နံနက် ၉ နာရီ)တိုင် သလိပ်ပိုင်းအခါ။**

✲**နံနက်တစ်ချက်တီး(နံနက် ၉ နာရီ)ကသည် မွန်းလွဲသုံးချက်တီး (မွန်းလွဲ ၃ နာရီ)တိုင် သည်းခြေပိုင်းအခါ။**

✲**မွန်းလွဲသုံးချက်တီး(မွန်းလွဲ ၃ နာရီ) ကသည် ညဥ့်နှစ်ချက်တီး (သန်းခေါင်ယံ)တိုင် လေပိုင်းအခါ။**

ဟူ၍ ဖြစ်သည်။

အကျိုး

ဤသို့လျှင် နေ့စဉ်စားသုံးပေးခြင်း ဖြင့်...

❖လေအားကြီး၍ ဖြစ်တတ်သော မှတ်ဉာဏ်သတိ လျော့ပါးခြင်း ခွန်အားလျော့ပါးခြင်းကို ကာကွယ် ပေး၏။

❖ဝမ်းတွင်း ပိုးများ ဖောက်ပြန်ခြင်း တားဆီးပေး၍ ဝမ်းမှန်စေ၏။

❖ဝမ်းတွင်း လေပူထခြင်း၊ ရင်ပူခြင်း ပါးစပ်ဝန်းကျင်နှင့် ခံတွင်းရှိ အ နာများ ပပျောက်စေ၏။ အာခေါ ခြောက်ခြင်း၊ လည်ချောင်းနာခြင်း မျက်ဝတ်ထွက်ခြင်း၊ မျက်စိပူခြင်း တို့ကို/သက်သာပျောက်ကင်းစေ

❖ဆီးမှန် ဆီးကြည်၍ စိတ်ရွှင်လန်း ၏။ ဝမ်းမီးနှံ့ခြင်းကို ကုစားပေးနိုင် ၏။

❖ရေငတ်ကျင်ပျောနာ၊ ဆီးလွန် များ ခံစားရပါက ငရုတ်ကောင်း (၅)စေ့ကို မီးသင်း(လှော်)၍ အမှု ပြု ရောစားပေးခြင်းဖြင့် ပျော ကင်းစေ၏။

**(လေအားကြီးသော စတုဓ အရွယ်) အသက်(၅၀)မတိုင်သေး များသည်** လူနေအသွားအလာ စည်ကားရာ အရပ်ဒေသတွင် နေထို ၍ အထက်ပါ ဝေဒနာများ ခံစားရ က ဆေးနာနတ်ကို စားသုံး၍ အကျိုး နိုင်၏။

ဆေးကျမ်းအလိုအရ လူ အရောက်အပေါက်၊ အာဂန္တု အတည် အခိုများသော အရပ်သည် လေအာ ကြီး၏ဟု ဆိုသောကြောင့် ဖြစ် သည်။

**ခွန်စိုင်းဝင်း**

www.burmeseclassic.com

www.burmeseclassic.com

ယခု ကျွန်တော်
ော်ပြမည့် တကယ့်
ဖြစ်ရပ်ကတော့ အလွန်
ထိတ်လန့် တုန်လှုပ်စရာ
ကောင်းပါတယ်။
ကြုံတွေ့ ခံစားခဲ့ရတဲ့
ကာယကံရှင်ဆိုရင်
ဘယ်လောက် တုန်လှုပ်
ချောက်ချားစွာ ခံစားခဲ့ရမလဲ
ဆိုတာ တွေးကြည့်ရုံနဲ့
သိနိုင်ပါတယ်။

သူ့ရဲ့ မိသားစုဝင်တွေလဲ
အလွန် ထိတ်လန့်
ခံစားကြရမှာပါ။
ကြားသိရတဲ့ ကျွန်တော်
တောင် စာနာချောက်ချား
မိပါတယ်။

ဒီဖြစ်ရပ်မှန်ကို
ကျောက်မီးသွေးမိုင်း
လုပ်ငန်း လုပ်စဉ်က
ကြားသိခဲ့ရတာပါ။
ကျွန်တော်ဟာ **တာချီ
လိတ်မြို့နယ်၊ မိုင်းဟဲ
ကျေးရွာအုပ်စု၊ ကျောက်
ထိုထ်ဂူရွာအနီးမှာရှိတဲ့
ကျောက်မီးသွေးမိုင်းမှာ** (Mining
Engineer)အဖြစ် ၂၀၁၄ ခုနှစ်၊
ဇော်တင်ဘာလကစလို့ ဝင်ရောက်
လုပ်ကိုင်ပေးခဲ့ပါတယ်။

ဘူမိဗေဒပညာရှင်သုံးဦးလဲ လုပ်
ကိုင်လျက်ရှိပါတယ်။ ကျွန်တော်တို့ဟာ
သတ္တုတူးဖော်ရေး လုပ်နေကြတဲ့သူ
တွေ ဖြစ်ကြသူချင်း တောတောင်
အကြောင်း၊ တောကြမ်း တောင်ကြမ်း
များအကြောင်း စပ်မိရင် စပ်မိသလို
ပြောကြပါတယ်။

ယခု ကျွန်တော်တို့ လုပ်ကွက်မှာ
တောကြမ်း မြေကြမ်းပါတယ်။ သရဲ



ကောင်းမြင့်မြတ်စိန်

ကချင်ပြည်နယ်

# ရှားငွေပေါ်ရွှေမျှော်ကာ

ဖြစ်ရပ်ဆန်းကြယ်

အခြောက်ခံရသူများ၊ သရဲစီးခံရသူများ
ရှိပါတယ်။ အသုံးပြုတဲ့ စက်ယန္တရား
တွေလဲ ခဏခဏ ပျက်ပါတယ်။ လုပ်
ကိုင်နေတဲ့ လုပ်သားတွေလဲ မကြာခဏ
ဆိုသလို ထိခိုက်ဒဏ်ရာတွေ ရကြပါ
တယ်။

ဒီတော့ ကျွန်တော်တို့ဟာ စမိတဲ့
အခါတိုင်း တောတောင်လုပ်ကွက်

www.burmeseclassic.com

လုပ်ငန်းတွေမှာ တွေ့ကြုံခဲ့ရတဲ့ ကိုယ်တွေ့ဖြစ်ရပ်ဆန်းကို စကားဝိုင်း ဖွဲ့မိတဲ့အခါ ပြောလေ့ ရှိကြပါတယ်။

**၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက် နေ့မှာတော့** လက်ထောက်ဘူမိဗေဒ ပညာရှင် ကိုသန်းဇော်ဝင်းက ယခု ဖော်ပြမယ့် တုန်လှုပ်ထိတ်လန့်ဖွယ် ဖြစ်ရပ်ကို ပြောပြခဲ့ပါတယ်။

'ကချင်ပြည်နယ်မှာ ကျွန်တော့်အမျိုးသမီးရဲ့ အစ်မတစ်ယောက်ဟာ ကချင်နတ်ဖမ်းစား လို့ တစ်ကိုယ်လုံး ယားယံရုံတင်မဟုတ်ဘူး။ တစ်ကိုယ်လုံးက အရေခွံတွေ ကွာကျတယ်။ ဆေးရုံဆေးခန်းတွေ သွားပြပေမယ့် မပျောက်ဘူး။ နည်းမျိုးစုံ၊ ဆေးမျိုးစုံ ကုတာ လဲ မရဘူး။

အရေပြားအထူးကု ဆရာဝန်ကြီးကိုယ်တိုင် ပျောက်အောင် မကုသနိုင်ခဲ့ဘူး။ ယားလိုက် ကုတ်လိုက် အရေခွံတွေ ကွာကျလိုက်နဲ့ နေ့စဉ်နဲ့အမျှ ဒုက္ခခံနေခဲ့ရတယ်ဗျာ'

ထိုအခါ ကျွန်တော် စိတ်ဝင်စားလှ စွာ...

'ဟာ... ဟုတ်လား နောက်တော့ ဘာဖြစ်သွားသေးလဲ'

'နောက်တော့ ဘုန်းကြီးတစ်ပါးက ကုပေးလို့ ပျောက်သွားပါတယ်။ အပြည့်အစုံသိချင်ရင်တော့ ကျွန်တော့် အမျိုးသမီးကို မေးကြည့်ပါ။ သူ့အစ်မ အရင်းကိုယ်တိုင် ဖြစ်ခဲ့တာလေ'

'သြော် ဟုတ်လား မေးကြည့်မယ် ဗျာ'

ကျွန်တော်ဟာ အဲဒီနေ့ ညနေစာ ထမင်းစားပြီး နားနေရင်း စကားဝိုင်း ဖွဲ့ကြတဲ့အခါ ကိုသန်းဇော်ဝင်း အမျိုး သမီး မမျိုးကို အဲဒီအကြောင်း မေး ကြည့်ပါတော့တယ်။ ဒီအခါမှာ မမျိုး က စီကာပတ်ကုံး အောက်ပါအတိုင်း ပြောပြခဲ့ပါတယ်။

'ကျွန်မရဲ့ အဖေက ဦးပေါက်လို့



ခေါ်ပါတယ်။ အဖေက ရွှေလုပ်ငန်း လုပ်ပါတယ်။ ကချင်ပြည်နယ်က ရွှေထွက်တဲ့နေရာတွေမှာ ရွှေကို မျှောတိုက်ပြီးရှာတဲ့လုပ်ငန်း လုပ်တာ ပါ။ အလုပ်သမား ဆယ်ယောက်နဲ့ လုပ်ပါတယ်။ မိသားစုတွေလဲ ပါပါ တယ်။

ကျွန်မအစ်မအကြီးဆုံး မစိုးစိုးနဲ့ သူ့အမျိုးသားလဲ ပါပါတယ်။ ၂၀၀၈ ခုနှစ်လောက်က ဖြစ်ပါတယ်။ တန်ဆောင်မုန်းလပြည့်မှာ ပျော်ပွဲစား ကြမယ်ဆိုပြီး အနီးအနားမှာရှိတဲ့ရွာ က ဘဲငန်းကြီးနှစ်ကောင်ဝယ်ပြီး အလုပ်သမားတစ်ယောက်က သတ်ပါ တယ်။ ပြီးတော့ ချက်စားကြပါတယ်။ အားလုံး ပျော်နေကြတာပေါ့'

'နေပါဦး မမျိုး ကချင်ပြည်နယ်ဆို တော့ ဘယ်နေရာမှာလဲ'

'ကချင်ပြည်နယ်၊ **ဖားကန့်မြို့နယ် ထဲက ရှဒုံးဖွတ်ရွာ**နဲ့ မနီးမဝေးနေရာ မှာပါ။ ရွှေရှိတဲ့ တောင်စောင်းတောင် ကုန်းက မြေကြီးတွေကို ရေပန်းနဲ့ထိုးချ ပြီး သစ်သားဇလားမြောင်း အဆင့် ဆင့်နဲ့ ရွှေတွေကို ဖမ်းယူပါတယ်။ ပြီးတော့မှ သန့်စင်ယူပါတယ်။

အဲဒီညက ရွှေလုပ်ကွက်ထဲမှာ ပျော်ပွဲစားပြီး တချို့ကလဲ ရွာထဲဘက် သွားလည်ကြတယ်။ ကျွန်မ အစ်မ

မစိုးကတော့ အိပ်တော့မယ်ဆိုပြီး အိပ်ရာထဲ ဝင်သွားတယ်။ အဲဒီအချိန် မှာ သူ့လက်တွေ ယားလာတယ်။ မနေနိုင် မထိုင်နိုင်အောင် ယားလာ တယ်။ ကုတ်လို့လဲ မပျောက်ဘူး။

ဒါနဲ့ ပရုတ်ဆီ လိမ်းကြည့်လိုက် တယ်။ ဒီတော့မှ ပိုဆိုးသွားသလား ထင်ရတယ်။ တစ်ကိုယ်လုံး ယားယံ နေတော့တာပဲ။ တစ်ညလုံး မအိပ်နိုင် တော့ဘူး။

မစိုးက အဲဒီလို ဖြစ်နေချိန်မှာ သူ့ အမျိုးသားကလဲ ရွာထဲသွားရင်း မြွေ ကိုက်ခံရသေးတယ်။ မြွေကတော့ မြွေ စိမ်းပါပဲ။ ဒါပေမယ့် နှစ်လလောက် ဆေးကုနေရသေးတယ်။ မစိုးကတော့ မသက်သာဘူးတဲ့။ အဲဒီတစ်ညလုံး ယားယံနေတာ မပျောက်တော့ နောက် နေ့မနက်မှာ မြစ်ကြီးနားမြို့ကိုသွား အပြင်ဆေးခန်းပြတယ်။ သာမန် ယားနာပျောက်ဆေးတွေ ပေးတယ်။ မပျောက်ဘူး။ ကြာလေ ဆိုးလာလေပဲ။

တစ်ကိုယ်လုံး အဝတ်တောင် မကပ် နိုင်တော့ဘူး။ တစ်ကိုယ်လုံး ယားယံ ကုတ်လိုက်တိုင်း အရေခွံတွေ ကွာကျ တယ်။ ကုတ်တိုင်း အရေခွံတွေ ကွာ ကွာကျတယ်။ အသားအရေတွေ နီး နေပြီး ဘာနဲ့မှ အထိမခံနိုင်တော့ဘူး ငှက်ပျောဖက်ခင်းပြီး ခြင်ထောင်ထဲမှာ ထားရတယ်။ အဖေကတော့ ဒိုင်ခံပြု နေရတာပေါ့။

ဒီလိုနဲ့ မြစ်ကြီးနား ပြည်သူ့ဆေးရုံ တင်ရတယ်။ ရှစ်လကြာတယ်။ ဆရာဝန်၊ ဆရာမတွေက ကူးစက်မှာ ကြောက်လို့ လက်အိတ်တွေနဲ့ ကိုင်ကြ တယ်။ အရေပြား အထူးကု ဆရာဝန် ကြီးတွေကတော့ ကူးစက်ရောဂါ မဟုတ်ဘူးတဲ့။ **သွေးမှုန်ရောဂါလို့ ပြောပါတယ်။** ဆေးမှုန်မှာလဲ မသက်





www.burmeseclassic.com

www.burmeseclassic.com



ဘူး။

အရေခွံတွေ ကွာကွာကျတာလဲ **တစ်နေ့တစ်နေ့ ကြွပ်ကြွပ်အိတ်နဲ့ တစ်လုံးရတယ်။ ယားလို့ မနေနိုင်တော့ ကုတ်ရဖွဲ့ရ၊ ကုတ်တိုင်း အရေခွံတွေ ကွာကျတယ်။** တကယ် စိတ်ရောက်ချားစရာကြီးပါ။

နောက်ကျတော့ အုန်းဆီတို့ သံလွင်ဆီတို့ တောက်လျှောက် လိမ်းပေးနေရတယ်။ နာရီပိုင်းအတွင်း ခြောက်ကပ်သွားပြီး အရေခွံတွေက သူ့အလိုလို ကွာကွာကျန်တယ်။ အသားအရေတွေ နီရဲနေတယ်ပြီး မကုတ်နိုင်တော့ဘူး။ လိမ်းဆီတစ်မျိုးမျိုး အမြဲလိမ်းပေးနေရတယ်။ မလိမ်းလို့ကို မရဘူး။

ဆေးစစ်တော့လဲ ထူးထူးခြားခြား ရောဂါ ရှာမတွေ့ဘူး။ Bပိုး Cပိုး မရှိဘူး။ တချို့မသိတဲ့သူက AIDSလို့ထင်ကြတယ်။' ဒါပေမယ့် AIDSမဟုတ်ဘူး။ လူက တဖြည်းဖြည်း ခြောက်ကပ်လာတယ်။ ကော်ပတ်ရုပ်ကလေးလိုပဲ။ လက်တွေဆိုလဲ လှုပ်ရှားလို့ မရဘူး။ ဘာမှ ကိုင်လို့တွယ်လို့ မရတော့ဘူး။ အုန်းဆီ၊ သံလွင်ဆီလို လိမ်းဆီတစ်မျိုးမျိုး တောက်လျှောက်လိမ်းပေးနေရတယ်။ ခဏချင်း ခြောက်ကပ်သွားပြီး အရေခွံတွေကွာပြီး လွင့်စဉ်ကျလာတာပဲ။

ဆရာဝန်တွေကလဲ အားပေးပါတယ်။ ဘာမှ အားမငယ်နဲ့တဲ့။ AIDSလို ရောဂါသည်တွေတောင် ရောဂါတိုးအောင် ဆေးနဲ့ ကာကွယ်ထားပြီး စိတ်ဓာတ်မကျရင် သက်တမ်းစေ့နေနိုင်သေးတာပဲ။ စိတ်အား မလျှော့နဲ့တဲ့။

ဒီရောဂါက ကူးစက်ရောဂါလဲ မဟုတ်ဘူး။ အားငယ်စရာလဲ ဘာမှ မရှိဘူး။ သမီးကို အားလုံးဝိုင်းပြီး ပြုစုစောင့်ရှောက်ပေးနေတာပဲ။ တဖြည်းဖြည်းတော့ ရောဂါက ပျောက်သွားမှာပါတဲ့။ ကျွန်မတို့ ညီအစ်မတွေ ဆွေမျိုးမိတ်ဆွေတွေကလဲ ဝိုင်းပြီး အားပေးနေရတယ်။

ဒါပေမယ့် အဖေရော၊ အမေရော၊ ကျွန်မတို့ရော အစ်မစိုးအတွက် တော်တော် စိတ်ပူကြရတယ်။ စိတ်ဆင်းရဲကြရပါတယ်။ မကြည့်လဲ မကြည့်ရက်နိုင်တော့ဘူးလေ။

ဒီလိုနဲ့ ရှစ်လကြာတော့ အဲဒီအရေပြားအထူးကု ဆရာဝန်ကြီးလဲ လက်လျှော့သွားတယ်။ ဆရာဝန်ကြီး ဒေါက်တာ အာဇီးလို့ခေါ်ပါတယ်။ သူ မန္တလေးဆေးရုံကိုသွားဖို့ ညွှန်းပါတယ်။ အဖေကတော့ မကျေနပ်ဘူး။ ဒီလောက် ငွေကုန်လူပန်းကုပြီးမှ အခုကျမှ ဒီလိုပြောရသလားပေါ့။

ဒါနဲ့ အဖေဟာ ကျွန်မအစ်မကို ဆေးရုံပေါ်က ပြန်ခေါ်လာခဲ့ရတယ်။ အစ်မကလဲ အရမ်းကို စိတ်ညစ်အားငယ်နေတာပေါ့။ ဒါနဲ့ အစ်မဟာ ဆေးရုံကပေးလိုက်တဲ့ ဆေးတွေကို ကားစီးရင်း လမ်းမှာ အကုန်လွှင့်ပစ်လိုက်တယ်။

သူ့ဟာသူလဲ အားလျှော့ပြီး အဆုံးစီရင်မယ်လို့တောင် စိတ်ကူးသတဲ့။ ဒါပေမယ့် အဖေက သမီးကို အားပေးတယ်။ အဖေ ရှိသမျှကုန်ပါစေ။ သမီးကို ပျောက်အောင်ကုမယ်လို့ ပြောတယ်။ အဖေက စိတ်မလျှော့ဘူး။ မြန်မာနည်းတိုင်းရင်းဆေးနည်း။ မြန်မာဆရာတွေရှာတယ်။ စုံစမ်းလေ့လာတယ်။

အဲဒီမှာ ကံအားလျော်စွာ ရှုဒူးဖွတ်ရွာထဲက အမျိုးသမီး တစ်ယောက်က အဖေ့ကို လာပြောတယ်။ သူတို့ရွာဦးကျောင်းဆရာတော်က ဆေးဝါးဓာတ်စာနဲ့ ကုတတ်ကြောင်းနဲ့ ပြကြည့်ပါလားလို့ တိုက်တွန်းတယ်။ ဒါနဲ့ အဖေက အဲဒီဆရာတော်ထံ သွားပြီး အကျိုးအကြောင်း လျှောက်တယ်။

ဆရာတော်က...

"အဘကြီး အလုပ်သမားတွေ တောထဲမှာ အချိန်မတော် သားစိမ်းငါးစိမ်း ချက်စားပြီး အဲဒီနားက သစ်ပင်ကြီးတစ်ပင်မှာရှိတဲ့ ပုဂ္ဂိုလ်ကို မတင်မြှောက် မယသလို့ ဖြစ်ရတာ။ ချက်ချင်းသွားပြီး အဲဒီ အပင်ကြီးအောက်မှာ တင်မြှောက်ပသလိုက်ပါ။ တောင်းပန်လိုက်ပါ။ လူနာကိုလဲ သင်္ဘောသီးမှည့်နေ့စဉ်ကျွေးပေးပါ။ ပျောက်သွားလိမ့်မယ်" လို့ မိန့်ကြားလိုက်တယ်။

တိုက်ဆိုင်တာ တစ်ခုကတော့ ကျွန်မအစ်မ မစိုးဟာ ဗြဲဘက်မှာ

www.burmeseclassic.com

ထူးဆန်းသော

# ဘယက်တွင်း

မင်းနိုင်



အချိန်က ၁၉၇၀ ပြည့်နှစ်ကာလ သက်တမ်းအားဖြင့် နှစ်ပေါင်း(၄၅)နှစ်ခန့်လောက်က မုဆိုးစောလှထွန်းနှင့် တောတက်မည့်အဖွဲ့သည် ပင်လယ်ထဲမှ ကျွန်းတစ်ကျွန်းသို့ ရောက်ရှိလာလေခဲ့သည်မှစ၍ ယခုဖြစ်ရပ်ကို ကြုံခဲ့ခြင်းဖြစ်လေ၏။

မှိုင်းမှိုင်းညို့ညို့ ကျွန်းကြီးသည် အကျယ်အဝန်းက မသေးလှ။ တောနက်၍ သားရဲပွမ်းသောကြောင့် တော၏ မာယာကြွယ်လေ၏။

မုဆိုးစောလှထွန်းတို့ အဖွဲ့သည် တောထဲသို့ တိုးဝင်လာခဲ့သည်မှာ နံနက်ကတည်းကပင် ဖြစ်လေသည်။

သားကောင်ဆို၍ ရစ်ငှက်တစ်ကော
တောကြက်ဖတစ်ကောင်သာ ရသေ
သည်။

သူတို့ တောတိုးလာသည်မှာ ေ
ကလည်းမော၊ ရေလည်း ဆာလ
သဖြင့် ရေသဖန်းပင်ကြီးအောက်
တွင် ဝင်ရောက် နားခိုလိုက်ကြသည်
စောလှထွန်းက သူ၏ ဒူးလေး
ရေသဖန်းပင်ကြီးတွင် မှီထောင်ထာ

www.burmeseclassic.com

www.burmeseclassic.com



ရေဘူးထဲမှ ရေကို သောက်လိုက် ပလုတ်ကျင်း၍ ထွေးထုတ်လိုက်

'ထွီ…ဗျစ်'

ရေနှင့်အတူ တပြိုက(ကွမ်းယာ)ဖတ် က မြေကြီးပေါ်တွင် ပြန့်ကျဲသွား၏။ တစ်ငုံကို ငုံ၍ မှိန်းမည်ကြံကာရှိ သူ့ရှေ့ရှိ မြရာပင်တောချုံသည် နဲ့ လှုပ်ခတ်သွားသဖြင့် ဒူးလေးကို ကိုင်ရင်း ပတ်ဝန်းကျင်ကို လာလိုက်သည်။

'ကျင်ကောက်…ဖိုးနီ'

ဟု အသံအုပ်အုပ်နှင့် သတိပေး ၏။

'တောတိုးသံ ကြားတယ်'

လှုပ်နေသော မြရာချုံနားသို့ ကပ်၍ သော် လတ်လတ်ဆတ်ဆတ် ကောင်၏ ခြေရာကို တွေ့လိုက်ရ ချေပေါ့က်တစ်ကောင်၏ ခြေရာ သည်။ သို့သော် ချေပေါက်သည် ရာရထားသော အနေအထား းစတချို့ကို တွေ့လိုက်ရ၏။

'ဖိုးနီနဲ့ကျင်ကောက် ဒီကောင် ရာရထားပုံရရင်တော့ ဒီနားမှာ စုခွဲရှာကြမယ်'

ဟုပြော၍ ချေပေါက်ကို ခြေရာခံ ကြရာ မြရာတော နဘူးချုံဝါး ကို တိုးလာခဲ့ကြရာ ရှေ့မြေ ပြောင်ပြောင်တွင် ချေပေါက် ကောင် လဲကျသေဆုံးနေသည်ကို တွေ့ရ၏။

စောလှထွန်းတို့ အနီးသို့ မရောက် တောကြက်တစ်ကောင် ထိုမြေပြောင် ကို ဖြတ်ပြေးရင်း လဲကျ၍ အကြော ကာ သေဆုံးသွား၏။

မုဆိုးအသိဖြင့် ထူးဆန်းသော မြေ ပြောင်ပြောင်ကွက်လပ်သို့ စူးစမ်းရင်း ဆိုးစောလှထွန်းအံ့ဩလျက် ရှိနေပါ သည်။

မကြာမီ ကျင်ကောက်တို့ ရောက် လာကြသည်။ မုဆိုးစောလှထွန်းက…

'ဖိုးနီရေ နည်းနည်းတော့ ထူးသကွ၊ ချေပေါက်နဲ့တောကြက်ဖ ဒီမြေပြောင်ပြောင် ကို ဖြတ်လဲပြေးရော စင်းစင်းလဲ သေတာပဲ ကွ'

ဖိုးနီက မြေပြောင်ပြောင်ကို လေ့လာ နေ၏။ တောထဲမှာ ထူးထူးခြားခြား မည်သူမှ မလှည်းကျင်းရဘဲ မြေက ပြောင်နေ၏။ တိရစ္ဆာန် လူသွားလမ်း မကျဘဲ မြေပြင်က မည်သည့်အတွက် ပြောင်နေရသနည်း။

ထိုမြေပြောင်ပြောင်ကို ဖြတ်ပြေး သည့် သတ္တဝါနှစ်ကောင်စလုံး ဘာ ကြောင့် သေဆုံးရသနည်း။

'ဟော့ကောင်တွေ သတိထားကြနော် မဟုတ်မှလွဲရော ဒီနေရာဟာ ငါ့အတိုး ပြောခဲ့ဖူးတဲ့ မွန်မိဖုရားကြီးတစ်ပါး သစ္စာဆိုပြီး သူရဲ့ ချုပ်ဝတ်တန်ဆာ ငါးပါးကို မြှုပ်နှံခဲ့တဲ့ နေရာပဲ ဘယက်တွင်းဆိုတာ နေလိမ့်မယ်'

'ဒီဘယက်တွင်းဆိုတာကို ဖြတ် ပြေးတာနဲ့ ချေပေါက်နဲ့ တောကြက်က ဘာဖြစ်လို့ သေတာတုံး'

'ပြောရရင်တော့ ဖိုးနီရေ မွန်မိဖုရားကြီးက တပင်ရွှေထီးကို စစ်ရှုံးတော့ ခြေရာဖျောက်ပြီး ပင်လယ် ပိုင်းမှာ ခပ်ကုပ်ကုပ်နဲ့ ဓာတ်မြှုပ်ခဲ့ပြီး ကံတော်မကုန်ခင်မှာ သူ့ချုပ်ဝတ် တန်ဆာငါးပါး(ဘယက်တော်ကြီး အပါ အဝင်)ကို သစ္စာဆို မြှုပ်နှံခဲ့တယ်လို့ ကြားဖူးတယ်'

'ဘယ်လို သစ္စာဆိုခဲ့လို့လဲကွ'

'ဟဲ့ကောင် ကျင်ကောက် ငါလဲ သက်ကြီးစကား သက်ငယ်ကြားအရပဲ ဒီဘယက်တွင်းပေါ်က ဖြတ်ပြေးတဲ့ လူနဲ့သတ္တဝါတွေကို ဥပဒ်ဖြစ်စေတယ် ပေါ့ကွာ။ အခုပဲ မင်းတို့အမြင်ပဲ မဟုတ်လား'

ထို့နောက် မြေပြင်ပြောင်မှ ချေပေါက်နှင့် တောကြက်ကို လျှော့ ကွင်းပစ်၍ ဆွဲယူပြီး ကြည့်သောအခါ မှာ

'ဟာ ဒီချေပေါက်က ပျားတူ(ပတူ) ကျင်းနဲ့ တွေ့လာပုံရတယ်။ ခြေထောက် မှာ အသားတစ်ခြမ်း မရှိတော့ဘူးဟေ့'

စောလှထွန်း ပြောသလိုပင် ချေ ပေါက်မှာ အသားတစ်ခြမ်း းမရှိတော့ သည်ကို ဖိုးနီတို့ တွေ့လိုက်ကြသည်။

တောတောင်ကျွန်းများတွင် ဆင်၊ ကျား၊ ကျားသစ်တို့ထက် လွန်စွာမှ အန္တရာယ်ကြီးသည်မှာ ပျားတူ(ပတူ) ကျင်းများပင်ဖြစ်၏။ မြေကျင်းအောင်း သတ္တဝါများဖြစ်ပြီး လွန်စွာ အဆိပ်ပြင်း ၏။

မုဆိုးစောလှထွန်းတို့ ချေပေါက်နှင့်

www.burmeseclassic.com

တောကြက်ကို နံနက်စာအတွက် ချက်ပြုတ်၍ ရစ်ကြော်ကို ညစာအတွက် ချန်ပြီး ထမင်းချက်ပြုတ်စားလိုက်ကြသည်။

ညပိုင်းတွင် မီးထိုး၍ တောပစ်ကြရာ ဝက်သိုက်တွေ့ပြီး တောဝက်သုံးကောင်ရလိုက်ပြီးနောက် သူတို့ တောထဲမှ ပြန်ထွက်လာခဲ့ကြသည်။

စောလှထွန်းတို့ ရွာကို ပြန်ရောက်သော် ကျွန်းကြီးပေါ်တွင် **ဘယက်တွင်း**ကို တွေ့ရှိခဲ့သည့် သတင်းသည် ပျံ့နှံ့၍ သွားပါတော့သည်။

မကြာမီတွင် ပင်လယ်ပိုင်းတွင် ဖာတ်မြှုပ်ရင်း ကံတော်ကုန်သွားသည့် မိဖုရားကြီး၏ ဂူသင်္ချိုင်းတော်ကို ရှာဖွေကြသူများသည် မုဆိုးစောလှထွန်းတို့ တောထဲတွင် တွေ့ခဲ့သည်ဆိုသော ဘယက်တွင်းကို ခြေရာကောက်လာကြ၏။

သို့သော် ကရင်တိုင်းရင်းသား ရိုးသားသော စောလှထွန်းသည် ဘယက်တွင်းရှိရာကို နှုတ်ပိတ်ရေငုံနေသဖြင့် သိုက်တူးသမားများမှာ အခက်တွေ့ကာ ဘိန်းစား တေင်ကို လမ်းပြငှား၍ ပင်လယ်ထဲမှ ကျွန်းကြီးရှိရာ ရှာပုံတော် ဖွင့်ကြလေတော့သည်။

ဘိန်းစားတေင်တို့နှင့် သိုက်တူးသမားများ ရွာမှ ထွက်သည်ဆိုသော သတင်းသည် မုဆိုးစောလှထွန်းထံ ရောက်လာသည်နှင့် ဖြတ်လမ်းမှ လိုက်၍ အရိပ်အခြည် အကဲခတ်ရန် ဖိုးနီနှင့် ကျင်ကောက်ကို ရှာဖွေရာ ဖိုးနီသာ တွေ့ပြီး ကျင်ကောက်မှာ ဘာသတင်းမှ အစအနမရ ပျောက်ချက်သား ကောင်းနေသည်။

ခက်သည် အရေးဆိုလျှင် အားကိုးရမလား အောက်မေ့ရသည်။ တစ်ခါတစ်ခါ ကျပ်က မပြည့်ချင်သမို့ စောလှ



ထွန်းမှာ စိတ်ရှည်ရှည်နှင့် ထိန်းပေးနေရသည်။ ဒီကောင် နှုတ်ဖွာ၍ ဘယက်တွင်းကိစ္စကို ဘိန်းစား တေင်က သိသွားပြီး လှုပ်ရှားလာခြင်း ဖြစ်သည်။

အမှန်တကယ်ပင် တောထဲ၌ ထူးဆန်းသည့် ဘယက်တွင်းသည် ဒဏ္ဍာရီဆန်ဆန် ရှိနေခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ချေပြီ။ အဘိုးပြောသော **"သမိန္တောရာမ"** မင်းသား၏ ရာဇဝင်နှင့် ဆက်စပ်နေသည်ဟု စောလှထွန်း လူပျိုပေါက် အရွယ်ကပင် သိရှိနေခဲ့သည်။ **(သမိန္တောရာမမင်းသား တစ်ညတာ နိအောင်းခဲ့သည့် သမိန္တောရွာ ဆိုသည်မှာ ယခုတိုင် ဖျာပုံ၊ ထမင်းဈေးနှင့် (၉)မိုင်ခန့် ကားလမ်းတွင် ရှိနေသည်။)**

သို့လောသို့လော အတွေးများနှင့် စောလှထွန်းမှာ ရတက်မအေးနိုင် ဖြစ်နေရှာ၏။ သားရဲပေါသော ကျွန်းသို့ ရောက်လာသည်နှင့် မုဆိုးစောလှထွန်းနှင့် ဖိုးနီလူစုခွဲပြီး ဘယက်တွင်း၌ ပြန်ဆုံရန် ထွက်လာကြရာ တောကျွမ်းသော စောလှထွန်းက သစ်ပင်တစ်ပင်ပေါ်မှတစ်ပင် ကူးသွားရင်း နောက်ယောင်ခံလိုက်နေ၏။

တောတွင်းနေ တိရစ္ဆာန်များ အိပ်တန်းတက်ချိန်၊ သားကောင်ကြီးများ အစာရှာထွက်ချိန်၊ မျောက်မောင်း များ တစ်ကောင်နှင့် တစ်ကောင် နေရာလု၍ ကိုက်ခဲမာန်ဖီနေကြ များက တောတွင်း၌ ကြားနေရ

တောကောင်ကြီးများ ရေသော ဆင်းချိန်၊ တောဝက်များ အစာရှာ အန္တရာယ်တောထဲကိုမမှု၊ မုဆိုးစော ထွန်းမှာ လှုပ်ရှားနေလေတော့သည်။

ခြေနှစ်ချောင်းကယ်မိသည့် အက က သူ့ကိုပြန်၍ ဒုက္ခပေးနေခဲ့သ မဟုတ်လား။ ဖောင်မျော၍ ဒု ရောက်လာ၍ ကယ်တင်ခဲ့ပြီး...

လူဆိုသည်မှာ မွေးသန္ဓေ သေ ဖျောက် ဆိုသကဲ့သို့ ကျင်ကော ပါးစပ်ဖွာလိုက်ရာမှ စခဲ့သော မီး စောလှထွန်းတို့ကို တဖွေ့ဖွေ့လော ကျွမ်းစေခဲ့သည်သာမက မိဖုရားကြီး ဘယက်တွင်းကို ဥပဒ်ပေးတော့မည်

ထိုအချိန်တွင် ဘိန်းစားတေင် မီးတုတ်နှင့် အချက်ပြသလို တစ်နေ မှလည်း ပြန်၍ မီးဖြင့် အချက်ပြ သည်ကို တွေ့ရသည့်အတွက် တော ထဲတွင် မီးနှင့်အချက်ပြသူမှာ မည်သ ဖြစ်မည်နည်းဟု တွေးလိုက်သော အခါ...

'ဟာ...သိပြီ...သိပြီ ဟိုကောင် ကျင်ကောက် ရေမျောကမ်းတင် လာတဲ့ကောင် သစ္စာဖောက် ဘိန်းစား တေင်နောက်လိုက်ဖို့ သွားခေါ်တော့ ဒါကြောင့် ဒီကောင် ပျောက်နေတာ ကိုး။ ဟိုကောင် တေင်ဆိုတဲ့ ကောင် ဒါကြောင့် ဒီတောထဲမှာ အရဲကိုးနေ တာပါလားကွာ သိကြရောပေါ့ကွာ'

ကျင်ကောက်တို့ လောဘသား ကောင်များ အချိန်းအချက် ပြ ထား၍ ဝါးရုံပင်အောက် ဘယက်တွင်း ရှိရာ မြေပြောင်ပြောင်ကို မီးတိုင် အလင်းရောင်ဖြင့် ရှားစွာ တွေ့



www.burmeseclassic.com

www.burmeseclassic.com

ကဲ်ရသည်။

တန်တော့ပွဲ ဖယောင်းတိုင်များနှင့် ခေါင်းပေါင်းဆရာကြီးက ဘယက် င်းမြေပြင်ပြောင်ကို မန်းမှုတ်နေ၏။ ပေါင်း လူက(၅)ယောက်။ သူတို့ တွင် ပေါက်ပြားများလည်း တွေ့ရ ည်။

နီးရာကိုင်းတစ်ခုကို လှမ်းခိုတွယ် စောလှထွန်းက မျောက်တစ် ာင်လို ခုန်ကူးလိုက်သောအခါ င်တို့အဖွဲ့ လုပ်ကိုင်နေသည်ကို ရှိလိုက်၏။ မြေပြင်ပြောင်ပြောင်ကို ်၍ တူးနေကြပြီး လောဘတက် ကြပုံရသည်။

ထိုအချိန်တွင် "ဝိုးဝိုး ဝေါဝေါ" သံများ ထွက်လာ၏။ မိုးမရွာ သမတိုက်သဖြင့် ခေါင်းပေါင်းဆရာ ြီးမှ…

'ဟာ…ဘာသံတွေလဲ၊ ဘယ်ကလဲ၊ တော ဟည်းတာလား၊ တောခြောက်တာလား'

သူတပည့်များမှာ တူးလက်စအလုပ် ိုရပ်ပြီး ကျောချင်းကပ်၍ စိတ်က ုံမလဲနှင့် ဘေးဘီကို ကြည့်နေ ကြ၏။

''ကျီ ကျည် ကျည်'

ရုတ်တရက် ဆင်အော်သံကြားရပြီး ညင်ဆီမီးတိုင်မှ မီးခိုးများကြောင့် အုပ်စုမှာ ဖရိုဖရဲဖြစ်သွား၏။

ထိုအချိန်တွင် ကညင်ဆီ မီးရောင် ားနှင့်အတူ အသားမည်းနက်ကြုတ် ီ အပေါ်ပိုင်း အကျႌဗလာ လူသန်ကြီး ၄)ယောက်ခြံရံလျက် စွယ်စုံဆင်ကြီး ါတွင် မြစိမ်းရောင်လွှမ်းခြုံထားပြီး န်းဝေအောင်များ ဆင်ယင်ထားသည့် န်းသွေးနန်းမှုဟန်နှင့် မိန်းမပျိုတစ် ယောက်…

'အို…ဟင်…ဟာ'

'အို…'



ပင်လယ်ထဲက ကျွန်းကြီးတစ်ခုပေါ် တွင် သူတို့ ဘယက ရောက်လာကြ သနည်း။ ဆင်ကြီးထက်မှ မိန်းမပျို မှ…

'အလို…လောဘသားကောင်တွေ အရှင်မ ရဲ့ ချုပ်ဝတ်တန်ဆာငါးပါးဟာ နောင်ပွင့်မယ့် အရိမေတ္တေယျ မြတ်စွာဘုရားကို ရည်စူးပြီး လှူဒါန်းပူဇော်မယ့် ရတနာများသာ ဖြစ် သည်။

အရှင်မ၏ ဘယယ်တွင်းကို သင်တို့ ကိုယ်ကျိုးအတွက် အသုံးပြုပါက ဇရဲကြီး ရှစ်ထပ်တွင် ဒုက္ခအမျိုးမျိုးနှင့် တွေ့ရမည် ဖြစ်သည်။

အရှင်မ၏ ဘယက်တွင်းကို ကျူးကျော် သည့်အတွက် သင်တို့ကို အရှင်မကိုယ်စား ပေးအပ်သည့် အပြစ်ဒဏ်ကတော့…'

ဟု လက်ပြလိုက်ရာ…

တစ်ယောက်သော လူသန်ကြီးမှ ဘင်းပုတ်နှင့် တစ်ချက်လွှဲရိုက်ရာ…

'ဝုန်း ဝေါ ဝိုး ဝေါ'

ကန်တော့ပွဲ ဖယောင်းတိုင်များ ပြို ပျက်လွင့်စဉ်ပြီး ခေါင်းပေါင်းဆရာကြီး တို့လည်း ညမှောင်မှောင်ထဲ ပြေးမိပြေး ရာ ပြေးကြရာမှ နယ်မြေမကျွမ်း၍…

'အား ဝေါင်း အူး အား'

အစာရှာထွက်သည့် တောကောင် ကြီးများနှင့်တွေ့၍၊ အမိုက်ဓာတ် သိမ်းသွားလေတော့သည်။ ဝန်းကျင် တစ်ခိုတွင်တော့ ဆူညံ၍ မီးခိုးမှိုင်းများ လွင့်ပါးသွားသောအခါတွင် ဆင်ပေါ်က မိန်းမပျိုနှင့် လူသန်ကြီး (၄)ယောက် တို့မှာမရှိတော့ ချေ။

မှဆိုးစောလှထွန်းမှာ လောဘ သားကောင်တင်တို့ အဖြစ်ကို ကိုယ် တွေ့မို့သာ ယုံလိုက်ရသည်။ မိဖုရား ကြီးပုလဲဒါလီ၏ ဘယက်တွင်းမှာ လွန်စွာသစ္စာကြီး၍ တန်ပြန် သက် ရောက်မှုကြောင့်လည်း မည်သူမှ မထိပါးရဲကြပေ။

ဘယက်တွင်းကို အကယ်၍ ထိပါး ကြပါကလည်း မကြာခဏ အစောင့် အရှောက်ပုဂ္ဂိုလ်များနှင့် တွေ့၍ ချောက်ချောက်ချားချား ဖြစ်ခဲ့ရသည်။

ပင်လယ်ထဲက ကျွန်းကြီးပေါ်တွင် လူပယောဂမပါဘဲ ကျွန်းမြေတစ်နေရာ သည် မြေပြောင်ပြောင် ကုန်းပြောင် ပြောင်ဖြစ်နေသည်က သမိုင်းကို စိတ်ဝင်စားသူများအဖို့ ထူးခြား၍နေ ပေသည်။

မှဆိုးစောလှထွန်း တောထဲတွင်



www.burmeseclassic.com

www.burmeseclassic.com

တွေ့ခဲ့ရသည့် ဘယက်တွင်းနှင့် မွန်မိဖုရားကြီး၏ ဂူသချိုင်းတော်သည် ထူးခြားမှုနှင့် ဂမ္ဘီရဆန်ဆန် လျှို့ဝှက်စွာ တည်ရှိနေသည်ကတော့ အမှန်ပင်ဖြစ်သည်။

ရှေးက မွန်ဘုရင် မင်းညီမင်းသား တို့သည် မိမိတို့ သီလစင်ကြယ်၍ အလှူအတန်းကိစ္စရပ်များနှင့် ပတ်သက်လျှင် တစ်ဖက်သား မနှောင့်ယှက် မဖျက်ဆီးနိုင်ရန် သစ္စာဆိုခြင်း၊ အစီအမံများ၊ ဂမ္ဘီရပညာရပ်များနှင့် ပြုလုပ်ထားကြသည့် အလေ့အထ ရှိကြပါသည်။

မုဆိုးစောလှထွန်းနှင့် ဖိုးနီသည် တောထဲမှ အပြန်တွင် ခေါင်းပေါင်း ဆရာကြီးနှင့် အဖွဲ့သားများအား မရှုမလှ သေဆုံးနေသည်ကို တွေ့၍ ရဲဘော် ရဲဖက် စိတ်ထားထား၍ ကျင်ကောက် အလောင်းကို ကောင်းစွာ သင်္ဂြိုဟ်ခဲ့လေသည်။

တစ်ခါတစ်ရံ တောတက်အမဲလိုက် မုဆိုးများ မျက်စိလည် လမ်းမှား၍ ကံထူးသဖြင့် မိဖုရားကြီး၏ ဘယက်တွင်းနှင့် ဂူသချိုင်းတော်ကို တွေ့ရှိခဲ့သူတွေ ရှိခဲ့ကြပါသည်။

သို့သော် သစ္စာစည်းကို မချိုးဖောက်သူမှ တွေ့ရသလို စည်းဖောက်ခဲ့သူ တစ်ချို့မှာ ခရီးပျောက်ခဲ့ပါလေသည်။

အမှန်တကယ် ဘယက်တွင်းနှင့် မိဖုရားကြီး၏ ဂူသချိုင်းတော်ကြီး ပင်လယ်ထဲမှ ကျွန်းတစ်ကျွန်း၏ တောနက်ထဲတွင် ဒဏ္ဍာရီဆန်စွာ ရှိနေခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ချေပြီ ဖြစ်လေသည်။

**မင်းနန္ဒီရှိန်**



ဓာကြွင်း

ဘုရင့်နောင် ကျော်ထင်နော်ရထာ ဟံသာဝတီကို အုပ်စိုးသောအခါ မွန်မင်းဆွေမင်းမျိုးတို့သည် မွန်မိဖုရားကြီးရှိရာသို့ စုံစမ်းလျက် ဝင်ရောက်ခိုလှုံလာကြသည်။

မိဖုရားကြီးသည် ဝင်ရောက်လာသူများကို မွန်ဘာသာဖြင့် **ထော်ညီ (ထော်=ရွှေ၊ ညီ=နေရာတော်) ရွှေနေရာ-ရွှေအိမ်တော်**၊ မင်းဆွေမင်းမျိုးများ နေထိုင်ရာကို အမှန်အမြတ်ခေါ်ခဲ့ရာ **ထော်ညီ**မှ ယခုအခါ **ဒေါ်ညိမ်း**ရွာဟု ထင်ရှားခဲ့သည်။

**(ထိုနေရာသည် ပင်လယ်ကမ်းခြေနှင့် အတော် ဝေးကွာလှမ်းသော ကျွန်းတောနက်ရွာ ဖြစ်လေသည်။)**

ထို့ပြင် တခြားရွာကြီးများမှာ မွန်ဘာသာဖြင့် **ကလွံ့ထိုက်(ကျွန်းကြောင်း ခရီးပြန်လာခြင်း ဖြစ်သည်။)**

မိဖုရားကြီးမှ မင်းဆွေမင်းမျိုးတို့... မြင်းသည့်တော်၊ ခြေမြန်တော်... စေလွှတ်သော နေရာဌာနဖြစ်... နောင်တွင် **ကုလားထိပ်ရွာကြီး**... ဖျာပုံအောက်ပိုင်းတွင် ယနေ့... ထင်ရှားခဲ့ပါသည်။

ကုလားထိပ်ရွာနှင့် ဒေါ်ညိမ်း... သွားသည့် ချောင်းတွင် ချောင်းခွဲ... တစ်ခုရှိပါသည်။ ယခင်က ရန်သူ... ဒေါ်ညိမ်းရွာ(ထော်ညီ) မရောက်အော... ကင်းအစောင့်များ ချထားပြီး က... သမားများ၏ အကြီးကဲမှာ ကင်း... ဖြစ်၍ ထိုချောင်းမှာ ကင်းဝန်ချောင်း... ထင်ရှားပါသည်။

ကင်းဝန်ချောင်းမှ အလံတစ်ရာ... တွင် ချောင်းခွဲတစ်ခု ရှိပါသည်။ ... ချောင်းမှာ **ရွှေထီးဖွင့်ခြင်း**။ **ရွှေ... သိမ်းခြင်း** ပြုသည့် စခန်းငယ်တစ်... အစွဲပြု၍ **ရွှေထီးချောင်း**ဟု ထင်... သည်။

စစ်ကဲထိချောင်းမှာ ထော်... (ဒေါ်ညိမ်း)ရွာအောက်ဘက်တွင် ... စစ်ရှောင်ပြေးလာကြသော မွန်မင်း... မင်းမျိုးတို့ကို စောင့်ရှောက်သည့် စစ်... ကြီး နေထိုင်သည်ကို အစွဲပြု၍ မှ... ခေါ်ခြင်းဖြစ်၏။

ချောင်းစဉ်အတိုင်း ဒေါ်ညိမ်း... အောက်စုန်လျှင်တာ (၅၀၀)ခန့်အက... ၌ ယခုထိ ရွာကြီးတည်လျက်ရှိ... သည်။

မိဖုရားကြီးရှေးက စီမံထားခဲ့သော... တံတိုင်းမြို့ရိုးသဏ္ဌာန် တွေ့ရပေမည်... ထိုနေရာကို အစွဲပြုလျက် မြို့ကုန်း... ဟု ခေါ်တွင်ခဲ့သည်မှာ မိဖုရား ... ချသွားခဲ့သည့် အမှတ်အသား... ရာဇဝင်ဆက် ခရီးစဉ်များကို ဖော်... လိုက်ခြင်း ဖြစ်ပေသည်။(တစေ့ရာ)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် တွေ့ဆုံခဲ့ဖူးသော

# အင်းဝိဇ္ဇာဆရာကြီး

မှိုင်းစိမ်း
(ခေတ္တ-မြိတ်)



စာရေးသူတို့ မြန်မာဂမ္ဘီရပညာတွေသည် အမြောက်အမြားရှိကြောင်း ကြားဖူးပါသည်။ လူကြီးသူမများ၊ ဆရာရှင်များ ပြောကြားသည့် စကားတွေထဲမှာ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ ဗေဒင်ဝိဇ္ဇာ စသည်ဖြင့် ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်းရှိကြောင်း ကြားဖူးပါသည်။

စာရေးသူက ဗေဒင်လက္ခဏာ ဆရာများပင်မက အင်းဝိဇ္ဇာဆရာကြီး တစ်ဦးနှင့်လည်း ကြုံခဲ့ ဆုံခဲ့ဖူးပါသည်။ အင်းဝိဇ္ဇာဟု နာမည်တပ်လိုက်တာကလည်း စာရေးသူကသာ နာမည်တပ်ရေးသားလိုက်ခြင်း ဖြစ်ပါသည်။ အခြားသော တပည့်သားမြေးများကတော့ မည်သို့ ခေါ်ဆိုကြသည်ကို မသိပါ။

စာရေးသူကလည်း ဤအင်းဝိဇ္ဇာဆရာကြီးနှင့် ရင်းနှီးကျွမ်းဝင်ခြင်း လုံးဝ မရှိခဲ့ပါ။ သို့သော် စာရေးသူ၏ ကျေးဇူးရှင်ဆရာကြီးတစ်ဦး ဖြစ်ပါသည်။ စာရေးသူသည် ဆရာကြီးနှင့် ခေတ္တခဏ ဆုံစည်းခဲ့ရသော လူနာတစ်ဦးသာ ဖြစ်ပါသည်။

ဤအင်းဝိဇ္ဇာဆရာကြီးသည် တောထဲတောင်ထဲတွင် မနေပါ။

ထိုစဉ်က **ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဝဂ္ဂီရပ်ကွက်တွင် နေထိုင်ပါသည်။** ကျန်းမာရေးမကောင်းသော လူနာများ၊ ပြဿနာပေါင်းဆုံနှင့် ကြုံတွေ့နေရသော လူမျိုး

မရွေး ဘာသာမရွေး ခုနစ်ရက်သား သမီးများအား မေတ္တာစေတနာထား၍ မိမိပေါက်မြောက် အောင်မြင်ထားသော အင်းပညာဖြင့် ရောဂါသည်များအား ဆေးကုသပေးခြင်း၊ ပြဿနာဖြစ်နေသော ကိစ္စရပ်များအား အောင်မြင်စေရန် ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်နေပါသည်။

ငွေကြေး တစ်ပြားတစ်ချပ်မှ တောင်းခံခြင်း အလျှင်းမပြုပါ။ ရက်သတ္တပတ်အတွင်း တနင်္ဂနွေနေ့ တစ်ရက်တည်းသာ လက်ခံကုသ ဆောင်ရွက်ပေးနေပါသည်။ စကားလည်း များများမပြောပါ။ အိမ်တွင်လည်း ကြာကြာထိုင်ခွင့်မပြုပါ။ လိုရင်းတိုရှင်းပြော၍ ပြန်ခိုင်းပါသည်။

စာရေးသူက လူနာတစ်ဦးအနေဖြင့် ကြုံတွေ့စဉ်ကာလမှာ **၁၉၇၅/ ၁၉၇၆ ခုနှစ်လောက်က ဖြစ်ပါသည်။** (သက္ကရာဇ်ကို ကောင်းစွာ မမှတ်မိပါ။) စာရေးသူသည် သိုင်းဝါသနာအိုးဖြစ်သလို အိမ်တွင်လည်း နွေ,မိုး, ဆောင်း ဥတုသုံးပါးလုံး သိုင်းသင်တန်း (စေတနာဖြင့်)ပေးနေရင်း ခြေတစ်ဖက် မသန်တော့သည့် ဖြစ်ရပ်ဖြစ်လာပါသည်။

သို့ပါ၍ ဗေဒင်မေးရာမှ စာရေးသူ၏ ဆရာရင်း **မနောသုခုမပညာရှင် ဆရာကြီး ဦးမောင်မောင်ကြိုင်**မှ စာရေးသူ၏ ခြေနာခြင်းနှင့် ပတ်သက်၍ ဆေးကုသခံယူရန် **အင်းဝိဇ္ဇာ ဆရာကြီး ဦးသာပိုထံ**သို့ အပ်နှံပေးပါသည်။

အင်းဝိဇ္ဇာဆရာကြီး ဦးသာပိုသည် မြန်မာမှု မြန်မာ့ဟန်အတိုင်း ဝတ်ဆင်ထားပါသည်။ အသားမှာ ညို၍ သျှောင်တစောင်းထုံးထားခြင်း၊ အင်္ကျီအဖြူရောင် ကော်လံပျောက်(ကော်လံကတုံး) လက်ရှည်ဝတ်ထားပြီး ဗန်ကောက်လုံချည်ယောဂီရောင် ဝတ်ထားပါသည်။

ဥပမိရုပ်မှာ တည်ကြည်၍ ကိုယ်လုံးကိုယ်ထည်မှာသွယ်၍ အရပ်မှာ (၆) ပေနီးပါး ရှိပါသည်။ အသက်မှာ (၆၅) နှစ်ကျော်ခန့် ရှိမည်ဟု ခန့်မှန်းပါသည်။ စကား အလွန်နည်းပါသည်။

ဆရာကြီး၏အိမ်မှာ နှစ်ထပ်တိုက် ဖြစ်ပါသည်။ စီးပွားရေး ကောင်းမွန်ပါသည်။ အောက်ထပ်တွင် ဆေးကုသခန်း ဖွင့်ထားပါသည်။ အကူအညီ တောင်းခံလိုသူများထိုင်ရန် ခုံရှည်များ ချထားပေးပါသည်။

ဆရာကြီး၏ဘေးတွင် သောက်ဆေး၊ လိမ်းဆေးများ လုံးဝ မရှိပါ။ ဘေးတွင်ရှိသော အရာများမှာ မီးခြစ်၊ ဖယောင်းတိုင်ထုပ်၊ ရေပုလင်းများ၊ အကြမ်းပန်းကန်လုံး၊ ကတ်ကြေး၊ ခဲတံ၊ အင်းဆွဲရန် မိုင်းကိုင်စက္ကူလိပ်နှင့် ဇာဂနာများသာ ရှိပါသည်။

ဆရာကြီး၏ ဆေးကုသပုံမှာ လူနာပုဂ္ဂိုလ်တစ်ဦးဦး သူ့ရှေ့ ရောက်လာသည်နှင့် **"ဘာကိစ္စနဲ့ လာပါသလဲ"** ဟု တစ်ခွန်းတည်းသာ မေးပါသည်။

ရောက်ရှိလာသော ကာယကံရှင် ပုဂ္ဂိုလ်မှ လာရင်းကိစ္စကို ဆရာကြီးအား ပြောဆိုနေတုန်းပင်၊ နားထောင်ပုံမရ အင်းကို ရေးဆွဲနေပါတော့သည်။

ပြီးသည်နှင့် အင်းဖယောင်းတိုင် ပေးရမည်ဖြစ်ပါက ရေးဆွဲပြီး အင်းအား ကတ်ကြေးဖြင့်ဖြတ်၍ ဖယောင်းတိုင်တွင်လိပ်ကာ ဘယ်နေ့ဘယ် အချိန်တွင် ဘယ်နေရာမှာ ဘယ်နှတိုင်ထွန်းယူ၍ လည်းကောင်း၊ အင်းတိုက်ရမည် ဖြစ်ပါက ရေးဆွဲပြီး အင်းအား ဇာဂနာဖြင့် ညှပ်ယူကာ အကြမ်းပန်းကန်လုံးခံ၍ အင်းအား မီးရှို့လိုက်ပါသည်။

အင်းစက္ကူမှာ ပြာဖြစ်သွား... အကြမ်းပန်းကန်လုံးထဲထည့်၍ ရေ... ရေဖြင့်ဖျော်ပြီး တိုက်လိုက်ပါသည်... ယင်းနောက် စကားတစ်ခွန်းသာ ပြော... လိုက်သည်။ **"ပြန်တော့ မပျော... သေးရင် ပြန်လာ"** တဲ့။

ဆရာကြီးသည် သူ့ရှေ့ ရောက်လာ... သော လူတစ်ဦးဦးအား မည်သည့်ကိစ္စ... ကြောင့် လာကြောင်းကို မနောအာ... ဖြင့် သိထား၍ ကာယကံရှင်၏ ပြော... ကြားချက်ကို ပြီးဆုံးတိုင်အောင် နာ... ဆောင်ခြင်း အလျှင်းမရှိဘဲ အင်း... သာ ရေးဆွဲလိုက်ခြင်းဖြစ်ကြောင်း... စာရေးသူ၏ဆရာ ဦးမောင်မောင်ကြိုင်... ရှင်းပြမှ စာရေးသူ သဘောပေါက်... ပါသည်။

စာရေးသူသည် ဆရာဦးမော... မောင်ကြိုင်နှင့်အတူ အင်းဝိဇ္ဇာဆ... ကြီးအိမ်သို့ သွားရောက်ရာ တနင်္ဂနွေ... နေ့ နံနက်ပိုင်းတွင် ဆရာကြီး၏ မေတ္တာ... စေတနာ ခံယူမည့် လူနာများ တန်း... စောင့်ဆိုင်းနေကြပါသည်။

စာရေးသူလည်း ဝင်ရောက်တန်း... ပါသည်။ စာရေးသူနှင့်အတူ ဘာသာ... ခြားတစ်ဦးကိုလည်း ဆရာဦးမော... မောင်ကြိုင်မှ ခေါ်လာပါသည်။

ဘာသာခြားမှာ ကွမ်းယာဆော... ရင်း လုံးဝ အသံမထွက်တော့ပါသ... ဆရာဦးမောင်မောင်ကြိုင်နှင့် တွေ့... ဆွေးနွေးရာမှ ပယောဂ မကင်း... ခေါ်ဆောင်လာသော လူတစ်ဦး ဖြ... ပါသည်။

ဆရာဦးမောင်မောင်ကြိုင်မှ စာ... သူနှင့် ဘာသာခြားတို့သည် ... သောက်ရမည် ဖြစ်ပါ၍ နံနက်... ကတည်းက ဘာမှ စားသောက်... မပြုရန်၊ ရေကိုပင် မသောက်ရန်...





www.burmeseclassic.com

www.burmeseclassic.com

အင်းသောက်ပြီးမှ စားလိုရာစားနိုင်ကြောင်း ကြိုတင်မှာကြားထားပါသည်။



သို့ပါ၍ စာရေးသူတို့ အလုပ်ရောက်သော် ဆရာကြီးက ထုံးစံအတိုင်း ဘာကိစ္စကြောင့် လာပါသလဲဟု မေးရင်း အင်းကို ရေးဆွဲပါတော့သည်။

ပြီးသည်နှင့် အင်းအား မီးရှို့ ရေနှင့်ဖျော်ပြီး တိုက်ပါတော့သည်။ ဘာသာခြားကိုလည်း ထိုနည်းအတိုင်း တိုက်လိုက်ပါသည်။

ပထမ အရသာမှာ စက္ကူမီးလောင်ထားသည့် ပြာအနံ့အရသာ ရှိပါသည်။ ဆရာကြီး၏အကြောင်း ကြိုတင်သိထားသဖြင့် ဆရာကြီးအား လှူဖွယ်စွည်းဖြင့် ကန်တော့ပြီး ထပြန်ကြပါသည်။

ဆရာ ဦးမောင်မောင်ကြိုင်နှင့်အတူ အလုံမြို့နယ်၊ အလုံဈေးအနီး လက်ဖက်ရည်ဆိုင်တွင် သုံးယောက်သားဝင်၍ လက်ဖက်ရည်သောက်ကြပါသည်။

အင်းအစွမ်းက ပြလေပြီ။ ပထမ အာခေါင်က ပူလာသည်။ နောက်တော့ တဖြည်းဖြည်း လည်ချောင်းဘက်သို့ ပူလာသည်။ ပူပုံက ငရုတ်ကောင်းမှုန့် ကျွမ်းသီးလုံးခန့် လည်ချောင်းတွင် တစ်နေသည့် အပူနှင့် တူပါသည်။

သွားရည်များ ထွက်လာ၍ မကြာခဏ တွေးထုတ်ပစ်ရသည်။ ကြာတော့ မနေနိုင်။ ဦးမောင်မောင်ကြိုင်အား တောင်းပန်၍ သဃ်န်းကျွန်းရှိ နေအိမ်သို့ အမြန်ပြန်လာခဲ့ရပါတော့သည်။

လည်ချောင်းထဲက အပူလုံးက တဖြည်းဖြည်း ရင်ဝမ်းအတွင်းသို့ လျှောဆင်းလာသည်။ အိမ်ရောက်တော့ နံနက်စာ မစားနိုင်ပါ။ ရင်ဝမ်းအားလုံး ပူလာသည်။ သောက်ရေသာ သောက်နိုင်သည်။ တစ်နေကုန် အိပ်ရာထက်မှာ လှဲနေရသည်။

ညနေစာလည်း မစားချင်ပါ။ လူလည်း မထချင်ပါ။ ဖျားနာခြင်းလည်း မဟုတ်ပါ။ ည(၇)နာရီထိုးလောက်တွင် အပူလုံးက ရင်ဝမ်းတွင်းမှ လည်ချောင်းသို့ ပြန်တက်လာချေပြီ။

အဲဒီနောက် တဖြည်းဖြည်း အာခေါင်ရောက်လာသည်။ အာခေါင်တွေပူသည်။ ည(၉)နာရီအချိန်လောက်တွင် အိပ်ပျော်သွားခဲ့သည်။

ဆရာဦးမောင်မောင်ကြိုင်က ကြိုတင်မှာလိုက်သည်။ ရောဂါကျလျှင် ဝမ်းသွားမည်တဲ့။ သို့သော် ဝမ်း လုံးဝမသွားခဲ့ပါ။ ရောဂါမကျပါ။

နောက်နေ့(တနင်္လာနေ့) နံနက်အိပ်ရာကထတော့ လူက အကောင်းပကတိ စိတ်ကလည်း ကြည်လင်လျက် အစားအသောက် မပျက်ပါ။

နောက်တစ်ပတ် တနင်္ဂနွေနေ့ ရောက်လာပါပြီ။ ဦးမောင်မောင်ကြိုင်နှင့်အတူ ဘာသာခြားလည်း ပါလာသည်။ ဘာသာခြားကတော့ ပြုံးပြုံးနှင့် အသံထွက်၍ နှုတ်ဆက်လိုက်သည်။

'ကျွန်တော်တော့ ရောဂါကျသွားပြီ။ ဒါကြောင့် ဆရာကြီးကို ထပ်ပြီး ကျေးဇူးဆပ်မလို့ ပြန်လိုက်လာတာပါ။ ခင်ဗျားရော ရောဂါကျပြီလား'

ဟု မေးခဲ့သည်။ စာရေးသူက ခေါင်းခါပြလိုက်သည်။

ဒုတိယမြောက်အင်း သောက်ခဲ့ရပြန်ပြီ။ ပထမ အင်း သောက်စဉ်က အတိုင်း အာခေါင်၊ လည်ချောင်းနှင့် ရင်ဝမ်းတွေက တစ်နေကုန် ပူခဲ့သည်။ တစ်နေကုန် သွားရည်ကျပြီး အန်နေသည်။ ရောဂါက အောက်သို့ မဆင်း အထက်သို့သာ တက်နေသည်။ ရောဂါက မကျပါ။

သို့ပါ၍ တတိယမြောက်အင်း သောက်ရန် ဆရာကြီးထံသို့ ပြန်ရောက်ခဲ့ရသည်။ အကျိုးအကြောင်း ပြောပြသည်။ တတိယမြောက်နေ့ အင်းသောက်သည့်နေ့မှာ ဆရာကြီးက ဆရာ ဦးမောင်မောင်ကြိုင်အား...

'လုပ်ထားသူက တော်တော်ခေါင်းမာတာပဲ။ ပင်းကလဲ ကူညီလိုက်ဦး'

ဟု မှာကြားကြောင်း ဆရာဦးမောင်မောင်ကြိုင်က ပြန်ပြောပါသည်။

တတိယမြောက်အင်း သောက်သောနေ့မှာ စာရေးသူ တစ်နေကုန် အဆိုးဆုံး ခံစားရပါသည်။ အင်းသောက်ပြီးနောက် ယခင်က ဆရာ ဦးမောင်မောင်ကြိုင်နှင့် လက်ဖက်ရည် အတူသောက်ကြသေးသည်။ ဒီနေ့တော့ လက်ဖက်ရည်ဆိုင်တွင် အတူ မထိုင်နိုင်တော့ပါ။ ဆရာအား တောင်းပန်၍ သုံးဘီးကားငှားကာ သဃ်န်းကျွန်းရှိ နေအိမ်သို့ အမြန်ပြန်ခဲ့ရသည်။

လမ်းတစ်လျှောက်လုံး သုံးဘီးကားပေါ်တွင် အန်လိုက်လာသည်။ သို့သော် သောက်ထားသော ရေမှလွဲ၍ စားကြွင်းစားကျန် လုံးဝ မထွက်ပါ။

အိမ်ရောက်တော့လည်း လုံးဝ

www.burmeseclassic.com

မထချင်ပါ။ တစ်နေကုန် အန်ချည်းပဲနေတာပါပဲ။ နောက်နေ့(တနင်္လာနေ့) အကောင်းပကတိ အစားအသောက်မပျက် ထူးခြားတာက စိတ်ကကြည်လင်နေသည်။ ရောဂါကတော့ မကျသေးပါ။

စတုတ္ထအင်း သောက်ရမည့်ရက်စောင့်မျှော်နေခဲ့ပါသည်။ တစ်ပတ်မှတစ်ရက်မဟုတ်ပါလား။ စောင့်နေရင်း တစ်နေ့ ညနေတွင် မမျှော်လင့်သော သတင်းစကား ကြားလိုက်ရပါသည်။ ကမာရွတ်မှာ မီးလောင်လို့တဲ့။

ကမာရွတ်ဟုသာ သတင်းက ထွက်ပေါ်လာသည်။ မည်သည့်ရပ်ကွက်မှန်း မသိ၍ အေးဆေးပဲ နေလိုက်သည်။ နောက်နေ့ သတင်းစာလာမှ ကြည့်မှာပေါ့။

နောက်နေ့ မြန်မာ့အလင်းသတင်းစာကို ကြည့်ရှုလိုက်ရာ ကမာရွတ်မြို့နယ်၊ ဝဣရပ်ကွက် မီးလောင်ခြင်းဆိုသည်ကို သိလိုက်ရသည်။

သတင်းစာပါ ဓာတ်ပုံတွေအရ ဘုန်းကြီးကျောင်းကို မီးလောင်နေပုံနှင့် ကျောင်းဆိုင်းဘုတ်ပုံတွေကိုပါ မြင်လိုက်ရတော့ ဆရာကြီးအိမ် မီးထဲပါသွားပြီပေါ့ဟု မှတ်ထင်လိုက်သည်။

စိတ်ကလည်း လုံးဝ မကောင်းပါ။ မေတ္တာရှင်ဆရာကြီးပဲ မဟုတ်လား၊ ဒါကြောင့် ဆရာကြီး ဦးမောင်မောင်ကြိုင်ထံကို အရင်ဆုံး ပြေးသွားသည်။ ဆရာ့ထံရောက်တော့ ဆရာက...

'ဦးစိန် စိတ်အေးအေးထား။ ဆရာကြီးအိမ် မီးထဲ ပါမသွားဘူး။ အကောင်းပကတိပဲ။ တစ်ရပ်ကွက်လုံးမှာ ဆရာကြီးအိမ်က ထူးထူးခြားခြား တစ်အိမ်တည်း ကျန်နေတယ်'

ဟု ပြောတော့...

'မဖြစ်နိုင်ဘူးဆရာ ဒီမှာကြည့် သတင်းစာပါတယ်။ ဘုန်းကြီးကျောင်းတွေရှေ့က ဆရာနဲ့ ကျွန်တော် အမြဲပြန်နေတာပဲ။ ဘုန်းကြီးကျောင်းတွေနဲ့ ဆရာကြီးအိမ်က သိပ်မှ မကွာတာပဲ'

ဟု ပြန်ပြောတော့...

'ဦးစိန်နဲ့ နှစ်ယောက် အတူသွားကြည့်ကြရအောင်'

ဟု ပြောပြောဆို ဆရာကြီးအိမ်ကို ထွက်လာကြသည်။

မီးလောင်ပြင်ကို ကျွန်တော် မြင်လိုက်ရတော့ အတော်ကလေး တုန်လှုပ်အံ့ဩသွားတော့သည်။ တစ်ရပ်ကွက်လုံး လောင်ထားသည်။ တချို့အိမ်တွေဆိုလျှင် တိုင်ငုတ်တောင် မကျန်ပါ။ တချို့အိမ်တွေက အုတ်ဖိနပ်တွေပဲ ကျန်သည်။

မီးလောင်ပြင်ကြီးထဲမှာ ထူးထူးခြားခြား မီးလုံးဝမလောင်သည့် အိမ်ကြီးကတော့ အင်းဝိဇ္ဇာဆရာကြီး ဦးသာပို၏ အိမ်ကြီးတစ်လုံးပဲဖြစ်ပါသည်။ မြင်ကြရသူတိုင်း အံ့ဩကြရပါသည်။

မီးလောင်ပြင်ထဲကို ပထမတော့ တာဝန်ရှိ မီးသတ်ဌာနမှ တစ်စုံတစ်ဦးတစ်ယောက်ကိုမှ ဝင်ခွင့်မပေး၍ အဝေးကပဲ မြင်တွေ့ခဲ့ရပါသည်။

ထို့နောက် မီးသတ်ဌာနမှ ကိစ္စအဝဝ ဆောင်ရွက်ပြီးတော့ ဝင်ခွင့်ပြုသည်။ စာရေးသူကလည်း စတုတ္ထမြောက်အင်းသောက်ရမည့် နေ့နှင့်တိုက်ဆိုင်တော့ ဆရာကြီးအိမ်ထဲကို ဝင်ပြီး သတိထား ကြည့်မိသည်။ ပို၍ အံ့ဩရသည်။

ဆရာကြီး၏ အိမ်ရှေ့မှာရှိသည့် လူကြီးတစ်ဖက်သာသာရှိသည့် မန်ကျည်းပင်ကြီးက အရွက်တွေလည်း မီးမလောင်ပါ။ အိမ်ကြီးထဲက ပန်းဆွဲတွေလည်း မီးမလောင်ပါ။ အိမ်တွင်းမှာ ယခင်ကတည်းက ချိတ်ဆွဲ သည့် ပြက္ခဒိန်တွေနှင့် ဘုရားပုံ တွေ စက္ကူတွေလည်း လုံးဝ မီးမ ပါ။

မီးလောင်ဖို့ နေနေသာသာ အိ မီးဟပ်၍ ညိုမည်းနေသည့် မီးခိုး ရောင်တောင် မကပ်ငြိပါ။ ထို့ ကျွန်တော်က အင်းဝိဇ္ဇာဆရာ နာမည်တပ်ခေါ်ဆိုခြင်းပါ။

စတုတ္ထမြောက် အင်းတိုက်ပြီး ဆရာကြီးက ကျွန်တော့်ကို တစ်ခွန်း ပြောလိုက်သည်။

'မင်း ဒီနေ့တော့ ရောဂါ ကျကို ပြန်တော့'

တဲ့။ မှန်ပါသည်။ အင်း သောက်ပြီးရော ကျွန်တော့်ဝမ်း မှာ ဂွိဂွိဂွဂွနှင့် မြည်လာသည်။ ဦးမောင်မောင်ကြိုင်နှင့်အတူ ဈေးနား သောက်နေကျ လက် ဆိုင်ကို သုံးဘီးကားငှားပြီး အ ရသည်။

အဲဒီဆိုင်မှာ အသိပေးပြီး လ ရည်သောက်လိုက်၊ ဝမ်းသွားလို နေလိုက်ကြတာ တစ်နေကုန်

နောက်နေ့တွေမှာ တဖြည် ကျွန်တော့်ခြေနာလည်း သက် လမ်းကောင်းကောင်း လျှော သည်။

ဒါကတော့ အင်းဝိဇ္ဇာဆ ဦးသာပို၏ အင်းစွမ်းအင်ကြော ကြီး မီးမလောင်ပုံကို မှတ်တ ရေးသားလိုက်ခြင်းပါ ခင်ဗျာ။

***ဆရာကြီး ဦးသာပိုအား ဤ***
***ကန်တော့လိုက်ပါသည် ခင်***

**ဦးစိန်(ခေတ္တ-ဖြိတ်)**



www.burmeseclassic.com

www.burmeseclassic.com



ဆရာဇော (ယော)

ထူးဆန်းသော

# အိပ်မက်နှင့်

## ဖြစ်ရပ်ဆန်းများ

ယခု ဒုတိယဆောင်းပါးအကြောင်းအရာ ရေးသားစဉ်မှာ မိမိသည် ကိုယ်ပိုင် (ALCOHOL)စက်ရုံ တည်ဆောက်နေစဉ်နှင့် လုပ်ငန်းလည်ပတ်နေစဉ် စက်ရုံအတွင်း ထူးဆန်းသော ငန်းတော်ကျားမြွေကြီး ရောက်လာပုံ၊ ကျုပ်ကြဲသွားပုံ၊ စီးပွားရေး အကျိုးပေးပုံ ဖြစ်ရပ်ဆန်းအကြောင်း ဖြစ်ပါသည်။

**ထူးဆန်းစွာ ငန်းတော်ကျားမြွေကြီး ရောက်ရှိလာခြင်း၊ အံ့သြဖွယ် ကျုပ်ကြဲအားထုတ်သွားခြင်းနှင့် စီးပွားရေး အကျိုးပေးလာခြင်း ဖြစ်ရပ်ဆန်းများ**

ကျွန်တော်သည် စက်မှုအင်ဂျင်နီယာတစ်ယောက် ဖြစ်သည်။ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ဘုရားမှ လွဲ၍ တခြား ဘာဆိုဘာမှ ကိုးကွယ်ယုံကြည်ခဲ့ခြင်း မရှိခဲ့ပါ။

သို့သော် အသက်(၃၀)နှစ်ကျော်လာသည့်အခါ ထူးဆန်းသော အိပ်မက်နှင့် ဖြစ်ရပ်ဆန်းများစွာ ဖြစ်ပေါ်လာခဲ့ပါသည်။

ယခု ရေးသားလိုသည်မှ မိမိဘဝတွင် ဒုတိယအကြိမ်အဖြစ် ထူးဆန်းစွာ ငန်းတော်ကျားမြွေကြီး ရောက်ရှိလာခြင်း၊ အံ့သြဖွယ် ကျုပ်ကြဲအားထုတ်သွားခြင်းနှင့် စီးပွားရေးဆက်တိုက် အကျိုးပေးနေခြင်း ဖြစ်ရပ်ဆန်း အကြောင်း ရေးသားလိုပါသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၂၀၁၅ ခုနှစ်၊ မေလထုတ်၊ အမှတ်စဉ်(၃၄၆)၊ စာမျက်နှာ(၂၆၅)တွင် **''ဘိုးတော် အိပ်မက်ပေး၍ အသက်ဘေးကယ်ခဲ့သည့်ဖြစ်ရပ်ဆန်း''** အကြောင်း ဆောင်းပါးတစ်ပုဒ်အနေဖြင့် မိမိဘဝတွင် ထူးခြားဆန်းပြားသော အံ့သြဖွယ်ရာ ဖြစ်ရပ်ဆန်းတစ်ခု ဖြစ်နေ၍ စာဖတ်သူအများ သိရှိစေရန် ဆန္ဒရှိ၍ ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

ပထမဆောင်းပါးတစ်ပုဒ် ရေးစဉ်က ၁၉၉၁ ခုနှစ်ပိုင်းက အဖြစ်အပျက်ဖြစ်ပါသည်။ ယင်းနှစ်ပိုင်းတွင် မိမိ၏ဘဝမှာ ဌာနဆိုင်ရာ ဝန်ထမ်းဘဝသာ ရှိနေသေးသည်။

**ကိုယ်ပိုင်စက်ရုံတည်ရန် စိတ်ကူးမိခြင်း**

မိမိသည် ၁၉၉၁ ခုနှစ် မှ ၁၉၉၃ ခုနှစ်အထိ တာဝန်ခံ အင်ဂျင်နီယာဘဝတွင် စက်ရုံများ တည်ပေးရင်း တချို့စက်ရုံများကို စက်ရုံမှူးအဖြစ် တာဝန်ထမ်းဆောင်ရင်း လုပ်ငန်း အတွေ့အကြုံများစွာ ရလာသောအခါ ကိုယ်ပိုင် စက်ရုံထူထောင်ရန် စိတ်ကူးမိခဲ့ပါ

www.burmeseclassic.com

သည်။

သို့နှင့် ၁၉၉၆ ခုနှစ်တွင် စီးပွားရေးလုပ်ငန်းကြီး ထူထောင်လုပ်ကိုင်လိုသူ (၂)ဦးနှင့် တွေ့ဆုံတိုင်ပင်ကြပြီး စက်ရုံစတင် တည်ဆောက်ရန် ဆုံးဖြတ်ချက်ချလိုက်ကြပါတော့သည်။

မိမိတို့(၃)ဦးသည် စက်ရုံတည်ရန် ဆုံးဖြတ်ကြပြီးနောက် ALCOHOL စက်ရုံကို မန္တလေးတိုင်းဒေသကြီး၊ မန္တလေး–မတ္တရာ ကားလမ်းဘေးကန်ပိုင်လမ်းခွဲ စက်ထိပ်ရွာအနီးတွင် မြေကွက်ငှားရမ်း၍ စက်ရုံတည်ဆောက်ကြပါတော့သည်။


စက်ရုံက မတ္တရာမြို့နယ်အတွင်းတွင်ရှိပြီး ကန်ပိုင်ရွာအပိုင် မန္တလေးနှင့် (၆)မိုင်ခန့်သာ ဝေးပါသည်။ စက်ရုံတည်ဆောက်ရာတွင် အခက်အခဲပေါင်းများစွာ ဖြစ်ခဲ့ရပါသည်။

ဤသို့ဖြင့် မိမိတို့သည် ခက်ခက်ခဲခဲ ရုန်းကန်ကြရင်း လုပ်ငန်းလည်ပတ်နိုင်လာခဲ့သည်။

မိမိတို့မှာ ရန်ကုန်စက်မှုတက္ကသိုလ်တက်စဉ်က သူငယ်ချင်းများ ဖြစ်ကြပြီး တစ်ဦးက ဆောက်လုပ်ရေးကန်ထရိုက်လုပ်နေသူဖြစ်ပြီး ကျန်တစ်ဦးက ရွှေဆိုင်ပိုင်ရှင် ဖြစ်ပါသည်။

စက်ရုံတစ်ရုံ တည်ရန်မှာ ငွေအရင်းအနှီး မလောက်၍ ငွေတိုးဖြင့် ချေးငှား၍ ဆောင်ရွက်ရခြင်း၊ လုပ်ငန်း လည်ပတ်နိုင်သော်လည်း လစဉ် အကြွေး၊ ငွေတိုးများစွာ ပေးဆပ်နေရခြင်း၊ လုပ်ငန်းမတိုးချဲ့နိုင် ဖြစ်ခဲ့ရပါသည်။

ထိုသို့ အလူးအလဲ ရုန်းကန်နေရစဉ်မှာ တရုတ်လူမျိုး ကုန်သည်ကြီးများက စက်ရုံကြီးတွေ အပြိုင်အဆိုင် တည်ကြပြီး ဈေးကွက်ထဲသို့ ဈေးနှုန်းလျှော့အယှဉ်ပြိုင်လာရာ မိမိတို့မှာ ဈေးနှုန်းမယှဉ်နိုင်သဖြင့် အရှုံးပြလာကာ အရင်း



ငန်းတော်ကျားမြွေကြီး တည်ငြိမ်စွာရပ်နေပုံ

ပြုတ်သွားပါတော့သည်။

စက်ရုံလည်း ရပ်ထားခဲ့ရပြီး မိမိတို့သည် စားရမဲ့ သောက်ရမဲ့ ဘဝမျိုး ရောက်သွားကြပါတော့သည်။

လုပ်ဖော်ကိုင်ဖက် သူငယ်ချင်း (၂)ဦးမှာ ခေတ္တ ရန်ကုန်သို့ ပြန်သွားကြပါသည်။

မိမိမှာ တစ်ဦးတည်းသာ ကျန်ရစ်ခဲ့ပြီး ဝန်ထမ်းတွေအတွက်ပေးရန် တာဝန်ကတစ်မျိုး၊ တစ်ဖက်က ငွေတိုးပေး ကြွေးရှင်များနှင့် ကုန်ကြမ်းဖိုးကြွေးရှင်များက အမြဲလာရောက် ကြွေးတောင်းခံနေကြသောကြောင့် ပေးစရာငွေမရှိ၊ ပြေးစရာမြေမရှိ ဘဝမျိုး ဖြစ်သွားရပါတော့သည်။

ရဲစခန်းသို့ လည်းကောင်း၊ တရားရုံးများသို့လည်းကောင်း ကြွေးပေးရန် ဝန်ခံကတိ လက်မှတ်ရေးထိုးပေးနေရသည့်အဆင့် ရောက်ရှိသွားပါတော့သည်။

သို့သော် မိမိ စဉ်းစားမိသည်မှာ ဒီအတိုင်း ဆက်နေ၍ မဖြစ်တော့ တစ်ခုခုတော့ ပြတ်ပြတ်သားသား လုပ်ရတော့မည်ဟု စိတ်ကူးရကာ မိမိယခင်က စမ်းသပ်တီထွင်ထားသော ဈေးကွက်ဝင် ပစ္စည်းတစ်မျိုးကို ထုတ်ရန် စိတ်ကူးလိုက်တော့သည်။

ယင်းပစ္စည်းမှာ **"သဘာဝ ရှောက်ပေါင်းများ"** ဖြစ်ပြီး မိမိရင်ထဲ လျှို့ဝှက်သိမ်းဆည်း ကွယ်ဝှက်ထားသော ပညာတစ်ရပ် ဖြစ်လေသည်။

မိမိ၏ လျှို့ဝှက်တီထွင်ခဲ့

ရှောက်ပေါင်းများ productမှာ (၂)

အတွင်း ဈေးကွက်တွင် အဝယ်လို

လာသဖြင့် အခြေအနေကောင်းတ

ရပ်တည်လာပါတော့သည်။

မိမိမှာ အကျိုးအမြတ် ရရှိ

သည့်အတွက် လုပ်ငန်းကို အ

တိုးချဲ့ခြင်း၊ ဈေးကွက်အသစ်

ရှာဖွေတိုးချဲ့ ဖြန့်ဖြူးရောင်းချ

ပြင်းပြင်းထန်ထန် ပြုလုပ်ခဲ့ပါသည်

ဤသို့ အရှိန်ရလာသည့်အ

ရန်ကုန်မှ နောက် ရှယ်ယာရှင်တစ်ဦး

ပြန်လည်ရောက်ရှိလာပြီး စွမ်းစွမ်း

လုပ်ငန်းတိုးချဲ့ခြင်း၊ အဆောက်အ

များ တိုးချဲ့ခြင်း၊ ခေတ်မီဖျော်စက်

များ ဖော်ထုတ်လုပ်ကိုင်ခြင်းများ

ထုတ်လုပ်မှု အရှိန်အဟုန် အမြင့်

မြှင့်တင်ပါတော့သည်။

တောင်ပြုံးနယ်ထဲမှာ စက်ရုံတ

သောကြောင့် တောင်ပြုံးနတ်ကနာ

ကိုလည်း နှစ်စဉ် ပြုလုပ်ပေးပါသည်

နှစ်စဉ် ဝါခေါင်လရောက်တို

နာမည်ကြီး နတ်ကတော် ဇ

ဝင်းမင်းစိုး ရွှေတိုက်စာရင်းဝင်

နန်းကြီးတက်ပွဲ၊ အောက်နန်းရှေ

များကို စည်စည်ကားကား ကျင်းပ

ပါတော့သည်။

ထူးဆန်းသော မြွေကြီးလာသ

အိပ်မက် မက်ခြင်း

ကျွန်တော်သည် လုပ်ငန်း၌



www.burmeseclassic.com

www.burmeseclassic.com

ကွက်ဖြန့်ချိရေးတာဝန် ယူထား
သို့ ခရီးမထွက်ဖြစ်သော နေ့များ
င် စက်ရုံပြန်၍ အိပ်ပါသည်။ထိုသို့
ရာမှ အိပ်မက် မက်ပါတော့သည်။
အိပ်မက်ထဲတွင် **ငန်းတော်ကျား
ကြီး** မိမိထံသို့ ရောက်လာကာ
လားထိုင်အောက်တွင် ဝင်ခွေနေပါ
သည်။
အိမ်မွေးကြောင်လေးကဲ့သို့ ခေါင်း
လေးမှာ ကိုယ်ပေါ်တင်၍ မှေးစက်
သည်ဟု အိပ်မက် မြင်မက်ပါသည်။

### အံ့ဩလောက်အောင်
### မှန်ကန်သည့် နတ်ကတော်၏
### ဟောကြားချက်များ

ယင်းနတ်ကတော်မှာ တောင်ပြုံးပွဲ
တိုင်း မိမိတို့စက်ရုံ စီးပွားရေးနှင့်
ရာယ်ကင်းဖို့ ကနားပွဲပြုလုပ်သော
နဝင်းမင်းစိုး ဖြစ်ပါသည်။
၁၉၉၈ ခုနှစ်က ဖြစ်ပါသည်။ ယင်း
ကတော် ဝါခေါင်လ တောင်ပြုံးပွဲ
စဉ် စက်ရုံသို့ဝင်၍ **စက်လမိုင်းပွဲ**
ပြုလုပ်ပေးပါသည်။
သူ၏ ထူးခြားချက်မှာ **အာရုံခံ
ကောင်းခြင်း၊ အဟောမှန်ကန်ခြင်း**
ဖြစ်ပါသည်။ ယင်းနေ့၌ သူ (၃)ချက်
ကြားသွားခဲ့ရာ (၃)ချက်စလုံး
ခြားအံ့ဩဖွယ် မှန်ကန်ခဲ့ပါသည်။
ပထမ ဟောကြားချက်
စက်ရုံမှာ **နဂါးသိုက်**တွေ ရှိနေ
ယ်။ သူတို့က ဘွိုင်လာရဲ့ အနောက်
က် (၃)ကိုက်အကွာမှာ ရှိနေကြ
ယ်။
အဲဒီနေရာကို (၉)ပေ ပတ်လည်
မတ်ကွက်ကာပြီး ရေကန်ပြုလုပ်
ပါ။ နဂါးသိုက်နန်းလဲ အမြန်
ောက်လုပ်ပေးပါ။
သူတို့ကို **နဂါးစာအဖြစ် နွားနို့၊
ပေါက်ပေါက်** အမြဲဆက်ပေး၊ အပတ်
စဉ် ကန်တော့ပွဲ ထိုးပေးပါ။ သူတို့
စိတ်တိုင်းကျ လုပ်ပေးရင် စက်ရုံ
အန္တရာယ်ကင်းမယ်။ စီးပွားတက်
လိမ့်မယ်။
ဒီနေ့တော့ အဲဒီနေရာကို ရေဇလုံ
ထဲ ရေထည့်ပြီး သွားထားပေးပါ။
မြွေလာပြီး ကိုယ်ထင်ပြလိမ့်မယ်'
ဟု ဟောခဲ့ပါသည်။
မိမိကလည်း ရေဇလုံတစ်လုံးဝယ်
၍ ရေထည့်ကာ ယင်းနေရာတွင် ထား
ပေးသည်။ (၉)ပေ ပတ်လည်ကိုလည်း
ထုံးတားစေပါသည်။

### ထူးဆန်းသော
### ငန်းတော်ကျားမြွေကြီး

ယင်းနတ်ကတော် နံနက်(၁၁း၀၀)
နာရီခန့်တွင် ဟောသွားခဲ့ရာ ညနေ
(၆း၀၀)နာရီခန့်တွင် ငန်းတော်ကျား
မြွေကြီးသည် ယင်းရေဇလုံထားသည့်
နေရာသို့ ထုံးတားထားသည့် နေရာကို
ဖြတ်ကျော်၍ ရောက်ရှိလာပါတော့
သည်။ အံ့ဩဖွယ် ကျင့်ကြံနေသည်ကို
လည်း တွေ့ရှိရပါသည်။

### မြွေကြီး၏ အံ့ဩဖွယ်
### ကျင့်ကြံမှုများ

ဝန်ထမ်း(၁)ဦးမှ လာရောက်
အကြောင်းကြားသဖြင့် ရှယ်ယာရှင်
(တစ်နည်း) ဒါရိုက်တာ(၄)ဦးမှာ မြွေ
ကြီးရှိရာသို့ အမြန်သွားရောက် ကြည့်ရှု
ကြပါသည်။
မြွေကြီးကား အဝါနှင့်အနက်ကျား
ငန်းတော်ကျားမြွေကြီးဖြစ်ပြီး လူတစ်
ရပ်ကျော်ခန့် ရှည်ပါသည်။ ထူးဆန်း
သည်မှာ ထိုမြွေကြီးသည် ရေဇလုံ
တည့်တည့်ရှေ့တွင် ပါးပျဉ်းထောင်နေ
ပြီး ငြိမ်သက်စွာ ရောကသိုဏ်းရှုနေသည့်
အလား လုံးဝ မလှုပ်မယှက်ဘဲ ငြိမ်
သက်စွာ ရပ်တည်နေပါသည်။
မိမိတို့(၄)ဦးနှင့် ဝန်ထမ်း(၁၀)ဦးခန့်
ပတ်လည်ဝိုင်းပြီး ကြည့်နေသည့်တိုင်
ထွက်ပြေးခြင်းလည်းမရှိ၊ အချိန်ကြာစွာ
တုတ်တုတ်မျှ မလှုပ်ရှားဘဲ လူဆိုလျှင်
တရားထိုင်နေသကဲ့သို့ တည်ငြိမ်စွာ
ရပ်တည်နေပါတော့သည်။
မိမိတို့နှင့် ဝန်ထမ်းများမှာ နောက်
နာရီဝက်ခန့်အထိ ထိုထူးဆန်းပုံကို
မှတ်တမ်းတင်၍ ဆက်လက်ကြည့်ရှု
နေသော်လည်း မြွေကြီးကား ဝါးကို
စိုက်ထောင်ထားသည့်အလား ငြိမ်
သက်စွာ ရပ်တည်နေပါသည်။
ထိုနှစ်က မိမိတို့မှာ ဓာတ်ပုံမှာ
ဓာတ်ပုံရိုက်ရန် ဟန်းဆက်အမျိုးအစား
တွေကလည်း မရှိသေးတော့ ပန်းချီဆွဲ
၍သာမှတ်တမ်းထင်ထားရပါတော့သည်။
ညမိုးချုပ်သော၍ မိမိတို့မှာ ထမင်း
စားရန် ဝန်ထမ်းတစ်ဦးကို စောင့်ကြည့်
ရန် မှာထားခဲ့ပြီး ပြန်လာကြပါသည်။
မိမိ သတိထားမိသည်မှာ ယခုမြွေ
ကြီးသည် ယခင်အပတ်က ဘွိုင်လာ
မီးထိုး စမ်းသတ်နေစဉ် ဝါးပက်လက်
ကုလားထိုင်တွင် အိပ်ပျော်သွားစဉ်
အိပ်မက် မက်သော ငန်းတော်ကျား
မြွေကြီးနှင့် တထေရာတည်း တူညီနေ
သည်ကို သိရှိရပေတော့သည်။
နဂါးသိုက်တွေ နေသည့် နေရာမှာ
လည်း မိမိထိုင်ခဲ့သော နေရာ ယခု
မြွေကြီးလာသော နေရာတွင် ဖြစ်နေ
သည်ကို ထူးထူးခြားခြား သိရှိရပေ
တော့သည်။
စောင့်ကြည့်ခိုင်းထားသော ဝန်ထမ်း
မှ နောက်နာရီဝက်ခန့် စောင့်ကြည့်
ကြောင်း မြွေကြီးမှာ ငြိမ်သက်စွာပင်
ရပ်တည်နေပြီး အပေါ့အပါး ခဏသွား
ပြီး ပြန်လာတော့ ပျောက်ကွယ်သွား

www.burmeseclassic.com

ကြောင်း ပြောပြပါသည်။

ထို့နောက် နတ်ကတော်ထံသို့ သွားရောက်၍ ယင်းမြွေကြီး လာပုံအား သတင်းပို့ရာ နန်းတော်ကျားမြွေသည် မြွေဘုရင်ဖြစ်ကြောင်း၊ နဂါးသိုက်တွေ နေသည့်နေရာဖြစ်၍ နဂါးသိုက်မြွေ ဖြစ်ကြောင်း၊ သူတို့နေရာကို အသိ အမှတ်ပြုပေးဖို့ ကိုယ်ထင်ပြတာ ဖြစ်ကြောင်း...

ယင်းနေရာကို ရာဇမတ်ကွက်ကာ၍ ရေကန်၊ နဂါးသိုက်နန်း အမြန်ဆောက်လုပ်၍ နေ့စဉ် နဂါးအစာ နို့နှင့် ပေါက်ပေါက်ဆက်ရန်၊ ကန်တော့ပွဲ တစ်ပတ် တစ်ပွဲ ထိုးပေးပါ။

သူတို့ကို ဘုရားရှိခိုးတိုင်း အမျှပေးဝေ မေတ္တာပို့ ဆုတောင်းပေးရန် စက်ရုံ အန္တရာယ်ကင်း စီးပွားတက်ရန် တောင်းဆိုဖို့ မှာကြားခဲ့ပါသည်။

ပန်းအိုးတွင် နှင်းဆီမပြတ် ထိုးပေးဖို့လည်း မှာကြားခဲ့ပါသည်။ မိမိတို့မှာ နောက်နေ့တွင်ပင် ပန်းရန်၊ လက်သမားခေါ်၍ အမြန်ဆုံး ရေကန်၊ နဂါးသိုက်နန်း၊ ရာဇမတ်ကွက် ပြီးစီးအောင် ဆောင်ရွက်ခဲ့ပါသည်။

ပြီးစီးပြီးနောက် ကန်တော့ပွဲထိုး၍ ပန်းအိုးများတွင် နှင်းဆီကပ်ကာ နဂါးစာ နို့နှင့်ပေါက်ပေါက် နေ့စဉ် ဆက်ပါတော့သည်။

ထူးခြားလာသည်မှာ အရောင်းကဏ္ဍတွင် တိုးတက်မှုများ ချက်ချင်းရှိလာခြင်း၊ ကုန်အမှာများလာခြင်း၊ အန္တရာယ်ဘေး ကင်းစင်လာခြင်းတို့မှာ ထူးခြားစွာ တိုးတက်အောင်မြင်လာပါတော့သည်။

ဒုတိယ ဟောကြားချက်

ယင်းဟောကြားချက်မှာ စက်ရုံ… အနောက်ဘက် တစ်ခြမ်းလုံး… အဆောက်အအုံ ကြီးကြီးမားမား… တစ်နှစ်အတွင်း ဖြစ်လာပါလိမ့်မည်… ဟောခဲ့ရာ ယခုမှာမူ ဘဏ်ချေး… ရရှိလာသဖြင့် အဆောက်အ… ဆောက်လုပ်ပြီးစီးနေပြီ ဖြစ်ပါသည်…

တတိယ ဟောကြားချက်

နောက်နောင်တွင် ကုမ္ပဏီ… ဖြစ်လာပါလိမ့်မည်ဟု ဟောကြားခဲ့… ယခုမူ ကုမ္ပဏီကြီးအဖြစ် ဖွဲ့စည်း… နိုင်ပါတော့သည်။ မြွေကြီးကို မြင်လို… သူများအားလုံး ကုမ္ပဏီမှာ ယနေ့… ရှိနေကြပါသည်။

ဆရာစော(ယော)

# သဘော်ကဗွင့်

မခါးအောင်ပြုတ်နည်း



တစ်နေ့သ၌ ကျွန်တော်သည် မရောက်တာကြာပြီဖြစ်သော ကျောင်းနေဖက် သူငယ်ချင်းအိမ်သို့ အလည်ရောက်ရှိခဲ့ပါသည်။

သူငယ်ချင်းဇနီး မစည်စည်မြင့်ကလည်း ရေနွေးကြမ်းနှင့် လက်ဖက်သုပ်ကို လာချပေးပါသည်။ မစည်စည်မြင့် လာချပေးသော လက်ဖက်ပန်းကန်ကို သူငယ်ချင်းက ကျွန်တော့်ဘက် ရွှေ့ပေးကာ အားမနာနဲ့ဟူသော အကြည့်ဖြင့် နိမိတ်ပုံပြလေ၏။

ပြီးနောက် သူငယ်ချင်းက ညနေစာ ထမင်းစာပြီးမှ ပြန်ဖို့ပြောပါသည်။ ကျွန်တော်ငြင်းသော်လည်းမရ။ မစည်စည်မြင့်ကပါ ပြောနေတော့ ကျွန်တော် ဘာမှ ဆက်မပြောတော့ပေ။

သူငယ်ချင်းအိမ်မှာ ထမင်းစားရတာ အတော့်ကို မြိန်ယှက်လှပါ၏။ မစည်စည်မြင့်က ဖွယ်ဖွယ်ရာရာ ချက်ကျွေးသော်လည်း ကျွန်တော် ခံတွင်းအတွေ့ဆုံးမှာ **သဘော်ပွင့် တို့စရာပင်။**

ဟုတ်ပါသည်။ သဘော်အဖိုပွင့်များကို ပြုတ်ထားသည့် တို့စရာ။ အခါးကြောက်သည့် ကျွန်တော် ဒါပေသိ သဘော်ပွင့်တို့စရာမှာ မခါးပါ။ ထမင်းစားပြီး သူငယ်ချင်းကို မေးကြည့်တော့ မခါးအောင် ပြုတ်သောနည်းရှိကြောင်း ပြောပါသည်။

ပထမတော့ ကျွန်တော် ယုံရခက်ခက်၊ မစည်စည်မြင့်ကပါ ပြောလာတော့ နည်းနည်းယုံချင်လာသည်။

ထို့ကြောင့် နောက်နေ့၌ သဘော်အဖိုပွင့်များရှာပြီး ပြုတ်ပါသည်။ တစ်အိုးက ရိုးရိုးပြုတ်နည်း၊ တစ်အိုးက သူငယ်ချင်းပေးသောနည်း။ ဒါပေမယ့် ရိုးရိုးပြုတ်ထားသည့် သဘော်ပွင့်က ခါးပြီး သူငယ်ချင်းပေးသည့် နည်းက မခါး… ကိုယ်တွေ့ပဲ ဖြစ်ပါသည်။

စာရှုသူ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းပရိသတ်များအနေဖြင့် သဘော်ပွင့်ပြုတ်တို့ပါက မခါးသော နည်းကောင်းလေး… တင်ပြပေးပါမည်။ အခါးမကြိုက်သောသူများအတွက် သဘော်အဖိုအပွင့်များကို မခါးအောင် ပြုတ်သောနည်းမှာ သည်…

သဘော်ပွင့်နှင့်အတူ သရက်ရွက် သုံး၊လေးရွက် ထည့်ပြုတ်ရုံပါပဲ။

ဇင်းကျိုက်တောင်တန်း-မောင်လွမ်းဝေ



www.burmeseclassic.com

www.burmeseclassic.com



ဒဏ္ဍာရီ (စက်မှုလယ်ယာ) ဆင့်ဖြူကျွန်း

# ဝိုက်ခံခဲ့သော

နာနာဘာဝ

ကဆုန်နယုန် ချွေ့ချွေ့ခုန် ဆိုသကဲ့ ... အင်မတန်မှ ပူပြင်းလှသော နေမင်း ... အား အနိတုလျက် နေလင်းတစ် ... ဟက် နေလုံးကြီးကို မော့ကြည့်ရင်း ... သက်ပြင်းတစ်ချက် မှုတ်ထုတ် ... လိုက်ကာ...

'အင်း... ဒီတစ်ငန်းပြီးရင်တော့ ... မင်းစားနားဦးမှ'

ဟု စိတ်ကူးကာ လက်မှနာရီကို ငုံ့ ... ကြည့်လိုက်တော့ ဆယ့်နှစ်နာရီထိုးရန် ... ၁၀)မိနစ် လိုပေတော့သည်။

ကန်သင်းထိပ် ဖျောက်ဆိပ်ပင်ကြီး ... အောက်မှာတော့ တောင်သူကြီး ... အေးလွင်က ထမင်းချိုင့်ကြီးငယ်နှင့် ... စောင့်နေလေပြီ။

နောက်ဆုံးကြောင်း လက်စသတ်ပြီး ... သစ်ပင်ရိပ်ရှိရာ ဖျောက်ဆိပ်ပင်ကုန်း ... ဆီသို့ ထွန်စက်ကို မှန်မှန်မောင်းနှင် ... လာခဲ့လေသည်။

သစ်ပင်ရိပ်ကောင်းသော နေရာမှာ ... ထွန်စက်အား နောက်ပြန် ဖင်ထိုးပြီး စက်ရပ်နားလိုက်လေသည်။

ပြီးလျှင် စက်ပေါ်မှ ဆင်းကာ ဦးအေးလွင်ရှိရာသို့ တစ်လှမ်းချင်း လှမ်းလိုက်ပြီးတော့ ဆွဲခြင်းထဲမှ ရေဘူးကို ဆွဲယူပြီး အားပါးတရ တဝကြီး သောက်လိုက်လေသည်။

'ကဲ... ထွန်စက်ဆရာ ထမင်းစားလိုက်ဦး၊ တောထဲတောင်ထဲမှာ ဘာမှ အားနာစရာမလိုဘူး။ ဟောဒါက ငရုတ်သီးနဲ့ ကြွက်သားကြော်ထားတာ၊ နောက် ဟောဒါက အမဲသားဟင်းချက်၊ ပဲကြီးဟင်းနဲ့ အားပါးတရသာ သုံးဆောင်ပေတော့'

ဟု ဆိုကာ ဆွဲခြင်းအတွင်းမှ စတီးချိုင့်ကို ဆွဲယူပြီး တစ်ချိုင့်ခြင်း ဖြတ်ကာ ပြောလေသည်။

နောက် ဆွဲခြင်းထောင့်မှ လေးထောင့်ပုလင်းတစ်လုံးကို ဆွဲထုတ်ပြီး...

'ဟောဒါကတော့ ထွန်စက်ဆရာ သုံးဆောင်ရအောင် မနေ့က မြို့လူကြုံရှိလို မှာလိုက်တာ အာဝီဆိုလား ဘာဆိုလားပဲ'


ဟု စကားများ ဆက်တိုက်ပြောကာ ရယ်မောနေသည်။ တစ်ဆက်တည်း မှာပဲ...

'ထွန်စက်ဆရာ...ဒီနေ့ ဒီကွင်းကို ပြီးအောင် မောင်းပေးပါနော်'

'စိတ်ချပါ ဦးအေးလွင်ရာ... ဒီ ထွန်စက်နဲ့ ထွန်ရက်ကိရိယာ ကောင်းသရွေ့ ပြီးအောင် မောင်းပေးမှာပါ'

ဟု ပြောကာ ဦးအေးလွင်လှမ်းပေးသော လေးထောင့်ပုလင်းကို အဖုံးဖွင့်ပြီး ကိုင်းဖန်ခွက်ကြီးထဲ (၃)ပုံ (၁)ပုံခန့် ငှဲ့ထည့်ပြီး ရေအပြည့်ရောကာ တစ်ကြိမ်မော့လိုက်လေသည်။ ပြီး

www.burmeseclassic.com



ကြွက်ကြော် အနည်းငယ်ကောက်ကာ မြည်းစားလိုက်လေသည်။

ဒီလိုနှင့် မကြာမီမှာပဲ စကားတပြောပြောနှင့် ထမင်းစား ပြီးသွားလေသည်။ ဦးအေးလွင်လည်း ထမင်းချိုင့်ပန်းကန် သိမ်းဆည်းကာ ရွာဘက်သို့ ပြန်သွားလေတော့သည်။

ထိုအချိန်မှာပဲ နေလင်း တစ်ယောက်...

'အင်း... ထမင်းစားပြီးခါစ အစာကြေညက်အောင် ခဏမှေးလိုက်ဦးမှ' ဟု စိတ်ကူးကာ ပါလာသော ပုဆိုးကွင်းအပိုကို ကျောခင်းပြီး မြင့်တဲ့အပိုင်းမှာ ခေါင်းမှီရင်း မှေးခနဲ အိပ်ပျော်သွားလေသည်။

* * *

'ထွန်စက်ဆရာ... ဒီကွက်ပြီးရင် တောင်ဘက်က ကျွန်မတို့ ယာကွက်ကို ထွန်စက်ယောင်းပေးပါဦး'

ဟု အင်္ကျီခပ်နွမ်းနွမ်း အကွက်စိတ်ကလေးကို ဝတ်ပြီး၊ ထဘီကတော့ ဗမာချည်အစင်းကလေးကို ဝတ်ပြီး တဘက်ကလေး ခေါင်းပေါ်တင်ကာ သနပ်ခါးပါးကွက်ကြား ခပ်ရေးရေးနှင့် မိန်းကလေးတစ်ဦး အကူအညီတောင်းသည့်ပုံစံနှင့် ပြောပါသည်။

သူ့နောက် မလှမ်းမကမ်းမှာလည်း အသက်ရွယ် ခပ်ကြီးကြီး ပင်နီအင်္ကျီဝတ် ခေါင်းပေါင်းနှင့် အဘိုးအိုတစ်ဦးနှင့်အတူ တွေ့လိုက်လေသည်။ ဖြုန်းခနဲဆိုတော့ ဘာမှ ပြန်မပြောလိုက်ရပေ။

သစ်ပင်ပေါ်မှ ခါချဉ် မျက်နှာပေါ်သို့ ပြုတ်ကျ ကိုက်သဖြင့် လက်ဖြင့် အမှတ်တမဲ့ ပွတ်ကာ လန့်နိုးသွားလေသည်။

စောစောက ကလေးမနှင့် လူကြီး ဘယ်ရောက်သွားမလဲမသိ ပတ်ချာလှည့်ကြည့်လိုက်တော့လည်း မတွေ့။ ဟိုးရှေ့ ခပ်ဝေးဝေးမှာ နွားရှဉ်းများ ထွန်ယက်နေသည်ကိုသာ တွေ့ရသည်။

အင်း... စိတ်ကယောင်ချောက်ချား ဖြစ်မှာပါလေဟု တွေးကာ ထွန်စက်ပေါ်တက်ပြီး မောင်းလက်စ ထယ်ရေးစပ်ဆီသို့ ထွန်စက်ကို ခပ်မှန်မှန် မောင်းလာရင်း စိတ်ထဲမှာတော့ သို့လောသို့လောနှင့် တွေးတောနေမိသည်။

သည်လိုနှင့် ဆက်မောင်းနေရင်း ဦးအေးလွင် ယာခင်းပြီးဆုံးရန် ဟိုဘက်ငန်းက နှစ်ကြောင်း၊ ဒီဘက်ငန်းက နှစ်ကြောင်းစာနှင့် အနားပတ်လည် လေးဖက်အား အပြီးသတ် မောင်းနှင်ရန်လောက်သာ ကျန်တော့သည်၊

အချိန်ကလည်း ညနေ(၅း၀၀)နာရီကျော် ရောက်ရှိနေပြီဖြစ်သည်။

ချက်...ချက်...ချက်...ချက်ဟု ပုံမှန်စက်သံမှ တဖြည်းဖြည်း အသံလျော့ကာ ထွန်စက် ရှေ့မသွားဘဲ စက်ရပ်သွားလေသည်။

'ဟာ... ပြီးခါနီးမှ ဘာဖြစ်ပြန်ပြီလဲ' ဟု တွေးကာ ထွန်စက်ပေါ်မှ အောက်ဆင်းပြီး လှည့်ပတ်ကြည့်လေ၏။

အင်း... အင်ဂျင်ပူပြီး ရပ်ရအောင်လဲ ရေတိုင်ကီထဲမှာ ရေအပြည့် ဆူပွက်ခြင်းမရှိဘဲ ပကတိ ပူနွေးရုံသာ၊ ဒါဆို ရေလည် အုံကောင်းတယ်။ အင်ဂျင်ပူပြီး ရပ်တာလဲ မဖြစ်နိုင်ဘူး။

အင်ဂျင်ဝိုင်များ နည်းပြီး ကရိုင်ဘယ်ရာရင်ကြပ် ရပ်တာလဲ မဖြစ်နိုင်ဘူး။ မနက် ထွန်စက်မထွက်ခင်က အင်ဂျင်ဝိုင် အမှတ်တိုင်းကြည့်တော့ အမှတ်ပြည့်၊ ပြီးခဲ့တဲ့ နှစ်ရက်က အင်ဂျင်ဝိုင် ဝယ်လဲထားတယ်။

ဒါဆိုရင် ကော်ပလင်များ ကျွံသလား၊ တိုင်ပင်လျော့ပြီး စက်ရပ်သွားသလား ကြည့်တော့လဲ ဘာမှမဖြစ် ပကတိအကောင်းပါပဲ။ တိုင်ကီထဲမှာလဲ ဒီဇယ်ဆီအတော်များများ ကျန်သေးတယ်။

ဆီလဲ မကုန်နိုင် ဆီပိုက်လိုင်း ချောပိတ်သလားဟု တွေးကာ ဖြုတ်စစ်ကြည့်တော့ ဆီတွေ ဒလဟော ထွက်လာလို့ အလျင်အမြန် ပြန်တပ်ရပြီသည်။

တတ်သမျှ အတွေ့အကြုံနှင့် လိုက်လံစစ်ဆေးရင်း မှောင်ရီ ရောက်ရှိသွားလေသည်။

'အင်း... ဒီပုံစံတိုင်းဆိုရင်တော့ မနက်ဖြန် ရုံးပြန်ပြီး စက်ဆရာ ကိုဝင်

www.burmeseclassic.com

ဖိန့် သွားခေါ်ပြရမယ်'

ဟု တွေးကာ ခွ၊ လက်နက်ပစ္စည်းများ သေချာ သိမ်းဆည်းနေစဉ်မှာပဲ...

'ဟာ... ထွန်စက်ဆရာ ဘယ်လိုဖြစ်တာလဲ၊ မှောင်လှပြီ။ အိမ်က ခုထိ ပြန်မလာလို့ ကျွန်တော့် လွှတ်ပြီး ကြည့်ခိုင်းလိုက်တယ်။ ဘာဖြစ်တာတုံး'

ဟု ဆိုကာ ဦးအေးလွင်၏ သားဖြစ်သူ မောင်ဝင်းတင် ဓာတ်မီးတစ်လက်ကိုင်ကာဖြင့် ကျွန်တော့်အနား ရောက်လာလေသည်။

'အေးကွာ ပြီးခါနီးမှ ဘာဖြစ်သွားလဲ မသိဘူး။ ငါလဲ တတ်သလောက် လိုက်စစ်ပြီးပြီ၊ မှောင်လာလို့ ဘာမှ လုပ်လို့ မရတော့ဘူး'

'ဒါဆိုလဲ ထွန်စက်ကြီးကို လယ်ကွင်းထဲမှာထားပြီး အိမ်ပြန်အိပ်ရအောင် စိတ်ချရပါတယ်'

'ဟာ အဲဒီလိုတော့ မဖြစ်ဘူးကွာ၊ ဒီထွန်စက်ကြီးက တန်ဖိုးနည်းတာ မဟုတ်ဘူး။ ငါ့ကို ယုံကြည်စိတ်ချလို့ တာဝန်ပေး အပ်နှံထားတာ၊ ငါဒီမှာပဲ စောင့်အိပ်မယ်။ မင်းလဲ ငါနဲ့ အဖော်အဖြစ် အိပ်ပေါ့ကွာ။ မင်း ကြောက်တတ်သလား'

ဟု မေးလိုက်ရာ...

'ကြောက်တော့ မကြောက်တတ်ပါဘူး။ ဒါပေမယ့်...'

'ဟာ... မင်း ဒါပေမယ့်ကြီးကလဲ ကွာ'

'ကဲ... လာ၊ အချိန်ရှိတုန်း မင်းနဲ့ငါ အိမ်ပြန်ပြီး လိုအပ်တဲ့အသုံးအဆောင် ယူ၊ ပြန်လာပြီး ညအိပ်ကြတာပေါ့၊ မဟုတ်ဘူးလား'

ဟု ဆိုကာ နှစ်ဦးသား ဓာတ်မီးထိုးကာ ရွာထဲသို့ ပြန်လာခဲ့ကြသည်။

အိမ်အဝင်ဝမှာပင်...

'ဟာ...ထွန်စက်ဆရာ ပြန်လာပြီ



လား၊ ဘာဖြစ်တာလဲ'

ဟု ဦးအေးလွင်မှ ဆီးကြိုမေးလေသည်။

နေလင်းလည်း ဖြစ်ကြောင်း ကုန်အောင် ပြောပြကာ ညအိပ်ပြန်သွားကြမည်ဖြစ်ပြီး မောင်ဝင်းတင်ကိုလည်း အဖော်အဖြစ် ထည့်ပေးရန် ပြောကာ ထမင်းကိုလည်း တောထဲမှာစားရန် ထုပ်ယူပြီး ခဏတစ်ဖြုတ်နားကာ လိုအပ်သည်များ ယူပြီး ထွန်စက်ရှိရာ ယာကွင်းသို့ ပြန်ထွက်ရန် ပြင်ဆင်လေသည်။

'အင်း... ညမှုညတာ အိပ်တယ်ဆိုတာ သတိဝီရိယနဲ့ အိပ်နော်။ တောထဲတောင်ထဲမှာ နိုးနိုးကြားကြား အိပ်ရတယ်။ ကြမ်းတမ်းတဲ့ အသုံးအနှုန်းတွေ မပြောမိစေနဲ့ နောက်တစ်ခုက...'

ဟု ဆိုကာ ပြောမည့်ဆဲဆဲ စကားပြတ်သွား၏။

'ဘာလဲ ဦးအေးလွင်ရ၊ ကျုပ်တို့ကို ကြောက်အောင်တော့ မပြောနဲ့ဗျာ'

'ကဲပါကွာ၊ ဘာမှ မဟုတ်ပါဘူး။ သွားမှာသာ သွားစမ်းပါ။ အချိန်လင့်နေမယ်။ ဩော်...ဒါနဲ့ သားဝင်းတင် ညအိပ်ရာဝင်ခါနီးမှာ စည်းချအိပ်၊ ဘုရားဂုဏ်တော်တွေ ရွတ်ဖို့မမေ့နဲ့'

ဟု ဆိုကာ မှာလွှတ်လိုက်လေသည်။ နေလင်းလည်း ရေဘူး၊ ဓာတ်မီး၊ မိုးကာနှင့် အခြားလိုအပ်သည်များ ယူဆောင်ပြီး ချိုင့်ဆွဲ၊ ခြင်းဆွဲကာ ထွန်စက်ရှိရာ ယာကွင်းသို့ ပြန်ခဲ့လေသည်။

ထွန်စက်နားရောက်လျှင်ပဲ "ဖွီး... မောလိုက်တာကွာ၊ ပြီးခါနီးမှ ဖြစ်ရတယ်" လို့ ဆိုကာ ဆွဲခြင်းမှ ထမင်းချိုင့်ကို ချပြီး အိပ်ရာခင်းဖို့ မိုးကာနှင့်အပေါ် အမိုးအတွက် ပြင်ဆင်ကာ ထွန်စက်ကြီးဘေးမှာပင် အဖီချပြီး နေရာပြင်ဆင်လေတော့သည်။

အားလုံး ပြီးစီးသွားချိန်မှာတော့ လက်မှ နာရီကို ဓာတ်မီးဖြင့် ထိုးကြည့်ရာ ည(၈)နာရီကျော်စပြုနေပြီ။

'ကဲ... မောင်ဝင်းတင် မင်းအဖေ မှာတာတွေ မင်းလုပ်လိုက်ဦး။ ငါတော့ ဒီနေ့ ပင်ပန်းတယ်ကွာ။ ထမင်းမစားခင် နေ့လယ်က မင်းအဖေ ထားခဲ့တဲ့ အာဝီသောက်ရင်း နားလိုက်ဦးမယ်'

ဟု ဆိုကာ အသင့်ပါလာသည့် ဖန်ခွက်ထဲ အရက်နှင့် ရေရောကာ အားပါးတရ သောက်လိုက်လေသည်။

ပြီးလျှင် အိမ်မှ ယူလာသည့် ထမင်းချိုင့်ကို ဖြုတ်ကာ ပြောင်းဖူးကြော် တစ်ဖွန်း ခပ်မြည်းလိုက်၏။


ဝင်းတင်ကတော့ လေးဖက်လေးလံ လှည့်ကာ လက်ညှိုးတထိုးထိုးနှင့် တတွတ်တွတ် ရွတ်နေလေသည်။

သည်လိုနှင့် တစ်ခွက်ပြီး တစ်ခွက် သောက်ရင်း မနက် လုပ်စရာရှိတာကို စဉ်းစားကာ ည(၉)နာရီကျော်ကျော် ရောက်ရှိသွားလေသည်။

ဝင်းတင်လည်း ခေါင်းမြီးခြုံကာ အိပ်ရန် ပြင်နေသည်။ နေလင်းလည်း သောက်ရင်းသောက်ရင်း အရက်ရှိန် တက်စပြုနေသည်။

'ဟေ့...ဝင်းတင် အိပ်တော့မလို့ လား၊ ထမင်း စားဦးလေကွာ။ ဟင်း

www.burmeseclassic.com



ချက်တွေ တအားပဲကွ'

'မစားတော့ဘူး။ အိမ်က စားခဲ့ပြီးပြီ ဦးလေးစားလိုက်ပါ။ ပြီးရင် ဟင်းချိုင့်တွေကို သေချာဆင့်ပြီး လုံခြုံအောင် ပေါ့ဒီ လုံချည်နှင့်ထုတ်ပြီး ထွန်စက်ကြီးပေါ် တင်ထားလိုက်ပေါ့'

ဟု ဆိုကာ စောင်ကို ခေါင်းမြီးခြုံ၍ အိပ်သွားလေသည်။

နေလင်းလည်း သောက်လက်စကို မှောချလိုက်ပြီး ထမင်းစားရန် ပြင်ဆင်လေသည်။ စတီးထမင်းချိုင့်ကို ဖြုတ်လိုက်တယ်ဆိုလျှင်ပဲ တစ်ချိုင့်က ပြောင်းဖူးကြော်၊ တစ်ချိုင့်က ရေတ်သီးချက်နှင့် တစ်ချိုင့်က အမဲသားဟင်း ကျန်နှစ်ချိုင့်ကတော့ ထမင်းများပင် ဖြစ်နေလေသည်။

ထမင်းကို ငုံ့စားမည်ပြုစဉ်...

'ခွီးတဲ့မှာဘဲ စားမယ်ကြံခါရှိသေး ဘယ်က ပုပ်စော်က နံလာသလဲ မသိဘူး'

ဟုဆိုကာ ဘေးဝဲယာဆီသို့ ဓာတ်မီးဖြင့် ထိုးကြည့်လေသည်။ အနားပတ်ဝန်းကျင်မှာတော့ ဘာမှ မတွေ့။ ဟိုး ခပ်ဝေးဝေးက မြောင်းပုပ်နံ့ဖြစ်မှာပဲဟု တွေးကာ ထမင်း ဆက်စားလိုက်လေသည်။

နှစ်ဖွန်း၊ သုံးဖွန်း စားပြီးတယ်ဆိုရင်ပဲ ထမင်းချိုင့်တွေအကြည့်မှာ ဝေဝါးလာတော့ အလွယ်တကူပဲ ထမင်းချိုင့်တွေကို ခြေရင်းရွှေ့ကာ အိပ်ပျော်နေသော ဝင်းတင်ဘေး စောင်ဆွဲခြုံကာ တုံးလုံးလှဲချလိုက်လေသည်။ ခပ်ဝေးဝေးမှ ခွေးအူသံသဲ့သဲ့ မကြားတချက် ကြားတချက်။

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ၊ ခြေရင်းဘက်မှ ဟင်းချိုင့်သံများ၊ ဖွန်းသံများ ကြားသလိုလိုပင် ခေါင်းထဲမှာလည်း နောက်ကျိနေပြီး မျက်လုံးပင် မဖွင့်နိုင် စိတ်ထင်လို့နေမှာပဲဟု တွေးကာ မေးခနဲ အိပ်ပျော်သွားပြန်သည်။

'ထွန်စက်ဆရာကြီး ဒီယာခင်းပြီးရင် ဟိုတောင်ဘက်က ကျွန်းမယာခင်းကို ထွန်ယက်ပေးပါဦး။ အတကလဲ အယက်ကြီးပြီ ကျွန်မတို့မှာလဲ ငွေကရှည်းမရှိလို့ပါပဲ'

ဟု မိန်းကလေးတစ်ယောက်နှင့် အဘိုးအိုတစ်ဦး အကူအညီ တောင်းခံသည့်ပုံစံနှင့် ဆိုလေသည်။ "မနက်ကျရင် ထွန်စက်ကြီးက ကောင်းသွားမှာပါ"ဟု တစ်ဆက်တည်း ပြောကာ ပျောက်ကွယ်သွားလေသည်။

နားထဲမှ အသံတွေကြားနေရသည်။ မျက်လုံးက ဖွင့်မရ ခေါင်းထဲမှာ နောက်ကျိလို့နေသည်။ စိတ်ချောက်ချားကာ အိပ်ပျော်တစ်ချက် မပျော်တစ်ချက်...

'ဟာ...ထွန်စက်ဆရာ၊ ခုထက်ထိ မထသေးဘူးလား။ နေတောင် ထွက်တော့မယ်'

ဟု အသံကြားမှ နှစ်ဦးတည်းသာ ကပျာကယာနှင့် အလူးအလဲ ထကြည့်လိုက်တော့ ဦးအေးလွင် ဖြစ်နေ တော့သည်။

'ညကတည်းက စိတ်မချလို့ ပူ တာ ခြေရင်းမှာလဲ ချိုင့်တွေက ပြန့် နေပါလား'

ဟု ဆိုတော့မှ ခြေရင်းချိုင့်တွေ ကြည့်လိုက်ရာ ပြောင်လက်ပြီး ဘာ တစ်ခုမှ အကြွင်းအကျန်မရှိတော့ ညက ထမင်းနည်းနည်းသာ စားလိုက် နိုင်သည်။ အင်း... တစ်ခုခုတော့ ထူးခြားနေပြီ။

အိပ်ရာများ၊ ပစ္စည်းပစ္စယများ သိမ်း ဆည်းပြီး ထွန်စက်ကို လှည့်ပတ်ကြည့် ကာ အပြစ်ရှာလိုက်တော့ ပော တွေ့ပါပြီ ခြေနင်းကြမ်းခင်းအောက်က ဂါမနာဆီသွားတဲ့ လီဘာတံ ပြုတ်ထွက် နေခြင်းကြောင့် လီဘာနင်းမရဘဲ စက် ရပ်သွားရခြင်းဖြစ်ပေသည်။

အင်း... တော်သေးတာပေါ့။

ဒါနှင့် လီဘာတံကို ပြန်တပ်ပြီး ပြုတ်မထွက်အောင် ကြေးနန်းကြိုးနှင့် သုံးလေးပတ် ရစ်ပတ်လိုက်လေသည် ပြီး စက်ပေါ်တက်ကာ စက်နှိုးကြည့် လိုက်တော့ အိုကေသွားပြီ။

'ကိုင်း...ဦးအေးလွင် ခင်ဗျား အကွက် လက်စသတ်လိုက်တော့မယ် အားတော့ နာပါတယ်ဗျာ၊ မထင်မှတ် တာလေး ဖြစ်သွားတာမို့လို့ပါ'

'ကိစ္စမရှိပါဘူး စက်ဆရာ၊ ဒီမျိုးတွေ ကြုံတွေ့နေကြပါ။ ဒီနဲ့ လက်စသတ်မယ်ဆို သတိရတယ် ဦးအေးလွင် ယာခင်းတောင် ဘက်က ဟိုမြက်တောကိုင်းတောနဲ့ ယာခင်း က ဘယ်သူ့ယာခင်းလဲဗျ'

'မသိချင်ပါနဲ့ စက်ဆရာရယ် ဒီယာ ခင်းပိုင်ရှင်တွေက မရှိတော့ဘူးဗျ'

'ဘယ်သွားကုန်ကြလို့လဲ ဒီရွာက



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ဘူးလား'

'အင်း... သူတို့မြေးအဘိုးနှစ်ယောက်အကြောင်း ပြောရင် စိတ်ကောင်းစရာပါပဲဗျာ'

ဟု ပြောရင်း ဟိုအဝေးသို့ လှမ်းမျှော်ကြည့်နေလေသည်။ ပြီးမှ စကားဆက်တာ...

'ဒီလိုဗျ... လွန်ခဲ့တဲ့ (၇)နှစ်ကျော် (၈)နှစ်ခန့်ကပေါ့၊ ဟိုးအထက်ရွာက ပြောင်းလာတဲ့ မြေးအဘိုးနှစ်ယောက် အဲဒီယာခင်းကို ဝယ်ပြီး စိုက်ပျိုးရေး လုပ်ကိုင်စားကြတယ်လေ။

ကလေးမလေးကလဲ အရွယ်ရောက် ဘကြီးကလဲ အသက်(၆၀)နားဆိုတော့ သိပ်မသန်ရှာဘူးပေါ့။ ဒီကလေးမလေးကပဲ သူများယာ အငှားလိုက် ကိုယ့်ယာကို စိုက်ပျိုးလိုက်နဲ့ အဘိုးကို လုပ်ကိုင်ရှာဖွေ ကျွေးမွေးနေတာပေါ့။

အဲဒီယာထက်က ကုန်းပေါ်လေးမှာပဲ တဲထိုးပြီး မြေးအဘိုးနှစ်ယောက် လုပ်ကိုင် စားသောက်နေတယ်လေ။

တစ်နေ့တော့ သူ့အဘိုးဟာ ရွာထဲကို လိုအပ်တဲ့ အသုံးအဆောင်၊ စားစရာများ ဝယ်မယ်ဆိုပြီး နေဝင်ချိုးချုပ် ဈေးဝယ်ထွက်သွားတာပေါ့။ ရွာထဲရောက်တော့ ဈေးဆိုင်မှာ ဟင်းချက်စရာတွေနဲ့ လိုအပ်တာလေးတွေ ဝယ်ပြီး ရောက်တုံးရောက်ခိုက် ဟိုအိမ်ဝင် ရေနွေးသောက်လိုက်၊ ဒီအိမ်ဝင် လိုက်နဲ့ မှောင်သွားတာပေါ့ကွာ။

ရွာထဲကအပြန် မှောင်နေတော့ အမြဲတိုင်းသွားနေကျ လမ်းရိုးအတိုင်း မပြန်ဘဲ အမြန်ရောက်လိုဇောနဲ့ ဖြတ်လမ်းကအပြန် သူတို့ယာခင်းဆီ ရောက်ခါနီး ယာနှစ်ကွက်အလိုမှာ ပိုးထိပြီး အဲဒီနေရာမှာတင် လဲကျသေဆုံး သွားရှာတယ်။ သူ့တဲဆီကို မရောက် လိုက်ဘူး။

အဲဒီအချိန်မှာပဲ ကလေးမလေးက ကံဆိုးပြန်တယ်။ မသမာတဲ့ လူတစ်စုက မူးယစ်ရမ်းကားပြီး ကလေးမလေးကို စော်ကားကာ သတ်ပစ်လိုက်တယ်။ သူ စုဆောင်းထားတဲ့ နားက နားကပ်ကလေးတစ်ရံနဲ့ လက်စွပ်လေး တစ်ကွင်းကိုလဲ ဖြုတ်သွားကြတယ်။

အဲဒီကတည်းက သူတို့မြေးအဘိုး မကျွတ်မလွတ်ဘဲ လူတွေမကြာခဏ တွေ့နေကြတယ်။ အဲဒီယာကွင်းကိုလဲ ဘယ်သူမှ ဆင်းမလုပ်ရဲကြတော့ အခုလို တောထနေတာပေါ့ကွာ။

ဒါကြောင့် စက်ဆရာ ကြောက်နေမှာစိုးတာနဲ့ မနေ့က တစ်ခါတည်း မပြောလိုက်တာပါ'

ဟု ဆိုလေသည်။

'အင်း... မနေ့က နေ့လယ်ကလဲ မြေးဘိုးနှစ်ယောက် ကျွန်တော့်ကို သူ့ယာကွင်း ထွန်ပေးဖို့ ပြောတယ်။

နောက်ပြီး ညကလဲ အိပ်မက်လိုလို မျက်ဝါးထင်ထင်နဲ့ ဒီမြေးဘိုးနှစ်ယောက်ပဲ ပြန်လာပြီး ထွန်ယက်ပေးဖို့တောင် ပြောသွားတယ်။ စိတ်ထဲမှာ တစ်ခုခု ထူးခြားနေတယ်လို့'

'ဒါဆို စက်ဆရာနဲ့ တွေ့ပြီးပြီကိုး'

'အင်း... ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ဗျာ၊ နာနာဘာဝပဲဖြစ်ပါစေ တစ်ဖက်သားကို ကူညီကောင်းပါတယ်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေပေါ့။ ခင်ဗျားယာ အဆုံးသတ်ပြီးရင်တော့ အဲဒီဘက်ကို ကူးပြီး ထွန်ယက်ပေးလိုက်မယ်။ ဒီတောရှင်းသွားတော့လဲ ယာနီးနားချင်းတွေ စိတ်ရှင်းတာပေါ့။ ကျွန်တော်အတွက်လဲ ကူညီရာရောက်သလို ဒီလောက်တော့ ဆီကုန်ခံနိုင်ပါတယ်'

'ဟုတ်ပါ့မလား စက်ဆရာရယ် မတော်တရော်တွေ ဖြစ်နေပါဦးမယ်'

'ကိုင်း...ဦးအေးလွင်ရေ၊ ခင်ဗျားယာခင်း လက်စသတ်ပြီးရင်တော့ တောင်ဘက်အတွက် ကူးမောင်းလိုက်ဦးမယ်။ ခင်ဗျားတို့ သားအဖလဲ ပြန်ကြပေတော့၊ ဘာမှလဲ လာပို့မနေကြနဲ့တော့။ မနေ့ညက ကိစ္စကိုလဲ ကျုပ်ကို ခွင့်လွှတ်ပေါ့ဗျာ။ ဒီမနက်စာမှာပဲ အပြီးမောင်းလာမှာပါ'

ဟု ပြောရင်း ထွန်စက်ပေါ်တက်ကာ မနေ့က မပြီးပြတ်သော လက်စကို အပြီးသတ် မောင်းနှင်လေတော့သည်။

မကြာပါ၊ ဦးအေးလွင်အကွက် လက်စသတ်ပြီး တောင်ဘက် ကိုင်းပြတ်တောကို ဝင်ရောက် မောင်းနှင်ရန် ဆုံးဖြတ်ချက်ချလိုက်ပြီး သေချာစွာ မောင်းနှင်လေတော့သည်။

မနက် (၁၀)နာရီခွဲလောက်မှာပဲ ကန်သင်းနားသတ်ရန် ကျန်တော့သည်။ ရေဘူးထဲမှ လက်ကျန်ရေအား မော့သောက်၍ ကန်သင်းနားသတ်လေသည်။

အနားသတ် နောက်ဆုံးကြောင်း အရောက် ထယ်ရေးကြောင်းအပေါ် ပြန်လှည့်ကြည့်တော့ ထယ်စာဖတ်နှင့် အတူ နေရောင်မှာ ပြောင်ပြောင်လေး



www.burmeseclassic.com

www.burmeseclassic.com



# ကျန်းမာရေးဝန်ထမ်း ၁၀၀

## အတွေ့အကြုံများ

ရွှေဖြေ (နုဗ္ဗဟ)

ကာလပတ်...
ဤကဲ့သို့ အဖြစ်ဆိုးမျိုး...
ကြုံတွေ့ရခြင်း ဝဋ်...
ကင်းလွတ်ပါစေဟု ...
သမျှသော ကု...
ကောင်းမှုအ...
အမျှပေး...
တော...
ချွေလိုက်ပါသ...
ဤအကြောင်းအ...
ဇာတ်ကြောင်းပြန်ရသော...

*　*　*

**ကံကြမ္မာဆိုးနှင့် ကြုံခဲ့ရသော**

**အမျိုးသမီးတစ်ဦး၏**

**ထူးခြားဆန်းကြယ်သော ဆုတောင်း**

ကျွန်တော်သည် အခြေခံ ကျန်းမာရေး ဝန်ထမ်းဘဝတွင် နှစ်ပေါင်းများစွာ ကျင်လည်ခဲ့ရ၏။ နေရာဒေသပေါင်းစုံတွင် သွားရောက် တာဝန်ထမ်းဆောင်ခဲ့ပြီး လူတန်းစားပေါင်းစုံနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ရပါသည်။ အတွေ့အကြုံ အဖြစ်အပျက်များစွာကိုလည်း ကြုံတွေ့ခဲ့ရပါ၏။

အချို့သော အဖြစ်အပျက်တို့သည် စိတ်ကူးယဉ် ဇာတ်လမ်းများထက် ထူးခြားဆန်းကြယ်လွန်းလှပါသည်။

ယခုတင်ပြမည့် အဖြစ်အပျက်သည် ဝမ်းနည်းကြေကွဲဖွယ် ကောင်းသလို သတိသံဝေဂရဖွယ်လည်း ကောင်းလှပါသည်။

ကာယကံရှင် အနေနှင့်လည်း သံသရာတွင် ကျင်လည်နေရသမျှ

**၂၀၀၁ ခုနှစ် ပတ်ဝန်းကျ...**

ကျွန်တော်သည် မြန်မာ... တောင်ပိုင်းဒေသ ကျေးရွာလေးတ... တွင် တာဝန်ထမ်းဆောင်ခဲ့ပါသ... ထိုကျေးရွာမှာ မြို့နှင့် အလှမ်းဝေ... သွားရေးလာရေး လမ်းခရီးမှာ ခ... ကြမ်းတမ်းလှပါသည်။ အနီးဆုံး... သွားလိုလျှင်ပင် အနည်းဆုံး တ... နှင့် တစ်ည အိပ်သွားရပါသည်။

ရွာတွင် နယ်မြေလုံခြုံရေးအ... ခလရ(...)မှ တပ်ခွဲတစ်ခွဲ စခန်း... ပါသည်။ ဝန်ထမ်းဆိုသော သံယော... ကြောင့်ပေလော မသိပါ။ စစ်ဗို... ရဲဘော်၊ အကြပ်၊ အရာရှိများနှင့် ညီ... အစ်ကိုပမာ ခင်မင်ရင်းနှီးကြပြီး ...



www.burmeseclassic.com

www.burmeseclassic.com

ကျက်အခဲကိုလည်း တစ်ဦးက အကူညီပေးကြပါသည်။

တစ်နေ့ နံနက်စောစော အရုဏ်တက်ချိန်တွင် အဝေးမှ လက်နက်ငယ်ပစ်ခတ်သံများကို ကြားရသဖြင့်တတရက် လန့်နိုးလာပါသည်။

အိပ်ရာမှ မထသေးဘဲ နားစွင့်၍ အခြေအနေကို သုံးသပ်နေမိပါ၏။ မိနစ်ခန့် ပစ်ခတ်သံများ ကြားရပြီးနောက် အသံများ တိတ်ဆိတ်သွားပါ၏။

နောက်ထပ် ဘာသံမှ ထပ်မကြားရတော့သဖြင့် စောင်ခေါင်းမြီးခြုံကာ ပြန်၍ အိပ်စက်လိုက်ပါ၏။ နေအတော်မြင့်မှ နိုးလာပါသည်။

သွားတိုက် မျက်နှာသစ်ပြီးနောက် ရွာလယ်မှ တစ်ဆိုင်တည်းသော ကိုအောင်ဝင်းတို့ လက်ဖက်ရည်ဆိုင်ရာသို့ ထွက်ခဲ့ပါသည်။ ဆိုင်ဝရောက်တော့ ကိုအောင်ဝင်း၏သမီး မီးမီးမှ ကြိုဆိုနှုတ်ဆက်ပါသည်။

'ဆရာ... ဒီနေ့နောက်ကျတယ်နော်'

'ဟုတ်တယ်ညီမလေးရေ... ညက သေနတ်သံတွေကြားလို့ လန့်နိုးသွားပြီး တော်တော်နဲ့ ပြန်အိပ်မပျော်လို့ နေမြင့်သွားတာ ညက တိုက်ပွဲက ဘယ်မှာ ဖြစ်လို့လဲ'

'လက်ပံကွင်းဘက်ကလို့တော့ ထင်တာပဲ ဆရာ'

'ဟုတ်လား ဘယ်စစ်ကြောင်းနဲ့ ဖြစ်တာလဲ မသိဘူး'

ကျွန်တော်၏ မေးခွန်းကို ဆိုင်ရှင် ကိုအောင်ဝင်းမှ ပြန်ဖြေပါသည်။

'ဗိုလ်ကြီးအုန်းမောင်တို့ တပ်ခွဲနဲ့တူတယ်ဆရာ၊ ဒီမနက်(၂)နာရီလောက်က ကျွန်တော့်အိမ်ရှေ့က ဖြတ်ပြီး လက်ပံကွင်းဘက် တက်သွားတာ



တွေ့လိုက်ရတယ်'

ဗိုလ်ကြီးအုန်းမောင်ဆိုသူမှာ ရွာတွင် တပ်စွဲထားသော စစ်ကြောင်းမှ တပ်ခွဲမှူးဖြစ်ပြီး ရုပ်ချော သဘောကောင်းသူလည်း ဖြစ်ပါသည်။

ကျွန်တော်တို့ စကားကောင်းနေခိုက် စစ်ကြောင်းရုံးမှ ဆရာမြင့်စိုးဆိုင်အတွင်းသို့ ဝင်လာ၏။

'ဆရာ တပ်ခွဲမှူးက ခေါ်ခိုင်းလိုက်လို့ပါ'

'ကိစ္စရှိလို့လား ဆရာကြီး'

'ရန်သူတစ်ယောက် ဒဏ်ရာနဲ့ အရှင်မိလာတယ်။ ဒဏ်ရာက အတော်လေးပြင်းထန်တယ်။ အဲဒါဆရာ့ကို ကြည့်ခိုင်းမလို့ပါ'

ကျွန်တော်တို့နှစ်ယောက် စစ်ကြောင်းရုံးရှိရာ ရွာဦးစေတီ ဇရပ်လေးရှိရာသို့ လျှောက်လာခဲ့ကြသည်။ ဇရပ်ပေါ်ရောက်တော့ တပ်ခွဲမှူးသာမက ရွာလူကြီးများဖြစ်သည့် ဦးပြား၊ ဦးပုလုတို့ကိုပါ အတူတွေ့ရ၏။

'ဆရာ လာပါထိုင်ပါ ရေနွေးသောက်ပါဦး'

တပ်ခွဲမှူးက ဖိတ်မန္တက ပြုလိုက်ပါသည်။

'လူနာကော ဘယ်မှာလဲ ဗိုလ်ကြီး'

'ဟိုဘက်ဇရပ်ပေါ်မှာပါ'

'ဒဏ်ရာက အတော်ပြင်းတယ် စလွယ်သိုင်းမှန်သွားတာ၊ ဆေးတပ်သားက မော်ဖင်းထိုးထားလို့ မှိန်းနေတယ်။ အဲဒါ ဆရာသွားကြည့်လိုက်ပါဦး'

ကျွန်တော်လည်း ဆေးအိတ်ဆွဲ၍ ရဲဘော်တစ်ဦးနှင့်အတူ လူနာရှိရာ ဇရပ်ပေါ်တက်ခဲ့၏။ ဇရပ်ခေါင်းရင်းတွင် ဒဏ်ရာနှင့်မှိန်းနေသော ပြောက်ကျား ယူနီဖောင်းဝတ် အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရ၏။

ကျွန်တော်လည်း လူနာနံဘေးတွင် ဝင်ထိုင်လိုက်ပြီး သွေးပေါင်တိုင်း ကြည့်ရာ အလွန်အမင်း ကျဆင်းနေပါ သည်။ နှလုံးခုန်နှုန်းမှာလည်း နှေးကွေးနေပါသည်။

ကျွန်တော်လဲ အချိန်ဆိုင်းမနေတော့ဘဲ Sorlucortefတစ်လုံးကို ဖောက်၍ ထိုးပေးလိုက်ပြီး Normal Sline Drip တစ်လုံး ချိတ်လိုက်ပါသည်။ ကိစ္စများ ပြီးစီး၍ တပ်ခွဲမှူးရှိရာ ဇရပ်ဘက်သို့ ကူးခဲ့ပါသည်။

'ဆရာ အခြေအနေ ဘယ်လိုရှိသလဲ'

'မကောင်းဘူးဗိုလ်ကြီး သိပ်ကြာကြာခံမယ် မထင်တော့ဘူး။ ကျွန်တော်လဲ အတတ်နိုင်ဆုံးတော့ ကြိုးစားထားပါတယ်'

'ဘယ်တတ်နိုင်ပါ့မလဲ ဆရာ ကုသိုလ်ကံပေါ့'

'ဒါနဲ့ ဒီအမျိုးသမီးက ဘယ်လိုလုပ်ပြီး ဒီအဖွဲ့ထဲ ပါလာတာလဲ'

'အဲဒါ သက်ခိုင်ရဲ့မိန်းမလေဆရာ'

သက်ခိုင်ဆိုသူမှာ ထိုဒေသတွင် လှုပ်ရှားနေသော လက်နက်ကိုင်အဖွဲ့ငယ်တစ်ခု၏ ခေါင်းဆောင်ငယ်တစ်ဦးဖြစ်၏။ ယခုအမျိုးသမီးမှာ သူ၏ ဘယ်နှစ်ယောက်မြောက် ဇနီးလည်းတော့ မသိပါ။

ကျွန်တော်တို့ စကားကောင်းနေခိုက် ဆေးတပ်သားမင်းနိုင် ဇရပ်ပေါ်သို့တက်လာ၏။ "**မင်းနိုင် ဘာကိစ္စရှိလို့လဲကွ**"တပ်ခွဲမှူးမှ လှမ်းမေးလိုက်ရာ

www.burmeseclassic.com

'လူနာသတိရလာပြီ ဗိုလ်ကြီး။ အဲဒါ ဗိုလ်ကြီးနဲ့ တွေ့ချင်တယ်ချည်း ပြောနေလို့ သတင်းလာပို့တာပါ'

'ဒါဖြင့်လဲ သွားကြည့်ကြတာပေါ့၊ ဆရာကော ရွာလူကြီးတွေပါ လိုက်ခဲ့ကြပါလား'

ကျွန်တော်တို့အားလုံး ဗိုလ်ကြီး အုန်းမောင်နှင့်အတူ လူနာရှိရာဇရပ်သို့ တက်ခဲ့ကြပါသည်။ ဇရပ်ပေါ်ရောက်တော့ လူနာမှာကောင်းစွာ သတိရနေပေပြီ။

'နေလို့ သက်သာရဲ့လားညီမ၊ ငါတို့ မင်းကို မြို့ဆေးရုံပို့ပေးမယ်၊ သက်သာသွားမှာပါ'

'ကျွန်မအခြေအနေကို ကျွန်မသိပါတယ်၊ ဗိုလ်ကြီးတို့ ကြိုးစားမနေကြပါနဲ့တော့ ကျွန်မ မသေခင် အကူအညီတစ်ခုလောက် တောင်းချင်လို့ပါ။ ကျွန်မ မသေခင် ဟောဒီ ကျွန်မရဲ့ ကိုယ်ပိုင်ပစ္စည်းဖြစ်တဲ့ နားကပ်လေးကို လှူခဲ့ချင်တယ်။ ပြီးတော့ သီလယူချင်တယ်။ အဲဒါ ဗိုလ်ကြီးကူညီပေးပါ'

တပ်ခွဲမှူးလည်း အချိန်ဆိုင်း မနေတော့ဘဲ ရွာလူကြီးတစ်ဦးကို ရွာဦးကျောင်းဆရာတော်အား ပင့်ခိုင်းလိုက်ပါသည်။ မကြာခင် ရွာဦးကျောင်း ဆရာတော် ကြွလာပါသည်။

ဆရာတော်မှ လူနာခေါင်းရင်းတွင် ထိုင်၍ သရဏဂုံကိုတိုင်ပေးကာ ရွတ်ဆိုစေပါသည်။ ပြီးနောက် ငါးပါးသီလကိုချပေး၍ လိုက်လံ ရွတ်ဆိုစေပါသည်။ လူနာမှာ လိုက်လံရွတ်ဆိုရင်း အမောဖောက်လာပါသည်။

ထိုမြင်ကွင်းကို ဘေးမှ ထိုင်ကြည့်နေသူ ကျွန်တော်နှင့် ရွာလူကြီး တစ်သိုက်၏ ရင်ထဲဆို့နင့်လာပြီး မျက်ဝန်းအိမ်တွင်လည်း မျက်ရည်များ ပြည့်လျှံလာပါသည်။

ထို့နောက် လူနာက တပ်ခွဲမှူးအား သူမ၏ နားကပ်ကို ချွတ်စေပြီး ရွာဦး စေတီပြုပြင်ရန် ရည်မှန်း၍ တုန်ယင်သောလက်ဖြင့် ဆရာတော်အား လှူဒါန်းပါသည်။

ဆရာတော်က သာဓုနုမောဒနာ တရားဟောပြီးနောက် ကုသိုလ်၏အဖို့ကို အမျှပေးဝေပါသည်။ ဆရာတော်၏ အမျှဝေသံဆုံးသည်နှင့် သူမသည် သာဓုခေါ်ရင်း မောပန်းနွမ်းလျသော အသံဖြင့် တစ်စုံတစ်ရာကို ဆုတောင်း ရွတ်ဆိုရင်း ဦးခေါင်းတစ်ဖက်သို့ လည်ကျသွားပါတော့သည်။

လူနာကို စမ်းသပ်ကြည့်ရှုရာ အသက်ကင်းမဲ့နေပြီ ဖြစ်ပါသည်။ ဆရာတော်မှ ခန္ဓာ၏ မမြဲခြင်းသဘောကို ဆက်လက် ရှုမှတ်နေပါသည်။

ကျွန်တော်တို့အားလုံး စိတ်မကောင်းခြင်းကြီးစွာဖြင့် ဇရပ်ပေါ်မှ လေးကန်သော ခြေလှမ်းများဖြင့် ဆင်းလာခဲ့ကြပါတော့သည်။

အသံတိုးညင်းသော်လည်း ပီသကြည်မြသောအသံဖြင့် နောက်ဆုံး ရွတ်ဆိုခဲ့သော သူမ၏ ဆုတောင်းစကားကို နားထဲ ယနေ့တိုင် ကြားယောင်နေမိပါသည်။ ထိုဆုတောင်းစကားမှာ...

'ဖြစ်လေရာဘဝတိုင်း လက်နက်ကိုင်မယား မဖြစ်ပါစေနဲ့၊ စစ်မှန်သော ငြိမ်းချမ်းရေးကို မြင်တွေ့ခံစားရပါစေ'

ဟူ၍ ဖြစ်ပါတော့သည်။

**(မှတ်ချက်။ ။ ကာယကံရှင်များ၏ ဂုဏ်သိက္ခာနှင့် လုံခြုံမှုကို ငဲ့ကွက်၍ အမည်များကို ပြောင်းလဲထားပါသည်။)**

***လူအချင်းချင်း နှိပ်စက်ခြင်းမှ ကင်းဝေးကြပါစေ။***

***နေဇော်(နဂ္ဂဟ)***

စာမျက်နှာ (၂၄၅)မှ အဆက်

မြင်လိုက်ရသဖြင့် စက်ရုပ်ပြီး ထွန်စ...
ပေါ်မှ ဆင်းကာ ထယ်စာခြမ်းမှာ ကပ်နေသည့်
အရာလေးကို ခွာယူလိုက်တော့ ရွှေလ...
စွပ်ကလေး တစ်ကွင်းပင်ဖြစ်သည်။

သို့နှင့် မြေကြီးများကို သေချာစွာ ပွ...
သပ်လိုက်ပြီး အိတ်ကပ်ထဲ ထည့်ကာ ထွ...
စက်ပေါ်ပြန်တက်ပြီး နောက်ဆုံး ထ...
ကြောင်းကို အောင်မြင်စွာ လက်စသ...
လိုက်ပြီး ဖြစ်သည်။

ယာခင်းထဲမှ အမြန်ထွက်ကာ ...
အမြန်လမ်းဆီသို့ မောင်းနှင်ခဲ့လေ သည်...
ရွာအဝင်မှာတော့ ရွာသူရွာသားများ...
ထွန်စက်ပြန်အလာကို ကွက်ကြည့်ကွ...
ကြည့်နှင့် အံ့အားသင့်နေဟန်ရှိလေသည်...

သို့နှင့် အိမ်ရှေ့နေလယ်မှာ ဘယ်သူ့ယာ...
မှ ထွန်ယက်ခြင်း မပြုဘဲ ဦးအေး...
အိမ်မှာပင် မြူးမြူး ထိန်းသိမ်းမှုများ ပြုလု...
ညအိပ်ရပ်နားလေသည်။

အိပ်ရာထဲ ရောက်တယ်ဆိုလျှင်ပဲ အိ...
ကပ်ထဲမှ လက်စွပ်ကလေးကို စမ်းရင်း...
အိပ်ပျော်သွားလေသည်။

'ထွန်စက်ဆရာ... ကျွန်မတို့ယာကို စေတနာ...
ထွန်ယက်ပေးတာရယ် နောက်ပြီး ညတုန်းကထွ...
ဆရာရဲ့ ထမင်းနဲ့ဟင်းတွေကို ယူစားမိလိုက်...
ကျေးဇူးဆပ်လိုက်ပါတယ်။

အဲဒီလက်စွပ်ကလေးက ကျွန်မ စုဆောင်းထား...
ငွေတွေနဲ့ အမြတ်တနိုးဝယ်ထားတဲ့ လက်စွ...
မသေခင် လုယက်သူတွေ မုန်းယစ်ရမ်းကာပြီး ...
ကျန်ခဲ့သွားတာပါ။

ထွန်စက်ဆရာနဲ့ ထိုက်တန်တဲ့အတွက် ကျေးဇူး...
ချင်ပါ။ အဲဒီလက်စွပ် ကလေးကို ထုခွဲရောင်း...
ကျွန်မတို့ မြေအတိုးအတွက် ကုသိုလ်ဒါနပြု အမျှ...
ဝေပါ။ ရောက်ရာအရပ်ကနေ သာဓုခေါ်ပါ့မယ်'

ဟု ပြောဆိုကာ ရုတ်တရက် လန့်နိုး...
လေသည်။

စိတ်ထဲမှာ ချောက်ချားကာ လ...
နာရီကို ဓာတ်မီးဖြင့် ထိုးကြည့်လိုက်...
မနက်(၃)နာရီထိုးနေပြီး အိပ်မရ...
မနက်မြန်မြန် အိမ်ပြန်ပြီး ဒီပစ္စည်းလေး...
ထုခွဲရောင်းချကာ နာနာဘာဝ မြေအ...
အား ကုသိုလ်ဒါနပြုအမျှပေးဝေမည်...
ဆုံးဖြတ်ပြီး အိတ်ကပ်ထဲမှ လက်စွပ်က...
အား စမ်းသပ်နေမိပါတော့သည်။

**(ထုတ်ငန်းခွင်မှ တကယ့်အဖြစ်... အတွေ့အကြုံအား ခံစားရေးသား... သည်။)**

***ခရှားဂိုး (ဇော်မှူးသိမ်ယာ)***
**ဆင်ဖြူ...**

www.burmeseclassic.com



ဝသုန်သက်လွင်

# အိပ်မက်ဆေးနှစ်

ထလုံစား (၂)

**ယခင်လမှ အဆက်**

ကျွန်ုပ်တို့ တအံ့တသြ ဖြစ်ခဲ့ကြရသည်။ မျက်နှာတစ်ပြင်လုံး ညိုမည်းနေသည့် ဆရာခင်စိုး။ ကျွန်ုပ်နှင့် ညီအစ်ကိုပမာ ချစ်ခင်ရပါသော အစ်ကိုခင်စိုး ဖြစ်နေသည်။ တစ်ကိုယ်လုံး သွေးချင်းချင်း ပေကျံနေသည်။

'ဖြစ်ရလေ အစ်ကိုစိုးရယ်'

ကျွန်ုပ်၏ ကြေကွဲဆို့နင့်သော စကားကြောင့် အနားတွင်ရှိသော ရဲဘော်လေး အောင်ဘုလည်း ခံစားသွားရသည်ထင်၏။ သူ့မျက်လုံးအိမ်မှာ မျက်ရည်တွေ ဝေနေ၏။

ဆရာခင်စိုး ဘာကြောင့် သေနတ်ထိမှန်သေဆုံးသွားရပါသနည်း။ ဖြစ်ပွားပုံကို ကျွန်ုပ်တို့ မသိသေးပါ။ ဆရာခင်စိုး၏ အလောင်းကို ဝိတ်ဖြူနှင့် ပြန်အုပ်၍ စိတ်ထိခိုက်ကြေကွဲစွာ ဆေးရုံမှ ပြန်ထွက်ခဲ့ကြသည်။

ဆရာခင်စိုး သေဆုံးသည့်သတင်းကို သူ့မိသားစု သိရှိလောက်ပေပြီ။ မည်မျှ ငိုကြွေးမှုဆွေးနေကြမည်နည်း။

ကျွန်ုပ်၏ ကျမျက်ရည်ကို သုတ်ကာ ကတုတ်စခန်းသို့ ပြန်ခဲ့ချိန် နံနက်ပိုင်း တာဝန်ယူမည့် ပြည်သူ့ရဲများလည်း ရောက်နှင့်နေပြီး...

'အာလူးခင်စိုး ယာုတ်ဘူးကွ၊ စခန်းမှူး ဆရာခင်စိုး ကျပြန်ခင်စိုး'

ကတုတ်စခန်းတွင် ကျန်ခဲ့သော သတင်းမေး ရဲဘော်တို့ကို အသိပေး ပြောလိုက်ရသည်။ ပြည်သူ့ရဲများကို တာဝန်လွှဲပြောင်းပေးပြီး လာကြိုသည့် ကားဖြင့် ကျွန်ုပ်တို့ကင်းသမားအဖွဲ့ တပ်ရင်းသို့ ပြန်ရောက်ခဲ့ကြသည်။

ကားပေါ်မှ ဆင်းလိုက်သည်နှင့် ယူနီဖောင်းအပြည့်အစုံနှင့် နောက်တန်းမှူး ဗိုလ်မှူးဆွန်ဇာထန်ကို တွေ့ရသဖြင့် အလေးပြုကာ အနားသို့ ကျွန်ုပ်ရောက်လျှင်...

'ဆရာသက် (၇)နာရီတိတိစခန်းကြီးကို ထွက်မယ်။ ကျောပိုးအိတ်မပါဘူး။ လက်နက်ခဲယမ်းနဲ့ စစ်ချက်ယူ စာရွက်စာတမ်း ထည့်လာခဲ့။ ရုံးပေါ်က အသင့်စောင့်နေ'

www.burmeseclassic.com

ဗိုလ်မှူး၏ အမိန့်စကားကြောင့် အဆောင်သို့ အပြေးပြန်ကာ ကျောပိုးအိတ်ချ ရေအမြန်ချိုးပြီး လက်ဖက်ရည်တစ်ခွက်သောက်၍ ရုံးပေါ်သို့ တက်ခဲ့ရပြန်သည်။

ရုံးရှေ့၌ နစ်ဆန်းကားနှစ်စီးနှင့် လုံခြုံရေးလိုက်ပါမည့် ရဲဘော်များ အသင့်ဖြစ်နေသည်။ တပ်ကြပ်ဆရာ အောင်မင်းကိုလည်း တွေ့ရသည်။ ကျဆုံးသွားသည့် ဆရာခင်စိုးနေရာတွင် စခန်းမှူးတာဝန် ထမ်းဆောင်မည့်သူဖြစ်ကြောင်း သိရသည်။

အချိန်ကို လေးစားတတ်သော ချင်းတိုင်းရင်းသား ဗိုလ်မှူးဆွန်ဇာထန်သည် စစ်သုံး မာဇဒါဂျစ်နှင့် ရုံးပေါ်သို့ ရောက်လာသည်။ သူ့ဘေးမှာ တပ်ရေးဗိုလ်ကြီး ဗိုလ်ကြီးမောင်သိမ်း လိုက်ပါလာသည်။

ကျွန်ုပ်အပါအဝင် လုံခြုံရေး လိုက်ပါမည့် စစ်သည်များကို တန်းစီ စစ်ဆေးပြီး နံနက်(၇း၀၀)နာရီတိတိတွင် တပ်ရင်းမှ ကားဖြင့် ထွက်ခဲ့ကြပြန်သည်။

ဦးတည်ချက် သွားရမည့်နေရာသည် မနေ့က ကျွန်ုပ်တို့ စခန်းစစ်လစာပေးရောက်ခဲ့ကြသည့် ကရင်တိုင်းရင်းသားအများစု နေထိုင်ရာ စခန်းကြီးရှာ တပ်စခန်းဆီသို့။

စစ်ဗျူဟာအရ ရန်သူမှ ချုံခိုတိုက်ခိုက်ခြင်း(Ambush)မခံရအောင် လမ်းကင်းများ ချထားပြီး စခန်းကြီးသို့ ကျွန်ုပ်တို့ ရောက်သွားကြသည်။ တပ်စခန်းထဲ ဝင်လိုက်သောအခါ အလေးပြု အော်သံမှလွဲ၍ စခန်းရှိ ရဲဘော်များ ညှိုးနွမ်းသော မျက်နှာဖြင့် ရှိနေကြသည်။

မြေကြီးပေါ်သို့ ခေါင်းငိုက်စိုက်ချထားသော ရဲဘော်ထွန်းရီ၏ ငိုရှိုက်သံကိုလည်း ကြားလိုက်ရသည်။ စခန်းအဝင်ကင်းစောင့် ရဲဘော်ကို ကျွန်ုပ်တို့နှင့်ပါလာသည့် ရဲဘော်တစ်ဦးမှာ ခေတ္တကင်းတာဝန် ယူပေးလိုက်သည်။

'ကဲ ဒီစခန်းက ရဲဘော်တွေအားလုံး ဒီကိုလာကြ'

စခန်းရုံးခန်းတွင် ကျွန်ုပ်တို့ ထိုင်ပြီးသည်နှင့် ဗိုလ်မှူးဆွန်ဇာထန်က ရဲဘော်အားလုံးကို ခေါ်လိုက်သည်။ ကျွန်ုပ်က ဖိုင်ကတ်နှင့် စာရွက်၊ ဘောလ်ပင်များ အသင့်ပြင်ထားလိုက်သည်။ ရဲဘော်များ နေရာယူထိုင်ပြီးသည်နှင့် ဗိုလ်မှူးဆွန်ဇာထန်က…

'ဆရာခင်စိုး ဘာကြောင့် စခန်းထဲမှာ သေနတ် ထိမှန်သေဆုံးသွားရတာလဲ၊ အဖြစ်မှန်ကို သိချင်တယ်။ ရဲဘော်တစ်ဦးချင်း အမှန်အတိုင်း သက်သေထွက်ဆိုပေးပါ'

ဗိုလ်မှူးဆွန်ဇာထန်က ရဲဘော်များကို ရှင်းပြပြီး ဗိုလ်ကြီးမောင်သိမ်းက ရဲဘော်တစ်ဦးချင်းကို စတင် မေးပါသည်။ ကျွန်ုပ်က စစ်ဆေးချက်များကို (Procedure) ရုံးလုပ်ငန်းပုံစံကျ ရေးမှတ်နေရသည်။

**[မှတ်ချက် ။ ။ ဤနေရာ၌ ရဲဘော်တစ်ဦးချင်းစီ၏ စစ်မေးထွက်ဆိုချက်များကို ဖော်ပြနေပါက အရှည်လျားမည် ဖြစ်သောကြောင့်တစ်ကြောင်း။ ရဲဘော်အားလုံး၏ ထွက်ဆိုချက်မှာလည်း အားလုံး ထပ်တူထပ်မျှနေ၍ တစ်ကြောင်းတို့ကြောင့် ရဲဘော်သက်သေများထဲမှ အဓိက အရေးပါသည့် တပ်သားထွန်းရီ၏ ထွက်ချက်ကိုသာ အဓိကထား ဖော်ပြပါမည်။ စာရေးသူ]**

'ကိုယ်ပိုင်အမှတ်(…) တပ်သားထွန်းရီ'

မှန်ကန်စွာ ထွက်ဆိုရန် သတိပေးပြီးနောက် ထွက်ဆိုသည်မှာ…

(၂၃–၆–၁၉၇၅)နေ့ ဗိုလ်မှူးဆွန်ဇာထန် စခန်းကြီးစခန်းသို့ စခန်းစစ် လာရောက်စဉ် မှာကြားခဲ့သည့်အတိုင်း ရန်သူသည် မိမိတို့ ပတ်ဝန်းကျင်တွင် အနီးကပ် ရှိနေကြောင်း သတင်းအရ ဆရာခင်စိုး စခန်းမှူး၏ အမိန့်ဖြင့် ည(၆)နာရီမှစ၍ စခန်းရှိ ရဲဘော်များ အပြင်သို့ မထွက်ကြပါ။

အလှည့်ကျ ကင်းစောင့်ရပါသည်။ ကင်းစောင့်သူသည် ကျည်အသင့် ထိုးထားရပါသည်။

ထို ည(၇း၀၀)နာရီမှ (၈း၀၀)နာရီ ထိ ကျွန်တော် ကင်းတာဝန်ကျပါ သည်။ စခန်းတွင်း၌ ငှက်ပျောပင်များ ရှိခြင်း၊ မိုးဖွဲကလေးများ ကျနေခြင်းကြောင့် ရာသီဥတုအခြေအနေအရ မှောင်နေပါသည်။

တစ်ရွာလုံး တိတ်ဆိတ်နေပါသည်။ ကင်းစောင့်နေရာ၏ အနောက်ဘက် ကတုတ် ဘန်ကာကြီး(banker)ထဲ၌ စခန်းမှူး ဆရာခင်စိုးနှင့် ရဲဘော်များ ရှိနေကြပါသည်။

မီးရောင်မှိန်မှိန်ကို လှမ်းမြင်နေ သော်လည်း အားလုံး ငြိမ်သက် တိတ်ဆိတ်နေပါသည်။

ကျွန်တော် တစ်ယောက်တည်း သူ တို့နှင့် အလှမ်းဝေးဝေးတွင် ကင်းစောင့် နေစဉ် ည (၇း၃၀)နာရီချိန်ခန့် အိမ်သာ ဘက်မှ လျှောက်လာသော ခြေသံကို ကြားရသဖြင့် မသင်္ကာ၍ ကျွန်တော် ကိုင်ဆောင်ရသည့် ဂျီ–၃(G-3)သေနတ် ကို ပြောင်းလှည့်ကာ ထိုးချိန်ရင်း…

'ရပ် နီကောရေ ဘယ်သူလဲ'

ဟု မွန်တိုင်းရင်းသားဘာသာဖြင့် အသံကျယ်ကျယ် (၂)ကြိမ်တိုင် မေးပါသည်။

ပြန်ပြောသံကို မကြားရသဖြင့် ရန်သူ ချဉ်းကပ်လာသည်ဟု လုံး ယုံကြည်ကာ ကျည်အတွဲလိုက် ပစ်





www.burmeseclassic.com

www.burmeseclassic.com

လိုက်ပါသည်။ တစ်ဖက်မှ ပစ်ခတ်သံ မကြားရပါ။ သေနတ်သံကြောင့် ကတုတ်ဘန်ကာထဲမှ ရဲဘော်အားလုံး ထွက်လာပြီး ''ဘာဖြစ်တာလဲ''ဟု မေးကြပါသည်။



''ရန်သူ ရန်သူ''ပြောပြီး ကျွန်တော်တို့ သေနတ်ကိုယ်စီဖြင့် ခြေသံကြားရာသို့ သွားကြည့်ရာ လူတစ်ယောက် မှောက်ရက်လဲနေသည်ကို တွေ့ရပါသည်။

လဲနေသူမှာ စခန်းမှူးဖြစ်သူ ဆရာခင်စိုးဖြစ်၍ ကျည်သုံးချက် ထိမှန်ထားသော ဒဏ်ရာဖြင့် တွေ့လိုက်ရသည်။ ကျွန်တော်တို့ ဆရာခင်စိုးကို ပွေ့ထူသောအခါ အသက်မရှိတော့ပါ။

**(ထိုနေရာ၌ စစ်ချက်ယူသည့် ဗိုလ်ကြီးမောင်သိမ်း၏ အပြန်အလှန် အမေးအဖြေ)**

**ဗိုလ်ကြီးမောင်သိမ်း**

'ဆရာခင်စိုး အိမ်သာသွားမယ်ဆိုရင် မင်း ကင်းစောင့်တဲ့ရှေ့က သွားရမှာ မဟုတ်လား၊ ဆရာမှန်း မင်း မသိဘူးလား'

**တပ်သားထွန်းရီ(သက်သေအမှတ်–၁)**

'ကျွန်တော့်ရှေ့က ဖြတ်သွားရင် မြင်ရမှာပေါ့။ ဖြတ်သွားတာ မတွေ့ရဘူး'

**ဗိုလ်ကြီးမောင်သိမ်း**

'အိမ်သာဘက်က ခြေသံကြားလို့ ရပ် နီကောရော ဘယ်သူလဲလို့ မင်း တကယ် အော်မေးခဲ့သလား'

**တပ်သားထွန်းရီ**

'ကျွန်တော် (၂)ကြိမ် အော်မေးပါတယ်။ ပြန်ဖြေသံ မကြားရတာ အမှန်ပါပဲ'

**ဗိုလ်ကြီးမောင်သိမ်း**

'မင်းတို့ဆရာ မင်းတို့ မသိအောင် မလွယ်ပေါက်ကထွက်ပြီး အိမ်သာဘက်က ပြန်ဝင်လာတာရော မဖြစ်နိုင်ဘူးလား'

**တပ်သားထွန်းရီ**

'ဆရာခင်စိုးက စည်းကမ်းကြီးပါတယ်။ ဘယ်သွားသွား ဒုစခန်းမှူး ကျွန်တော့်ကို အသိပေးပြီးမှ သွားလေ့ရှိပါတယ်'

**ဗိုလ်ကြီးမောင်သိမ်း**

'မင်းတို့ဆရာ အရက်၊ ဖဲ၊ အမျိုးသမီးကိစ္စနဲ့ တိတ်တိတ်ထွက်သွားတာရော မဖြစ်နိုင်ဘူးလား'

**တပ်သားထွန်းရီ**

'ဆရာ ဒီကိစ္စတွေနဲ့ ရှုပ်ထွေးခြင်း လုံးဝ မရှိပါဘူး'

**ဗိုလ်ကြီးမောင်သိမ်း**

'မှောင်ခိုကိစ္စနဲ့ ပတ်သက်ပြီး မှောင်ခိုသမားတွေနဲ့ သွားတွေ့ပြီး တိတ်တဆိတ် ပြန်လာတာရော ဖြစ်နိုင်တယ် မဟုတ်လား'

**[မှတ်ချက် ။ ။ ထိုစဉ်က မှောင်ခိုကုန်သည်များသည် တပ်စခန်းမှူးပြည်သူ့ရဲနှင့် အပေးအယူလုပ်၍ တရားမဝင် မှောင်ခိုပစ္စည်း သယ်ဆောင်ရောင်းဝယ် ဖြစ်နိုင်ချီမှုများ ရှိခဲ့သည်။]**

**တပ်သားထွန်းရီ**

'ဆရာ မှောင်ခိုသမားတွေနဲ့ ကင်းကင်း နေပါတယ်'

**ဗိုလ်ကြီးမောင်သိမ်း**

'မင်းနဲ့ ဆရာခင်စိုး ရန်ငြိုးရန်စ ရှိခဲ့သလား'

**တပ်သားထွန်းရီ**

'ကျွန်တော်နဲ့ဆရာ အင်မတန် ခင်မင်ပါတယ်။ ကျွန်တော်နဲ့ ဒီစခန်းမှာရှိတဲ့ ရဲဘော်အားလုံး ဆရာ့ကို လေးစားချစ်ခင်ကြပါတယ်'

**ဗိုလ်ကြီးမောင်သိမ်း**

'ကျည်တစ်တောင့်ချင်း မပစ်ဘဲ ဘာဖြစ်လို့ အတွဲလိုက် ပစ်လိုက်ရသလဲ'

**တပ်သားထွန်းရီ**

'ရန်သူထင်လို့ ပိုင်အောင် အတွဲလိုက် ပစ်လိုက်တာပါ'

**ဗိုလ်ကြီးမောင်သိမ်း**

'မနေ့မနက် တို့ရောက်တော့ စခန်းမှူး အပြင်တိုက်ကင်းထွက်သွားတယ်။ ဘယ်လို ဆက်သွယ်ရမလဲမေးတော့ မင်းက သေနတ်တစ်ချက် အပေါ်ထောင်ပစ်ရင် ဆရာ ပြန်လာလိမ့်မယ်လို့ ပြောခဲ့တယ်နော်'

**တပ်သားထွန်းရီ**

'ဒီနည်းနဲ့ ဆက်သွယ်ဖို့ စခန်းမှူး အမိန့်ပေးထားတဲ့အတိုင်း ဗိုလ်မှူး ခွင့်ပြုလို့ ကျွန်တော် ပစ်ခဲ့တာပါ'

ဗိုလ်ကြီးမောင်သိမ်းက နောက်ဆုံးမေးခွန်းကိုမေးပြီး စစ်မေးခြင်းကို ရပ်လိုက်ပါသည်။

ကျွန်ုပ်က သက်သေ ထွက်ဆိုချက် စစ်မေးခြင်းများကို ပြန်လည်ဖတ်ပြီး မှန်ကန်ကြောင်း အနေဖြင့် တပ်သား

www.burmeseclassic.com

ထွန်းရီကို လက်မှတ်ရေးထိုးစေပါသည်။

ဆရာခင်စိုး(စခန်းမှူး)ကို မှားယွင်းပစ်ခတ်သေဆုံးစေခြင်းနှင့် ပတ်သက်၍ အခြားစစ်သည်များကလည်း…

'ဆရာခင်စိုး ကျွန်တော်တို့နှင့်အတူ ဘန်ကာ ကတုတ်တွင် အတူရှိနေပါသည်။ ကျွန်တော်တို့ကို စကားတိုးတိုးပြောရန်၊ စောစောအိပ်ရန်၊ အလှည့်ကျ ကင်းစောင့်ရန် မှာကြားသေးကြောင်း၊ (၁၅)မိနစ်ခန့် အကြာတွင် ကင်းသမား ရဲဘော်ထွန်းရီ၏ "ရပ် နီကော ရော ဘယ်သူလဲ"ဟု (၂) ကြိမ်မေးသံကို ကြားလိုက်ရကြောင်း…

ခဏအကြာတွင် သေနတ်သံ(၃)ချက် ကြား၍ ကတုတ်ထဲမှ ထွက်လာရာ ထွန်းရီက အိမ်သာဘက်မှ ခြေသံကြားကြောင်း၊ ရန်သူထင်၍ ပစ်လိုက်ကြောင်းပြောပြီး အိမ်သာဘက်သို့ သွားကြည့်ကြရာ သေနတ်ထိရာများဖြင့် မှောက်ရက်သေဆုံးနေသော ဆရာခင်စိုးကို တွေ့ရကြောင်း…

ကျွန်တော်တို့အားလုံး စိတ်မကောင်းဖြစ်မိကြောင်း၊ ဆရာ့ကို ကျွန်တော်တို့ တစ်စခန်းလုံးရှိ ရဲဘော်များက ချစ်ခင်လေးစားကြောင်း၊ ရဲဘော်ထွန်းရီနှင့်လည်း ရန်ငြိုးရန်စ မရှိကြောင်း၊ ကျွန်တော်တို့နှင့်လည်း မည်သည့်ပြဿနာမျှ မရှိခဲ့ကြောင်း'

အသီးသီး ထွက်ဆိုကြသည်။

ဤသို့ စုံစမ်းမေးမြန်းပြီးနောက် ကျွန်ုပ်တို့အားလုံး တပ်ရင်းသို့ ပြန်လာကြပါသည်။ စစ်ဆေးချက် အပြည့်အစုံကို (…)တိုင်းစစ်ဌာနချုပ်သို့ အမှုတွဲ တင်ပြခဲ့ရာ တိုင်းမှ ထိုစစ်ဆေးချက်ကို အတည်မပြုဘဲ ပြန်လည်စစ်ဆေးရန် ညွှန်ကြားလာခဲ့ပြန်သဖြင့် အခြား အရာရှိတစ်ဦး ပြောင်းလဲ၍ စစ်ချက်ယူရပြန်သည်။

တိုင်းသို့ တင်ပြပြန်သောအခါတွင်လည်း အတည်မပြု ပြန်လည်စစ်ဆေးနိုင်းသဖြင့် တပ်သားထွန်းရီမှာ အချုပ်ထဲ၌ လစာတစ်ဝက် ခံစားခွင့်နှင့် ချုပ်နှောင်ထားခြင်း ခံနေရပါသည်။

သေဆုံးသွားသူ ဆရာခင်စိုးသည် စိတ်ထားကောင်းပြီး အေးဆေးသူဖြစ်သဖြင့် တပ်ရင်းတစ်ရင်းလုံး စိတ်မကောင်းဖြစ်ရသည်။ သက်သေခံအကျဉ်းချုပ် ရေးယူပြီး တိုင်းစစ်ဌာနချုပ်သို့ အကြိမ်ကြိမ် တင်ပြခဲ့ရာ ဥပဒေအရာရှိများက စစ်ဆေးချက်ကို အကြိမ်ကြိမ်ဖတ်ပြီး အထင်မှားအမြင်မှားနှင့် ရဲဘော်ထွန်းရီ ပစ်ခတ်ခြင်း မဖြစ်နိုင်ဟု ယူဆသည်။

ဆရာခင်စိုးနှင့် ရဲဘော်ထွန်းရီတို့ နှစ်ဦးကြား တစ်စုံတစ်ခုသော ပြဿနာ တစ်ရပ်ရှိလိမ့်မည်။ မကျေနပ်၍ တမင် ပစ်သတ်ခဲ့ခြင်းဟု ဥပဒေရှုထောင့်မှ မြင်သည်။

တိုင်းစစ်ဌာနချုပ်မှ အရာရှိများ ကိုယ်တိုင် စခန်းကြီးသို့ သွားရောက်ပြီး လေ့လာစုံစမ်း စစ်မေးကြသည်။

သံသယဖြင့် အချုပ်ခံနေရသော တပ်သားထွန်းရီကိုလည်း အကြိမ်ကြိမ် စစ်မေးသည်။ **"ရပ်–နီကောရော ဘယ်သူလဲလို့ ကျွန်တော်မေးပြီး ခြေသံမကြားရလို့ ရန်သူထင်ပြီး ပစ်မိတာပါ"**ဘယ်အရာရှိစစ်စစ် ဖြေဆိုချက် အပြောင်းအလဲ မရှိသဖြင့် အမှုတည်ဆောက်ရန် ကြန့်ကြာနေခဲ့သည်။

နောက်ဆုံးတွင် ဖြစ်ရပ်မှန်အတိုင်း စစ်တရားရုံးဖွဲ့၍ စစ်ဆေးပြီးနောက် ရဲဘော်ထွန်းရီကို မည်သည့်ပြစ်ဒဏ်မှ မပေးဘဲ အချုပ်မှ လွှတ်ခဲ့ရသည်။

အချုပ်ကျနေစဉ် ဖြတ်တောက်ခံထားရသည့် လစာများ အားလုံး ပြန်လည်ထုတ်ယူ ခံစားခွင့် ပြုလိုက်သည်။

အချုပ်မှ လွှတ်ပြီးနောက် ရဲဘော် ထွန်းရီကို (၆)လခန့် လက်နက် ဆောင်ခွင့်မပေးဘဲ ထားခဲ့၏။ ရဲဘော် ထွန်းရီမှာ အချုပ်မှ တရားသေလွတ် သော်လည်း ဝမ်းသာရွှင်ပျခြင်း အမြဲတမ်း မှိုင်တွေငေးငိုင်လျက် သည်။

တစ်ခါတစ်ရံ တစ်ယောက်တည်း စကားပြောနေတတ်၏။ မျက်တွ ဟောက်ပက် ဖြစ်လာသည်။

အအိပ်ပျက် အစားပျက်နှင့် စိတ် ရောဂါ စွဲကပ်ဟန်ပြလာသ မော်လမြိုင် အမှတ်(၅၃၅) စစ်ဆေး ဆေးရုံမှတစ်ဆင့် တပ်မတော်စစ် ရုံကြီး မင်္ဂလာဒုံသို့ ပို့လိုက်ရ သည်။

စိတ္တဇဆေးဆောင်တွင် **"ရပ် နီ ရော ဘယ်သူလဲ၊ ငါ ထွန်း ရှေ့မတိုးနဲ့ ပစ်လိုက်မယ် နိုင်း နိုင်း"**တစ်ယောက်တည်း အော် နေသော ရဲဘော်ထွန်းရီကို ကျ လူနာသွားကြည့်ရင်း မြင်ရသည် စိတ်မကောင်း ဖြစ်ခဲ့ရပါသည်။

ကျွန်ုပ် ဆရာခင်စိုးနှင့် ခင်ပါသ ရဲဘော်ထွန်းရီနှင့်လည်း ခင် သည်။ ရဲဘော်ထွန်းရီနှင့် ဆရာ တို့မှာလည်း ခင်မင်ကြသူများ သည်။

ရဲဘော်ထွန်းရီသည် ဆရာ မှန်းသိလျက် ပစ်ခတ်ခဲ့ခြင်း မဟု ကျွန်ုပ် ယုံကြည်ပါသည်။ ကံအာ ၍ ဆရာခင်စိုး သေဆုံးခြင်းဟု ပါမည်။

သတ္တဝါတိုင်းသည် သေဆုံ (၄)မျိုးရှိရာတွင် သက်တမ်း သေခြင်း၊ ကံကုန်၍ သေ အသက်နှင့် ကံကုန်၍ သေခြင်း ဥပစ္ဆေဒကကံဖြင့် သေခြင်းဟူ၍

www.burmeseclassic.com

ည်။

ဆရာခင်စိုး၏ ယခု သေဆုံးရပုံမှာ နတ်ကျည်ဆန်သင့်၍ သေရခြင်း ၏။ သူ၏ အတိတ်ကံကြွေးတစ်ခု ဥပစ္ဆေဒကကံမြောက် ပြန်လည် ဆပ်လိုက်ရခြင်းဟု ဆိုရပါမည်။

မြတ်ဗုဒ္ဓက လောကတွင် မသိနိုင် ရာ (၅)ရပ် ရှိသည်ဟု ဟောကြား တော်မူခဲ့ပါသည်။

ဘယ်အသက်အရွယ်တွင် သေရ ည်၊ ဘယ်သို့သော ရောဂါဖြင့် သေရ ည်၊ ဘယ်အချိန်ကာလတွင် သေရ ည်၊ ဘယ်သုသာန်သချိုင်းမှာ မြှုပ်နှံခံ ည်၊ သေပြီးနောက် ဘယ်ဂတိသို့ းရမည်ကို ဤလောက၌ မည်သူ စ်ဦးတစ်ယောက်မှ မသိနိုင်ဟု ဆို းပါသည်။

စင်စစ် ဆရာခင်စိုး၏ အသက် ရွယ်မှာ (၄၀)ပင်မစွန်းသေး။ အရွယ် ကောင်းပြီး ကျန်းမာသည်။ သို့သော် သမင်းခေါ်ရာ လိုက်ပါခဲ့ရသည်။ ဆရာခင်စိုးသည် သူ ယနေ့ စခန်းကြီး ၌ သေနတ် ထိမှန်သေဆုံးရလိမ့်မည် ကို သိရှာမည် မဟုတ်ပါ။

သို့သော် ဆရာခင်စိုး၏ သေနေ့ ကြို မသေမီနေ့ရက်များက ထူးခြား သော နိမိတ်ပုံရိပ်များ ရှိခဲ့သည်ကို တော့ ကျွန်ုပ် ပြန်လည်စဉ်းစားမြင် ယောင်နေမိပါသည်။

ထူးခြားချက်တစ်ခုကား ဆရာ ခင်စိုး၏ အလောင်းကို သံဖြူဗရပ်မြို့ ပြည်သူ့ဆေးရုံကြီး ရင်ခွဲရုံသို့ပို့ပြီး နောက်တစ်နေ့ ဗိုလ်မှူးဆွန်ဇာထန် ဦးစီးစုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် သေမှု သခင်း သက်သေခံ အကျဉ်းချုပ် ရေးယူရန် စခန်းကြီးသို့ ကျွန်ုပ် လိုက်ပါခဲ့ရသည်။

ဆရာခင်စိုး သေဆုံးမှုဖြစ်ရပ်နှင့်



ပတ်သက်၍ စခန်းတွင်း ရဲဘော်များ ၏ သက်သေထွက်ဆိုချက်များကို ရေးယူပြီးနောက် ဆရာခင်စိုး၏ အသုံး အဆောင်ပစ္စည်းများ (လက်နက် ခဲယမ်း, စစ်ယူနီဖောင်း, ကျောပိုးအိတ် အစရှိသည်)ကို ကျွန်ုပ် စုဆောင်း သိမ်းဆည်းရစဉ် ဆရာခင်စိုး၏ အိပ်ရာ ဘေးမှ နေ့စဉ်မှတ်တမ်း အဖုံးဖွင့်လှန် ထားသည်ကို တွေ့ရသည်။

(၂၂–၆–၁၉၇၅)ရက်စွဲဖြင့် ဆရာ ခင်စိုး ရေးထားသည့်မှတ်တမ်းဖြစ်၍ အမှတ်မထင် ဖတ်ကြည့်ရာ...

'အိပ်မက်ဆိုးတစ်ခု မက်နေတာ (၁၇–၆–၁၉၇၅)ညကတည်းက ဖြစ်သည်။ (၂၂–၆–၁၉၇၅)ညအထိ ဆက်တိုက်မက်နေ သည်။ ယနေ့ဆိုလျှင် (၆)ညရှိခဲ့ပြီ။ အိပ်မက် ထဲတွင် ဆံပင်ရှည်ရှည် အသားမည်းမည်း အရပ်မြင့်မြင့်နှင့် သန်မာထွားကျိုင်းသော အရုပ်ဆိုးဆိုး လူကြီးတစ်ယောက်မှ...

'ငါ ပြည်ပြေးအဖွဲ့က ဗိုလ်စတင်းဂန်။ မင်းတို့ တပ်က ဗိုလ်ကြီးစိုးအောင် ပစ်သတ်လို့ အနန်းကွင်းရွာထဲတာမှာ သေခဲ့ရတယ်။ သူတာပည့် မင်းကိုလဲ (၇)ရက် တစ်ပတ် ပြည့်ရင် လက်စားချေရမယ်။ သေမှိုပြင်ထား ဖို့လိုပဲ မင်းကို သေစေရမယ်။ ဟား...ဟား ...ဟား...'

ကျွန်ုပ် အထက်ပါ စာသားများကို ဖတ်ရင်း ပြုံးလည်းပြုံးမိ၏။ ရယ်လည်း ရယ်မိ၏။

ဆရာခင်စိုးသည် ဝတ္ထုမဂ္ဂဇင်းများ ဖတ်ခြင်း၌ ဝါသနာပါသူဖြစ်သဖြင့် စကားပြော(Dialogue)ကို ကြိုက်နှစ် သက်၍ ကူးယူထားသည်ဟု ထင်မှတ် ၍ ပြုံးရယ်မိရာမှ ရှေ့ဆက်ဖတ်လိုက် ရာ...

'ဤအိပ်မက်ဆိုးကြောင့် စိတ်မရှင်လန်း။ မနက်ဖြန် (၂၃–၆–၁၉၇၅)ဆိုလျှင် တစ်ပတ် ပြည့်မည်။ အိပ်မက်ထဲကအတိုင်း ငါ တကယ်သေရမှာလား။ ဘုရားရှိခိုး ဂုဏ်တော်ပုတီးစိပ်ပြီး အိပ်မယ်။

မနက်ဖြန် တပ်က စခန်းစစ် လာမယ်တဲ့ လာကြမယ်။ ဗိုလ်သက်နဲ့ ဗိုလ်သာကြီးကို တွေ့ရမယ်။ ဒီစခန်းက မြန်မြန်ပြောင်းရရင် ကောင်းမှာပဲ'

ဤစာပိုဒ်ကိုဖတ်ပြီး ကျွန်ုပ် မရယ် မပြုံးနိုင်တော့ပါ။ စိတ်ထိခိုက်ခဲ့ရပါ သည်။

အဘယ်ကြောင့်ဆိုသော် ဆရာ ခင်စိုးသည် (၂၃–၆–၁၉၇၅)နေ့ နံနက်ပိုင်းတွင် ကျွန်ုပ်နှင့် သူ့သား ကျော်စွာမြင့်ကို တွေ့ဆုံကာ စကား ပြောခဲ့ရသည်။ ထိုနေ့ည (၇း၃၀)နာရီ အချိန်ခန့်တွင် အမှန်တကယ် သေဆုံး ခဲ့ရသည် မဟုတ်ပါလား။

ဆရာခင်စိုး၏ မှတ်တမ်းထဲက ပြည်ပြေးသောင်းကျန်းသူ ဖြစ်သော ဗိုလ်စတင်းဂန်း ဆိုသူမှာ ထိုစဉ်က အမှန်တကယ် ရှိခဲ့ဖူးသည်။ ကျွန်ုပ် တို့နှင့် မကြာခဏ တိုက်ပွဲဖြစ်ခဲ့ဖူး သည်။

ဆံပင်ရှည်ရှည် အသားမည်းမည်း အရပ်မြင့်မြင့်နှင့် သန်မာထွားကျိုင်းပြီး အရုပ်ဆိုးသော လူ့ဘီလူးကြီး တစ်ကောင်။

ထိုသောင်းကျန်းသူ ဗိုလ်စတင်းဂန်း ဆိုသူကို တိုက်ပွဲတစ်နေရာတွင် အရှင် ဖမ်းမိခဲ့ရာ ထွက်ပြေးသဖြင့် ထိုစဉ်က တပ်ခွဲမှူး ဗိုလ်ကြီးစိုးအောင်က သတ်ပိုင်



www.burmeseclassic.com

www.burmeseclassic.com

အနန်းကွင်းရွာတဲတား(ယခု ကရင်ပြည်နယ်၊ ထိုင်းနိုင်ငံအစပ် ဘုရားသုံးဆူမြို့အနီး)တွင် ၉–မမ(9-mm) ပစ္စတိုဖြင့် ပစ်သတ်ခဲ့သည်မှာလည်း အမှန်ဖြစ်၏။

**(ဗိုလ်ကြီးစိုးအောင်မှာ တိုက်ရည်ခိုက်ရည် အလွန်ကောင်းသော သူရဲကောင်းဘွဲ့နှင့် သူရဘွဲ့ရ အရာရှိတစ်ဦးဖြစ်ပြီး ကျိုက်ထိုမြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌလည်း ဖြစ်ခဲ့ဖူးပါသည်။ ယခု ကွယ်လွန်ခဲ့ပြီ။)**

သို့ဆိုပါလျှင် အိပ်မက်ထဲမှ ပစ်သတ်ခံခဲ့ရသော ဗိုလ်စတင်းဂန်းသည် မကျွတ်မလွတ်နိုင်သေးဘဲ ပရလောကသားအနေဖြင့် အငြိုးအတေးကြီးစွာ ဆရာခင်စိုးကို ပူးကပ်ပြီး သေကြောင်းကြံစည်ခဲ့သည်ဟု ပြောရပါတော့သည်။

ပသို့ဆိုစေ လောကပညတ်ချက်အရ ဆရာခင်စိုးနှင့် တပ်သားထွန်းရီတို့သည် မနုဿလူသားစင်စစ်ဖြစ်၏။ လူလူချင်း မှားယွင်းပစ်ခတ်ခဲ့ခြင်းဟုသာ ဥပဒေရှုထောင့်မှ ဆုံးဖြတ်အတည်ပြုသည်။

သို့သော် ဂမ္ဘီရပညာရပ်များ၏ လျှို့ဝှက်ဆန်းကြယ်မှု အတိမ်အနက်အကျယ်အပြောကို ဥပဒေဘောင်ထဲ ထည့်ကာ သက်သက်ညာညာ ထည့်သွင်းစဉ်းစားရန် ခက်ခဲလှပါသည်။

နောက် ထူးခြားမှုတစ်ချက်ကား **(၂၃–၆–၁၉၇၅)** ည(၇း၃၀)နာရီ အချိန်ခန့်တွင် သေနတ်ထိမှန် သေဆုံးခဲ့သော ဆရာခင်စိုးသည် သူ၏ ရုပ်ခန္ဓာကြီးကို စခန်းကြီးတပ်စခန်းတွင် ထားခဲ့၍ သူ၏ နာမ်ဝိညာဉ်သည် သေဆုံးသည့် ညဉ့်သန်းခေါင်ကျော် (၀၂း၄၅)နာရီတွင် စခန်းကြီးမှ သံဖြူဇရပ်သို့ ရောက်ရှိကာ...



ကျွန်ုပ် တာဝန်ကျသည့် ပြည်သူ့ဆေးရုံ ကတုတ်ဘန်ကာထဲဝင်ပြီး အိပ်မက်လိုလို တကယ်လိုလို ကျွန်ုပ်၏ ခြေထောက်ကိုလှုပ်ကာ ကိုယ်ထင်ပြခဲ့၏။ စကားပြောခဲ့ခြင်းများကလည်း ဆန်းကြယ်လှပါ၏။

ထိုဆန်းကြယ်မှု၏ ရှေ့ပိုင်း ပုံရိပ်များကိုကြည့်ပါလျှင် ကျွန်ုပ်တို့ စခန်းကြီးသို့ စခန်းစစ်ဆေးရင်း လစာပေးသွားစဉ်က ဆရာခင်စိုး တိုက်ကင်းထွက်နေသည်ဟု ရေးသားဖော်ပြခဲ့ပါသည်။

ကင်းသမား ရဲဘော်ထွန်းရီ အချက်ပေး သေနတ်ပစ်ဖောက်လိုက်သော အခါ ဆရာခင်စိုးနှင့်အဖွဲ့ စခန်းတွင်းသို့ ပြန်ဝင်လာသည်။ ထိုစဉ်က ဆရာခင်စိုး၏ ဖြူစင်မြဲဖြစ်သော မျက်နှာမှာ ညိုမည်းအကျည်းတန်နေသည်။

ကျွန်ုပ် ပခုံးကို ပုတ်လိုက်စဉ်က နာကျင်သွားသည်ဟုသာ လျှော့ပေါ့တင်ပြခဲ့သော်လည်း အမှန်စင်စစ် ဆရာခင်စိုးကို မြင်တွေ့လိုက်စဉ်က မျက်နှာမှာ ညိုမည်းပုပ်၍ ဘမင်းစားပန်းကန်တစ်ချပ်ပမာ ဖြစ်နေပြီး သူ၏ လှမ်းနေသော ခြေလှမ်းများမှာ မြေပြင်နှင့် မထိဘဲ လေထဲလျှောက်နေသလို...

အထူးသဖြင့် ဆရာခင်စိုး
မျက်လုံးများ ပြူးလျက် ဝင်းလက်
သည်ကို အထင်အရှား မြင်ခဲ့ရသ
ကျွန်ုပ်၏ပခုံးကို ပုတ်လိုက်သော သ
လက်မှာ ကြမ်းတမ်းမာကျော လေ
နေပါသည်။

ဤအမြင် ဤအသိ
ကျွန်ုပ် တစ်ယောက်တည်း မြင်ရ
ထိသိရသည်ဟု ထင်မှတ်၍ ထိုစဉ်
မည်သူ့ကိုမှ မပြောဖြစ်ခဲ့ပါ။ ဆရာ
သေဆုံးပြီးနောက် ကျွန်ုပ်နှင့်အ
စခန်းကြီးသို့ လိုက်ပါလာသည့် 
၏သား ကျော်စွာမြင့်က...

'အဖေ တိုက်ကင်းထွက်ပြီး စ
ဝင်လာတော့ ကျွန်တော်တောင် ဖ
ဘယ်မှာလဲလို့ မနည်းရှာကြည့်ရ
ရှေ့ဆုံးက အဖေ ဝင်လာမယ့် ကျွန်
အဖေနဲ့ မတူဘူး။ သရဲတစ္ဆေကြီးလို 
မျက်နှာ အဖေ့မျက်လုံးကို ကျွန်
မကြည့်ရဲဘူး။ ကျွန်တော့်ဆံပင်တွေ ရ
ပြီးထိုပြီး ခေါင်းကို ကိုင်လိုက်တာ လ
ကြီးနဲ့ အဖေ ဘာဖြစ်နေမှန်း မသိဘူး'
ဟု ပြန်ပြောမှ ကျွန်ုပ်၏ အ
အမြင်နှင့် တူနေကြောင်း သိခဲ့ရသ

သို့ဆိုပါလျှင် ဆရာခင်စိုးကို မ
မီကပင် ပရလောကသား ဝင်ပူ
သည်မှာ သေချာ၏။ ထောက်ပြ
ဆိုနိုင်ဖွယ် အချက်များကလည်း 
သည်။

ထိုပရလောကသားမှာလည်း တ
(၄) တပ်ခွဲမှူး ဗိုလ်ကြီးစိုးအော
ကိုယ်တိုင် အနန်းကွင်းရွာ အနန်းက
တဲတားပေါ်တွင် 9mmပစ္စတိုဖြင့် သ
သင်ခဲ့သူ ပြည်ပြေးအဖွဲ့မှ ဗိုလ်စ
ဂန်း ဖြစ်ရမည်ဟု အခိုင်အမာ
ရသည်။

ထို ပြည်ပြေးသောင်းကျန်း
ဗိုလ်စတင်းဂန်းမှာ ရက်စက်တတ်

www.burmeseclassic.com

www.burmeseclassic.com

...အတေား အမုန်းအာဃာတကြီး၍ ...ထော့ ပစ္စယာ ဥပါဒါနံ၊ ဥပဒါန ...ယာ ဘဝေါ" ဟူသည့် ပဋ္ဌာန်း ...သနာတော်အရ မကောင်းသော ...နှင့် တပ်မက်မှုတို့ကြောင့် သုဂတိ ...သို့ မရောက်ဘဲ မကောင်းသော ...ဘာတဘွေ ဒုဂ္ဂတိဘဝ၌ ကျင်လည် ...ရလိမ့်မည်။

တစ်နှယ်ငင် တံစဉ်ပါ၊ ပဲလော့ကြား ...ညှပ် ဖြစ်ခဲ့ရသူ ဆရာခင်စိုးကို ...ကြီးစိုးအောင်အစား ပစ်မှတ်သား ...ာင်အဖြစ် ပရလောကသားတို့၏ ...ပညာအစွမ်းနှင့် အိပ်မက်ဆိုးများ ...စေကာ ခွန်အား လျော့နည်းချိန်၌ ...ပြီး နောက်ဆုံးသေနတ် ထိမှန် ...ဆုံးခြင်းကို ဖန်တီးခဲ့သည်ဟု ဆို ...ပါသည်။

ဘန်ကာ ကတုတ်ထဲရှိ ရဲဘော်များ ... အတူရှိနေရာမှ အပြင်သို့ ထွက် ...သော ဆရာခင်စိုးကို မမြင်လိုက် ...ဟု ထွက်ဆိုချက်များအရ ကိုယ် ...ပျောက်နေ၍ မမြင်ကြသည်လား ...စားဖွယ်ရှိသည်။

အိမ်သာသို့ သွားမည်ဆိုပါကလည်း ...င်းသမားကို မလွဲမသေ ပြောခဲ့ရ ...ည်။ ကင်းသမား ကင်းစောင့်နေ ...သည့် ကင်းစခန်းရှေ့မှ ဖြတ်ရမည်ဖြစ် ... အသိပေးထားသင့်၏။

လမ်းကြောင်းမှန်အတိုင်း သွားခဲ့ ...သည်၊ မသွားခဲ့သည်ကိုတော့ သေဆုံး ... ဆရာခင်စိုးသာ သိပါလိမ့်မည်။ ...တ်လျှောက်ခဲ့ပါလျှင် ကင်းသမား ...ာကြောင့် မမြင်ရပါသနည်း။

ပရလောကသား ဝင်စီးနေ၍ မမြင် ...သည်လား၊ အိမ်သာဘက်မှ ခြေသံ ...ကြား၍ "ရပ် နီကောရော ဘယ်သူလဲ" ...ဟု မေးသည်ကို ဘာကြောင့် တုံ့ပြန် ...သံ မပေးနိုင်ပါသနည်း။



မမြင်အပ်သော ပရလောကသားမှ အသံမထွက်အောင် နှုတ်ပိတ်ထားခဲ့သည်လား။ ဖြစ်ရပ်မှန်ကို မည်သူမျှ အတိအကျ အဖြေမပေးနိုင်ခဲ့ကြပါ။

မှားယွင်းပစ်ခတ်ခဲ့သည့် ရဲဘော်ထွန်းရီမှာလည်း ပြစ်မှုတစ်ခုကို ကျူးလွန်လိုက်မိသည့်အတွက် အရိပ်တဖွဲ ခြောက်လှန့်ခြင်း ခံရပြီး ရူးသွပ်ခဲ့ရရှာလေပြီ။

သည်တွင် ကျွန်ုပ် တိုင်းသဘော တရားရေးရာ နိုင်ငံရေးသင်တန်း တက်ရောက်ခဲ့စဉ်က ကထိကဆရာဦးမြင့်သူ၏ ဟောပြောချက်ထဲမှ စကားတစ်ရပ်ကို ပြန်လည်ကြားယောင်မိပါသည်။

'ပြစ်မှုတစ်ခုကို ကျူးလွန်ပြီးသောသူ
သည် လိုက်သူမရှိဘဲ ပြေးနေရတတ်၏'

ရဲဘော်ထွန်းရီသည် ပြစ်မှုတစ်ခုကို သိလျက်နှင့် ကျူးလွန်ခဲ့သည်လား၊

သူ၏ စိတ်တဖွဲလိုက်၍ ပြေးရင်းနှင့် ရူးခဲ့ရသည်လား၊ လောကီအရှုပ်လူတို့နှုတ်ကား မဟုတ်လည်းပြော၊ ဟုတ်လည်းပြောတတ်၏။ အတင်းအဖျင်းစကား သံသယအကြည့်များနှင့် ရဲဘော်ထွန်းရီကို "ဆရာကို ပစ်သတ်သူ"ဟု စွပ်စွဲပြောကြမည်မှာ လောကသဘာဝပင်ဖြစ်၏။

ဘယ်သူတွေ ဘယ်သို့ထင်၍ ပသို့ပင် ပြောကြပါစေ။ ကျွန်ုပ် ယခုရေးသားသည့် **"အိပ်မက်ဆန်းနှင့် ကလဲ့စား"**ဖြစ်ရပ်မှန်ဝတ္ထုကို ဖတ်မိသူများ ကျွန်ုပ်၏ အယူအဆ အတွေးနှင့် ဆရာခင်စိုး၏ နေ့စဉ်မှတ်တမ်းစာအုပ်ထဲမှ **"အိပ်မက်ဆိုး"**ကို လက်ခံနိုင်ပါလျှင် သံသယတရားခံဖြစ်ခဲ့ရရှာသော ရဲဘော်ထွန်းရီကို စာနာ ခွင့်လွှတ်နိုင်ကြပါလိမ့်မည်။

ပသို့ဆိုစေ စိတ်ဝေဒနာ ခံစားနေရရှာသည့် ရဲဘော်ထွန်းရီသည် ဆရာခင်စိုး သေဆုံးပြီး (၂)နှစ်အကြာတွင် ဘဝတစ်ပါးသို့ ရွှေ့ပြောင်းသွားခဲ့ရှာလေပြီ။ အားလုံး၏ နားလည်ခွင့်လွှတ်မှုကို မသိသွားခဲ့ရပါကလား။

ကောင်းဆိုးနှစ်တန် လောကဓံကြားကံစီမံရာ လိုက်ပါနေကြသူ ကျွန်ုပ်အပါအဝင် သံသရာခရီးသည်များသည် ကျွန်ုပ် ပါဝင်ကြုံတွေ့ခဲ့ရသည့် ဤဆန်းကြယ်သော ဖြစ်ရပ်ထက် ပို၍ဆန်းကြယ်သော ဖြစ်ရပ်များကို ကြုံတွေ့ခဲ့ရပါလျှင် (သို့မဟုတ်) ကြုံတွေ့ခဲ့သော်......အတွေးများရပ်၍...

တရံရောအခါက ပြည်ပြေးအဖွဲ့မှ သောင်းကျန်းသူ(ရန်သူ) ဖြစ်ခဲ့ဖူးသော ဗိုလ်စတင်းဂန်းနှင့်...

ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် အသက်နှင့်ခန္ဓာ ပေးဆပ်တာဝန် ထမ်းရွက်ခဲ့ကြသော...

ဆရာခင်စိုးနှင့် ရဲဘော်ထွန်းရီတို့ ကောင်းရာသုဂတိ လားကြပါစေကြောင်း ဆုတောင်းအမျှဝေခြင်းသည်သာ သေသူများအတွက် အထောက်အပံ့ကျေးဇူးပြုရာ ရောက်နိုင်ပေတော့သည် မဟုတ်ပါလား။

***သဗ္ဗေသတ္တာ အဝေရာ ဟောန္တု***

**ဝသုန်သက်လွင်**



www.burmeseclassic.com

www.burmeseclassic.com

‘အစ်ကိုအောက်နားက နှစ်လုံးပါ ခူးလိုက် အတော်ကြီးနေပြီ’

တစ်ဖက်ခြံမှ ဆူညံညံ အသံများကြောင့် လှမ်းကြည့်မိရာ မထွေးက ခဲအိုးဖြစ်သူကို လက်ညှိုးထိုး ခိုင်းစေနေသည်ကို တွေ့ရ၏။

‘ဘာတွေ အမိန့်ချနေတာလဲ’

‘ဩော်... အစ်ကိုကြီး ဒီမှာ သရက်သီးတွေလေ ရင့်ကုန်ပြီ။ သရက်သီးစိမ်းက တစ်လုံး တစ်ရာတောင် မရချင်ဘူး။ အုပ်ထားလိုက်ရင် သုံး,လေးရက်အတွင်း မှည့်ပြီး တစ်လုံး ငါးရာရတယ်။ အစ်မက မလုပ်တတ်လို့ ကျွန်မ ရောက်တုန်း လုပ်ပေးရတယ်’

မထွေးသည် လယ်တဲတွင်သာ အနေများ၍ အိမ်ခြံမြေသို့ တစ်ခါတစ်ရံမှ ရောက်လာတတ်သည်။ လယ်ယာသုံး ကိရိယာများ၊ ငရုတ်,ကြက်သွန်စသည့် ရိက္ခာများ လာရောက် ဝယ်ယူသည့်အခါမှပင် အိမ်ခြံသို့ ရောက်ရှိခြင်းဖြစ်သည်။

သူက ခူးပြီးသော သရက်သီးရင့်များကို အဝတ်ခြောက်ဖြင့် ဖုန်၊ အစေးများ သန့်စင် သုတ်သင်ကာ ကောက်ရိုးခင်းထားသော ခြင်းကျားတွင် စီ၍ ထည့်သည်။

‘အညာမှာ ဘာတွေပေနေတာလဲ မထွေး’

‘နှင်းတို့ထားတာလေ၊ တို့ဆေး (အသီးအနံ့များ ထိဝင်းသောအရောင် ဖြစ်ပေါ်စေရန် တို့သုတ်ရသော ဓာတုဗေဒပစ္စည်း) တို့ထားရင် သုံး,လေးရက်အတွင်း အသီးမမှည့်ပေမယ့်လဲ တစ်လုံးလုံး ဝင်းဝါသွားပါတယ်။ ဒါပေမယ့် စားတဲ့အခါ အာခေါင်နာတာ၊ မျက်နှာ ဖောရောင်တာ၊ အဖုအပိမ့်ပေါက်တာတွေ ဖြစ်တတ်တယ်။ နှင်းက အရောင်သိပ်မလှပေမယ့် သဘာဝအတိုင်း စိမ်းဝါရောင်ရှိပြီး စားတဲ့သူကိုလဲ ဒုက္ခမပေးဘူး။



# သရက်သီး

## နှင့် ဒူးရင်းသီးမှည့်မှည့်စားရအောင်

နှင်းမပါရင်လဲ သဘာဝအတိုင်း မှည့်တာမို့ လူတွေသိပြီး တန်ဖိုးထားကြပါတယ်’

သရက်သီးတစ်ထပ်၊ ကောက်ရိုးတစ်ထပ်စီဖြင့် သုံး,လေးထပ်မျှ ရသောအခါ အထက်တွင် မြရာရွက်များကို ခြင်းအပြည့် ဖုံးအုပ်လျက် ခြောက်သွေ့သောနေရာတွင် ထားရှိလေသည်။

သုံး,လေးရက်မျှအကြာတွင် ဓာတုပစ္စည်းများ မပါသော သဘာဝအတိုင်း ချိုမြိန်သည့် သရက်သီးမှည့်များ ဖြစ်လာကြလေသည်။

ဒူးရင်းသီးများကိုလည်း ရင့်မှည့်ချိန်တွင် မြေသို့ မကျအောင်(ဆွတ်ချူ)ထိုးယူ၍ သစ်သားကြမ်းပြင်တွင် စီထပ်လျက် မြရာရွက်များကို အသီး အားလုံး လုံခြုံစေရန် ဖုံးအုပ်ထားပေးရသည်။

လေးရက်မှ ငါးရက်ခန့်အကြာတွင် အနံ့မွှေးသော ဒူးရင်းသီးများကို ...ရောင်းချနိုင်ပြီဖြစ်သည်။ ဒူးရင်း... အုပ်ရာတွင် ကောက်ရိုးမပါဝင်... အသီးအချင်းချင်း အပူငွေ့ကူးစေ... မြရာရွက်ကိုသာ ဖုံးအုပ်ပေးရသည်...

အရသာ မကူးစက်သော်လည်း... အနံ့များကူးစက်၍ မွှေးပျံ့သော ဒူး... သီးများကို ရရှိနိုင်လေသည်။

**(ပင်မှည့်အသီးမှာ ပို၍အရသာ... ကောင်းသော်လည်း ကြွေကျသ... ဒဏ်ကြောင့် ရက်ကြာရှည်ထား... မရ၊ အချိန်တိုအတွင်း ကုန်အော... ရောင်းရသဖြင့် ကြိုတင်ခူးဆွတ်... မှည့်အောင် “အုပ်”ရခြင်း... သည်။)**

ခင်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

လူကြားထဲ၌ အထင်ကရနေသော

# သိုက်နန်းမှ မာစတာစောသား

မျိုးတင့်
(ညောင်လေးပင်)



‘သူ့နာမည်ကို စောမောင်လို့ ခေါ်ပါတယ်။

လူတွေကတော့ ဥစ္စာစောင့် စောမောင်လို့ အထင်ကရ သူ့ရဲ့ ဂုဏ်ထူးကိုပါ တပ်ပြီး ပြောနေကြတာပါ။ လွန်ခဲ့တဲ့ နှစ်ပေါင်း(၅၀)ကျော်က ကျွန်တော် ပထမဆုံးအကြိမ် နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ ကျောက်ကြီးမြို့ကလေးမှာ ကြုံခဲ့ရတာပါ။

ပရလောကသားတွေဆိုတာ အထင်ကရ ကိုယ်ထင်ပြပြီးနေကြတာ မဟုတ်ဘူးဆိုတာ လူတိုင်းသိပါရဲ့။ ဒါပေမယ့် စောမောင်က လူကြားထဲမှာ အထင်ကရ နေထိုင်သွားလာခဲ့တာပါ။

နွေဦးကာလ လသာညကလေးတွေမှာ ကျောက်ကြီးမြို့ကလေးဟာ တောပန်းတောင်ပန်းတွေနဲ့ သိပ်လှနေတာပါ။ ပန်းရနံ့တွေ သင်းနေတတ်ပြီး ထူးထူးခြားခြား နွေကာလများမှာ ပန်းဝတ်မှုံခင်းပြီး မင်းမူတတ်တဲ့ ကံ့ကော်ပန်းတွေက စိုးမိုးနေလေ့ရှိပါတယ်။

ရိုးမတောင်တန်းပြာကြီးဟာ လသာညမှာ လဲလျောင်းအနားယူ တိတ်ဆိတ်နေပြီဆိုရင်တော့ စောမောင် ပြင်ပကမ္ဘာ လူတို့ရွာကို သူစံမြန်းရာ သိုက်နန်းက ထွက်လာတတ်ပါတယ်။

သူ ဘယ်ကိုသွားသလဲ၊ ဘာလုပ်သလဲလို့ လူတွေက သိချင်ကြတယ်။ တိတိကျကျ မသိရပေမယ့် သူ့အကြောင်းက ဂမ္ဘီရဆန်လွန်းနေတော့ ဟိုမှာဒီမှာ ပြောကြဆိုကြနဲ့ ပုံပြင်ဆန်ဆန်သဘောထက် သဘာဝရုပ်မှန် ဇာတ်လမ်းကောင်းတစ်ပုဒ် ဖြစ်ခဲ့ပါတယ်။

ကျောက်ကြီးမြို့ဟာ ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိနေခဲ့တဲ့ မြို့သက်ရှည်တဲ့ မြို့ပါ။ ‘ရွှေကျင်မြို့နဲ့ တစ်ဆက်တည်း လူသိများခဲ့ပါတယ်။

ကျွန်တော် ပညာရေးဌာနမှာ ကျောင်းဆရာဘဝနဲ့ ရှိနေစဉ်က နယ်မြေဒေသက မငြိမ်းချမ်းလှပါဘူး။ အနက်ရောင်ဇရိယာပေါ့။

တိုင်းရင်းသား အချင်းချင်း အားစမ်းပွဲတွေကြောင့် အပြစ်မဲ့ပြည်သူတွေ အိုးမဲ့အိမ်မဲ့ ဖြစ်ကြရ သေကျေကြရနဲ့ ငိုချင်းရှည်ကြီးတစ်ပုဒ်ကို သီဆိုနေသလိုမျိုးကာလပါ။

အဲဒီလိုကာလမျိုးမှာ ညဥ့်နက်ပိုင်း

www.burmeseclassic.com

ဆိုရင် လူတွေဟာ ငြိမ်သက်ပြီး အပြင်ကို သိပ်မထွက်ကြပါဘူး။ အချိန် ကန့်သတ်ပြီး မီးစက်ကြီးနဲ့ မီးပေးတတ်တဲ့ လျှပ်စစ်မီးကလဲ ည(၉)နာရီဆိုရင် မှိတ်ပြီပေါ့။

ဒီအချိန်မှာ သာမန်လူသား တစ်ယောက်လို ဝတ်စားဆင်ယင်ထားတဲ့ စောမောင်တစ်ယောက် လမ်းမကြီးပေါ်ကို ရောက်လာတတ်တယ်။ စောမောင်ဟာ အသွားအလာ အလှုပ်အရှားများတော့ လူတွေက ဒီလူဟာ စောမောင်ပဲလို့ သိနေခဲ့ကြတယ်။

တစ်ခါတစ်ရံလဲ မျက်စိအောက်မှာ မျက်စိမှောက်သလိုလိုနဲ့ ပျောက်သွားတယ်။ တစ်ခါတစ်ခါတော့လဲ အေးအေးလူလူပဲ မကွယ်မပျောက် သူ့လိုကိုယ်လို အေးအေးဆေးဆေးပါပဲ။

စောမောင်လာရင် ဂနာမငြိမ်တဲ့ သတ္တဝါတွေကတော့ ခွေးတွေပါပဲ။ ခွေးတွေ တစီစီ ဟောင်ပြီဆိုရင်တော့ ထွက်ကြည့်၊ စောမောင်ဖြစ်ဖို့ များတယ်လို့ ကျောက်ကြီးမြို့သားတွေက ပြောကြတယ်လေ။

ကျောက်ကြီးမြို့မှာ ရှေးကာလများစွာကတည်းက တည်ထားကိုးကွယ်ထားတဲ့ **မြတ်ဗုဒ္ဓရဲ့ လာဘ်အရာမှာ တေဒဂ်ရတဲ့ ရှင်သီဝလိရဟန္တာမြတ်ကြီးရဲ့ ခြေတော်ရာစေတီ ရှိတယ်။** တကယ်ကို တန်ခိုးတော်အနန္တနဲ့ပြည့်စုံပြီး ကျောက်ကြီးမြို့သူမြို့သားတွေရဲ့ ဂုဏ်ယူစရာတောင်တော်ပါ။

ဘုရားလောင်း ဝက်မင်းဘဝက ကျင်လည်ကျက်စားခဲ့ရာ ဝက်မင်းညီနောင်တောင်တော်၊ မင်းအိုကြီးဘုရား၊ ကျောက်လုံးကြီးဘုရား၊ ဆင်မယဉ်သာစေတီ၊ ရွှေဂူကြီးစေတီများဟာ ရှေးသမိုင်းဝင်များနဲ့ ထူးခြားတဲ့ စေတီများ ဖြစ်ပါတယ်။

ရေတံခွန်စိမ့်စမ်း၊ တောင်ကျချောင်းငယ်၊ မြောင်းငယ်များ၊ သစ်ကြီးဝါးကြီးများနှင့် ကျေးငှက်သာရကာသံစုံ ကျူးရင့်မြူးထူးရာ သဘာဝပတ်ဝန်းကျင်ကောင်းတွေကြောင့် ကျွန်တော့်ဘဝတစ်သက်တာမှာ မေ့နိုင်စရာမရှိတဲ့ မြို့ကလေးပေါ့။

ဒီမြို့ကလေးမှာ (၁၀)နှစ်တာကာလ အထက်တန်းပြ ဆရာဘဝနဲ့ ငယ်ရွယ်ပျိုမျစ်တဲ့ဘဝကို မြှုပ်နှံခဲ့တာကြောင့် ကျောက်ကြီးမြို့ကလေးဟာ ကျွန်တော်ရဲ့ နှလုံးသားမြို့တော်လို့တောင် ပြောရမလားပါပဲ။

ဗမာ၊ ရှမ်း၊ ချင်း၊ ကရင်၊ မွန်၊ ပအိုဝ်း စတဲ့ တိုင်းရင်းသားစုံတဲ့ မြို့ကလေးမို့လဲ တိုင်းရင်းသားမြို့တော်လို့လဲ ပြောနိုင်ပါတယ်။ ရိုးသားမှု၊ သစ္စာတရားမြတ်နိုးမှုတို့နဲ့ တစ်ဦးကိုတစ်ဦး ချစ်ကြည်ရင်းနှီးကြပါတယ်။ အာဏာစုံမက်၊ လက်နက်စိုးမိုး၊ စစ်လွှမ်းမိုးမှုကိုတော့ လူတိုင်းက ရွံမုန်းခဲ့ကြတာပါ။

ဒီမြို့ကလေးမှာ ပွင့်လင်းလွတ်လပ်စွာ နေထိုင်ခဲ့ရင်း ကိုစောမောင်ခေါ် ပရလောကသား လူထူးဆန်း တစ်ယောက်အကြောင်းကို သိခွင့်ရခဲ့ဖြစ်ပါတယ်။

ကိုစောမောင်ကို ကျွန်တော်ကိုယ်တိုင်တော့ မမြင်ဖူးခဲ့ပါဘူး။ ဒါပေတဲ့ ကိုစောမောင်ကို တရင်းတနှီး နေထိုင်ဆက်ဆံခဲ့ဖူးတဲ့ ဘကြီးဦးထွန်းမောင်နဲ့တော့ ကျွန်တော် ရင်းရင်းနှီးနှီး ရှိခဲ့ပါတယ်။

ဘကြီး ဦးထွန်းမောင်ဆိုတာက ကျွန်တော်တို့ စာသင်ကြားရာ ဆင်မယဉ်သာ ဘုရားတောင်ခြေက ကုန်းစောင်းကလေးမှာ ကျောက်ကြီးမြို့ရဲ့ ပညာရေးဗိမာန်တော်ကြီးလို့ ပြောရမယ့် အထက်တန်းကျောင်းကြီး ကို ဆောက်ခဲ့တဲ့ လက်သမားဆရာကြီးပါ။

ဘကြီးဦးထွန်းမောင်က ထိုစဉ်က အသက်(၆၀)လောက်ပါ။ ကျွန်တော်ကတော့ အသက်(၂၅)နှစ်အရွယ် ကံ့ကော်တွေဝေနေတဲ့ နွေတစ်နေ့ ပရလောကသား စောမောင်အကြောင်း ကို ဘကြီးက ရေနွေးကြမ်းသောက်ရင်း ပြောပြခဲ့တာလေ။

* * *

ကျောက်ကြီးမြို့ကလေးမှာ ဥစ္စာစောင့်စောမောင်ဆိုရင် မသိတဲ့လူ ဘူး။ တိုင်းပြည်အုပ်ချုပ်နေတဲ့ ခေါင်းဆောင်နာမည်တို့၊ မြို့ကိုအုပ်ချုပ် ကောင်စီဥက္ကဋ္ဌတို့၊ ပါတီ ဥက္ကဋ္ဌတို့ တော့ သိချင်မှ သိကြမယ် **(ထိုစဉ် လမ်းစဉ်ပါတီခေတ် ဖြစ်သည်။)**

စောမောင်ဟာ လူကိုယ်တိုင် ဝယ်ထွက်တယ်။ လူတောထဲမှာလဲ လိုလို ဒီလိုလိုနဲ့ လျှောက်သွား တယ်။ ကျောက်ကြီးမြို့မှာ အမြဲကျင်း လေ့ရှိတဲ့ ရှင်ဥပဂုတ္တပွဲတော်မှာလဲ ကို တွေ့နေကြရတယ်လေ။

ဒီပွဲက ကျောက်ကြီးမြို့ရဲ့ နှစ် များစွာကတည်းက ကျင်းပခဲ့တဲ့ မီး ပွဲတော်ပေါ့။ ကုန်းပွဲ၊ ရေပွဲတွေနဲ့ အခါမှာ မြို့လယ်က ကျောက် ချောင်းထဲမှာ မီးကြာခွက်တွေ ရှင်ဥပဂုတ္တရဟန္တာမြတ်ကို ပူဇော် လေ။ အဲဒီပွဲမျိုးမှာလဲ သူ ပါဝင် တတ်တယ်။

တွေ့ပါများတော့လဲ ရိုးနေကြ ပထမတော့ စောမောင်ကို ပရလော သား ဥစ္စာစောင့်ကြီးဆိုပြီး လူ ကြောက်လန့်ကြတယ်။ တော့ ကြောက်ရမုန်း သိတော့ သူကလဲ ဘယ်သူ့ကိုမှ ရန်



www.burmeseclassic.com

ကွမပေးခဲ့ပါဘူး။ အေး... စောမောင်ဟာ ကျုပ်ကိုတော့ တော်တော်လေး ခင်မင်ပုံရတယ်။ မကြာမကြာ တောင်ငူနန်းရပ်ကွက်မှာ ရှိနေတဲ့ ကျုပ်တို့အိမ်ကို ညဦးနက်ပိုင်းတွေမှာ ရောက်လာတတ်တယ်။

'မင်းက ငါ့ဆီကို ဘာကြောင့် ဒီရောက်လာနေရတာလဲ'

လို့ မေးတော့...

'အဘရယ် အဘကတော့ ဘယ်သိမလဲဗျာ၊ ကျွန်တော်လာချင်လို့ လာလည်တယ်လို့ပဲ သဘောထားပါနော်'

လို့ စောမောင်က လေသံအေးအေးလေးနဲ့ သနားစရာကောင်းအောင် ပြောတယ်။

စောမောင်လာရင်တော့ လက်ချည်းဆက်သက် မလာပါဘူး။ မုန့်ခြောက်၊ ခေါက်ဆွဲကြော်၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ကိတ်မုန့် စတဲ့ စားစရာတွေ ယူလာတတ်ပါတယ်။

'စားပါ အဘရယ်... ကျွန်တော်က အဘကို ခင်မင်လို့လာလည်တာပါ။ ဘယ်အိမ်ကိုမှလဲ မသွား။ ဘယ်သူ့ဆီကိုမှလဲ မဝင်ပါဘူး။ ကျွန်တော့်ကို ဆုပ်ချုပ်တဲ့လူတွေက အဘအိမ်ကိုသာ သွားခွင့်ပေးပြီး ဘယ်ကိုမှ သွားတာ ကြိုက်ကြဘူးခင်ဗျ'

'မင်းလာတာကတော့ ဟုတ်ပါပြီ။ ကာလသားတွေက မင်းကို ချောင်းမြောင်းရိုက်တာ၊ လောက်လေးခွနဲ့ ပစ်တာတို့ လုပ်ကြရင် ကောင်းပါ့မလား ကွာ'

'ဟား...ဟား... ဟား'

စောမောင်က ရယ်မောပြီး ကျုပ်ကို ကြည့်ပါတယ်။ ပြီးမှ...

'ဒီမှာအဘ... အဘသား စောမောင်ဆိုတဲ့ ကောင်က အသွားရသ(၁၈)ရပ်ကို တတ်မြောက်ထားတဲ့ မင်းသားလေးဗျ။ လူတွေ



ဆိုတာက ကျွန်တော့်ကို မြင်မှ ဒုက္ခပေးနိုင်တယ်။ ကျွန်တော်က သူတို့ မမြင်ရဘဲနဲ့ သူတို့စိတ်က ကြံရွယ်လိုက်တာကို သိနေတာလေ တန်ခိုးသိဒ္ဓိချွင်းမတူဘူးလေ အဘရဲ့'

စောမောင်ဟာ အသားညိုညို အရပ်မနိမ့်မမြင့်နဲ့ အသက်(၃၀)အရွယ် ကြည့်ကောင်းရှုကောင်း လူရွယ်တစ်ယောက်ပါ။ လည်ကတုံးအင်္ကျီ အဖြူနဲ့ ပလေကပ်လုံချည်ကို ဝတ်ထားတယ်။

လခစား ပညာတတ်ပုံ ဖမ်းထားတဲ့ စောမောင်ဟာ လသာသာ ကွပ်ပျစ်ပေါ် ထိုင်ရင်းက ကိုယ်ကို ယိမ်းထိုးလှုပ်ရှား ရယ်မောပြောပြနေတာပါ။ စောမောင်ဟာ ရယ်မောနေရာက...

'ဟိုတလောက ကျွန်တော် အဘပြောတဲ့ကိစ္စမျိုး ကြုံခဲ့သေးတယ်ဗျ'

'ကျွန်တော့်ကို ဥစ္စာစောင့် စောမောင်ဆိုတဲ့ကောင်ဟာ ဘာကောင်လဲ နာနာဘာဝကောင်နဲ့ တစ်ပွဲတစ်လမ်း အကဲစမ်းလိုက်ချင်တယ်လို့ မျက်နှာချင်းဆိုင် တဲ့ကြီး အသားလွတ်လာစိန်ခေါ်တယ်လေ။ ကျွန်တော်က ဒီမောင်ကို သနားမိတယ်ခင်ဗျာ၊ ဘယ်ကောင်က ဝင်ရိုက်မှန်းမသိဘဲ ကျွန်တော့် ရှေ့တင် ဒီမောင် မှောက်သွားခဲ့တာဗျ ဟား...ဟား... ဟား။

အဲဒီသတင်းဟာ ကာလသားလူရှမ်းကားတွေကြားမှာ ရေပန်းစားသွားတာပေါ့။ ခုတော့ ကျွန်တော့်ကို ဒီမောင်တွေ လေးစားသွားကြပါပြီ အဘရယ်။ သူတို့ဘာသာနေ၊ စောမောင်လဲ စောမောင်ဘာသာနေပေါ့။ ရှင်းနေတာပါ အဘရာ'

စောမောင်ဟာ ဆေးပေါ့လိပ်ကို ဖွာရှိုက်ရင်းက သူ့အတွေ့အကြုံကို အားပါးတရ ပြောပြနေခဲ့ပါတယ်။

* * *

အဘဦးထွန်းမောင်က ရေနွေးကြမ်းကို မော့သောက်ရင်း ခြောက်သွေ့သွားတဲ့ အာခေါ်င်ကို စိုစွတ်စေပါတယ်။ ပြီးမှ စိတ်ဝင်စားစွာ နားထောင်နေတဲ့ ကျွန်တော့်မျက်နှာကို စူးစိုက်ကြည့်ရင်း စကားဆက်ပြန်တယ်။

နွေသရုပ်ဖော် ဥသြငှက်ကလေးတွေက ကျောင်းရှေ့က ကံ့ကော်ပင်တန်းမှာ နားခိုရင်း လွမ်းမောဖွယ်ငှက်ဂီတသံစဉ်ကို တွန်ကျူးနေပါတယ်။

လွမ်းမောဖွယ် အပြာရောင် တောင်တန်းကြီးဟာ နွေရက်ကာလမို့ ဝါနီစိမ်းကွက် ရွက်ခြောက်တောပန်းချီကားကြီး ဖြစ်နေပါတယ်။

'တစ်နေ့တော့ ဆရာရေ... အိမ်မှာက ကျွန်တော့်ဇနီး အဘွားကြီးအတော်နေမကောင်းဖြစ်နေတယ်။ သားသမီးတွေလဲ အိပ်ပျော်နေကြပါပြီ။ စောမောင် ရောက်လာပါရောလား။

ကျွန်တော်လဲ ခုတင်ပေါ်မှာ မှေးရုံရှိပါသေးတယ်။ ပိတ်ထားတဲ့တံခါးကို မဖွင့်ခိုင်းဘဲနဲ့ ကိုင်လှုပ်လိုက်တာ ကျွန်တော် လန့်ပြီး နိုးသွားပါတယ်'

စောမောင်က သူ မဟုတ်သလိုပါပဲ။ ကျွန်တော့်ကိုတောင် အပြစ်တင်နေပါသေးရဲ့။

'အဘ အဘက စောမောင် လာတာကို မစောင့်ဘဲနဲ့ ဘာပြုလို့ အိပ်ရာဝင်နေရတာ



www.burmeseclassic.com

www.burmeseclassic.com

လဲဗျ။ စောမောင်ဆိုတဲ့လူဟာ ဘယ်နေရာကဖြစ်ဖြစ် အဘဆီကို ဝင်လာလို့ ရတယ်လေ။ ပြီးတော့ အဘမှာ ဆေးလိပ်လဲ အဆင်သင့် မရှိပါလား'

လို့ ပြောနေတယ်။

စောမောင်က ကျွန်တော့်ကို စိတ်ကောက်သလိုမျိုး လုပ်နေတယ်။ ကျွန်တော်လဲ စောမောင်ကို နားလည်အောင် ရှင်းပြပါတယ်။

'စောမောင်ရယ် မင်းတို့အဘွား ငါ့အမယ်ကြီး နေမကောင်းဘူးကွယ့်။ နိုးပြီး လန့်သွားပါမယ်ကွာ။ မင်းကလဲ ဖြည်းဖြည်းလာလို့ ရသားနဲ့ကွာ။ အိမ်တစ်ခုလုံး သွက်သွက်ခါသွားတာပဲ။

ငါက လက်သမားလုပ်မှ ငွေရ၊ ငွေရမှ ထမင်းစားရတာလေ။ ငါ့အသက်အရွယ်နဲ့ ပင်ပန်းလှပါတယ်ကွာ။ ညဥ့်နက်လို့ အိပ်ရေးပျက်နေရင် အလုပ်မဆင်းနိုင်ဘဲ ရှိမှာပေါ့ကွာ။ မင်းကို ငါ အားနာလို့ မပြောတာကွ။ မင်းညဥ့်နက်ပိုင်းလာတော့ ငါ အိပ်ရေးပျက်တာပေါ့ကွာ'

ဒီလိုပြောပြတော့လဲ စောမောင်ဟာ ငြိမ်သက်သွားပြီး စိတ်မကောင်းတဲ့ဟန်နဲ့ ကျွန်တော့်ကို ကြည့်ပါတယ်။ ကျွန်တော့်ကိုလဲ သနားသွားပုံရပါတယ်။ ပြီးမှ...

'အဘရယ် ဒီလောက်လဲ ညည်းမနေပါနဲ့ဗျာ၊ စောမောင်တစ်ယောက်လုံး ရှိပါသေးတယ်၊ အဘ လိုချင်တာ ဖြစ်ချင်တာကို ကျွန်တော့်ကို ပြောပါ'

လို့ ဖွင့်ဟလာပါတယ်။ ကျွန်တော်က...

'ငါလိုချင်တာ ငွေကွ၊ မင်းက ဘယ်လို ကူညီမှာလဲ'

ကျွန်တော်လဲ စောမောင်စိတ်ကို စမ်းကြည့်ချင်တာနဲ့ အဲဒီလို ပြော



လိုက်တာပါ။ စောမောင်ဟာ မခံချင်စိတ် ဝင်သွားပုံ ရပါတယ်။

'အဘ၊ အဘက ကျွန်တော့်အစွမ်းအစကို သိမှ မသိတာကိုး၊ ကျွန်တော် အဘကို ယုံအောင်ပြမယ်၊ အဘ မင်းသားကလေးကို တွေ့ချင်လား၊ အဘိုးအိုကြီးကို တွေ့ချင်လား၊ ရွှေလိုချင်လား၊ ငွေလိုချင်လား'

လို့ ပြောနေရင်းက...

'အဘဒီမှာ မင်းသားလေး စောမောင်ရယ်လေဗျာ'

လို့ ပြောလိုက်ရင်း လရောင်ဝါတွင် မင်းညီမင်းသားအသွင်နဲ့ လှပချောမောတဲ့စောမောင်ကို တွေ့ရတယ်။ ပြီးတော့ ဟောဒီမှာ အဘိုးအိုကြီးတဲ့။

လား... လား... စောမောင်ဟာ သျှောင်တစောင်းထုံးထားတဲ့ ပိတ်ဖြူစင်ကြယ်ဝတ် အသားအရေတွေ ရှုံ့တွနေတဲ့ ပိဘိသား အဘိုးအိုကြီး။

'ယုံပါတယ်ကွာ စောမောင်ရယ်လို့သာ'

ကျွန်တော် ပြောနိုင်ခဲ့ပါတော့တယ်။

* * *

ဒီလိုနဲ့ စောမောင်ဟာ ကျွန်တော့်ဆီကို ခါတိုင်းထက် စောစောလာလည်ခဲ့တယ်။ သူလာရင် ဧည့်ခံဖို့ကတော့ ဆေးပေါ့လိပ်တွေပါပဲ။ ဒီကောင်ဟာ ဆေးပေါ့လိပ် တော်တော်ကြိုက်တယ်။

တကယ်ပါပဲ ဆေးလိပ်မီး တရဲရဲဖွာရင်းက ကျွန်တော့်ကို စကားပြောနေ

တတ်တာပါ။ ကျွန်တော့်ဘဝရဲ့ ဆင်... ပုံကိုလဲ သနားနေပုံရပါတယ်။ ... စောမောင်က...

'အားမနာနဲ့အဘ ကျွန်တော် ဘာလု... ရမလဲဆိုတာ အဘပြောပါ။ အ... တောင်းဆိုမှသာ ကျွန်တော်က လုပ်... ရှိတယ်လေ'

လို့ ပြောပါတယ်။

ပြီးတော့ စောမောင်က လု... တော့ ဒီလို ဆက်ပြောသေးတ...

'အဘပြောမှ ကျွန်တော် ... တယ်ဗျာ၊ အဘ ဖြစ်ချင်လိုချင်... ကိစ္စအတွက် အဘဘက်က ... တော့ တည်ဖို့လိုတယ်။ အဘ... ကျွန်တော် ရွှေဒင်္ဂါးပြား(၃)ပြား... မယ်။

ဒီဒင်္ဂါးတွေကို အဘ ပေါင်းနှံ့ပြီး ... ပါ။ အဘလုပ်ငန်းမှာ ခေတ္တရင်း... အဘလုပ်ငန်း အဆင်ပြေတဲ့အ... ကျွန်တော့်ကို ပြန်ရွေးပေးပါ။

ဘာကြောင့်လဲဆိုတော့ ကျွန်... တို့ဘဝက ကျွန်တော်တို့ကိုယ်... ကျွန်တော်တို့ မပိုင်ဘူး။ ငွေ... ရွှေဒင်္ဂါး စတဲ့ ရတနာတွေ... ကျွန်တော်တို့ ပိုင်ခွင့်မရှိဘူး... နာမည်ကိုက ဥစ္စာစောင့်လေ။

ဥစ္စာရတနာတွေကို စောင့်ရှောက်... ကျွန်တော်တို့ကို အဆင့်ဆင့် အုပ်... ထားတဲ့ လူကြီးတွေ ရှိနေပါတ... ကျွန်တော်ဟာ အဘနဲ့ ဘဝချင်း ... လွန်းပြီး ခင်လွန်းလို့သာ အဲဒ... ကူညီတာပါ။ အဘဘက်က ... တည်ဖို့တော့ လိုပါတယ် အဘ'

စောမောင်ပေးတဲ့ ရွှေဒင်္ဂါး(၃)... ဟာ ဝင်းအိနေပါတယ်။ ကျွန်... လုပ်ငန်းမှာလဲ လိုအပ်နေ... တော့ စောမောင် ဘာလုပ်မလဲဆို... လဲ သိချင်တယ်။ ဒီတော့ ရွှေ...



www.burmeseclassic.com

www.burmeseclassic.com

တစ်ပြားကို ရောင်းချ သုံးစွဲခဲ့ပါတယ်။

ကျွန်တော်ရောင်းတဲ့နေ့ရဲ့ ညဘက်မှာတော့ စောမောင်တစ်ယောက် ချုံးချုံးရှားရှားနဲ့ ရောက်လာခဲ့တယ်။ စောမောင်ဟာ တော်တော်ဒေါသထွက်နေပုံရတယ်။

'အဘ အဘဟာ ကျွန်တော် ထင်သလို မဟုတ်ဘူး။ ကျွန်တော်က ခင်မင်လေးစားသလို အဘ ကျွန်တော့်ပေါ်မှာ မခင်မင်ပါဘူး။ ကျွန်တော်က ရေရှည်အတွက် အဘကို ကူညီဖို့ စဉ်းစားထားတာပါ။ ခုတော့ အဘ ကတိသစ္စာ ပျက်သွားပြီလေ။ ကျန်နေတဲ့ ရွှေဒင်္ဂါးနှစ်ပြားကို ကျွန်တော့်ကို ပြန်အပ်ပါ'

ကျွန်တော်လဲ ကိုယ့်အပြုအမူကြောင့် စောမောင်ကို ဘာမှ မပြောနိုင်တော့ဘူး။ သူ့ကို ရွှေဒင်္ဂါး(၂)ပြားကို ပြန်ပေးလိုက်ပါတယ်။

'အဘကို ကျွန်တော် ရွှေဒင်္ဂါး(၃)ပြားပေးလိုက်တဲ့အတွက် အထက်က အုပ်ချုပ်တဲ့ လူတွေက ကျွန်တော့်ကို အပြစ်ပေးကြတော့မယ်။ ကျွန်တော် အဘဆီကို ပြန်လာခွင့် မရတော့ဘူး။

အဘ တစ်ခုမှတ်ထားပါ။ ဥစ္စာစောင့် သိုက်နန်းရှင်တွေရဲ့ ပစ္စည်းဆိုတာ အလိုမတူဘဲ ယူလို့မရပါဘူး။ အဘ ရောင်းစားထားတဲ့ ရွှေဒင်္ဂါးပြားဟာ ကျွန်တော်တို့ဆီ ပြန်ရောက်နေပါပြီ။ ကျွန်တော့်ကို ခင်မင်မှုမရှိဘဲ ကတိပျက်ခဲ့တဲ့အဘနဲ့ ကျွန်တော်ဟာ ဒီဘဝ ဒီမျှသာပါပဲခင်ဗျား။ နောက်လဲ အဘဆီ ကျွန်တော် လာခွင့်မရှိတော့ပါဘူး။ ကျွန်တော်ကလဲ မလာချင်တော့ပါဘူး'

'အေးကွာ အဘ တောင်းပန်ပါတယ် စောမောင်ရယ်။ မင်း ဆေးပေါ့လိပ်ကလေးများလဲ သောက်ပါဦးကွာ၊ ပြီးတော့ ဒီဆေးလိပ်စည်းကိုလဲ မင်းကို ငါလက်ဆောင်အဖြစ် ပေးလိုက်ပါတယ်။ ယူသွားနော်'

လို့ ကျွန်တော်လဲ စိတ်မကောင်းစွာ ပြောမိပါတယ်။



ဆေးပေါ့လိပ်ကြိုက်တဲ့ စောမောင်ဟာ ဆေးလိပ်လဲမဖွာပါဘူး။ ကျွန်တော်ပေးတဲ့ ဆေးလိပ်စည်းကိုလဲ မယူတော့ဘူးဗျ။

ငိုတော့မလို မျက်နှာနဲ့ ပြုံးမယောင်မဲ့နယ် အံ့ဆိုင်းရီဝေနေတဲ့ စောမောင်က...

'အဘကို ကျွန်တော် နောက်ဆုံး နှုတ်ဆက်လိုက်ပါတယ် အဘ'

ရှိုက်ငိုသံနဲ့ပြောရင်း လက်အုပ်ကလေးချီရင်း ဦးသုံးကြိမ်ချ ကန်တော့ရှာပါတယ်။

ကျွန်တော်လဲ ''ကျန်းမာချမ်းသာပါစေ၊ ဘဝဝဋ်ကြွေး ဒုက္ခဆိုးမှ လွတ်မြောက်ပါစေကွယ်'' လို့ ဆို့နင့်ကြေကွဲစွာ ဆုပေးနေမိတယ်။

စောမောင်ကတော့ ကျွန်တော့်ကို ကျောခိုင်းပြီး လသာည ဟင်းလင်းပြင်ကြီးထဲကို တရွေ့ရွေ့ ထွက်ခွာသွားပါတော့တယ်။

* * *

ကျွန်တော်ဟာ စိတ်လှုပ်ရှားစွာနဲ့ ပြောပြနေတဲ့ အဘ ဦးထွန်းမောင်ကို စိတ်မကောင်းစွာ ငေးကြည့်နေမိပါတယ်။ နွေဦးလေပြည်သုတ်လို့ ရော်ရွက်ရိုဝါတို့ ပရမ်းပတာ မြေမှာ လူးလွန့်ပြေးလွှားခုန်ပေါက် ကြွေကျနေကြတယ်။

'အင်း... အဘဇာတ်လမ်းကလဲ ဆန်းကျယ်လိုလို လွမ်းသလိုလိုကြီးပါလားဗျာ'

လို့ မှတ်ချက်ပေးလိုက်မိပါတယ်။ ပြီးတော့...

'စောမောင်က အိပ်မက်လေးဘာလေးရော မပေးဘူးလား အဘရယ်'

လို့ မေးလိုက်မိပါတယ်။

'ဆရာက ဇာတ်လမ်းကို လက်တဆုံးရောက်အောင် နှိုက်တာကိုးဗျာ၊ ကျွန်တော် မပြောတော့ဘူးလို့ စိတ်ကူးထားတာဗျ၊ စောမောင်က ကျွန်တော့်ကို တစ်ညမှာ အိပ်မက်ပေးပါတယ်။

သူဟာ တစ်ခါက ကျွန်တော်နဲ့ တူတော်ခဲ့ဖူးတဲ့ လူငယ်ကလေးပါ။ လူ့ဘဝမှာကတည်းက ကျွန်တော့်ကို ခင်ပြီး ကျွန်တော့်နောက် တကောက်ကောက်လိုက်နေတဲ့ ကောင်ပေါ့။

ခုတော့ မူလက သူနေခဲ့တဲ့ **နေရာဟောင်း ခြေတော်ရာ တောင်တော်က ရတနာသိုက်နန်းကို ပြန်ရောက်နေခဲ့ပါသတဲ့။** ကျွန်တော့်ကို ကုသိုလ်ကောင်းမှုပြုတိုင်း အမျှပေးဝေဖို့ တောင်းပန်ရှာပါတယ်ဗျာ'

'အင်း...သတ္တဝါတွေရဲ့ ဘဝများက ကံစီမံရာအတိုင်း စိတ်ညွတ်ကိုင်းရာနောက် လိုက်ပါနေကြရတာကလား ဆရာရယ်၊ အနိစ္စ အနိစ္စ၊ အနိစ္စ'

ဟူ၍ အဆုံးသတ်လိုက်ပါတော့တယ်။

**မေတ္တာရှည်လျက်...**

**မျိုးတင့်(ညောင်လေးပင်)**



www.burmeseclassic.com

www.burmeseclassic.com

တေးဆို၍ ဖအိပ်

# ပရိတ်ပဋ္ဌာန်း ရွတ်ဆော်မှု

အိပ်ပျော်သည့် ကလေးတစ်ဦး

သံသရာခရီးသည်တစ်ဦး





◆ ကဒါတ်ထောက်ရွာသား ဦးအုန်းသွင်နှင့် ဒေါ်ခင်သောင်း၏ မောင်မင်းသန့် (၇ နှစ်အရွယ်ကပုံ) ◆

ကျွန်မ တခြားဘာသာ ကိုးကွယ်သူပါ။ အိမ်ထောင်ကျပြီး ဆရာတော်တွေ ဆွမ်းကပ်၊ ဝတ္ထုပစ္စည်းကပ် လှူတဲ့အခါ ''ကဲ... နိဗ္ဗာန်ကို အာရုံပြုနော်'' လို့ ဆိုတဲ့စကား ကြားရတော့ နားထဲမှာ စည်ကြီးတီးလိုက်သလို ဟိန်းထွက်သွားတယ်။ မရပ်မနား ပဲ့တင်ထပ်နေသလိုပဲ ကြားနေရတယ်။

ဗုဒ္ဓဘာသာဝင်တွေကတော့ ကောင်းလိုက်တာ။ ငယ်စဉ်ကတည်းက ဒီလို ပီတိတွေ ရကြမှာပဲလို့ တွေးပြီး စကားလက်ဆုံကျတိုင်း မေးမိပေမယ့် နိဗ္ဗာန်ဆိုတာကို ကျွန်မ နားလည်အောင် သူတို့ မပြောပြတတ်ကြဘူး။

၁၃၅၁ ခုနှစ်မှာ ဆရာတော်ဦးသုန္ဒရဖူးတွေ့ရတော့ မေးတယ်။

'ဒကာမ ဘာအလိုရှိသလဲ'

'တပည့်တော် နိဗ္ဗာန်ကို လိုချင်ပါတယ် ဘုရား'

'အေး... ရပါလိမ့်မယ်။ ဘယ်အရာမဆို လိုချင်မှရတယ်။ လိုချင်စိတ်မရှိရင် မရနိုင်ဘူး'

ဒီလိုနဲ့ ကျွန်မလို ဘာသာခြားက စပြီး လေ့လာခါစ နားလည်တဲ့ ဝေါဟာရစကားလုံးတွေနဲ့ မဂ်ဖိုလ်နိဗ္ဗာန်အကြောင်း ဖြည်းဖြည်းချင်း ရှင်းပြတယ်။ ဝိပဿနာတရား ကမ္မဋ္ဌာန်းထိုင်ရတာကို အင်မတန် နှစ်သက်ပီတိဖြစ်တယ်။

ဒါကြောင့် ကျွန်မတို့ဇနီးမောင်နှံ အချိန်အားရတိုင်း ဆရာတော်ကျောင်းကို သွားပြီး လုပ်စရာရှိတာ ဝိုင်းကူလုပ်ပေး၊ ဆရာတော်ပြောတာ နားထောင်ပြီး တရားမှတ်လေ့ရှိပါတယ်။

**ကျိုက်ထိုမြို့ အနီး၊ ကဒါတ်ထောက်ကျေးရွာနေ ရော်ဘာလုပ်ငန်း လုပ်ကိုင်သည့် ဦးအုန်းသွင်၊ ဒေါ်ခင်သောင်းတို့ထံ ရောက်ရှိစဉ်** ဇနီးဖြစ်သူက ပြောပြခြင်း[...] သည်။ ဆရာတော်ကား ကဒါ[...] ထောက်ရွာအနီး ကမ်းခြေကုန်းထိ[...] တွင် ဝါးကျောင်းဖြင့် သီတင်းသုံးတော်[...] မူသော **အရှင်သုန္ဒရ**ကို ရည်ညွှန်းခြ[...] ဖြစ်သည်။

သူတို့သည် ဓမ္မပီတိကို နှစ်သက်[...] သုံးစွဲ၍ အလုပ်လုပ်စဉ်၊ ရော်ဘာ[...] ခြစ်စဉ်တွင်ပင် အမှတ်အသိ၊ သမာ[...] ကို ထူထောင်ကြသည်။

ရော်ဘာဈေး အဝယ်လိုက်တဲ့နှစ်[...] ကျွန်မတို့တစ်တွေ စုဆောင်းထ[...] ရော်ဘာတွေ စုစည်းချိန်တွယ်[...] ရတာနဲ့ အတော်ကလေး[...]ပန်းသွ[...] လို့ ညနေထမင်းစားပြီးတာနဲ့ မေးခ[...]

www.burmeseclassic.com

ပျော်သွားတယ်။

အဲဒီမှာ တစ်နေရာကို ရောက်သွား
ယ်။ တွေ့သမျှလူတွေ၊ ဝတ်ဆင်
းပုံက အမျိုးမျိုးပါပဲ။ ဇော်ဂျီလိုလူ၊
ဖြူစင်ကြယ်နဲ့ လူ၊ ရသေ့၊ ရဟန်း၊
မျိုးသမီး၊ အမျိုးသား လူအားလုံး
ကျင်မလျှောက်ဘဲ တစ်နေရာက
စ်နေရာကို ပျံပြီး သွားကြတယ်။
မတစ်ယောက်တည်း ခြေထောက်
းကိုးနဲ့ လျှောက်သွားနေရတော့
နာချင်းဆိုင်ကလူကိုမေးကြည့်တယ်။

'ကျွန်မလဲ သည်လို ပျံချင်တယ်။
င်ပေးပါလား'

'ငါလဲ မပြောပြတတ်ဘူး။ တောင်
ဘုန်းကြီးဆီ သွားတောင်းပါလား'

ဒါနဲ့ တောင်ပေါ်ကို တက်တယ်။
တော် ခဲရာခဲဆစ် တွယ်ကပ်တက်ပြီး
ပေါ်ရောက်တော့ ဆရာတော်ဝဝ
တစ်ပါး ထိုင်နေတာ တွေ့ရတယ်။
ဦးချတော့ လှမ်းကြည့်ပြီး...

'ဘာလိုချင်လို့လဲ ဒကာမ'

'တပည့်တော်မ သူတို့လိုပဲ လေမှာ
ချင်လို့ပါ'

'ဪ... ဗျာန်ပျံချင်တာလား အေးအေး
ကလေးတစ်ယောက်မွေးဦးကွယ့်'

''အဲဒီမှာ လန့်နိုးလာတယ်။ သား
မီးသုံးယောက်ရှိတာ အငယ်ဆုံး
လေးတောင် (၁၄)နှစ်ရှိပြီ။ ဘယ့်
ယ် ကလေးမွေးရဦးမတဲ့၊ ဆရာတော်
ဟာတဲ့ တရားတွေ နာပြီး စိတ်စွဲတာ
င်ပါရဲ့လို့ မေ့မေ့ပျောက်ပျောက်
းလိုက်ပါတယ်'

နောက်ရက် နည်းနည်းကြာတော့
ပ်မက်ထဲမှာ တရားထိုင်နေတုန်း
သေ့တစ်ပါးက ရင်ဘတ်ကို တောင်
နဲ့ တို့ပြီး ''သမီးကိုယ်ထဲမှာ ဂဏ်မြစ်
ပြောင်းပြန်စီးနေသကွယ့်'' လို့ ပြော
းတယ်။

ပြီးတော့ ရုပ်ပွားတော်တစ်ဆူ လေ
 လွင့်လာပြီး ကျွန်မပါးစပ်ထဲ ဝင်
သွားတယ်လို့ ထပ်မက်တယ်။ အဲဒီ
ရက်ပိုင်းမှာ နှုတ်ငုံ့ရှိနေတာ သိရတယ်။

အဲဒီကိုယ်ဝန်ကို ဆောင်ကတည်းက
ကြမ်းပေါ် ကျောချအိပ်လို့ မပျော်ဘူး။
အိပ်လို့မရဘူး။ တင်ပျဉ်ခွေ ထိုင်ပြီး
အိပ်ပျော်တာများတယ် ယှတ်စွအဆုံး
ပက်လက်ကုလားထိုင်နဲ့ အိပ်မှ
သက်သောင့်သက်သာဖြစ်တယ်။

အရင်ကလေး သုံးယောက်တုန်း
ကလို အော့အန်တာ၊ အစားအသောက်
ပျက်တာ မရှိသလို မျက်နှာမြင်တော့လဲ
နာကျင်မှုတွေ မခံစားရဘဲ ရှောရှော
ရှူရှူ ဖွားမြင်ပါတယ်။

ခေါင်းထောင်ပြီး ဟိုသည်ကြည့်
တတ်စအရွယ်မှာ သီချင်းဆိုသိပ်ရင်
မအိပ်ဘူး။ ဝါးကျောင်းက သံဃာတွေ
ပဋ္ဌာန်းပူဇော် ရွတ်ဖတ်သံကြားတော့
မျက်လုံးအပြူးသားနဲ့ စူးစိုက်နား
ထောင်နေပုံနဲ့ တဖြည်းဖြည်း မျက်လုံး
စင်းပြီး အိပ်ပျော်သွားတယ်။

**[ကဒါတ်ထောက် ဝါးကျောင်းတွင် တပေါင်းလဆန်း (၁၃)ရက်နေ့မှ လပြည့်နေ့အထိ ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲကို နှစ်စဉ်ကျင်းပလေ့ ရှိသည်။ ကျောင်းမှာ ဦးအုန်းသွင် နေအိမ်နှင့် မဝေးလှသဖြင့် အသံချဲ့စက်မှ ပဋ္ဌာန်းရွတ်သံကို ပီပြင်စွာ ကြားနိုင်လေသည်။]**

ထိုအချိန်မှစ၍ ကလေး အငိုတိတ်၊ အိပ်ပျော်စေရန် သုတ်၊ ပရိတ်၊ ပဋ္ဌာန်း၊ ဒေသနာတော်များ ရွတ်ဆိုပြရသည် ဆို၏။ ဦးအုန်းသွင်က ဤသို့ ပြောပြသည်။

'ကြာသပတေးသား ဖြူဖြူသန့်သန့်ကလေး မို့ မောင်မင်းသန့်ကို နာမည်မှည့်ထားတယ်။ လူမှန်းသိလို့ ထမင်းစားတတ်တဲ့ အရွယ် ရောက်တော့ သားငါးမစားဘူး။ သက်သတ် လွတ်ပဲ ကျွေးရတယ်။ သား ဘယ်က လာသလဲလို့ မေးရင် နတ်ပြည်ကလို့ ဖြေ တတ်တယ်'

ကဒါတ်ထောက် ဆရာတော်နဲ့ တခြား ဓမ္မကထိက ဆရာတော်တွေ ဟောတဲ့ အလုပ်ပေးတရားအကြောင်း ဆွေးနွေးနေရင် သူက ဝင်ထောက်ပေး တတ်တယ်။

တစ်ခါတလေ ကျွန်တော်တို့ မသိ သေး**တဲ့** ဝေါဟာရတွေကို သူ လွှတ်ခနဲ ပြောပြတတ်တယ်။ ဆရာတော်ကြီးတွေ တရားစစ်၊ တရား ရှင်းပြသလိုပဲ။ သေသေချာချာ ထပ်မေးရင် မပြော တော့ဘူး'

'ကျွန်တော် မောင်မင်းသန့်နဲ့ နည်း နည်းပါးပါး ပြောဆိုကြည့်ချင်ပါတယ်'

'အခု သူ ဒီမှာ မရှိဘူးခင်ဗျာ။ သူ့ အစ်မ(ကျွန်တော့်တူမဝမ်းကွဲ)က သူ့ကို အင်မတန်ချစ်တယ်။ ကျောင်းစရိတ်၊ အဝတ်အစား အားလုံး တာဝန်ယူပြီး ကျောင်းထားပေးတယ်။ ရှစ်တန်း ဖြေ ပြီးပြီ။ (၁၅)နှစ်ရှိပြီလေ။ အခုလို ကျောင်းပိတ်တုန်း သူ့အစ်မ အိမ်ဆိုင် မှာ ဝိုင်းကူလုပ်ပေးနေတယ်။ နှစ်ကိုင်း ကျေးရွာမှာပါ'

မောင်မင်းသန့်သည် (၁၀)နှစ်သား အရွယ်ကပင်လျှင် တရားဟော ဓမ္မ ကထိက ဆရာတော်များ၏ (တိပ်ခွေမှ တစ်ဆင့်)အလုပ်ပေး တရားများကို နာယူပြီးနောက် **မည်သည့် ဆရာ တော်က လွယ်ကူရိုးရှင်းသည်၊ မည် သည့်ဆရာတော်က အနုစိပ်သည်၊ မည်သည့်နည်းက ခရီးရောက်မြန် ဆန်သည်** စသဖြင့် ဝေဖန်ပြောကြား နိုင်သည်ဟု ဆိုလေသည်။

သို့ဖြစ်လေရာ သူ(၇)နှစ်သား အရွယ် ပထမတန်း ကျောင်းသားဘဝ က အစ်ကို၊အစ်မများနှင့် တွဲရိုက်ထား သော ဓာတ်ပုံကိုသာ မှတ်တမ်းပြု၍ ပါရမီထူးသူကလေးတစ်ဦးအဖြစ် တင်ပြ လိုက်ရပါသည်။

**သံသရာခရီးသည်တစ်ဦး**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ

# ကျန်းမာရေးအတွက်

အကြံပေးချက်

**ဤလတွင်...**

✦ **မိဿရာသီဖွား(မတ်လ ၂၁ ရက်မှ ဧပြီလ ၂၀ရက်အတွင်း မွေးဖွားသူ)တို့သည်** ပထဝီဓာတ်စာများကို အားပြု စားသုံး၍ အာပေါဓာတ်စာများကို လျှော့ပေါ့၊ ရှောင်ကျဉ်သင့်ပါသည်။

ပထဝီဓာတ်စာများ

ကြက်သား၊ ချိုးသား၊ ခါသား၊ ဆတ်သား၊ ဆိတ်သား၊ ချေသား၊ ဝက်ပေါင်သား၊ ဖွတ်၊ ပုတတ်အသား၊ နွားသား၊ ဆိတ်နို့၊ နွားနို့၊ ကျွဲနို့၊ မြွေသား၊ ငါးခူ၊ ငါးကြင်း၊ ငါးစင်ရိုင်း၊ ငါးစင်စပ်၊ ပုစွန်၊ ငါးသလောက်၊ ငါးပတ်၊

ကာဘီလူး၊ ကောက်ညှင်း၊ ရွှေဖရုံသီး၊ မြေပဲ၊ ပဲလွန်း၊ ဘဲဥ၊ ပဲကြီး၊ ကြက်ဥ၊ လိပ်ဥ၊ ငှက်ဥ၊ အုန်းသီး၊ သစ်ကြားသီး၊ စားတော်ပဲ၊ ပိုးစာသီး၊ မုန်လာ၊ ဒူးရင်းသီး၊ မန်ကျည်းမှည့်။

အာပေါဓာတ်စာများ

ကျွဲသား၊ ကြွံသား၊ ရေကြက်သား၊ ဝက်သား၊ လိပ်သား၊ ဘဲသား၊ ချိုင်းသား၊ ငါးဖယ်၊ ငါးသိုင်း၊ ငါးခူ၊ ငါးကျည်း၊ ငါးရံ့၊ ဝါးဝက်မ၊ ငါးသင်းအုံ၊ ကကူရံ၊ ကာဘီလူး၊ ကာသပိ၊ ကာသပေါင်း၊ ငါးသလဲထိုး၊ ကဏန်း၊ ကနကမာ၊

ကြံရည်၊ ဆီး၊ စရို၊ သပွတ်သီး၊ သခွားသီး၊ ကျောက်ဖရုံ၊ ကန်စွန်း၊ ဖရဲ၊ ကျောက်ပွင့်၊ ရေညှိ၊ ခဝဲ၊ ပုံလုံ၊ သင်္ဘောသီးနု၊ ဗီကြမ်းငှက်ပျော၊ ကနဖော့၊ မန်ကျည်းသီးစိမ်း၊ လယ်ပတူ၊ အောင်မဲညို၊ မင်းကွတ်သီး။

✦ **ပြိဿရာသီဖွား (ဧပြီလ ၂၁ရက်မှ မေလ ၂၀ရက်အတွင်း မွေးသူ)တို့သည်** ဝါယောဓာတ်စာများ အားပြု စားသုံး၍ တေဇောဓာတ်စာများကို လျှော့ပေါ့၊ ရှောင်ကျဉ်သင့်သည်။

တေဇောဓာတ်စာများ

အိမ်ကြက်၊ တောကြက်သား၊ မြင်းသား၊ ငါးပြေမ၊ ငါးဖန်းမ၊ ငါးတန်၊ ငါးကြင်း၊ ငါးသလောက်၊ ကကတစ်၊ ကြာဟင်း၊ ကုက္ကို၊ ကနခို၊ ကနစိုး၊ ငုံ၊ ဆီးဖြူသီး၊ လဲလူ၊ ဝါရွက်၊ ပေါက်ပန်းနီ၊ ပေါက်ပန်းဖြူ၊

ပင်စိမ်း၊ ကြိတ်မှန်၊ သပျစ်သီး၊ တောင်သလဲ၊ ထန်းရည်၊ သံပရာ၊ ရှောက်၊ ငရုတ်သီး၊ ငရုတ်ကောင်း၊ ချင်း၊ ပိတ်ချင်း၊ ပဒဲကော၊ ဒူးရင်း၊ ရဲယို၊ ရှားစောင်းကြီး၊ မှို မျှစ်၊ ကြက်သွန်ဖြူ၊ ချဉ်ပေါင်၊ လက်လုပ်ချဉ်မျိုးစုံ။

ဝါယောဓာတ်စာများ

ငါးမြင်း၊ ကကတစ်၊(တေဇော–ဝါယော နှစ်မျိုးပါဝင်သဖြင့် အတန်အသင့် စားသုံးရန် ဖြစ်သည်။)ကာဘီလူး၊ ငါးခုံးမ၊ ငါးမြစ်ချင်း၊ ခွေးတောက်၊ ကြောင်လျှာ၊ ဆေးပုလဲ၊ ဆင်တုံးမနွယ်၊ သင်္ဘောသီးရင့်၊ တမာ၊ ခံတက်၊ ယင်းပြား၊ ရှားစောင်းခါး၊

လက်ဖက်၊ ကန့်ကလာ၊ ကြက်ဟင်းခါး၊ မဲဇာလီ၊ ဖန်ခါးသီး၊ မုန်လာဥ၊ သခွတ်၊ ဆူးပုပ်၊ ကစော့ခါး၊ မုန်ညင်း၊ ကြောင်ပန်း၊ စပါးလင်၊ ဟင်းနုနယ်၊ ထန်းလျက်။

✦ **မေထုန်ရာသီဖွား(မေလ ၂၁ရက် မှ ဇွန်လ ၂၀ရက်အတွင်း၊ မွေးဖွားသူ)**တို့သည် အာပေါဓာတ်စာများကို အားပြု၍ တေဇောဓာတ်စာများကို လျှော့ပေါ့၊ ရှောင်ကြဉ်ပါ။

✦ **ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း၊ မွေးဖွားသူ)**တို့သည် တေဇောဓာတ်စာကို အားပြု၍ အာပေါဓာတ်စာများကို လျှော့ပေါ့၊ ရှောင်ကြဉ်ပါ။

✦ **သိဟ်ရာသီဖွား(ဇူလိုင်လ ၂၂ရက်မှ ဩဂုတ်လ ၂၁ ရက်အတွင်း မွေးသူ)**တို့သည် ပထဝီဓာတ်စာကို အားပြု၍ ဝါယောဓာတ်စာများကို လျှော့ပေါ့၊ ရှောင်ကြဉ်ပါ။



✦ **ကန်ရာသီဖွား(ဩဂုတ် ၂၂ရက် စက်တင်ဘာ ၂၁ရက်အတွင်း မွေး**
တို့သည် ဝါယောဓာတ်စာကို အား
ပထဝီဓာတ်စာကို လျှော့ပေါ့၊ ရှော
ပါ။

✦ **တူရာသီဖွား(စက်တင်ဘာ ၂၂ ရ**
**အောက်တိုဘာ ၂၂ရက်အတွင်း**
**သူ)**တို့သည် အာပေါဓာတ်စာကို
ပြု၍ တေဇောဓာတ်စာကို လျှော့
ရှောင်ကြဉ်ပါ။

✦ **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ**
**ရက်မှ နိုဝင်ဘာလ ၂၁ရက် အတွ**
**မွေးသူ)**တို့သည် တေဇောဓာတ်စ
အားပြု၍ အာပေါဓာတ်စာကို
ပေါ့၊ ရှောင်ကြဉ်ပါ။

✦ **ဓနုရာသီဖွား(နိုဝင်ဘာ ၂၂ ရ**
**ဒီဇင်ဘာ ၂၀ရက်အတွင်း မွေးသူ)**
သည် ပထဝီဓာတ်စာကို အား
ဝါယောဓာတ်စာများကို လျှော့
ရှောင်ကြဉ်ပါ။

✦ **မကာရရာသီဖွား (ဒီဇင်ဘာ ၂၁ရ**
**ဇန်နဝါရီ ၁၉ရက်အတွင်း မွေးဖွာ**
တို့သည် ဝါယောဓာတ်စာများကို
ပြု၍ ပထဝီဓာတ်စာများကို လျှော့
ရှောင်ကြဉ်ပါ။

✦ **ကုံရာသီဖွား (ဇန်နဝါရီ ၂၀ရ**
**ဖေဖော်ဝါရီ ၁၈ရက် အတွင်းမွေး**
**သူ)**တို့သည် အာပေါဓာတ်စာကို
ပြု၍ တေဇောဓာတ်စာကို လျှော့
ရှောင်ကြဉ်ပါ။

✦ **မိန်ရာသီ(ဖေဖော်ဝါရီလ ၁၉ ရ**
**မတ် ၂၀ရက်အတွင်း မွေးသူ)**တို့သ
တေဇောဓာတ်စာကို အားပြု၍ အာ
ဓာတ်စာများကို လျှော့ပေါ့၊ ရှော
ပါ။

*ကျန်းမာရှင်လန်းကြပါစေ*

**ဆေးဆရာ ဘသီ**



www.burmeseclassic.com

www.burmeseclassic.com



စလင်း ဦးကျော်

# ဆရာကြီး ဦးစိန်ဆိုင်

## နှင့် ထူးခြားသော အိုးကလေး (၁)

ကိုစိန်ဆိုင်၏ မိဘများနှင့် ကျွန်တော်၏ ဖခင်ကြီးသည် ဆွေမျိုးရင်းချာများကဲ့သို့ အလွန်ခင်မင်ကြပါသည်။ သူ၏ ဇာတိရွာကြီးသည် ကျွန်တော်တို့ရွာနှင့် (၂)မိုင်ခန့် ဝေးပါသည်။ မိဘများမှာ တောင်သူလယ်သမား ဖြစ်ကြသည်။

တောင်သူလယ်သမားများ၏ သားဖြစ်သောကြောင့် လယ်ယာလုပ်ငန်း၌ ကိုစိန်ဆိုင် ကျွမ်းကျင်ပါသည်။ အသက်(၂၀)ခန့်တွင် အခြားရွာမှ အမျိုးသမီးနှင့် အိမ်ထောင်ကျခဲ့သည်။

သူ့ဇနီး၏ ရွာကလေးမှာ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် ကပ်လျက် တည်ရှိပါသည်။ ဇနီးသည်၏ မိဘများသည် ကိုင်းမြေကို လုပ်ကိုင်သော ကိုင်းတောင်သူများ ဖြစ်ကြပါသည်။

ကိုစိန်ဆိုင်သည် ဇနီး၏ရွာသို့ လိုက်ပါသွားပြီး ကိုင်းမြေများကို လုပ်ကိုင်စားသောက်ပါသည်။ လယ်သမားဘဝမှ ကိုင်းသမားဘဝ ပြောင်းလဲခဲ့ပါသည်။

ကိုင်းမြေများကို မိသားစုဝမ်းရေးအတွက် အဓိကထား လုပ်ကိုင်ရင်းတစ်ဖက်မှာလည်း မကျန်းမာသူများကို ဆေးဝါးကုသပေးပါသည်။

ကိုရင်ဘဝက ဆရာတော် ဘုန်းတော်ကြီး သင်ကြားပေးလိုက်သော ဗေဒင်ပညာဖြင့် သိလို၍ မေးမြန်းကြသောသူတို့အား စေတနာရှေ့ထား၍ ဟောကြားပေးပါသည်။

ကိုစိန်ဆိုင်၏ စေတနာနှင့် ကျွမ်းကျင်သော အတတ်ပညာတို့ကြောင့် လူများ၏ ယုံကြည်ကိုးစားမှုကို ခံရပါသည်။ ဆရာကြီးဦးစိန်ဆိုင်ဟု နာမည်တစ်လုံး ရလာပါသည်။

ဆရာကြီးဦးစိန်ဆိုင်သည် (...)ဂိုဏ်းတော်ဝင် ဆရာတစ်ဦး ဖြစ်ပါသည်။ စုန်းတိုက်၊ နတ်တိုက်၊ ပုဏ္ဏကတိုက်၊ ဥစ္စာစောင့်အစွဲများနှင့် အောက်လမ်းပညာ စသည်တို့ဖြင့် ပြုစားခံရသူများကို ပကတိကျန်းမာသွားအောင် ကုသ



www.burmeseclassic.com

www.burmeseclassic.com

ပေးပါသည်။

၂၀၁၄ ခုနှစ်၊ ဇွန်လ(၂၈)ရက်နေ့ ညနေ(၃)နာရီခန့်တွင် ကျွန်တော့်အိမ်ဝိုင်းထဲသို့ လူတစ်ယောက် ဆိုင်ကယ်စီးဝင်လာပါသည်။

အိမ်ရှေ့သို့ရောက်လျှင် ဆိုင်ကယ်ကို ခဏရပ်လိုက်ပါသည်။ "ကိုကျော်ရှိလား"ဟု မေးသံကြားလိုက်ပါသည်။ ကျွန်တော် အိမ်ပေါ်မှ လှည့်ကြည့်လိုက်ရာ ကိုစိန်ဆိုင် ဖြစ်နေသည်ကို တွေ့ရသည်။

'ကိုစိန်ဆိုင် အိမ်ပေါ်တက်ခဲ့လေ'

ကျွန်တော်က ခရီးဦးကြိုဆိုလိုက်ပါသည်။

သို့နှင့် ကျွန်တော်တို့နှစ်ယောက် လက်ဖက်ရည်ကြမ်းဝိုင်းတွင် တစ်ဦးနှင့်တစ်ဦး သိလိုသည်များကို အပြန်အလှန် မေးဖြေနေကြပါသည်။

စာရေးသူက...

'ဗိုလ်ဆိုင် မောင်ရင်နဲ့ အေးအေးဆေးဆေး မတွေ့ရလို့ မမေးဖြစ်သေးတာ။ အခု အေးအေးဆေးဆေး စကားပြောချိန်ရလို့ မေးရဦးမယ်'

'မေးပါ သူငယ်ချင်း'

'လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်က မောင်ရင့်ကို မမြင်အပ်တဲ့ပုဂ္ဂိုလ်တွေက ပစ္စည်းပေးလို့ အလှူဒါနပြုလုပ်ခဲ့တယ်လို့ကြားတယ်၊ အဲဒါ ဟုတ်လား'

'အေး ဟုတ်သားပဲ'

'ကိုယ် စိတ်ဝင်စားလို့ ပြောပြစမ်းပါ'

ကိုစိန်ဆိုင်က...

'ဗိုလ်ကျော် မောင်ရင့် ဘယ်တရားတွေ အားထုတ်နေသလဲ'

'ဝိပဿနာတရား အားထုတ်နေပါတယ်'

'အဲသလိုဆို ပြောမပြတော့ဘူး။ မောင်ရင် ကိုယ်ပြောတာ လက်ခံမှာ မဟုတ်ဘူး။ ကိုယ်ကတော့ စီးပွားရေး



ကြိုးစားရာတုန်းဆိုတော့ သမထကို ပိုပြီး ကျင့်ကြံအားထုတ်နေပါတယ်။ အထူးသဖြင့် ဘုရားဂုဏ်တော်တွေ အဓိဋ္ဌာန်နဲ့ ပွားများနေတယ်။ ဝိပဿနာကျင့်သူဟာ လောကီကို ပယ်တော့တာ မဟုတ်လား'

စာရေးသူမှ...

'ဗုဒ္ဓက မဇ္ဈိမပဋိပဒါလို့ ဆိုထားတယ် မဟုတ်လား။ ကိုယ့်ရဲ့အယူအဆတွေက အစွန်းမရောက်ပါဘူး။ အလယ်အလတ် တွေးခေါ်တာပါ။ လောကီ၊ လောကုတ္တရာ (၂)မျိုး (၂)စား ခွဲခြားလက်ခံသူပါ။ ပြောသာပြောပါ။

ကိုစိန်ဆိုင်မှ...

'ဒီလိုဆို ပြောပြမယ်'

ဆိုပြီး အောက်ပါအတိုင်း ပြောပြပါသည်။

* * *

ဆရာကြီးဦးစိန်ဆိုင်တို့ ဇနီးမောင်နှံ၌ သားသမီးများ ထွန်းကားလာပါသည်။ သားသမီးများ ကြီးပြင်းလာသည်။ ကျောင်းသူ ကျောင်းသားများ ဖြစ်ကြသည်။ အိမ်အသုံးစရိတ်နှင့် ကျောင်းစရိတ်များ ပိုလာသည်။

တစ်ဖက်မှလည်း ရေဝတီမြစ်ရေ တိုက်စားမှုကြောင့် ကမ်းပါးများ ပြိုကျနေသည်။ ကမ်းပါးပြိုရာတွင် ဆရာကြီး ဦးစိန်ဆိုင်တို့၏ ကိုင်းမြေများ မြစ်ထဲသို့ပါနေသည်။

ဒီအတိုင်း ဆက်နေသွားလျှင် ကိုင်းမြေအားလုံး မြစ်ရေထဲပါကာ ထမ်းပိုးထောင်ဘဝ ရောက်သွားမှာ ဆရာကြီးဦးစိန်ဆိုင် စဉ်းစားမိသည်။

စလင်းမြို့တောင်ဘက် ပြွန်သုံးလုံး (ကူတိုရွာ)မှာ ဝိုင်းဝယ်ပြီး အိမ်ဆောက်မည်။ ယင်းပြွန်သုံးလုံးနှင့် မနီးမဝေး လယ်မြေများကိုဝယ်ပြီး လယ်လုပ်မည်ဟု စိတ်ကူးကြံမိသည်။

စိတ်ကူးအကြံကို ဇနီးအား တိုင်ပင်သည်။ ဇနီးက သဘောမတူ။ ဇာတိချက်ကြွေ မွေးရပ်မြေကလေးကို မခွဲလိုဟုပြောသည်။

သို့သော် ရေဝတီမြစ်ရေသည် ဆရာကြီးဦးစိန်ဆိုင်၏ ကိုင်းမြေများကို တစ်နှစ်ထက်တစ်နှစ် ပို၍တိုက်စားလာသည်။ ကိုင်းမြေများ မြစ်ထဲသို့ နှစ်စဉ်ပြိုကျနေသည်။

ဆရာကြီးဦးစိန်ဆိုင်သည် ကိုင်းမြေတွင် စိုက်ပျိုးထားသော သီးနှံများ ရိတ်သိမ်းပြီးသောအခါ ပြွန်သုံးလုံး (ကူတိုရွာ)၏ အရှေ့တောင်ဘက် (၂) မိုင်ခန့်ဝေးသော **အုတ်ကန်ရေထုတ်** (ကြက်မောက်ချောင်းကလေးအနီး) အနီးရှိ ယာမြေများနှင့် လယ်မြေများကို ဝယ်ယူလိုက်သည်။

ထိုနှစ် နွေကာလကုန်ဆုံးခဲ့၍ မိုးဦးပင်ကျခဲ့ပါပြီ။ ဆရာကြီး ဦးစိန်ဆိုင်သည် မိမိဝယ်ထားသော လယ်မြေများနှင့် ယာမြေများကို လုပ်ကိုင်ရန် အုတ်ကန်ရေထုတ် မြောင်းအနီးရှိ ယာကွင်းထဲ၌ တစ်ယောက်တည်း လာခဲ့သည်။ ဇနီးနှင့် သားသမီးများကို ရွာမှာပဲ ထားခဲ့သည်။

ဆရာကြီးသည် မိမိယာကွင်းထဲမှာ ငါးပင်တဲကြီးတစ်လုံးထိုးသည်။ ရှေ့ခေါင်းရင်း(၂)ခန်းကို ကွပ်ပျစ်ခုတင်



www.burmeseclassic.com

www.burmeseclassic.com

ထားသည်။ လူနေရန်ဖြစ်သည်။

ကျန်အခန်းများကို နွားများနှင့် ယာသုံး ထွန်ထယ်ကိရိယာများ ထားသည်။ တစ်ယောက်တည်း ချက် ပြုတ်စားရန် စားနပ်ရိက္ခာများပါ ပြည့်အစုံ အလုံအလောက် သယ် ထားသည်။

ဆရာကြီးသည် ဗုဒ္ဓဘာသာဝင် တစ်ယောက် ဂိုဏ်းတော်ဝင် ဆရာတစ်ယောက်ဖြစ်သည့် အတိုင်း နံနက် အိပ်ရာထ၊ ည အိပ်ရာဝင်များမှာ ဘုရားရှင်အား အလင်းတိုင်ထွန်းညှိ ပူဇော်ခြင်း၊ အမွှေးတိုင်ထွန်း ပူဇော်ခြင်း၊ သောက် တော်ကပ်လှူခြင်းများ ပြုလုပ်သည်။

ငါးပါးသီလခံယူပြီး အနန္တငါးပါးကို ရှိခိုးသည်။ ဂုဏ်တော်များကို အဓိဋ္ဌာန် ဖြင့် ပုတီးစိပ်သည်။ သတ္တဝါအပေါင်း ကို မေတ္တာပို့ အမျှပေးဝေပါသည်။ ဤသည်မှာ ဆရာကြီး ဦးစိန်ဆိုင်၏ နေ့စဉ်ပြုလုပ်နေကျ အာစိဏ္ဏကံပင် ဖြစ်သည်။

ယနေ့ ဆရာကြီးဦးစိန်ဆိုင် စလင်း မြို့၊ မြို့မဈေးကြီးသို့သွားသည်။ အုန်း သီး၊ ငှက်ပျောသီးများနှင့် ဖယောင်း တိုင်ထုပ်၊ အမွှေးတိုင်ထုပ်များ ဝယ်ခဲ့ သည်။ ယာထဲသို့ရောက်လျှင် ဇလုံ ကြီး၊ အုန်းသီးနှင့် ငှက်ပျောသီးများကို ရေစင်အောင် ဆေးကြောသည်။ ပြီး လျှင် စားပွဲပေါ်၌ သာသနာပွဲ တည်ပါ သည်။ ပါးစပ်မှလည်း...

'ကျွန်ုပ်ကို စောင့်ရှောက်သော ကိုယ်စောင့် နတ်များ၊ ရိုးရာနတ်စောင့်များ၊ ဆေးစောင့် နတ်များ၊ တောစောင့်နတ်၊ တောင်စောင့် နတ်များ၊ ကျွန်ုပ်ပိုင်ဆိုင်သော လယ်ယာမြေ တို့ကို စောင့်ရှောက်သော ပိုင်ဆိုင်သော၊ နယ်ပိုင်ကွင်းပိုင်များ၊ မြင်အပ်မမြင်အပ် ပုဂ္ဂိုလ်အားလုံးများ...



ကျွန်ုပ်ပြုလုပ်သမျှ ကုသိုလ်ကောင်းမှုများ နှင့် ယခု သာသနာပွဲတည်၍ ရအပ်သော ကုသိုလ်ကောင်းမှုများကို အသင်တို့အား အမျှပေးဝေပါတယ်။ အမျှ...အမျှ...အမျှ ယူတော်မူကြပါဗျာ။

ကျွန်ုပ် ယခုနေသော ယာကွင်းအတွင်းရှိ မြင်အပ်မမြင်အပ် ပုဂ္ဂိုလ်များဗျာ ကျွန်ုပ်နှင့် သင်တို့ဟာ ဘဝသံသရာ အဆက်ဆက်မှာ မရေမတွက်နိုင်အောင် အမိ၊ အဖ၊ ဆရာ သမား၊ ဆွေမျိုး၊ မိတ်သင်္ဂဟများ တော်စပ် ခဲ့ကြပါတယ်။ ယခုလဲ ကျွန်ုပ်နဲ့ အသင်တို့ ဟာ ပဋ္ဌာန်းဆက်ရှိလို့ ပြန်လည်ဆုံတွေ့ကြ ခြင်းဖြစ်ပါတယ်။

ကျွန်ုပ်၏ မေတ္တာကို ခံယူကြပါ။ အသင်တို့ ၏ မေတ္တာကိုလဲ အကျွန်ုပ် ခံယူပါတယ်။ ကျွန်ုပ်အား ဘေးအန္တရာယ်မှ ကင်းဝေး အောင် ကာကွယ်စောင့်ရှောက်ကြပါ။ စီးပွား ဉစ္စာ တိုးတက်အောင် ကူညီကြပါ။ စီးပွား ဉစ္စာများ ပေးကမ်းနိုင်လျှင်လဲ ပေးကမ်းကြ ပါ။

ရရှိလာသော စီးပွားဉစ္စာတို့ကို အလှူဒါန ပြုပြီး အမျှပေးဝေပါမယ်။ ကျွန်ုပ် နေ့စဉ် ပြုလုပ်သမျှသော ဒါနကုသိုလ် သီလကုသိုလ်၊ ဘာဝနာကုသိုလ်များကိုလဲ အမျှပေးဝေပါ တယ်။ အမျှ...အမျှ...အမျှ ယူတော်မူကြ ပါဗျာ'

သာသနာပွဲတည်ပြီး အဓိဋ္ဌာန်ဝင် နေစဉ် တစ်နေ့မှာ ဆရာကြီးသည် အိပ်ရာထ မျက်နှာသစ်လိုက်သည်။ ထုံးစံအတိုင်း ဘုရားရှင်အား အမွှေး တိုင်နှင့် ဆီမီးအလင်းတိုင်များ ထွန်းညှိ ပူဇော်သည်။ မျက်နှာသစ်တော်ရေ ကပ်လှူကာ ငါးပါးသီလ ခံယူဆောက်တည်ပါသည်။ အနန္တောအနန္တငါးပါးကို ကန်တော့သည်။

သူ၏ခန္ဓာကိုယ်အား ဘုရားရှင်ထံ လှူလိုက်သည်။ ဘုရားရှေ့တော်၌ တင်ပျဉ်ခွေထိုင်လျက် ဗုဒ္ဓဂုဏ်တော် များကို အဓိဋ္ဌာန်ဖြင့် ပုတီးစိပ်ပါသည်။ စက္ခုအာရုံ မပျံ့နှံ့စေရန် မျက်လွှာများ ကို ချထားသည်။

ခဏကြာလျှင် မျက်စိများ မှိတ် ထားသော်လည်း ချောမောလှပသည့် မိန်းမပျိုများကို မြင်နေရသည်။ ဆရာ ကြီးသည် မျက်စိများကို ဖွင့်ကြည့် လိုက်ရာ တကယ်ပင် မိန်းမပျိုများကို တွေ့မြင်နေရသည်။ သူ့အား တပ်မက် ဖွယ်သော အပြုံးများဖြင့် နှုတ်ဆက်နေ သယောင်အနေအထားကို တွေ့ရ သည်။

ငါ့ရဲ့အကျင့်သီလတို့ကို လာ၍ ဖျက် ဆီးကြသော ဥစ္စာစောင့်မ(ဝေမာနိက) ပြိတ္တာများပင် ဖြစ်သည်။ ငါ မတပ်မက်၊ ငါ့ရဲ့ခန္ဓာကိုယ်အား ဗုဒ္ဓဘုရားရှင်အား လှူဒါန်းပြီးပြီ။ သူတို့ သတ်လိုက သတ်ပါစေ။ သေစေလိုက သေပါစေ။ ငါ့ရဲ့အဓိဋ္ဌာန်ကို မဖျက်ပြီဟု ဆုံးဖြတ် ကာ မျက်စိများကို ပြန်မှိတ်လိုက်သည်။

ရဲရင့်စွာဖြင့် အဓိဋ္ဌာန်မပျက်အောင် ပုတီးစိပ်လိုက်သည်။ အဓိဋ္ဌာန်ပုတီးစိပ် ပြီး၍ မျက်စိများကို ဖွင့်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com

သောအခါ စောစောက မြင်ရသော မိန်းမချောကလေးများ မရှိတော့ချေ။ သတ္တဝါအပေါင်းကို မေတ္တာပို့ အမျှ ပေးဝေလိုက်ပါသည်။

နောက်တစ်နေ့...

ဆရာကြီးဦးစိန်ဆိုင်သည် နံနက် စောစော အိပ်ရာမှထ မျက်နှာသစ် လိုက်သည်။ ဗုဒ္ဓဘုရားရှင်အား အမွှေးတိုင်၊ အလင်းတိုင်များ ထွန်းညှိပူဇော် ပါသည်။ မနေ့ကအတိုင်း ဗုဒ္ဓဝေယျာဝစ္စများ ဆောင်ရွက်ပြီး အဓိဋ္ဌာန်ပုတီး စိပ်ပါသည်။ အမြင်အာရုံကို ထိန်းချုပ်သည့်အနေဖြင့် မျက်စိများကို မှိတ်ထားသည်။

ခဏကြာလျှင် အာရုံထဲ၌ ကြောက်မက်ဖွယ်သော ရုပ်ဆင်းအင်္ဂါ ရှိသော သူများကို မြင်ရသည်။ ဆရာကြီးသည် မျက်စိများကို ဖွင့်ကြည့်လိုက်သည်။ တကယ်မြင်နေရပါသည်။

မျက်လုံးပြူးပြူး မျက်ဆန်ပြူးပြူး များနှင့် ပါးစပ်များ ဟစီဟစီ ဖြစ်နေသည်။ သွားများမှာ မညီမညာ ရှိနေပြီး အစွယ်များမှာ ပါးစပ်အပြင်ဘက်သို့ ငေါထွက်နေသည်။ ကြောက်မက်ဖွယ်ရာ အမူအရာများဖြင့် ခြောက်လှန့်နေသည်။

ဆရာကြီးသည် မတုန်လှုပ်ပေ။ အဓိဋ္ဌာန်မပျက်အောင် ပုတီးစိပ်မည်ဟု ဆုံးဖြတ်ကာ မျက်စိများကို ပြန်မှိတ်လိုက်သည်။ ဂုဏ်တော်များကို အာရုံမိအောင် ပုတီးစိပ်လိုက်ပါသည်။

ပုတီးစိပ်ပြီး မျက်စိများ ဖွင့်လိုက်သောအခါ စောစောက မြင်ရသော ကြောက်မက်ဖွယ်ဖြစ်သော ပုဂ္ဂိုလ်များကို မတွေ့ရတော့ချေ။

ဆရာကြီးသည် ကိုယ်စောင့်နတ်၊ နယ်စောင့်နတ်၊ ကွင်းစောင့်နတ်၊ ယာစောင့်နတ်၊ လယ်စောင့်နတ်၊



တောင်စောင့်နတ်၊ တောစောင့်နတ်များနှင့် မြင်အပ်မမြင်အပ် ပုဂ္ဂိုလ်များကို မေတ္တာပို့ အမျှပေးဝေပါသည်။

သုံးရက်မြောက်နေ့ ဆရာကြီး အဓိဋ္ဌာန်ပုတီး စိပ်ပြီးသောအခါ တဲအပြင်တွင်လူ(ယောကျာ်း)လေးယောက် ရောက်လာပါသည်။ သူတို့က...

'ဆရာကြီးကို ရတနာပစ္စည်းတွေ ပေးချင်လို့ လိုက်ခဲ့ပါ'

ဟု ခေါ်သည်။

ဆရာကြီးသည် ထိုပုဂ္ဂိုလ်(၄)ယောက်နောက်သို့ တူးရွင်းငန်းပြား ကိုင်ကာ လိုက်သွားသည်။ ငါးပင် တင်းကုပ်ကြီးနှင့် မနီးမဝေးသို့ ရောက်သောအခါ တစ်ယောက်သောသူက...

'ဒီနေရာကို ငန်းပြားနဲ့တူးပြီး ရွှေငွေ ရတနာဥစ္စာများကို ယူပါ'

ဟုလက်ညှိုးညွှန်၍ ပြောလိုက်သည်။

ဆရာကြီးသည် သူတို့ညွှန်ပြသော နေရာကို ငန်းပြားနှင့်တူးကာ မြေစာကို ကော်တင်လိုက်သည်။ အိုးတစ်လုံး ပေါ်လာသည်။

တူးရွင်းငန်းပြားနှင့် တူးကာ မြေစာကို နောက်တစ်ကြိမ် အပေါ်သို့ ကော်တင်လိုက်သည်။ အိုးကလေးတစ်လုံး ထပ်ပေါ်လာသည်။ တတိယအကြိမ် တူးကော်လိုက်ပြန်ရာ နောက်ထပ် အိုးကလေးတစ်လုံး ပေါ်လာပြန်သည်။

ထိုသို့ အိုးများ ပေါ်လာချိန်တွင် ရတနာပစ္စည်းများ တူးယူရန်ပြောသော ပုဂ္ဂိုလ်များ၏ နောက်မှ ဖိုးသူတော်အဝတ်မျိုး ဝတ်ထားသော ပုဂ္ဂိုလ်ကြီးတစ်ယောက် ပေါ်လာသည်။

ထိုဝတ်ဖြူစင်ကြယ် ဝတ်ဆင်ထားသော ဖိုးသူတော်ကြီးက...

'သားတော် ဒီရွှေငွေရတနာတွေ မက်မောတွယ်တာမနေပါနဲ့၊ သားတော်ရဲ့ အဓိဋ္ဌာန်ကျင့်စဉ်ကိုသာ ဆက်လက်ကြိုးစားအားထုတ်ပါ'

'ဘိုးတော် ယခုကိစ္စမှာ ကျွန်တော်က လောဘဇောတိုက်ပြီး ရှာဖွေခြင်း မဟုတ်ပါ။ ဒီပုဂ္ဂိုလ်ကြီးများ တူးယူရန် နေရာပြလို့ တူးခြင်းဖြစ်တယ်။ ရရှိတဲ့ပစ္စည်းများကိုလဲ အချို့ကို လှူဒါန်းပြီး အချို့ကို သုံးစွဲမှာ ဖြစ်ပါတယ်'

'ဘယ်လိုပဲဟုတ်ဟုတ် ဒီရတနာ ပစ္စည်းတွေကို မြေကြီးများနဲ့ ပြန်လည် ဖို့လိုက်ပါ'

ထိုကဲ့သို့ ပြောပြီးနောက် ဖိုးသူတော်ကြီးနှင့် လူ(၄)ယောက် ချက်ချင်း ပျောက်ကွယ်သွားပါသည်။ ဆရာကြီး ဦးစိန်ဆိုင်သည် တင်းကုပ်ကြီးဆီသွားပြီး နွားချေးကျုံးသော ခြင်းတောင်းကလေး သွားယူသည်။

ရတနာများ တူးဖော်ထားသော ကျင်းနှင့် မနီးမဝေးနေရာမှ မြေကြီးများ ခြင်းတောင်းထဲသို့ ငန်းပြားနှင့် ကော်ထည့်သည်။ ထိုမြေကြီးများကို ရတနာများရှိသော ကျင်းထဲသို့ လောင်းဖို့သည်။

နောက်တစ်ကြိမ် မြေကြီးများကို ခြင်းတောင်းထဲသို့ ထည့်ပြီး ကျင်းထဲ သွန်မည်ပြုလိုက်ရာ မြေကြီးဖြင့် ဖို့ထားသော ရတနာများ ပြန်ပေါ်နေသည်ကို တွေ့ရသည်။

ရှေ့လဆက်ဖတ်ပါရန်

**စလင်း ဦးချော**

www.burmeseclassic.com

www.burmeseclassic.com

ရှေးအခါက ရှေးလူကြီးများသည် အင်္ဂရတ်ပညာကို အရေးပေး အလေးထားပုံရှိကြသည်ဟု ကျွန်တော် ထင်မိပါသည်။

ကျွန်တော်ငယ်စဉ် (၁၃)နှစ်၊ (၁၄)နှစ် အရွယ်ခန့်လောက်ကသော်မှ ကျွန်တော်နေသော ရွာတွင် ဆရာတော်ကြီးများ အပါအဝင် (၄)ဦး၊ (၅)ဦးမျှ တွေ့မိပါသေးသည်။ ယခု ကျွန်တော် မျက်မြင်၊ ယခုအချိန်မှာတော့ အင်္ဂရတ်ထိုးခြင်းမှာ အလွန်နည်းပါးနေသည်ကို တွေ့ရပါသည်။

ယခု ကျွန်တော် ရေးသားဖော်ပြချင်သည်မှာ...

ကျွန်တော်၏အဖေ ပြောပြခဲ့ဖူးသည့် လွန်ခဲ့သည့်နှစ် (၈၀)ခန့်လောက်က ဖြစ်ရပ်မှန်အကြောင်းကလေး ဖြစ်ပါသည်။

အဖေ၏ ဦးလေးတော်စပ်သူ ဦးမြ ဆိုသူတစ်ယောက်ရှိပါသည်။ ဦးမြသည် ရှေးလူကြီးများနည်းတူ အင်္ဂရတ်ညာကို ဝါသနာပါသူဖြစ်သည့်အလျောက် တစ်ကိုယ်တည်းဖြစ်၍ သူ၏ အိမ်ခေါင်းရင်းတွင် ယင်းအင်္ဂရတ်ထိုးရန်အတွက် အိမ်နှင့် တွဲပြီး အဆောင်ကလေးတစ်ခု သီးသန့်လုပ်၍ ထားပါသည်။ နေ့ရှိသရွေ့ အင်္ဂရတ်ထိုးသည့် အလုပ်၌သာ ပျော်မွေ့နေတတ်ပါသည်။

ဦးမြနှင့် ဝါသနာတူ လူကြီးများ ဆုံမိကြသောအခါများတွင်လည်း ထိုအကြောင်းများသာ အပြန်ပြန်အလှန်လှန် ဆွေးနွေးပြောဆိုလေ့ ရှိကြသည်။ တစ်ယောက်နှင့်တစ်ယောက် မသိတာတွေမေး လုပ်သင့်လုပ်ထိုက်သည်များကို ပြောကြဆိုကြဖြင့် ထိုလူကြီးများနှင့် အချိန်ကုန်တတ်ကြသည်။



မြူလေးကျော်

# ရွှေရောင်ဓာတ်လုံးလေး

ဇော် နောက်ဆုံးနေ့

တစ်နေ့မှာတော့ ကျွန်တော့်အဖေ၏ဦးလေး ဦးမြသည် အဖေဆီသို့ လာ၍ သူလက်ထဲတွင်ပါလာသော ကတ္တီပါအိတ်ကလေးဖြင့် အသေအချာ ထုပ်ထားသော အထုပ်ကလေးကို ဖြေ၍ သူ၏ လက်ဝါးထဲသို့ ဝင်းဝါနေသော အလုံးကလေးကို အဖေအား ဝမ်းမြောက်ဝမ်းသာဖြင့် ပြပါသည်။

'ဒီမှာကွ... ငါ့တူ၊ ငါတော့ လုပ်ရကျိုးနပ်ပါပြီကွာ၊ ဒီမှာကြည့်စမ်း၊ ရွှေတုံးရွှေခဲနဲ့ ဘာခြားလို့လဲ'

'ဟာ... ဟုတ်ပါရဲ့ ဦးလေးမြ၊ အဲဒါ ရွှေတုံးအစစ် မဟုတ်ဘူးလား'

'ဘယ်ကလာ ရွှေအစစ်ဟုတ်ရမှာလဲ၊ အဲဒါ ဓာတ်ပေါင်းစုံထည့်ပြီး ထိုးထားတဲ့ ဓာတ်လုံးကွ'

'ဦးလေးမြတော့ ဟန်ကျတာပဲ၊ ရွှေအစစ်ဆိုပြီး ရောင်းရင်တောင် မနည်းရမှာ ကျွန်တော်က တကယ်ရွှေတုံးလေး မှတ်နေတာ'

'ရွှေအစစ်မှ မဟုတ်ဘဲ ရောင်းလဲ မရောင်းရဲပါဘူး၊ ဝယ်တဲ့သူရှိလဲ ငါ ဒီ ဓာတ်လုံးကလေးကို မရောင်းရက်ပါဘူးကွာ'

'ဟာ... ဒီလိုဖြင့် ဦးလေးမြက ဒီ ဓာတ်လုံးကို ဘာလုပ်မှာလဲ ဘာအသုံးချဖို့လဲ'

'ငါက အစကတည်းက ရွှေဖြစ်ထိုးနေတာ မဟုတ်ပါဘူး။ ငါ ဝါသနာပါတာရယ်၊ ပြီးတော့ ဟောဒီ ဓာတ်ပေါင်းစုံပါဝင်တာတဲ့ ဓာတ်လုံးဟာ အဆိပ်အတောက်ရှိတဲ့ သတ္တဝါတွေ ထိမိကိုက်မိရင် သုံးလို့ရတယ်။ ပယောဂအားလုံးကိုလဲ ပြီးစီးတယ်ကွ'

www.burmeseclassic.com

'ဩော် ဟုတ်လား'

'အေး...ဟုတ်တယ်၊ ငါရဲ့ ရည်ရွယ်ချက်ကတော့ ဒါပါပဲကွာ။ ဒီဓာတ်လုံးကလေးကို နောက်ထပ် တစ်မီးပဲ ကျွေးတော့မယ်။ ဒီ တစ်မီးကျွေးပြီးရင်တော့ တော်ပါပြီကွာ'

ဟု ပြောပြောဆိုဆိုဖြင့် ဦးမြသည် သူ၏ လက်ဝါးထဲမှ ဓာတ်လုံးကလေးကို ကတ္တီပါအိတ်ကလေးထဲသို့ တရို တသေ ပြန်ထည့်ပြီး...

'ကဲ... ငါပြန်လိုက်ဦးမယ်၊ နောက်တစ်မီးကျွေးပြီးမှ တစ်ခါကြည့်ပေါ့ကွာ'

ဟု နှုတ်ဆက်ပြီး သူ၏အိမ်ရှိရာသို့ ပြုံးပျော်ရွှင်လန်းကာဖြင့် ပြန်သွားပါသည်။

နောက်ရက် အတန်ကြာသော်...

ဦးမြသည် အဖေ့ဆီကို မရောက်တာကြာသဖြင့် ကျွန်တော်၏ အဖေသည် ဦးမြ၏အိမ်ဘက်သို့ လျှောက်လာခဲ့ပါသည်။

ဦးမြ၏ အိမ်ရှေ့ ရောက်သော်လည်း ဦးမြ၏ အသံမကြားရသဖြင့် အိမ်ထဲသို့ ဝင်ကြည့်လိုက်သောအခါ ဦးမြသည် ပိန်လှီနေပြီး မလှုပ်မယှက် ငုတ်တုတ်ထိုင်ကြီး ဖြစ်နေတော့၏။

'ဟာ...ဦးလေးမြ ဖျားနေတာလား။ တော်တော်ပိန်သွားတာပဲ။ ဘယ်လိုဖြစ်တာလဲ၊ အခု ဘယ်လိုနေလို့လဲ'

ဟု အဖေမှ မေးခွန်းတွေ ဆက်တိုက် မေးနေသော်လည်း ဘာတစ်ခုမှ ပြန်မပြောဘဲ တွေတွေဝေဝေကြီး ဖြစ်နေ၏။

'ဒီမှာ ဦးလေးမြ၊ ဘာစားချင်လဲ၊ ဝမ်းထဲက ဘယ်လိုနေလို့လဲ။ စားချင်တာ ပြောလေ၊ နေမကောင်းတာများ တစ်ယောက်ယောက် ပြောခိုင်းလိုက်ရောပေါ့။ ကျွန်တော်လဲ အလုပ်တွေ များနေလို့ ဒီဘက် မရောက်ဖြစ်တာ'



'အေး... ဘယ်လိုဖြစ်တယ်ဆိုတာ ငါ ပြောပြပါမယ်၊ အေးအေးဆေးဆေး ထိုင်ပါဦး'

ဟု ပြောကာ အနားတွင် ထည့်ပြီးသားရှိနေသော လက်ဖက်ရည်ပန်းကန်ထဲမှ ခပ်အေးအေးဖြစ်နေသည့်လက်ဖက်ရည်ကို အားရှိပါးရှိ မော့ချလိုက်ရင်း သူပြောမည့် စကားကို အစပျိုးလိုက်ပါသည်။

'ငါ အခုလို ဖြစ်ရတဲ့ အကြောင်းရင်းက ဒီလိုကွ...'

ဟု သူ့ကိုယ်သူ မနည်းအား ယူ၍ ပြောနေရှာပါသည်။

'ငါ မင်းတို့အိမ်က မင်းကို အဲဒီ ဓာတ်လုံးလေးပြပြီး ပြန်လာလို့ (၂)ရက်လောက်မှာပေါ့ကွာ။ ငါရဲ့ ဓာတ်လုံးလေးကို အမြတ်နိုးပဲ စိတ်ထဲမှာ စွဲစွဲလမ်းလမ်းဖြစ်ပြီး နေ့ဘက်မှာလဲ ခဏခဏ ထုတ်ယူပြီး ကြည့်၊ ညဘက်မှာလဲ ခဏခဏကြည့်နေမိတယ်၊ မျက်စိထဲမှာကို အမြဲ မြင်ယောင်နေတယ်'

ပြောပြောဆိုဆို ရေနွေးလေးကို အာစွတ်ရုံလောက် ငုံ၍ သောက်လိုက်ပြီး စကားပြန်ဆက်၍...

'အဲဒါနဲ့ ဒီဓာတ်လုံးလေးကို လက်ဝါးပေါ် တင်ကြည့်ပြီးတော့ ဒီ တစ်မီးကျွေးပြီးရင် ငါ့ဓာတ်လုံးလေးကို အမြတ်တနိုးထားမယ်လို့ စိတ်ထဲမှာ ရည်မှန်းထားတယ်ပေါ့ကွာ။

အဲ... တိုတိုပြောရရင်တော့ နောက် တစ်နေ့မှာပဲ ဒီဓာတ်လုံးကလေး လုံထဲ အကျအနထည့်ပိတ်ပြီး ဖော် ငါ ဖားဖိုနားထိုင်ပြီး အလုပ်စတော့ ပဲ။

ဒီလိုနဲ့ မီးအားကလဲ တော် လေး အရှိန်ရလာပြီဖြစ်တဲ့အတွက် ဓာတ်လုံးကို မျက်စိအာရုံထဲရောက် ဖားဖိုကို တရှူးရှူးဆွဲနေတာပေါ့'

ဦးမြမှာ တံတွေးကို ကျိုခနဲ မျိုချလို ပြီး စကားမဆက်ဘဲ နေပါသည်။

'အဲဒါနဲ့ ဘာဖြစ်သွားလဲ ဦးလေး ဆက်ပြောစမ်းပါဦး'

ဟု အဖေမှ စကားစကို ဆက် မေးလိုက်ပါသည်။

'အေး... အဲဒီလို ရဲနေတဲ့မီး စူးစူးစိုက်စိုက် သတိထားကြည့်နေ မှ ရှီခနဲမြည်တဲ့ အသံကြားလိုက်တာ ငါလဲ လန့်သွားတယ်။ အဲဒီအသံ တခြားက အသံမဟုတ်ဘူး။ ငါ ဖား ဆွဲနေတဲ့ မီးရဲရဲထဲက ဝင်းဝါတော တောက်ပြောင်နေတဲ့ အရောင်တ ကြီးဟာ ငါ့ခေါင်းပေါ်က အမိုး ဖောက်ထွက်သွားတယ်။

အဲဒါနဲ့ ငါလဲ မျက်စိတွေ ပြာသွား ဘာဆက်လုပ်ရမှန်းမသိဘဲ မတ်တ ရပ်ပြီး ငိုင်သွားတာပေါ့...

နောက် သတိပြန်ရလာပြီး ထိုင် မီးရဲရဲထဲကို လိုက်ရှာလိုက်တော့ ကလေး တွေ့တယ်။ နောက်လုံ ကို အအေးခံပြီး ခွဲကြည့်လိုက်တဲ့အ မှာ...

"ဟာ"

ငါ့ဓာတ်လုံးလေးတော့ သွားပါပြီ ငါ့ဓာတ်လုံးလေးဆုံးပြီ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ပြီး

www.burmeseclassic.com

ါင်မိုးမှာလဲ အပေါက် မတွေ့ရတော့ ါင်မိုးများကပ်နေမလား ဆိုပြီး သေအချာကြည့်သေးတယ်၊ မတွေ့ ဘူး။ **လုံလဲ မကွဲဘဲ တတ်လုံးထွက် သွားတာ အံ့ဩစရာပဲ။**

ဟိုနားသည်နား အနားပတ်ဝန်း ျင် လိုက်ရှာတော့လဲ ဘာတစ်ခုမှ တွေ့ရတော့ဘူး။ အဲဒါနဲ့ ငါလဲ တ်ပျက်လက်ပျက်နဲ့ အိမ်ပေါ်ကို က်ပြီး ပစ်လှဲနေလိုက်တော့တယ်။ ပေမယ့် ငါရဲ့ တတ်လုံးလေးကိုတော့ က်စိထဲက မထွက်ဘူးကွာ။

အဲဒါနဲ့ ထမင်းဟင်းလဲ မစားဖြစ်တာ ၂ရက်လောက်ရှိပြီ။ အိပ်တော့လဲ ျော်သလို မပျော်သလိုပါပဲကွာ'

အဖေမှ သူ့ဦးလေး၏စကားကို ဆုံးသတ်အောင် နားထောင်နေရင်း စိတ်မကောင်းစွာဖြင့်...

'ဦးလေးမြရယ် ဘယ်ပစ္စည်းဖြစ်ဖြစ် ိုယ်နဲ့ထိုက်မှ ကိုယ်ရတာ၊ အခုဟာ ဲ ကိုယ်နဲ့ မထိုက်လို့သာ မှတ်ပါ တော့။ ဘာမှလဲ စိတ်မကောင်းစရာ တွေ တွေးမနေပါနဲ့တော့၊ နောက် မျိုး တတ်လုံးပြန်လုပ်လဲ ရဦးမယ့် ာပဲ ဦးလေးမြရယ်'

'တော်ပါပြီကွာ၊ နောက်လဲ ပြန် မလုပ်တော့ပါဘူး။ ကြာရင် ငါ အရူး ဘဝကို ရောက်ရလိမ့်မယ်။ ဒီနေ့ ဒီ အချိန်ကစပြီး ဒီအလုပ်ကို မလုပ်တော့ ပါဘူးလို့ ငါ ဆုံးဖြတ်လိုက်ပါပြီ'

'ကဲ...ဦးလေးမြ ကိုယ့်ကိုယ်ကိုယ် သာ နေကောင်းအောင်နေပါ။ ဘာတွေ မှ တွေးတောမနေပါနဲ့တော့၊ ကျွန်တော် ဦးလေးမြစားဖို့ ထမင်းဟင်း နဲ့ မုန့် လာပို့ခိုင်းလိုက်မယ်။ ကျွန်တော် ပြန်လိုက်ဦးမယ်နော်'

ဟု အဖေလည်း နှုတ်ဆက်ပြောဆို ပြီး အိမ်ကို ပြန်လာပါတော့သည်။

ထိုနောက်ပိုင်းမှာတော့ ဦးမြသည် အင်္ဂရုတ်လည်း မထိုးတော့၊ အဲဒီ အကြောင်းလည်း မပြောတော့၊ ဖားဖို ကြီးခမျာလည်း ပစ်ထားလိုက်သည့် အတွက် ဖုန်အလိမ်းလိမ်းဖြင့် လုံးဝ မလှုပ်မယှက် ငြိမ်သက်လျက် ရှိနေ သောဘဝသို့ ရောက်သွားပါတော့ သည်။

ဦးမြသည်လည်း အဲသည်အချိန်မှ စ၍ ဥပုသ်စောင့်၊ ပုတီးစိပ်၊ ဘုရားရှိခိုး တရားထိုင်ခြင်းများကို အချိန်ရလျှင် ရသလို စွဲစွဲမြဲမြဲ အားထုတ်ပါတော့ သည်။

တကယ်တော့ ဤမျှလောက် မပြောပလောက်သော တတ်လုံး ကလေးကို မဆိုထားဘိ ကိုယ့်မယား၊ ကိုယ့်လင်၊ ကိုယ့်သားသမီး၊ စိန်ရွှေ ရတနာ တိုက်တာအိုးအိမ် သေညီများ ဆဲသော်မှ ခွဲခွာချိန် ကျလာပါက တစ်နေ့ နေ့ တချိန်ချိန်မှာ ကွဲကွာ ခွဲခွာကြရ မည်မှာ မလွဲဧကန် မွေတဲ့ပင် ဖြစ်ပါ သည်။

သို့အတွက်ကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော လက္ခဏာရေး သုံးပါးကို လက်ကိုင်ထား၍ ဆင်ခြင် ရှုမှားကြမှသာလျှင် လောဘ၊ ဒေါသ၊ မောဟတည်းဟူသော မီးများကို ငြိမ်း သတ်နိုင်ကြမည် မဟုတ်ပါလား။

ဒါကြောင့် ဦးမြကို သင်ခန်းစာယူပြီး သံဝေဂများ ရနိုင်ကြပါစေ။

**(ကျွန်တော်၏အဖေ ပြောခဲ့သည့် အတိုင်း ဖြစ်ရပ်မှန်ကို စာရှုသူ အပေါင်းတို့အား ရေးသား ဖော်ပြ လိုက်ရပါသည်။)**

***[ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ ကြပါစေ။]***

**ဖြူလေးကျော်**

**စာရှုသူ သုတေသီ အကြိုက်ပညာရှင်များခင်ဗျာ...**

ယခုဖော်ပြပါ ဖြစ်ရပ်ကဲ့သို့ တတ်လုံးလေးများ ခေါင်မိုးသည်၊ ပေါက်မထွက်သွားဘဲ ပျောက်ခြင်းမရှ ပျောက်သွားသည့် ဖြစ်ရပ်မှန် အကြောင်းရင်းများ၊ သိရှိသူ အကြိုက်ပညာရှင်များက နက္ခတ်ရောင်ခြည်မဂ္ဂဇင်းသို့ ရေးသားပေးပို့ပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်...

ဦးကျော်ကိုသိန်း
စာတည်းမှူး
နက္ခတ်ရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

ဤလတွင် **တနင်္လာ၊ အင်္ဂါနှင့် သောကြာသားသမီး**တို့ ကံထူးကံကောင်း၍ ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါလိမ့်မည်။

ထီလက်မှတ်များကို ရွေးချယ်ရာတွင် **၄၊ ၆၊ ၈၊ ၅** ဂဏန်းခြေများကို ဦးစားပေး၍ ရွေးချယ်ပါ။

တွဲဖက်သင့်သော အက္ခရာများမှာ **က၊ ဃ၊ ပ၊ ဘ** တို့ ဖြစ်ကြသည်။ မိမိတို့၏ မွေးလရာသီအရ ကံအခွင့်အလမ်းများကို အသုံးချလိုပါက အောက်တွင် ကြည့်ပါ။

# ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် ထီ ဆုကြီးများ ဆွတ်ခူးနိုင်ဖို့



ထီလက်မှတ် အရောင်းဆိုင်၌ ကံစမ်းပါ။ စနေနေ့ ကံလာဘ်ကောင်းမွန် ပွင့်လင်းသည်။ ထီမထိုးမီ ချဉ်သောအရသာ တစ်ခုခု စားသွားပါ။

ကောက်ချက်ချပါ။ ခနုရာသီဖွား
အတွက် ပုပ်သိုးသော့အရသာ ဟူသ
ငါးပိ၊ ချဉ်ဖတ်ကဲ့သို့သော စားဖွယ်
ဆိုလိုသည်။

* * *

| မွေးလရာသီ | ဂြိုဟ်ခြေ | အရောင် | အရပ် | လာဘ်ပွင့်နေ့ | အရသာ | စပ်တူထိုးလျှင် | ရှောင်ရန် |
|---|---|---|---|---|---|---|---|
| မိဿ ဟတ်၂၀မှဧပြီ၂၀ | ၆ | ပြာ | အရှေ့တောင် | စနေ | ချဉ် | အင်္ဂါသားသမီး | စနေသားသမီး |
| ပြိဿ ဧပြီ၂၀မှမေ၂၀ | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သောကြာသားသမီး | တနင်္ဂနွေသားသမီး |
| မေထုန် မေ၂၀မှဇွန်၂၀ | ၉ | ဖြူ | အရှေ့မြောက် | ဗုဒ္ဓဟူး | ငံ | တနင်္ဂနွေသားသမီး | တနင်္လာသားသမီး |
| ကရကဋ် ဇွန်၂၀မှဇူ၂၀ | ၇ | နက် | အနောက် | သောကြာ | ဖန် | ဗုဒ္ဓဟူးသားသမီး | သောကြာသားသမီး |
| သိဟ် ဇူ၂၂မှဩ၂၀ | ၀ | နက် | အနောက် | သောကြာ | ဖန် | ဗုဒ္ဓဟူးသားသမီး | သောကြာသားသမီး |
| ကန် ဩ၂၂မှစက်၂၀ | ၅ | ဖြူ | အရှေ့မြောက် | ဗုဒ္ဓဟူး | ငံ | တနင်္ဂနွေသားသမီး | တနင်္လာသားသမီး |
| တူ စက်၂၂မှအောက်၂၂ | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သောကြာသားသမီး | တနင်္ဂနွေသားသမီး |
| ဗြိစ္ဆာ အောက်၂၃မှနို၂၀ | ၆ | ပြာ | အရှေ့တောင် | စနေ | ချဉ် | အင်္ဂါသားသမီး | စနေသားသမီး |
| ဓနု နို၂၂မှဒီ၂၀ | ဂ | မြောက်ကျား | အနောက်တောင် | ကြာသပတေး | ပုပ်သိုး | စနေသားသမီး | ဗုဒ္ဓဟူးသားသမီး |
| မကာရ ဒီ၂၀မှဇန်၁၉ | ၂ | မြ | အနောက်မြောက် | အင်္ဂါ | ငံ | ဗုဒ္ဓဟူးသားသမီး | ကြာသပတေးသားသမီး |
| ကုံ ဇန်၂၀မှဖေ၁၈ | ၁ | နီ | အရှေ့ | ဗုဒ္ဓဟူး | စပ် | ကြာသပတေးသားသမီး | အင်္ဂါသားသမီး |
| မိန် ဖေ၁၉မှမတ်၂၀ | ၄ | စိမ်း | မြောက် | တနင်္ဂနွေ | ချိုမြ | တနင်္လာသားသမီး | ဗုဒ္ဓဟူးသားသမီး |

**ဥပမာ ။ ။ ဗြိစ္ဆာရာသီဖွား** (အောက်တိုဘာလ ၂၃ ရက်မှ နိုဝင်ဘာလ ၂၀ ရက်အတွင်း မွေးဖွားသူ)တို့သည် (၆) ဂဏန်း။ အပြာရောင်တို့ လာဘ်ပွင့်စေသည်။ အရှေ့တောင်ထောင့်အရပ်ရှိ

အင်္ဂါသားသမီးနှင့် စပ်တူ ထိုးနိုင်သည်။ စနေသားသမီးကို ရှောင်ရန် ဖြစ်သည်။ ထီးထိုးချိန်တွင် စနေသားသမီးရှိ မနေသင့်ပါ။

ကျန်ရာသီဖွားတို့လည်း ဤအတိုင်း

ထီလက်မှတ် အရောင်းဆိုင်အ
ဖြင့် **ရွှေ့လျားဆိုင် (တွန်းလှည်း
စက်ဘီး၊ သုံးဘီး၊ ကား၊ စသည်
ရောင်းချသောဆိုင်)**များကို ရှော
ပန်းခြံ၊ အပန်းဖြေဥယျာဉ်၊ အဝိ
အဆောက်အအုံကြီးများ(ရေကန်
များ၏)ကန်ပေါင်၊ ဆောက်လ
အဆောက်အအုံ၊ အုတ်သဲကျေ
ဆောက်လုပ်ရေး ပစ္စည်းအရောင်
မြေထည်စဉ့်ထည် အရောင်း
ပန်းပင် ပျိုးပင်အရောင်းဆိုင် စ
တို့အနီး ဖွင့်လှစ်ရောင်းချသော
များက ဆုငွေများစွာ ဆွတ်ခူ
နိုင်ပါလိမ့်မည်။ ဆိုင်အပြင် အဆ
အစိမ်းရောင်လွှမ်းမိုးအား ကောင်း
ပို၍ သင့်လျော်ပါသည်။

**ထီကံမြင့်ယတြာ ပြုလိုပါက**
အဝါရောင်အခင်းပေါ်ထိုင်၍ မိ
မွေးလရာသီနှင့် သင့်လျော်သည့်
သာ တစ်ခုခု စားသုံးပါ။
ထီးထိုးသောအခါ အုန်းသ
(ရွက်) လက်တစ်ဆစ်ခန့်ဖြတ်၍
အထက်ပိုင်းတွင် ဆောင်သွာ
ထီထိုးပြီးချိန်တွင် အရှေ့မြော
ထောင့်အရပ်သို့ စွန့်ပစ်ပါ။
ကံလာဘ်ပွင့်လင်း၍ ရဖွယ်
သော ငွေကြေးမနည်းစွာများ လ
လင့်တကူ ဝင်ရောက်လာပါလိမ့်မည်

***ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ***

**ထက်မင်းချော်စွာ**

www.burmeseclassic.com

www.burmeseclassic.com

စောမိုးသွင်
(ရန်ကုန်)

# ရေကန်ကြီးမှ ဥမ္မေပင့်ဟိုအကြောင်း


တောခေါင်ခေါင်ထဲက ရေကန်ကြီး။ ရေကန်ကြီးက ကြီးမားပြီး တောင်ကုန်းပေါ်တွင် တည်ရှိလေသည်။ ရေကန်ကြီးသို့ရောက်ရန် ရေကန်ဘေး အုတ်လှေကားထစ် အထစ်နှစ်ဆယ်ကျော်ခန့် တက်ရသည်။ ရေကန်အောက်ခြေမှ ဝါးလေးပြန် အကွာအဝေးတွင်တော့ သင်္ချိုင်းကုန်း ရှိလေသည်။

လွန်ခဲ့သော အနှစ်(၇၀)ကျော်ခန့်က ထိုရေကန်ကြီးနှင့် မနီးမဝေးတွင် ရွာကြီးတစ်ရွာရှိပြီး တစ်ရွာနှင့်တစ်ရွာ ရွာဆက်လည်း ဝေးလေသည်။

မြင်းလှည်း၊ နွားလှည်းခေတ်လည်းဖြစ်ပြီး ကားလည်း ရှားပါးပါသည်။ ဖိုးဝင်းတောင်သို့ ဘုရားဖူးသွားသည့်အခါ နွားလှည်းများဖြင့် သွားကြရပြီး ကြေးစင်တောင်၊ စံပယ်တောင် လက်ပတောင်းတောင်တို့ပင် တောင်အတိုင်းရှိနေပြီး တောင်ပုံ မပျက်သေးပါပေ။

ရွှေသမင်၊ ကျား၊ စပါးကြီးမြွေတို့ ကျက်စားသော အချိန်အခါပါပဲ။ ကျားအောင်းသဖြင့် ကျားတွင်းတောင်ဟု ခေါ်သော တောင်နေရာသည်ပင် အထင်အရှား ရှိနေသေးသည်။

လက်ပတောင်းတောင်၊ ကြေးစင်တောင်၊ စံပယ်တောင်တို့တွင် ရွာသူရွာသားတို့အတွက် ဆူးပုပ်ရွက်၊ ဟင်းချိုရွက်တို့ကို ဘယ်တောင်တက်ခူးခူး ရကြပြီး မိုးကောင်းသဖြင့် ဖိုးဝင်းတောင်တွင် မျှစ်တို့လည်း အလွန်ပေါပါသည်။ မျှစ်အရွက်က တစ်ထွာကျော်ခန့် မျှစ်လုံးမတုတ်ဘဲ နု၍ ချိုသော အရသာ ရှိလေသည်။



▲ ရေကန်ကြီးအနီးရှိ စေတီတစ်ဆူ

ထိုခေတ်အခါက ရွာသူရွာသားတို့သည် ဟင်းသီးဟင်းရွက်ကို တောင်တွေပေါ်တက်ခူးကြ၊ မိုးကြိုးပြင်တောင်

www.burmeseclassic.com

ဖိုးဝင်းတောင်ဘက်ဆီသို့ မျှစ်ချိုးထွက်ကြ၊ ယုန်ထောင်ကြနှင့် သူတို့ဝမ်းစာအတွက် မပူရ။ ယုန်ထောင်ပိုက်ကာ တစ်ထွာကျော်ကျော် အမြင့်ရက်ထားသော ပိုက်အရှည်ကို တုတ်တွေနှင့် စိုက်ကာ ယုန်လာတတ်သော နေရာများတွင် ပိုက်တန်းပြီး ထောင်ခြင်း ဖြစ်ပါသည်။


ယုန်လေးတွေက သဘော်ယုန်လို ဖြူဖြူဖွေးဖွေး မျက်လုံးနီနီလေးတွေ မဟုတ်ဘဲ မီးခိုးရောင်၊ အမည်းရောင် အရောင်မှိန်မှိန်လေးတွေဖြစ်ပြီး မြေသားနှင့် သူတို့ကိုယ်က ရောနေတတ်ပါသည်။

တောင်ယာ စိုက်ခင်းထဲတွင် မြေပဲ၊ နှမ်း၊ ဘူး၊ ဖရုံ၊ ကန်စွန်း၊ ချဉ်ပေါင်၊ ခရမ်းသီး၊ ခရမ်းချဉ်၊ ကုလားပဲခင်းတို့ စိုက်ပျိုးထား၍ သူတို့ တစ်ဝမ်းတခါးအတွက် ဝမြဲပါပဲ။

ကြက်သွန်နီ၊ ကြက်သွန်ဖြူ ထွက်သော အရပ်လည်းဖြစ်၍ တောသူတောင်သားတို့ဘဝကား ရာသီအလိုက် သီးနှံပေါ်ချိန်များတွင် ပွဲရုံများသို့သွင်းကာ ငွေပေါ်သည်နှင့် စည်ခြောသံ တညံညံဖြင့် ရှင်ပြုမင်္ဂလာပွဲများ ကျင်းပကြလေသည်။

ထိုအချိန်အခါက တောသူတောင်သားတို့ စိတ်နှလုံး ချမ်းသာသော အချိန်အခါလည်း ဖြစ်ပေသည်။

ရေကန်ကြီးမှ ရေက ကြည်လင်အေးမြကာ မိုးတွင်းဆို ရေအပြည့်ရှိလေသည်။ နွေအခါပင် ရေမခန်းဘဲ ရေကန်တစ်ဝက်တော့ ကျန်သေးသည်။ ရေကန်ပတ်လည်တွင် ဟင်းငုတ်ပင်တို့က ပတ်ချာလည် ပေါက်နေကြသလို နံနက်စောစောတွင် အပင်အောက်၌ ဟင်းငုတ်ပွင့်တို့ ဖွေးဖွေးလျှပ်နေတတ်သည်။



သိုက်နန်းရှင် အုတ်ခြံမာန်အနီးရှိ စေတီတော်

အညာမှာ ဟင်းငုတ်ပွင့်ဟု ခေါ်သော်လည်း တခြားနေရာများတွင် **သခွတ်ပွင့်**ဟုလည်း ခေါ်ကြသည်။

'သခွတ်ဖြူပင်မင်း ငွေအဆင်းပွင့်ချိန်မှာ
အသူရာ ဒေါ်သထွက်လို့ နတ်ပြည်ထက်သို့
တက်လို့စစ်ထွက်တဲ့အချိန်အခါ အုံ့ကာလေ
တဖွဲဖွဲ ရွာလေတယ်သဲ'

ဆိုသည့် သီချင်းအတိုင်း သိကြားမင်းနှင့် အသူရာမင်းတို့ စစ်ခင်းသည့် မိုးတွင်းကာလတွင် ဟင်းငုတ်ပွင့်တို့ လှိုင်လှိုင်ပွင့်သောကာလ ဖြစ်လေသည်။

သခွတ်ပွင့်ခေါ် ဟင်းငုတ်ပွင့်နှင့် အရွက်တို့ကား ယခုခေတ်တွင် အများဆုံးကြားရသော ဘီပိုး စီပိုး အကောင် ရေလျော့စေသော အပွင့်အရွက်တို့ဖြစ်လေသည်။

အပွင့်ကို အခြောက်လှန်းပြီး ပြန်ပြုတ်၍ ဆီကျက်,ပဲမှုန့် အကြော်ခံ နှမ်းတို့ဖြင့်သုပ်စား အရွက်ကို အခြောက်ခံကာ ရေနွေးထဲတွင် လက်ဖက် ခြောက်ခတ်သလိုထည့်သောက် က ဘီပိုးစီပိုး ရောဂါ သက်သာ စေသည်ဆိုကာစားကြပါသည်။

ညနေအချိန်တွင် ရွာ လူများ။ မိန်းမပျိုလေးများရေခပ် ဆင်းကြလေသည်။ ရေအိုး ကိုယ်စီဖြင့် ရေခပ်ကြသည် မိန်းမပျိုလေးများထဲတွင် ဆံပင် ရှည်ရှည်နှင့် ရေလာခပ်ကြ သော နန်းမြတို့ ညီအစ်မ နှစ်ယောက်လည်း ပါလေသည်။

ထိုခေတ်အခါက မိန်းကလေး ကြီးကြီးငယ်ငယ် ဆံပင်အရှည်ထား သော ခေတ်အခါဖြစ်၍ ဆံပင်ရှည် သည်က မထူးဆန်းသော်လည်း ထူးဆန်းသည်က သူတို့ထားသော ဆံပင်အရှည်သည် ခြေမျက်စိအထိ ရောက်လုနီးပါးရှည်ကာ သူတို့အဝတ် အစားက ဖျင်ကြမ်းမဟုတ်၊ အသား ရောင်ကလည်း မညိုဘဲ ဝါဖန့်ဖန်ဖြေ ဖြစ်သည်။

ရွာသူအပျိုများက မျှစ်ချိုး အရွက် ခူး လယ်ယာထဲဆင်းကာ စိုက်ပျိုးလုပ် ကိုင်ရ၍ အသားရောင်က အညိုဘက် သို့ လုနေသည်။ ထိုညိုတိုတို အပျိုများ ကြားတွင် အသားရောင် ကွဲပြားသော နန်းမြတို့ ညီအစ်မနှစ်ယောက်က ထင်ပေါ်နေလေသည်။

www.burmeseclassic.com

'နှမကြီးတို့က ဘယ်ရွာကလဲ၊ မှောင်စပျိုးမှ ရေလာလာခပ်ကြတာ ထူးဆန်းလို့ပါ။ ရွာက လူတွေ မှောင်စပျိုးရင် ယာတောပြန်တွေက လွဲလို့ သိပ်နောက်ကျရင် ဒီကန်ကြီးကို မလာကြတော့ဘူး။ လာလဲ မောင်တွေ၊ အစ်ကိုတွေ အစောင့်အရှောက်နဲ့ လာကြတော့ ဒို့နှမတို့က မိန်းမသားချည်းပဲ အဖော်လဲ မပါဘူး'

ရေအိုးကူပင့်ပေးရင်း ကိုသာလှက မေးတော့ ဘာမှ မပြောဘဲ ရယ်နေတတ်ကြသည်။

'နှမတို့ဆီကို အလည်လိုက်ချင်လို့ မောင်ကြီးက မေးတာလား၊ အဘိုးကို အလည်ခေါ်ရမလား မေးပြီးမှ အကြောင်းပြန်ပါ့မယ်။ နန်းလှတို့က ဒီရေကန်ကြီးနားက ရွာမှာပဲ နေတာပါ'

သူတို့ ပြန်သွားကြတော့ ရေနှစ်ပုံးကို ထမ်းပိုးနှင့် ထမ်းလာရင်း စဉ်းစားနေမိသည်။ အနီးဆုံးရွာက တောင်ကြား နေရာ အိမ်မရှိ။ တောရဆောက်တည်သည့် ဘုန်းကြီးများနေသည့် ထန်းလက်တဲများသာ ရှိသည်။

နောက်နေ့တော့ နန်းမြ၊ နန်းလှတို့ နောက်ကခံနေ သူတို့နေရာသိအောင် လိုက်ချောင်းဖို့ ဆုံးဖြတ်မိသည်။ သူတို့ အချင်းချင်း နန်းလှရေ၊ နန်းမြရေ ခေါ်ကြ၍သာ နာမည်သိရခြင်းဖြစ်၍ သူတို့တွေက ဘယ်သူလဲမသိ။

'မင်းလဲ ရေထမ်းရင် စောစော သွားထမ်း။ ဒီရေကန်ကြီးနားမှာ ဥစ္စာစောင့်တွေ နေတယ်လို့ ဖိုးတို့ အဘိုးအတွားတွေ ပြောပြတာ နားထောင်ဖူးတယ်။ မင်း တစ်ယောက်တည်း စကားပြောပြောနေတာ တွေ့တယ်လို့ ဖိုးတုတ်က ပြောတယ်။ ဘယ်သူတွေနဲ့ ပြောနေတာလဲ'

'လူနဲ့ပြောရင် ကျုပ်လဲ မြင်ရမှာ၊ ကိုကြီးသာလှက တစ်ခါတလေ တစ်ခုခုကို ပင့်ပေးနေသလို ဟန်တွေ



◆ ဘုရားအနီး ရေပိုရှိ
သေလွန်ပြီးသူများ၏ ဓာတ်များ

လဲ လုပ်နေတတ်တာ တွေ့ရတယ်။ ရေကန်ကြီးဘေးက အဆင်းလှေကား ဘက်ကိုလဲ မျှော်ငေး ကြည့်နေတတ်တာ မရိုးဘူးထင်တယ် အဘရေ'

ဖိုးတုတ်က သူ ဘယ်သူ့ကိုမျှ မမြင်ရဟု သေချာပြောသော်လည်း ကိုသာလှကတော့ သူ့အဖေကို မိန်းကလေး နှစ်ယောက်နှင့် ရေခပ်ရင်း ခင်၍ စကားပြောဖြစ် ရေအိုးပင့်ပေးရတတ်ကြောင်း ပြောပြခဲ့သည်။

'မယ်ရုံ မင်းသားကို ရေမခပ်ခိုင်းနဲ့တော့၊ ဥစ္စာစောင့်နဲ့ တွေ့နေပြီထင်တယ် နည်းနည်းလဲထိန်းဦး၊ မတော် သိုက်ထဲ ပါသွားဦးမယ်'

အိမ်အလုပ်များ တောင်ယာအလုပ်များကို ကူလုပ်ပေးတတ်သော ကိုသာလှက အဖေတို့၊ အမေတို့က ရေမခပ်ရန် ပြောလည်း အိမ်မှာ သူမှ ရေမခပ်လျှင် ညီမတွေ သွားခပ်ရမည်ကို မကြိုက်။ အိမ်က လူတွေ ပင်ပန်းမည်စိုး၍ ကိုယ်တိုင်သာ ရေခပ်ပေးတတ်သည်။ လိမ္မာသော လူငယ်တစ်ယောက် ဖြစ်ပါသည်။

'ကိုသာလှ မျက်နှာလဲ မကောင်းပါလား။ နန်းမြတို့ ဘယ်မှာနေတယ်ဆိုတာကို သေချာမပြောလို့လား။ ကိုသာလှကို နန်းမြတို့က ခင်ပါတယ်။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် မပိုင်ဘူးလေ၊ နန်းမြတို့ကို အဘိုးက အုပ်ချုပ်နေတာ၊ အဘိုးကို အိမ်အလည် ခေါ်ချင်တယ်လို့ ပြောပါတယ်။

အဘိုးက ခဏလာလည်လို့ မရဘူး။ အမြဲနေချင်တယ်ဆိုရင်တော့ ခေါ်ခဲ့လို့ ပြောပါတယ်၊ ကိုသာလှ နန်းမြတို့နဲ့ အတူလိုက်နေနိုင်မလားဟင်'

ကိုသာလှပခုံးကို နန်းမြက တို့ပြောလိုက်စဉ် နန်းလှက ရယ်မောနေသည်ကို ကြည့်ရင်း ခေါင်းတွေ ပတ်ချာလည်နေသည်။ နန်းမြနှင့် နန်းလှတို့ မျက်နှာနှစ်ခုက ပေါ်ချည်ပျောက်ချည် ဖြစ်နေသည်။

ကိုသာလှတို့ အဘိုးက ကိုသာလှတို့ ငယ်စဉ်ကတည်းက အပ်သေးသေးလေးတစ်ချောင်းကို သွေးကြောထဲ ထည့်ပေးကာ မန်းမှုတ်ပြီး အန္တရာယ်ကင်းအောင်လုပ်ပေးတာဟုဆိုပါသည်။

သူများ အတိုက်အခိုက်များကို လည်း မေတ္တာဖြင့် ရေမန်းအဖြစ်သာ ကာသပေးတတ်သောသူလည်း ဖြစ်ပါသည်။ ကိုသာလှကိုရော ညီများကိုပါ အပ်အသေးသေးလေး တစ်ချောင်းစီ ထည့်ပေးထားသော်လည်း နာခြင်း ကိုက်ခြင်းမရှိ။

ထိုအပ်တို့ ဘယ်ရောက်နေသည်လဲလို့ တစ်ခါတစ်ရံ တွေးမိတတ်သည်။ ဘယ်လိုမှ မနေတော့လည်း မေ့မေ့ပျောက်ပျောက် ထားခဲ့ပါသည်။

'ကိုသာလှရယ် နန်းမြတို့နဲ့ အတူတူလာနေပါနော်၊ နန်းမြတို့ကို ခင်တယ်မဟုတ်လား ကိုသာလှသာ လာနေမယ်ဆိုရင် ဒီရွှေ တွေကို ကိုသာလှပိုင်တာတွေ သုံးစွဲဖို့ ပေးမှာပါ ရှေ့...ယူလိုက်ပါ ကိုသာလှ' နန်းမြတို့

www.burmeseclassic.com

ကတော့ ကိုသာလှနဲ့ ညနေအချိန်လေးပဲ တွေ့ကြရတာကို စိတ်မကောင်းဘူး။

အတူတူနေကြရင် အမြဲတွေ့ရမယ်လေ၊ နောက်ပြီး ကိုသာလှ မိဘတွေလဲ ချမ်းသာကြမယ်လေ၊ ကိုသာလှနဲ့ မိဘတွေကသာ နန်းမြတို့ ပစ္စည်းတွေ ပေးတယ်ဆိုတာကို လျှောက်မပြောရင် နောက်ထပ်လဲ ပေးဦးမှာပါ။ မြန်မြန်ယူပြီး အိမ်ကို ပြန်ပို့လိုက်နော်၊ ပြီးတော့ ပြန်လာခဲ့နော် နန်းမြတို့ စောင့်နေမယ်'

ရွှေဒင်္ဂါးပြားတို့ကို လက်ခုပ်ထဲ အပြည့်ထည့်ကာ ပေးနေသော်လည်း ကိုသာလှက လှမ်းမယူဖြစ်၊ ချောမောလှပလွန်းသော နန်းမြမျက်နှာလေးကိုသာ ငေးကြည့်နေမိသည်။

သူ့နားထဲတွင်လည်း **"မယူနဲ့ မယူနဲ့ ယူလို့မဖြစ်ဘူး အိမ်အမြန်ပြန်တော့"**ဆိုသည့် စကားကို ထပ်ခါတလဲလဲ ကြားနေမိသော်လည်း ထိုနေရာမှ မရွေ့ဖြစ်။

ညနေဆည်းဆာချိန်တွင် တိမ်တို့၏ အရောင်က နေမဝင်မီ အစွန်းကုန်တောက်ပနေပြီး နန်းမြ၏ မျက်နှာလေးသည်လည်း တိမ်တောက်ချိန်တွင် ပိုလှနေသလို ခံစားနေမိသည်။

ရွှေဒင်္ဂါးပြားတို့ကား နန်းမြလက်ထဲတွင် ပိုမို ပြည့်မောက်လျှံကျလာပြီး လက်ကြားမှပင် မြေကြီးပေါ်သို့ ယိုထွက်ကျနေတော့သည်။

ပေးတာကို မယူမိဘဲ ချောလွန်းတာကိုပဲ ငေးကြည့်နေမိသည်။ နေ့စဉ်နီးပါး ရေခပ်ချိန်များတွင် တွေ့ခဲ့ဖူး စကားပြောခဲ့ဖူးကြသော်လည်း နန်းမြမျက်နှာလေးက ဒီနေ့လောက် လှသည်ကို မမြင်ဘူးခဲ့ပါပေ။

ထိုစဉ် စက်ဘီးအိုကြီးကို တကျောင်းကျောင်းနင်းတက်လာသည့် အသံနှင့်အတူ လှုသံတို့ ဆူညံလာသည်။



● ရေကန်ကြီးအနီးရှိ အိမ်မက်အရ
[illegible]
[illegible]

စက်ဘီးက တစ်စီးတည်းမက။ ကန်တစ်ဖက် ကိုသာလှတို့ရွာမှနေ၍ ရေကန်ကြီးခြေရင်းအထိ စက်ဘီးနှင့်လာ၍ရသည်။

လှုသံ စက်ဘီးသံတို့ ဆူညံနေသော အသံ၊ **'သာလှရေ သာလှရေ'**ဟု အော်ခေါ်နေသော အသံများကို ကြားလိုက်ရသည့်အခါ ကိုသာလှ မျက်စိရှေ့တွင်ပင် နန်းမြတို့ညီအစ်မ ပျောက်ကွယ်သွားကာ နန်းမြလက်ထဲမှ ရွှေဒင်္ဂါးတွေက မြေကြီးပေါ်သို့ အပုံလိုက် ကျကျန်ခဲ့သည်။

ကိုသာလှက အထိတ်ထိတ်အလန့်လန့်ဖြင့် ရွှေဒင်္ဂါးတွေကို ကောက်ယူရန် ကြိုးစားစဉ် **"မယူနဲ့ မကောက်နဲ့ မင်းကို လိပ်ပြာနုတ်လိမ့်မယ်"**ဟု အဖေ၏ အော်သံကို ကြားလိုက်၍ ရပ်တန့်လိုက်စဉ် အဖေ၊ အဖေ့ညီနှင့် သူငယ်ချင်းတစ်ယောက်တို့ ရှေ့မှာပင် ရွှေဒင်္ဂါးပုံကြီးက မီးသွေးခဲဘဝသို့ ခဏချင်း ရောက်သွားခဲ့ပါသည်။

ကိုသာလှကို ရွာထိပ်ဘုန်းကြီးကျောင်းသို့ ခေါ်သွားကာ ဆရာတော်ကြီးထံမှ ရေမန်းတောင်းတိုက်ရသည်။ စကားမပြောနိုင်ဘဲ ဓိတွတွေကြီး ... နေသော ကိုသာလှ၏ ခေါင်းကို... ကာ ဆရာတော်ကြီးမှ ပရိတ်တော်များ... မေတ္တာသုတ်များ ရွတ်ဆိုပေး... ရေမန်းနှင့်လည်း တောက်ပေးသည်...

'ဒီနေ့ မောင်သာလှကို အိမ်ပြန်မခေါ်... ကျောင်းမှာပဲ အိပ်ပါစေ၊ မင်းလဲ မင်း... စောင့်ရှောက်ဖို့ ဘုန်းကြီးကျောင်းမှာ ... မောင်သာလှ တော်တော်ကံကောင်း... သူ့အတိုး ကိုယ်ထဲသွင်းပေးထားတဲ့ ... လေးကြောင့်ပဲ မပါသွားတာ။

တော်တော်တော့ ကြာပါပြီ။ အ... အဲဒီရေကန်ကြီးမှာပဲ ရွာထဲက မောင်... ဆိုတဲ့ လူတစ်ယောက် မိန်း... ချောချောလှလှလေးတွေနဲ့ တွေ့ပြီး ... ပါလေရော၊ သူတို့ဆီ လိုက်နေဖို့ မောင်... ကို ခေါ်တာ။ လူလဲမယ်တဲ့ သူ လူ... ခဏနေချင်လို့ သူ့အစား လိုက်ခဲ့ပါ...

လူ့ဘဝမှာ အသက်နှစ်ဆယ်ပြည့်ရင် ... သိုက်နန်းကိုပြန်ပြီး မောင်ရွှေမြကို ... ကို ပြန်လွှတ်ပါ့မယ်၊ သူ့အစား သိုက်... မှာ နေပေးပါ။ မိသားစုအတွက် ရွှေ... တို့ ရွှေတုံးရွှေခဲတွေ ပေးပါ့မယ်ဆိုပြီး ... တွေပေးခေါ်တာ။

မောင်ရွှေမြက ပစ္စည်းလဲ မလို... လိုက်လဲမလိုက်ချင်ဘူး ငြင်းပေမယ့် ... လူလဲမှာပဲဆိုပြီး လိပ်ပြာနုတ်သွား... သွားရှာတာ၊ မောင်ရွှေမြ မိဘတွေ... မောင်ရွှေမြအလောင်းနားမှာ ... ပစ္စည်းတွေတော့ တွေ့ပြီးရလိုက်... တော့ သိုက်ထဲ ပါသွားရှာတယ်။

ကဲ ကျန်တဲ့လူတွေ အိမ်ပြန်ပြီး ... ရင် သမ္ဗုဒ္ဓေရွတ်၊ သရဏဂုံသုံးပါး... သွားကြ၊ ပေါ့ပေါ့ဆဆ မနေကြ...

ဆရာတော် မိန့်ကြား၍ ... လူများပြန်သွားကြတော့ ဆရာ...



www.burmeseclassic.com

www.burmeseclassic.com

ဆက်လက် မိန့်ကြားပါသည်။

'မောင်သာလှကို ဒီရွာမှာ မထားနဲ့။ နှောင့်ယှက်နေမှာစိုးလို့ မင်းတို့ အမျိုးတွေရှိတဲ့ မန္တလေးဖြစ်ဖြစ် ခဏ ပို့ထားလိုက်၊ ရေမြေခြားသွားရင် ဆက်မနှောင့်ယှက်နိုင်တော့ဘူး'

ထိုအကြောင်းများကတော့ လွန်ခဲ့သော နှစ်ပေါင်းများစွာက အဖြစ်အပျက်များပါပေ။ ယခု အဖြစ်အပျက်ကတော့ ထိုရေကန်ကြီးအနီးနားတွင် ဥစ္စာစောင့်မလေးများက သူတို့အတွက် ဗိမာန်ပြုလုပ်ပေးပါရန် အိပ်မက်ပေးသဖြင့် အိပ်မက်အရ ပြုလုပ်ပေးထားအုတ်တိုက် ဗိမာန်လေးနှင့် ပန်းချီဆွဲထားသောပုံရှိကြောင်း ရွာသူရွာသားများက ပြောပြသဖြင့် ရေကန်ကြီးကိုလည်း သွားကြည့်ရင်း ရောက်ခဲ့ရာ ဆံပင်အရှည်ဖားလျားချ မိန်းကလေးနှစ်ယောက်၏ ပန်းချီပုံကို လက်ရာမြောက်စွာ ဆွဲထားသည်ကို မြင်တွေ့ခဲ့ရပါသည်။

မှန်တစ်ချပ်ကိုလည်း ပန်းချီပုံ၏ တစ်ဖက်တွင် ချိတ်ပေးထားပါသည်။ ထိုနေရာသို့ သွားကြည့်နိုင်ရန် ရေကန်ကျောင်း ဆရာတော်ကြီးအား ခွင့်တောင်းပြီးမှ သွားကြည့်ခွင့်ရခဲ့ပါသည်။

အုတ်ဗိမာန်အနီးတွင် ဘုရားတစ်ဆူကို ဖူးတွေ့ကြည်ညိုခဲ့ရပြီး ဘုရားအနီးရပ်တွင် ခုတင်အပျက်များကို တွေ့ရှိရ၍ ရွာခံလူများကို မေးကြည့်ရာတွင် လူများ အသက်ရှင်စဉ်က အိပ်သောခုတင်ကို သေလွန်သည့်အခါ အသုဘချပြီးသည်နှင့် ထိုရပ်တွင် လာစွန့်ထားတတ်ကြောင်း သိရပါသည်။

ရှေးယခင်အခါက ထိုသို့ စွန့်ထားသော ခုတင်ပေါ်တွင် တက်အိပ်မိသော လူတစ်ယောက်သည် သူ အိပ်နေစဉ် ခုတင်ကြီး ယိမ်းယိုင်နေ၍ လူးလဲထရာ ခုတင်ကို လူအများ ဝိုင်းမကာ လှုပ်ယမ်းနေ၍ ဆင်းပြေးရန် လုပ်သည့်အခါ လူသေခုတင်တွင် တက်အိပ်နေ၍ သင်္ချိုင်းသို့ ခေါ်သွားရန် ခုတင်ကို မ,ကြောင်း ပြောကြ၍ ခုတင်ကို ဝိုင်းမနေသော သူများမှာလည်း လူမဟုတ်ဘဲ နာနာဘာဝများ ဖြစ်နေကြောင်း သိလိုက်ရပြီး ခုတင်ပေါ်မှ ခုန်ချကာ ထွက်ပြေးရူးကြောင်းပြောပြကြပါသည်။

ခေတ်တွင် ဘယ်လိုပြောင်းပြောင်း၊ ဥစ္စာစောင့်အစွဲကတော့ မပြောင်းလဲကြပါပေ။ ညနေ နေအတော်စောင်းလျှင် ရေကန်ကြီးအနီးသို့ သိပ်မသွားကြကြောင်း၊ ရေကန်ကြီးအနီးတွင် ဥစ္စာစောင့်များရှိကြောင်း ပြောပြကြ၍ ရေကန်ကြီး၏ ပုံကိုလည်း အမှတ်တရ ဓာတ်ပုံရိုက်ယူခဲ့ပါသည်။

ရေကန်ကြီးကလည်း သစ်ပင်များ ပတ်လည်ဝိုင်းကာ သာယာလှပလှသည်။ ရေကန်ကြီးဘေးနှင့် အနီးအနားတွင် သမားမုန်းခေါ် သမုန်းပင်များလည်း ရှိကြသည်။

သမုန်းဖူး သမုန်းပွင့်နှင့် အရွက်နုတို့ကို ပြုတ်ပြီး ကြက်သွန်ဖြူကြော်၊ ပဲမှုန့်၊ ဆီကျက်၊ နှမ်း၊ မြေပဲထောင်းတို့ဖြင့် သုပ်စားပါက ဆေးဖက်ဝင်လေသည်။ ရောဂါများပျောက်၍ သမားတောင်မုန်း၍ သမားမုန်း သမုန်းပင်ဟု ခေါ်ကြောင်း သိရှိရပါသည်။

အညာဒေသ၏ အစားအစာတစ်မျိုးဖြစ်ကာ မကြာခဏ သုပ်စားလေ့ ရှိကြပါသည်။ သမုန်းဖုကား သမုန်းပင်၏ အကိုင်းတို့တွင် အဖုအဖြစ် ကပ်ဖြစ်နေသော အလုံးအဖုလေးများ ဖြစ်ပါသည်။

ထိုအဖုလေးကို သမုန်းပင်၏အကိုင်းမှ ချိုးယူကာ ရေစင်အောင်ဆေးပြီး ကျောက်ပျဉ်တွင် ရေနှင့်သွေးပြီး မျက်စိတွင် ကွင်းလိမ်းပါက မျက်စိတိမ်စွဲသည်များ အမြင်မကြည်လင်သည်များ ကြည်လင် ကြည့်ကောင်းလာသော အစွမ်းလည်း ရှိလေသည်။

'မျက်စိတစ်ဖက် တိမ်ဖြစ်လို့ခွဲပြီး တစ်ဖက်ကျန်တာ ပိုက်ဆံမတတ်နိုင်လို့ မခွဲဖြစ်တာ သမုန်းဖုလေး သွေးလိမ်းလိုက်တော့ ကြည်လင်လာပြီး မခွဲရတော့ဘူး'

ဆိုသည့် ရွာခံလူများ ပြောလိုက်သည့် စကားကို မှတ်သားထားမိပါသည်။

သမုန်းဖုလေးများကို ခူးလာခဲ့ပြီး တိမ်ကြောင့် ကြည့်မကောင်းသူများကို ဆေးအဖြစ်ပေးရာ ကြည့်ကောင်းကြကြောင်း ပြောကြ၍ ဝမ်းသာရပါသည်။ ရေကန်ကြီးဘေးတွင် ဆေးပင်များ စုံလင်စွာရှိ၍ သဘာဝကပေးသော လက်ဆောင်များပါပေ။

ဥစ္စာစောင့်မလေး များကလည်း ချောမောလှပကာ ဆံပင်များရှည်လျားလှကြောင်း ပြောပြကြ၍ ရေကန်ကြီးကို တစ်ပတ်ပတ်ကြည့်ကာ ဓာတ်ပုံများ ရိုက်ယူခဲ့ပါသည်။ ဗိမာန်နံရံပေါ်မှ ပန်းချီလိုပဲ လှမည်ထင်ပါသည်။ ဥစ္စာစောင့်မလေးတို့၏ အမည်နှင့် ပြောပြသော ဇာတ်လမ်းကို အမည်များပြောင်း၍ ရေးထားပါကြောင်း။

ရှေးယခင်အခါက အဖြစ်အပျက်အကြောင်းကို ရှေးလူကြီး အဘိုးအဘွားများထံမှ တစ်ဆင့်စကားကြားခဲ့သည်များကို ပြန်ပြောပြသော တောင်ပလုရွာခံ မိန်းကလေးနှင့် ယခု အဖြစ်အပျက်အကြောင်းတို့ကို ပြောပြသော ရွာခံအစ်မအချို့ကိုလည်း ကျေးဇူးတင်ပါကြောင်း။

**စောမိသွင်(ရန်ကုန်)**



www.burmeseclassic.com

www.burmeseclassic.com



ဦးသန်းမိုး
(ချောင်းနက်)

# တောကြီးအတွင်းမှ

## အလင်းရောင်ထွက်နေသည့် ထူးဆန်းသော ကျောက်တုံးများ

စာရေးသူတို့အဖွဲ့ တောထဲ တစ်ခေါက်ရောက်ပြီး တစ်လခန့် အကြာ မေလ လစာထုတ်ပြီး အိမ်ပြန် လစာပို့ရင်း ရိက္ခာပြန်ယူကြတာပေါ့။ အိမ်မှာ (၂)ရက်မျှနေပြီး ဇွန်လ(၄) ရက်နေ့မှာ တောပြန်တက်ခဲ့ပါသည်။

စာရေးသူတို့က ချောင်းနက်တစ်ရွာ တည်းသားတွေဆိုတော့ အထူး မစောင့်ဆိုင်းရပါ။ နံနက်စော မီးရထား ဖြင့် လယ်ဝေးသို့ စီးနင်းလိုက်ပါခဲ့ပါ သည်။ လယ်ဝေးသို့ (၁၁)နာရီခန့် ရောက်ကာ ဈေးထဲရှိ ချစ်တီးထမင်း ဆိုင်တွင် ထမင်းဝင်စားခဲ့ပါသည်။

ထမင်းစားပြီး ချက်ချင်း မြင်းလှည်း ဖြင့် **နောင်ချိုရွာ**သို့ သွားရောက်ကြ ရပါသည်။ နောင်ချိုရွာ ဆင်ပိုင်ရှင် ဒေါ်ငယ်၊ သား ဦးညီလေးတို့အိမ်မှာ ခေတ္တနားပြီး **အောင်သာ မိန်းရေးရွာ** **ဘက်**သို့ ခြေကျင်လှမ်းခဲ့ရပါသည်။

ခွားလှည်းလမ်းအတိုင်း လယ်ကွ... များကို ဖြတ်ကျော်ခဲ့ရပါသည်။ ... လည်းပူလိုက်သမ လွန်ရော... ချောင်းအုပ်ကြီးကတော့ ... နီးတုန်းက ချခဲ့သည့်အရှိန်နှင့် ရှေ့... မှာ ရှိနေပါသည်။ မချေးပြန်လို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူတို့မှာလည်း မသောက်
...နှင့် ချွေးပြန်လို့ပါဗျာ။ ခိုနားစရာ
...စ်ပင်ရိပ်ကလည်း ရှားပါးဘိ။ အချို့
...ရာများတွင် မိသားစုလိုက် ရွှေ့
...ပြောင်းနေထိုင်သော လယ်တဲကြီး
...း ရှိပါသည်။

တဲတွေ့တိုင်း ချောင်းအုပ်
...ကြီးက ရေဝင်သောက်ပါသည်။
...ရေးသူတို့လည်း
...သောက်ပါသည်။

ချောင်းအုပ်ကြီးက အရက်နာကျပြီ
...င်ပါရဲ့။ ရေဇာဇာ သောက်ပါ
...ည်။ ကွင်းထဲတွင် သစ်ဖြတ်ပိုင်းပေး
...းလည်း ရေစမ်းတွေ့ပါက လက်ခုပ်
...င် ရေတန်းသောက်ပါသည်။ စာရေး
...ူကတော့ ငှက်ဖျားကြောက်၍
...တွေ့ကရာရေ မသောက်ရဲပါ။

ရေနိုင်ငှက်က အဆိုးသားဟု ကြားရ
...သည်။ စာရေးသူက ကွင်းထဲဆင်းပါ
...က ရေနွေးဘူး အမြဲပါပါသည်။ ရေဆာ
...ိုင်းသောက်သပေါ့။ တစ်ခါတုန်းက
...တော့ ရေနွေးကကုန်ပြီ။ ရေကဆာ
...တော့ စမ်းရေကိုလည်း မသောက်ရဲမို့
...ခေါင်းဦးမောင်ကိုက ဝါးလုံးထဲမှ
...ဘာဝရေကို ဖောက်တိုက်ပါရဲ့။

သို့သော် ဝါးလုံးခွဲကြည့်လိုက်သော
...ခါ ရေထဲမှာ သန္ဓေဒဇ ပိုးလောက်
...န်းအရှင်တွေနှင့်ပါ။

စာရေးသူတို့လည်း နေပူထဲမှာ
...လျှောက်ရင်း တစ်နေရာတွင် အရိပ်
...ကောင်းလှသော ညောင်ပင်တစ်ပင်
...တွေ့ပါသည်။ ညောင်ပင်ရိပ်ဝင်ကာ
...ကြပါသည်။ လေပြည်လေးက
...ဖြူးဖြူးပါ။ အေးသွားသမျှ ချွေးကို
...ိပ်သွားတာပါပဲ။

ညောင်ပင်ရိပ်က မြက်ခင်းကလေး
...ပါ။ ထိုမြက်ခင်းထက်တွင် စာရေး
...သူတို့အားလုံး လဲလျောင်း၍ နားကြရာ
အားလုံး အိပ်ပျော်သွားကြပါသည်။

ခေတ္တခဏဟု ထင်ရသော်လည်း (၄)နာရီထိုးခါနီးသွားပါသည်။ ချောင်းအုပ်ကြီးက အရင်ဆုံး နိုးကာ...

'ဟဲ့ကောင်တွေ ထကြဟ၊ မိုးချုပ်တော့မယ်'

ဟု ဆိုသဖြင့် စာရေးသူတို့က ကပျာကသီ ထကြကာ ခရီးအမြန်ဆက်ကြပါသည်။

ချောင်းအတန်တန် ဖြတ်ရကာ တောအစပ်သို့ ဝင်ခဲ့ပါသည်။ သို့နှင့် **အောင်သာရွာ** ရောက်ပါသည်။ အောင်သာရွာ ကျွဲခေါင်း ဦးပဏ္ဍိအိမ်မှာ ခေတ္တဝင် ရေသောက်၍ မိန်းရေးရွာဘက်သို့ ထွက်ခဲ့ပါသည်။

မိန်းရေးရောက်တော့ မိုးချုပ်ကာ မှောင်စပြုလာပါပြီး အောင်သာရွာနှင့် မိန်းရေးရွာက တောတွင်းမှာပါ။ သစ်တောကြီး ပတ်လည်ဝိုင်းလို့ပါ။ လှည်းလမ်းဖြစ်သော်လည်း အတော် မှောင်နေပါသည်။

စာရေးသူက ဓာတ်မီးလေးထုတ် မီးထိုး၍ သွားရပါပြီ။ အဲဒီတုန်းက အဲဗားရယ်ဒီ နှစ်လုံးထိုးလေးပါ။ သို့သော် ဓာတ်ခဲအသစ်မို့ လင်းပါသည်။ ချောင်းအုပ်ကြီးက...

'ဟေ့ကောင် မီးမထိုးနဲ့၊ ငါမသွားတတ်ဘူးကွ'

ဟု ဆိုသဖြင့် လမ်းရှေ့ကို ဓာတ်မီးမထိုးတော့ဘဲ ကိုယ့်ရှေ့စိုက်ထိုးရပါသည်။

မိုးက တဖြောက်ဖြောက် ရွာလာပါသည်။ စာရေးသူတို့အားလုံး မိုးကာများ ထုတ်ခြုံရပါသည်။ စာရေးသူတို့က အတော်ပေါ့။ တောလမ်းအသွား ကျားကြောက်ရသည့်အထဲ မိုးကာခြုံ သွားရတာကို။ မိုးကာက ပလတ်စတစ် အဖြူနှင့်အစိမ်းရောင် အကျားပါ။ ရုတ်တရက် ကျားမခွဲနိုင်ဟု ယူဆကာ အကြောက်နည်းပါးပါသည်။ သို့သော်လည်း စိတ်ထဲမှာတော့ တထိတ်ထိတ်နှင့်ပေါ့။

ဤသို့ဖြင့် မှောင်မှောင်ထဲမှာ ပတ်လည်ကြီးစခန်းဆီမှ စီးဆင်းလာသော ချောင်းအတိုင်း ဆန်တက်ရပါပြီ။ အတော်ကလေး သွားမိတော့ ချောင်းအုပ်ကြီးမှ...

'ဟေကောင်တွေ တောထဲမှာ (၂)ပေ မီးချောင်းတွေ ထွန်းထားသကွ'

ဟု ဆိုပါသည်။ စာရေးသူတို့က လန့်လို့ပါ။ အတော်ကလေး သွားမိတော့ ချောင်းဘေးဝဲယာတွင် လင်းနေသော အရာများကို တွေ့ရပါသည်။ ဓာတ်မီးနှင့်ထိုး၍ ကိုင်ကြည့်ရာ **ဝါးလုံးအဆွေးများမှ မီးလင်းနေသည်ကို တွေ့ရပါသည်။ ထိုမျှ မကသေးပါ။ ထိုဝါးအဆွေးကြား ကျောက်တုံးကျောက်ခဲများကလည်း ဖန်သီးကဲ့သို့ မီးလင်းနေပါသည်။**

ချောင်းရေထဲက ကျောက်ခဲလုံးများက မီးမလင်းပါ။ မီးလင်းနေသော ကျောက်ခဲများကို ဓာတ်မီးနှင့် ထိုးကြည့်သောအခါ ကျောက်ခဲပေါ်

www.burmeseclassic.com

www.burmeseclassic.com

တွင် ရေညှိများတက်နေ၍ မိုးပေါက်ကြောင့် စွတ်စိုပြီး မီးလင်းနေတာပါ။

စာရေးသူနှင့် ကိုဉာဏ်မောင်လေးတို့ကတော့ **ကျောက်စုန်းများထင်၍** ထိတ်လန့်နေကြပါသည်။

ဓာတ်မီးထိုးလိုက်တော့ မလင်းတော့ပါ။ ဓာတ်မီးမှိတ်လိုက်တော့ ပို၍လင်းလာတာ တွေ့ရပါသည်။ ချောင်းအုပ်ကြီးက...

'အဲဒါ သဘာဝအတိုင်း အလင်းရောင်ဖြစ်နေတာကွ။ အဲဒါကို အတုလုပ်ပြီး ညကြည့်နာရီတွေမှာလဲ အလင်းရောင်ရအောင် ထည့်ပေးထားတာ'

ဟု ရှင်းပြပါသည်။ ဤသို့ ရှင်းလင်းပြကာမှ စာရေးသူတို့မှာ အကြောက်ပြေရပါတော့သည်။

အဲဒီကျမှ ညအခါ အလင်းထွက်သော ဖိုးစိန်ထူးကောင်၊ တီကောင်နှင့်ကင်း၊ ပိုးစုန်းကြူး အခြားပိုးကောင်များ၏ ညအခါ အလင်းရှိပုံကို အမှတ်ရမိပါသည်။

ဟိုးတစ်ခါကလည်း နွားလှည်းဘီးဒေါက်ဓာတ်ကူ ပြုလုပ်သူများ **တောထဲမှ အလင်းရောင်ထွက်နေသော ကျွန်းသားပိုင်းကို ရကြ၍ အိမ်ယူလာကာ ဘုရားစင်တွင် ထူးဆန်းသော သစ်သား**ဟု တင်ထားသည်ဟု ကြားဖူးပါသည်။

စာရေးသူတို့မှာ ချောင်းရေထဲတွင် ကျောက်ခဲများပေါ် နင်းလျှောက်ရကာ ချော်မလဲအောင် မနည်းသတိထားပြီး တဲစခန်းဆီသို့ လျှောက်ကြရင်း **"အင်း...ဒီမီးလင်းနေတဲ့ ကျောက်ခဲကျောက်တုံးများလဲ ချောင်းနံဘေးမှာရှိနေပါလား"**ဟု တွေးထင်လျက် တဲစခန်းသို့ ညဥ့်သန်းခေါင်လောက်မှ ပြန်ရောက်ကြပါရဲ့များ။

ဤစာစုဖြင့် ချောင်းအုပ်ကြီး ဦးထွန်းမောင်၊ နောက်လိုက် ကိုဉာဏ်မောင်လေးတို့ကို အမှတ်တရ ... ချောင်းအုပ်ကြီးကတော့ ဆုံးတာ ... ပါပြီ။

ကိုဉာဏ်မောင်လေးကတော့ ... ထိရှမှာ ဇနီးမယား သမီးသား ... များနှင့် အသက်ရှင် ပျော်ရွှင်လျက် ... ပါလို့...။

***အားလုံး ကျန်းမာချမ်းသာကြပါ...***

**ဦးသန်းစိုး(ချောင်းနက်)**

# ပါးကျိုတ်ရောင်

ရောဂါအတွက်ဆေး


ယခု စာရေးသူ ဖော်ပြမည့် ဆောင်းပါးမှာ ပါးကျိုတ်ရောင်ရောဂါကို သက်သာပျောက်ကင်းစေနိုင်သော ဆေးစွမ်းကောင်းတစ်နည်း ဖြစ်ပါသည်။

ဤဆေးနည်းသည် လက်တွေ့သုံးစွဲခဲ့သောကြောင့် စာရှုသူ ပရိသတ်အပေါင်းတို့သိရှိစေရန် ဤ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဖော်ပြပေးလိုက်ရပါသည်။

အကျိတ်နှင့် ပါးကျိုတ်ရောင်ရောဂါများကို ပျောက်ကင်းစေနိုင်သော ဆေးဖက်ဝင်ပစ္စည်းများမှာ သစ်ဥ၊ သစ်မြစ်များမဟုတ်ဘဲ **တောဝက်၏ အောက်မေးရိုးတစ်မျိုးတည်းပင်** ဖြစ်ပါသည်။

တောဝက်ဆိုသော သတ္တဝါတို့သည် နေရာဒေသမရွေးဘဲ တောတောင်များတွင် ပေါက်ဖွားသွားလာ ကျက်စားကြသော သားကောင်များ ဖြစ်ကြပါသည်။

ယခုဆိုလျှင်ဖြင့် တောဝက်၏ အောက်မေးရိုးတို့ကို အလဟဿ မဖြစ်ရစေတော့ဘဲ အကျိုးရှိသည့်ဆေးအဖြစ် အသုံးပြုနိုင်ပါကြောင်း ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။



**ဆေးနည်း သုံးစွဲပုံမှာ...**

အနာအရှိန်ကြောင့် အကျိတ်များဖြစ်ခဲ့ပါက တောဝက်၏ အောက်မေးရိုးကို ဆန်ဆေးရည်နှင့် ကျောက်ပျဉ်တွင်သွေး၍ အကျိတ်ဖြစ်သောနေရာကို လိမ်းပေးပါ။

ပါးကျိုတ်ရောင်ရောဂါ ဖြစ်ခဲ့ပါကလည်း အထက်ဖော်ပြပါအတိုင်း ဆန်ဆေးရည်နှင့်သာ သွေးလိမ်းပေးပါ။ အချိန်ဒေနည်းငယ်အတွင်း သက်သာစေနိုင်ပါသည်။

ဤဆေးနည်းတိုသည် စာ... တို့ ကိုယ်တွေ့ သုံးစွဲခဲ့သော... စာရှုသူ ပရိသတ်အားလုံး သိရှိ... ဆန္ဒဖြင့် တင်ပြပေးလိုက်ရပါသည်။

***ခုနစ်ရက်သားသမီးအားလုံး စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ... လို့...***

**မြဒင် (ဇင်းကျိုက်)**



www.burmeseclassic.com

www.burmeseclassic.com



ဗိုဝိုး (မတ္တရာ)

# မှတ်ကာရောကွ တော်ချင်ဦး

ဒါကတော့ ကျွန်တော် ကံကောင်း၍ မသေခဲ့ရသည့် ဇာတ်ကြောင်းလေးပါ။ (၃)ယောက်သွားရာမှာ ကံနိမ့်သည့် ကျွန်တော် ဖျားရသည့် အကြောင်းလေးပါပဲ။

ခေါင်းရည်သောက်ရာမှာ **သက်နုသည့်ခေါင်းရည်**ကို သောက်မိ၍ **မက်ကလောင်ဖျား**ဖြစ်ပြီး ကယောင်ကတမ်းမြင်မိတာ ဖြစ်နိုင်ပါ၏။

အဖြစ်ကတော့ ဒီလိုပါ။ ကျွန်တော်သည် စစ်သားဘဝ လုပ်သက်တစ်လျှောက်လုံးတွင် ကချင်ပြည်နယ်တွင်သာ အကြာဆုံး တာဝန်ထမ်းဆောင်ခဲ့ရ၏။

ပူတာအိုမြို့ အမှတ်(...)တပ်ရင်းတွင် တာဝန်ထမ်းဆောင်စဉ်က အဖြစ်အပျက် ဖြစ်ပါ၏။

ထိုအချိန်က ကျွန်တော်တို့တပ်ခွဲ(၃)သည် လှုပ်ရှားတာဝန် ထမ်းဆောင်ပြီး၍ စခန်းထိုင်တာဝန်ကျရာ ဆွမ်ပီယန်ရွာသို့ ဆွမ်ပရာဘွမ်မြို့မှ ချီတက်ခဲ့ကြ၏။

လမ်းတွင် ဖုန်ချန်ခစခန်း၌ တစ်ညရပ်နားခဲ့ပြီး နောက်နေ့နံနက်ပိုင်း (၀၆း၀၀)နာရီချိန် ဆက်လက် ထွက်ခွာခဲ့ရာ ဆွမ်ပီယန်ရွာသို့ ညနေ (၁၇း၀၀) နာရီချိန်ခန့်တွင် ရောက်ရှိအခြေပြုခဲ့ကြ၏။

ထိုညက ကျွန်တော်တို့ တပ်ခွဲ(၃)သည် တပ်ခွဲမှူးအပါအဝင် တပ်ဖွဲ့များအားလုံး ဆွမ်ပီယန်ရွာထဲတွင် အခြေချ အိပ်စက်ခဲ့ကြ၏။

www.burmeseclassic.com

နောက်နေ့နံနက်ပိုင်းတွင် ကျွန်တော်ပါဝင်သော တပ်စိတ်အား ကြိုးတံတား လုံခြုံရေးတာဝန် ထမ်းဆောင်ရန်အတွက် တပ်ခွဲမှူးဦးစီးအဖွဲ့မှ လိုက်ပို့ပါသည်။

ကြိုးတံတားသို့ ရောက်သောအခါ ယင်းတွင်းရှိသော တပ်ခွဲ(၁)မှ စစ်သည်များနှင့် တာဝန်လွှဲလှယ်ယူရပါသည်။

တာဝန်လွှဲလှယ်ပြီးသောအခါ တပ်ခွဲမှူးနှင့်အဖွဲ့သည် စခန်းထိုင်တာဝန်ကျသည့် ဆွမ်ပီယန်ဘက်သို့ ပြန်လည်ချီတက်သွားကြ၏။

ကျွန်တော်တို့တပ်ခွဲ(၃)မှ စခန်းထိုင်တာဝန်ယူမည်ဖြစ်ပြီး အနားယူပြီးသွားသော တပ်ခွဲ(၁)မှ လှုပ်ရှားစစ်ဆင်ရေးတာဝန်ထမ်းဆောင်ရမည် ဖြစ်၏။

စစ်သားဆိုတော့ စစ်သားတို့၏ ထုံးစံအတိုင်းပါပဲ။ ကျွန်တော်တို့မှာ စခန်းသို့ စရောက်သည်မှ အနားမနေကြဘဲ စခန်း၏ လုံခြုံရေးစနစ်ကို အရင်ဆုံး ပြုပြင်ကြရ၏။

ယခင် နေသွားသူများ လုပ်ထားခဲ့သော စခန်းလုံခြုံရေးစနစ်မှ အဆင်မပြေဟု ထင်ရသည်များကို ပြန်လည်ပြုပြင်ကြရ၏။

စခန်းတွင် ကာရံထားသော ခြံစည်းရိုးများ ပြုပြင်ခြင်း၊ စွန့်လွှတ်မိုင်းများ မည်သည့်နေရာတွင် ထောင်ထားကြောင်း ပြသသည့် မြေပုံအား ကြည့်ရှုခြင်း၊ ခြံစည်းရိုးကျားလန်များ ပြုလုပ်ခြင်း၊ ဝါးညှောင့်များချွန်ခြင်း၊ ခြောင့်ထောင်ခြင်း၊ လိုက်ကျင်း ပြုပြင်ခြင်း၊ ပတ်လည်ခံစစ် နေရာယူခြင်းများ ပြုလုပ်ရ၏။

စခန်းတွင် အင်အားက ရှိသည်မှ တပ်စိတ်တစ်စိတ်တည်း၊ တစ်စိတ်တည်းတွင်လည်း လူဦးရေက (၇) ယောက်တည်း။

တပ်စိတ်မှူးက ဒုတပ်ကြပ်သောင်းရွှေ၊ ဒုတပ်စိတ်မှူးကတော့ ကျွန်တော် မြိုးပါ။ ဤတပ်စိတ်တွင် စီနီယာလည်း ကျပြီး၊ အတွေ့အကြုံကလေးကလည်းရှိတော့ ကျွန်တော့်ကို ဒုတပ်စိတ်မှူး ခန့်ထားတာပါ။

ကျန်သည့် (၅)ယောက်ကလည်း သူငယ်ချင်းတွေပါပဲ။ ကျွန်တော်တို့ (၇)ယောက်မှာ လူသူမနီးသော တောထဲတွင် နေ့စဉ် တစ်ယောက်မျက်နှာ တစ်ယောက်သာ တွေ့နေကြရ၏။

ညနေပိုင်းတွင် ကျွန်တော်တို့နေရာ စခန်းကုန်းမှ ထိုင်ကြည့်နေသော် အိပ်တန်းရှိရာ မလိခမြစ်ကမ်းဘေးရှိ ကျူပင်၊ ဝါးပင်များပေါ်သို့ ပျံသန်းလာကြသော (သို့မဟုတ်) အိပ်တန်းတက်လာကြသော ကြက်တူရွေးအုပ်ကြီးကို လွမ်းမောစရာ တွေ့ရ၏။

နံနက်စောစော ကျပြန်တော့လည်း အစာရှာရန် ပျံသန်းသွားကြသော ယင်းကြက်တူရွေးများကို မြင်ရပြန်၏။ ကြက်တူရွေးအုပ်ကြီးမှာ အကောင်ပေါင်း နှစ်သောင်း,သုံးသောင်းခန့် ရှိပေမည်။

ကျွန်တော်တို့မှာ လူသူမနီးသော နေရာတွင် နေကြရ၍ လက်ဝဲသုန္ဒရ အမတ်ကြီး၏ "မဲဇာတောင်ခြေရတု" ကို တေးဆိုညည်းရင်းဖြင့် လွမ်းရမလို ဖြစ်ခဲ့ရပါ၏။

ခက်တာက ကျွန်တော်တို့မှာ ရိက္ခာပြဿနာပါပဲ။ စခန်းမှာ စုပုံပေးထားသည့် ရိက္ခာတွေမှာ ဆန်တွေကလည်း ပိုးထိုး၊ ကုလားပဲတွေကလည်း ပိုးထိုးပါပဲ။

စခန်းမှာ ဆန်အိတ်တွေ ဘယ်လောက်ပဲရှိနေနေ၊ သူ့စကေးနှင့်သူပဲ စားရပါသည်။ မဝ၍ ပိုစား၍ မရပါ။

ရဲဘော်(၇)ယောက်ကို ဆန်(၉)ဘူးပဲ ချက်မည်ဟု ဒန်အိုးထဲကို ထည့်ပြီး ဆန်ဆေးလိုက်သည့်အခါ ဆန်တွေသည် ရေပေါ်မှာ တစ်ဝက်ပေါ်၊ ရေအောက်မှာ တစ်ဝက်မြုပ်နေတော့ တာပါပဲ။

ရေပေါ်မှာ ပေါ်နေတာတွေကတော့ ဆန်ပိုးထိုးတာတွေပါပဲဗျာ။ ကုလားပဲ ဟင်းချက်မယ်ဆိုတော့လည်း (၇) ယောက်မှ တစ်နေ့ကို ကုလားပဲ နို့ဆီ ဘူး(၂)ဘူးကျော်ကျော်ပဲ ရပါသည်။

ကုလားပဲကို ရေဆေးလိုက်လျှင် လည်း ရေပေါ်တစ်ဝက် ရေအောက် တစ်ဝက်ပါပဲ။ အဲ ရေပေါ်မှာ ပေါ်နေတာ တွေကိုဖယ်ပြီး ချက်လိုက်လျှင် ထမင်း ကလည်းနည်း၊ ပဲဟင်းကလည်း နည်း ပေါ့ဗျာ။

ကျွန်တော်တို့ (၇)ယောက်ဟာ ထမင်းစားစားပွဲပေါ်မှာ တောင်ငှက်ပျော ဖက်ခင်းပြီး ထမင်းကို မှောက်ချ ခြေပြီးတော့ ထမင်းအေးသွားအောင် လုပ်ရသည်။ ပြီးတော့ ထမင်းကို (၇) ပုံပြီး ဟင်းကို မျှပြီးစားကြရပါသည်။

ထမင်းကတော့ မဝ,တဝပါပဲ။ ကြာ တော့ အဆင်မပြေတော့ပါ။ ဒီစခန်း ရောက်ပြီး (၂)ပတ်လောက်အကြာမှာ ကျွန်တော်တို့အဖွဲ့ စည်းဝေးပွဲထိုင်ကြ တော့သည်။

စခန်းမှာ (၄)ယောက်နေ၊ (၃) ယောက်က ရိက္ခာရှာဖွေရေး၊ စစ်ဆင် ရေးပေါ့ဗျာ။ ဟင်းစားအဖြစ် အသီးအရွက် နှင့် အသားငါး ရှာဖွေရေးပေါ့ဗျာ။

ပထမနေ့မှာ ဆရာသောင်းရွှေဦးစီး ပြီး(၃)ယောက်က သေနတ်,အိကွင့်မင်း ကျောပိုးအိတ်အလွတ်တွေနှင့် ဆင် သွားကြရာ ညနေပိုင်းမှာ ငါးက (၄/၅)ကောင်နှင့် ပြန်လာခဲ့ကြသည်။

ဘာမှမတွေ့၍ ကင်းတစ်ယောက် စောင့်နိုင်းကာ နှစ်ယောက်က ငါးရှာ





www.burmeseclassic.com

www.burmeseclassic.com



ကြသတဲ့ဗျာ။

နောက်နေ့နံနက်ပိုင်းမှာပဲ ဒုတပ်စိတ်မှူး ကျွန်တော် ဦးစီးပြီး ရဲဘော်ဘဇံရယ်၊ ရဲဘော်သန်းတင်တို့ (၃)ဦးအဖွဲ့ ရိက္ခာရှာဖွေရေး လုပ်ကြရပါသည်။ သေနတ်ကိုယ်စီ၊ အိကွင့်မင်း၊ ကျောပိုးအိတ်အလွတ်ကိုယ်စီ ကျောပိုးပြီး ကချင်တောင်ယာ အနှံ့ ရိက္ခာရှာဖွေရေး လုပ်ကြပါသည်။

မတော်တဆ တိုက်ပွဲဖြစ်လျှင်လည်း လူစုမကွဲဖို့ ကြိုမှာထားရသည်။ စ,တွေ့တာကတော့ ငရုတ်ခင်းပါပဲ။ မလိခမြစ်ရေတိုးပြီး ရေကျသွားသည့် နုန်းတင်မြေနုမှာ စိုက်ထားတာဆိုတော့ ငရုတ်ပင်တွေသည် ကြီးထွားနေတာများ တစ်ပင်,တစ်ပင်ဆိုလျှင် လူတစ်ရပ်မြုပ်ပါသည်။

ကျွန်တော်တို့သည် ငရုတ်ခင်းထဲကို စနစ်တကျနှင့် ဝင်သွားခဲ့ပါသည်။ ငရုတ်ခင်းအတွင်းပိုင်းမှာ တောင်ယာတဲတစ်လုံးတွေ့ရှိရပြီး ကချင်တိုင်းရင်းသူတစ်ယောက်ကိုလည်း တွေ့ရပါသည်။ ကျွန်တော်မှ...

'အ,ရှောင် ခမ်းဂျာအီး''

(အစ်မ နေကောင်းလား)

'ဂျာအိုင် ဖျင်လာ'

(နေကောင်းတယ် စစ်သား)

'အ,ရှောင် ကျွန်တော်တို့ကို ငရုတ်သီးတို့၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး နည်းနည်းလောက် ရောင်းပေးပါလား'

'အေး အေး ငရုတ်သီးကတော့ ရဲဘော်တို့ လိုသလောက် ခူးသွားလေ။ မင်းတို့ကို မပေးလဲ ကြက်တူရွေးတွေက အများကြီး လာစားကြတယ်။ ကျောက်ဖရုံသီး၊ ရွှေဖရုံသီးတို့ကတော့ အ,ရှောင်ကို ပိုက်ဆံနည်းနည်းပေးပေါ့'

'ပေးပါ့မယ် အ,ရှောင်ရေ'

ထို့နောက် အ,ရှောင်(အစ်မ)မှ တောင်ယာထဲတွင်ခူးပြီး အသင့်ရှိနေသော ရွှေဖရုံသီး၊ ကျောက်ဖရုံသီးများ အပြင် ပိန်းဥများလည်း အလကားပေးပြန်၏။

ကျွန်တော်မှ အ,ရှောင်တောင်းသည့်အတိုင်း ပိုက်ဆံပေးပြီး၊ စားစရာအားလုံးကို ကျွန်တော်တို့ ကျောပိုးအိတ်များတွင် မှျထည့်ပြီး...

'ဩော် အ,ရှောင်ရေ ''အင်ဂူ'' ရှိရင် နည်းနည်းကူညီပါဦး။ ''ကွန်ဖရော်'' ပေးပါ့မယ်'

'အေး အေး ကော့ရှိလောက်တော့ ရပါလိမ့်မယ်'

ဟု ပြောကာ တောင်ယာဆန် (၁၀)ဘူး ထည့်ပေးပါသည်။ ကျွန်တော်မှ ပိုက်ဆံပေးပါသည်။

ပြီးနောက် အပြန်လမ်းတွင် ငရုတ်သီးပါသော ကိုင်းသေးသေးများချိုးပြီး ကျောပိုးအိတ်ထဲ ထိုးထည့်ကြပါ၏။ ကျွန်တော်တို့မှာ ရန်သူကိုလည်း ကျိုးကန်းတောင်းမျှော် ကြည့်ကြရသေး၏။

'မြစိုးရေ ငါတို့ လာလမ်းအတိုင်း မပြန်ဘဲ တခြားလမ်းက သားကောင် ပစ်ရင်း ပြန်ကြရအောင်လား'

'အေးကွာ ကောင်းတယ် ဘဇံရေ ဒါမှ ရန်သူရှိရင်လဲ အပြန်မှာ ချောင်းမတိုက်နိုင်မှာ။ မလိခမြစ်ကမ်းဘေးက ပတ်ပြန်မယ် ဘယ့်နှယ်လဲတော့ သန်းတင်'

'ကောင်းတယ်။ အဲဒီလို ပြန်ကြတာပေါ့'

ဟု သန်းတင်ကလည်း ပြော၏။ ဒီနောက် ကျွန်တော်တို့ (၃)ယောက်လည်း အခြားလမ်းမှလှည့်ပြီး စခန်းသို့ ပြန်ရန် တောင်ယာမှ ထွက်ခွာခဲ့ကြ၏။

သားကောင်တွေ့နိုးနိုးဖြင့် လာခဲ့ကြရာ မလိခမြစ်ကမ်းဘေးတွင် တောဝက် (၁၅)ပိဿာခန့်တစ်ကောင်ကို တွေ့၍ ကျွန်တော်မှ ဂျီဖိုးဖြင့် ပစ်ခတ်ရရှိခဲ့၏။ သေနတ်သံ ထွက်သွားပြီဖြစ်သဖြင့် ရန်သူလည်း ရောက်လာနိုင်၏။ ကျွန်တော်တို့မှာက (၃)ယောက်တည်း။

ထို့ကြောင့် တောဝက်ကို နောက်မှ သန်းတင်အား ထမ်းစေပြီး ဘဇံက ရှေ့မှ သူ့နောက်က ကျွန်တော် သွားကြ၏။ သွားရင်းဖြင့် ကြိုးတံတား စခန်းဘက်သို့သွားသော လူသွားလမ်းပေါ် ရောက်လာကြ၏။

ထိုမှ စခန်းဘက်သို့ ဆက်လာခဲ့ရာ မကြာမီတွင် သချိုင်းတစ်ခုကို ဖြတ်ကျော်ကြ၏။ ရှေ့ဆုံးမှသွားသော ဘဇံမှ...

'ဟေ့ မြစိုးရေ ဒီမှာ ခေါင်းရည်တွေကွ'

ဟု ဆိုသဖြင့် ကျွန်တော်လည်းသွားကြည့်လိုက်ရာ ခေါင်းရည်ဘူး(၃)ဘူးကို တွေ့ရ၏။ ခေါင်းရည်များကို ဝါးဆစ်ဘူးများနှင့် အပြည့်ထည့်ထားသည်ကို တွေ့ရလေသည်။

''နတ်ဂျေ့''ခေါ် နတ်ကိုးကွယ်သူ



www.burmeseclassic.com

www.burmeseclassic.com

မိသားစုများမှ သေဆုံးသူကိုလာ၍ ခေါင်းရည်တိုက်ကျွေးပုံရ၏။ ခေါင်းရည်များကိုမြင်ပြီး ကျွန်တော်တို့(၃)ယောက်မှာ သွားရည်များပင် ကျမတတ် သောက်ချင်လာ၏။ ကျွန်တော်မှ...

'ဟေ့ ဘဖဲနဲ့ သန်းတင် ဘယ်လိုသဘောရလဲကွ'

'သောက်ချင်တာပေါ့ကွာ'

ဟု သူတို့နှစ်ယောက်မှ ပြိုင်တူ ပြောလိုက်ကြ၏။ ထိုအခါ ကျွန်တော်မှ မြေပုံဘေးများတွင် ချထားသော ခေါင်းရည်ဘူးများဆီသို့သွားပြီး...

'ကဲ ကဲ ဗျာ ခင်ဗျားတို့သောက်ပြီးသွားရင် ကျန်တာလေးတော့ ကျွန်တော်တို့ သောက်ပါရစေ။ ခွင့်ပြုပါ စိတ်မဆိုးပါနဲ့'

ဟု ပြောပြီး ဘဖဲနှင့် သန်းတင်တို့အား တစ်ဘူးစီပေးပြီး ကျွန်တော်မှလည်း တစ်ဘူးသောက်ပါသည်။

ခေါင်းရည်ကို အမြန်ဆုံးသောက်ကြပြီး (၃)ယောက်သား စခန်းသို့ ပြန်ခဲ့ကြ၏။

ခေါင်းရည်ကပဲ သောက်ကောင်းလို့လားမသိ ကျွန်တော်မှာ ခေါင်းရည်သောက်ပြီး ခေါင်းထဲတွင် အုံတုံတုံနှင့် ကြက်သီးများလည်း တဖြန်းဖြန်း ထနေခဲ့ပါ၏။

စခန်းသို့ရောက်ပြီး စားစရာရိက္ခာများလည်း ပါလာသဖြင့် ကျန်ရဲဘော်များမှာ ဝမ်းသာနေခဲ့ကြ၏။ ကင်းသမားမှလွဲလျှင် အားလုံးတို့က ဝက်ဖျက်သူကဖျက်၊ ထမင်းချက်သူကချက်၊ ဝါးရေဘူးရည်များဖြင့် ရေခပ်သူက ခပ်နှင့် အလုပ်ရှုပ်နေကြချိန်တွင် ကျွန်တော့်မှာ အတော်ပင် ခေါင်းကိုက်၍ ချမ်းဖျားဖျားပါတော့၏။

ချက်ပြုတ်ပြီး၍ ထမင်းစားရန်လာနှိုးသော အချိန်မှသာ အိပ်ရာမှထပြီး ထမင်းစားရ၏။

ဖျားချင်နေသဖြင့် ဝက်သားဟင်းနှင့်ပင် ထမင်းကောင်းကောင်း မစားနိုင်ပါ။ ရဲဘော်များအားလုံး အားရပါးရ စားနေတာမြင်ပြီး ကျေနပ်ခဲ့ရ၏။

ညပိုင်းတွင် ဆေးသောက်ပြီးအိပ်သော်လည်း အဖျားမကျပါ။ အိပ်မက်ဆိုးများသာ မက်၏။

အိပ်မက်ထဲ၌ ကျွန်တော့်ကို မျက်နှာလေးထောင့်နှင့် ရုပ်ဆိုးဆိုးလူများမှ လက်ကိုလာဆွဲမလို ခေါ်နေကြ၏။ ကျွန်တော့်မှာ ကယောင်ကတမ်းဖြင့်...

'ဆရာသောင်းရွှေ ကျွန်တော့်ကို ဆွဲနေပြီ လုပ်ပါဦး။ လုပ်ပါဦး'

နှင့် အော်နေရ၏။ ဆရာသောင်းရွှေမှလည်း မနေသာ...

'ငါရှိတယ် မြစိုး ဘာမှ မကြောက်နဲ့၊ မကြောက်နဲ့'

ဟု ပြောကာ ဘုရားစာများ ကျယ်ကျယ်ရွတ်ပါသည်။ ထိုအချိန်တွင် စခန်းပတ်လည်မှ ငှက်ဆိုးတစ်ကောင် ပတ်ပျံပြီး...

''ဂစ်...ဂစ်...ဂစ်'' နှင့် အော်နေ၏။

'ဆရာသောင်းရွှေ ငှက်ဆိုးကလဲ အော်နေပြန်ပြီ လုပ်ပါဦး'

'မကြောက်ပါနဲ့ မြစိုးရာ၊ တို့မှာ ကင်းကလဲ ရှေ့ကင်း၊ နောက်ကင်း (၂)ကင်း ရှိတယ်။ မင်းကို ဘယ်သူမှ ဘာမှ မလုပ်နိုင်ပါဘူးကွာ။ အခု အော်တာကလဲ ငှက်ဆိုးမဟုတ်ဘူးကွ။ ရှူးပျံပါ ငါမောင်းထုတ်လိုက်မယ် နားထောင်နေ'

ဟု ပြောကာ ကျွန်တော်၏ ဂျီဖိုးသေနတ်ကို ယူပြီး ကင်းသမားများကို သေနတ်ပစ်မည့်အကြောင်း ပြောကာ ငှက်အော်သံကြားသည့်ဘက်သို့ ဂျီဖိုးဖြင့် တဒိုင်းဒိုင်း ပစ်လေ၏။

ရှူးပျံလား ငှက်ဆိုးလားတော့မသိပါ။ ဂျီဖိုးဖြင့် (၁၀)ချက်ခန့် ပစ်ပြီးသွားသောအခါ စခန်းပတ်လည်တွင် ငှ[...] ဆိုးသံလည်း မကြားတော့၊ ပုရစ်သံ[...] မှ မကြားရတော့ပါချေ။

ယင်းနောက် ကျွန်တော်မှာ ဖျား[...] သည့်ကြားမှ သရဏဂုံ(၃)ပါးကို [...] မပျော်မချင်း ရွတ်ဆိုပါသည်။ ရွတ်[...] နှင့်ပင် အိပ်ပျော်သွားလေ၏။ နံ[...] လင်းတော့ အတော်နေကောင်းပြီ[...] ၏။ တပ်စိတ်မှ ရဲဘော် ငွန်နော[...]

'မက်ကလောင်ဖျားတာလို့ [...] သက်နတဲ့ခေါင်းရည် သောက်မိရင်ထဲ[...] တတ်တယ်'

ဟု ဆိုကာ ကျွန်တော်၏ လည်[...] နှင့် နဖူးတို့အား မက်ကလောင် ဆွဲ[...] ပါ၏။

လက်ညှိုးနှင့် လက်ခလယ်[...] လည်ပင်းမှ အသားများကို ည[...] ဆွဲခြင်း ဖြစ်ပါ၏။ လည်ပ[...] မက်ကလောင်ဆွဲပြီး ကြည့်လိုက်[...] အင်္ဂုလိမာလ လည်ပင်းမှာ လက်[...] များ ဆွဲထားသကဲ့သို့ပါပဲ။

ချင်းရဲဘော် ငွန်နောက ခေါ[...] လက်ထိပ်များပါသွေးဖေါက်ပြီး [...] ကလောင်ကုပေးပါ၏။ ကျွန်တော်[...] (၃)ရက်လောက်ကြာမှ နာလန်[...] ပါ၏။

နေကောင်းပြီးနောက် ကျွန်[...] စဉ်းစားမိ၏။ ခေါင်းရည်သ[...] သောက်၍ ဖျားခြင်းလား...၊ ခေါ[...] ယူသောက်၍ ဖျားခြင်းလား...[...]

ဘာပဲဖြစ်ဖြစ်လေ ကိုယ်က [...] ချင်မိတာကိုးဟု ဖြေသိမ့်ရင်းဖြ[...] ဇာတ်လမ်းခေါင်းစဉ်အား ''မှတ်က[...] တော်ချင်ဦး'' ဟု အမည်ပေး[...] ရေးသား တင်ပြလိုက်ရပေသ[...]

ဦးစိုး (မ...)

www.burmeseclassic.com

www.burmeseclassic.com



ညီလေးငယ်
(လယ်တော်)

ရွာကို စောင့်ရှောက်သော

# ရွာတော်အရှင်ကြီးနတ်

မကြာသေးမီ အချိန်ကာလက ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ခု ဖြစ်ပါသည်။

စာရေးသူတို့ရွာဘက်မှ ရှမ်းတိုင်းရင်းသား လူအများစုတို့မှာ နတ်ကိုးကွယ်မှုများ ရှိကြပါသည်။ မိမိတို့ ယုံကြည်ရာ နတ်များကို ကိုးကွယ်ကြခြင်းဖြစ်၏။

ထိုသို့ နတ်ကိုးကွယ်မှုများ ရှိကြသော်လည်း အားလုံးမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပြီး ဗုဒ္ဓမြတ်စွာဘုရားအား ကိုးကွယ်သူများ ဖြစ်ကြပါသည်။ ထို့ပြင် ဘာသာတရား လွန်စွာ ကိုင်းရှိုင်းကြသည့် တိုင်းရင်းသားများလည်း ဖြစ်ကြပါ၏။

ဗုဒ္ဓမြတ်စွာဘုရားအား ယုံကြည်စွာ ကိုးကွယ် ဆည်းကပ်ကြသည့်အပြင် တစ်ဖက်မှလည်း မိမိတို့ ယုံကြည်ရာ နတ်များအား ကိုးကွယ်ကြခြင်းဖြစ်လေသည်။ တချို့အိမ်များတွင် ဗုဒ္ဓဘုရားစင်၏ဘေး၌ စင်တစ်ခုပြု၍ နတ်များအား ကိုးကွယ်လေ့ ရှိကြပါသည်။

ထိုသို့ နေအိမ်များ၌ စင်တစ်ခုပြု၍ ပူဇော်ကိုးကွယ်ခြင်းများ အိမ်တိုင်းတွင် မရှိကြသော်လည်း ရွာတစ်ရွာလုံး ကိုးကွယ်ကြသည့် နတ်စင်ကိုမူ တစ်ရွာတွင် တစ်ခုထားရှိလေ့ ရှိကြပါသည်။

ထိုနတ်စင်ကို နတ်တို့ စံမြန်းပျော်ရွှင်ဖွယ်ရာ နေရာဖြစ်သည့် အရိပ်အာဝါသကောင်းသော ညောင်ပင်ကြီးများနှင့် တောအုပ်ကြီးတို့တွင် တည်ဆောက်လေ့ရှိကြသည်။

ထိုသို့ တည်ဆောက်ရာ၌လည်း ရွာနတ်စင်အား ရွာနှင့် သီးခြားရှိသည့် ရွာအစွန်ပိုင်းများတွင်သာ တည်ဆောက်လေ့ ရှိကြပါသည်။ ထို့ပြင် နတ်အတွက် မြေနေရာများကို ကန့်သတ်ကာ သတ်မှတ်ပေးပြီး ထိုမြေနေရာကို **နတ်မြေ**ဟုခေါ်၍ မည်သူမျှ လုပ်ကိုင်စားသောက်ခွင့် မရှိပါချေ။

ထိုသို့ ရွာနတ်စင်နှင့် မြေနေရာများ သတ်မှတ်ပြီးသော် **ရွာတော်အရှင်**

www.burmeseclassic.com

**ကြီးနတ်**အား ပူဇော်ပသကြပါသည်။

ရွာတော်အရှင်ကြီးနတ်က ကျေးရွာအား စောင့်ရှောက်သည်ဟုလည်း ရွာရှိလူများအားလုံးက ခံယူလေ့ ရှိကြပါသည်။

သို့ဖြစ်ပါ၍ စာရေးသူတို့ ရွာဘက်မှ ရွာတိုင်း ရွာတိုင်းတွင် ထိုသို့ ရွာတော်အရှင်ကြီးနတ်စင်ကိုယ်စီ ရှိကြပါသည်။

ရွာတော်အရှင်ကြီးအား ပူဇော်ပသကြသည့် ပွဲတော်အကြောင်းကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ၊ အမှတ်(၂၃၅)၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ပါရှိသော **"ကြွပြန်သွားသော ရှင်သီဝလိ"** ဟူသော ဆောင်းပါးတွင် စာရေးသူ ထည့်သွင်းရေးသားခဲ့ပြီး ဖြစ်ပါ၏။

သို့ပါသော်လည်း ယခု ဆောင်းပါးတွင် စာရှုသူများ ဖတ်ရှု၍ အဆင်ပြေစေရန် အနည်းငယ် ထပ်မံရေးသားလိုပါသည်။

ထိုသို့ စာရေးသူတို့ရွာဘက်မှ ကျေးရွာတိုင်းတွင် ရွာနတ်စင်များ ရှိကြသည်နှင့်အညီ ရွာ၏ နတ်စင်အား စောင့်ရှောက်ရန်အတွက် လူတစ်ယောက် ထားရှိရ၏။

ထိုသူအား ကျေးရွာအခေါ် **နတ်ထိန်း** (နတ်စင်အားစောင့်ရှောက်သူ)ဟု ခေါ်ပြီး ထိုသူမှ ရွာနတ်စင်အား သန့်ရှင်းရေးပြုလုပ်ခြင်း၊ ပန်း၊ ရေချမ်းများ ပူဇော်ပသခြင်းတို့ကို တာဝန်ယူလုပ်ဆောင်ရပါသည်။ ထိုသို့ နတ်ထိန်းအား တစ်ရွာလျှင် တစ်ယောက်သာ ထားရှိကြ၏။

ထိုသူအတွက် ရပ်ရွာတွင် ရရှိသော အခွင့်အရေးမှာ ရပ်ကြေး၊ ရွာကြေးများအား ထည့်ဝင်ရန် မလိုပေ။ ထိုသူသည် ရွာနတ်စင်အား စောင့်ရှောက်ရန် တာဝန်ယူထားရသည့်အတွက်



ရပ်ကြေး၊ ရွာကြေးတွင် ထိုသူအား ကောက်ခံမှု မပြုခြင်း ဖြစ်ပေသည်။

ထိုသို့ နတ်ထိန်းမိသားစုအား ရပ်ကြေး၊ ရွာကြေးများ မကောက်ခံခြင်းကို ကျေးရွာနေ လူများအားလုံးက သဘောတူညီစွာ ခွင့်ပြုကြပါသည်။ ဤသည်ကား ကျေးရွာနတ်ထိန်းများ ရရှိသော အခွင့်အရေးတစ်ခု ဖြစ်ပါသည်။

ရွာတော်အရှင်ကြီးနတ်အား ပူဇော်ပသသည့် ပွဲများကိုမူ နှစ်စဉ် ဝါမဝင်မီ နယုန်လဆုတ်ပိုင်း၌ တစ်ရွာလျှင် တစ်ရက် သတ်မှတ်ပြီး ပွဲတော်ကျင်းပဆင်နွှဲကြပါသည်။ ထိုပွဲတော်ကို ကျေးရွာအခေါ် **နတ်တက်ပွဲ**ဟု ခေါ်ပါသည်။

ထိုနတ်တက်ပွဲ ပြုလုပ်ရန်အတွက် အလှူငွေကို ကျေးရွာနေလူများအားလုံး တတ်နိုင်သလောက် စုပေါင်းထည့်ဝင်လေ့ ရှိကြပါသည်။

ထို့ပြင် ထိုနတ်တက်ပွဲသို့ ကျေးရွာမှ ကလေး၊ လူကြီးမကျန် တက်ရောက်ဆင်နွှဲလေ့ ရှိကြပါသည်။

နတ်တက်ပွဲတွင် ရွာတော်အရှင်ကြီးနတ်အား အဓိက ပူဇော်ပသကြသည့် ဟင်းလျာတစ်မျိုးမှာ **ငါးကင်** ဖြစ်ပါသည်။ ငါးများကို ဝါးတံစို့ဖြင့် သီကာ ကင်ကြပြီး ရွာတော်အရှင်ကြီးနတ်အား ပူဇော်ပသသည့် ငါးကင်မှ ဝါးတံ များကို ကျေးရွာစပါးခင်းများတွင် မြှုပ်နှံထားပါက စပါးခင်း ပိုးမကျ ယူဆကြပါသည်။

**ထိုစပါးခင်းပိုးကျခြင်းမှ ကာကွယ် ပေးသော ဝါးတံရှိသည်ကား ရွာတော် အရှင်ကြီးနတ်က ပေးသနားသည့် လက်ဆောင်ဟူ၍လည်း ခံယူလေ့ ရှိကြ သည်။**

ထို့ပြင် ထိုနတ်တက်ပွဲ၌ ဆန်မှုန့်များဖြင့် ပြုလုပ်ထားသော ရောင်စုံမုန့်များ ငှက်ပျောသီးမှည့်များနှင့် ခြံထွက် သစ်သီးများလည်း ပူဇော်လေ့ ရှိကြ သည်။

ထိုမုန့်နှင့် သစ်သီးများကို ကျေးရွာ ရှိ နတ်ဆရာတစ်ဦးက ရွာတော်အရှင် ကြီးထံ ပူဇော်ပသပြီးမှ ရွာတော်အရှင် ကြီးနတ်က စွန့်ကြသည့် အနေဖြင့် ပွဲတော်တက်ရောက်သူများအား ဝေ ပေးလေ့ရှိပါသည်။

**ရွာတော်အရှင်ကြီးနတ်အား ပူဇော် ပသပြီးသည့် မုန့်နှင့် သစ်သီးများအား ကလေးငယ်များကို ကျွေးပါက သူငယ် [illegible]သည်ဟုလည်း ခံယူကြပါသည်။**

ထို့နောက် ပွဲတော်လာရောက်ကြ သော ရွာသူရွာသားများအားလုံး နတ်စင်ကျောင်းတလင်း၌ပင် ထမင်း ဟင်းလျာများကို ဝိုင်းဖွဲ့စားသောက်ကြ ပြီး ရွာနတ်စင်ပတ်ဝန်းကျင်အား သန့်ရှင်းရေး ဝိုင်းလုပ်ပြီးမှ နေအိမ်သို့ ပြန်လေ့ ရှိကြပါသည်။

ထိုသို့ ရွာတော်အရှင်ကြီးအား ပူဇော်ပသသည့် ပွဲတော်မှာ စာရေးသူ တို့ရွာဘက်မှ လူများအဖို့ အရေး ကြီး သော ပွဲတော်တစ်ခုပင် ဖြစ်ပါသည်။ ရွာတော်အရှင်ကြီး နတ်မှာလည်း ရွာတစ်ရွာအတွက် မဖြစ်မနေပူဇော်

www.burmeseclassic.com

www.burmeseclassic.com



သော နတ်တစ်ပါးပင်ဖြစ်၍ နေပါသည်။

ဤသို့လျှင် များမကြာမီ အချိန်ကာလက ဖြစ်ပါသည်။

စာရေးသူတို့ရွာ၏ ဘေးရွာမှ ကိုဖိုးအောင်ဟူသော လူတစ်ဦးမှာ အသက် (၃၀)ကျော် အရွယ်ရှိပြီး လွန်စွာ နောက်တတ်သူတစ်ဦး ဖြစ်ပါသည်။ ထိုသူ၏ စနောက် ကျီစားတတ်သည့် အကျင့်မှာ လူများအား လန့်အောင် ခြောက်လှန့်တတ်ခြင်း ဖြစ်ပါပေ၏။ ထိုသို့ စနောက်ခြင်းကို ဝါသနာပါပြီး ထိုသို့ မစနောက်ရဘဲလည်း မနေနိုင်သူတစ်ဦး ဖြစ်ပါသည်။

ကိုဖိုးအောင်မှာ ညအခါ၌ သူ့ကိုယ်သူ တစ္ဆေ သရဲ သဏ္ဍာန် ဖန်ဆင်းပြီး ရွာရှိ လူများအား ကြောက်အောင် ခြောက်လှန့်ခြင်း ဖြစ်ပါသည်။

ထိုသို့ ခြောက်လှန့်တတ်ခြင်းကြောင့် အခြောက်ခံရသည့်သူများ သူကြီးအိမ် တိုင်ကြားကြသောကြောင့် ကိုဖိုးအောင် သူကြီးအိမ်တွင် ခဏခဏ အပြစ်ပေးခံရသူ ဖြစ်ပါသည်။

သူကြီးက ဆုံးမအပြစ်ပေးသည့်အခါ ခံယူပြီး ခဏကြာပါက သူ၏ ဝါသနာအတိုင်း ပြန်လည်ခြောက်လှန့်နေကျ ဖြစ်လေသည်။ သူကိုယ်တိုင် တစ္ဆေ သရဲများကို မကြောက်တတ်သည့်အတွက် ညအခါ၌လည်း ထိုသို့ လူများအား သွားလာခြောက်လှန့်ရဲခြင်း ဖြစ်ပေသည်။

ဤသို့ဖြင့် အချိန်ကြာလာသောအခါ ထိုရွာရှိ လူများမှာ အကြောင်းသိသွားကြပြီး ကိုဖိုးအောင် ခြောက်လှန့်ခြင်းအား မကြောက်လန့်ကြတော့ပေ။ ထို့ကြောင့် ကိုဖိုးအောင်မှာ သူ၏ရွာတွင် ထိုသို့ ခြောက်လှန့်ခြင်းမျိုး မပြုတော့ဘဲ တခြားရွာသို့ သွားရောက်ခြောက်လှန့်ရန် စိတ်ကူးမိ၏။

ဤသို့လျှင် လသာသော ညတစ်ည၌ ကိုဖိုးအောင်သည် တစ္ဆေ သရဲကဲ့သို့ အသံပေး၍ ခြောက်လှန့်ရန် စာရေးသူတို့ရွာဘက်သို့ ရောက်ရှိလာခဲ့ပါသည်။

ကိုဖိုးအောင် နေထိုင်သော ရွာနှင့် စာရေးသူတို့ရွာမှာ နယ်နိမိတ်ချင်း ထိစပ်နေပြီး ကျေးရွာလယ်ကွက်များသာ ခြားပါသည်။

အချိန်ကား ည (၁၁)နာရီကျော်ကျော် ကျေးရွာနေ လူများ အိပ်စက်ကြသည့် လူခြေတိတ်ချိန် ဖြစ်ပါသည်။ ထိုအချိန်၌ ကိုဖိုးအောင်မှာ မကြောက်တတ်သူပီပီ စာရေးသူတို့ရွာ နတ်စင်တောအုပ်ထဲသို့ တစ်ယောက်တည်း ဝင်ခဲ့လေသည်။ ရွာနတ်စင်မှာ စာရေးသူတို့ရွာနှင့် သီးခြားရှိသော်လည်း တစ်ခေါ်စာလောက်သာ ဝေးပါသည်။

ထို့ကြောင့် ကိုဖိုးအောင်သည် သူ

အသံပေး၍ ခြောက်လှန့်ပါက စာရေးသူတို့တစ်ရွာလုံး ကြောက်လန့်ကုန်တော့မည့်အရေးကို တွေးရင်း စိတ်ကူးထဲ အပျော်ကြီး ပျော်နေမိလေသည်။

ထိုသို့တွေးရင်း စာရေးသူတို့ ရွာနတ်စင် တောအုပ်ထဲ ဝင်ခဲ့ရာ ရွာနတ်စင်ရှေ့သို့ ရောက်သောအခါ သာမန်လူ နှစ်ကိုယ်စာလောက်ရှိသော အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်း လူတစ်ဦးမှာ အဖြူရောင်ဝတ်စုံဖြင့် နတ်စင်ရှေ့တွင် ခါးထောက်လျက် ကိုဖိုးအောင်အား ရပ်ကြည့်နေ၏။

ကိုဖိုးအောင်မှာ အယုံအကြည်မရှိသူပီပီ မျက်စိမှားသည် အထင်ဖြင့် မျက်လုံးအား ပွတ်သပ်ကာ အသေအချာ ကြည့်လိုက်၏။

သစ်ပင်ကြီးများ အုံ့ဆိုင်းနေသော အမှောင်အောက်ဝယ် ထိုသူ၏ မျက်နှာအား သဲကွဲစွာ မမြင်ရသော်လည်း ထိုသူမှာ နတ်စင်ရှေ့တွင် အမှန်တကယ်ရပ်နေခြင်း ဖြစ်လေသည်။

ထို့နောက် ထိုသူမှာ ကိုဖိုးအောင်အား တစ်ခုခုလုပ်မည့်ဟန်ဖြင့် ကိုဖိုးအောင်ထံ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်လာခဲ့သည်။

ထို့ကြောင့် ကိုဖိုးအောင်မှာ ရွာတော်အရှင်ကြီးနတ် ကိုယ်ထင်ပြ ခြောက်လှန့်ခြင်းဖြစ်မည်ကို တွေးမိပြီး အလိုလို ကြောက်လန့်ကာ လာလမ်းအတိုင်း အိမ်သို့ အပြေးပြန်ခဲ့၏။

ထိုလူကြီးမှာ ကိုဖိုးအောင် နောက်မှ ထက်ကြပ်မကွာ လိုက်လာခဲ့သောကြောင့် ကိုဖိုးအောင်မှာ ကြောက်ရွံ့စိတ်ဖြင့် မောပန်းစွာ ပြေးလွှားခဲ့ရာ အိမ်ရောက်သည့်အခါမှ ထိုလူကြီး ပျောက်ကွယ်သွားလေတော့သည်။

ကိုဖိုးအောင်မှာ တဆတ်ဆတ်တုန်စွာဖြင့် နောက်နေ့များအထိ

www.burmeseclassic.com

www.burmeseclassic.com

အကြောက်မပြေခဲ့ပေ။ ထို့ကြောင့် ရွာရှိ လူကြီးများက ကိုဖိုးအောင်အား အသေအချာ မေးကြည့်ကြပါသည်။

ထိုအခါ ကိုဖိုးအောင်သည် အထက်ပါ အကြောင်းအရာများကို ဖြစ်ကြောင်းကုန်စင်အောင် ပြောပြပြီးသော် စာရေးသူတို့ရွာမှ ရွာတော်အရှင်ကြီးနတ်က သူ့အား ခြောက်လှန့်နှင်ထုတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် စာရေးသူတို့ရွာမှ ရွာတော်အရှင်ကြီးနတ်အား သွားရောက် တောင်းပန်လိုကြောင်း ပြောလေသည်။

ဤသို့လျှင် နောက်နေ့၌ ကိုဖိုးအောင် အပါအဝင် ထိုရွာမှ လူကြီးများ စာရေးသူတို့ရွာသို့ ရောက်ရှိကြပြီး စာရေးသူတို့ ရွာနတ်စင်မှ ရွာတော်အရှင်ကြီးနတ်အား ပူဇော်ပသကာ တောင်းပန်ခဲ့ကြပါသည်။

ထို့ပြင် ကိုဖိုးအောင်သည် ထိုအချိန်မှစ၍ လူတွေအား ခြောက်လှန့်တတ်သော သူ၏ အကျင့်ဆိုးကြီးအား စွန့်လွှတ်ခဲ့ပါတော့သည်။

ထိုည ကိုဖိုးအောင်အား ခြောက်လှန့်နှင်ထုတ်ခဲ့သူမှာ စာရေးသူတို့ တစ်ရွာလုံး ကိုးကွယ်ကြသည့် ရွာတော်အရှင်ကြီးနတ်သာ ဖြစ်လေသည်။

ရွာတော်အရှင်ကြီးနတ်မှ စာရေးသူတို့ ရွာသူရွာသားများအား ကြောက်လန့်ခြင်းမှ ကင်းဝေးစေရန် မကောင်းကြသည့်သူအား နှင်ထုတ်ခဲ့ခြင်း ဖြစ်ပေမည်။

ထို့ကြောင့် စာရေးသူတို့ ကိုးကွ... ကြသည့် ရွာတော်အရှင်ကြီးနတ်... ကား စာရေးသူတို့ရွာအား ... ရှောက်နေသည်ကို စာရေးသူနှင့်... ရွာသူရွာသားများအားလုံး လက်... သိမြင် အကြွင်းမဲ့ ယုံကြည်ခဲ့ကြ... တော့သည်။

**[ဖြစ်ရပ်မှန်ကို ကာယကံရှ... အမည်သာ လွှဲပြောင်းရေး... သည်။]**

***စာရှုသူများအား အစဉ်ေ...***
***လျက်...***

**ညီလေးငယ်(လယ်တော်)**

# ရောင်စုံပွင့်သည့် နှင်းဆီပင်လေ...

## စိုက်ကြည့်ပါ

နကွတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များ အလှပန်းပင်လေးတွေ စိုက်ပျိုးရန် ဝါသနာပါလျှင် တစ်ပင်တည်းမှ ရောင်စုံပွင့်နိုင်သော နှင်းဆီစိုက်ပျိုးနည်းကို စေတနာဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

**စုဆောင်းရန် အသုံးပြုပစ္စည်းများ**

၁။ ကျွန်းမီးသွေးအမှုန့်

၂။ နကျယ်အုံအမှုန့် (နကျယ်ကောင်အိမ်ဖွဲ့ပြီး မြေမှုန့်)

၃။ မြေဩဇာ(ကြိုက်နှစ်သက်ရာ မြေဩဇာ)

**စိုက်ပျိုးနည်း**

ကျွန်းမီးသွေးနှင့် နကျယ်အုံအမှုန့်ကို ဆတူရောပြီး ညက်အောင်ထောင်းပါ။ ယင်းအမှုန့်(၁)ဆ၊ မြေဩဇာ(၂)ဆ သမအောင် ရောမွှေပါ။ ထို့နောက် မိမိစိုက်လိုသော ပန်းအိုးအတွင်းသို့ မြေဩဇာအနေတော်ထည့်ပါ။ ထိုမြေဩဇာအထက်မှ နှင်းဆီပင်ကို ထောင်စိုက်ပါ။ နှင်းဆီပင် အမြစ်မြုပ်သည်အထိ သုံးမျိုးရောထားသည့် အမှုန့်များ ထပ်ထည့်ပါ။ ပြီး မြေဩဇာထပ် ဖြည့်ထည့်ပါ။ ပြီး လက်နှင့်ဖိပေးပါ။ ရေလောင်းပါ။



မကြာသော ရက်အတွင်းမှာ ရောင်စုံနှင်းဆီပွင့်လေးတွေ လှပဝေဆာစွာပွင့်လာပါလိမ့်မည်။

နှင်းဆီစိုက်ပျိုးနည်း ပြောပြသော **ဦးမျိုးလွင်**အား ဤစာစုဖြင့် ဂုဏ်ပြုအပ်ပါသည်။

**မိုးကျော်ကျော် (ရတနာမြေ-ချောင်းကြီး)**

www.burmeseclassic.com

### ထူးထွေဆန်းပြားသော ဝင်လယ်သရွှေရာထဲမှ

# ကျွန်းနံ့သာ

**မောင်လင်းခိုင်**



ငါးအလွှန်ပေါသည်။ သားငါးရှာဖွေသူ တံငါများ သာ သွားလာကြသည်။ သီးသန့် သွားလာရေးခရီး သွား ရောက်သူများကား အလွန်နည်းသည်။

ထိုရေပေါ်ကျွန်းသည် မည်သည့် ခေတ် မည်သည့်အခါမှစ၍ တည်ရှိ နေသည်ကို မည်သူမှ တပ်အပ်မပြော နိုင်ကြပါ။

ထိုကျွန်းနံ့သာကို သွားမည်ဆိုပါက ကမ်းခြေမှ နံနက်(၅)နာရီလောက် လှော်ခတ်သွားလျှင် ဆွမ်းခံချိန် လောက် ရောက်သည်ဟု ပြောကြ

**ရခိုင်ပြည်နယ်၊ သံတွဲမြို့တွင် ကျွန်းနံ့သာဟူသော ကျွန်းတစ်ကျွန်း** ရှိသည်။ သံတွဲမြို့တွင် ရှိသည်ဟု ဆိုသော်လည်း ကမ်းခြေတွင် ရှိနေခြင်း ကား မဟုတ်ပါ။ **သံတွဲမြို့(ငပလီ ကမ်းခြေ လင်းသာရွာနှင့် မိုင်(၃၀) ခန့် ဝေးသည့် အကွာအဝေးတွင် ရှိနေသော ကျွန်းတစ်ကျွန်း ဖြစ်ပါ သည်။**

လူတွေနှင့် သီးခြားရှိနေခြင်း အတွက် သွားရောက်သူများ နည်းပါး ကြသည်။ လှိုင်းနှင့်လေနှင့်ဖြစ်၍ သွားရေးလာရေး မလွယ်ကူသဖြင့် အသွားအလာ နည်းကြသည်။

လှိုင်းမူးတတ်သူများ သွားရောက် ရန် မလွယ်ပါ။ ထိုကဲ့သို့ သီးသန့်ရှိနေ သော ကျွန်းကလေးဖြစ်၍ လူ အရောက်အပေါက် နည်းပါးသဖြင့်

www.burmeseclassic.com

သည်။

တချို့ကလည်း ညဉ့်ဦး(၁၁)နာရီလောက် လှော်ခတ်သွားပါက မိုးလင်း ရောက်သည်ဟု ဆိုကြပြန်သည်။

သို့သော် ရွက်လွှင့်၍ လေမိပါက (၂)နာရီ (၃)နာရီနှင့် ရောက်သည်ဟု ဆိုပြန်သည်။ ကျွန်းနံ့သာသည် ကမ်းခြေမှ မျှော်ကြည့်လျှင် မှုန်မှုန်ရေးရေးသာ မြင်ရသည်။

ပင်လယ်ပြင်ကြီးထဲတွင် အထီးထီးရပ်တည်နေသော ကျွန်းတစ်ကျွန်းဖြစ်သည်။ ကျွန်းနံ့သာသည် ကျွန်းနံ့သာဟု ခေါ်ဆိုသည့်အတိုင်း ရနံ့တသင်းသင်း မွှေးနံ့ကြိုင်ကြိုင်ဖြင့် အလွန်သာယာသည်။ ပင်လယ်ပြင်ထဲမှ နေချင်ဖွယ်ရာ ကျွန်းကလေးတစ်ကျွန်းဟု ဆိုကြပါသည်။

ထိုကျွန်းကို လေ့လာရေးအတွက် သော်လည်းကောင်း၊ အလည်သဘောဖြင့်သော် လည်းကောင်း ရောက်ဖူးရုံ သွားကြသူများလည်းရှိသည်။ အများအားဖြင့် ငါးဖမ်း၊ ငါးရှာ သွားရောက်ကြသူများသာ များကြပါသည်။

ကျွန်းနံ့သာကို ရောက်ဖူးရုံ လေ့လာရေးသက်သက် သွားကြသူများကလည်း အုပ်စုဖွဲ့၍ (၅)ယောက်တစ်ဖွဲ့၊ (၆)ယောက်တစ်ဖွဲ့ သွားရောက်ကြသည်။

နေ့ချင်းပြန် သွားရောက်ဖို့ရာ မလွယ်လှပါ။ အလွန်ပင်ပန်းလှသည်။ နံနက်(၅)နာရီသွား၊ ညနေ (၃)နာရီ (၄)နာရီမှ ရောက်သည့်အတွက် လေ့လာသူများအတွက် နေ့ချင်းပြန်၍ မဖြစ်နိုင်ပါ။

တစ်ညအိပ်ခရီးတွက် စားစရာ၊ သောက်စရာ၊ အိုးခွက်ပန်းကန်၊ ဆား၊ ငရုတ်၊ ကြက်သွန် အစုံ ယူသွားရသည်။

ဒီနေ့အတွက်နှင့် နက်ဖြန်စာအတွက်ပါ ယူသွားကြရသည်။ ရောက်ပြီး ကျွန်းကိုပတ်ပြီး လေ့လာ၊ နောက်နေ့ နံနက်စောစောမှ ပြန်ကြရသည်။

ငါးဖမ်း၊ငါးရှာသူကလည်း သူ့အုပ်စုနှင့်သူအဖွဲ့လိုက် (၂)ပတ်နေလျှင် (၂)ပတ်စာ၊ တစ်လနေမည် ဆိုပါက တစ်လစာ ယူသွားကြရသည်။ ကျွန်းနံ့သာမှ တစ်ခါတစ်ခါ မီးတောက်ကြီးတွေ ထတောက်တာ မြင်ရသည်။ ရေနံကြောကြောင့်လား၊ ဂတ်(စ်)တွေ ရှိ၍ မီးထတောက်လေသလားကို အဝေးကသာ မှန်းဆ၍ ပြောကြဆိုကြ ဝေဖန်ကြရသည်။

ထိုကျွန်းအကြောင်းကို သိချင်၍ မေးမြန်းစုံစမ်းရသည်။ ရောက်ဖူးသူများကို မေးရသည်။ မိတ်ဆွေတစ်ယောက်ဖြစ်သော **မီးလောင်**(နာမည်ရင်းညီညီ)ကို မေးကြည့်ရသည်။

သူကိုယ်တိုင်သွား၍ ငါးရှာခဲ့ဖူးကြောင်း၊ သူနှင့် အဖွဲ့တစ်ဖွဲ့ ရိက္ခာအပြည့်အစုံဖြင့် သွားရောက်ခဲ့ကြောင်း အောက်ပါအတိုင်း ပြောပြပါသည်။

* * *

မီးလောင်သည် ကျွန်းနံ့သာကို ငါးရှာသွားဖို့ ပထမ လူရှာရသည်။ ဝါသနာပါသူ၊ သွားလိုသူ စိတ်တူကိုယ်တူ တူသူတွေကို ရှာရသည်။ သူတို့အဖွဲ့ လူ(၅)ဦး စုမိကြသည်။

ရိက္ခာအတွက် ဆန်တစ်အိတ်၊ ဆီတစ်ပိဿာ၊ ကြက်သွန်တစ်ပိဿာ၊ ငရုတ်သီးခြောက်ငါးဆယ်သား၊ ဆား၊ ငရုတ်သီးကြိတ်ရန် စလောင်း**(ရခိုင်တွင် ငရုတ်သီးကို စလောင်းထဲထည့်၍ ကျောက်လုံးအဝိုင်းဖြင့် စိ၍ကြိတ်ကြသည်။)**

ခုတ်ရန်ထစ်ရန်ဓား၊ အသုံးအဆောင်ပစ္စည်းများ အစုံအလင် [...] ဆေးလိပ် သောက်တတ်သူများ [...] ဆေးလိပ်စည်း ငါး,ဆယ်စည်း [...] ရာစည်းများ ယူကြသည်။ ဥတုသုံး [...] နတ်သမီး မီးခြစ် စသည်တို့ ယူ[...] သည်။

သူတို့အုပ်စု လူစုံတော့ ည(၁၁)နာ[ရီ] လောက် စ၍ ထွက်ကြသည်။ [...] သောအခါ လှေဦးက ရွက်ထောင်[...] တိုက်ကြသည်။ တက်မကိုင်သူ[...] နောက်မှ ထိန်းပေးရသည်။

ငါးများဖို့အတွက်လည်း [...] ငါးများချိတ် အပြည့်အစုံ ယူရသည်[...] တစ်ချောင်းပြတ်သွား၊ ကျိုးသွား[...] နောက်တစ်ချောင်းလဲရန် ဖြစ်သည်[...]

ရွာနှင့် အလှမ်းဝေးလွန်းသ[...] အပြည့်အစုံ တစ်ခါတည်း ယူ[...] သည်။ သူတို့အဖွဲ့ ည(၁၁)နာရီလော[က်] လှော်ခတ်သွားကြရာ နောက်[...] နေ့တစ်ဝက်ကျိုးမှ ကျွန်းကို ရော[က်] သည်။ ရောက်ရောက်ချင်း နေဖို့ထိုင်[...] နေရာ ပြုပြင်ရ ရှာရဖွေရသည်။

အိုးခွက်ပန်းကန်၊ စားစ[...] သောက်စရာများ နေရာချရသည်[...] ဤအကြောင်းကို နဂိုကတည်း[...] ကြားဖူးနား၀ ရှိနေကြသည်ဖြစ်[...] အတည်းအခို မမှားကြရန်လည်း [...] သည်။

ထိုကျွန်းတွင် နဂါးတစ်[...] နတ်တစ်ပက် သီးခြားစည်းခြား[...] နေကြရသည်။ တည်းခိုကြရာ[...] နတ်နေသည့် ဘက်ခြမ်းတွင်[...] နေထိုင်တည်းခို၍ ရသည်။

သူတို့ ကျွန်းကို အလျင်[...] လေ့လာသည်။ သစ်,ဝါးတွေ အလွ[...] ပေါသည်။ အထူးသဖြင့် သစ်[...] ဝါးကြီးတွေ အလွန်ပေါသည်[...]

လူတွေနှင့် ဝေးနေသဖြင့် သစ်,ဝါး[...] ခုတ်ရန် အခက်အခဲကြောင့် မ[...]





www.burmeseclassic.com

www.burmeseclassic.com

ရောက်နိုင်ကြပေ။ ဝါးလုံးများမှာ လူဝဝ လက်မောင်းမျှ ကြီးထွားနေကြသည်။ သစ်ပင်ကြီးတွေဆို လူတစ်ဖက်စာမျှ ရှိကြသည်။ သစ်ပင်မျိုးစုံ စားသောက်ပင်တွေကလည်း ပေါသည်။

ရှေ့က ရောက်သွားကြသူများ စားသောက်ပြီး စွန့်ထားခဲ့ကြသည့် ရှောက်သီးမှ အစေ့များပေါက်၍ အသီးများ သီးနေကြသည်မှာ တောထနေသည်။

ရှောက်ပင်သည် လူတက်၍ ရအောင် ကြီးမားလာသည်။ သူတို့သည် ကျွန်းကို အရင်လေ့လာသည်။



ကျွန်းသည် တောင်ကြီးတစ်တောင်မျှ မြင့်မားခြင်း မရှိသော်လည်း အမောကလေး တမောလောက် မောအောင် တက်ရသည်ထိ မြင့်လှသည်။

ကျွန်းတွင် ကျောက်တုံးကျောက်ခဲတို့ဖြင့် ပြည့်လျှံနေသည်။ ကျွန်းသည် အလွန်ကျယ်ပြောလှသည်။ ထိုကျယ်သောကျွန်းကို နှစ်ပိုင်းမျှခွဲ၍ နယ်မြေခြားထားသည်။

အရှေ့နှင့်အနောက်၊ **အနောက်ဘက်က နဂါးဘက်ခြမ်း။ အရှေ့ဘက်နတ်ဘက်အခြမ်း။** သစ်ပင်တွေ တန်းစီပေါက်နေကြသည်။

သူ့ဘက်ကိုယ့်ဘက် မြောင်းတူးထားသလို လမ်းက ပြောင်ချောကြီး ရှင်းသန့်နေသည်။ လေကလည်း တဖြူးဖြူးနှင့် အရွက်တွေ ကြွေကျသည်။

နဂါးဘက်အခြမ်းမှ ကြွေသော အရွက်သည် နတ်ဘက်အခြမ်းသို့ တစ်ချက်မျှ မကျရောက်၊ တဝေ့ဝေ့ဝဲပြီး ဆင်းလာသည့် အရွက်တွေ အောက်ရောက်ခါနီး သူ့အဘက်ခြမ်း သူကျသွားသည်။

မီးလောင် အံ့သြနေသည်။ နတ်ဘက်က သစ်ရွက်ခြောက်ကလည်း တဝဲဝဲ ကြွေကျလာသည်။ အောက်ရောက်ခါနီး သူ့ဘက်ခြမ်း သူကျသွားသည်။

မီးလောင်တို့ ငါးရှာအဖွဲ့ ထူးဆန်းနေသဖြင့် အချိန်တော်ကြာ ကြည့်နေကြသည်။ နှစ်ဖက်စလုံးက ကြွေသည့် အရွက်တွေ သူ့ဘက်အခြမ်းသူ ကြွေကျသွားကြသည်။ တစ်ဖက်နှင့် တစ်ဖက် ကူးခြင်းမရှိ။ သူတို့အဖွဲ့ အံ့သြခြင်းမက အံ့သြနေကြသည်။

သူတို့ စားစရာ သောက်စရာများ နေရာချကြသည်။ ပါလာသည့် အသီးအရွက်၊ ရှောက်၊ ကြက်သွန် ဖုံးဖိထားကြသည်။ အုပ်ဆိုင်းထားကြသည်။

ဆန်အိတ်ကို သစ်ပင်မှာတွဲ၍ ချိတ်ထားလိုက်ကြသည်။ တောက ကြီးသည်။ သစ်ကြီး ဝါးကြီးတွေနှင့် ကြွက်အန္တရာယ် ကြောက်ရ၍ အုပ်ဆိုင်းပြီး တွဲပြီးထားကြသည်။

မိုးလင်းတော့ အုပ်ဆိုင်းထားသော အသီးအရွက်တွေ တစ်ခုမှမရှိ၊ တွဲထားသည့် ဆန်အိတ် အောက်ကိုပြုတ်ကျ၍ ဆန်တွေ ကျောက်တွေကြားမှာ ပြန့်ကြနေလေသည်။

သူတို့ စားစရာ သောက်စရာတွေ အားလုံး ကုန်သွားကြ၍ ငေးမောနေကြစဉ် တခြားရွာမှ ငါးများသူများ ရောက်လာပြီး သူတို့၏ အဖြစ်တွေကို မေးမြန်းကြသည်။

'ဘာဖြစ်ကြတာလဲဗျ'

'စားစရာတွေ ကုန်ပြီဗျာ၊ ညက ကြွက်စားမှာစားလို့ အသီးအရွက်တွေ အုပ်ဆိုင်းထားတာ။ ဆန်အိတ်ကို သစ်ပင်မှာ တွဲထားတာ ဆန်အိတ်က ကြိုးပြတ်ကြပြီး အသီးရွက်တွေလဲ အားလုံးကုန်ပြီ ဘာဖြစ်တာလဲ မသိဘူး'

'ခင်ဗျားတို့ မသိကြလို့ပဲ၊ ဒီကျွန်းကို ရောက်ရင် အစားအသောက်တွေ အုပ်ဆိုင်းမထားရဘူး။ ဒီအတိုင်း ပြောင်ပြောင်ထား။ ဘာမှ မဖြစ်ဘူး။ တစ်လုံးတစ်ဖဲ့ ဆန်တစ်စေ့မှ မပျောက်ဘူး။ အေး...အုပ်တော့ မထားလေနဲ့ ကုန်ပြီသာ မှတ်ပေတော့'

'ကျွန်တော်တို့က သိမှ မသိဘဲဗျာ၊ ဆန်တွေ ကျောက်ကြား ဝင်ကုန်လို့ တစ်ဝက်လောက်ပဲ ရတော့တယ်'

'ကျွန်တော်တို့မှာ ဆန် တော်တော်များများပါ၊ပါတယ်။ ကျွန်တော်တို့ဆီကယူ၊ နောက်ပြန်တဲ့ လှေနဲ့မှာလိုက်ပေါ့ဗျာ'

အားလုံး သက်ပြင်းချကြသည်။ သည်ကျွန်း ခုမှ ရောက်ဖူးစဆိုတော့ ကျွန်းအကြောင်း မသိပါ။ တောဘက် လှည့်ကြည့်လိုက်တော့ တောက မှိုင်းညို့၍ သစ်ကြီး ဝါးကြီးတွေနှင့် ဖွတ်ကြီးတွေဆို လူတကိုယ်စာ

www.burmeseclassic.com

လောက်ရှိမည် ထင်ရသည်။ သွားလာနေသည်။

သူတို့အဖွဲ့ ငါးမျှားမိ ကျွန်း၏ အခြေအနေကို လေ့လာကြသည်။ နတ်နှင့်နဂါးတို့၏ အခြေအနေကို သိချင်ကြသဖြင့် လျှောက်ကြည့်ကြသည်။

နဂါးနှင့်နတ် သူ့ဘက်ကိုယ်ဘက် အလယ်စည်း ခြားထားသကဲ့သို့ ကျောက်မြောင်းကြီးတစ်ခု ရှိသည်။ လူလုပ်ထားသော လမ်းကဲ့သို့ ချောပြောင်နေသည်။

အမှိုက်တစ်ရွက်မရှိ သန့်ရှင်းနေသည်။ ကြွေလာသည့် သစ်ရွက်ခြောက်တွေ သူ့ဘက်ကအရွက် သူ့ဘက်ကြွေ၊ ကိုယ့်ဘက်ကအရွက် ကိုယ့်ဘက်ကြွေ၊ ပြန့်ကြဲမနေ လေနှင့်အတူပါပြီး ပင်လယ်ထဲ ရောက်ကုန်ကြသည်။

နဂါးဘက်အခြမ်းကို ကြည့်ပြန်သည်။ နဂါးဘက်အခြမ်းက သစ်ပင်တွေမှာ လူကြီးခြေသလုံး တစ်ဖက်မျှသာရှိပြီး အားလုံးတစ်ပိုင်းပြတ် ငုတ်တိကြီးတွေ ဖြစ်နေသည်။

အပင်ရှည်လာလျှင် အပင်ကျိုး၍ တခြားအပင်များကဲ့သို့ တရွယ်တည်း ပုံစံတည်း ကျိုးကျသွားသည်။ နဂါးပွက်ချေးတွေကလည်း တပုံတပင်။ ရေကလည်း ဆူပွက်၍ အမြှုပ်စီးဆင်းနေသည်။

သို့သော် ချော်ရည်တွေနှင့် ညစ်ပတ်၍ကား မနေပေ။ မြေအောက်မှလွတ်၍ ဆူတက်လာသော လှိုင်းလုံးကြီးက ဝုန်းခနဲ ရိုက်ချိုးကာ ထိုရွှံ့ညွှန်တို့ကို ဆေးကြောပစ်လိုက်သည်။

နဂါးဘက်အခြမ်း ပင်လယ်စပ်တွင် ရေသည် အမြဲတမ်း နောက်ကျိနေသည်။ နှစ်ဖာလုံလောက်ထိ နောက်ကျိနေသည်။ နဂါးပွက်တွင်းမှ စီးဆင်းလာသည့် ရွှံ့ရေတွေက အမြဲစီးဆင်းနေသဖြင့် နောက်ကျိနေသည်။

တစ်ခါမှ ရေကြည်လင်ခြင်း မရှိဟု ဆိုသည်။ သို့သော် နဂါးဘက်ခြမ်း တောင်ပေါ်တွင် ရေချိုတွင်းရှိသည်။ လေးလေးပင်ပင် သောက်၍ ကောင်းသည်။

သောက်ရေအိုးကိုယူပြီး တောင်ထိပ်တက်၍ နှစ်ရက်,သုံးရက်စာ ခပ်ယူထားကြသည်။ နတ်ဘက်အခြမ်းတွင် ရေချိုတွင်းရှိသော်လည်း သောက်ရေပေါ့သဖြင့် ချက်ပြုတ်ချိုးဖို့လောက်သာ အသုံးပြုကြသည်။

သူတို့အဖွဲ့သည် ငါးမျှားမိ ငါးမရှာမိ ကျွန်းကို အရင်ပတ်ကြည့်ချင်ကြသည်။ ကျွန်းက ကျွန်းဝိုင်းကြီး။ သူတို့အဖွဲ့ တိုင်ပင်၍ စိတ်တူကိုယ်တူ နံနက်စောစော လျှောက်ကြသည်။

ယောက်ျားခြေဖြင့် ခပ်ကျဲကျဲ လှမ်းကြသည်။ ဝါးတွေ၊ ကြိမ်ပင်တွေ၊ စားပင်သောက်ပင်တွေ တောထပြီး ကြီးချင်တိုင်းကြီး သန်ချင်တိုင်း သန်နေကြသည်။

ကြိမ်တောကြီးဆို မည်မျှ ကျယ်ပြန့်သည်ကို ခန့်မှန်း၍မရ။ ကြိမ်၏ အလျားကို မည်မျှရှိသည်ဟု ခန့်မှန်းရမလွယ်။ ကြိမ်ပင်သည် သဘာဝအလျောက်ပေါက်ပြီး ကြိုးခွေသလို ခွေနေသည်။

ပြီးမှ ရှေ့ဆက်သွားကာ တစ်ခွေထပ်ခွေပြန်သည်။ အခွေပေါင်း မည်မျှဟု ခန့်မှန်း၍ မရအောင် များပြားလှသည်။ ကြိမ်တောကြီးက မျှော်မဆုံး၊ ကြည့်မဆုံး။ သူတို့အဖွဲ့မှာ အံ့သြစရာတွေချည်းပဲ ဖြစ်နေသဖြင့် အံ့သြငေးမောရင်း လျှောက်ကြသည်။

သစ်ပင်ကြီးတွေဆို လူတစ်ဖက်စာမျှ ရှိသည်။ မိုးထိ မြင့်မားနေကြသည်
စားရသည့် အသီးအရွက်တွေ
အကုန်ခူးစား ဘာမှ မဖြစ်ပေ။ သူ
သည် ခြေလှမ်းခပ်ကျဲကျဲ လှမ်း
လျှောက်ကြရာ ကျွန်းကို နေ့လယ
(၁၂)နာရီခွဲမှ တစ်ပတ် ပတ်မိသည်
အကျယ်ဝန်း (၁၀)မိုင်မျှ ရှိလိမ့်မည်
ခန့်မှန်းရသည်။

သူတို့ ပြန်ရောက်ပြီး
သောက်ဖို့ ပြင်ကြဆင်ကြ ချက်
ပြုတ်ကြသည်။ ဟင်းစားဖို့အတွက်
ငါးမျှားသည်။ ငါးချက်ဖို့ ငရုတ်ပင်
ငရုတ်သီးခူးသည်။ အချဉ်အတွက်
မန်ကျည်းသီးလိုသည်။

နတ်ဘက်အခြမ်းတွင် လူနှစ်
စာမျှ ကြီးမားသော မန်ကျည်းပင်
တစ်ပင်ရှိသည်။ မော်ကြည့်သည်
အသီးတစ်တောင့်မှ မတွေ့။ ထို
မော်ကြည့်နေစဉ် တခြား ငါးရှာအဖွဲ့
လှမ်းပြီး ပြောသည်။

'အသီးမမြင်ရလဲ တက်သာတက်ပါ အ
ရလိမ့်မယ်'

ဟု လှမ်းပြီးပြောသည်။

မီးလောင်သည် မန်ကျည်းပင်
သို့ ခုန်တက်သွားသည်။ မန်ကျည်း
ပေါ်ရောက်တော့ မန်ကျည်းသီး
တောင့်ရသည်။

သူတို့အဖွဲ့တွင် လူ(၅)ယော
ရှိသဖြင့် (၅)တောင့်ရသည်။ သူ
အဖွဲ့ပြီးတော့ နောက်တစ်ဖွဲ့ တက်
သည်။ သူတို့အဖွဲ့တွင်လည်း
သလောက် မန်ကျည်းသီးရသည်

'အဲဒီမန်ကျည်းပင်က မော်ကြည့်လို့ အ
တစ်တောင့်မှ မမြင်ရဘူး။ အပင်ပေါ်
အသီးရတတ်ပေမယ့် လူရှိသလော
ရတာနော်၊ ဘယ်အချိန်တက်တက် အ
တယ်'

စားသောက်ကြပြီး သူတို့

www.burmeseclassic.com



ငါးမျှားဖို့ ပြင်ကြသည်။ ငါးတွေက ကြည့်လိုက်လျှင် ငါးအုပ်ကြီးတွေမှာ ကြည့်၍မဆုံး။ ရေမှာ ငါးအုပ်ကြီးတွေ မြင်တူ ငါးမျှားကြသည်။

ငါးမျှားတံတွင် အစာတပ် ရေထဲချ ချက်ချင်းငါးမိသည်။ အစာတပ်သာ ကြာသည်။ ဆွဲသည့် ငါးတွေမှာလည်း သေးသေးမွှားမွှား မဟုတ်။ ပိဿာ ကျော်သည့် ငါးကြီးတွေ။ ငါးဆွဲတင်ရ တာ လက်ညောင်းပြီ။ လက်အန့်သေ လာသည်။

ငါးအုပ်ကြီးက ရေထဲမှာ အနေ မပျက်။ ဤမျှ ငါးဆွဲ ငါးရနေသည်ကို အားမရသူတစ်ဦးက ငါးမျှားသုံးခွင် အစာတပ်၍ ရေထဲချလိုက်သည်။ ချသည်နှင့် ငါးသုံးကောင် ဟပ်တော့ သည်။ ဟပ်သည့် ငါးများမှာ အကောင် သေးသေးမဟုတ်၊ (၅)ပိဿာလောက် ရှိမည့် ငါးများဖြစ်သည်။

ဒုက္ခရောက်ပြီ။ ငါးက ရေထဲက ဆွဲအားနှင့်ဖြစ်၍ ငါးဆွဲအားကိုမနိုင်။ ငါးသုံးကောင်က တောင်မြောက် ပြေး သည့်ငါးနှင့် ရှေ့တည့်တည့်ပြေးသည့် ငါးများမို့ ငါးသုံးကောင်နှင့် တစ်နေ ကုန် သွားတော့သည်။

သူများတွေ ငါးအကောင်(၄,၅) ဆယ် ရသော်လည်း သူ့မှာ ငါးသုံး ကောင်နှင့် တစ်နေကုန်သည်မို့ ငါးတွေ မောမှ ဆွဲတင်၍ ရတော့သည်။

ရသည့်ငါးတွေ ခွဲပြီး လှန်းကြသည်။ ထိုသူမှာ ငါးသုံးကောင်နှင့် တစ်နေကုန် မို့ နောင်တရမဆုံး ရှိတော့သည်။

သူတို့ ငါးမျှားပြီးတော့ နဂါးဘက် အခြမ်းကူးကြပြန်သည်။ နဂါးဘက် အခြမ်းတွင် နဂါးချေးကျောက်တွေဖြင့် လူသေမြှုပ်ထားသလို ကျောက်ပုံကြီး တွေရှိသည်။ အပုံကြီး အပုံလေးတွေ တစ်ကုန်းလုံးပြည့်နေသည်။ ကိုသန်း မောင်ဆိုသူက ပွတ်သပ်ကြည့်နေ သည်။

ကိုသန်းမောင်သည် သူတို့အဖွဲ့တွင် အကြီးဆုံးဖြစ်သည်။ ရယ်စရာ မောစရာ ပြောတတ်သည်။ နောက် တတ်ပြောင်တတ်သည်။ အသားညိုညို ထောင်ထောင်မောင်းမောင်း အနောက် အပြောင်ကြမ်းသည်။

တစ်ခါက ငါးမျှားထွက်နေရင်း အပြောကြမ်းသဖြင့် ပါးတစ်ခြမ်းရွဲ့ သွားဖူးပြီး ဆိုင်ရာပိုင်ရာတို့ကို တောင်းပန်လိုက်မှ ပျောက်သွားသည်။ ယခုတစ်ခါ အရှုတ်အနောက် ပြောဖို့ စပြန်ပြီ။

'ကိုသန်းမောင် ခင်ဗျား စကား ပြောတာ ဆင်ခြင်ပြောနော်၊ ပင်လယ် ပြင်ထဲမှာ ပြောမှားဆိုမှား မဖြစ်စေနဲ့၊ ဟိုတစ်ခါလို ပါးရွဲ့နေဦးမယ်'

သတိပေးသော်လည်း ကိုသန်း မောင်က ဂရုမစိုက်။ အကြီးဆုံး နဂါး ချေးကျောက်ပုံကြီးကို လက်ဝါးနှင့် အုပ်ပြီး ရိုက်လိုက်သည်။

'နဂါးကြီး အထဲမှာနဂါးကြီး ရှိတယ်ဆိုရင် အသံပေးပါ၊ ရှိကြောင်းပြပါ'

ဟု ပြောလိုက်သည်။ အဖော်တွေက ကိုသန်းမောင်ကိုကြည့်ပြီး...

'ဒီလူ မဟုတ်တာ လုပ်ပြန်ပြီ'

ဟု ညည်းကြသည်။ ကိုသန်းမောင် သည် ပထမအကြိမ်ပြောပြီး ဒုတိယ အကြိမ် လက်ဝါးနှင့် ခပ်ပြင်းပြင်းရိုက် လိုက်ကာ ပြောလိုက်ပြန်သည်။

'နဂါးကြီး အထဲမှာ ရှိနေတယ်ဆို ရင် အသံပေးပါ'

ကိုသန်းမောင် နှစ်ကြိမ်မျှ ရိုက်ပြီး ပြောနေသော်လည်း ဘာသံမှ မကြား ရသဖြင့် မကျေမနပ်ဖြစ်ကာ တတိယ အကြိမ် လက်ဝါးနှင့် ခပ်ပြင်းပြင်းရိုက် ပြီး အသံခပ်ကျယ်ကျယ်ဖြင့် အော် ပြောလိုက်ပြန်သည်။

'နဂါးကြီး တွင်းထဲမှာ နဂါးကြီးရှိနေ တယ်ဆိုရင် ရှိကြောင်း အသံပေးပါ'

ဟု အော်ပြောလိုက်သည်။ ကိုသန်း မောင် တတိယအကြိမ်ပြောပြီး မကြာမီ မှာပင် နဂါးချေးကျောက်ပုံထဲမှ ကျယ် လောင်သော အသံကြီး ကြားရလေ တော့သည်။

မိုးခြိမ်းသံဟု ပြောရမလောက် ကျယ်ဝန်းသော အသံကြီးဖြင့် "**ဂျိန်း ဝုန်း ဂျိန်း ဂျိန်း**" ဟူသော အသံကြီး ကြားရလေတော့သည်။

လူ(၅)ယောက်စလုံး ကြောက်လန့် ပြီး ဘယ်သူမှ အဖော်ညှိမနေရဘဲ နဂါးဘက်အခြမ်းမှ နတ်ဘက်အခြမ်း သို့ သုတ်ခြေတင် ပြေးခဲ့ကြရလေ တော့သည်။

'ကဲ လုပ်ချင်ဦး'

ဟု ဝိုင်းပြီး ပြောကြသည်။

နလုံးတုန်ရင်တုန် ဖြစ်ကာ

 စာမျက်နှာ (၂၈) သို့

www.burmeseclassic.com



# တစ်ခါက

ဘိလ
(ရေတံခွန်တောင်)

[ ၁ ]

မွေးရပ်မြေ ပခုက္ကူအနေနဲ့ တွက်ရင်တော့ ပုပ္ပါးတောင်က တောင်အရပ်မှာ ကျတယ်။ စိမ်းပြာပြာတောင်ကြီးက ထီးထီးကြီး။ ပြောရရင်တော့ ရောဝတီမြစ်ကြီးရဲ့ မြောက်ဘက်နဲ့ တောင်ဘက်ပေါ့။

အဲဒါ နေကျဲကျဲ ပူနေရင်တော့ တောင်မကြီးသဏ္ဍာန်မှာ တောင်ကလပ် ဖွေးဖွေးလေးက ရေးရေးပေါ့။

ဘာရယ်မဟုတ်ဘူး ငယ်ရွယ်သူတို့ သဘာဝ ပုပ္ပါးတောင်ကြီး လှမ်းမျှော်ကြည့်ရတာကိုကပဲ လွမ်းချင်စရာ ဖြစ်နေတော့တာပါ။

အရပ်ထဲက ချမ်းသာသူတချို့ဆိုရင် နွေရာသီကျ အဲဒီ ပုပ္ပါးဆိုတာဆီကို သွားနေကြတာကလား။

မိုးလေး တဖြိုက်နှစ်ဖြိုက်ကျပြီး ရာသီဥတုအေးလာပြီဆိုမှသာ မြို့မှာ ကျန်ရစ်တဲ့သားသမီး၊ တူသားနောင်မယ်က သွားပြန်ခေါ်ကြရတာ။

အဲဒီမှာ ပြန်လာတဲ့သူတွေဆီကနေ ဒဏ္ဍာရီတွေ ကြားရတော့တာပါပဲ။

အဝတ်တန်ဆာတွေနဲ့ နတ်ဆိုတာကို ရိုးတိုးရိပ်တိပ် မြင်ခဲ့ရသလို
တီးသံမှုတ်သံ သဲ့သဲ့ကြားခဲ့ရသလို
ဟိုလိုလိုဒီလိုလို ဆိုတာတွေပေါ့။

ဒီလိုနဲ့လဲ ပုပ္ပါးဆိုတာ အရမ်းကာ
ပြောမရ၊ လုပ်မရတဲ့ သတိထားရ
နေရာတစ်ခုကို ငယ်သူတွေရဲ့ စိတ်
စွဲကုန်တော့တာပါ။

ဒီကြားထဲမှာ ပုပ္ပါးတောင်ကြီး
တွေ ဖုံးကုန်ပြီဆိုရင် မကြာခင်
ပခုက္ကူဘက်ကမ်း မိုးရွာတတ်တာ
ရှိနေပြန်တော့ "**ပုပ္ပါးတိမ်ခြုံ အိမ်**
**လား**" ဆိုတာကလဲ ပါးစပ်ဖျားမှာ
လွယ်ဆိုလွယ် သီလွယ်နေပြန်ပါ
တယ်။

ကျွန်တော့်အနေနဲ့ကတော့
ဆိုတာက အရင်းအနှီးရှိခဲ့ဖူးတာ
ရှိတော့မှာလားဆိုတာ မသဲမ
ခံစားနေရပါတော့တယ်။

[ ၂ ]

ကျွန်တော် အရွယ်ရောက်လာ
လျှပ်စစ်အင်ဂျင်နီယာဘွဲ့ ရခဲ့
ပုပ္ပါးဘက်က ရွာသူတစ်ယောက်
အိမ်ထောင်ကျခဲ့ပါပြီ။

အဲဒီမှာ မန္တလေးတိုင်းဒေသ
အင်ဂျင်နီယာ တစ်ယောက်အနေ
ကျောက်ပန်းတောင်းမြို့နယ်၊
တောင်ကလပ်အတွက် မီးလ
ဓာတ်အားလိုင်းဆွဲ၊ ထရန်စဖော်
ထိုင်နဲ့ လုပ်ငန်းတွေဆီလဲ သွားရော
စစ်ဆေးခဲ့ရပါပြီ။

ဝန်ထမ်းငယ်တွေ လုပ်ငန်းကိုင်
ကြနဲ့ကြားမှာ နေပူ ရပ်နေ
ကျွန်တော့်ကို...

www.burmeseclassic.com

www.burmeseclassic.com

'လာပါဗျ၊ အရိပ်ထဲလာထိုင် ရေနွေးကြမ်းသောက်ပါဦးဗျ'

အသားလတ်လတ် အရပ်ပုပုနဲ့ ယောက်ျားတစ်ယောက် ဖြစ်ဟန်တူသူက လာခေါ်တယ်။ သူ လက်ညှိုးညွှန်တဲ့ဆီ ကြည့်လိုက်ပြန်တော့လဲ သူခေါ်မယ့်အိမ်က လုပ်ငန်းခွင်နဲ့ မလှမ်းမကမ်း လှမ်းမြင်နိုင်တဲ့နေရာ ဖြစ်နေတယ်။ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာတလဲ...

'ပြီးတော့မှာပါ၊ ပြီးရင် ကျွန်တော် အကြောင်းကြားပါ့မယ်။ ခဏလိုက် ထိုင်လိုက်ပါဦး'

ဆိုလာတာနဲ့ အရပ်သားတွေနဲ့လဲ ရင်းနှီးချင်တာနဲ့ သူခေါ်တဲ့ဆီ ကျွန်တော် လိုက်သွားလိုက်တယ်။

သူ့အိမ်ထဲရောက်တော့ စားပွဲနဲ့ တန်းလျားနှစ်လုံး ခင်းထားတာနဲ့မှာ ကျွန်တော် ဝင်ထိုင်လိုက်တယ်။

ကျွန်တော့် မျက်နှာချင်းဆိုင် တန်းလျားမှာ လာခေါ်တဲ့သူက ဝင်ထိုင်ရင်း ကျွန်တော့်အတွက် ရေနွေးကြမ်းတစ်ခွက် ငှဲ့ပေးတယ်။

'ကျွန်တော်နာမည် စံဖေပါ'

နာမည်အတိအကျကို ကျွန်တော် မမှတ်မိတော့ပါ။

သူ့ကိုယ်သူ မိတ်ဆက်တယ်။ အဲဒီမှာ မြုန်းဆို လူတစ်ယောက် အိမ်ထဲ ဝင်လာပြန်တယ်။

အဲဒီခေတ် ပါတီကောင်စီက လူတွေ ဆောင်းတတ်တဲ့ ဦးထုပ်မျိုး ဆောင်းထားပြီး ရှုံးသမားတွေ ဆွဲတတ်တဲ့ လက်ဆွဲအိတ်တစ်လုံးနဲ့လူပါ။ သူက အိမ်ထဲဝင်လာပြီး ဟိုကြည့်ဒီကြည့်နဲ့၊ ပြီးမှ ဦးစံဖေနား ကပ်ပြီး...

'သူ့ သူ့ကို ကျွန်တော် ဟိုပေါ်ခေါ်ပါရစေ'

ဒီလိုပြောတယ်။ အပြောခံရတဲ့



အိမ်ရှင်ဦးစံဖေက ရုတ်တရက် ကြောင်သွားသလိုနဲ့၊ ပြီးတော့ ချက်ချင်းမှာပဲ...

'ဟာ ခေါ်သွားပါ ခေါ်သွားပါ'

ပြောပြောဆိုဆို လှေကားအတက်ဆီကလဲ သူကပဲ ဦးဆောင်ခေါ်သွားတယ်။ ဘာရယ်မသိဘူး၊ ကျွန်တော်လဲ ထလိုက်,လိုက်တယ်။ လှေကား တစ်ဝက်လောက်ရောက်တော့သာ...

'ဟာ'

ကျွန်တော့်ပါးစပ်က လွှတ်ခနဲ အသံထွက်သွားတယ်။ အိမ်အပေါ်ထပ်မှာက လူလောက်ရှိတဲ့ ဘဘိုးမင်းခေါင်ရုပ်တုကြီးက ကျွန်တော့်ကို ရပ်ကြည့်နေသလိုဖြစ်နေတာ မဟုတ်ပါလား။

'ဟုတ်... ဟုတ်တယ်၊ ခင်ဗျား အိမ်ထဲထိုင်နေတာကို မြင်ပြီး သူ့ကို အပေါ်ခေါ်လို့ အဘကပြောလို့ ဘုမသိဘမသိနဲ့ အိမ်ထဲ ဝင်လာပြီး ခင်ဗျားကို ခေါ်ရတာ၊ ကျုပ်က ကျောက်ပန်းတောင်းက ဘထော်ဝန်ထမ်း ဟောင်းတစ်ယောက်ပါ၊ ဒီကို ပတီး လာလာ ဖိပ်တာပါ'

ဦးစံဖေအိမ်ထဲ ကျွန်တော် ထိုင်နေတုန်းမှာ ဝင်လာခေါ်တဲ့သူက ဒီခါမှ ရှင်းပြတယ်။

**အဲဒီမှာ ဦးစံဖေတထဲ [illegible] ဘိုးမင်းခေါင် [illegible] ညီးနဲ့ နှီးတိုက်မွေးခဲ့တဲ့ ဘိုးမင်းခေါင်ရဲ့သားဆိုတာကို ပြောလာတော့တယ်။** ပြီးတော့ ကျွန်တော် လုပ်ငန်းခွင်ထဲ ရှိနေတုန်းမှာ...

'သူ့ကို ခေါ်လိုက်'

လို့ ဘဲရဲ့ ပြောသံကြားလို့ ကျွန်တော်ကို လာခေါ်ရကြောင်း ရှင်းပြပြန် တယ်။

ကျွန်တော့်မှာတော့ အံ့သြမှုနဲ့အတူ အကယ်ဒမီ ကောလိပ်ဂျင်နေဝင်း မိသားစု လှူဒါန်းထားတာတွေနဲ့ ဘရှိစဥ်က အသုံးပြုခဲ့တဲ့ ရေနွေးကြမ်းအိုး၊ ကွဲနေလို့ ဖာထေးထားတဲ့ အကြမ်း ပန်းကန်လုံး စတာတွေကို တွေ့လိုက်ရပါတော့တယ်။

စိတ်ထဲမှာကတော့ အကျိုးအကြောင်းက ဘာပါလိမ့်၊ သူရှိနေကြောင်း အသိပေးတာလား စတာတွေက လွှမ်းမိုးသွားပါတော့တယ်။

[၃]

ဒီအကျိုးအကြောင်းကို ရေတံခွန်တောင် ဆရာတော်ကြီးဆီ ပြန်လျှောက်တင်မိတော့...

'အဘိုးကြီးက လက်ဝဲပေါက်ကြီးကွ၊ မြန်တယ် ထက်တယ်၊ ဒို့မှာ သူ့ကို ခဏခဏ အကူအညီတွေ တောင်းနေရတာ'

ဒီလို မိန့်တယ်။ အဲဒီမှာ ဆရာတော်ရဲ့ လက်ရင်းတပည့်ကြီး ဒေါ်ဒေါ်စီက...

'ဟုတ်ပဲတော် လာလိုက်မှဖြင့် တိုက်ပုံအင်္ကျီ ပုဆိုးအဖြူအနက် ကွက်ထောက်ကြီးနဲ့ လွယ်အိတ်နှစ်လုံး သိုင်းလွယ်လို့ အဲ... ကျုပ်ကို တွေ့လို့ကတော့ လွယ်အိတ်ထဲက ဆေးထုတ်ပြီး တိုက်တော့တာပဲ၊ လူက လုံ့ပုံချောကြီးပါကွယ်'

ဒီလို ဝင်ပြောပြတယ်။

အဲဒီမှာ ဆရာတော်က...

www.burmeseclassic.com

'ဟဲ့ မိထီ၊ သူတို့က သူတို့ လာချင်တဲ့ပုံနဲ့ လာတာဟဲ့။ ရုပ်ပြောင်းလို့ရတယ်။ အဲ... မှတ်ထားရမှာက အသံ၊ အသံကိုတော့ ပြောင်းလို့ မရဘူးဟဲ့'

အမိန့်ရှိတယ်။

ဒီလိုတွေကြောင့်လဲ ကျွန်တော့်မှာ ဝိဇ္ဇာ ထွက်ရပ်ပေါက်ဆိုတာတွေကို သိရ ကြားလာရပါတော့တယ်။

[၄]

အချိန်တွေ ကြာလာခဲ့ပါပြီ။

ဆရာတော်တောင်မှလဲ ထွက်ရပ် မြန်းသွားခဲ့ပါပြီ။

အဲဒီမှာ ကျွန်တော်လဲ မကွေးတိုင်း ဒေသကြီး ပြောင်းရွှေ့ တာဝန်ထမ်း ဆောင်နေပါပြီ။

ဒီမနက် စောစောမှာတော့ ညအိပ် ပုတီးစိပ်ထွက်ရာ လယ်ကိုင်းကျောင်း တော်ရာကနေ မင်းဘူးကို စောစော ထွက်လာခဲ့ပြီး အဲဒီကမှ မကွေးကို စက်လှေနဲ့ မြစ်ဖြတ်ကူးလိုက်ရတယ်။ ရုံးချိန်မီဖို့လို့ စိတ်ကလဲ ခပ်စောစော ရယ်။

မကွေးဘက်ကမ်း ရောက်တော့ စက်လှေပေါ်က ဆင်းလိုက်တယ်။ လာကြိုတဲ့ တပည့်တွေကလဲ အပြေး လာလို့။ အဲဒီမှာ...

'ဆ ဆရာ'

တစ်ယောက်က ကျွန်တော့်ကို ပြူးတူးပြဲတဲကြည့်ပြီး ခေါ်တယ်။ ကျွန်တော် သူ့အကြည့်ကြောင့် နောက် လှည့်ကြည့်လိုက်တော့ ယောဂီဝတ်စုံနဲ့ ခေါင်းပေါင်းနဲ့ အသားအရေ ဝင်းဝင်း စိုစို နှာတံစင်းစင်း ဘဘိုးမင်းခေါင်က နောက်ကနေ ကျွန်တော့်ညာဘက်ပခုံး ကို ဆုပ်ကိုင်လာတယ်။

သန်မာလိုက်တာက ကျွန်တော် ရုန်းလို့ မရဘူး။ ဒါနဲ့ ခပ်ကုပ်ကုပ်ပဲ စက်လှေပေါ်ကနေ ဖြည်းဖြည်းထိန်း ဆင်းရင်း ဘကို ခေါ်လာခဲ့ရတယ်။

ကမ်းစပ်ပေါ်ရောက်တော့ ဘက ကျွန်တော့်ပခုံးကို လွှတ်ပေးပြီး ကမ်းပါး အမြင့်ပေါ် ဆက်တက်သွားတော့ တယ်။

'ဘယ်က ဘကြီးလဲ မသိဘူး။ ဆရာ့ ကို ဆုပ်ကိုင်ထားလိုက်တာမှ တောင့် လို့'

သန်မာမှုကို သတိထားမိတဲ့ တပည့် တစ်ယောက်က ဆိုတယ်။

ကျွန်တော် စက်လှေပေါ်မှာရှိစဉ်က အာမေဋိတ်ပြုခဲ့တဲ့ တပည့်လေးမြင့် ကတော့...

'ဆ ဆရာ အဲ အဲဒါ ဟို ဟို ဘိုးမင်းခေါင် မဟုတ်လား'

လမ်းကြောင်းတဲ့စကား ပြောတယ်။ ဒီခါမှ ဘယ်က ဘကြီးလဲ မသိဘူးလို့ ဆိုတဲ့ တပည့်က ဘ ထွက်သွားရာ နောက်က ပြေးလိုက်သွားတော့တယ်။

မမီလိုက်တော့ပါဘူး။ ကမ်းပါးပေါ် က ကားလမ်းပေါ်ရောက်တော့ ဘာမှ မမြင်မတွေ့ရတော့ဘူးပါတဲ့။

ကျွန်တော်ကတော့ ပခုံးပေါ်က လက်ညှစ်အားဒဏ်ကို ခံရင်း ဒီစက် လှေ ကျဉ်းကျဉ်းပေါ်မှာ မြစ်ဖြတ်ကူးနေ စဉ်က ဘာလို့များ ဘကို မမြင်မတွေ့ ရတာပါလိမ့်လို့သာ စဉ်းစားနေမိပါ တော့တယ်။

အဲဒီကစပြီး အခု အသက်အရွယ် ရလာတဲ့အထိ နောက်ထပ် မမြင်မတွေ့ ရတော့လို့လဲ ဘနဲ့ ကျွန်တော်ရဲ့ ဆက် သွယ်မှုက ဒီဘဝ ဒီမျှသာလို့ပဲ အောက်မေ့ရတော့မှာလေလား။

**သီလ**
**(ရေတံခွန်တောင်)**

စာမျက်နှာ (၂၉၃)မှ အဆက်



www.burmeseclassic.com

www.burmeseclassic.com



မိုးစေအောင်

# နာနာဘာဝသိုက

ကြောက်စရာလား၊ ဒိုင်းစရာလား

ပရလောကသားဟု ခေါ်သည့် နာနာဘာဝများ ရှိသည်ကို ယုံသူများ ရှိကြသလို၊ မယုံသူများလည်း ရှိကြပါသည်။ ယုံတော့ ဘာထူးသလဲ၊ မယုံတော့လဲ ဘာဖြစ်သလဲဟု မေးခဲ့သော် စာရေးသူ ဘာမှ မပြောလိုတော့ပါ။

သို့သော် လောကီရေးရာ ကိစ္စတွေသည် စာရေးသူတို့ လက်လှမ်းမမီသော ဖြစ်ရပ်ကိစ္စတွေ အများကြီး ဤလောက၌ ရှိနေသည်ကိုတော့ လက်ခံသင့်သော ကိစ္စတစ်ခုပင် ဖြစ်ပါသည်။

ဟို...လွန်ခဲ့သော အနှစ် နှစ်ဆယ် ကျော်ခန့်က စာရေးသူ စန္ဒာမဂ္ဂဇင်းတွင် ဖတ်ဖူးပါသည်။ နိုင်ငံကျော် ရုပ်ရှင်မင်းသားကိုဝင်းဦး တည်ထောင်ခဲ့သောမဂ္ဂဇင်း ဖြစ်ပါသည်။ ထိုမဂ္ဂဇင်းထဲ၌ လန်ဒန်မြို့ ဘုရင်မကြီး၏ ဝင်ဆာ ရဲတိုက်နှင့် တော်ဝင်နန်းတော်ထဲ၌ စာရင်းကောက်ယူထားသော နာနာဘာဝတစ္ဆေ၊ သရဲပေါင်း (၂၅)ဦး ရှိသည်ဟု ဖတ်ဖူးပါသည်။ နန်းတွင်းက လူတော်တော်များများ တွေ့ကြုံခဲ့ဖူးသည်။

တစ်မူထူးခြားဖွယ်မှာ ထို တွေ့ကြုံခဲ့သူတို့သည် ထိုဝိညာဉ်ခေါ် နာနာဘာဝတို့ကို မြင်ရသောအခါ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိကြ။

နန်းတော်မှ မာဂရက်မင်းသမီး (အမည်လွဲလျှင် ခွင့်လွှတ်ပါ။ မ[illegible]မိတော့၍ ဖြစ်ပါသည်။)ဆိုလျှင် တစ္ဆေ

www.burmeseclassic.com

ခြောက်တာကို ခံစားဖူးချင်၍ မှောင်မိုက်သည့်အခန်းထဲ တစ်ဦးတည်း နေကြည့်သည်ဟု ဖတ်ဖူးပါသည်။ တချို့ ကြောက်ရွံ့ထိတ်လန့်ကြသည်လည်း ရှိပါသည်။ မှတ်မိသမျှ အနည်းငယ် ဖော်ပြပါရစေ။

ဝင်ဆာရဲတိုက်ကို စောင့်ရသော အစောင့် လက်နက်ကိုင်တစ်ဦးသည် တစ်နေ့သောအခါ ရဲတိုက်အခန်းပြတင်းပေါက်အနားတွင် ကျော့ဘုရင် မင်းမြတ် ရပ်နေသည်ကို မြင်တွေ့ရရာ ချက်ချင်း အလေးပြုလိုက်သည်။

နောက်မှ သူ သတိရမိသည်မှာ ကျော့ဘုရင်သည် ဟိုလွန်ခဲ့သော နှစ်များစွာက ကွယ်လွန်သွားခဲ့ပြီး ဖြစ်သည်ကို တွေးမိ၏။ သူ ချက်ချင်း သတိလစ် မေ့မြောသွားခဲ့သည်တဲ့။

ယခု စာရေးသူ တင်ပြသော နာနာဘာဝ၊ ပရလောကသားတို့ကိုလည်း လိုရာခိုင်းနိုင်ရာ၊ စေခိုင်းသူ ပုဂ္ဂိုလ်အပေါ်မှာ ကောင်းကျိုးဆိုးကျိုး ဖြစ်နိုင်ပါသည်။ သို့သော် ပရလောကသားတို့ကို လူသားအားလုံးအား ဒုက္ခပေးနိုင်အောင်တော့ မည်သည့် ပုဂ္ဂိုလ်ကမှ မလုပ်နိုင်၊ လုပ်လည်းလုပ်လိမ့်မည်ဟု စာရေးသူ မထင်မိပါ။

အဘယ်ကြောင့်ဆိုသော် လူတို့တွင် သီလ၊ သမာဓိ၊ ပညာစွမ်းအား ရှိကြ၍ ဖြစ်သည်။ တစ်နည်းအားဖြင့် ဘုန်းကံကြီးမားသော ပုဂ္ဂိုလ်များ ဤလောက၌ ရှိနေကြပါသည်။ ထိုပုဂ္ဂိုလ်တို့ကို အဆင့်နိမ့်လူ့အခိုင်းခံ ပရလောကသားတို့က အနားသို့ပင် မသီဝံ့ကြသောကြောင့် ဖြစ်ပါသည်။

ထို့ပြင် သီလ၊ သမာဓိ၊ ပညာနှင့် ကြီးမားပြည့်စုံသော ဆရာတော်ကြီးများလည်း ရှိကြရာ ထိုဆရာတော်ကြီးများ၏ ပရိတ်ရေနှင့် မေတ္တာတော်တို့ကို နာနာဘာဝများ အလွန်ကြောက်ရွံ့ကြသည်ကို တွေ့ဖူးပါသည်။

နာနာဘာဝ ပရလောကသားများနှင့် ပတ်သက်၍ အတွေ့အကြုံတစ်ခုကို တင်ပြလိုပါသည်။ **၁၉၈၈ ခုနှစ်၊ *ဩဂုတ်လ နောက်ဆုံးပတ်အချိန်*** မြန်မာတစ်နိုင်ငံလုံး အရေးအခင်းကာလအခါက **စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်အတွင်းမြို့ငယ်လေးတစ်ခုက အဖြစ်အပျက် အမှန်ပါ။**

အားလုံးသိရှိထားကြသည့်အတိုင်း မြို့ကြီး၊ မြို့ငယ်တို့တွင် မဆလအစိုးရကို ဆန္ဒပြချီတက်လျက် ဆန့်ကျင်နေကြသည့်ကာလ ဖြစ်ပါသည်။ သပိတ်စခန်း အသီးသီးဖွင့်ထား၍ နေ့စဉ်လိုလို လူစုလူဝေး လူအုပ်ကြီးများနှင့် လှည့်လည် ကြွေးကြော်၍ ဆန္ဒထုတ်ဖော်နေကြချိန် ဖြစ်ပါသည်။

ထိုအချိန်က စာရေးသူလည်း ဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ သာမန်ဝန်ထမ်းမဟုတ်ပါ။ စာရေးသူ၏ အထက်လူကြီး မြို့နယ်အရာရှိမှာ ဩဂုတ်လဆန်းပိုင်းမှာ မန္တလေးမြို့သို့ ပြောင်းရွှေ့ခွင့် ရထား၍ ပြောင်းသွားပါသည်။

အထက်တိုင်းအရာရှိ၏ တယ်လီဖုန်းမှတစ်ဆင့် ညွှန်ကြားချက်ဖြင့် စာရေးသူအား မြို့နယ်တာဝန်အားလုံး ရုံးကိစ္စအရပ်ရပ်ကို လွှဲအပ်ခဲ့ကာ သူ တာဝန်ကျရာ မန္တလေးသို့ ထွက်ခွာသွားခဲ့ပါသည်။ ထိုအချိန်၌ စာရေးသူမှာ စိုးရိမ်သောက စိတ်များစွာနှင့် ရုံးတာဝန်များကို ထမ်းဆောင်နေပါသည်။

ထိုအထဲတွင် တစ်ခုသော ဌာနမှ ပုဂ္ဂိုလ်ကြီးမှ သူ၏ လက်အောက်ဝန်ထမ်းများ တစ်ဦးတလေမှ ဆန္ဒပြပွဲတွင် မပါဝင်ပါ။ ထို့အတွက် သပိတ်စခန်း ဦးဆောင်ပုဂ္ဂိုလ်များနှင့် ဘာ ပြဿနာမှ ပေါ်သည်မကြားမိပါ။

ထိုဌာနနှင့် ပုဂ္ဂိုလ်ကြီးမှာ ကျန်းမာရေးဌာနဆရာဝန်ကြီးနှင့် လက်အောက်ဝန်ထမ်း၊ သူနာပြု စသည်များဖြစ်ပါသည်။ ထိုဌာနက မည်သူတစ်ဦးတစ်ယောက်မျှ ဆန္ဒပြပွဲ မပါပါ။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈)ရက်နေ့မှစ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကြီး ပေါ်ပေါက်လာပါသည်။ စာရေးသူတို့ မြို့သို့လည်း ရွှေဘိုခလရတပ်ရင်း(၄၀)မှ ဗိုလ်ကြီးတစ်ဦး ရောက်လာပြီး မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ အုပ်ချုပ်ပါတော့သည်။

ကာဖြူးအမိန့် ထုတ်ထား၍ ညနေ (၆)နာရီမှ နောက်တစ်နေ့ နံနက် (၆)နာရီအတွင်း ဖြတ်သန်းသွားလာခွင့်မပြုရအမိန့်ကိုလှည့်၍ တစ်မြို့လုံး ကြေညာထားပါသည်။

ညနေ(၆)နာရီကျော်မှ ဖြတ်သန်း သွားလာမှုတွေ့လျှင် ပစ်ခတ်နှိမ်နင်း ရလိမ့်မည်ဖြစ်ကြောင်း ကြေညာထား ပါသည်။ မည်သူမျှ အပြင်မထွက်ဝံ့ တော့ပါ။

အဖြစ်အပျက်က စပါပြီ။ ညဘိုင်း နေဝင်လာလျှင် မြို့နယ်ဆရာဝန်ကြီး နေအိမ်ပေါ်သို့ ခဲလုံးများ တဖြုတ်ဖြုတ် ကျလာပါသည်။ ဆရာဝန်ကြီးကို အနှောင့်အယှက် လုပ်လာပါသည်။

ထို့ကြောင့် သက်ဆိုင်ရာ ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးထံ နံနက်လင်းသောအခါ သွား၍ ဆရာဝန်ကြီးမှ သတင်း တိုင်ကြားပါတော့သည်။

ဆရာဝန်ကြီး စိတ်ထဲတွင် အရေး အခင်းကာလ သူနှင့် သူ့ဌာနဝန်ထမ်း

များက ဆန္ဒပြတန်းစီ လှည့်လည်သည့် အထဲ မပါ၍ မကျေနပ်သော သပိတ်စခန်းအဖွဲ့ဝင်များက ပစ်သည်ဟု ယူဆထားပါသည်။

ထိုအချိန်၌ သပိတ်စခန်း လုံးဝ မရှိတော့ပါ။ အဖွဲ့ဝင်ဆိုသူတွေလည်း ကြောက်လန့်၍ ကြွက်ပျောက်ငှက်ပျောက် ပြေးကုန်ကြပြီ ဖြစ်ပါသည်။

ဥက္ကဋ္ဌဗိုလ်ကြီးမှာလည်း တပ်ကြပ်ကြီးနှင့် တပ်သားအချို့ ပါလာပါသည်။ ထို့ကြောင့် ညပိုင်း ကင်းပုန်းဝပ်၍ ဆရာဝန်ကြီးအိမ်ကို စောင့်ကြပါသည်။ ခဲများက ကျမြဲကျလာပါသည်။ မကြာမီ "ဖောင်း ဖောင်း"ဟူသော သေနတ်သံများ ကြားလာရပါသည်။

နောက်ရက်များမှာလည်း ယခင်ရက်များအတူ ကင်းပုန်းဝပ်ပါသည်။ ခဲများ ကျမြဲအတိုင်း ကျလာပါသည်။ ဤအချိန်တွင် ကင်းပုန်းဝပ်သူ စစ်သားများက ဆရာဝန်ကြီးနေအိမ် အနောက်ဘက် ကိုက်(၅၀)ခန့်မှ ဝပ်၍ စောင့်ကြပါသည်။

ထို ဆရာဝန်ကြီးအိမ်အနောက်ဘက် ကိုက်(၅၀)ခန့်အကွာတွင် မန္တလေး– စစ်ကိုင်း–မြစ်ကြီးနားသွား မီးရထားလမ်း ရှိပါသည်။ ထိုမီးရထားသံလမ်း အနောက်ဘက် ကပ်လျက်လောက်တွင် ဘုန်းတော်ကြီးကျောင်းဝင်း၊ ဘုရားနှင့် ရေကန်တစ်ခု ရှိပါသည်။

ကံဆိုးချင်တော့ ယခင် သပိတ်အဖွဲ့ဝင်တစ်ဦးနှင့် လူငယ်လေးသုံး,လေးဦးတို့က ကန်ထဲဆင်း၍ တိတ်တဆိတ် ငါးခိုးဖမ်းနေချိန်နှင့် ဆုံနေပါသည်။ သံလမ်းနားဝပ်နေသော စစ်သားများကလည်း ဆရာဝန်ကြီးအိမ် ခဲကျသံကြားသည်နှင့် တစ်ပြိုင်နက် "ဖောင်း



ဖောင်း" သေနတ်များဖြင့် ပစ်ပါသည်။

ထိုအချိန် ကန်ထဲ ငါးခိုးဖမ်းနေသော သကောင့်သားများလည်း မိမိတို့ကို ပစ်ဖမ်းသည် အထင်နှင့် ဖွတ်ပြေးကြရာ စစ်သားများ၏ ဖမ်းဆီးခြင်းကို ခံလိုက်ရပါသည်။

သို့သော် ထိုသူတို့ကို ဖမ်းဆီးထားစဉ်မှာပင် ညပိုင်းရောက်လျှင် မြို့နယ်ဆရာဝန်ကြီးအိမ်ပေါ်သို့ ခဲများ ဆက်တိုက်ကျမြဲပင်။ ဆရာဝန်ကြီးအိမ် ခဲပေါက်မှုနှင့် ယခု ဖမ်းဆီးထားသူများ လုံးဝ မပတ်သက်ကြောင်း သိရသောအခါ အားလုံး လွတ်လာကြသည်။

ဆရာဝန်ကြီးအိမ် ညအခါ ခဲပေါက်ခံရသည်ကို တစ်မြို့လုံး ကြားသိကြသည်။ သို့သော် မည်သူက ပေါက်သည် ကို ရှာမရ ဖမ်းမမိ ဖြစ်နေပါသည်။ ခဲများက ညစဉ် ကျမြဲ။

ဆရာဝန်ကြီးအနေနှင့် သူ့အိမ်ပေါ် ခဲကျသည့်ကိစ္စသည် မကျေနပ်သူ သပိတ်အဖွဲ့သားတစ်ဦးဦးက တစ်နေရာရာကနေ ပစ်သည်ဟု စိတ်ထဲစွဲနေသည်။ ဆရာဝန်ဆိုသော သိပ္ပံသမားကိုး။

စစ်ဗိုလ်ကြီးကလည်း သူ့ ပြိမ်ပိပြားမှု အုပ်ချုပ်ရေးကို လာနှောင့်ယှက်သည့် ကိစ္စဖြစ်၍ စိတ်ထဲမှာ မခံချိမခံသာ ဖြစ်နေရသည်။ တစ်နည်း ခဲနှင့် အဆက်မပြတ် ညတိုင်းပေါက်နေခြင်းသည် သူ့ကို အန်တုတာလား ဤသို့ တွေးစရာပင်။

နောက်တော့ အရပ်ထဲမှ ပြောသံကို စာရေးသူ ကြားလာရပါသည်။

အဖြစ်က ဒီလိုပါတဲ့...။ ဆရာဝန်ကြီး၏ ဆေးရုံဝင်းထဲ ဝန်ထမ်းအိမ်ရာတွင် အနီးအနားရွာတစ်ရွာမှ ဝန်ထမ်းမဟုတ်သူ တစ်ဦးသည် လာရောက်နေထိုင်သည်။ ထိုသူ၏ အသက်မှာ (၅၀)ကျော်ခန့်ရှိပြီဟု ဆိုသည်။

ထိုလူကြီးနှင့် ဆေးရုံဝန်ထမ်းများအကြား ပြဿနာရှိရာမှ ဆရာဝန်ကြီးက ထိုသူကို သူ့ဆေးရုံဝင်းမှ နှင်ထုတ်လိုက်၏။ ထိုအချက်ကို ထိုဖော်ပြပါ အသက်(၅၀)ကျော်လူကြီးက မကျေနပ်၍ သူ တတ်သည့် ပညာအစွမ်းကို ပြခဲ့သည်။

ခဲလုံးများ ပုံထားခဲ့ပြီး ဆရာဝန်ကြီးအိမ်သို့ပေါက်ရန် နာနာဘာဝခေါ်မလား၊ တစ္ဆေကောင်ခေါ်မလားကို အဲဒီလိုလုပ်ဖို့ မှာထားခဲ့ပြီး သူ့ရွာ ပြန်သွားသည်တဲ့။

နောက်ပိုင်း သူ လုပ်ထားတာကို ဝန်ထမ်းများနှင့် ဘေးက လူများက ရိပ်မိပြီး သူ့ဆီ သွားတောင်းပန်သောအခါ ခဲပေါက်မှုကိစ္စ ပြီးသွားပါသည်။ ထိုပုဂ္ဂိုလ် လုပ်သည်၊ မလုပ်သည်ကိုတော့ စာရေးသူ တပ်အပ်သေချာ မပြောနိုင်ပါ။

သို့သော် မြို့နယ် ဆရာဝန်ကြီးအိမ်ပေါ် ညအခါ ခဲကျလာမှု အမှန်ဖြစ်ပေါ်လာခဲ့ပါသည်။ ထိုစဉ် ကြားသိခဲ့သော ပုဂ္ဂိုလ်များ ယခုထက်ထိ ဂုဏ်မြို့လေး

www.burmeseclassic.com

၌ သက်ရှိထင်ရှားရှိနေဆဲပါ။

နာနာဘာဝနှင့် ပတ်သက်၍ စာရေးသူမိတ်ဆွေ ကွယ်လွန်သွားသူ ဘူတာရုံပိုင်တစ်ဦးက ပြောပြသည်ကို သတိရ၍ ဖော်ပြလိုပါသေးသည်။

တစ်ခါတုန်းက ရွှေဘိုဘူတာနားမှာ ဆိုက်ကားသမားတစ်ဦးက သူ့ကို ပြောပါသည်တဲ့။ သူ့ဆိုက်ကားကို အခကြေးငွေ ကောင်းကောင်းပေးပြီး လူတစ်ဦးက ညနေစောင်းတွင် ရွှေဘိုမြောက်၊ မဟာနန္ဒာကန်ပေါင်ရိုး ကားလမ်းအတိုင်း လိုက်ပို့ခိုင်းသည်တဲ့။

(၄)မိုင်လောက် ဆိုက်ကားနင်းသွားရာ တစ်နေရာအရောက် ရပ်ခိုင်း၍ ရပ်ပေးလိုက်သည်တဲ့။ ထိုပုဂ္ဂိုလ်က သစ်ပင်တစ်ပင်နား သွားရပ်ပြီး ပါးစပ်က တိုးတိုးဆိုပြီး သူ့ဆိုက်ကားဆီသို့ ပြန်လာသည်တဲ့။

ပြီးတော့ ဆိုက်ကားကို ရွှေဘိုဘက် ပြန်လှည့်နင်းခိုင်းသတဲ့။ ဒါနှင့် ဆိုက်ကားဆရာက...

'ခင်ဗျားဟာကလဲ ဘာမှလဲ မဟုတ်ဘဲနဲ့ ပြန်လာရတာပါလား'

ဟု မေးလိုက်သည်။ ဆိုက်ကားနင်းရသည်လည်း နည်းနည်းပိုလေးလာသလို ထင်သည်တဲ့။

အဲဒီ ဆိုက်ကားငှားစီးသည့်လူက "မင်း ကြောက်တတ်သလား"ဟု မေးသည်။ "မကြောက်တတ်ပါဘူး" ဟု ဆိုတော့ "ငါ ဟိုအပင်က အကောင်ကြီးကို ခေါ်ခဲ့တာ"ဟု ပြောသည်တဲ့။

"အင်း... ဒါကြောင့် နည်းနည်းပိုလေးလာတယ် ထင်တာပဲ။ ခင်ဗျားကောင်ကို ဆင်းတွန်းခိုင်းရင် ရမလား။ ခိုင်းစမ်းဗျာ"ဟု ပြောလိုက်၍ ဆိုက်ကားကို ရွှေဘိုအရောက် တွန်းလိုက်လာတာ လုံးဝ နင်းစရာမလိုဘူးတဲ့။ ချိုင့်တွေ ကျင်းတွေ တွေ့သည့်အခါ ဟကောင်ရ ဖြည်းဖြည်းလုပ်ပါဟုဟု ပြောရသည်တဲ့။

ဒါကတော့ နာနာဘာဝကို ခိုင်း၍ရသည့် အဖြစ်အပျက်ပါ။ ဆေးရုံက အဖြစ်အပျက်လို ကိုယ်နှင့် အဆင် [illegible] မပြေသည်ကြောင့် တစ်ဖက်သား [illegible] နစ်နာအောင် လုပ်ခိုင်းတာမျိုး [illegible] မကောင်းပါ။ ဒီလို လုပ်ခိုင်း၍လည်း [illegible] ရသကိုးဟု စာရေးသူစိတ် [illegible] အောက်မေ့မိပါသည်။

ပယောဂကု မြန်မာဆေးဆရာကြီး [illegible] တစ်ဦးက ပြောဖူးပါသည်။ **ရွှေ [illegible] သုတ်နှင့် အာဋာနာဋိယသုတ် [illegible] အမြဲရွတ်ပါ။ နာနာဘာဝတွေ [illegible] အလွန်ကြောက်ရွံ့ကြသည်တဲ့။**

စာရေးသူ၏ ဆောင်းပါးကို နိဂုံး [illegible] ရသော် နာနာဘာဝဆိုတာ ကြော [illegible] စရာမလိုသလို၊ ခိုင်းစရာလည်း မ [illegible] ပါ။ သူတို့ကို မေတ္တာပို့အမျှ [illegible] အကျွတ်အလွတ် ဖြစ်စေချင်သော [illegible] စိတ်စေတနာ ထားဖို့သာဟု...။

**မိုးဇော်အောင်**

**စာမျက်နှာ (၂၂၇)မှ အဆက်**

အိပ်မက် မက်သတဲ့။ အမေနဲ့ အစ်ကိုဝမ်းကွဲတစ်ယောက်က သူ့ကို စောင်ဖုံးခက်ထဲထည့်ပြီး သင်္ချိုင်းသွားနေသတဲ့။ သင်္ချိုင်းမှာ အရင်က ကွယ်လွန် သွားခဲ့တဲ့ အဘိုး၊ အဘွားတွေနဲ့တွေ့တယ်။

တွေ့တော့ မင်းက မလာဘူး။ မလာဘူး အဘွားတို့ဆီ မလာဘူးလို့ အော်သတဲ့။ အဲဒီမှာ အဘွားတစ်ယောက်က သမီး မလာချင်ရင် သစ်သီးတောလို့ ပြောသတဲ့။ ဒီ အိပ်မက်အကြောင်းကို အမေ [illegible] ပြန်လာတော့ ပြန်ပြောပြခဲ့တယ်။ အမေ [illegible] တာပေါ့။

ဒါနဲ့ အမေ လုပ်ကွက်ထဲက သစ်ပင်ကြီးဆီ သွားပြီး တောင်းပန်ပြီး ပြင်ဆင်တော့တာပါပဲ။ အစ်မကလည်း ရှာထဲက သစ်တော်သီးမှည့် ဝယ်ကျွေးတယ်။ အဲဒီလိုနဲ့ အစ်မရဲ့ ရောဂါဟာ သက်သာသွားခဲ့တာပါပဲ'

ထိုအခါ ကျွန်တော်က...

'ရှင်လကြီးအကြောင်းကို ရှာခဲ့ရတာပဲနော်။ တော်တော်လေး တာပေါ့။ နားလည်တဲ့ ဆရာတော်နဲ့ တွေ့ပေလို့ပေါ့'

'အမေက [illegible]'

[illegible]

သူက အဲဒီလိုဖြစ်တော့ ကိုယ်ဝန်ကြီးနဲ့။ အဲဒီယောက်ျား [illegible] ဖြစ်နေရင်း ဆေးရုံမှာ မီးဖွားရသေးတယ်။ ကလေးမွေးပြီး [illegible] ကလေးနှုတ်ခမ်းတွေပါ ကွဲလာလို့ ဆရာဝန်ကြီးက [illegible] ဖို့ ပြောတာနဲ့ ကလေးကို နို့မတိုက်ရဘူး။

သူ့လက်တွေဆို [illegible] လုပ်မရတော့ဘူး။ ခြောက်ကပ်နေတယ်။ သူ့ဟာသူ [illegible] မလုပ်နိုင်ဘူး။ အစားအသောက်တောင် သူများက ခွံ့ကျွေးရ [illegible] အမေကတော့ ဒိုင်ခံပြုစုရတာပေါ့'

'အင်း မိတ်ဆွေကတော့ အဲဒီ လက်တွေ့ပဲ'

[illegible]

**ကောင်းမြင့်မြတ်စိန်**



www.burmeseclassic.com

www.burmeseclassic.com



▲ ကျောက်ကဗာန်း

ချိုးချိုး (မွန်)

# ဂမ္ဘီရ ကျောက်ကဗာန်း

သဘာဝက ဖြစ်ပေါ်လာတဲ့ ကျောက်ကဗာန်းများကို တွေ့ရှိခဲ့ရပါတယ်။ တကယ်တော့ ဒီကျောက်ဂဗာန်းဟာ သက်ရှိကဗာန်းကောင်မှာပါရှိတဲ့ အင်္ဂါအစိတ်အပိုင်းတွေ ပုံသဏ္ဍာန်ပါ တူညီနေတာကို ထူးထူးခြားခြား တွေ့ရပါတယ်။

သဘာဝရဲ့ ဆန်းကြယ်ဖြစ်ရပ်လို့ ဆိုနိုင်တယ်၊ တစ်နည်းအားဖြင့် သေဆုံးသွားတဲ့ ကဗာန်းကောင်တွေရဲ့ သဘာဝကျောက်ဖြစ်ရပ်ကြွင်းလို့လဲ သတ်မှတ်နိုင်ပါတယ်။

ဘယ်လို ယူဆယူဆပါ၊ သဘာဝအရ ထူးဆန်းစွာ ဖြစ်ပေါ်တဲ့ ကျောက်ကဗာန်းဟာ ဂမ္ဘီရဆက်နွယ် ပစ္စည်းဖြစ်လို့ ဆေးဖက်အသုံး၊ ဂမ္ဘီရအသုံးတွေမှာ လက်တွေ့ အသုံးဝင်တာ တွေ့ရပါတယ်။

ဒီတော့ ကျောက်ကဗာန်း ရခဲ့ရင် အသုံးချတတ်ဖို့ အရေးကြီးပါတယ်။

**ဂမ္ဘီရဆက်နွယ်မှု**

ငါးရံ့၊ ပုစွန်၊ လူဝံ၊ ဥဒေါင်းတွေမှာ "စ,ဓ,ဗ,ဝ" စမအက္ခရာတွေ ပါတယ်။ ဒီစမအက္ခရာတွေဟာ အစွမ်းထက် သိဒ္ဓိဝင် စမတွေအဖြစ်နဲ့ အစွမ်းထက်ခဲ့ကြတယ်။

အဲဒီမှာ **ပုစွန်ဆိုတာ လယ်ပုစွန်လုံးကို ဆိုလိုပြီး ကဗာန်းပါပဲ။**အခု ဒီကျောက်ကဗာန်းရဲ့ ကျောမှာ **စမအက္ခရာတစ်လုံး ပါတယ်။**

ဒီတော့ ဒီကျောက်ကဗာန်းဟာ ဂမ္ဘီရသိဒ္ဓိဝင် ပစ္စည်းတစ်မျိုးပါပဲ။ ကျောက်ကဗာန်းဟာ နဝင်းပစ္စည်းပါ။ ဒီတော့ ပိုအစွမ်းထက်ပါတယ်။

**က**=၂၊ **ဗာန်း**=ရပါ ဒီတော့ (၉) ဂဗာန်းရတဲ့ ပစ္စည်းပါပဲ။ **ကျောက်**=၂၊ **က**= ၂၊ **ဗာန်း**=ရ ဆိုတော့ (၁၁)ရတယ်။

ကျောက်ကဗာန်းကို ဆောင်ထားမှုအရ အတိုက်အခံ အောင်မြင်မယ်၊ လုပ်ငန်းအဆင်ပြေမယ်။ စီးပွားတက်တယ်လို့ ဂမ္ဘီရပုဂ္ဂိုလ်တွေ၊ ဂမ္ဘီရသုတေသီတွေ လက်ခံယုံကြည်ကြတယ်။

တချို့ဆို ရွှေချပြီး၊ အဆောင်အဖြစ် ယုံယုံကြည်ကြည်နဲ့ ထားရှိကြတယ်။ တချို့က ကျောက်ကဗာန်းဟာ

www.burmeseclassic.com

(၁၁)ဂဏန်းရလို့ (၁၁)မီးငြိမ်းစေတဲ့ ပစ္စည်းဆိုပြီး တန်ဖိုးထားကြတယ်။

ရေဇလုံသန့်သန့်ထဲမှာ ရေသန့်သန့်နဲ့ စိမ်ထားတယ်။ ရေစိမ်ထားတဲ့အခါ ရေသောက်တယ်။ ရေပလုံစီတွေထတယ်။

ရေစိမ်ထားတဲ့ ကျောက်ကဏန်းဟာ ရေဇလုံထဲမှာထားရင် ရွေ့လျားသွားလာတာ၊ သက်ရှိကဏန်းလို သွားလာမှုပြုတာ တွေ့ကြုံရတယ်လို့ ဆိုကြတယ်။

ပကတိ အသက်ဝင်လှုပ်ရှားမှု မဖြစ်တဲ ရေဇလုံထဲမှာ နေရာရွေ့လျားသွားလာနေတာပါပဲ။ ကျောက်ကဏန်း



နဲ့ ရေဟာ အညှိနဲ့ ရရှိတတ်တယ်။

ဒီလို သွားလာမှု အသက်ဝင်လှုပ်ရှားရင် အဲဒီပစ္စည်းဆောင်တဲ့သူ စီးပွားတက်မယ်။ လုပ်ငန်းအောင်မြင်မယ်လို့ လက်ခံယုံကြည်ကြတယ်။ ယုံကြည်သလိုလဲ အောင်မြင်ကြတယ်။

ကျောက်ကဏန်းဟာ သက်မဲ့ရုပ်ကြွင်းလို့ ဆိုပေမယ့် ဂမ္ဘီရသဘောအရ အသက်ဝိညာဉ် ရှိနေပါတယ်။ တ[illegible] ပိုင်ရှင်တွေ အိပ်မက် ထူးထူးခြားခြား ရရှိတတ်ကြတယ်။

ဂမ္ဘီရ ဟိတ်သဘော[illegible]တရားတွေ[illegible] စိုးမိုးမှု သတ္တိထူးတွေပါပဲ။ [illegible] သုတေသီ၊ မြတ်နိုးယုံကြည်သူ[illegible] အမြတ်တနိုး ထိန်းသိမ်းဆောင်ယူ[illegible] ပါတယ်။

ဂမ္ဘီရသုတေသီများနဲ့ ဆေးသုတေ[illegible] အပေါင်းက လေ့လာသိရှိမှုမျ[illegible] ထပ်ဆင့် ရေးသားဖော်ပြပေးကြ[illegible] တိုက်တွန်း နှိုးဆော်လိုက်ရပါတယ်။

မျိုးမျိုး(မှန်)

၂၀၁၅ ခုနှစ် စက်တင်ဘာလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေ ထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက် ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၃၂၀ |
| **စက်တင်ဘာလ** + | ၉ |
| **ခုနှစ်** | ၂၀၁၅ |
| | ၂၃၄၄ =၁၃=၄ |

**အကြိမ်၊ လ၊ ခုနှစ်** များအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၄)ဂဏန်းရသည်။ သို့ဖြစ်၍ **၁၊ ၂၊ ၄၊ ၈၊ ၀** ဂဏန်းများများပါအောင် ရွေးချယ်ပါ။ အထူးသဖြင့် **၁၊ ၄၊ ၈** ဂဏန်းများ ဦးစားပေးပါ။

ဥပမာ

| | | | |
|---|---|---|---|
| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
| ၁...၁ | ၂...၁ | ၄...၁ | ၈...၁ |
| ၁...၂ | ၂...၂ | ၄...၂ | ၈...၂ |
| ၁...၄ | ၂...၄ | ၄...၄ | ၈...၄ |
| ၁...၈ | ၂...၈ | ၄...၈ | ၈...၈ |
| ၁...၀ | ၂...၀ | ၄...၀ | ၈...၀ |

မှတ်ချက် ။ ။ (...)ကွင်းအတွင်းတွင် **၁၊ ၂၊ ၄** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

## ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ



## အတွက် ရွေးချယ်ပါ ဤဂဏန်း


"**အကြိမ်**"ဂဏန်းမပါဘဲ "လ" ဂဏန်းနှင့် "**နှစ်**"ဂဏန်းကိုသာ ပေါင်းပါက (၉ + ၂ + ၀ + ၁ + ၅)= ၁၇=၈ ရသည်။ သို့ဖြစ်၍ "၈"ဂဏန်းမှာ ပို၍ အားကောင်းပါသည်။

စ... ဆုံး

| | | | | | |
|---|---|---|---|---|---|
| ၁... | ၁၊ | ၂၊ | ၄၊ | ၈၊ | ၀ |
| ၂... | ၂၊ | ၄၊ | ၈၊ | ၀၊ | ၁ |
| ၄... | ၄၊ | ၈၊ | ၀၊ | ၁၊ | ၂ |
| ၈... | ၈၊ | ၀၊ | ၁၊ | ၂၊ | ၄ |

ဤလတွင် **မုဒ္ဒဟူးသားသမီးများ** ထီကံ အထူးပွင့်နေပါသည်။

သို့ဖြစ်၍ မိမိတို့အိမ်ရှိ ဘုရားတွင်



သစ်သီး(၅)မျိုးနှင့် ဆွမ်းတော်တ[illegible] ကပ်လှူပြီး ပဌာန်းပစ္စယုဒ္ဒေ[illegible] နိဒ္ဒေသ ပါဠိတော်ကြီးကို တစ်[illegible] တစ်ချိန် ရွတ်ပြီး အရဟံဂုဏ်တော်[illegible] (၁၀၈)လုံး ပုတီးကုံးဖြင့် သက်[illegible] စိပ်ပွား ပူဇော်ပေးပါ။

အထက်ပါ အဓိဋ္ဌာန်အောင်မြ[illegible] က ကျောင်းသားကျောင်းသူ(၅)[illegible] အား ခဲတံ၊ ဗလာစာအုပ်များ တစ်[illegible] သမျှ လှူဒါန်းပေးပြီး ထီကံစ[illegible] ဖြစ်ပါသည်။

အထူးဂဏန်း

✦၁၀၄၈၂၄✦၄၂၈၁၂၄ ✦၄၄၈၁[illegible]

*ထီကံ ပွင့်ပါစေ*

**ဆရာရဲထက် (ဂုဏ်တော်)**



www.burmeseclassic.com

www.burmeseclassic.com



ဧအောင် (ကယားမြေ)

# နတ်ဝှက်ခံခဲ့ရသည်

ဖြစ်ရပ်ဆန်း

ကျေးလက် တောရွာများတွင် ရှေးခေတ် ဘိုးဘွားအစဉ်အဆက် ကတည်းက နတ်ဟူသော ယုံကြည်ချက် ဓလေ့ထုံးစံများကို ယနေ့အချိန်အထိ လက်ခံလျက် ရှိကြပါသည်။

ကျေးလက် တောရွာများတွင် လူကြီးမိဘ အကြီးအကဲတို့က သားသမီး, မြေးမြစ်, တူတူမတွေကို သွန်သင် ဆုံးမတတ်ကြသည့် စကားတွေထဲမှာ...

'သစ်ပင်ကြီးတွေ အနားမှာ၊ သစ်ပင်ကြီးတွေ အောက်မှာ အပေါ့အလေး မသွားကြဖို့ ကြမ်းတမ်းသောစကား မပြော မဆိုကြဖို့'

ကို ဆုံးမလေ့ ရှိကြပါသည်။ ထိုသို့ ပြုမိကြလျှင် နတ်ဝှက်တာတို့၊ နတ်ဖမ်းစားတာတို့ ဖြစ်တတ်ကြပါသည်။ ထိုကဲ့သို့ ဖြစ်ကြလျှင် နတ်တင်၍ တောင်းပန်ရသည်။

နတ်ကို မရှိမသေပြု၍ ဒုက္ခရောက်ရသည့် ဖြစ်ရပ်တွေကို ကိုယ်တွေ့ သိခဲ့ရသလို ကြားဖူးခဲ့သည့် ဖြစ်ရပ်တွေလည်း မနည်းတော့ချေ။

ယခု ဖြစ်ရပ်သည်လည်း အတိတ်ကာလတစ်ခုဖြစ်သော လွန်ခဲ့သော **နှစ်ပေါင်း (၈၀)ဝန်းကျင်ခန့်က** ဖြစ်ရပ်မှန်တစ်ခု။

* * *



www.burmeseclassic.com

www.burmeseclassic.com

မတင်မေ (၁၄, ၁၅)နှစ်သမီး အရွယ်ခန့်က ဖြစ်သည်။ မတင်မေက နွားကျောင်းရသည်။ နေ့လယ်(၁၁)နာရီ (၁၂)နာရီဆိုလျှင် နွားကျောင်းထွက်ရသည်။ ညနေ (၄)နာရီလောက်ဆိုလျှင် နွားသွင်းရသည်။

တစ်နေ့သော ညနေမိုးချုပ်အချိန်တွင် ဖြစ်သည်။ ထိုနေ့က မတင်မေ နွားအုပ်သွင်းလာချိန် (နွားအုပ်ပြန်မောင်းလာချိန်)တွင် နွားတစ်ကောင်မှာ ပါမလာပါ။ တောထဲတွင် ကျန်နေခဲ့သည်။

သို့ဖြစ်၍ မိခင်ဖြစ်သူ ဒေါ်စောခင်က မတင်မေအား နွားတွေကို ဂရုမစိုက်ရကောင်းလားဟု ဆိုကာ ညစ်ညစ်ပတ်ပတ် ဆဲဆိုလေသည်။

ဆဲဆိုနေရင်းဖြင့် မတင်မေမှာ ဘယ်ပျောက်သွားသည်မသိ။ ဘယ်အိမ်မှာမှလည်း ရှာမတွေ့။ နေကလည်း ဝင်နေပြီ။

* * *

မတင်မေတို့ အိမ်ခြံဝင်း အတွင်းမှာ မန်ကျည်းပင်ကြီးတစ်ပင် ရှိသည်။ မန်ကျည်းပင်ကြီးအပေါ်မှာ မတင်မေ စိတ်ဆိုးပြီး တက်၍နေလိုနေငြားဟု ဆိုကာ လူအများက ဝိုင်း၍ ကြည့်ကြသည်။

မန်ကျည်းပင်ပေါ်မှာလည်း လုံးဝမရှိ။ မတွေ့မမြင်ကြ။

သည်တော့ အိမ်အနားက ဒေါ်မယ်သိုက်၊ ဒေါ်မယ်ထိုက်တို့ ညီအစ်မနှစ်ယောက်က နတ်ဝင်ထားသည် ထင်ကြ၍ ဦးဖိုးမြိုင်ဆိုသူအား အကြံပြုလိုက်သည်။

'ကဲ...မောင်ဖိုးမြိုင် ဒီမန်ကျည်းပင်ကို နတ်တင်ကြည့်ပါဦး'

ဦးဖိုးမြိုင်ကလည်း ထမင်းဖြူ



လက်ဖက်တို့ဖြင့် မတင်မေအတွက် နတ်တင်လိုက်သည်။

'အရှင်ရုက္ခစိုးမင်းကြီး ရှိသေစွာ တင်မြှောက်ပါသည်။ ဤမန်ကျည်းပင်ကြီးအနားမှာ တစ်စုံတစ်ခု အမှားမျိုးလုပ်မိခဲ့ပါက ခွင့်လွှတ်ကျေအေးပါ။ တင်မေလေးကို ဖွက်ထားခဲ့ရင်လဲ အမြန်ဆုံး လွှတ်ပေးပါ'

ဦးဖိုးမြိုင်က ထိုကဲ့သို့ တောင်းပန်တင်မြှောက်ခဲ့ပြီး သူ့အိမ်ဘက်သို့ ပြန်သွားလေသည်။

* * *

ဦးဖိုးမြိုင်တစ်ယောက် မတင်မေအတွက် နတ်တင်ပေးခဲ့ပြီး နာရီဝက်ကျော်ကျော်တွင် မတင်မေတို့ အိမ်ဘက်ကို ပြန်လာသည်။

လဆန်းရက် ဖြစ်သည်မို့ လရောင်က ထိန်လင်းနေသည်။ ဦးဖိုးမြိုင်သည် မန်ကျည်းပင်နား အရောက်တွင် အပေါ်သို့ မော့ကြည့်လိုက်ရာ မတင်မေကို မြင်တွေ့လိုက်သည်။

မတင်မေက မန်ကျည်းကိုင်းတစ်ကိုင်းပေါ်မှာ ထိုင်နေသည်။

သည်တော့ ဦးဖိုးမြိုင်က ဝမ်းသာ
အားရဖြင့် မတင်မေ၏မိခ
ဒေါ်စောခင်အား လှမ်းပြောလိုက်
သည်။

'မစောခင်ရေ ဟင်မေလေး ဒီမန်ကျည်း
ပေါ်မှာရှိတယ်။ ဟော... ဟို မန်ကျည်းကိုင်း
ပေါ်မှာ ထိုင်နေတယ်လေ'

ဦးဖိုးမြိုင်ဆိုသူက လက်ညှိုးထိုး၍
ပြလိုက်သည်။

အိမ်နီးနားချင်းတွေလည်း ချက်ချင်း
ရောက်လာကြပြီး မန်ကျည်းပင်ပေါ်မှာ
ရှိနေသည့် မတင်မေလေးကို ဝိုင်း၍
ကြည့် ကြသည်။

မန်ကျည်းပင်ပေါ်မှ လိမ့်ကျမည်
စိုး၍ အောက်ကို ပြန်ဆင်းဖို့ အားလုံး
က လှမ်း၍ ပြောကြရသည်။

ထိုအချိန်မှ မတင်မေလည်း
မန်ကျည်းပင်ပေါ်မှ အောက်သို့ ပြန်
ဆင်းလာသည်။

အတော်စောက မန်ကျည်းပင်ပေါ်
မှာ မရှိသည့်အကြောင်း ဝိုင်းပြောကြ
သည့်အခါ မတင်မေက...

'တော်တို့ကသာ ကျုပ်ကို မတွေ့
ကျုပ်က တော်တို့ကို မြင်နေတာပဲ။ ကျုပ်
လှမ်းပြောချင်ပေမယ့် ပြောထွက်လို့ မရ
လေ'

ဤဖြစ်ရပ်သည် နတ်ဖွက်ထားထား
မှန်ကန်နေကြောင်း ပြဆိုထားသည်
ထူးခြားဆန်းကြယ် ဖြစ်ရပ်တစ်ခု
မဟုတ်ပါလား။

ဝန်ခံချက်

**ဖော်ပြပါ ဖြစ်ရပ်အား မွေးမိခင်**
**ပြောပြချက်ကို ဖြည့်စွက်၍ ရေးသား**
**ထားပါသည်။**

**အောင်(ကယားမြေ)**

www.burmeseclassic.com

GPRF

# နဝင်းရွှေပြာသတ္တုရသာယနအားဆေး

# ဥသျှာကိုယ်ငွေ့ကောင်းဆေး

**နဝင်း**

နာ၊ ဘင်၊ ဘော်၊ ဂျွတ်၊ ဒန်၊ သွပ်၊ သံ၊ ပြဒါး၊ ရွှေ ရုပ်ဓာတ်(၉)ပါးကို နဝင်းဟု ဆိုလိုပါသည်။

**ရွှေပြာ**

ရုပ်ဓာတ်(၉)ပါးတွင် နာ၊ ဘင်၊ ဘော်၊ ဂျွတ်၊ ဒန်၊ သွပ်၊ သံ၊ ပြဒါး ဓာတ်(၈)ပါး ပြာကျမှ ရွှေပြာကျပါသည်။ သို့ဖြစ်၍ ယင်းရွှေပြာသည် ဓာတ်(၉)ပါးလုံး ပြာကျသဖြင့် နဝင်းရွှေပြာဖြစ်သည်။

**သတ္တု**

ထိုရွှေပြာသည် ပါစကတေဇောရောက်ပါက လူသား၏ကျန်းမာရေးကို အကျိုးကျေးဇူးပြုနိုင်သဖြင့် သတ္တုရှိသည်ဟု ဆိုလိုပါသည်။ ပါစကတေဇောမရောက်ပါက ဆိုးကျိုးပေးမည်ဖြစ်သည်။ သံဓာတ်၊ သွပ်ဓာတ်များကို နူးညံ့သိမ်မွေ့စားလို့ရအောင် ပြုပြင်ပြီး အနောက်တိုင်းဆေးများ တိုင်းရင်းဆေးများတွင် ထည့်သွင်းဖော်စပ်ကြသည်။ သို့သော် ထိုဓာတ်များကို ဓာတ်စင်ဖြစ်အောင် နိဗ္ဗာန ဓာတ်ဆိုက်အောင် မဆောင်ရွက်နိုင်သဖြင့် ဘေးထွက်ဆိုးကျိုး ဖြစ်လာရပေသည်။

ပါစကတေဇောရောက်သည်ဆိုသည်မှာ ပြာကွမ်းရိုးတစ်တို့ ကြေးတွင်ထောက်ပြီး မီးပေးလိုက်ပါက ငွေ/ရွှေအဖြစ် ပြောင်းလဲသွားခြင်းကို ဆိုလိုသည်။ ကြေးဟူသောအခြေအနေမှ ဘော်ဟူသော ရွှေဟူသော အခြေအနေအဖြစ်သို့ ပြောင်းလဲသွားခြင်းကို ဆိုလိုသည်။ နိဗ္ဗာနဓာတ်ဆိုက်ရောက်ပြီး ဓာတ်စင်ဖြစ်သွားသည်ဟု ဆိုရပါမည်။ နိဗ္ဗာနဓာတ်ဆိုက်ရောက်ပါက အလွန်သန့်သဖြင့် ဘေးထွက်ဆိုးကျိုးမရှိနိုင်ပါ။ ကြေးကို ပါစကတေဇောဖြင့်ချက်ကာ ဓာတ်ကျက်သွားသောအခါ ငွေ/ရွှေဖြစ်သွားသကဲ့သို့ စားသမျှ အစာအာဟာရများကို ပါစကတေဇောဖြင့် ကျက်အောင်ချက်သောအခါ ရသာရည် အသွေးအသားအဆီ အရိုးချဉ်ဆီသုက်များစသည် ဓာတ်သန့်ဓာတ်ကောင်းများ ဖြစ်လာနိုင်မည်ဖြစ်[illegible]သို့ ဓာတ်သန့်ဓာတ်ကောင်းများ ရှိနေ၍ မည်သည့်ရောဂါမျှမဝင်နိုင်ပါ။ ကျန်းမာနေမည်ဖြစ်ပါသည်။ (ရောဂါမူလံ အစိဏ္ဏ[illegible]သည် မကြေကျက်ခြင်းမှ စသည်ဟု အဆိုရှိပါသည်။

**ဥသျှာကိုယ်ငွေ့**

ထိုသို့ ဓာတ်စင်ဓာတ်ကောင်းများ ဖြစ်လာပါက ဓာတ်စင်ဓာတ်ကောင်းများတွင် ကိန်းနေသော ပါစကတေဇော၏အရှိန် ဥသျှာတေဇောရရှိနေမည်ဖြစ်သဖြင့် အဆုံးငါးပါးသည် နွေးထွေးနေမည်ဖြစ်သည်။

ဥသျှာအားကောင်းပါက အဆုံးငါးပါး နဖူး လက်နှစ်ဖက် ခြေနှစ်ဖက်သည် နွေးထွေးနေမည်ဖြစ်ပြီး ကျန်းမာနေမည်။ ဥသျှာအားနည်းပါက အဆုံးငါးပါး နွေးထွေးမှုမရှိ၊ ခြေအေး လက်ဖဝါးပူနေမည်ဖြစ်ပြီး ရောဂါဝင်လာနိုင်ပါသည်။ ဥသျှာ ချွတ်ယွင်းပါက ခုခံအား ခံနိုင်ရည်အား ကိုယ်ခံစွမ်းအားကျပြီး ကင်ဆာနှင့် ခုခံစွမ်းအားကျဆင်းမှု(HIV)ရောဂါများ ဖြစ်လာနိုင်ပါသည်။

သို့ဖြစ်၍ ဥသျှာကောင်းလျှင် ကျန်းမာမည်။ ဥသျှာအားနည်းလျှင် ရောဂါရမည်။ ဥသျှာချွတ်ယွင်းလျှင် ခုခံအားကျမည်။ ဥသျှာပျက်လျှင်သေမည် ဖြစ်ပါသည်။

**[ဥသျှာ အားနည်း၍ ခြေအေး လက်ဖဝါးပူ/ကြမ်း ကတည်းက ဥသျှာကိုယ်ငွေ့ကောင်းဆေးကို စားသုံးပါ။**
**(၁၅)ရက်စာ တစ်ဘူး ၃၀၀၀ိ]**

**ဆေးသုံးစွဲရန်**

–နံနက်မျက်နှာသစ်သောအခါ ရေထည့်ထားသောဖလားတွင် ဥသျှာအရည် (၄)စက်ချပါ။ မွှေပြီး မျက်နှာသစ်ပါ။ ပါးစပ်တွင် ငုံထားပါ။ မျက်စိကို ဆေးရည်ဖြင့်စိမ်ထားပါ။

–ရေချိုးသောအခါ ရေချိုးရန် ရေထည့်ထားသောဇလုံတွင် (၄)စက်ချပြီးမှ ရေချိုးပါ။
(ဥသျှာတေဇောအငွေ့ကို ပြင်ပမှ လွှမ်းခြုံထားရန်ဖြစ်သည်။)

–ရေကျက်နွေးနွေး အကြမ်းပန်းကန်တစ်ခွက်တွင် (၄)စက်ချပြီး တစ်နေ့ (၁–၂)ကြိမ် သောက်ပါ။
(ဥသျှာတေဇောအငွေ့ကို အတွင်းရှိ ဝမ်းမီးအား အထောက်အကူပေးပြီး အစာများကို ခြေချက်ရန်ဖြစ်သည်။)

**(ဦးထွန်းလင်း–ဘိမ်ကြူဆရာတော် အရှင်နာဂသေနာဘိဝံသ၏တပည့်)**
**သမားတော်ကြီး ရွှေပြာသတ္တု ဦးစောမြင့်(တ/ဆ ၂၈၉၂၊ B.A၊ C.T.M.P)စေတိုင်းရင်းအထူးကုဆေးခန်း**
**၅၂၄(ဂ)၊ ဓနောဝီလမ်းဆုံ၊ မြောက်ဥက္ကလာပမြို့ ဖုန်း–၀၉ ၅၁၅၆၀၃၆၊ ၀၉ ၉၆၀၉၈၇၇၉၉**



www.burmeseclassic.com